# ဒို့ခေတ်ကို ရောက်ရမည်မှာ မလွဲပါ။

(ဒဂုန်တာရာ)



Typing – sulaynge & DuDu

Proof & PDF – Parker

Cover Design - လူသန်ကြီး

“ဝတ္ထုရေးသူ၏ အမှာ”

(က)

ယခု ဝတ္ထုမှာ ကျွန်တော်၏ ပဥ္စမမြောက်ဝတ္ထု ဖြစ်သည်။ ပထမဝတ္ထုက “မေ” ၊ ၁၉၄၁ ကျောင်းသားဘဝက နဂါးနီမှာ ထုတ်ဝေသည်။ စကားပြေများ ရေးသားခါစက ရေးသော ဝတ္ထု။ သို့သော် အင်္ဂလိပ်ဝတ္ထုတစ်ပုဒ်မှ မှီးထားခြင်းဖြစ်၍ ကျွန်တော်၏ အတွေးအခေါ်မဟုတ်၊ ရေးသားဖွဲ့နွဲ့မှုသာ ပြောစရာရှိသည်။ စတုတ္ထအကြိမ်အထိ ပုံနှိပ်ခဲ့ရသည်။ ၁၃၃၉ လောက်က ဖိလစ်ပိုင်မျိုးချစ် ဒေါက်တာဟိုဆေရီဇော်၏ “အထိမခံ” ဝတ္ထုကို နဂါးနီမှ ဘာသာပြန်ခိုင်း၍ ဘာသာပြန်ကူးသည်။ သို့သော် စာမူမှာ သခင်ဗိုလ်(ဖက်ဆစ်တော်လှန်ရေးအတွက် အိန္ဒိယတွင် လေးထီးကျင့်ရန် သွားပြီး မြန်မာပြည် ပြန်အလာ ကာလကတ္တား လေယာဉ်ကွင်း၌ လေယာဉ်ပျက်ကျပြီး သေဆုံးသွားသူ) လက်ထဲတွင် ပျောက်သွားသည်။ သခင်ဗိုလ်မှာ ဂျပန်မဝင်မီက မြေအောက် နိုင်ငံရေးလုပ်ရင်း အိမ်တစ်အိမ်၌ ယင်းစာမူ ကျန်ရစ်ရာ ပုံးကျခံရ၍ စာမူမှာ အိမ်မီးလောင်သည့်အထဲ ပါသွားသည်ဟု သိရသည်။

ဒုတိယဝတ္ထုမှာ “မြိုင်”။ ၁၉၄၀ ၌ ရှုမဝမဂ္ဂဇင်းက ဝတ္ထု၊ သိပ်တော့မရှည်။ တစ်ပတ်အတွင်း အပြီးရေးပြီး ထားခဲ့ခြင်းဖြစ်သည်။ နောက်ထပ်ပြန်၍ အရှည်ရေးဦးမည်ဟု ရိုက်ကူးခဲ့သော်လည်း နောက်မရေးဖြစ်တော့။ အချစ်နှင့် တော်လှန်ရေးကို ရေးစပ်ထားခြင်း ဖြစ်သည်။

တတိယဝတ္ထုမှာ “မြို့တော်ရန်ကုန်”။ ၁၉၅၃၌ ထုတ်ဝေသော ဂန္ထဝင်ဂျာနယ်၌ အပတ်စဉ် ထည့်သည်။ သို့သော် ဂန္ထဝင်ဂျာနယ်မှာ ၂ ပတ်သာထုတ်ဝေပြီး ရပ်စဲသွားသဖြင့် ဝတ္ထုကို ဆက်မရေးဖြစ်တော့။ စစ်ဒဏ်ခံရသော ရန်ကုန်မြို့တော်ကို နောက်ကားခံကာ စစ်ပြီးစ လွတ်လပ်ရေး ကြိုးပမ်းမှုကို သရုပ်ဖော်ရန် ရည်ရွယ်ထားသော ဝတ္ထုဖြစ်သည်။ စတုတ္ထဝတ္ထုမှာ “ကြာပန်းရေစင်”။ လစဉ်ပါသော အခန်းဆက် ဝတ္ထု။ ၁၉၆၃ တွင် လုံးချင်းအဖြစ် ရှုမဝမှ ရိုက်နှိပ်သည်။ ၁၉၅၀-၅၂ အတွင်း ငြိမ်းချမ်းရေး လှုပ်ရှားမှုကို နောက်ခံ၍ထားသော ဝတ္ထုဖြစ်ပေသည်။

ပဥ္စမဝတ္ထုကား ယခု “ဒို့ခေတ်ကို ရောက်ရမည်မှာ မလွဲပါ” ဝတ္ထု။ ၁၉၇၄ ဖွန်လကစ၍ ရှုမဝမဂ္ဂဇင်း၌ အခန်းဆက်ဝတ္ထုရှည်အဖြစ် စတင်ထည့်သွင်းသောဝတ္ထု၊ ကျွန်တော်တို့၏ အမျိုးသား လွတ်မြောက်ရေး လှုပ်ရှားမှုကို နောက်ကားခံထားသော ဝတ္ထုရေးရန် ကြိုးပမ်းချက်ဖြစ်ပေသည်။

(ခ)

ဝတ္ထု၏ အမည်မှာ “ဒို့ခေတ်ကို ရောက်ရမည်မှာ မလွဲပါ”။ ကျွန်တော် ငယ်စဉ်ကတည်းက စွဲလန်းခဲ့သော ဒို့ဗမာသီချင်းထဲမှ ကျွန်တော့်စိတ်ကို အလှုပ်ရှားစေဆုံး စကားတစ်ပုဒ်ကို ဝတ္ထုအမည်အဖြစ် ယူသုံးထားခြင်း ဖြစ်သည်။ ဒို့ခေတ်ကို ရောက်ရမည်မှာ မလွဲပါ။ ကျွန်တော်တို့ ကျောင်းသားဘဝက ကျွန်တော်တို့၏ ရည်မှန်းချက်ကို ကိုယ်စားပြုသော သီချင်း၊ သီချင်းစကားလုံး။ သင်္ကေတများ စကားလုံး “ဒို့ခေတ်”ဆိုသည်မှာ ကျွန်တော်တို့၏စိတ် အင်မတန် ခံစားမှုပါသည့် စကားလုံး၊ သည်နာမည်ကို ရင်ထဲက ရွေးချယ်ထားသည်မှာ ကြာပြီ။ သည်နာမည်ဖြင့် ရေးမည်ဟု စိတ်ကူးထားသည်မှာလည်း ကြာပြီ။ သို့သော် စိတ်ကူးသည် အနုပညာပုံသဏ္ဍာန် အဖြစ် အကောင်အထည် မွေးဖွားမပေးနိုင်သေး။ သန္ဓေတည်နေသော ရက်၊ လ ကား ကြာလှပေသည်။

ဆိတ်ဖလူးအနံ့လေး သင်းလာသော ရက်၊ လနှင့် ကာလများတွင် သန္ဓေသွေးအိမ်ဥများသည် ရင့်လာခဲ့ရပေသည်။ ၁၉၆၃-၆၇။ ကျွန်တော်သည် အကျဉ်းထောင်ထဲ၌ ရှိနေစဉ် အိပ်ရာအစောကြီး ဝင်တတ်သည်။ ခြင်ထောင်ချထားလိုက်သည်။ အပြင်မီးရောင်ကနေကြည့်လျှင် ခြင်ထောင်အတွင်းကို မမြင်ရ။ ကျွန်တော်အိပ်နေ

သည်ဟု ထင်မှတ်နေကြသည်။ တကယ်က အိပ်ပျော်သည်မဟုတ်။ တွေးတောနေခြင်းဖြစ်သည်။ ခြေသံများကို သဲ့သဲ့သာ ကြားရတော့သည်။ လရောင်ရွှန်းမြကလည်း သံတိုင်ကြားမှ တိုးဝင်ကာ ဖျော့ဖျော့ကလေး ကျလာသည်။ ဆိတ်ဖလူးပန်းအနံ့လေးကလည်း ဖျော့ဖျော့ကလေး သင်းလာသည်။ ပြင်ပရှိ အာရုံအားလုံးသည် မှုင်မှုင်ဝါးဝါးကလေးသာ ကျန်ရှိတော့သည်။

ကျွန်တော်၏ အတွင်းစိတ်က အားကောင်းနေပြီ။ ကျွန်တော် ဖြတ်သန်းခဲ့သော သမိုင်းခေတ်အတွင်းသို့ ရောက်နေသည်။ ကျွန်တော် ကောင်းကောင်းမှတ်မိသော ဆရာစံဂဠုန်လယ်သမား သူပုန်ခေတ်ကစ၍ ပေါ်လာတော့သည်။ ထိုအခါက ကျွန်တော်တို့သည် ကြည်လင်သန့်ရှင်းလာသည်။ ထိုအခါတဖျတ်ဖျတ် တောက်ပလာတော့သည်။ ယင်းသို့ ချုပ်ကြည့်လိုက်သောအခါ ကြည်လင်တောက်ပသော အမျိုးသား လွတ်မြောက်ရေး သမိုင်းခေတ်ကို အခြေခံ၍ ဝတ္ထု ရေးမည်ဟု စိတ်ကူးရလာခဲ့ပေသည်။ နာမည်ကို ဒို့ဗမာ သီချင်းထဲက စကားလုံးဖြစ်သော "ဒို့ခေတ်ကိုရောက်ရမည်မှာ မလွဲပါ" ဟုပေးသည်။

ဝတ္ထုကို(၃)ပိုင်း ပိုင်းထားသည်။ ပထမအပိုင်းက လွတ်လပ်ရေးရသည်အထိ။ သမိုင်းနှစ်ကာလအားဖြင့်တော့ ၁၉၄၈ အထိ။ ဝတ္ထုကို ၁၉၃၁-၁၉၄၀ အထိ ခေတ်ကာလ။ ဒုတိယအပိုင်းမှာ လွတ်လပ်ရေးရပြီးမှ ၁၉၆၂ အထိ။ တတိယအပိုင်းကတော့ ၁၉၆၂ မှ စတင်မည်။ ပထမပိုင်းနှင့် ဒုတိယအပိုင်းမှာ ကျွန်တော်၏ စိတ်ကူးထဲ၌ ပြီပြီသသ တည်ရှိနေသည်။ ညတိုင်းလို အမျိုးသားလွတ်မြောက်ရေး အတိတ်ကားချပ်များက ပေါ်လာနေကြသည်။ ပေါ်လာသမျှမြင်ကွင်းများ၊ ဇာတ်ကောင်ဖြစ်သော လူများကို ဖမ်းယူထားသော စိတ်ကူးထဲ၌ သိမ်းဆည်းထားသည်။ ပထမပိုင်းမှာ အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှု၊ ဒုတိယအပိုင်းမှာ ဒီမိုကရေစီ လှုပ်ရှားမှု။ ပထမအပိုင်းကိုပင် (၃)တွဲ ခွဲလိုက်သည်။ ယခု ပထမအတွဲမှာ ၁၉၃၀မှ ၁၉၃၆ အထိ သမိုင်းကာလ၊ ဒုတိယအတွဲမှာ ၁၉၃၆ မှ ၁၉၄၂ အထိ သမိုင်းကာလ၊ တတိယအတွဲ မှာ ၁၉၄၂ မှ ၁၉၄၈ အထိ သမိုင်းကာလ။

(က)

သန္ဓေတည်သော နှစ်ကာလ ဆယ်နှစ်ခန့်ကြာမှ ၁၉၇၄ ကျမှ ဝတ္ထုရေးဖြစ်တော့သည်။ ၁၉၃၀ ပတ်ဝန်းကျင်ခေတ်ကာလမှာ ကျွန်တော်၁၀နှစ်သားခန့်က ဖြတ်သန်းခဲ့ရသောနှစ်ကာလ ဖြစ်သည်။ ကောင်းကောင်း မှတ်မိနေပြီ။ သို့သော် အတိတ်နှင့်ပြန်၍ ရင်းနှီးမှုရအောင် တက္ကသိုလ်များ စာကြည့်တိုက်သို့ သွားသော သူရိယသတင်းစာအဟောင်းများကို တစ်ရွက်ချင်းလှန်ကာ မှတ်ဉာဏ်ကို စိမ်းလန်းလာအောင် လုပ်ရသည်။ သူရိယသတင်းစာများကို ကော်ပီစာအုပ်ထဲ၌ ကူးယူရသည်။ သူရိယသတင်းစာများက ဟောင်းကာ ဝါကျင်လျက် ရှိဆွေးနေကြပေပြီ။ တချို့မှာ အသာလှန်ရသည်။ ဆရာစံဂဠုန်သူပုန်အရေးတော်ပုံဆိုလျှင် သတင်းစာများကို ယခုအခါ ကိုယ်တိုင်ပြန်ဘတ်ရတော့မှ ကြီးကျယ်မှန်း သိရသည်။

လယ်သမားတော်လှန်ရေးသမားများကို အထင်ကြီးလာမိသည်။ ယင်းအရေးတော်ပုံနှင့် ပတ်သက်သော သတင်းများကိုရွေးကာ စာအုပ်အဖြစ်ပုံနှိပ်လျှင် ကောင်းလေစွ။ ကြာလျှင်သတင်းစာ စာရွက်များ ပျက်စီးသွားတော့မည်။ သို့မဟုတ် ကော်ပြားအသေးဖြင့် ဓာတ်ပုံရိုက်ကူးထား။ ကျွန်တော်သည် အချက်အလက် အမှန်အကန်များ ရရှိပြီးနောက် ဇာတ်ကောင်ရုပ်ပုံများကို စိတ်ကူးရသည်။ ဇာတ်ကောင်များကား ကျွန်တော်၏ ဘဝသက်တမ်းတွင် ထိတွေ့သိကျွမ်းခဲ့သူများထံမှ လူ့သဘာဝကို ရွေးထုတ်ကာ စိတ်ကူးဖြင့် ဖန်တီးထုသွန်းရသည်။ ဇာတ်ကောင် အကောင်တစ်ကောင်သည် ကျွန်တော်သိရှိသော လူ ၃-၄ ဦး (သည့်ထက်မက များချင်လည်းများမည်)

စုပေါင်းကာ ရောစပ်ထားသော စိတ်ကူးရုပ်ပုံပင်ဖြစ်သည်။ အမျိုးသား လွတ်မြောက်ရေးလှုပ်ရှားမှုများထဲမှ သမိုင်းဝင်ဇာတ်ကောင်၊ သမိုင်းကိုယ်စားပြုဇာတ်ကောင် ဖြစ်လာအောင် သွန်းထုရသည်။

သမိုင်းဝင်စိတ်ကူးဇာတ်ကောင်၊ သမိုင်းဝင်စိတ်ကူးရုပ်ပုံ။ စိတ်ကူးဇာတ်ကောင်အပြင် တကယ်သမိုင်းဝင် ပုဂ္ဂိုလ်အချို့လည်းပါသည်။ ဆိုပါတော့၊ ဆရာစံ၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၊ ဗိုလ်ချုပ်အောင်ဆန်း၊ သခင်သန်းထွန်း၊ သူတို့ကိုတော့ စိတ်ကူးဇာတ်ကောင်သတ်သတ်လုပ်၍မရ၊ စိတ်ကူးဇာတ်ကောင်နှင့်လဲလှယ်၍ မရသော သမိုင်းဝင် ပုဂ္ဂိုလ်အချို့ကိုကား မလွှဲမရှောင်နိုင်ဘဲ ထည့်သွင်းထားရသည်။ တတ်နိုင်ရင်တော့ စိတ်ကူးဇာတ်ကောင်ချည်းသာ ကပြချင်သည်။ ဘာကြောင့်ဆို ဝတ္ထုဖြစ်သောကြောင့်ပင်။ ဝတ္ထုသည် စိတ်ကူးစာပေဖြစ်သည်။ သမိုင်းကျမ်းဂန်မဟုတ်။ သို့သော် သမိုင်းအမှန်တရားများကို ဘော်ပြရသောအခါ၊ ကြယ်ရောင်၊ လရောင်၊ နေရောင်များကို ဖျောက်၍မရတော့ပေ။

ဇာတ်ကောင်များမှာ ၁၉၃၀ ဝန်းကျင် အသက်(၁၁)နှစ်အရွယ်ကစ၍ လှုပ်ရှားသည်ကို သရုပ်ဘော်ထားသည်။ ၁၉၃၀-၃၆ အတွင်းက လူလားမြောက်စ။ လူငယ်ပေါက်များ။ သူတို့၏စရိုက်သဘာဝသည် မပြီသေး၊ ဖွဲ့စည်းအရွယ်၊ အာရုံခံစားစ၊ အတွေးအခေါ်ဖြစ်တည်စ၊ ဘဝအတွေ့အကြုံအစ၊ ဆိုပါတော့၊ ဝတ္ထုထဲက ဗညားမော်၊ ဗလ၊ မန်းသာဒွေး၊ အောင်ဒင်၊ ခင်ထားလှိုင်၊ ခင်ထားခိုင်စသည်။ ဗညားမော်မှာနောက် ကြီးပြင်းလာသောအခါ ဆိုပါတော့ ဒုတိယပိုင်းအဆုံး အရွယ်တွင် အဘိဓမ္မာဆရာ၊ အနုပညာရှင်ဖြစ်လာမည့်သူ။ ယခုပထမပိုင်း ပထမတွဲတွင်တော့ နုနယ်သေးသော အရွယ်က အခြေခံထားခြင်းမျှသာ ရှိသေးသည်။ သူ၏ အာရုံခံစားမှုများ၊ တွေးခေါ်မှုများ၏ ဖွဲ့စည်းစအဖြစ်အပျက်များကိုသာ သရုပ်ဘော်ထားခြင်း ဖြစ်ပေသည်။ ဗလက နောင်တွင် နိုင်ငံရေးသမား ဖြစ်လာသည်။ မန်းသာဒွေးဟူသော ကရင်အမျိုးသား လူငယ်ကလေးမှာ နောင်တွင် တော်လှန်ရေးသမား ဖြစ်လာသည်။ သို့သော် သူတို့၏ ရုပ်ပုံလွှာအားလုံးသည် ကောက်ကြောင်းတည်စ၊ ကောက်ကြောင်းရာ မျှင်မျှင်ပါးပါးမျှသာ စရသေးသည်။ အခြားဇာတ်ကောင်များလည်း ထို့အတူပင်။ အမျိုးသမီး ဇာတ်ကောင် ခင်ထားလှိုင်ကတော့ သူတို့ထက် အသက်နည်းနည်းကြီးသည်။ သူမ၏ လူတန်းစားအရ အသိနဲနဲပိုသည်။ ခင်ထားခိုင်က ငယ်သည်။ ရိုးသားဖြူစင်သည်။ အောင်ဒင်က လက်တွေ့သမား၊ သတ်ချင်ဖြတ်ချင်သူ။ ကျွန်တော်သည် ဇာတ်ကောင်များ၏ လူ့စရိုက်သဘာဝကို အသေးစိတ် စိတ်ပညာဆန်ဆန် ဖွဲ့နွဲ့ထားသည်။ စိတ္တဇဗေဒသဘောပါမှ၊ လူ့သဘာဝနှင့် သူ၏ လှုပ်ရှားမှုကို ပေါ်လွင်ထင်ရှားမည်ဟု ယူဆ၍ဖြစ်သည်။ ပထမပိုင်း၏ ဒုတိယတွဲ၊ တတိယတွဲများတွင် သူတို့၏ရုပ်ပုံများ ပို၍ ပြီသလာပါလိမ့်မည်။ ဇာတ်ကောင်သစ်များလည်း သမိုင်းခေတ်ရွေ့လျားလာသည့်အလျောက် တိုး၍တိုး၍လာကြပေမည်။ ဒုတိယပိုင်းတွင် ဇာတ်ကောင်များ တဘန်တိုး၍ ရေး၍လာသည်။ ပထမပိုင်းက ဇာတ်ကောင်များမှာ ဒုတိယအပိုင်းတွင် လူလတ်များဖြစ်လာပေမည်။ ထိုအခါ ဒုတိယပိုင်းက လူငယ်ပေါက်များနှင့် ပေါင်းစပ်ဆုံစည်းကြဦးမည်။ ဆိုပါတော့ ဗညားမော်ဆိုလျှင် တတိယပိုင်းတွင် လူကြီးဖြစ်လာပေသည်။ ထိုအခါ ဒုတိယအပိုင်းက လူငယ်ပေါက်များမှာ တတိယအပိုင်းတွင် လူလတ်များဖြစ်လာကြပေမည်။ မျိုးဆက်သစ်များ သမိုင်းခေတ်တစ်လျှောက် တခေတ်ပြီးတခေတ် ကူးဆက်လှုပ်ရှားပုံတို့ကို သရုပ်ဖော်သွားရန် ဖြစ်ပေသည်။

ဇာတ်လမ်း။

ဇာတ်လမ်းကလည်း ဆန်းလှသည်မဟုတ်ပါ။ ယင်းအမျိုးသား လွတ်မြောက်ရေးလှုပ်ရှားမှုသမိုင်း ခေတ်တစ်လျှောက် ပါဝင်လှုပ်ရှားကြသော သမိုင်းဝင် ဇာတ်ကောင်များ၏ ဘဝများပင်ဖြစ်သည်။ အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှုဆိုတော့ မြန်မာအမျိုးထဲသာ ဇာတ်ကောင်မဟုတ်တော့။ ယခု ပထမပိုင်း၊

ဒုတိယတွဲ၊ တတိယတွဲစသည်တို့တွင် ရှမ်း၊ ကချင်၊ ချင်း၊ မွန်၊ ကယား၊ ရခိုင်စသော အခြားသော အမျိုးသား လူငယ်အသီးသီးများသည်လည်း တိုး၍ တိုး၍လာဦးမည် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှုသည် အမျိုးသားပေါင်းစုံ ပြည်သူတို့၏ ထကြွနိုးကြားမှုက စတင်သောကြောင့် ဖြစ်သည် မဟုတ်လား။

(ဃ)

ဝတ္ထုတိုအပိုင်းများ ခွဲထားခြင်းမှာ အမျိုးသားလွတ်မြောက်ရေး၊ တော်လှန်ရေး၏ အဆင့်ဆင့်သော ကဏ္ဍအသီးသီးကို ပိုင်းခြားသည့်အတိုင်း ခွဲထားရသောကြောင့် ဖြစ်ပေသည်။ မျိုးဆက်သစ်အသီးသီး၏ ပါဝင်မှုကို ပေါ်လွင်စေရန်လည်း ဖြစ်ပေသည်။ တော်လှန်ရေး၏ တပ်ဦးနေရာတွင် မျိုးဆက်အသီးသီး၏ လူငယ်များက ပါဝင်နေတာကြောင့်လဲ ဖြစ်သည်။ ထိုကြောင့် ဇာတ်ကောင်များကို လူငယ်ပေါက်အရွယ်က စတင်၍ထားခြင်း ဖြစ်သည်။ သို့မှသာ သူတို့၏အာရုံခံစားမှု၊ ဘဝအတွေ့အကြုံ၊ အတွေးအခေါ် ပါဝင်လှုပ်ရှားမှုများကို အသေးစိပ် စိတ်ပညာဆန်ဆန် ဆိုသည်မှာ သူတို့၏ပတ်ဝန်းကျင် ရုပ်ကမ္ဘာကြီးက ရိုက်ခတ်လိုက်သောအခါ သူတို့၏ လူ့အသိစိတ်(ဝါ)အာရုံ ခံစားမှုဝေဒနာ၊ အတွေးအခေါ်၊ အယူအဆ၊ စိတ်ဆန္ဒစသည်တို့ တည်ရှိလာသော ဖြစ်စဉ်ကို အသေးစိပ် သရုပ်ဖော်ခြင်းဖြစ်ပေသည်။ ကျွန်တော်သည် ဝတ္ထုများရေးသောအခါ ဤနည်းကို သုံးခဲ့ပေသည်။ အထူးသဖြင့် ခံစားမှုကို အဓိကထား၍ ဖွဲ့နွဲ့သည်။ ရင်ခုန်သံကို ယုံကြည်သူဖြစ်သည်။ အလှအပကိုမြင်လိုက်ရလျှင် ရင်ခုန်မြဲ၊ ဒို့ဗမာ အစည်းအရုံးခေတ်က တရားဟောတာ နားထောင်ရသောအခါ ရင်ခုန်သည်။ ကျွန်တော်၏ဘဝ ခံစားမှုနှင့်သွားတိုးသောကြောင့် ဖြစ်ပေသည်။ အင်္ဂလိပ်နယ်ချဲ့သမားကို စိမ်ခေါ်လိုက်သံများကြားရလျှင် ကြက်သီးမွေးညင်း ထသွားခဲ့ရသည်။ ရင်ခုန်သံသည် ခံစားမှုအစစ်အမှန်ဟု နားလည်နေသည်။ ရင်ခုန်သံသည် အစစ်အမှန်။

ဝတ္ထုသည် ဝတ္ထုဖြစ်သည်။ သမိုင်းကျမ်းစာမဟုတ်ပေ။ ဝတ္ထုသည် ခံစားမှုကို ရသပါအောင် ဖွဲ့နွဲ့ထားသော စာပေဖြစ်သည်။ သမိုင်းကျမ်းစာပေသည် တကယ့်လူ တကယ့်အဖြစ်အပျက်တို့ကို မှတ်တမ်းတင်ထားရသည်။ ဝတ္ထုသည် တကယ့်လူ၊ တကယ့်အဖြစ်အပျက်တို့ကို မှတ်တမ်းတင်ထားခြင်းကား မဟုတ်။ သို့သော် တကယ့်လူ၊ တကယ့်အဖြစ်အပျက်တို့ကို အခြေခံလျက် စိတ်ကူးလူ၊ စိတ်ကူးအဖြစ်အပျက်ဖြင့် ဖွဲ့နွဲ့ထားခြင်းဖြစ်သည်။ စိတ်ကူးဆိုသည်ကား ဇာတ်ကောင်စိတ်ကူး၊ အဖြစ်အပျက်ဆိုသည်ကား ဇာတ်လမ်း၊ သို့သော်ဝတ္ထုနှင့် သမိုင်းသွားတူတာ ရှိသည်။ ဒါကတော့ တရား၊ အမှန်တရား၊ တကယ့်အစစ်အမှန်ကို ဖော်ပြသောတရား။

ကျွန်တော်သည် ကဗျာသမားအဖြစ် စာပေလောကသို့ ရောက်သော်လည်း စကားပြေ အရေးများသည်။ စကားပြေထဲတွင် ဝတ္ထုရှည်ရေးသားမှုအတွေ့အကြုံ၌ နုသေးသည်။ စာဖတ်သူတို့သည် ဤဝတ္ထုပထမပိုင်း ပထမတွဲကို ဖတ်ရှုပြီးတွင် ဝေဘန်ကြစေလိုသည်။ စာဖတ်သူတို့၏ ဝေဘန်ရေးသည် နောက်ဆက်လက် ထွက်လာမည့် အတွဲများ၊ အပိုင်းများတွင် များစွာ အကျိုးရှိပေလိမ့်မည်။ စာပေကို ပြည်သူက ဆုံးဖြတ်သည် မဟုတ်ပါလား။ ကျွန်တော်ငယ်စဉ်ကတုန်းက ပန်းချီရေးသည်။ စန္ဒယားတီးသည်။ ပန်ချီကျောင်းမနေဘူး။ စန္ဒယားကို လက်ထပ် မသင်ဘူး။ ပန်းချီအကြောင်း၊ ဂီတပညာအကြောင်း စာအုပ်များတော့ဖတ်သည်။ ကျွန်တော်၏ဆရာမှာ ဝေဘန်သူ ပရိသတ်။ သူတို့က ကျွန်တော့်ကို သင်ကြားပေးသည်။ ပရိသတ်၏တုန့်ပြန်မှု ခံစားမှုကို အကဲခတ်၍ မိမိ၏ အနုပညာကို အားကောင်းအောင်လေ့ကျင့်ရသည်။ ဝေဘန်ရေးများလဲ ရေးသူဖြစ်သည်။ ထို့ကြောင့် သူ့ကိုပို၍

ဝေဘန်ရမည်။ သူရေးသားဖော်ပြသောတရားနှင့် သူဖွဲ့နွဲ့သော ဝတ္ထုတို့ ညီ၊ မညီ။ သူဟောသောဓမ္မနှင့် သူ့အလုပ် ကိုက်မကိုက်။

စာဖတ်သူနှင့် ကျွန်တော်ညှိစရာတခုဘဲရှိသည်။ ဒါကတော့ စာဖတ်သူဘက်မှ ခံစားမှု၊ ကျွန်တော်ကတော့ ကျွန်တော့်ခံစားမှုနှင့် ကျွန်တော် ဝတ္ထုရေးလိုက်တာဖြစ်သည်။ စာဖတ်သူဘက်က ဒို့ခေတ်ကိုရောက်ရမည်မှာ မလွဲပါဟု ခံစားလျှင် ကျွန်တော်ရေးရကျိုးနပ်ပါပြီ။ သူတို့ခေတ်ဟူသော ခံစားမှုပေါ်မလာဘဲ ဒို့ခေတ်ဟု ခံစားလျှင် တော်ပြီ။ ကျွန်တော်က ကျွန်တော်တို့အား စိုးမိုးသူ၊ ချုပ်ချယ်သူ၊ ဖိနှိပ်သူအကြောင်း။ သူတို့အကြောင်း ရေးတာ မဟုတ်သောကြောင့်ပင်၊ စာဖတ်သောပြည်သူနှင့် ကျွန်တော်တို့ "ဒို့ခေတ်ခံစားမှု" ချင်းတူလျှင်ကား ကျွန်တော် ဝတ္ထုရေးတတ်ပြီဟု နှစ်သိမ့်ကျေနပ်နိုင်ပေမည်တည်း။ ဒို့ခေတ်ကို ရောက်ရမှာ မလွဲပါ။

*အရှေ့ကနေ နေဝန်း ထွက်သည့်ပမာပ*
*ဒို့ခေတ်ကို ရောက်ရမည်မှာ မလွဲပါ*
*ဒို့ဗမာ၊ ဟေ့ .... ဒို့ဗမာ၊*
*ဗမာမြေတဝှမ်း အကုန်*
*ဒို့အိမ်မှတ်ပါ၊ ဒို့ယာမှတ်ပါ*
*အဲဒါ - ဒို့ဗမာ။*
*ကမ္ဘာမကြေ၊ ဗမာတတွေ*
*ဒါဒို့မြေ ဒါဒို့မြေ ဒါ-ငါတို့မြေ*
*ဒို့ဗမာမြေကို တိုင်းရင်းသား အကုန်အစင်*
*ဒို့မြေလို့မှတ်ထင် ဒို့ဝတ္ထုရားပင်*
*ဒို့ဗမာ သခင်။ ။*

*[ဒို့ဗမာသီချင်း]*

## အခန်း (၁)

ဗညားမော်သည် ယူနီယံဂျက်အလံကို ကိုင်ရင်း ရင်ထဲမှာ လှုပ်ရှားနေသည်။ သူ့စိတ်ထဲ၌ ယူနီယံဂျက်အလံများမှာ လှပနေသည်ဟု ခံစားနေသည်။ ဆန့်ကျင်ဘက်ဖြစ်သော အနီနှင့်အပြာရောင် ဖြတ်ထားပြီး၊ အဖြူကဘေးနား ကွပ်ထားသည်မှာပင် ကြည့်ကောင်းနေသည်။ သူတို့ ၆တန်းသားများ အားလုံး၊ ယင်းအလံလေးများကို ကိုယ်စီကိုင်ကာ ဝေ့ယမ်းလျက်ရှိသည်။ သူ့အတန်းပြ ဆရာမ စန်းစန်းနုက အတန်းသားများဘေးမှလိုက်ပါကာ ကွပ်ကဲအုပ်ချုပ်ပါသည်။

ဒီကနေ့ဆရာမမှာ အတောက်ပဆုံး၊ အသစ်လွင်ဆုံးဝတ်စားထားပေသည်။ ပဒုမ္မာပိတ်အဖြူ၊ နှင်းဆီကွက် ဖဲလုံချည်။ သူ့စိတ်ထဲတွင် ဆရာမမှာ အချောဆုံး၊ သနပ်ခါးနံ့ အမွှေးပျံ့ဆုံး။ မွှေးတာဆိုလျှင် ဒေးမောနေတတ်သူ။ "အထောက်ပံ့ခံ အမျိုးသားကျောင်း" ဟူသော စာတန်းကြီးမှာ အနီတွင် ရှာပန်းထည်ထဲမှ အဖြူရောင်စာလုံးများ တလွင့်လွင့်။ စာတမ်းကြီးကို ၇ တန်းကျောင်းသားကြီးထဲမှ ကိုယ်ထည်ကြံ့ခိုင်တောင့်တင်းသော၊ အရပ်အမောင်း

အကောင်းဆုံး အလေးမသမား၊ ဘောသမားများက ကိုင်ဆောင်လာကြသည်။ ရှပ်လက်တိုအဖြူ ဘောင်းဘီတို အဖြူ ဖိနပ်ဖြူဝတ်ထားသော ကျောင်းသားများ၊ ဆယ့်သုံးလေးနှစ်ခန့်ရှိသော ကျောင်းသားကြီးများ။ ၆ တန်းတွင်ပင် ဗညားမော်ထက် အသက်ကြီးသူများ များနေသည်။ ဗညားမော်မှာ အသက် ၁၀နှစ်မို့ အငယ်ဆုံး။ သူသည် မီးခိုရောင်နပေါ်မှ ရေညှိစိမ်း ကွမ်းရိုးစင်းထားသော ရှပ်အင်္ကျီ၊ မန္တလေး ပိုးဖြူတိုက်ပုံ၊ ပန်းရောင်ငွေချိတ်လုံချည် ဝတ်ထားသည်။ သူ့ထက်လေးငါးနှစ်ခန့်ကြီးသော သူ့အမဝမ်းကွဲ စိမ်းစိမ်းက ဆင်ပေးလိုက်သောအဆင်။ အမှန်က သူ သည်တိုက်ပုံအင်္ကျီမဝတ်ချင်။ မလွတ်လပ်ဟု မဝတ်ချင်။ သို့သော် စိမ်းစိမ်းက အတင်းဝတ်ခိုင်းသည်။ တိုက်ပုံအင်္ကျီ ဆိုင်အပ်ပေးတာလည်း စိမ်းစိမ်းပင် မဟုတ်လား။

"ဟဲ့- အစ်မကောင်းတယ်ထင်လို့ ဝတ်ခိုင်းတာ၊ မောင်လေးက ဘာနားလည်လို့လဲ" ဟုပင် တိုက်ပုံဝတ်ပေးရင်း အမစိမ်းစိမ်းက သူ့နဖူးကိုခေါက်ကာ ပြောလိုက်သေးသည်။ သူကမူ နှုတ်ခမ်းဆူလျှက်။ ဝတ်နိုင်စားနိုင်သော ကျောင်းသားအချို့လည်း တိုက်ပုံအင်္ကျီဝတ်ထားကြသည်။ အများအားဖြင့် ပဒုမ္မာပိတ်ဖြူ တိုက်ပုံဝတ်ကြသည်။ စက်သူဌေးသား ဘစန်းက တာဖက်တာတိုက်ပုံအဝါနု ဝတ်ထားသည်။ တရုတ်ကုန်သည် ဦးအဝမ်၏သား စိန်ဝမ်ကလည်း သက္ကလပ် အင်္ကျီတိုက်ပုံ ဝတ်ထားသည်။ ဦးအဝမ်၏ ကုန်စုံရောင်းသော စတိုးဆိုင်ကြီးမှာ ဈေးနား၌ ဟည်းနေသည်။

"မှန်ထဲ သွားကြည့်စမ်း၊ ပိုးတိုက်ပုံနဲ့ မောင်လေး သိပ်လိုက်တာ" ဟု စိမ်းစိမ်းက သူ့ကိုကြည့်ရင်း ပြုံးနေခဲ့သည်။

"ဒီကနေ့ပွဲက ဘုရင်ခံ သွားကြိုရမယ့်ပွဲမဟုတ်လား၊ ဝတ်ကောင်းစားလှ ဝတ်သွားရတယ်၊ ဒို့မြန်မာအမျိုးသားထဲမှာ ပထမဆုံးဘုရင်ခံ မဟုတ်လား"

ဟိုတလောက လွန်ခဲ့သောသုံးလေးလခန့်ကပင် သူရိယ သတင်းစာထဲ၌ ၁၉၃၀ ၊ ဩဂုတ်လ ၁၅ ရက်က အင်္ဂလိပ်ဘုရင်ခံ ဆာချားအင်းနစ် ခွင့်ယူကာ အင်္ဂလန်သို့ ပြန်သွားသဖြင့် ပြည်ထဲရေး ဝန်ကြီးချုပ် ဆာဂျေအေ မောင်ကြီးအား ခေတ္တဘုရင်ခံအဖြစ် ခန့်ထားသော သတင်းနှင့် ဘုရင်ခံအသစ်၏ ဓာတ်ပုံကိုတွေ့ခဲ့ရသေးသည်။ သူ့စိတ်ထဲ၌ မြန်မာဘုရင်ခံမှာ ချောမော ခံ့ညားနေပေသည်။ သူက မချောလျှင်မကြိုက်၊ မလှလျှင်မကြိုက်၊ အနက်ခံတွင် ကော်လံနှင့် ဘေးနားပတ်လည်တို့၌ ရွှေရောင်ပန်းများဖြင့် ကွပ်ထားသည်မှာ လှပနေသည်။ တင့်တယ် ခန့်နားနေသည်။

ကျောင်းမှနေ၍ မြူနီစပယ်ခမ်းမရှိရာသို့ ကျောင်းသားများ စီတန်းသွားကြသည်။ ပိုးလုံချည်ချင်းပွတ်သံ၊ အချင်းချင်း တိုးတိုးစကားသံများသည် ရောပြွန်းကာ ခပ်သဲ့သဲ့ညံ့နေသည်။ ဆရာဆရာမများက ကျောင်းသားတန်းကြီးဘေးမှ လိုက်ကာ သူတို့၏တပည့်များကို ကြည့်ရင်း ကျေနပ်နေကြဟန်ရှိသည်။ ၇တန်း ကျောင်းသားများကား အားလုံးပင် အပေါ်ဖုံးတိုက်ပုံအင်္ကျီကိုယ်စီ ဝတ်ထားကြသည်။ ၆တန်း ကျောင်းသားထဲကလည်း အပေါ်ဖုံးဝတ်ထားကြသည်။ ဗညားမော်မှာ သူနှင့်အဖော်များတွေ့သဖြင့် စိမ်းစိမ်းကို ငြူစူ သောစိတ်များ လျော့ပါးသွားလေပြီ။ "တိုက်ပုံက မောင်လေးနဲ့သိပ်လိုက်တာ..." ဟူသော စိမ်းစိမ်း၏ အသံကိုပင် ကြားယောင်လာက သူ၏ စိတ်သည် ကြည်စပြုလာပေပြီ။

ဆောင်းရက်၏ နှင်းတို့သည် သူတို့၏ ဇာဝတ်ရုံကို လွှမ်းဆင်ထားဆဲ။ သိပ်သည်းသော ကုက္ကိုပင်အရွက်များကြားမှ နေရောင်တန်းနီနီများသည် ဇာဝတ်စုံကို တအားထွင်းဖောက် ဖြတ်သန်းလာသည်။

စိန်ရောင်၊ ပတ္တမြားရောင်၊ မြရောင်များဖြင့် တဖိတ်ဖိတ်လတ်နေသော ဇာဝတ်ရုံမှာတလွင့်လွင့်ရွှေ့လျားလှုပ်ရှားကာ ကျန်ရစ်တော့သည်။ ကျောင်းသားများသည် နေဝန်းနီနှင့် ဇာဝတ်ရုံတို့၏ တိုက်ပွဲကြောင့် လှုပ်ခါနေသော ကုက္ကိုပင်ရိပ်အောက်မှ ဖြတ်လျှောက်လာကြသည်။ နှင်းနဲ့ သင်းထုံသော အေးမြတိုးညင်သောလေသည် သူတို့ကိုင်ဆောင်လာကြသော ယူနီယံဂျက် အင်္ဂလိပ်အလံများနှင့် ကစားမြူးတူးနေပေသည်။

"ဟေ့ ဗညားမော် မြန်မြန်လျှောက်လေ"

ဗညားမော်နောက်မှ ကပ်၍လိုက်ပါလာသော သူ့ထက်သုံးနှစ်လောက်ကြီးသော အောင်ဒင်က အော်ပြောလိုက်သည်။ ဗညားမော်က နောက်သို့ပင် လှည့်မကြည့်။ ခပ်ဖြည်းဖြည်းသာ သွားမြဲ။ သူ့နောက် အနားတွင် ရှိနေသော ဆရာမစန်းစန်းနုက ကြားသွားဟန်ဖြင့် "အောင်ဒင် ဘာပြောတာလဲ" ဟုလှမ်း၍ အောင်ဒင့်အား ပြောလိုက်သည်။

"သူက လမ်းလျှောက်တာ သိပ်နှေးတာဆရာမ"

"ဘယ့်နယ်ပြောတာလဲ၊ သူက ခြေသိပ်မသန်လို့ပါကွယ်"

ဗညားမော်နှင့် ကပ်လျက် လိုက်ပါလာသော အတန်းထဲတွင် စားပွဲချင်းကပ်လျက်ထိုင်သော ဗလက "ဖြည်းဖြည်းသာလျှောက်၊ ခြေနာရင်ပြော၊ မင်းကို ငါတွဲလျှောက်ပေးမယ်" ဟု ဗညားမော်ကို နားနားကပ်၍ ပြောသည်။

ဗညားမော်ကား ခေါင်းကိုမော့ကာ တစုံတရာ၌ စိတ်ဝင်စားနေသလို၊ ဘေးမှ ပြောဆိုနေကြသော အသံဗလံများကိုမကြားသလို၊ သူ့ဝသီအတိုင်း ဖြည်းဖြည်းပင် လမ်းလျှောက်လျက်ရှိနေသည်။ အခြားကျောင်းသားများမှာ ဝတ်ကောင်းစားလှ ဝတ်ဆင်ရသဖြင့် ကျောင်းမတက်ရသဖြင့် ပျော်မြူးနေကြသည်။ ဗညားမော်မှာမူကား နံနက်ခင်း၏ အလှအပ၌ နစ်မွန်းနေသည်။ မျက်လုံးက ရှေ့သို့မူထားသော်လည်း မြင်ပုံမရ။ နားက စွင့်ထားသော်လည်း ပတ်ဝန်းကျင်မှ ထွက်ပေါ်နေသော အသံများကို ကြားရရုံ မရ။ ယင်းတို့ ငေးတေးတေးနေသော အမူအရာကို အတန်းပြဆရာမ စန်းစန်းနုက နားလည်သည်။ ကစားဆင်းချိန်တွင် အခြားကျောင်းသားများလို မကစားဘဲ အတန်းထဲတွင် နေကာ၊ စာဖတ်ချင်ဖတ်၊ ရောင်စုံခဲတံ၊ ဖရောင်းတောင်များဖြင့် ပန်းချီဆွဲလျှင်ဆွဲ သို့မဟုတ် ငေးမိငေးရာ ငေးနေတတ်သော သူ၏ သဘာဝကို သတိထားမိတာ၊ နောက် ခြေကောင်းကောင်းမသန်သော အဖြစ်ကို သိသွားသည်။ ဗလကား သူနှင့်တတွဲတွဲ နေသူမို့ သူ့အားနည်းချက်ကို သိသည်။ သူ့ကိုညှာသည်။ အမှန်အားဖြင့် ဗလမှာ သူ့ထက် တစ်နှစ်ကျော် ကြီးသေးသည်။ ဗလမှာ သနားညှာသည်။ ဗညားမော်က ဗလကို သနားပြပေးတတ်သည်။ ဗလဟု နာမည်မှည့်ထားသော်လည်း လူဟန်ကမူ ခပ်ပျော့ပျော့၊ အသားလတ်လတ်၊ လမ်းလျှောက်လျှင် ခပ်နွဲ့နွဲ့လျှောက်သေးသည်။ လုံချည်စကိုဆွဲကာ လမ်းလျှောက်တတ်သေးသည်။ ဗညားမော်က သူ့ကို မင်းသားဟန်ဖြင့် လမ်းလျှောက်သည်ဟု ပြောတတ်သည်။ ဗညားမော်မှာ စကားနည်းသူဖြစ်သော်လည်း ဗလနဲ့မှပြောသည်။ ဗလက သူ့ကိုနားလည်သည်ဟုသိ၍ သူနှင့် ပြောခြင်းဖြစ်လေသည်။

ကျောင်းသားများသည် လမ်းတကွေ့ကို ချိုးလိုက်ကြသည်။ သည်တော့မှ ဗညားမော်သည် ဘေးသို့ လှည့်ကြည့်လိုက်လေသည်။ သူ၏ စိတ်အာရုံသည် ကိုယ်တွင်းရှိ အလှကမ္ဘာမှ ပြင်ပကမ္ဘာသို့ ဝင်ရောက်လာတော့သည်။ လူသူအားလုံးကို မြင်လာတော့သည်။ ပြောသံဆိုသံများကို ကြားလာတော့သည်။ စီတန်းလာကြသော ကျောင်းသားအုပ်ကြီးသည် နေရောင်၌ ကျောက်မျက်ရတနာများ ကြဲပေးသည်။ လေတိုက်

သဖြင့် ကုက္ကိုပင် အကိုင်းများငေ့ယမ်း ယိမ်းထိုးတိုင်း၊ မြေပြင်ပေါ်ရှိ သစ်ရိပ်ပြောက်များသည် ရှန်းရင်းဆန်ခတ်ဖြစ်ကာ ယိမ်းထိုးနေကြပေသည်။

ဗညားမော်သည် လမ်းထောင့်ရှိ မြူနီစပယ်ရုံးအဆောက်အဦကို လှမ်းမြင်လေသည်။ မြူနီစပယ်ရုံးမှာ မြို့ရှိ ခေတ်အဆန်ဆုံး၊ ဥရောပအဆန်ဆုံးအဆောက်အဦ ဖြစ်သည်။ အင်္ဂလိပ်အစိုးရက ဝိတိုရိယဟန်နှင့် မြန်မာဟန်ရောစပ်ဆောက်ပေးထားသောပုံဖြစ်သည်။ အမိုးမှာ ပြသာဒ်ဟန်ထုထားပြီး မျက်နှာစာမှာ ဝိတိုရိယပုံ ဖြစ်သည်။ အုတ်ကျွန်မိုးအနီတွင် ပန်းဆွဲအဖြူများ ကွပ်ထားသည်။ နံရံများမှာ အုတ်ရောင်အနီပင်ထား၍ ရေညှိတက်လျက်။ အားလုံးမှန်တံခါးများချည်း။ ပြတင်းပေါက်အပေါ်၌ မှန်ရောင်စုံအဝိုက်ကြီးများဖြင့် မှန်တံခါးတိုင်း၌ လိမ်မော်ရောင် ဇာခန်းဆီးများ တလွင့်လွင့်။ ခေါင်းမိုးပေါ်၌လည်း ယူနီယံဂျက် အလံကလေးများကို ကြိုးဖြင့်သီကာ ဆင်ယင်ထားကြသည်။ မြူနီစပယ် တဝင်းလုံးပင် ယူနီယံဂျက်အလံများဖြင့် ပြန့်ကြဲထူထပ်နေတော့သည်။ ငှက်အဖြူ အပြာ၊ အနီကလေးများ တဝင်းလုံး ဝဲပျံလျက်။ ကျောင်းသားတန်းကြီးသည် မြူနီစပယ်ဝင်းရှေ့၌ ရပ်လိုက်ကြသည်။

**အခန်း (၂)**

သည်တော့မှ ဗညားမော်သည် ပတ်ဝန်းကျင်ကို သတိရလေတော့သည်။ မြူနီစပယ်ရုံးဝင်းကြီးကား ယခင်ကနှင့် မတူအောင် ထူးထူးခြားခြားခမ်းနားစွာ ပြင်ဆင်မွမ်းမံထားပေသည်တကား။ ယခင်ကမူ နေ့စဉ်နွေအလိုက်၊ ဆောင်းဆို ဆောင်းအလိုက်၊ ပန်းများပွင့်နေသော ဥယျာဉ်ကြီးတခုဟု မှတ်ထားသည်။ ရုံးဝင်းကြီးကို ဖြတ်လိုက်တိုင်း အကန့်အကန့်စနစ်တကျ စိုက်ပျိုးထားသော ပန်းခင်း၊ မြက်ခင်း၊ လူများ သူ့အောက်မှ ဝင်သွားရသော ပန်းရုံကြီးများ၊ ဆေးအဖြူ အပြာနှ၊ ပန်းနှချယ်ထားသော သစ်သားကုလားထိုင်၊ ကြိမ်ကုလားထိုင်၊ ခုံတန်းလျား များဖြင့် ခင်းလျက်။ လှပသော ဝင်းကြီးကို ကြည့်မိသည်။ သိပ်လှတာဘဲ၊ ယခုမူကား မျက်နှစာတဖက်၌ အနီ၊ အပြာ၊ သုံးရစ် နဖူးစည်း ခြသေ့်၊ သရဖူ၊ နတ်မြင်း၊ အင်္ဂလိပ်ဘုရင် အစိုးရနိုင်ငံတော်တံဆိပ်ဖြင့် တပ်ဆင်ထားသော ရောင်စုံပန်းတွန့်စက္ကူများနှင့် ယှက်သန်းတွဲဆိုင်းထားသော မဏ္ဍပ်ကြီး။

ကျောင်းသားများသည် လမ်းထောင့်ချိုး၌ ရပ်ကာ နေရာယူထားကြသည်။ မဏ္ဍပ်ထဲမှ ဘင်ခရာသံ ထွက်ပေါ်လာသည်။ တလောကပင် 'ဘုရားသခင် ဘုရင်မင်းမြတ်ကို ကယ်မပါစေ' ဟူသော သီချင်းသံကို ကြားခဲ့ရသေးသည်။ သီးချင်းတိုက်စဉ်က ကြားခဲ့ရခြင်းဖြစ်သည်။

ဗညားမော်သည် မဏ္ဍပ်ဘက်သို့ လှမ်းကြည့်လိုက်သည်။ မဏ္ဍပ်အတွင်း၌ မင်းစိုးရာဇာများ၊ ပိုးရောင်၊ ဖဲရောင်၊ သက္ကလပ်ရောင်၊ စိန်ရောင်၊ မြရောင်၊ ပတ္တမြားရောင်၊ အရာရှိများကား ခေါင်းပေါင်းစ တလူလူ၊ တချို့ကလည်း သက္ကလပ်ဘောင်းဘီနက်ပြာရောင်၊ ရာဇဝတ်ဝန်ထောက်မင်းမှာ ကပြား။ သူသည် ကာကီရောင် ပုလိပ်ဝတ်စုံဖြင့်။ သားရေခါးပတ်မှ ခြောက်လုံးပူးအိတ်အခန့်စား။ စလွယ်သားရေရောင်က တပြောင်ပြောင်။ မင်းကတော်များကား သူမတို့၏ လည်တိုင်ကို ငွဲတိုင်း စိန်နားကပ်ရောင် တဖျတ်ဖျတ်။ စိန်ဆံထိုး၊ စိန်ဘီးတို့မှ ပြိုးပြိုးပြက်ပြက်။ သည်ကြားထဲတွင် အထောက်အပံ့ခံ အမျိုးသားကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးဟန်တင့်မှာ ပင်နီရင်ဖုံး၊ ဘန်ကောက်လုံချည် ရွှေဖလားရောင်တောင်ရှည်ဖြင့်အတူ ခုံညားနေပေသည်။ ဗညားမော်သည် သူတို့ကျောင်းအုပ်ကြီး၏ ပေါ်လွင်ထင်ရှားသော ပင်နီရင်ဖုံးကို နှစ်သက်နေမိသည်။ ကျောင်းသားများသည် နေရိပ်ရာဘက်သို့ ရွှေ့လိုက်ကြသည်။ နေသည် တဖြည်းဖြည်းမြင့်လာရာ နေပြောက်များလည်း နေရာရွှေ့သွားကြသည်။

ဗညားမော်သေးမှ ဗလက "ဟေ့... ဗညားမော်၊ ဒီဘက်တိုး၊ ဒီဘက်က နေရိပ်တယ်၊ ငါတော့ဆာတယ်ကွာ၊ မင်းကော အိမ်က ဘာစားခဲ့သလဲ"

"မနက်က နံပြားနဲ့ ပဲပြုတ်စားခဲ့တာ၊ ခုတော့ နဲနဲတောင်ဆာလာပြီ"

"ဘုရင်ခံက ဘယ်တော့ရောက်မှာတဲ့လဲ"

"ရောက်တော့မှာနဲ့ တူပါတယ်"

တချို့ကျောင်းသားများက ထိုင်နေကြသည်။

ဗညားမော်သည် ရှေ့ဆုံး စာတမ်းနားသို့ ကြည့်လိုက်သည်။ ကျောင်းသူများလည်း စုကာ အချင်းချင်းစကားပြော နေကြသည်မှာ ညံနေတော့သည်။ ဘင်ခရာဝိုင်းမှ သီချင်းတစ်ပုဒ် သီချင်းတီးသံ ကြားလာရပြန်သည်။ အော်လန်စင်း သီချင်း။ သီချင်းရပ်သွားသောအခါ ကျောင်းသူများဝိုင်းမှ စကားသံများမှာမစဲ၊ အသံအမျိုးမျိုးဖြင့် ရယ်မောနေကြသံ၊ အုပ်ပြောသောအသံ၊ စာသောအသံ၊ တိုးညင်သောအသံ၊ အသံစုံ။

"မင့် လိုင်ထိပ်ထား တွေ့လား..." ဟု ဗလက ဗညားမော်အား လှမ်းမေးလိုက်သည်။ "ဟေ့ကောင် မေးတာမကြားဘူးလား..." ဟု ငေးနေသော ဗညားမော်အား တတောင်ဆစ်နှင့် တွန်းကာ မေးလိုက်သည်။

ဗညားမော်မှ မဏ္ဍပ်၏ ပြင်ဆင်မွန်းမံပုံကို ငေးကြည့်နေသည်။ အနီ၊ အဖြူ၊ အပြာ၊ အရောင်အတွဲမှာ သူ့စိတ်ကို ကြည်လန်းစေသည်။ မဏ္ဍပ်အဝင်ပေါက် လမ်းမကြီးဘက်ရှိ သဲဖြူခင်း ရာဇမတ်ကာ၊ ငှက်ပျောပင်စိုက် မင်းလမ်းမကြီးက ဖြူးလျက်။ ရေးမင်းများအား ကြိုဆိုသည့် ဟန်ပန်အတိုင်း ပြင်ဆင်ထားသည်။ စိမ်းမြသော ငှက်ပျောရွက်များမှာ နေရောင်တွင် လန်းဆတ်လျက်၊ ဝင်းပလျက်။

"ဘယ်မှာလဲကွ" ဟု သတိရလာကာ ဗညားမော်က ပြန်မေးလိုက်သည်။

"မမြင်ဘူးလား၊ မရမ်းစေ့ရောင် ချိတ်ထမီနဲ့၊ ခေါင်းမှာ နှင်းဆီပွင့်တွေနဲ့"

ကျောင်းသားများက လိုင်ထိပ်ထားဟုခေါ်ကြသော ခင်ထားလှိုင်မှာ သူနှင့် တတန်းတည်း ဖြစ်သည်။ သူမ၏ဖခင် စက်ပိုင်ရှင် ဦးသောကမှာ မြို့မျက်နှာဖုံး။ သူမမှာ အတန်းထဲတွင် အချောဆုံးဟု နာမည်ကြီးသည်။ ဘုရင်ခံအား ပန်းဆက်ရန် မြို့ဥဒ္ဒေါ့ကော်မတီက ရွေးချယ်ထားသည်။ ဗညားမော်ထက် နှစ်နှစ်ခန့်ကြီးသည်။ သူမမှာ ရန်ကုန် ဒိုင်အို အင်္ဂလိပ် မယ်သီလရင်ကျောင်းတွင် ကျောင်းထားရာမှ မနှစ်ကနှုတ်ကာ ဤတောမြို့ကလေးတွင် လာထားခြင်းဖြစ်သည်။ ကျောင်းရောက်စက ဂါဝန်နှင့် တက်သေးသည်။ သူမ၏ အင်္ဂလိပ်နာမည်မှာ မေဘယ်။ အိမ်သားများက သူမကို မေဘယ်ဟုခေါ်ကြသည်။ ကျောင်းသားများကမူ လိုင်ထိပ်ထား။ သူမစကားပြောလျှင် "လိုင်က .. လိုင်က" ဟု သူ့နာမည် ထည့်စကား ပြောလေ့ရှိသည်။

"မတွေ့ဘူးလားကွ၊ ငါ့နမရင်မြနဲ့ စကားပြောနေတာ"

ဟုတ်သည်။ လိုင်ထိပ်ထားကား ကြော့လို့၊ ဒေစီပန်းပွင့်ရောင် အဝါနု ပိုးဇာအင်္ကျီနှင့်။ သူ့အဖေက ရိုးကုမ္ပဏီမှ တဆင့် အင်္ဂလန်မှ မှာယူသော ပိုးဇာ။ တခါကျောင်းကပွဲတုန်းက ဝတ်လာဘူးသည်။ ရင်ရင်မြပြော၍

အင်္ဂလန်မှ မှာယူသည့် ပိုးဇာမှန်း သိရသည်။ မကြာသေးမီက စာတိုက်မှ ရောက်လာသည်။ ခင်ထားလှိုင်သည် ရင်ရင်မြနှင့် စကားပြောနေရာမှ ဗလတို့ဘက်သို့ တချက်လှည့်ကြည့်လိုက်သည်။ ခင်ထားလှိုင်သည် ဒီကနေ့ အနည်ဆုံးဖြစ်နေသည်။ ဗညားမော်ကား ခင်ထားလှိုင်၏ မရမ်းစေ့နှင့် ငွေရောင်ချိတ်ထားသော ချိတ်ထမီကို ငေးကြည့်နေသည်။

"ထမီလေး အဆင်လှတယ်ကွာ...."

"အမယ်... မင်က လှတော့မပြောဘူး"

ဘေးက ကျောင်းသားများက ဝိုင်းရယ်ကြသည်။

စကားသံများနှင့် ပို၍ ဆူညံလာကြလေပြီ။ နေရောင်မှာလည်း ပူနွေးလာပေပြီ။ ခင်ထားလှိုင်သည် ချွေးပြန်လာ၍ မကြာခဏ မျက်နှာကို ဂုဏ်ပိုးကို တို့ပတ်နှင့် တို့နေရသည်။ စိန်လည်တုံမှာ တဖျတ်ဖျတ် ပြိုးပြက်လျက်။ မဏ္ဍပ်တွင်းရှိ စားပွဲပေါ်၌ကား ရွှေရောင်ယွန်းကျည်တောက်သည် စံပယ်လျက်။ ကျည်တောက်ထဲ၌ ဘုရင်ခံကြွလာလျှင် ထောပနာပြုရမည့် မင်္ဂလာသြဘာစာ၊ မင်္ဂလာရတု ပိုဒ်စုံ လင်္ကာများသည် ခွေလိပ်လျက်။ ဘုရင်ခံအား ဆက်မည့် မင်္ဂလာစည်တော်သံ ကဗျာတေးကား ရွှေကလပ်ထက်၌ ဝင့်ကြွားလျက်။ ကျောင်းသားများပါးစပ်မှ "ဆာတယ်ကွာ" ဟူသော မြည်တမ်းသံများသည် ကြိုးကြားထွက်ပေါ် လာကြသည်။ အောင်ဒင်တို့လူသိုက်သည် လမ်းဘေးမြက်ပင်များအနားသို့ ရွှေ့လိုက်ကြသည်။ နေရောင်မှာ သူတို့ခေါင်းပေါ် ရောက်လာသောကြောင့် ဖြစ်သည်။

မဏ္ဍပ်တွင်းမှ မင်းစိုးရာဇာများသည် သဲဖြူခင်း၊ ရာဇမတ်ကာ မင်းလမ်းဆီသို့ မျှော်လျက်ရှိကြသည်။ ငွေဖလားထဲတွင် စိုက်ထားသော ပန်းခိုင်ကြီးမှာ ညှိုးစ ပြုလေပြီ။ သဘော်ဆိပ်သို့ သွားကြိုကြသော နယ်ပိုင် ဝန်ထောက်မင်းတို့လည်း ပြန်မလာကြသေး။

"ဟေ့... ဗလ၊ ဘုရင်ခံရဲ့နံမယ် အရှည်ကောက်က ဘာလဲကွသိလား" ဟု ရှေ့တန်းက ဂု တန်းကျောင်းသား ခင်ဇော်က ဗလအား လှမ်းမေးလိုက်သည်။ ဗလမှာ အတန်းငယ်သော်လည်း စာအဖတ်ဆုံးဟု နာမည်ကြီးနေသူ။

"ဆာ- ရေဂျ- အေ မောင်ကြီး ဟုတ်ဖူးလား"

"အရှည်ပြောတာ ရေဂျ- အေက ဘာတဲ့လဲ"

"ဆရာမ မေးကြည့်ပါလား" ဟု ဗညားမော်က ကြားက ဝင်ပြောလိုက်သည်။

"သွား .. မင်းသွားမေး၊ ဆရာမက မင်းကို ပိုအရေးပေးတယ်"

ဗညားမော်က ဆရာမ စန်းစန်းနုအား သွားမေးသည်။ ဆရာမက သူ့ကိုပြောပြသည်။ "ဆာ-ရိုဂျီဆက်-ဩဂတ်စတပ် မောင်ကြီးတဲ့ကွ၊ ဆာဆိုတာက ဘုရင်မင်းမြတ် အမှုတော်ထမ်းကောင်းလို့ ဘုရင်က ပေးတဲ့ မှူးကြီးမတ်ကြီး ဘွဲ့တံဆိပ်တော်တဲ့ကွ၊ ရဲရင့်တဲ့သူရဲကောင်း ဘုရင့်စစ်သည်တော်... တဲ့"

ထိုအခိုက် ကျောင်းအုပ်ကြီးသည် ကျောင်းသားများထံ မဏ္ဍပ်ထဲမှ လာနေသည်။ ကျောင်းဆရာ၊ ဆရာမများ သူ့ထံကပ်သွားကြသည်။ ထို့နောက် သူတို့သည် တစုံတရာကို တီးတိုးပြောနေကြသည်။ ဆရာမစန်းစန်းနုသည်

ကျောင်းသားများအပါး ရောက်လာကာ "ဒီကနေ့ ဘုရင်ခံမလာဖြစ်ဖူးတဲ့၊ ကျောင်းသားတွေ အားလုံး ပြန်နိုင်ကြပြီ၊ ကျောင်းလဲမရှိဘူး၊ တရက်ပိတ်လိုက်တယ်၊ မနက်ဖြန်မှ ခါတိုင်းလို ကျောင်းလာတက်ကြ" အသံများသည် စီညံသွားကာ တယောက်တပေါက် ပြောဆိုရင်း ကျောင်းသားအုပ်ကြီးသည် ကွဲသွားသည်။ ပန်းစည်း၊ ဩဘာပေး ရတုပိုဒ်စုံနှင့် ရန်ကုန်မြို့ ဗီယင်နာကဖေးမှ အထူးမှာယူထားသော ချီဇကိတ်မုန့်တို့သည် မဏ္ဍပ်ထဲရှိ ပိတ်ဖြူခင်း စားပွဲပေါ်၌ အရှင်မဲ့ လဲလျောင်းလျက်။

**အခန်း (၃)**

"ဟေ့ .... လန်ဘား လိုက်မလား"

လမ်းမထောင့်၌ ခြေခင်းခုံပေါ်တွင် ထိုင်ကာ ဘီဒီဆေးလိပ်သောက်နေသော လန်ချားကုလားကို ဗညားမော်က လှမ်းအော်မေးလိုက်သည်။

"လိုက်မယ် အကို့၊ နင်ကျောင်းမတက်ဖူးလား.."

အရပ်ရှည်ရှည် လန်ဘားဆိုသော ကုလားက သွားအားပြုံးရယ်ကာ မေးနေသည်။ လန်ဘားမှာ သူတို့အိမ်က အမြဲတမ်းငှားစီးသော လန်ချားသမားဖြစ်၍ တအိမ်သားလုံးနှင့်လည်း ခင်မင်နေပေသည်။

"ဗလ.... လာပါကွ.. ငါနဲ့တူတူလိုက်ခဲ့ပါ..."

"မင်းကလဲကွာ လန်းချားစီးနေရသေးတယ်၊ အိမ်ဝေးတာမှ မဟုတ်တာ...."

"ငါ့ခြေထောက်က နာတယ်ကွ၊ သိပ်ကြာကြာ လျှောက်လို့မရဘူး..."

"အေး .. ဟုတ်သားပဲ၊ မင်း ဒို့အိမ်အထိဘဲနော်၊ ငါ့အိမ်ကို ငါ့ဘာသာ လမ်းလျှောက်ပဲသွားတော့မယ်...."

"မင်း သဘောပဲ.."

ဗလက ဗညားမော်နှင့်အတူ လန်ချားပေါ် တက်ထိုင်လိုက်သည်။ လန်ချားဘီးမှာ ဆေးအနီသုတ်ထားခါစ ဖြစ်၍ ဘီးလည်လာသောအခါ တလက်လက် တောက်နေ၏။ ဆူညံဆူညံဖြင့် 'ဘုရင်ခံ ဘာလို့မလာရတာလဲ' ဟု ငြင်းခုံသွားကြသော ကျောင်းသားအုပ်များကို ဖြတ်လာကြသည်။ ဆရာမစန်းစန်းနှင့် ခင်ထားလှိုင်မှာ စကားပြောရင်း လမ်းဘေးမြက်အစပ်အနား၌ ရှေ့သို့သာ မျက်လုံးကို စိုက်ထားကာ လိုက်ပါလာကြသည်။

"ဟေး ဗလ၊ ဘယ်လိုထင်သလဲကွ..."

"ဘာကို ထင်ရမှာလဲ.."

ဗလသည် ဗညားမော် ရုတ်တရက် ကောက်မေးလိုက်သည်ကို အံ့ဩနေပေသည်။

ဗညားမော်သည် တလမ်းလုံး စကားမပြောပဲ၊ လမ်းဘေးရှိ သစ်ပင်၊ အိမ်များကို ငေးကာ လိုက်ပါလာသည်။ ဗလသည် ဗညားမော် စကားပြော နည်းသည်ကိုသိသည်။ အတန်းထဲတွင် စကားသိပ်မပြော။ အပေါင်းအဖော်လည်းသိပ်မထား။ စားပွဲချင်းကပ်ထိုင်သော သူနှင့်ကား ပြောသည်။

"မဟုတ်ပါဘူးကွာ၊ ဘာဖြစ်လို့ ဘုရင်ခံက မလာသလဲဆိုတာပါ၊ မင်း ဘယ်လိုထင်သလဲလို့ ငါမေးတာပါ..."

"အမယ်လေးကွာ၊ မင်းက စကားအဆက်အစပ်မရှိဘဲ မေးလိုက်လို့ ငါက ဘာမေးမှန်းမသိတာပါ.."

"အဲဒါ မင်းဘယ်လိုထင်သလဲ.."

လန်ချားသည် မညီညာသော ခဲလမ်းပေါ်တွင် ခုန်နေ၏။

"မင်းဆရာမက ဘာမှမပြောဘူးလား..."

"မပြောပါဘူး၊ မင်းအမြင်ဘဲ၊ ငါက ဘုရင်ခံနဲ့မယ် အရှည်သာ မေးကြည့်တာ၊ ဆရာကြီးပဲသိမယ် ထင်ပါတယ်"

"ဒါက အရေးမကြီးပါဘူးကွာ၊ ငါကတော့ ကျောင်းပိတ်လို့ ပျော်တယ်...."

"လာဘို့အစီးအစဉ်တွေ ကျကျနန လုပ်ပြီးမှ မလာတာ အကြောင်းရှိမှာပေ့ါကွ..."

လန်ချားသည် မြို့လယ်လမ်းသို့ ချိုးလိုက်သည်။ မြို့လယ်လမ်းမှာ ရာမည်မြို့တွင် အကောင်းဆုံးလမ်းတလမ်း ဖြစ်သည်။ ရုံးရှိသောလမ်း၊ ဝန်ထောက်အိမ်ရှိသောလမ်း၊ လမ်းသည် ကောင်းသည်။

မြို့လယ်လမ်းမှ တည့်တည့် ထွက်လိုက်လျှင် ကျိုက်ဒေးရုံဘက်သို့ သွားသော လမ်းရှိသည်။ တဖက်တွင် ကမ်းနားမြစ်ဆိပ်သို့ ပေါက်သည်။

မြို့လယ်လမ်းကား အိမ်ကြီးအိမ်ဟောင်း တိုက်တာများသည်။ လမ်းများသည် အခြားလမ်းများထက် ကျယ်ပြီး၊ ပျဉ်းမပင်၊ ကုက္ကိုပင်များ ထူထပ်ပြီး အရိပ်ခိုလျက် ရှိပေသည်။ ခြံစည်းရိုးများ၌ ပုဏ္ဏရိတ်ပင်များ စိုက်ထားကြသည်။

လန်ဘားဆွဲလာသော လန်ချားသည် ဗညားမော်တို့ တိုက်ရှေ့၌ ထိုးရပ်လိုက်သည်။ ဗညားမော်တို့တိုက်မှာ အုတ်ကြွပ်မိုးအနီဆင်ဝင်နှင့်၊ မှန်ပြတင်းနှင့် ခေတ်ဆန်ဆန် ဆောက်ထားသော တိုက်ဖြစ်သည်။ အပေါ်ထပ် ဆင်ဝင်ရှိ မှန်ပြတင်းများမှာ ရောင်စုံမှန်များဖြစ်ပြီး၊ ဇီးကွက်ရုပ်၊ ဒေါင်းရုပ်၊ ယုန်ရုပ်၊ ပန်းပွင့်များကို ဖန်ပုတီးစေ့ ရောင်စုံဖြင့် သီဖော်ထားသော ခန်းဆီးများ တပ်ဆင်ထားသည်။ လေတိုက်လျှင် ဖန်ပုတီးစေ့များ တခုနှင့်တခု ရိုက်ခတ်သောကြောင့် တချွင်ချွင်မြည်နေတတ်သည်။

လန်ချားပေါ်မှ ဆင်းလိုက်လျှင် အပေါ်ထပ် ဆင်ဝင်ခန်းမှ "ဟော... မောင်လေးတောင်ပြန်လာပြီ" ဟူသော အသံတသံ ထွက်လာသည်။ အမ စိမ်းစိမ်း၏ အသံ၊ စိမ်းစိမ်းမှာ ဆံတောက်နှင့်၊ အသားလတ်လတ်၊ အသံမှာ အပျိုဖော်ဝင်စမို့ ခပ်သြသြ။ အသံအနိမ့်အမြင့်မညီ။

"ကဲ... ငါလဲပြန်တော့မယ်...."

"လန်ချား စီးပြန်ပါလားကွ၊ လန်ဘားလိုက်ပို့ပါလိမ့်မယ်"

"နေပေ့စေကွာ.. ငါဈေးဘက်လဲ ဝင်လိုက်ဦးမယ်၊ ငါ့အစ်ဆိုင်မှာ ထမင်းသွားစားလိုက်ဦးမယ်..."

ဗလထွက်သွား၍ ဗညားမော်လည်း တိုက်ထဲသို့ ဝင်လိုက်လေသည်။ စိမ်းစိမ်းမှာ အပေါ်ထပ်မှ အောက်သို့ ချက်ချင်း ရောက်လာလေပြီ။ ဗညားမော်ကို စိမ်းစိမ်းက ဧည့်ခံတံခါးဝမှ ဆီးကြိုနေသည်။

"မောင်လေးတို့ ဘုရင်ခံက ချောရဲ့လား"

"စိမ်းစိမ်းကလဲ... လာတောင်မလာဘူး"

"ဘာဖြစ်လို့လဲ"

"မသိတော့လား၊ မလာဖြစ်ဖူးဆိုပြီး ကျောင်းသားတွေ အားလုံး ပြန်လွှတ်လိုက်တယ်၊ ကျောင်းလဲ မတက်ရတော့ဘူး၊ တရက်ပိတ်လိုက်တယ်"

" လာ.. ထမင်းစားလှဲ့၊ ဒေါ်ကြီးတို့ အရှေ့ပိုင်းသွားကြတယ်၊ မောင်လေးကြိုက်တတ်တဲ့ ငါးအူချက်ပါတယ်"

"စိမ်းစိမ်းကော စားပြီးပလား"

"မောင်လေးကို စောင့်နေတာ"

စိမ်းစိမ်းသည် အုပ်ထိန်းသူ အမကြီးဟန်ဖြင့် ဗညားမော်အား လက်ဆွဲကာ ခေါ်သွားသည်။ စိမ်းစိမ်းကိုယ်မှ သနပ်ခါးနံ့ သင်းပျံ့လာသည်။ ဗညားမော်သည် အပေါ်တိုက်ပုံကို သမင်ချိုအောက်ရှိ အင်္ကျီချိတ်တွင် ချိတ်လိုက်သည်။

**အခန်း (၄)**

ငွေလရောင်သည် အုန်းလက်များကြားမှ လျှောဆင်းကာ ညမွှေးပန်းရုံပေါ်သို့ နားလိုက်သည်။ ဗညားမော်သည် မှန်ပြတင်းကို ဖွင့်လိုက်သည်။ ယုန်ရုပ်ပုတီးစေ့ယင်းနှင့် သွားထိခတ်သွားသဖြင့် တချွင်ချွင် အသံများမြည်သွားသည်။ ပုတီးစေ့ယင်းဘေးမှ ဇာခန်းဆီးအဖြူ တထပ်ကာထားသေးသည်။ လရောင်သည် တလက်လက်ဝင်းပနေသော ပုတီးစေ့ကိုဖြတ်သန်းကာ ဇာခန်းစီးအဖြူကိုကျော်၍ ဗညားမော်၏ မျက်နှာပေါ်သို့ ဖြာကျနေသည်။ ဇာခန်းဆီးမှာ စိမ်းစိမ်း လက်ဖြင့်ထိုးထားသော ဇာပေါက်ပန်းကွက်များဖြစ်သည်။ ဗညားမော်သည် စာရေးစားပွဲမှ နေ၍ ပြင်ပကမ္ဘာ၏လရောင်ဖြင့် ဆင်ယင် ထားသောညကို ကြည့်လိုက်သည်။

မြ ညာ။ အားလုံး စိမ်းနေကြပေသည်တကား။ လရောင်သည် တစ်ညှာ အရောင်တမျိုးဖြင့် ဆင်ယင်သလော။ မနေ့ညကမူ အဖြူရောင်များများပါသည်။ ငွေရောင်နှင့် လွှမ်းနေသည်။ အမှောင်ရိပ်အားလုံးကို ငွေသော်ရောင်က ကွပ်ပေးထားသည် မဟုတ်လေ။ အုန်းရွှင်များပင်လျှင် တလက်လက်ငွေရောင် တောက်ပနေခဲ့၏။ အခုညမူ အားလုံးပင် စိမ်းနေပေသည်။ သို့သော် နေ့အခါမြင်ရသော အစိမ်းမျိုးမဟုတ်။ လွင်သော၊ စိမ်းသော၊ စိုသောအစိမ်း မဟုတ်။ အနက်ရောင်ဖြင့် ရောနေသော အစိမ်းရင့်။ ညစိမ်း၊ လစိမ်း။ ည၏အစိမ်း ကောင်းကင်ဖန်သားပင်လျှင် အစိမ်းရင့်တို့ ခံထားလေသလော။ ဗညားမော်သည် ညမဟူရာစိမ်းကို ခံစားရင်း စူးစမ်းနေလေသည်။ သူ့အနားသို့ စိမ်းစိမ်းလာရပ်သည်ကို သူ့မျက်စိအာရုံကမသိ။ သူ၏မျက်စိ အာရုံမှာ ကောင်းကင်ဖန်ရိပ် အတွင်းမှ မြသဝန်ကိုသာ စွဲလန်း တွယ်ငြိနေပေသည်။ သို့သော် သူ၏ အာရုံက ရွှေခြေကျင်းထိသံ၊ ရွှေလက်ကောက်ကွင်းချင်း ထိသံကို သိလိုက်ရသည်။

သို့သော် အဝေးမှလွင့်၍ သဲ့သဲ့မျှ ကြားရသော အသံမျှလောက်သာ။ သူ၏နှာခေါင်းအာရုံက သနပ်ခါးနံ့ မွှေးလာသည်ကို သိသည်။ အသံအာရုံ၊ အနံ့အာရုံ အားလုံးတို့သည် သူ၏ အမြင်အာရုံကို မဖောက်ထွင်းနိုင်ကြ။ အမြင်အာရုံ၏ အင်အားသည် အခြားသော အာရုံများကို အဝေးသို့ တွန်းကန်ထုတ်လိုက်သည်။ သူသည် ဘေးသို့ပင် မလှည့်ကြည့်။ မြလသည် ဖန်အိမ်အတွင်းသို့ ဝင်သွားသည်။ သူ့ရှေ့ရှိ စကားပင်အကိုင်းအခက်များသည် မြသားပေါ်၌ အကွေ့အကောက်၊ အလိမ်အတွန့်များ ထင်နေသော အနက်လှုပ်ရှားမှုမျှသာ။ အေးသောလေသည် ဖန်ပုတီးစေ့များကို စောင်းတီးခတ်လိုက်သည်။ လက်ကောက်ချင်း ထိသံသည် ဘယ်သံနှင့်မတည့်သော ညာသံစောင်းကြိုးသံဖြင့် ဆန့်ကျင်လိုက်သည်။ အောက်ခြံစည်းရိုးမှ ညမွှေးပန်းရနံ့သည် သနပ်ခါးနံ့ကို လာဆန့်ကျင်ပြန်သည်။ အမြင်အာရုံတို့က မှိုင်းနေသည်။ စိမ်းစိမ်းမှိုင်းမှိုင်း။ အကြားအာရုံတို့က ပဋိပက္ခ ဖြစ်နေကြသည်။ ရနံ့ အာရုံတို့ကလည်း ပဋိပက္ခ ဖြစ်နေကြသည်။ သည်ကြားထဲ သနပ်ခါးနံ့နှင့် လက်ကောက်ချင်း ထိခတ်သံဖြင့် ကိုယ်စားပြုသော၊ သင်္ကေတ ပြုသော စိမ်းစိမ်း၏အာရုံရုပ်ပုံသည် ဘွားကနဲ ပေါ်လာတော့သည်။ ဇာခန်းဆီး စိမ်းလဲ့လဲ့တွင် အရိပ်ထင်နေသော စိမ်းစိမ်း၏ရုပ်ပုံကို ဖမ်းလိုက်သည်။ သူသည် လှုပ်ရှားလာသည်။ သူ့မကို သတိရလာပြီဟုသိသော စိမ်းစိမ်းက

"မောင်လေး..... မအိပ်သေးဘူးလား..." ဟု သူ့ဘေး စာရေးစားပွဲထိပ်သို့ ရွှေ့ရင်း မေးလိုက်သည်။ ဗညားမော်သည် စိမ်းစိမ်းအား တချက်စွေကာ ကြည့်လိုက်သည်။

"မောင်လေးကလဲလေ.... ဒီလရောင်ပဲကြည့်နေတာပဲ"

အတန်ကြာမှ "လှလို့ပါ" ဟု သူ၏ နှုတ်မှ ထွက်လာသည်။

"လှတော့ဘာဖြစ်လဲ၊ လှတော့ဘာလုပ်ရမှာလဲ..."

သူသည်ဘာမျှ ပြန်မဖြေတတ်။ ဟုတ်တော့ဟုတ်သားဘဲ။ စိမ်းစိမ်းပြောတာ ဟုတ်သားဘဲ။ လှတော့ဘာမျှမဖြစ်။ လှတော့ကော ဘာလုပ်ရမှာလဲ။ ငါ့အမပြောတာ ဟုတ်သားဘဲ။ လှတာကိုကော ဘာများလုပ်ရပါလိမ့်မလဲ။ မြလသည် ဖန်အိမ်အတွင်းမှ ထွက်လာသည်။ ဇာခန်းဆီးပင်လျှင် အဖြူဘက်များများ ရောက်လာကာ အစိမ်းသည် ခပ်ဖျော့ဖျော့သာ ပြေးနေပေသည်။ လေတိုက်၍ တွန့်လိုက်လျှင် လရောင်ဘက်က ဖြူလာပြီး အရိပ်ကျသောဘက်က စိမ်းလဲ့လဲ့ပြေးလာသည်။ ငါ့အမ ဒီဇာကို သူ့လက်နဲ့ထိုးတာဘဲ။ အဲဒီတုန်းက ချည်အဖြူပါ။

"အမရဲ့ ဇာခန်းဆီးက စိမ်းမနေဘူးလား"

သူသည်တခါတရံ စိတ်လိုလက်ရ 'အမ' ဟု ခေါ်တတ်သည်။ ငယ်ငယ်ကတည်းက လူကြီးများခေါ်သကဲ့သို့ 'စိမ်းစိမ်း' ဟု ခေါ်လာသည်မှာ နှုတ်ကျိုးနေသည်။ လူကြီးတွေက အမဟုခေါ်ရန် သင်သော်လည်း ငယ်ငယ်တည်းက မရ။ သို့သော် တခါတရံတော့ အမဟု ခေါ်တတ်သည်။

"စိမ်းမနေပေါင်၊ ဘာလို့စိမ်းရမှာလဲ၊ အမက ချည်အဖြူနဲ့ ထိုးထားတာ၊ ဘယ်မှာ သွားစိမ်းမှာလဲ၊ ဘယ်တော့မှ မစိမ်းရဘူး"

"သေသေချာချာ ပြန်ကြည့်စမ်းပါဦး..."

"မကြည့်ရပါဘူး၊ အမြဲတမ်းမြင်နေရတာဘဲဟာ၊ အဖြူက အဖြူဘဲပေါ့"

"ခု- လသာတဲ့ ညမှာကော..."

"နေ့ဖြစ်ဖြစ် ညဖြစ်ဖြစ်ပေါ့၊ အတူတူဘဲ၊ အဖြူဟာ အဖြူ၊ အစိမ်းဟာ အစိမ်းဘဲ၊ အုန်းလက်တွေ၊ ငှက်ပျောရွက် တွေဆိုရင်တော့ စိမ်းနေတာပေါ့"

"မဟုတ်ဘူးလေ... လ ရောင်ထဲမှာဆိုရင် စိမ်းမနေဘူးလား.."

"အော်.. တယ်ခက်ပါလား မောင်လေးရယ်"

"မဟုတ်ဘူးဗျ၊ ဟိုဘက်က သွပ်မိုးတွေကြည့်ဦးမလား။ ဟောဟိုအဝေးက မြင်နေရတဲ့ ကမ်းနားလမ်းမကြီး ကြည့်ဦးမလား။ မြစ်ကို ဒီက လှမ်းမမြင်ရလို့၊ ရေတွေလဲ စိမ်းနေမှာဘဲ၊ တညလုံးကို စိမ်းနေတာ"

"အော်.. ငါ့မောင်ရယ်"

စိမ်းစိမ်းသည် ပြတင်းပေါက်နားကို လာရပ်ကာ ဖန်ပုတီးစေ့ယင်းကာကို ကိုင်လိုက်သည်။ ဖန်ပုတီးစေ့များ ထိုးမိလိုက်ကြသဖြင့် တချွင်ချွင်မြည်သွားသည်။ လက်ကောက်ချင်းထိသံနှင့် ဘက်ညီသွားသည်။ ရွှေလက်ကောက် အရောင်သည် လက်သွားသည်။

"စိမ်းစိမ်းတောင် စိမ်းနေတာ..."

"ဟဲ့... မောင်ရဲ့၊ အမက စိမ်းစိမ်းကို၊ စိမ်းမှာပေါ့၊ အဲဒါတခုပဲ ငါ့မောင်ပြောတာမှန်သေးတယ်"

စိမ်းစိမ်းသည် တခစ်ခစ်ရယ်မောလျက် ရှိပေသည်။ စိမ်းစိမ်းသည် သူပြောလိုက်သည်ကို သူ့ဖာသာ သဘောကျကာ အရယ်အတောမသတ်တော့။ ဗညားမော်သည် ရွှင်ပျလာသောသူနှင့်အတူ လိုက်၍ ရယ်မော၍ နေသည်။ လရောင်ကား စိမ်းစိမ်းကိုယ်ပေါ်သို့ ထိုးကျရိုက်ထင်လျက်ရှိသည်။ သူမ၏ဆံတောက်၊ ဆံပင်လှိုင်းတွန့် အခွေ အပိုက်ကလေးများသည် နားထင်၌တချို့၊ ဂုတ်ပေါ်၌တချို့ ပျံ့ဝဲလျက်ရှိသည်။ သူမ၏ဆံပင်များကား အစိမ်းရင့်။ လသည် ပို၍ စိမ်းမြ ကြည်လင်လာသည်။ အလင်းရောင် ရှိသမျှ အရာအားလုံးတို့သည် အစိမ်းနု၊ အစိမ်းလဲ့လဲ့များဖြစ်၍၊ အမှောင်ရိပ်ဟူသမျှ အစိမ်းရင့်၊ နက်သောအစိမ်း၊ မဟူရာ အစိမ်း။

"အမရေ- တကယ်ပြောတာ ၊ တညလုံးစိမ်းနေတာပါဆို..."

"အဲဒါ နှင့်စိတ်က ထင်နေတာ..."

"စိတ်က ထင်နေတာ ဟုတ်လား..."

ဗညားမော်မှာ အံ့ဩသွားသည်။ ဘယ့်နယ်စိတ်က ထင်ရမှာလဲ။ ကိုယ့်မျက်စိနဲ့ ကိုယ်မြင်နေရတာဘဲ။ တချက်တွေသွားကာ သူသည် စဉ်စားနေသည်။ စိတ်ကထင်တာ ဟုတ်သလား။

"ဟုတ်တယ်... မောင်လေးစိတ်ထဲက ထင်နေတာ၊ တကယ်မဟုတ်ဘူး၊ ဟော... အမဝတ်ထားတာ အင်္ကျီအဖြူ၊ ဟောဒီအမ ထိုးထားတဲ့ ဇာပန်းလေးတွေကလည်း အဖြူ၊ လကလဲ အဖြူ၊ အဲဒါမောင်လေးစိတ်က စိမ်းတယ်လို့ ထင်နေတာ၊ တကယ်မဟုတ်ဘူး၊ အစစ်မဟုတ်ဘူး၊ ကဲ... မောင်လေး အိပ်တော့"

ဗညားမော်ကား မကျေနပ်။ သူသည်တွေးနေသည်။ အစိမ်းဆိုတာ တကယ်မဟုတ်ဘူး၊ သူ့စိတ်ထဲက ထင်နေတာပါတဲ့။ ဟုတ်သလား။ သူသည် မယုံကြည်သော အကြည့်ဖြင့် စိမ်းစိမ်းအား တွေကာ ငေးကြည့်နေသည်။ သူ၏ မျက်လုံးများသည် စိမ်းလဲ့လဲ့။ စိမ်းစိမ်းက သူတွေးနေသည်ဆိုတာကို သိလိုက်သည်။ ငယ်ငယ်ကတည်းက နေလာသူမို့ သူ့ကို နားလည်နေသည်။

"မောင်လေးက သိပ်တွေးတာကိုး၊ မနက်ကလည်း ဘုရင်ခံဘာဖြစ်လို့မလာသလဲဆိုတာပဲ စူးစမ်းနေတယ်။ နောက်ကျသိရမှာပေါ့၊ ကဲ.. အိပ်တော့... အမခြင်ထောင်ချပေးခဲ့မယ်"

"နေပါဦးဗျာ... လှလို့ပါ"

ဆင်ဝင်ဆောင်ရှိ ဗညားမော်အိပ်သော အိပ်ရာမှ ခြင်ထောင်ချပေးကာ၊ ဖိပြည့်ပ်ပြုပေးပြီး စိမ်းစိမ်းလည်း ထွက်သွားလေပြီ။ လေတိုက်သဖြင့် ဖန်ပုတီးစေ့များက လှုပ်ရှားတိုးတိုက်ကာ ညဥ့်ဦးယံတေးလုံးများ စောင်းခတ် ပေးနေဆဲ။ မြလသည် သူ၏မြရောင်ကို ဇာခန်းဆီးကိုဖြတ်ကာ ထိုးဖြာကျဆဲ။ သူသည် တော်တော်နှင့် အိပ်မပျော်နိုင်သေး။ ဘုရင်ခံဘာကြောင့်လာမည့်အစီအစဉ်ကို ပယ်ဖျက်လိုက်သလဲ။ လှတော့ဘာဖြစ်သလဲ။ လှတာ ဘာလုပ်ရမလဲ။ စိတ်က ထင်နေတာပါ။ တကယ်အစစ် မဟုတ်ပါဘူး။ ဟုတ်သလား။ မေးခွန်းများသည် သူ့အား တိုက်ခိုက်လျှက် ရှိနေပေသည်။ သူမြင်နေတာကတော့ အစိမ်း။ အားလုံး အစိမ်း။စိမ်းစိမ်းကတော့မစိမ်းဘူး တဲ့။ ဘာကြောင့် ငါနဲ့သူ အမြင်ခြား နားရတာလဲ။ လရောင်ဟာ လူတိုင်းအပေါ်ကို သာတာမဟုတ်ဘူးလား။ စိမ်းစိမ်းအပေါ် တမျိုးသာပြီး ငါ့အပေါ်တမျိုးသာလေသလား။ လေသည် တမျှင်းမျှင်းတိုက်ခိုက်လာသည်။ ဖန်ပတ္တလျားသံသည် စည်းချက်ညီကာ အသံအနိမ့်အမြင့် စီးဆင်းပုံ တဟုန်တည်းထွက်နေသည်။ လရောင်သည် ဇာခန်းဆီးကြားမှ သူ၏မျက်နှာပေါ်သို့ကျလာလေပြီ။ သူ၏မျက်လုံးများသည် ရီဝေလာလေပြီ။ မျက်တောင်များ စင်းကျနေလေပြီ။ အစိမ်း နှင့်အဖြူသည် နပန်းလုံးနေကြသည်။ ဇာပန်းရိပ်သည် သူ့မျက်လုံးများပေါ်၌ ယိမ်းထိုးနေသည်။ သူသည် ပုခက်စီးနေသည်။ ကျလာလိုက် မြောင်သွားလိုက် ။ ထိုးနေသောအရိပ်စိမ်းလဲ့လဲ့က သူ့ကို ပုခက်လွှဲနေသည်။ ဖန်ပုတီးစေ့များက တချွင်ချွင်မြည်ကျူးနေကြသည်။ နိမ့်ချီ၊ မြင့်ချီ၊ တိုးလိုက်ကျယ်လိုက်။ အဖြူ တလှည့် အစိမ်း တလှည့်။ ထို့နောက် အစိမ်းလှိုင်းလုံးကြီးသည် သူ့ကို ဝါးမျိုလိုက်တော့သည်။

## အခန်း (၅)

"လိုက်ခဲ့ပါလားကွ။ အိမ်ထဲနေရတာ ပျင်းစရာကြီး..."

ဗလသည် အိမ်ရှေ့ခုံတန်းလျားပေါ်၌ထိုင်ကာ စက္ကူတချပ်ပေါ် ခဲတံရောင်စုံဖြင့် ပန်းချီဆွဲနေသော ဗညားမော်အား ခေါ်နေသည်။ ဥပုသ်နေ့မို့ သူသည် ကျောင်းမသွား။ မြို့လယ်လမ်းရှိ အိမ်များရှေ့၌ ရေမြောင်းများ ရှိကြသည်။ ဗညားမော်၏အိမ်ရှေ့ ရေမြောင်းပေါ်သို့ သစ်သားတံတားခင်းထားပြီး တံတားတဖက်တချက်တွင် ခုံတန်းလျားနှစ်ခု မျက်နှာချင်းဆိုင်တွင် ရိုက်ထားသည်။ ဗညားမော်သည် ထမင်းစားပြီးစ ခုံတန်းလျားတွင်ထိုင်ကာ ပန်းချီ ဆွဲနေခြင်း ဖြစ်သည်။ ခြံစည်းရိုးဘေး အဝင်အဝတံခါးပေါက်၌ အရိပ်ကောင်းသော ပုဏ္ဏရိတ်ပင်များဘေး၌ ရေလှောင်သော စဉ့်အိုးကြီးများစီရရီ။ ခြံထောင့်အုတ်ကန်ဘေးရှိ မာလကာပင်မှာ ဝေဆာစိမ်းလန်းလျက်။ ဗညားမော်သည် ခဲတံကို ကိုင်ရင်း အဲ-မလှုပ် အင်း-မလှုပ်။

ဗလက သားရေခွကို လက်နှင့်ယမ်းရင်း "ဟိုကျရင် မင်းက အေးဆေးထိုင်နေနိုင်တာဘဲ၊ မန်းသာဒွေးတို့ခြံမှာ ပန်းချီဆွဲနေလဲ ရတာဘဲ၊ ဒို့ကတော့ အဲဒီအနား ရေစပ်တွေမှာ လျှောက်ပစ်မှာပေ့ါ"။ မန်းသာဒွေးမှာ ၇-တန်း ကျောင်းသား။ မြို့၏အစွန် ခမုံချောင်းကလေးဘေးနားရှိ ခြံတခြံတွင်နေသည်။ တခါမျှ သူတို့အိမ်မရောက်ဖူးသေး။ မန်သာဒွေး၏ ဖခင်ကြီးမှာ ရိုးသား၍ ဖော်ရွေသည်တဲ့။

"လာပါကွ... မင်းပျော်မှာပါ"

အမှန်အားဖြင့် ဗညားမော်မှာ အပြင်သို့ထွက်၍ မဆော့တတ်သော်လည်း ပန်းချီဆွဲရမှာကိုတော့ စိတ်ဝင်စား သည်။ ငှက်ပစ်ရာ မလိုက်ဖဲနေ၍ ရသဖြင့် စိတ်နည်းနည်းပါလာသည်။ သူ၏မျက်နှာသည် ရွှန်းလဲ့ကြည်လာသည်။

"မင်း အမေက လွှတ်ပဲ့မလား.."

"ရပါတယ်"

အမှန်အားဖြင့် စိမ်းစိမ်းမှာ ဗညားမော်ကို အပေါင်းအသင်းဝင်ဆံ့စေချင်သည်။ အိမ်ထဲကုပ်၍နေသည်ကိုပင် တယ်ကြိုက်လှသည်မဟုတ်။ စာဖတ်နေရင်သော်လည်းကောင်း၊ တကုန်းကုန်းဖြင့် ပန်းချီဆွဲနေလျှင်သော် လည်းကောင်း စိမ်းစိမ်းသည် သူ့စားပွဲကပ်လာကာ "အညောင်းမိမယ် မောင်လေး၊ အပြင်ထွက်ပြီးဆော့ပါလား" ဟု ပြောတတ်သည်။ စိမ်းစိမ်းက သူ့ကို ခပ်ပျော့ပျော့ဟု တယ်အားမရလှ။ ယောက်ျားလေး သူငယ်ချင်းများနှင့် ရောနှောဆော့ကစား နေစေချင်သည်။။ ခုန်ပေါက်ပြေးလွှားနေလျှင် ပိုသန်းစွမ်းလာမည်။ တောင့်တင်းလာမည်ဟု သူကထင်နေသည်။ စိမ်းမြသော လရောင်ထဲနစ်နေလျှင် သူ့မောင်၏ကမ္ဘာသည် ကျဉ်းနေမည်ဟု အောက်မေ့နေ သည်။ ဗညားမော်သည် ပန်းချီဆွဲရန် ပစ္စည်းကိရိယာ စက္ကူများထည့်ရန် လွယ်အိတ်ဝင်ယူသည်။ စိမ်းစိမ်းက ဦးထုပ်တစ်လုံးပင် ယူပေးလိုက်သည်။ စိမ်းစိမ်းက ဗလ ပါသဖြင့် စိတ်ချသည်။ ဗလက သူ့မောင်လေးအား ညှာသည်ကို သိသည်။

"ညနေတော့ စောစောပြန်လာ" ဟု စိမ်းစိမ်းက အိမ်မှအထွက် ဗညားမော်အား မှာနေသည်။ လမ်းတွင် သူတို့သည် ခင်ဇော်၊ အောင်ဒင်တို့ကို ဝင်ခေါ်သွားကြသည်။ အောင်ဒင်က ဗညားမော် ပါလာသည်ကို တွေ့သောအခါ

"အမယ်.... မင်းလဲ ပါလာသကိုး" ဟု ဆိုလိုက်သည်။

"ငါဝင်ခေါ်လာတာ၊ သူက ပန်းချီဆွဲနေမှာပါ" ဟု ဗလက ဝင်ပြောလိုက်သည်။

အောင်ဒင်၏ သဘောမှာ ဗညားမော်မှာ လူပျော့သမားမို့ သူတို့လို ငှက်ပစ်သောအသိုက်နှင့် ဖြစ်ပဲ့မလား ဟူသောအထင်မျိုး။ ဗညားမော်မှာ ဘာမျှဝင်မပြော။ ပြုံး၍သာ အောင်ဒင်ကိုကြည့်နေ၏။

သူတို့သည် ကျိုက်ဒေးရုံ ဘုရားကြီး ပရဝုဏ်ထဲမှ ဖြတ်သွားကြသည်။ သူတို့သွားလိုသော ခမုံချောင်းသို့ အနီးဆုံးရောက်သော ဖြတ်လမ်း ဖြစ်ပေသည်။ မြို့ပတ်လမ်းဘက်မှ သွားလျှင် ဝေးသည်။ ကျိုက်ဒေးရုံဘုရားကြီး ပရဝုဏ်ကား ကျယ်ဝန်းလှပေသည်။ တန်ဆောင်ကြီးများမှာ ဟသ်ာပြဒါးရောင်၊ မှန်စီ ရွှေချ၊ ခြသေ့်ရုပ်၊ နီရဲသော တိုင်လုံးကြီးများ၊ အီတာလျံ ကျောက်ပြား ပန်းကွက်များဖြင့် ခမ်းနားသည်။ ဂန္ဓာကုဋီတိုက်မှာ ရွှေရောင်၊ ပန်း၊ ဆီမီး၊ အမွှေးတိုင်တို့ဖြင့် ဖိတ်လက်တောက်ပ ကြိုင်လှိုင်လျက်။ ဂန္ဓာကုဋီတိုက်အတွင်းမှ ကြေးဆင်းတုကိုယ်တော်မှာ မီးရောင်တွင်ဝင်းလျက်။ ဥပုသ်နေ့မို့ ဘုရားဖူးများဖြင့် စည်ကားလျက်။ ပိုးဖဲကတ္တီပါရောင်တို့ဖြင့် ပြိုးပြက်လျက်။

ကြေးစည်သံ၊ ခေါင်းလောင်းသံတို့ ဝေလျှံလျက်။ ပန်းရနံ့၊ အမွှေးတိုင်းရနံ့ သင်းထုံသော ဂန္ဓာကုဋီ၏ အရှေ့မှ ဖြတ်ကာ အာရုံခံတန်ဆောင် နောက်ဖက်သို့ ကွေ့ဝင်လိုက်ကြသည်။ နောက်ဖက်၌ကား နှစ်ကျိပ်ရှစ်ဆူ ဘုရားဆင်းတုတော်များထားရာ ဂူလိုဏ်၊ ကျောက်ဆင်းတု အကျိုးအပဲ့၊ အဟောင်းအမြင်းများ၊ စုတ်ပြတ်နေသော တံခွန်ကုက္ကားများ၊ အသုဘာများမှ ရွှေစက္ကူပြာသာဒ်အခွံများလည်း ပြန့်ကြဲစုပုံလျက်။

"ဟော့ ... တွေ့လား.. ထိပ်ထားလေး..."

အောင်ဒင်က စနေထောင့်၌ ဘုရားဝတ်ပြုနေကြသော အပျိုတသိုက်ဘက်သို့ မေးငေ့ါကာ ပြောလိုက်သည်။ ကနေ့ လှိုင်ထိပ်ထားသည် သူ့ညီမများဖြစ်ကြသော ခင်ထားမြိုင်၊ ခင်ထားခိုင်တို့နှင့်အတူ လူတရပ်လောက်ရှိသော ငွေပန်းအိုးကြီးရှေ့၌ ဘုရားဝတ်ပြုနေသည်။ ညီမများကား ဂါဝန်အဖြူ ပန်းတွန့်ဇာနားကပ်များ ဆင်တူ ဝတ်ထားကြသည်။ ဖဲပြား အပြာနုဆင်တူ။ အားလုံး သနပ်ခါးလိမ်းထားကြသည်။ ခင်ထားလှိုင်မှာ ရိုးရိုးပင်။ အင်္ကျီအဖြူ ထမီးမီးခိုးရင့်အပေါ် ပန်းပွင့်များ ကြဲပက်ထားသော တုတယ်အပျော့ ထမီနှင့်။

"ပုဗ္ဗာရုံကျောင်းက သီလခံပြီး ပြန်လာကြတာကွ" ဟု ခင်ဇော်က ထင်မြင်ချက်ပေးသည်။

"လှိုင်ထိပ်ထားကတော့ သနပ်ခါးမလိမ်းဘူးနဲ့ တုတယ်ကွ"

သူတို့သည် ခင်ထားလှိုင်တို့ ညီအမ ဘေးမှ ဖြတ်ကာ အာရုံခံတန်ဆောင်းနောက်မှ လှည့်ထွက်လိုက်ကြသည်။ ခင်ထားလှိုင်က သူတို့အား တချက်ဝေ့ကာ ကြည့်လိုက်သည်။ အောင်ဒင်ကား သူတို့အစုထဲတွင် အသက်အကြီးဆုံးဖြစ်၍ စကားဖြင့်ပြောသော်လည်း ရှက်နေ၏။ ဗညားမော်က ပြုံး၍သာနေသည်။ ဘာအမှုအရာမှ မရှိ။ ဗလမှာမူ သူနှင့်အတူ ရှေ့ဆုံးမှ သွားနေသည်။ အာရုံခံတန်ဆောင်းမှ ထွက်လျှင် ဘုရားပရဝုဏ်အုတ်နံရံ တံတိုင်းတဖက်ရှိ တံခါးပေါက်တခုသို့ ရောက်သည်။ ကန်သာလမ်းမှာ 'မြကန်သာ' ဟု အမည်ပေးထားသည်။ မြို့၏တလျားလောက် ရှည်လျားသောရေကန်ကြီး၏ တဖက်လမ်းဖြစ်ပေသည်။ မြကန်သာမှာ မြို့လူထု သောက်ရေ သိုလှောင်ရာ ရေကန်ကြီးဖြစ်သည်။

"မင်း ဒီဘုရားကြီးတည်တုန်းက အကြောင်းတွေ ကြားဖူးလား" ဟု အောင်ဒင်က ကန်ဘောင်ပေါ်သို့ တက်သော အုပ်လှေကားထစ်များကို တက်ရင်းမေးလိုက်သည်။ ကန်ဘောင်မှာ ဆယ်ပေခန့်အမြင့်ရှိ၍ ကန်ဘောင်မှ မြို့ကို ဆီး၍ မြင်တွေ့နေရသည်။

"ဘယ် ငါတို့မှီမှာလဲကွ" ဟု ခင်ဇော်က ပြောသည်။

"ငါတို့လဲ ဘယ်မှီမှာလဲ၊ ဒါပေမယ့် လူကြီးသူမတွေ ပြောတာတဆင့် ကြားရတာပေါ့၊ ဒို့အဘိုးအဘေးတွေ လက်ထက်ဖြစ်မှာပေါ့.."

"ကဲဆိုစမ်းပါဦး.."

"ကုလားတစ်ယောက် စတေးရတာတဲ့"

"မယုံတမ်း စကားတွေပါကွာ..."

"သူတို့ ဘုရားစတည်မယ့် နေ့မှာ သူတို့ကို အခါပေးတဲ့ ပရောဟိတ်တွေက ဟောတယ်တဲ့၊ မွန်းတိမ်းရင် အခါ ကျပြီ၊ အဲဒီအခါမှာ သံခမောက်ဆောင်း ကုလားမင်းသားတပါး လာလိမ့်မယ်တဲ့၊ အဲဒါကို စတေးရမယ်တဲ့..."

"သံခမောက်ဆောင်းဆိုတာ စစ်ဝတ်တန်ဆာ ဝတ်ထားတဲ့ မင်းညီမင်းသားဖြစ်မှာပေါ့ကွာ"

"နေပါဦး... အဲဒီတုန်းက ဘယ်မင်းလက်ထက်လဲ" ဟု စကားဝိုင်းထဲ မဝင်ဘဲနေသော ဗညားမော်က ကောက် မေးလိုက်သည်။ ပြောနေသောအောင်ဒင်မှာ ရုတ်တရက် စကားရပ်သွားသည်။

"ဘယ်သိမှာလဲကွ၊ မင်းကလဲ ဒို့က ရာဇဝင်စာအုပ်ထဲ ဖတ်ရတာ ပြောနေတာမှ မဟုတ်ဖဲ၊ ရှေးလူကြီးသူမ ပြောတာ ဒို့က တဆင့်ကြားဖူးတာ ပြောရတာဘဲ"

အောင်ဒင်မှာ ငေါက်သံပါလာသည်။ သူတို့သည် ကန်ဘောင်ပေါ်မှ လျှောက်လာကြသည်။ ကန်ဘောင်ပေါ်တွင်ကား ဘာသစ်ပင်မျှ မရှိ။ လေတဖြူးဖြူး တိုက်နေသဖြင့် အပူချိန်မရှိတော့။ ကန်ဘေးရှိ ကန်သာလမ်းပေါ်တွင်သာ စိန်ပန်းပင်၊ ပိတောက်ပင်၊ ကုက္ကိုပင်စသော သစ်ပင်ကြီးများ စီတန်းပေါက်နေကြလေသည်။ အောင်ဒင်နှင့် ရွယ်တူလောက်ရှိသော ခင်ဇော်က "ကဲပါ.. မင်းပြောမှ ဆက်စမ်းပါဦး"

ဗညားမော် ဖြတ်မေးတာနဲ့ ငါပြောနေတာတောင် ဘယ်ရောက်သွားမှန်း မသိတော့ဘူး။ အဲ သံခမောက်ဆောင်း လာမလား စောင့်နေကြတာပေါ့၊ မွန်းတိမ်း လာပြီး၊ ဘယ်သူမှ ပေါ်မလာဘူး၊ ဘုရားစတည်ဘို့ အုတ်တွေ-အင်္ဂတေတွေက အဆင်သင့်တဲ့"

ဗညားမော်သည် ကျိုက်ဒေးရုံဘုရားကြီးတည်းသော ခေတ်ကို မှန်းကြည့်နေသည်။ ဤနေရာကား မွန်တို့ဒေသ ဖြစ်သည်။ လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော်ခန့်ကတည်းက တည်ရှိလာခဲ့သော မွန်လူမျိုးများ၏ ဒေသ။ တခါက သူ၏အဖိုးတော်သူ ဦးကျေးမော်က ပြန်ပြောင်းပြောပြသည်ကို တဆင့်တဆင့် ကြားရသော ပုံပြင်များကား မှန်ဝါးနေပေသည်။ ဘာပုံသဏ္ဍာန်ရုပ်မှမပေါ်။ စိမ်းစိမ်းက သူ့အားပြောဘူးသည်ကို အမှတ်ရလာသည်။

"မောင်လေး နံမယ်ကို အဖိုးဦးကျော်မော်က ပေးတာတဲ့၊ မွန်နံမယ်တဲ့၊ မော်ကတော့ သူနံမယ်က စကားလုံးကို ထည့်ပေးတာတဲ့၊ အဖွားဘက်က အမျိုးအနွယ်ကတော့ အထက်အပညာကတဲ့၊ ပျူလူမျိုးတွေက သူတို့မိဘ အဆက်အနွယ် နံမယ်ထည့်ပေးတဲ့ အစဉ်အလာရှိသတဲ့၊ အဲဒါ အဖိုးဘက်ကရော-အဖွားဘက်ကရော ပေါင်းပြီး ပေးထားတဲ့နံမယ်တဲ့" ဟု တခါက အိပ်ရာဝင်တွင် အမစိမ်းစိမ်းက ပြောပြဘူးသည်။ သို့သော် ဗညားမော်၏ စိတ်ကူးထဲ၌ မွန်ဒေသမှာ လယ်ယာချောင်းမြောင်းများဖြင့် မှိုင်းစိမ်းနေသော၊ လူနေအိမ်ခြေကျဲသော၊ ကနစို တောများဖြင့်သာ မှောင်ပိန်းနေသော၊ မပီသသောကျေးလက်ဒေသအဖြစ် မြင်နေသည်။ ငယ်ငယ်က ဆွေမျိုးညာတကာများထံမှ သဲ့သဲ့ကြားရသော စကားသံများကို စုလိုက်သော် ရရှိသောပုံကား ခပ်ဝါးဝါး မှုန်မှုန်မျှသာ။ သစ်ပင်အုပ်များကြားထဲမှ ကန်နံဘေးရှိ အုတ်ပုံအနီးမှ လူတစု။

"ကဲ ဆက်ပါအုံး၊ မင်းဘုရား သမိုင်းက..."

"ငါလဲကြားဘူးတာ ပြောရတာကွ၊ မွန်းကလဲ တိမ်းလာပြီ၊ ဘယ်သံခမောက်ဆောင်းမှ ပေါ်မလာဘူး၊ ဒါနဲ့ သူတို့လဲ အကြံအိုက်နေတုန်း ပန်းရံလုပ်တဲ့ကုလား တစ်ယောက်တဲ့၊ အလုပ်ခွင်ကပြီးလို့ မနက်စာစားဘို့ ပြန်အလာ... နေပူတာနဲ့ ဒယ်အိုးကို ခေါင်းပေါ်အုပ်လာသတဲ့"

"ဘာကွ"

"သံဒယ်လေ..အဲဒါကို ခေါင်းပေါ်အုပ်လာသတဲ့၊ ဒါနဲ့ ခေါင်းဆောင်လူကြီးတစ်ယောက်က ဟာအတော်ပဲ၊ သံခမောက်ဆောင်းတော့ ကြွလာပြီ၊ ဒါမှအတော်ဘဲဆိုပြီး ကုလားကို စတေးလိုက်သတဲ့ကွာ..."

ဗညားမော်က အဓိပ္ပာယ်ကောက်လိုက်သည်။ ထို့နောက် သူတို့ရယ်လိုက်ကြသည်။ အောင်ဒင်က မရယ်။

"တကယ်ပြောတာ၊ ငါလဲ ကြားဘူးတာ ပြောပြတာဘဲကွ၊ အခုဘုရားကြီးက နောက်မှ တည်တာတဲ့၊ ရှေးက မူလတည်ထားတာက စေတီတဲ့ကွ၊ အဲဒီစေတီပြိုသွားတာ ကြာပြီတဲ့၊ ကျိုက်ဒေးရုံဆိုတာ မူလရှိတဲ့ ဘုရားရဲ့ ဘွဲ့တော်၊ နောက်ကျမှ လူတွေက အခု ဒို့မြင်နေရတဲ့ ကြေးဆင်းတုနဲ့ အာရုံခံတန်ဆောင်းနဲ့ အသစ် တည်ဆောက်ကြတာတဲ့၊ ငါလဲ ကြားဖူးတာ ပြောရတာပဲ"

သူတို့သည် ကန်ဘောင်ပေါ်မှနေ၍ ဘုရားပရဝုဏ်ဘက်သို့ မျှော်ကြည့်လိုက်ကြသည်။ ဘုရားပရဝုဏ်နှင့် ကပ်လျက်တွင် ပုဗ္ဗာရုံ၊ ပစ္ဆိမာရုံ၊ ဒက္ခိဏာရုံ၊ ဥတ္တရာရုံစသော ဘုန်းကြီးကျောင်းတိုက် ပရဝုဏ်များ ကာရံထားလျက်။ ရေကန်၊ သစ်ပင်ပန်းပင်များဖြင့် အုပ်ဝေလျက်။ နောက်အသစ်ဆောက်ထားသော တိုက်ကျောင်းများမှ ပြသာဒ်ဘုံထွက် နီနီများဖြင့် နီရဲလျက်။ ဗညားမော်သည် ပြိုပျက်သွားသော စေတီကို ရှာကြည့်မိသည်။ ဂန္ဓာကုဋီ နောက်ဘက်ရှိ ခရေပင်များ တန်းနေသော မြက်တောထဲသို့ စိတ်ကူးနှင့် ရှာကြည့်မိသည်။ အုတ်စအုတ်န ဘာအစအနမျှ မကျန်ရစ်တော့။ ငံမြစ်ဘက်သို့ အကွေ့တစ်နေရာမှာလော။ ရေစီးသန်သောနေရာ ဖြစ်၍ ကမ်းပြိုရာတွင် ပါသွားလေသလော။ အုတ်ကျိုးအုတ်ပဲ့များကား တွေ့ရသည်။ သို့သော် ဘယ်ခေတ်က အုတ်လဲမသိ နိုင်တော့။ ဘယ်တုန်းက တည်ထားခဲ့လေသလဲ၊ သူ၏အဖိုး ဦးကျေးမော်၏ အဖိုးများလက်ထက်ကပေလော။ သူကြားဘူးသော မွန်ဧကရီ ရှင်စောပုဘုရင်မ လက်ထက်ကပေလော။ သူတို့သည် ရေကန်တဖက်ရှိ နေရာ တနေရာမှ လယ်ကွင်းဘက်သို့ ဆင်းလိုက်ကြသည်။ ခမုံချောင်းကို မြင်လာရလေပြီ။ ခမုံချောင်းသည် နေရောင်၌ ငွေရောင်တဖိတ်ဖိတ်။ ကျောက်စရစ်ခဲကလေးများ ခပ်ကြဲကြဲခင်းထားခြင်းမျှသာ။ တချို့နေရာတွင် မြက်ရိုင်းများ

ပေါက်နေသည်။ သင်းချိုင်းကုန်းဘက်သို့ခွဲသော လမ်းဆုံးမှ ခမုံချောင်းရှိရာဘက်ကွေ့လိုက်ကြပြီးနောက်၊ သူတို့သူငယ်ချင်းများ မန်းသာဒွေးခြံကို မြင်ရလေပြီ။

မန်းသာဒွေးခြံမှာသရက်ပင်၊ မာလကာပင်၊ သြဇာပင်၊ အုန်းပင်များဖြင့် အုပ်ဆိုင်းဝေဆာကာ တကယ့်တောထဲမှ အိမ်ကလေးသည် ပြူထွက်နေ၏။

လာကြပေ့ာ... နင်တို့သူငယ်ချင်းရှိတယ်.. ဝင်ခဲ့ကြ”

ဝါးဖတ်ဦးထုပ်ဆောင်းကာ ဓားမတိုတချောင်းနှင့် ဝါးပင်များနွယ်နေသော ကရင်ကြီးကား မန်းသာဒွေး၏ ဖခင် မန်းမြသီးပင်။

“နင်တို့ ထမင်းစားပြီးကြပလား။ မပြီးသေးရင် စားကြ၊ ငါးပိရည်ကောင်းကောင်းရှိတယ်”

“ကျနော်တို့ အိမ်က စားပြီးခဲ့ကြပါပြီ”

“ဒါဖြင့် လက်ဘက်ရည်ကြမ်းသောက်ကြအုံး၊ မန်းသာဒွေး နင့်သူငယ်ချင်းတွေလာနေတယ်”

ဝါးထရံကာခနိမိုး အိမ်ကလေးထဲမှ မန်းသာဒွေးသည် ပြေးထွက်လာသည်။ မန်းသာဒွေးမှာ အသာညိုညို၊ သူတို့ထက် သုံး လေးနှစ်လောက်ကြီးသည်။ သူသည် ညစ်ပေသော လုံချည်ကို ခပ်တိုတိုဝတ်ထားသည်။ သူသည် သူငယ်ချင်းများလာသဖြင့် ဝမ်းသာနေပုံရသည်။ သူတို့အားလုံး၏ လက်ကိုဆုပ်ကိုင်ကာ နှုတ်ဆက်သည်။

“လာကြ၊ ဘယ်မှာ ထိုင်ကြမလဲ၊ အထဲမှာထိုင်မလား၊ ငါ့အိမ်ကတော့ သိပ်မကောင်းဘူး”

“အထဲကိုခေါ်လေ၊ ရေနွေးကြမ်းလေး ဘာလေး သောက်ရအောင်” ဟု မန်းသာဒွေး၏ မိခင် နော်အဲလူက လှမ်းခေါ်နေသည်။

“ဒို့ဘာလုပ်ကြမလဲ၊ လှေလှော်မလား၊ ငါးမျှားမလား”

“ကရင်လေးကလဲ ပြောတော့မယ်၊ ဒို့လှေမလှော်ချင်ပါဘူး၊ ငါးလဲမမျှားတတ်ဘူး၊ ငှက်ပစ်မလို့လာတာ” ဟု အောင်ဇင်ကပြောလိုက်သည်။ သူတို့သည် အိမ်ရှေ့ရှိ ဝါးကွပ်ပျစ်ကလေးပေါ်တွင် ထိုင်လိုက်ကြသည်။ မကြာမီ ရေနွေးကရား ရောက်လာသည်။

“ရေနွေးပန်ကန်တွေကတော့ သိပ်မကောင်းဘူး၊ ဒါပဲရှိတယ်၊ ကဲ.. သောက်ကြ၊ နေအုံး၊ ထန်းလျက် သွားယူအုံးမယ်”

မန်းသာဒွေးမှာ ပျာပျာသလဲဖြစ်ကာ အိမ်ရှေ့နှင့်နောက်ဖေး ဝင်ချီထွက်ချီဖြစ်နေသည်။ သူကမြို့ပေါ်က လူကုံထံ သားသမီး သူငယ်ချင်းများအား သူ၏ မလုပ မသစ်လွင်သော အကြမ်းပန်းကန်များကြောင့် ရှက်နေ၏။ လက်ဘက်ရည် ပန်းကန်များမှာ လက်ဘက်ချေးတက်သဖြင့် ညိုရင့်လျက်ရှိသည်။ မြေလက်ဘက်ရည်ကရားကား အိုးမဲဖြင့် နက်မှောင်လျက် ရှိသည်။ အောက်ကခံသော ကရွက်ခွေပင် မဲညစ်၍ နေပေသည်။

“ကဲ... သူငယ်ချင်းတို့ လက်ဘက်ရည်သောက်ကြ၊ ထန်းလျက်လဲစားကြအုံး”

ဗညားမော်နှင့် ဗလက အရင်စကာ လက်ဘက်ရည်သောက်ဖြစ်သည်။ အောင်ဒင်နှင့် ခင်ဇော်မှာ မသောက်ကြ။

“ဗညားမော် ငါ့တို့အိမ်ကို တခါမှ မရောက်ဖူးဘူးနော်”

“ဟုတ်တယ်ကွ”

“ငါ.... သိပ်ဝမ်းသာတယ်ကွ၊ ခဏခဏလာလည်ကွာ၊ ငါ့မှာကျွေးစရာတော့ သိပ်မရှိဘူး၊ နင်တို့မြို့မှာလို ကာဖီအချိုတွေ မရှိဘူး”

“ကိစ္စမရှိပါဘူး၊ မန်းသာဒွေးရာ၊ ငါကထန်းလျက် ကြိုက်ပါတယ်”

ဗညားမော်က နောက်ထပ်ထန်းလျက်တခဲ ယူစားလိုက်သည်။

“မင်းတို့ ဘာလုပ်ချင်လဲပြော၊ လှေလှော်ရင် ရတယ်၊ ငါခုနကတင် ငါးသွားရှာရင်း ရေပက်ထားတယ်၊ အားလုံးဆုံတယ်။ နောက်လာလည်ရင် ငါ့ကိုကြိုပြောထားပါ၊ ထမင်းချက်ထားမယ်လေ၊ ဘဲသားဟင်းလဲရပါတယ်၊ ငါဘဲလဲ မွေးထားတယ်၊ ဝက်ကတော့ ငါ့ဦးလေးဝက်ပေါ်ရင် ကောင်းကောင်းရပါတယ်”

“ဒို့ကတော့ ငှက်ပစ်ဖို့လာတာ၊ ဒို့မှာ လေးဂွတွေပါတယ်”

မကြာမီ သူတို့သည် ခမုံချောင်းကမ်းပါးဘက်သို့ ထွက်သွားကြသည်။ ဗညားမော်မှာ ချောင်းစပ်ဓနိပင်ဘေး နေရိပ်တွင်ထိုင်ကာ ပန်းချီဆွဲရင်း ကျန်ရစ်သည်။ သူသည် ရေရိပ်တွင်ထင်နေသော ဓနိပင်များကို ကူးဆွဲနေသည်။ ဘဲအဖြူကလေးများသည် ဓနိပင်ဘေး၌ ကူးခတ်လျက်။ သူ့သူငယ်ချင်းများ ချောင်းစပ်ချုံပုတ်များအကြား၌ ပြေးကာ လွှားကာ ငှက်ပစ်နေကြသည်ကို မြင်နေရသည်။

မန်းသာဒွေးတို့အိမ်မှာ ချောင်းအကွေ့၌ ကျန်ရစ်သည်။ အုန်းပင်များကြားမှ မြို့အစွန်ရှိ ရိမန်ကက်သလစ် ခရစ်ယာန် ဘုရားရှိခိုးကျောင်းခေါင်းလောင်းစင် ချွန်ချွန်နီနီကို မြင်နေရသည်။ ဘုရားရှိခိုးကျောင်းတဖက်တွင် ငှက်တွင်းဘုန်းကြီးကျောင်း ရှိသည်။ သုသာန်သို့သွားသော လမ်းမှဖြတ်လျှင် ခရစ်ယာန်ဘုရားရှိခိုးကျောင်းရော၊ ငှက်တွင်းဘုန်းကြီးကျောင်းပါ မြင်ရသည်။ ခမုံချောင်းမှာ သင်းချိုင်းဘေးမှ ကွေ့ဝိုက်ဖြတ်သန်းကာ လယ်ကွင်းထဲမှ စီးဆင်းသွားသည်။ ဗညားမော်သည် ငြိမ်သက်စွာ ပန်းချီရေးလျက်ရှိသည်။ ချောင်းအကွေ့မှ သူ့သူငယ်ချင်းများ၏ အော်သံ ဟစ်သံများကို ကြားနေရသည်။ မနီးမဝေး၊ ရွှံ့အစပ်မှ ဘဲများ၏ တဂတ်ဂတ်အော်သံကို ကြားနေရသည်။ သို့သော် သဲ့သဲ့မျှသာ။ ပတ်ဝန်းကျင်မှ အသံဗလံများမှာ သူ့ထံသို့ မနီးမဝေးအသံဖြင့် လာ၍ မရိုက်ခတ်တော့။ အသံအနိမ့်အမြင့် ကွဲပြားခြားနား၍လည်း မလာတော့။ အသံအားလုံးရောကာ အဝေးကြီးဆီမှ ဆူညံဖြစ်ပေါ်နေသော အသံသဲ့သဲ့အဖြစ် မကြားတချက် ကြားတချက်သာ ရောက်လာတော့သည်။

သူသည် သူ့ရှေ့၌ မြင်နေရသော ရွှံ့နွံရောင် နက်နက်၊ နောက်ကျိသော ရေညစ်စိမ်းစိမ်း၊ ရေထဲ၌ အရိပ်ထင်နေ ကြသော ဓနိပင်၊ ဘဲငန်းစသော အမြင်ရုပ်ပုံများကို ခဲသားပါးပါးဖြင့် ရေးခြစ်နေသည်။ သူတွေ့မြင်ရသောအရောင်နှင့် ခဲတံထဲမှ အရောင်ကို အနီးစပ်ဆုံး ရှာဖွေခြစ်ကြည့်သည်။ အမြင်ကတခြား၊ စက္ကူပေါ်တွင် ကူးခြစ်ထားသည်ကတခြား။ သို့သော် စက္ကူအဖြူပေါ်တွင် ထင်နေသော ရုပ်ပုံများကို နှစ်သက်နေမိသည်။ သူ့ကိုယ်ကို စစ်ကြည့်နေသည်။ တကယ်မြင်ရတာနဲ့ တူသလား။ မတူဘူးဟုတော့ မပြောနိုင်။ ဓနိပင်ဘဲ၊ ဘဲငှက်ဘဲ၊ ရေစပ်မြက်ရိုင်းပင်ဘဲ၊ ကျူပင်ဘဲ။ ရေကို ရေးရတာ ခက်နေပါကလား။ သူမြင်ရသော အရာဝတ္ထုများကို ကိုယ်စားပြုနေသားဘဲ။ ဒါပေမယ့် ရေရေးရတာက ခက်နေတယ်။ ရေကို ဘယ်လိုရေးရပါ့။ အဝါရောင်ခဲတံနှင့် ရေးခြစ်ကြည့်ရင်း အပြာနပါ ရောထည့်လိုက်ရသည်။ အဝါချည်းဆိုရင် ရေလို့ လူတွေထင်မှာ မဟုတ်။ ရေက ဝါမှမဝါဘဲကိုး။ ဒါကြောင့် အပြာနထည့်ပေးလိုက်ရသည်။ ရေလို့ကိုယ်စားပြုအောင် ထည့်ပေးလိုက်ရသည်။ ကောင်းကင်အပြာက ထင်ဟပ်သော ရေရောင်အပြာ။

"တော်တော်ပြီးပြီလားကွ..."

မန်းသာဒွေး သူ့နောက်ရောက်လာမှ သိတော့သည်။ ဗညားမော်က ပြုံးကြည့်လိုက်သည်။

"သိပ်ကောင်းတာပဲကွာ... သိပ်လှတာပဲ"

"လှတယ်ကွ၊ သိပ်လှတယ်၊ ငါလဲမင်းလိုရေးတတ်ချင်တယ်"

"မင်း ငှက်ဘယ်နှစ်ကောင်ရပြီလဲ"

"ငါမပစ်ပါဘူး၊ အောင်ဒင်သာလိုက်ပစ်နေတာ၊ ဒီကောင်ကလက်လည်းမတည့်ပါဘူး၊ ချောင်းတဖက် ကူးချင်တယ်ဆိုလို့ လှေကားယူလာတာ"

"မင်းငှက်မပစ်ဘူးလား၊ ဘာလို့လိုက်မသွားတာလဲ"

"ငါ ငှက်ကလေးတွေကို သနားတယ်၊ သူတို့ဖာသာ သူတို့အေးအေးချမ်းချမ်းနေတာ လိုက်မသတ်ချင်ပါဘူးကွာ၊ ငှက်ကလေးတွေ အော်တာကိုလဲ ငါချစ်တယ်၊ ကဲ... ငါသွားဦးမယ်ကွာ၊ လှေသွားပေးရမယ်၊ မင်းဘဲကောင်းတယ်ဟေ့၊ ငါတို့အိမ်ပုံလဲ ပန်းချီရေးပေးအုံး၊ လှလှလေး...."

မန်းသာဒွေးသည် ပြောရင်း ပြေးထွက်သွားလေသည်။

ဗညားမော်ကား တွေ၍ကျန်ရစ်သည်။ အမှန်အားဖြင့် မန်းသာဒွေးနှင့် သူမှာ သိပ်ရင်းနီးသည်မဟုတ်။ ၇-တန်းသားဖြစ်၍ အတန်းချင်းလည်းမတူ။ အောင်ဒင်နှင့် မန်းသာဒွေးကား သူ့ထက်ဖြစ်၍ အတွေ့အထိများသေးသည်။ သူတို့နှစ်ယောက်မှာ အသက်ချင်းလည်း မတိမ်းမယိမ်း။ ဘော်လုံးလည်း အတူတူ ကန်ဘော်ကန်ဘက်၊ ကစားဘက်။ အောင်ဒင်က မန်းသာဒွေးကို 'ကရင်လေး' ဟု ခေါ်သည်ကိုပင် မကြိုက်လှ။ ဘာကြောင့်များခေါ်ရပါလိမ့်။ ရင်းရင်းနှီးနှီးခေါ်တာနဲ့ တူပါတယ်လေ။ ဒါပေမယ့် ငါတော့ ဒီလိုမခေါ်ချင်ပါဘူး။ မန်းသာဒွေးက သဘောသိပ်ကောင်းတာဘဲ။ ရှိသမျှအကုန် ထုတ်ကျွေးတာဘဲ။ ဒို့ သူတို့အိမ်လာလည်တာကိုဘဲ ဝမ်းသာနေတယ်လေ။ သူတို့လယ်သမားတွေဟာ ရိုးသားကြပါကလား။

"ဟေ့... ဗညားမော် လိုက်မလား..."

မန်းသာဒွေးသည် ဘောက်တူပေါ်မှ လှမ်းအော်ကာ သူ့အား မေးလိုက်သည်။ သူသည် လှော်တက်ဖြင့် ယက်ရင်း ဗညားမော်အပါး ဖြတ်လာသည်။

"လှေစီးပါလားကွ၊ သူတို့ကို ဟိုဘက်ကမ်းပို့ပြီးရင် ငါတို့လျှောက်လှော်ကြတာပေ့ါ၊ ချောင်းဖျားဘက်က သိပ်သာယာတယ်၊ ငါလှော်ပို့ပါ့မယ်...."

"နေပါစေကွာ၊ နောက်တခါမှ ငါလဲ လှေစီးချင်ပါတယ်..."

"ငါထမင်းချက်ခိုင်းထားတယ်။ ညနေစာ စားပြီးမှ ပြန်ရမယ်နော..."

"နေပါစေကွာ..."

"ကျွေးတာစားမှ ကြိုက်တာနော၊ ဒါဘဲ၊ မစားရင် စိတ်ဆိုးမှာ၊ ကဲ...နေအုံး"

ဘောက်တူသည် ခြံတဖက် စွယ်တော်ရုံဘေးမှ ကွေ့ကာ အောင်ဒင်တို့ရှိရာသို့ လှော်သွားပေပြီ။

"ဟေ့... ပစ်ဟေ့ ပစ်ဟေ့"

ဟူသော အောင်ဒင်၏အသံသည် သဲ့သဲ့မျှ ထွက်ပေါ်လာသည်။ ဖြူလွသော သံဒပ်ပင်အပွင့်များသည် စိမ်းဝါသောရေထဲမှ မှန်ကြည်လျက်။ ဘောက်တူဖြတ်သွား၍ ရေလှိုင်းများ တွန့်လှုပ်သွားသောအခါ သံဒပ်ဖြူပွင့်များ လှုပ်ရှားတွန့်ကြွကာ ငြိမ့်စီးလျက်။

ဗညားမော်မှာ စိတ်လှုပ်ရှား ကျန်ရစ်သည်။ မန်းသာဒွေးဟာ သဘောသိပ်ကောင်းတာဘဲ။ အေးအေးချမ်းချမ်း နေတဲ့ ငှက်လေးတွေကို မသတ်ချင်ဘူးတဲ့။ ဟုတ်သားဘဲ။ ကျေးငှက်ကလေးတွေဟာ လူတွေကို ဘာများဒုက္ခ ပေးလို့လဲ။ ငါနဲ့ မန်းသာဒွေးနဲ့ စိတ်ချင်းတူတယ်။ ငှက်ကလေးတွေက သေရတယ်။ ငှက်ပစ်တဲ့ လူတွေကတော့ ပျော်လို့ ပါးလို့။ သူသည် မန်းသာဒွေးတို့အိမ်ဘက်သို့ ကြည့်လိုက်သည်။ သစ်ပင်များအကြားမှ သက်ကယ်မိုးစွန်းကို မြင်နေရသည်။ အိမ်၏ခေါင်းရင်းဘက်၌ ဝါးပင်များ စိမ်းလျက်။ ခမုံချောင်းတဖက်တွင်ကား ကျယ်ပြန့်သော လယ်ကွင်းကြီး။ မန်းသာဒွေးတို့ဖခင် လုပ်သော လယ်ယာများဖြစ်သည်။ သူတို့အိမ်ကို ကျော်၍ မြို့အစွန်ဘေးမှ ခရစ်ယာန် ဘုရားရှိခိုးကျောင်း အခိုးချွန်ချွန်ကို မြင်နေရသည်။ တကယ်က မန်းသာဒွေးတို့

အိမ်သားများမှာ စာဖြူဟု ခေါ်သော ခရစ်ယာန်ဘာသာဝင်များဖြစ်ကြသည်။ တခါက စိမ်းစမ်းနှင့်အတူ ဘုရားရှိခိုးကျောင်းအနား ရောက်သွားဘူးသည်။ တနင်္ဂနွေနှင့် တိုက်ဆိုင်သဖြင့် ဘုရားဝတ်ပြုကြသောသူများနှင့် အတူ ကြုံကြိုက်နေသည်။ စိမ်းစိမ်း၏သူငယ်ချင်း နန့်ဖယော်ရာအိမ်သို့ အသွားဖြစ်သည်။ နန့်ဖလော်ရာ၏အိမ်မှာ ဘုရားခိုးကျောင်းနှင့် သိပ်မဝေးလှပေ။

ခေါင်းလောင်းသံသည် တဒင်ဒင်မြည်ကျူးလျက်ရှိသည်။ ဘုရားရှိခိုးကျောင်းမှာ ဆေးသုတ်ထားသဖြင့် သန့်ရှင်းနေသည်။ အုတ်အနီတွင် ဆေးအဖြူများဖြင့် ဘောင်ကွပ်ထားသည့် ဘုရားရှိခိုးကျောင်းကို မြင်ရတိုင်း အမြဲတမ်း သစ်လွင်လျက် ရှိနေသည်။ အမြဲတမ်းများ ဆေးသုတ်ထားသလားမသိ။ ရောင်စုံ မှန်တံခါးများမှာလည်း ချေး ညှော် မရှိဘဲ အမြဲတမ်း ပြောင်လက်နေသည်။ မြို့ပတ်လမ်းမှ ချိုးလိုက်သောအခါ ဘုရားရှိခိုးကျောင်းထဲမှ ဘုရားဝတ်ပြုသူများ ထွက်လာကြသည်။ သူတို့မျက်နှာများမှာ ကြည်လင်လေးနက်လျက်။ အားလုံး သစ်လွင်တောက်ပသော အဝတ်အစားများဖြင့် ဆင်ယင်လျက်။ ကုလားများလည်း ပါသည်။ သူတို့သည် စင်ကြယ်သော အဝတ်ဖြူများဖြင့်။ ရုပ်အဖြူ။ ဘောင်းဘီအပြာရင့်။ ကရင်အမျိုးသမီးများမှာ အနက်ရောင်နှင့် အနီပါသောတိုင်းရင်းသား အဝတ်များဖြင့်။ ရာဇဝတ်ဝန်ထောက်၏ သမီးများမှာ ပိုးဂါဝန် အဝါနုဆင်တူဖြင့်။ အနောက်နိုင်ငံဝတ်စုံ မီးခိုးရောင်နှင့် ယောကျ်ားနစ်ယောက်လည်းပါသည်။

"ဟော့ စိမ်းစိမ်း၊ ဘယ်ကလာတာလဲ..."

သူတို့အနောက်မှ ရင်စေ့အင်္ကျီအနက်၊ ထမီအနီနှင့် နန့်ဖလော်ရာ။

"နင့်တို့အိမ်လာတာ..."

"ဒါဖြင့် လာ၊ သွားကြမယ်"

နန့်ဖလော်ရာမှာ စိမ်းစိမ်းလက်ကို တအားဆုပ်ကိုင်ထားသည်။

"ငါ့မောင်လေးလဲ ခေါ်လာတယ်..."

"ကောင်းတယ်၊ လာလေ... အိမ်သွားမယ်.."

ပိုးအနက်တွင် ဇာနားကွပ်ထားသည်။ လက်တို၊ ထမီအနီ၊ အနက်ဖြင့် ကန့်လန့်စင်းထားသည်။ ပိုးဇာပုဝါ အဖြူလေး ခေါင်းတွင် ဝတ်ထားသည်။ သူ့စိတ်ထဲတွင် ထင်နေသော ကရင်အမျိုးသမီးရုပ်ပုံလွှာ။ ဆန်းသစ်သော ရုပ်ပုံလွှာ။

ခမုံချောင်းအကွေ့မှ ဖြတ်လာသော လေသည် တညှင်းညှင်းသုတ်ဖြူးလာပေသည်။ ဒိုက်နံ့သင်းလာ၏ လေကြောတွင် ဘုရားကျောင်းမှ ခေါင်းလောင်းသံ မျောပါလာသည်။ အနီနှင့်အနက်ဇာပုဝါသည် တိမ်တိုက်အဖြူ များနှင့် ရောပါလာသည်။ အတိတ်အသံနှင့် အမြင်အာရုံများက သူ့အပေါ်တွင် ဝဲပျံလျက်။ အဝေးမှ အော်ဟာစ်သံများ ကြားလာရသည်။ မန်းသာဒွေးအသံလည်း လွင့်လာသည်။ မန်းသာဒွေးဟာ ဒို့ကို တကယ်ခင်တာဘဲ။ သူ့ငှက်မပစ်တာတောင် လေ့နဲ့လိုက်ပို့ပေးနေတာဘဲ။ သူမပြောနဲ့၊ သူ့မိဘကတောင် တို့ကို ဂရုစိုက်တာဘဲ။ ဒါတောင် အောင်ဒင်က သူတည်တဲ့ လက်ဖက်ရည်ကြမ်းတခွက် ယူမသောက်ဖူး။ အခု ညနေစာချက်ထားသတဲ့။ တအိမ်သားလုံး သဘောကောင်းကြတာလား။

အုန်းပင်များ၏ အရိပ်သည် ရှည်လျားလာပေပြီ။ ခမုံချောင်းကလေးပေါ်၌ သစ်ပင်ရိပ် ဖြတ်ထိုးကျလျက်ရှိပေပြီ။ ရေပြင်သည် တဖျတ်ဖျတ် မြူးကြွ၍ လာသည်။ ချောင်းရေတက်လာသဖြင့် ဓနိပင်များပင် ရေမြုပ်သွားလေပြီ။ ချောင်းတဖက်မှ အသံများ ကြားလာရလေသည်။ အောင်ဒင်၏ ဆူညံဆူညံအသံ ကြားလာရသည်။ ချောင်းအကွေ့မှ ဘောက်တူပေါ်၍လာသော်...

"ဘယ့်နယ်လဲ... ပျင်းလား" ဟု ဗလ၏ မေးသံထွက်လာသည်။

"မပျင်းပါဘူး"

ဘောက်တူသည် သူထိုင်နေရာ ကမ်းစပ်သို့ ထိုးဆိုက်လိုက်သည်။ အောင်ဒင်သည် ငှက်တစ်ကောင်ကို ဆွဲကာ ဆင်းလာသည်။ အမွေးများကြားထဲမှ သွေးများ ယိုစီးလျက်။ ဗညားမော်သည် ရင်ထဲ၌ တမျိုးဖြစ်သွားသည်။ ဒိတ်ခနဲသွေးတိုးလာသည်။ သူတို့သည် မန်းသာဒွေးအိမ်သို့သွားကြသည်။ မန်းမြသီးက သူတို့ကိုမြင်လျှင် "လာကြပေ့.... ညစာစားပြီးမှ ပြန်ကြ၊ ထမင်းချက်ထားတယ်..." ဟု ဆီးကြိုနှုတ်ဆက်သည်။ မန်းသာဒွေး၏ မိခင်ကလည်း "လာကြ... ဆာကြရောပေါ့..." ဟု ပြုံးကာ ပြောလိုက်သည်။

"ဘာရခဲ့လဲ..."

"ရေဘဝဲတကောင်ရလာတယ် အဒေါ်ရေ့..."

အရိပ်ကောင်းသဖြင့် သူတို့သည် အိမ်ဘေး သစ်ပင်အောက် ဝါးကွပ်ပျစ်ကလေး၌ စုထိုင်လိုက်ကြသည်။ အောင်ဒင်မှာ အားလုံးထဲတွင် အတက်ကြွဆုံး။ သူတိုယ်တိုင်အမွေးနှုတ်သည်။ ချက်ရန်ပြုတ်ရန်အတွက် အားလုံး သူကိုယ်တိုင် ပြင်ဆင်လုပ်ကိုင်သည်။ ခင်ဇော်နှင့် ဗလမှ နော်အဲလူနှင့် စကားပြောနေကြသည်။ မန်းသာဒွေးမှာ သူတို့စားဘို့သောက်ဖို့အတွက် ဝင်လိုက်ထွက်လိုက်လုပ်ကာ အလုပ်များနေသည်။ လိုသမျှ အကုန်လုပ်ကိုင်ပေးနေသည်။

"ပုစွန်ဆိတ်ကလေးတွေလဲ ဝယ်ထားပါတယ်၊ တပိဿာသုံးပဲရတာနဲ့၊ ငရုတ်သီးစပ်စပ်ချက်ထားတယ်၊ ဟင်းကတော့ သိပ်မကောင်းဘူး" ဟု နော်အဲလူက သူတို့အားကြည့်ကာ ပြောလိုက်သည်။

"ရပါတယ်.. အဒေါ်၊ ဘာလို့ ပုစွန်ထပ်ဝယ်ရတာလဲ၊ ရေဘဲဟင်း တခွက်ဆို ပြီးတာဘဲ.." ဟု ဗလက ဝင်ပြောသည်။

"ဘယ်ဟုတ်မလဲကွယ်... ဒို့က အားနာနေတာ၊ ကြိုကြိုတင်တင်လာမယ်ပြောထားရင် ဟင်းကောင်းကောင်း ချက်ထားမှာပေါ့"

ဗညားမော်နှင့် စကားပြောနေသော မန်းမြသီးကလည်း

"နောက်တခါ ကျောင်းပိတ်ရက်လာကြအုံး၊ ဟင်းကောင်းကောင်း ချက်ထားမယ်"

"နေရောင်သည် စွေစောင်းကာ ထိုးခိုက်နေသည်။ ထမင်းနံ့ ဟင်းနံ့ပင် သင်းလာလေပြီ။ ချောင်းဘက်မှ ဘဲများသည် တဂတ်ဂတ်အော်နေကြသည်။ ဗညားမော်သည် ဘယ်သူနှင့်မျှ စကားမပြောဘဲ ဝါးပင်ရိပ်နား၌ သွားထိုင်နေသည်။ တယောက်တည်း။

"ဟင်းနံ့ရတာနဲ့ ငါတော့ ဆာတောင်လာပြီ..." ဟု မီးဖိုနားရှိ အောင်ဒင်ထံမှ အသံထွက်လာသည်။

"ဟေ့.. ဗညားမော်၊ အောင်ဒင်က သူပစ်လို့ထိတယ်ထင်နေတာ၊ ခင်ဇော်လဲ ပစ်တာဘဲကွ၊ တကယ်က ခင်ဇော်က သူ့ထက် လက်တည့်တယ်၊ ငါတော့ ခင်ဇော်ပစ်လို့ ထိတယ်ထင်တာဘဲ၊ အားလုံးဝိုင်းပစ်ကြတာ..." ဟု ဗလက သူ့ထံလာကာ တိုးတိုးပြောပြနေသည်။

ဗညားမော်ကား အင်းမလှုပ်၊ အဲမလှုပ်။ သူသည်တွေနေသည်။ သွေးသံရဲရဲနှင့် ငှက်ကလေးကို မြင်နေသည်။ မီးဖိုဘက်တွင်ကား ဆူညံဆူညံ။ ဗလသည် ဗညားမော် ဆွဲထားသော ခမုံချောင်းရေရိပ်ပုံကို ကြည့်နေသည်။ ဗညားမော်ကား ငြိမ်သက်လျက်။ အတော်ကြာလျှင် ဖွန်းသံ၊ ပန်းကန်သံကြားရသည်။

"ဒို့တော့ ပျော်ပျော်ပါးပါး စားရမယ်ဟေ့၊ ရေဘဲက သိပ်ဆူတာကွ..." ဟူသော အောင်ဒင်အသံ။ မန်းသာဒွေးမှာ အလုပ်ရှုပ်မြဲ ရှုပ်လျက်။ ဗညားမော်သည် အဝေးသို့ မျှော်ကြည့်လျက်ရှိသည်။ ကြိုးကြာငှက်တအုပ်သည် တော်တော်မြင့်မြင့်မှ ပျံသန်းလာသည်။

ဗညားမော်သည် စိတ်လှုပ်ရှားနေရာမှ တစုံတခုကို ဆုံးဖြတ်ချက် ချလိုက်သလို နေရာမှထကာ...

"ကျွန်တော်ပြန်တော့မယ်" ဟု ဆိုလိုက်သည်။ အားလုံး အံ့အားသင့်နေကြသည်။

"စားပြီးမှပြန်၊ ကျက်တော့မယ်..."

"မပြန်ရဘူး၊ စားပြီးမှ ပြန်ရမယ်..." ဟု တုန်ရီသော အသံဖြင့် မန်းသာဒွေးက တားသည်။ သူ့အဖေနှင့် အမေကလည်း တားကြသည်။

"ကျွန်တော်က ဗိုက်အောင့်တတ်တယ်။ ညနေစာ မစားတော့ဘူး"

သူ့ကို နားလည်သော ဗလက သူ့အား ခြံဝအထိ လိုက်ပို့ကာ

"မင်းပြန်တာ ကောင်းတယ်၊ ငါတောင် စားချင်စိတ်ကုန်နေတယ်၊ ငါကြည့်ပြောလိုက်ပါ့မယ်"

"အေးကွာ... ကြည့်ပြောလိုက်ပါ၊ မန်းသာဒွေးကို ပြောလိုက်ပါ"

"ဒီကောင် အလကားကောင်၊ သူပျော့ ၊ သတ္တိရှိတဲ့ကောင် မဟုတ်ဖူး..." ဟူသော အောင်ဒင့်၏ ဝေဖန်သံ သဲ့သဲ့ထွက်ပေါ်လာသည်။ ထို့နောက် သူ၏ တဟားဟားရယ်သံက လွှမ်းလိုက်သည်။ သူသည် ကန်ဘောင်ဘေးရှိ မြို့ပတ်လမ်းမှ လမ်းလျှောက်ပြန်လာသည်။ ညနေစောင်းလာပြီဖြစ်၍ လေမှာ အေးမြကာ မွှေးထုံလာသည်။ ကျေးငှက်ကလေးများ တေးသီနေကြသည်။

**အခန်း (၆)**

သူသည် အိမ်ထဲသို့ ဝင်လိုက်သောအခါ ဧည့်ခန်းထဲ၌ ဧည့်သည်များ ထိုင်နေသည်ကို တွေ့ရပေသည်။ သူ့အဖေ ဦးသက်ထွန်းသည် ဧည့်သည်သုံးယောက်နှင့် စကားပြောနေသည်။ စားပွဲပေါ်၌ အစားအသောက်များ ချထားသည်။ စားသောက်ပြီးခါစဖြစ်၍ ဧည့်သည်များသည် ဆေးလိပ်သောက်နေကြပေပြီ။ သူသည် ဧည့်ခန်းအဝ ဂမုန်းပင်းနား၌ ရပ်ကာ ငေးနေမိသည်။ ဧည့်သည်တစ်ယောက်ကိုကား သူမသိ။ ကာကီအောင်းဘီတိုကို ဝတ်ထားသည်။ သူသည် ပိုလိုစီးကရက်ကို ဖွာလျက်ရှိသည်။ သူ၏မျက်လုံးသည် တောက်ပနေသည်။

"ကျွန်တော်တို့ကို အထက်က ညွှန်ကြားလိုက်တာကတော့ မြို့ပေါ်က ဂုဏ်သရေရှိ လူကြီးမင်းများ ပါဝင်တဲ့ မြို့စောင့် လုံခြုံကာကွယ်ရေးအဖွဲ့တွေ ဖွဲ့ရမယ်တဲ့၊ အဲဒီတော့....."

ဦးသက်ထွန်းသည် ဗညားမော်အား မြင်၍...

"သားက ဘယ်ကပြန်လာတာလဲဟေ့"

စိမ်းစိမ်းလည်း လက်ဖက်ရည်ကြမ်းအိုးနှင့် ပန်းကန်များ စားပွဲနား လာချသည်။

"ကျွန်တော့်သူငယ်ချင်း မန်းသာဒွေးတို့ခြံက ပြန်လာတာပါ..."

"ဟေ.. မြကန်သာ ဟိုဘက် ခမုံချောင်းက မန်းမြသီခြံလား..."

"ဟုတ်တယ် .... ဖေဖေ၊ ခြံကြီးက သိပ်အေးတာဘဲ"

"အမယ်... နောက်အဲဒီဘက်မသွားနဲ့၊ မြို့အစွန် အဝေးကြီးဘဲ။ ခေါင်က ခေါင်နဲ့၊ မြူနီစပယ်ပိုင်နက်အပြင် ရောက်နေပြီ၊ သား နောက် အဲဒီဘက် မသွားနဲ့နော်။ ကောင်လေးတွေ ဘာမှမသိဘူး။ အခုသာယာဝတီမှာ သူပုန်ထ နေပြီ.."

ဗညားမော်မှာ အံ့အားသင့်သွားသည်။ သူ့အဖေအား လှမ်းကြည့်လိုက်သည်။ သူပုန်ထနေပြီ။ သူပုန်ဆိုတာ ဘာလဲ၊ သာယာဝတီ သာယာဝတီဆိုတာ ဘယ်လောက်ဝေးပါလိမ့်။

"ဦးသက်ထွန်းကလဲ ခလေးတွေဆိုတာ သူပုန်ထတယ်ဆိုတာ ဘယ်သိမလဲဗျ၊ သားနံမယ်က ဘယ်သူ...."

"ဗညားမော်တဲ့... ရာဇဝတ်အုပ်မင်း..."

"မောင်ဗညားမော်၊ သူပုန်ထတယ်ဆိုတာ ဆူတာ ပူတာ၊ သူပုန်ဆိုတာ ဓားပြအကြီးစားပေါ့၊ တိုက်တယ်ခိုက်တယ်၊ သတ်တယ်ဖြတ်တယ်၊ လုတယ် ယက်တယ်၊ ဓားပြကြီးတော့ တောပုန်း၊ တောပုန်းကြီးတော့ သူပုန်ပေါ့၊ သူပုန်ဆိုတာ ဆိုးသွမ်းတာပေါ့.."

စိမ်းစိမ်းသည် ဗညားမော်အပါးသို့ ရောက်လာသည်။ စိမ်းစိမ်းသည် သူ၏ပခုံးကို ကိုင်လိုက်သည်။

"မောင်လေး ... ထမင်းမစားရသေးဘူး မဟုတ်လား"

ဦးသက်ထွန်းတို့ဝိုင်းမှာ ဆက်လက်ဆွေးနွေးကြသည်။

"အဲဒီတော့ ဝန်ထောက်မင်းကလဲ အစည်းအဝေးခေါ်ချင်နေတယ်၊ အရာရှိပိုင်းကတော့ အကုန်လာကြရမှာ၊ ကုန်သည်ပိုင်း တရုတ်ရော ကုလားရောပေါ့လေ၊ ကုန်သည်ပိုင်းကလည်း စုံစေချင်တယ်၊ နောက် ဦးသက်ထွန်းတို့ဘက်က .... မြေပိုင်ရှင်တွေ စက်ပိုင်တွေတကယ်ကတော့ ဒီဘက်နယ်ထဲ ကူးစက်မလာဘူးလို့ မပြောနိုင်ဘူးဗျ၊ ကြိုတင်ကာကွယ်ထားကြမှ၊ နောက်ပြီးတော့...."

ဗညားမော်သည် စိမ်းစိမ်းနှင့်အတူ အတွင်းခန်းဘက်ရောက်သွားသည်။ သူသည်တွေနေသည်။

"မောင်လေး နေကောင်းရဲ့လား၊ နေပူထဲ လျှောက်သွားနေတာမို့လား..."

"ကောင်းပါတယ်... ဘာဖြစ်လို့လဲ"

"မောင်လေးကြည့်ရတာ တမျိုးဘဲ၊ ဗလနဲ့များ ဘာဖြစ်သလဲ"

"ဘာမှမဖြစ်ပါဘူး စိမ်းစိမ်းကလဲ.."

"မသိပါဘူး...၊ မောင်လေးမျက်နှာက မရွှင်သလိုအောက်မေ့လို့၊ ဗလတို့ကော မတွေ့ပါလား၊ မောင်လေးကို အိမ်လိုက်ပို့ရဲ့လား..."

"သူတို့ မန်းသာဒွေးတို့ခြံမှာ ကျန်ရစ်တယ်၊ ညစာ သူတို့အဲဒီမှာ စားကြတယ်၊ ထမင်းစားပြီးမှ ပြန်လာကြမှာ၊ ကျွန်တော်ကတော့ မစားချင်တာနဲ့.."

"ဘာဖြစ်လို့လဲ၊ ဟင်းမကောင်းလို့လား..."

"သူတို့က ရေဘဲတွေ ပစ်ခတ်ပြီး သတ်စားကြတာ၊ ကျွန်တော့်စိတ်ထဲ တစ်မျိုးဖြစ်လို့ ထပြန်လာခဲ့တာ..."

"အော်.. ဒါကြောင့်လား၊ လာ ... အမနဲ့အတူစားမယ်..."

စိမ်းစိမ်းသည် ဉာဏ်မော်၏ နလုံးသားကို နားလည်သည်။ သူ့မျက်နှာမှာ ဖြူစင်သည်။ နသည်။ ထမင်းဝိုင်းတွင် စိမ်းစိမ်းက... "တလောက မောင်လေးတို့ ဘုရင်ခံသွားကြိုကြတာ၊ အဲဒါ ဘုရင်ခံ ဂျေအေ မောင်ကြီးက ဘာဖြစ်လို့အစီအစဉ်တွေ ဖျက်လိုက်တာလဲသိလား...."

ဗညားမော်က သူ့အမကို ကြည့်နေသည်။

"ဘာဖြစ်လို့လဲ"

"သာယာဝတီမှာ သူပုန်ထလို့ အစီအစဉ်တွေ ဖျက်လိုက်ရတာတဲ့..."

"ဟုတ်လား .. အမ ဘယ်ကကြားလဲ..."

"အိမ်ရှေ့မှာ ဦးလေးတို့ပြောနေကြတာ မကြားခဲ့ဘူးလား၊ အဲဒီသူပုန်ထတဲ့အကြောင်းပေါ့၊ သတင်းစာထဲမှာလဲပါတယ်၊ ဒို့က သတင်းစာမဖတ်တော့ မသိတာ၊ သူရိယ သတင်းစာထဲမှာ အကုန်ပါတယ်၊ အစ်မလဲအခုမှ သတင်းစာဖတ်ကြည့်ရတယ်"

ဗညားမော်၏ စိတ်ထဲတွင် အေးအေးချမ်းချမ်းနေသော ကျေးငှက်၊ သာယာဝတီသူပုန်ထခြင်း၊ သူရိယသတင်းစာ၊ မြို့စောင့်လုံခြုံကာကွယ်ရေး အဖွဲ့တို့သည် ရှုပ်ထွေးပွေလီလျက် ရှိနေသည်။ ဘယ်ဟာမှ မရှင်း။ အေးအေးချမ်းချမ်းနေသော ငှက်များကို ဘာကြောင့် ဖမ်းချင်သလဲ။ သာယာဝတီ သူပုန်ထတယ်ဆိုတာ ဘာလဲ။ ဘာကြောင့် ဆူချင်ပူချင်ကြတာလဲ။ အေးအေးနေကြပါလား။ သူပုန်ဆိုတာ တိုက်ခိုက်လုယက်တာတဲ့။ နောက် သူရိယသတင်းစာဖတ်မှ ဖြစ်တော့မယ်။ သတင်းစာမှာ ဘာတွေရေးထားသလဲ။ မရှင်း။ ဘာမှမရှင်း။

"နောက် ဘာတွေ ကြားသေးလဲ"

"ဒို့ဆီကို လာဘို့မလုပ်ခင် အတော်ကြာက ဘုရင်ခံက သာယာဝတီမှာ ကျင်းပတဲ့ ဒါဘာပွဲကို ကြွလာသတဲ့၊ အဲဒီမှာ လယ်သမားတွေက လူခွန်တော်-လယ်ခွန်တော် မကောက်ဖို့၊ လျှော့ပေးဘို့- စပါးဈေး တိုးပေးဘို့ လျှောက်ကြသတဲ့၊ အဲဒီ ဒို့မြန်မာအမျိုးသားဘုရင်ခံက အဲဒီအသနားခံစာတွေ ပယ်လိုက်တာက စတာဘဲတဲ့၊ ဆရာစံဆိုတာက ခေါင်းဆောင်၊ သူက ဝံသာနုအသင်းက၊ မြန်မာအသင်းချုပ်ဥက္ကဋ္ဌတဲ့၊ ဆေးဆရာ-ကျမ်းပြုဆရာတဲ့၊ အမလဲ နဲနဲပါးပါးဖတ်ကြည့်လို့ သိရတာ၊ ဧည့်သည်တွေက နေ့လယ်ကတဲက လာနေကြတာ၊ သူတို့ပြောတာတွေ ကြားရတာပဲ"

ဗညားမော် ခေါင်းထဲတွင်ကား ပို၍မရှင်းတော့။ နောက်ထပ်ရောက်လာပြန်ပြီ။ ဝံသာနုအသင်း၊ ဆေးဆရာ၊ လယ်သမား။ ဆေးဆရာက ဆေးကုတာ၊ အသက် ကယ်တာ။ သူပုန်ထတာက သတ်ဖြတ်တာ။ လယ်သမားက အေးအေးချမ်းချမ်းနေသူများ။ ဆရာမ စန်းစန်းနုများ သိလေမလား။ ဟိုနေ့ကတော့ ဘုရင်ခံ ဘာကြောင့် ကြွမလာသည်ကို သူလည်းမသိ။ စိမ်းစိမ်းမှာ သူသိသမျှ ပြောပြနေသည်။ စိမ်းစိမ်းမှာ ၇-တန်းက ကျောင်းထွက်လာသည်။ သူတို့အထောက်အပံ့ခံ အမျိုးသားကျောင်းမှာ အလယ်တန်းကျောင်းဖြစ်သည်။ အိမ်ရှေ့ဧည့်ခန်းမှ စကားသံများ ထွက်ပေါ်လာသည်။ အရေးတကြီး လေးနက်စွာ ပြောနေကြသော စကားလုံးများ ပါသည်။ သို့သော် ဗညားမော်မှာ နားမလည်။ စိမ်းစိမ်းပြောပြသည်များကမှ ဆက်စပ်၍မရသော်လည်း နားလည်၍ ရသေးသည်။ ဗညားမော်မှာ သူရိယ သတင်းစာမဖတ်ပဲ နေခဲ့သည်ကို မိမိကိုယ်ကို မကျေနပ်ဖြစ်နေသည်။ စိမ်းစိမ်းကမှ နည်းနည်းပါးပါး ဖတ်မိ၍ သူ့ထက် အဖြစ်အပျက်များကို သိရှိနေသည်။

ဧည့်သည်များ ပြန်သွားကြပေပြီ။ မီးများ ထွန်းညှိလိုက်ကြပေပြီ။ ဗလပင် ခမုံချောင်းမှပြန်လာ၍ အိမ်ရှေ့မှ ဖြတ်သွားရင်း သူ့အားအော်၍ နှုတ်ဆက်သွားသည်။ လရောင်က မပီတပီ။ လမ်းမီးများ လင်းလာကြပေပြီ။ လျှပ်စစ်မီးပွင့်များဖြင့် ထွန်းသည်မှာပင် မကြာသေး။ သူငယ်ငယ်က ဖန်မီးအိမ်တွင် ရေနံဆီမီးများ လိုက်ထွန်းရသည်ကို ရေးရေးမျှမှတ်မိနေ၏။ သူသည်အိမ်ရှေ့ထွက်ကာ တန်းလျား၌ထိုင်ရင်း တွေးနေသည်။ အိမ်မီး၊

လမ်းမီးများကြောင့် မြို့လယ်လမ်းတစ်လျှောက် အနည်းငယ် လင်းနေသည်။ လထွက်စမို့ အလင်းရောင်သည် မပြန့်သေး။ သို့သော် မြင်ရသော ပြင်ပကမ္ဘာ၌ လင်းနေသည်။ သူ၏အတွင်းကမ္ဘာ၊ သူ၏ခေါင်းထဲ၌ကား မရှင်းသေး။ မှောင်လျက်ပင် ရှိနေပေသေးသည်။ မေးခွန်းပုစ္ဆာများသည် သူ့ကို ရစ်ပတ်ဖွဲ့နှောင်လျက်ရှိပေသည်။ စိမ်းစိမ်းသည် သူ့အား မရှင်းပြနိုင်။ သို့သော် စိမ်းစိမ်းက သတင်းစာမှ အဖြစ်အပျက်များကိုကား ပြောပြသည်။ စိမ်းစိမ်းသည် သတင်းစာအဟောင်းများကိုပင် ရှာဖွေဖတ်ရှုနေသည်။ သူ့မှာ ခေတ်နောက်ကျ နေခဲ့သည်။ နောက်တော့ အမြဲတမ်း သတင်းစာဖတ်မှဘဲ။

ထိုည၌ လသည် မှုန်တိမှုန်ဝါး မြရိပ် စိမ်းရိပ်မရှိတော့ ပြာလဲ့လဲ့လိုလို၊ မီးခိုးရောင်လိုလို မကွဲပြား။ အနက်ရောင်တို့က လွှမ်းမိုးနေသည်။ တရုတ်စကား အကွေ့အကောက်၊ အလိမ်အယှက်၊ အကိုင်းအခက် အမဲများသည် သမင်ချိုကဲ့သို့တခုနှင့်တခု တိုးဝှေ့ ဆန့်ကျင်ကာ ရှုပ်ထွေးနေပေသည်။ လရောင်သည်လည်း သည်အရှုပ်အထွေးကို ရှင်းမပေးနိုင်တော့။ အမဲရိပ် အမှောင်များ ပို၍ သန်းကြပြီး သမင်ချိုသည် ပို၍ ရှုပ်လာသည်။ ဖန်ပုတီးစေ့ချင်းတိုက်သံသည် တချွင်ချွင် မြည်ကျူးနေပြီ။ သို့သော် ဖန့်စေ့များစု၍ ခလောက်သကဲ့သို့သာ။ အသံအနိမ့်အမြင့် မရှိ။ စည်းဝါးမကိုက်။ ဘာတေးသံမျှ မထွက်။ စိမ်းစိမ်း၏ လက်ကောက်သံသည်လည်း တချွင်ချွင်မြည်မြဲ။ သို့သော် ဘာလိုက်မျှ မထွက်။ မထူးခြားညံ့ညံ့။ လရောင်သည် စိမ်းမြလော၊ ပြာလဲ့လော၊ ဖြူပြာလော၊ မီးခိုးရောင်လော....ဟူသည်တို့ကိုပင် သူသည် စိမ်းစိမ်းနှင့် မငြင်းတော့။ စိမ်းစိမ်းမှာ သူ့ထက်သိနေပြီကော။ ညနေက မန်းသာဒွေးအိမ်မှ ထမင်းမစားဘဲ ပြန်လာသည်ကို စိမ်းစိမ်းက အပြစ်တင်သည်ကို ဘာမှ ပြန်မပြောတော့။ မောင်လေးမှားတာပေါ့။ မန်းသာဒွေး အားနာစရာဘဲ။ ရေဘဲဟင်းမစားချင်၊ မန်းသာဒွေးတို့က စေတနာနဲ့ချက်ထားတဲ့ ပုဇွန်ဟင်းနဲ့ စားခဲ့ရင်ပြီးတာဘဲ၊ မှားတာ၊ မှန်တာဆိုတာ ရှိသေးသလား။ သူက မှန်တယ်ထင်တာ ဆုံးဖြတ်ပြီးလုပ်လို့ မရဘူးလား။

သာယာဝတီသူပုန်ကိစ္စလည်း စိမ်းစိမ်းထံမှ မေးနေရသည်။ တောသား သူပုန်များတွင် အင်္ဂလိပ် အစိုးရမင်းများလောက် လက်နက်မကောင်း၊ ဓားလှံလေးမြားသာ ရှိသည်။ အစိုးရက ခေတ်မီသော အမြောက်၊ စိန်ပြောင်း၊ ခဲယမ်းမီးကျောက်၊ သေနတ်အမြောက်အမြားရှိသည်။ ကုလားပြည်အင်္ဂလိပ်အစိုးရထံမှပင် တပ်မဟာနစ်ခု မှာယူထားရသေးသည်။ သို့သော် သာယာဝတီတောသား သူပုန်များက သတ္တိရှိကြသတဲ့။ သူတို့သည် သူတို့ထက် လက်နက်အင်အား ကောင်းသော အင်္ဂလိပ်အစိုးရအား တိုက်ခိုက်ကြသတဲ့။ အင်္ဂလိပ်မျက်နှာဖြူ သစ်တောအရာရှိတစ်ဦးကိုပင် သတ်လိုက်ကြသတဲ့။

"ဒါတွေ စိမ်းစိမ်းက ဘယ်လိုလုပ်သိတာလဲ.."

"သူရိယသတင်းစာထဲမှာပါတယ်၊ ရော့...ဖတ်ကြည့်၊ အမယူထားတာ..."

ဗညားမော်သည် သူရိယသတင်းစာအပိုင်းကို ယူကြည့်လိုက်သည်။ ရက်စွဲမှာ ၁၉၃၀၊ ဒီဇင်ဘာ ၂၆ ဟု ထိုးထားသည်။ စာပိုဒ်ထိပ်ဖျားတွင် ခေါင်းစဉ်များ တပ်ထားသည်။

လက်နိပ်ဓာတ်မီးများ

ဒီဇင်ဘာ ၂၂ ရက်နေ့မတိုင်မီက သာယာဝတီမြို့ပေါ်ရှိ လက်နိပ်ဓာတ်မီးရောင်းသော ဆိုင်တဆိုင်မှ ကျေးရွာသားများ လက်နိပ်ဓာတ်မီးများကို အကုန်ချုံ၍ တခါတည်း ဝယ်သွားကြသည်ဟု စကောက်တပ်သားတယောက် ပြောပြကြောင်း။

လူကို သတ်၍ သေနတ်(၅)လက် ယူသွားခြင်း

ဒီဇင်ဘာ ၂၄ရက်နေ့ ညက သာယာဝတီနယ်၊ ဝဲကြီးဗိုလ်တဲ၌ တည်းခိုနေသော မစ္စတာဖီးကလပ်ဆိုသည် သစ်တောဝန်ထောက် တယောက်ကို ဆူပူသောင်းကျန်းသူ လူစုတို့က သတ်ဖြတ်ကြပြီးလျှင် ၎င်းတွင်ပါရှိသော သေနတ် ၅ လက်နှင့် ယမ်းတောင့် အမြောက်အမြားကို ယူဆောင်သွားကြသည်ဆိုကြောင်း။

ဆင်(၄)ကောင်ပါလာခြင်း

"အဆိုပါ မစ္စတာဖီးကလပ်သည် ရိုးမတောင်ခြေမှ ဆင်၄ကောင်နှင့် ဆင်းလာပြီးလျှင် အစေခံနှင့် အဆိုပါဗိုလ်တဲ၌ တည်းခိုနေရာ၊ ရွာ၌ရှိသောအဖိုးကြီးနှင့် အမယ်ကြီးက "ဗိုလ်တဲမှာ မတည်းပါနဲ့၊ သေကုန်ကြလိမ့်မယ်" ဟု မစ္စတာဖီးကလပ်၏ အစေခံများကို သတိပေး ပြောကြားသည်ဆိုကြောင်း၊ အစေခံများက

လည်း ၎င်းတို့၏ဗိုလ်များကို ပြောရာ၊ "ကိစ္စမရှိဘူး ၊ ဒို့မှာ လက်နက်များရှိတယ်" ဟု ပြန်ပြောပြီး၊ နေမြဲတိုင်း နေကြသည်ဆိုကြောင်း၊ ဗိုလ်တဲတွင် ညစာ ထမင်းစားနေကြစဉ်ပင် ရုတ်တရက် ဝင်ရောက်တက်စီးကြပြီးလျှင် မစ္စတာဖီးကလပ်ကို ဓားနှင့်ခုတ်သတ်လိုက်ကြကြောင်း၊ သေနတ်၅လက်နှင့် ယမ်းတောင့်များကိုလည်း ယူဆောင်သွားကြကြောင်း၊ ဆင် ၄ကောင်ကို မည်သို့အသုံးပြုနေသည်ကို မသိရကြောင်းနှင့် သတင်းရရှိလေသည်။

ဗညားဓမ်မှာ သတင်းများကို ဖတ်ရင်း၊ ရင်ဖိုနေတော့သည်။ တခါမျှ မကြားဘူးသော အကြောင်းအရာများ။ အင်္ဂလိပ်တွေကိုတောင် ခံချတဲ့ လယ်သမား တောသားတွေပါကလား။ တကယ်က အင်္ဂလိပ်များသည် ကမ္ဘာတွင် အင်အားအကောင်းဆုံး၊ အကျော်ကြားဆုံး၊ အယဉ်ကျေးဆုံး လူမျိုးများ ဖြစ်ကြတာဘဲမဟုတ်လား။ သူတို့ရာဇဝင်ကို ဒို့သင်ရတယ်။ သူတို့ပညာရှင်တွေရေးတဲ့ စာတွေ ဖတ်ရတယ်။ အင်္ဂလိပ် ကဗျာဆရာတွေ ရေးတဲ့ ကဗျာတွေရွတ်ဆိုရတယ်။ သိပ်ကောင်းတဲ့ကဗျာတွေ။ သိပ်နု၊ သိပ်လှ၊ အတွေးထဲနက်။ တောသူ တောင်သား လယ်သမားတွေဟာ အင်မတန်ရိုးသားတဲ့လူတွေ၊ အေးအေးချမ်းချမ်းနေကြတဲ့လူတွေ။ အခုဘယ်လိုဖြစ်ကြသလဲ။

သူ၏ နုးညံ့ဖြူစင်သော အတွေးသားအထည်ပြိုန်းပြောင်ရွက်ပေါ်၌ အစက်အပြောက်များက လာစွန်းထင်းကြကုန်သည်။ မေးခွန်းများ ရှုပ်ထွေးယှက်သန်းနေကြသည်။ သူ့အတွေ့အကြုံများနှင့် မလိုက်တော့။ အသေးထဲ အကြီးများက အတင်း ဝင်ဆောင့်ကြသည်။ မဆံ့။ အကျယ်ကြီးထဲ၌ အသေးအမွှားကလေးများက ဘယ်ထောင့် ဘယ်ချောင် ဝင်ခိုနေသည် မသိ။ ရှာမတွေ့။ အားလုံး ဖောက်ထိုးမိုးမျှော်ဖြစ်ကုန်ပြီ။ သူသည် စက္ကူဖြူပေါ်၌ သူတွေ့မြင်ရသော ပန်းပွင့်၊ သစ်ပင်၊ လိပ်ပြာ၊ ရေရိပ်၊ ခနိပင်၊ သံဒပ်ပင်၊ ဇလပ်ပင်၊ တဲအိမ်၊ နေဝန်းနီ၊ ပန်းစိမ်း စသည်များကို ဆေးရောင်ဖြင့် သူကြိုက်သလိုကူးယူကာ ထည့်သွင်းခဲ့သည်။ စိမ်းစိမ်းပြောသလို သူ့စိတ်ထဲ လာထင်ကြသော အရာများကို သူထင်သည့်အတိုင်း ဖယောင်းတောင့်ဖြင့် ခြစ်ကာ အရောင်ခြယ်ခဲ့သည်။ စိမ်းစိမ်းကတော့ တကယ်အစစ်မဟုတ်ဘူးတဲ့။ ဒါပေမယ့် ကိစ္စမရှိ။ သူရေးတဲ့ ကားချပ်၊ သူကြိုက်တဲ့လ မြစိမ်း၊ သူကြိုက်တဲ့ တရုတ်စကား အကိုင်းအခက်၊ သူကြိုက်တဲ့ ရေရိပ်မှာထင်နေတဲ့ ဘောက်တူ။ သူရေးတဲ့ ကားချပ်ကို သူ့အိမ်မှာ သိမ်းထားတာဘဲ။ ကိစ္စမရှိ။ စိမ်းစိမ်းမကြိုက်လဲ ကိစ္စမရှိ။ ယခုကား သည်လိုမဟုတ်တော့။ သူ၏ဖြူသော စက္ကူပေါ်တွင် သူ့အကြိုက်မပါဘဲ၊ သူ့အလိုဆန္ဒမပါဘဲ ဆေးစက်တွေ လာစွန်းထင်းနေကြပါတကား။ သူများ ပစ်လိုက်တဲ့ ဆေးစက်က စက္ကူပေါ် လာစွန်းပေးနေတာပါကလား။ သူမကြိုက်သော ပုံကားချပ်တွေ။

အေးအေးချမ်းချမ်းနေတဲ့ ငှက်ကလေးတွေ သတ်စားကြတာမကြိုက်လို့ ထွက်လာတာ အောင်ဒင်က သတ္တိမရှိတဲ့ကောင် ပြောတာ ဟုတ်သလား။ ဒီလိုဆိုရင် သူကတော့ သတ္တိခဲ ရဲရဲတွေပေ့ါ။ စိမ်းစိမ်းကတော့ သတ္တိမရှိဘူးလို့လဲ မပြော။ ဗလကလဲ ဘာမှမပြော။ ဒါပေမယ့် စိမ်းစိမ်းက ထထွက်လာတာတော့ မှားသတဲ့။ သူသည် အိပ်ရာမှ ထကာ မနက်က ရေးခဲ့သော ပန်းချီများကို ပြန်ကြည့်နေသည်။ ငါရေးထားတာ အစစ်အမှန်တွေ တကယ်တွေပါဘဲ။ ရေ၊ မြေ၊ သစ်ပင်၊ တဲ၊ နေ၊ လ။ ဒါတွေ တကယ်ရှိတာပေ့ါ။ ဒါကြောင့်လှနေတာပေ့ါ။ ငါလုပ်တာမှန်တယ်။ ပြာလဲ့သောလ နီလာသည် မမှုန်မွှားတော့။ ညမွှေးပန်းရနံ့ ယစ်လာပေသည်။ ဖန်ပုတီးစေ့ချင်း ရိုက်ခတ်သံသည်သာ ချိုမြလာပေသည်။

## အခန်း (၇)

နှင်းများ ကျဆင်းနေသည်။ အိမ်တံစက်မြိတ်မှ တပေါက်ပေါက်ကျသံများပင် ကြားနေရသည်။ မှန်ပြတင်း တံခါးများ မကြည်လင်တော့။ ဝါးနေသည်။ ရေခဲပန်းများသည် အိမ်ရှေ့၌ ပွင့်နေသည်။ နှင်းဆီပန်းများလည်း ပွင့်ကြသည်။

ငဝံမြစ်ကြီးပင်လျှင် တဖက်ကမ်းနှင့် တဖက်ကမ်း မမြင်ကြရ။ မြစ်လယ်မှ မဲမဲစက်ကလေး မျောနေသည်ဟု ထင်ရသည်။ ကမ်းစမ်ရောက်လာသော အခါမှ သမ္ဗန်ကြီးမှန်း သိရတော့သည်။ မီးသင်္ဘောကြီးသည် နှင်းကျသော နံနက်၌ ထွက်သောအခါ ဥဩကို တတူတူမြည်အောင် ဆွဲကြရသည်။ သံတပွတ် ချောင်းအကွေ့၌ သမ္ဗန်ခတ်တက်၏ ခတ်ကွင်းနှင့် ပွတ်သော ကျလိကျလိအသံများကို နာခံ၍ ရေလမ်းခရီးသွားကြရသည်။ အနီလုံးကြီးသည် ဘွားကနဲ ပေါ်လာတတ်၏။ ကြည့်နေရင်း ရေထဲ၌ အနီတလုံး ပေါ်လာပြန်၏။ နေဝန်းနီ နှစ်လုံးဖြစ်လာသောအခါ ရေပြင်သည်ပင်လျှင် နီရဲလာပေပြီ။ ရေထဲမှနေဝန်းနီမှာ ငြိမ်သက်လျက်...။ကျောင်းသား များကား မနက် ကျောင်းတက်နေရသဖြင့် ပျော်နေကြသည်။ နှင်းများ ဝေနေစဉ် ကျောင်းတက်သွားကြသောအခါ တယောက်နှင့်တယောက် လှမ်းမမြင်ကြရ။ ရှေ့ကလူကို နောက်လူက အော်နှုတ်ဆက်ကြသည်။ လူနာမည် ခေါ်သံကြားပြီးနောက် ဘွားကနဲလူကိုသွားတွေ့ကြ၏။ ရယ်သံများ ထွက်ပေါ်သည်။

ခင်ထားလှိုင်သည် ကျောင်းတက်သောအခါ ဗညားမော်အိမ်မှ ဖြတ်၍သွားရသည်။ ဗလမှာ ဗညားမော်ကို ခေါ်ပြီးမှ ကျောင်းသွားတတ်သည်။ ဗညားမော်က ဗလကို အိမ်ရှေ့ခုံတန်းလျားပေါ်တွင် ထိုင်စောင့်နေရသည်။ နှင်းဝေသည့်ကြားမှ ဆွယ်တာအင်္ကျီကလေးမြင်ရ၏။ နောက်တနေ့တွင် ဆွယ်တာအဝါ။ နောက်တနေ့တွင် အနီ။ ဗလက သူ၏ ဗလာစာအုပ်ထဲတွင် ဆွယ်တာစာရင်းမှတ်နေ၏။ ဗညားမော်ကမူ "သိပ်ရှုပ်တဲ့ကောင်ဘဲ" ဟု ပြောသည်။

"အသာနေပါကွ" ဟု ဗလက ဆိုကာ မှတ်မြဲ။

တနေ့တွင် ဗညားမော် စာရေးစားပွဲကို ရှင်းပေးသော စိမ်းစိမ်းက သူ၏စာအုပ်ကြားထဲမှ ထွက်ကျလာသော စာရွက်ကလေးကို ကောက်ယူကာ ဖတ်နေသည်။

"ဟဲ့ ဘာတွေမှတ်ထားတာလဲ၊ ထိပ်ထား၊ ရင်ကွဲ၊ အရောင် အဝါ၊ အနီလက်ရှည်၊ အပြာနတ်၊ မီးခိုးရောင်ဆွယ်တာ၊ အဖြူရောင်၊ အနက်ပြောက်၊ ဘာတွေ မှတ်ထားတာလဲ..."

ဗညားမော်က ဘာမှမပြောပဲ ရယ်မောနေ၏။

"မသိပါဘူး၊ ဒါ-ကျွန်တော့်လက်ရေးမှ မဟုတ်တာ၊ သေသေချာချာလဲ ဖတ်ကြည့်စမ်းပါအုံး..."

"အေးဟုတ်သားပဲ ၊ ဒါဘယ်သူ့လက်ရေးလဲ၊ ဒိုဘီစာရင်းလား၊ ရင်ကွဲလဲပါတယ်၊ လက်ရှည်လဲပါတယ်...."

စိမ်းစိမ်းကား နားမလည်သော အမူအရာဖြင့် သူ့ကို ငေးကြည့်နေ၏။

"ထားလိုက်စမ်းပါ၊ အမ မသိပါဘူး..."

နှင်းနို့ထဲတွင် သဇင်ရနံ့များ မျောပါလာတတ်သည်။ ကျောင်းသူများကား နှင်းဝေဝေတွင် ကျောင်းတက်ရသည်ကို ပျော်နေကြသည်။ နှင်းပိတ်လေ ကြိုက်လေ။ ကျောင်းဘေးရှိ ရေကန်နားတွင် ပတ္တမြားဘောလုံးကြီး ရောက်နေ၏။ ထို့နောက် ဝါဂွမ်းထဲမှ ပတ္တမြားသည် တောက်ပလာသော ရေများကိုပတ္တမြားရေအဖြစ် ပြောင်းလဲ ပစ်လိုက်လေသည်။ ကန်ဘောင်ပေါ်ရှိ ကုက္ကိုပင်လျှင် မိုးစိုသွားလေပြီ။

သူတို့၏ အထောက်အပံ့ခံ အလယ်တန်းကျောင်းလည်း ရှေ့နှစ်တွင် အထက်တန်းကျောင်းဖြစ်လာတော့မည်ဟု ဆရာမ စန်းစန်းနုထံမှကြားရသည်။ သို့ဖြစ်လျှင် ဂုဏ်ထူးတန်းအောင်လျှင် ကျောင်းမပြောင်းရတော့ပြီ။ သူက ဖျာပုံကျောင်းသို့ မသွားချင်တာနဲ့ အတော်ဘဲ။ သူသည် သူရှိယသတင်းစာကို ညနေကျောင်းက ပြန်လာလျှင် ဖတ်နေသည်။ ညနေ ရန်ကုန်မှ သဘောဆိုက်ချိန်၌ သတင်းစာများ ရောက်လာစမြဲ၊ အထူးသဖြင့် "သာယာဝတီအရေးတော်ပုံ" ဟူသော ခေါင်းစဉ်အောက် တိုက်ပွဲသတင်းများကို အရင်ဖတ်သည်။

မြို့သည် သုံးလေးခါလောက် လန့်သည်။ တညနေ။ နေဝင်ရီတရောအချိန် ဈေးဘက်မှစ၍ တဝုန်းဝုန်း တံခါးပိတ်သံများ ကြားရသည်။ ကမ်းနားလမ်းဘက်မှ လူတွေ ပြေးလာကြသည်။ "သူပုန်တွေ တက်လာပြီ" ဟု လူတယောက်က အော်ပြောသွား၏။ တလမ်းလုံး တံခါးပိတ်သံများဖြင့် ဆူညံသွားကာနောက် ငြိမ်သက်သွား၏။ တံခါးပိတ်ကြကာ အိမ်တွင်း၌ကား ကျိတ်စကားပြောနေကြ၏။ အတန်ကြာတွင် ညီညာသော ဖိနပ်သံများ ကြားလာရသည်။ စစ်ပုလိပ်တပ်များ ကင်းလှည့်လာကြသော အသံ။ အိမ်ရှေ့မှ "ဦးသက်ထွန်း၊ ဦးသက်ထွန်း" ဟူသော ခေါ်သံကြားရ၏။

"ဦးသက်ထွန်း တံခါးဖွင့်ပါအုံး၊ ကျွန်တော်တို့ပါ..."

သည်တော့မှ သူ့ဖခင် ဦးသက်ထွန်းသည် တံခါးဖွင့်လိုက်သည်။ ရာဇဝတ်အုပ်သည် ခါးကြားတွင် ခြောက်လုံးပြူးထိုးလျက် ပေါ်လာသည်။

"အမယ်လေး... မြို့စောင့် ကာကွယ်ရေးအဖွဲ့ဝင်ကလဲဗျာ ဘာမှမဟုတ်ပါဘူး၊ လှေဆိပ်က လူနှစ်ယောက်စကားများပြီး ရန်ဖြစ်တာပါ။ ကဲ...ဘောင်းဘီဝတ်ဗျာ၊ မြို့ပတ်ကြည့်ရအောင်..."

ဦးသက်ထွန်းသည် ခြောက်လုံးပြူးသေနတ်ချိတ်ကာ၊ အပြာရင့်ရောင် သက္ကလပ်ဘောင်းဘီတိုဖြင့် ထွက်လာသည်။

"ကိစ္စမရှိပါဘူး၊ မြို့အဝင်တွေမှာ စစ်ပုလိပ်တပ်တွေ ချထားပါတယ်"

ခွာညိုနံ့များ ရလာပြန်သည်။ ရေခဲပန်းများသည် ဆွတ်ဆွတ်လွလွပွင့်မြဲ၊ ဆောင်းရက်တွင် အရွက်ကြွေသော သစ်ပင်များ အရိုးပြိုင်းပြိုင်းဖြင့် နှင်းထဲတွင် ပေါ်နေကြ၏။ အဝေးမှ ကြည့်လျှင် မဲမဲတမျှင်မျှသာ။ လသည်ပင် ပုံပန်းများ ပြောင်းနေ၏။ အစိမ်းခြမ်းမှ အစိမ်းတစိတ်ဖြစ်လာ၏။ အဝိုင်းကနေ သေးသေးလာ၏။ နောက်-ကြယ်ပျောက် ညများ။

## အခန်း (၈)

ဆောင်းရက်များသည် ထိတ်လန့်ဘွယ်ရာများဖြင့် ဖြတ်သန်းသွားကြသည်။ သာယာဝတီနှင့် အင်းစိန်အကြား ဒေသများမှာ အဆိုးဆုံး။ ကျေးရွာများတွင် ပုလိပ်၊ စစ်တပ်တို့နှင့် သူပုန်များ တိုက်ပွဲဖြစ်နေကြသည်။ အလံကုန်း၊ နေမပျော်၊ လယ်တီ၊ ဖိုးခေါင်၊ ကွင်းကြီး၊ အင်းရွာ၊ ကြက်ချောင်း၊ နတ်မီးတောက်၊ ဖိမ်ဇာ၊ အင်းကောက်၊ ဖရွှေကျော်၊ အဖြူကလေး၊ ဘီးလင်း။ အိန္ဒိယမှ ဒိုးဂရားလူမျိုး စစ်တပ်များ ရောက်လာကြသည်။ ရန်ကုန်မြို့ ကမ်းနားလမ်းမှ ပုလိပ်ရုံးသစ်ကြီးလည်း ဖွင့်လှစ်လိုက်သည်။ ကချင်တပ်၊ ချင်းတပ်များ ၇၀၀ကျော် အလံတောင်သို့ ချီတက်သွားကြသည်။ ပဲခူးရိုးမတောင်ကြီးဆီသို့ ကုလားတပ်များ ချီတက်သွားကြသည်။ သာယာကုန်း၊ ရေ့လောင်ကန်၊ ကညင်တပင်၊ ဥတို၊ ဇီးပွဲ၊ ဖရပ်ကြီး၊ စပါးကြီးအိုင်၊ ရိုးကြီး၊ ဘူးတရာ၊ ဖျာလိပ်ခေါင်း၊ စံရွေး၊ ကျွန်းကလေးကျေးရွာများကား မငြိမ်သက်။ အင်းစိန်ဘက်မှာလည်း ပုဏ္ဏားမကုန်း၊ ရှမ်းကုန်း၊ ကုလားကုန်း။ ခွာညိုနံ့၊ သဇင်နံ့သင်းထုံသော နှင်းဖြူတို့ဖြင့် ပြာလဲ့သော တောတောင်၊ မြစ်ချောင်း အင်းအိုင်၊ စုံမြိုင်တွင် သေနတ်သံများ ပွဲ့တင်ထပ်ကာ ယမ်းနံ့ဝေနေရုံမက၊ ရန်ကုန်မင်းနေပြည်တော်သို့ပင် ဂယက်ရိုက်ခတ်လျက် ရှိသည်။ ဘုရင်ခံအိမ်တော်၏ ဝိတိုရိယ ပန်းတွန့်အဝိုက်များ၊ အုတ်နံရံအနီများကို သေနတ်ပွဲ့တင်သံက လာတိုက်သည်။ ရန်ကုန် ကတ္တာစေးလမ်းမှာ စစ်ကားဘီးရာများ ထင်နေသည်။ ရန်ကုန်မြို့ ရပ်ကွက်များတွင် ကာကွယ်ရေးအဖွဲ့များ ဖွဲ့ကြသည်။

ပုဇွန်တောင် ကာကွယ်ရေးအဖွဲ့ အစည်းအဝေးမှ ရပ်ကွက်လုံခြုံရေးဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ကြသည်။ 'ရပ်ရွာတွင် လူစိမ်းများဝင်ထွက်သွားလာခြင်းကို လိုသည့်အချိန် စစ်ဆေးရန်' နှင့် 'ယောက်ျားမှန်သမျှ ၁၆နှစ်မှ ၆၀အတွင်း အမည်၊ အသက်၊ နေအိမ်နံပတ်၊ အဖအမည်၊ အလုပ်အကိုင်၊ မွေးဖွားရာဒေသ စသည်များ မှတ်ထားပြီး၊ 'ဧည့်သည် လူစိမ်းများအတွက် အိမ်ရှင်များက လုံးဝတာဝန်ယူကြရန်' ဆုံးဖြတ်ချက် ချကြသည်။

သို့သော် ရန်ကုန်မြို့လယ်ခေါင်ကား၊ အစည်ကား မပျက်။ စားသောက်ဆိုင်များ၊ ဈေးဆိုင်များ၊ ရုပ်ရှင်ရုံများ ဖွင့်ထားဆဲ။ မောင်ဘတင့်၊ ခင်ခင်နုတို့၏ ရုပ်ရှင် ကြော်ငြာရုပ်ကြီးများသည် လမ်းတွင် ရှိနေမြဲ။ ကောင်လေးများက ခင်ခင်နုကို တမ်းတပြီး၊ ကောင်မလေးများက မောင်ဘတင့်ကိုတ,နေလျက်ရှိကြပြီ။ မောင်ဘတင့်မှာ ဆံပင်ရှည်ကို ချောပြောင်နေအောင် ကြော့နေအောင် ဖြီးသင်ထားမြဲ။ ခင်ခင်နုမှာ လက်စက ဇာနားတပ်အင်္ကျီဝတ်မြဲ။ ကောင်လေး ကောင်မလေးများက မင်းသား မင်းသမီးတို့၏ ဆင်ယင်ထုံးဖွဲ့မှုကို လိုက်ကြမြဲ။ ချစ်ရန်နံ့ကြိုင်၊ ချစ်ရိုးအမှန်၊ တေမိယ၊ လူ့ဘဝ၊ တကောင်ဘွား၊ အာဇာနည် ရွှေရိုး၏ သုံးပွင့်ဆိုင်၊ မန္တလေးတောင် ဘုရားသမိုင်း၊ ဥမ္မာဒန္တီ။ ဆောင်းရက်များအတွင်း၌ ရုပ်ရှင်ကားများ အဆက်မပြတ်။ ဝိုင်-အမ်-စီ-အေ ဟု ခေါ်သော ကလျာဏယုဝ ခရစ်ယာန်အသင်းမှ တူရိယာပြိုင်ပွဲ ကျင်းပလျက်ရှိသည်။ အေ-ဘီ- အမ် ယူနီယံဟော ခန်းမဆောင်၌ ကျင်းပရာ၊ သံလျင် ဘီအိုစီ ဓာတုဗေဒဌာနမှ မောင်စိုးမှာ တယော၌ ရွှေတံဆိပ်ရရှိသွားသည့် သတင်းကို ဖတ်ရင်း ဗညားမော်မှာ အားကျစိတ်ပေါ်နေသည်။

"စိမ်းစိမ်းရေ... တယောတလက် ဘယ်လောက်ပေးရမလဲ"

သူ သတင်းစာ ဖတ်နေရင်းက အတွင်းခန်းထဲရှိ စိမ်းစိမ်းအား ဗညားမော် လှမ်းအော်မေးလိုက်သည်။

သူသည် တခုခုလိုချင်လျှင် စိမ်းစိမ်းအား ပြောတတ်သည်။ သူသည် ၈ နှစ်သားအရွယ် သူ့အမေ ဆုံးပြီးကတည်းက အဖော်မဲ့လိုဖြစ်သွားကာ။ ရောင်စုံခဲတံ၊ ဖယောင်းတောင့်များသည် သူ၏အဖော်များ ဖြစ်လာသည်။ ယခု စာလုံးများသည်လည်း သူ့အဖော်များ ဖြစ်လာပေပြီ။ အဖေအား သူသည်သိပ်မခင်။ အဖေ ကလည်း လယ်ယာလုပ်ငန်း၊ ကုန်သည်လုပ်ငန်းဖြင့် အပြင်ထွက်နေသည်က များ၏။ အိမ်သို့ စိမ်းစိမ်းရောက်လာသောအခါ အဖော်တယောက်တိုးလာသည်။ စိမ်းစမ်းမှာ သက်မဲ့များကဲ့သို့မဟုတ်။ သူလုပ်တိုင်း မခံ၊ သူ့ကို တုံ့ပြန်၏။ သူနှင့် သူ့ကမ္ဘာအကြား အဓိပ္ပာယ်ကောက်ပေး၏။ ဘာသာပြန်ပေး၏။ သူ့အမေရှိစဉ်က သူ၏ ကမ္ဘာမှာ သူနှင့် သူ့အမေသာ ဖြစ်ခဲ့၏။ သူသည် လောကကြီးအကြောင်း ဘာမျှမသိခဲ့။ သူသိသည်မှာ နေ၊ လ၊

ကြယ်တာရာ၊ မြစ်ချောင်း၊ သစ်ပင်၊ ပန်းပွင့်၊ ဖန်ပုတီးစေ့ယင်း၊ ကျောင်းစာအုပ်၊ သူ့၌ အပေါင်းအသင်းမရှိ။ ခြေက ကောင်းကောင်းမသန်သဖြင့် တံစက်မြိတ်အပြင်ဘက် သိပ်မထွက်။ အမေကမူ သူ၏အပါး ကပ်သဖြင့် ကျေနပ်မိသည်။ သို့သော် အမေ ရုတ်တရက်ဆုံးသွားသောအခါ သူသည် အဖော်မဲ့ ကျန်ရစ်တော့သည်။ စိမ်းစိမ်းက အိမ်ရောက်လာသောအခါ အခြေအနေကို သိလိုက်သည်။ စိမ်းစိမ်းမှာ အစက မြို့အရှေ့ပိုင်း၌ သူ၏ အမေများဖြင့် အတူနေ၍ ညနေတိုင် ဗညားမော်တို့အိမ်ရောက်တိုင်း၊ သူ့အဒေါ်ဝမ်းကွဲက သူ့သားအား အိမ်တွင်းနေသည်ကို ကျေနပ်ကြောင်း သိနေခဲ့၏။ အမေဆုံးသွားသောအခါ အဖေလုပ်သူက သားအား ပြုစုစောင့်ရှောက်ရန် ဝမ်းကွဲတော်သူ စိမ်းစိမ်းအား ခေါ်ထားလိုက်သည်။ စိမ်းစိမ်းကမူ သူ့မောင်လေးအား အပေါင်းအသင်းများဖြင့် ရောနှောနေစေချင်၏။ ယခုလည်း တယောအကြောင်း မေးလိုက်သောအခါ စိမ်းစိမ်းသည် အခန်းပြင်ထွက်ကာ သူ့အား ကြည့်လိုက်သည်။

"တယောက ဘာလုပ်ဖို့လဲ၊ တယောက ရန်ကုန်မှာ ရောင်းမှာပေါ့..."

"မဟုတ်ပါဘူး၊ တူရိယာပြိုင်ပွဲမှာ တယော ရွှေတံဆိပ်ဆုရတဲ့အကြောင်း ဖတ်ရလို့ မေးကြည့်တာပါ၊ ကျွန်တော် တယောထိုးကြည့်ချင်လို့..."

စိမ်းစိမ်းသည် သူကိုင်ထားသော သတင်းစာကို ဖတ်ကြည့်မိသည်။ ဟုတ်သည်။ တယော ရွှေတံဆိပ်ဆုကို သံလျင်မှ မောင်စိုးအပြင်၊ ကန်ကြီးထောင့် အမျိုးသားကျောင်းမှ ကျောင်းဆရာ မောင်ဝင်းမောင်၊ ရွှေလှိုင်လမ်းမှ စောယုသွယ်လည်း ရကြောင်း တွေ့ရသည်။

"မောင်လေးကလဲ ဒီသတင်းစာဘဲ ဖတ်ပြီး စိတ်အမျိုးမျိုးပေါက်နေတယ်..."

သူသည် သတင်းစာဖတ်ရသည်ကို စိတ်ဝင်စားနေသည်။ ညနေ ကျောင်းဆင်းလာလျှင် သတင်းစာ လာပြီလားဟု မေးတတ်သည်။ သူသည်သတင်းစာသာ မဟုတ်။ စာအုပ်များလည်း ဖတ်လာသည်။ ဇိနတ္ထပကာသနီကျမ်းကို သူဖတ်လျက်ရှိနေသည်။ ဧရာဝတီမြစ်ကြီးသည် အထက်အညာမှ ဘင်္ဂလားအော်ကွေ့ထဲသို့ စုန်ဆင်းလျက်ရှိရာ၊ နန်းရေ၊ ဒိုက်ဖတ်များ၊ အနည်းငယ် စီးမျောကာ ခက်မြွာခွဲထွက်၍ ပုသိမ်ဘက် တချို့၊ ဖျာပုံဘက်တချို့၊ ဘိုကလေး ဘက်တချို့၊ ရန်ကုန် ဒလဘက်တချို့ မြစ်လက်တက်ငယ်များစွာဖြင့် စီးလျက်ရှိသည်။ ပဲခူးရိုးမ တောင်တန်းကြီး၏ ဆန့်ထုတ်ရာတောတောင်များမှာလည်း မှိုင်းညို့စိမ်းအုပ်လျက် ရှိနေသည်။ ယင်းရိုးမ တောင်မှ လယ်ကွင်းသို့ လျှောဆင်းရာ၊ ဧရာဝတီမြစ်ခွဲများ၊ လှိုင်မြစ်ကြော ဆန့်ရာဒေသများတွင် တောသား သူပုန်များ ပျံ့နှံ့လျက် ရှိနေပေသည်။ နေဘယ်တော့မှ မဝင်ဟု ဆိုသော အင်္ဂလိပ် လက်နက်နိုင်ငံတော်ကြီးကို အာရုတိုက်၊ အာဖရိကတိုက်၌ စိုးမိုးတည်ထောင်သူ အင်္ဂလိပ်မင်းများပင် အံ့အားသင့်နေကြတော့ပေသည်။ ချောင်းရိုး၊ မြစ်ရိုး၊ တောင်ပေါ်၊ တောင်စောင်း၊ တောင်ခပန်းများ၌ သူပုန်စခန်းများ ရှိနေတော့သည်။ ရိုးမတောင်ပေါ်မှ လွင့်ပါးကာ စမ်းချောင်း စမ်းပေါက်များမှာတဆင့် မျောစီးလာသော အင်ကြင်းရွက်ထော်၊ မြရာ ရွက်ယော်များသည် မြစ်ဝကျွန်းပေါ်ရှိဗေဒါပွင့် ဒိုက်များနှင့်ရောကာ ရေထဲသို့ ကိုင်းငိုက်ကျနေသော ကနစိုပင်များ၌ ငြိနေတော့သည်။ အလံတောင်ပေါ်မှာ ဂဠုန်တံဆိပ်သည် မြစ်ဝကျွန်းပေါ် ခနိပင်ကြားသို့ ရောက်လာတော့သည်။

ဟင်္သာတဘက် ဂုံမင်းရွာ၊ အဖျောက်၊ ညောင်ပင်စု၊ မီးနင်း၊ ကိုင်းချောင်း၊ တလုပ်တော်၊ သဲဖြူ၊ ကညင်ချောင်း၊ ဒူးယား၊ နိဗ္ဗာန်၊ ပြာကတတ်၊ ခနန်စု၊ ရေတွင်းကုန်းဘက်သို့ ကူးစက်လာသည်။ ကျုံပျော်ဘက်တွင် ဇလံကျီရွာ၊ ကျွဲပုတ်၊ ကျွဲတလင်း ၊ မနော်သင်ချောင်း။ ပြည်ဘက်ဆိုလျှင်လည်း ဝက်ထီးကန် လက်ပံစု၊ ညောင်ပင်သာ မင်းတုန်းဘက်ရှိ ခင်လုခဲရွာ၊ မြောင်ရွာ၊ ထောက်ကြံ့အိုင်၊ ဥယျာဉ်မှူး၊ ပန်းတော်၊ ပလွှင်ကုန်း။ အေးသီတာရွာ ကင်းဂတ်ကို ဂဠုန်များက မီးရှို့ သွားကြသည်။ မင်းညီကိုင်ရွာတွင် သူပုန်များသည် ညစာဝင်စား၍ ပြီးမှ ပုလိပ်က သိလိုက်သည်။ မင်းလှဘက် ရေကာရွာ။ ပင်းကန်၊ စစ်စေး၊ ကျောက်ဖြုတ်၊ အင်းပျက်၊ မြောက်ပြင်၊ ညောင်မှော်၊ ထန်းလေးပင်၊ လှာပဒိုး၊ ကန်လယ်၊ နန်းကုန်း၊ ကလပ်ကြီး။ အာလံဘက်တွင် ရွှေပန်တော်၊ တောမွန်၊ ရွှေမော်ဝွန်း၊ သမ္ဗူလ....။

သစ်ရွက်များ ကြွေစပြုလာလေပြီ။ လေကား အေးမြဆဲ။ နင်းဆွတ်သော သစ်ရွက်ခြောက်နံ့များသည် ထုံလာ၏။ ခမုံချောင်းဖျားမှ သစ်ရွက်ခြောက်ရနံ့သည် သံတပွတ်ချောင်းအထိ မျောပါလာ၏။ ကျေးငှက်များသည် အညာဘက်မှ မျိုးစေ့ခြောက်များ နှုတ်သီးဖြင့် ကိုက်ကာ သယ်ဆောင်လာပြီး၊ မှန်အက်ရာများ ဖွာထွက်နေသော

ချောင်းရိုးကမ်းစပ် မြစ်လက်တက်များပေါ်သို့ ဖြန့်ဖြူးချလိုက်၏။ အညှောက်များ ထွက်ပြူလာ၏။ အပင်များ ပေါက်လာ၏။ ဂဠုန်တံဆိပ်များသည် လယ်တဲ၊ နွားတင်းကုပ်များ၌ ရှင်သန်လာ၏။

ခါတိုင်း နွေကျောင်းပိတ်ရက်တွင် ဗညားမော်သည် သူ၏မွေးရပ်ရွာသို့သွားလည်ပတ်မြဲ။ ယခုနှစ်ကား ကျောင်းလည်း စောစောပိတ်လိုက်သည်။ သို့သော် လည်စရာ မရှိတော့။ မြို့ပြင် ခမုံချောင်း မန်းသာဒွေးတို့ခြံသို့ပင် မသွားရတော့။ သူ့ရွာနှင့် သိပ်မဝေးသော ဆူးကလပ်ရွာ၌ ထကြွနေသည်ကော။ ရုံးဆိပ်မှပုလိပ်မော်တော်၊ စစ်မော်တော်များ နေ့တိုင်းထွက်ကာ သူတို့ရွာဖြတ်ပြီး ဆူးကလပ်ရွာဘက်၊ ဒေးဒရဲဘက်သို့ သွားနေသည်။ သတင်းကြီးနေသည်ကား ထန်းတောရွာ။ ရွာသား ၅၀၀ ခန့် အဝတ်ဖြူ ဆင်တူဝတ်ကာ စစ်ရေးပြနေသည်ဟု သတင်းထွက်လာသည်။ ရာမညမြို့တွင်ပင် နေဝင်တရီရော သံချောင်းခေါက်သံကြားရကာ၊ မြို့ခဏခဏ လန့်နေသည်။ ညဘက်ဆိုလျှင် လမ်းသွားလမ်းလာ မရှိတော့။ ဘာစားစရာဆိုင်မျှ မရှိတော့။

စိမ်းစိမ်းသည်ပင် နန့်ဖလော်ရာတို့အိမ်သို့ မနက်ဖက်သာ သွားရသည်။ ညနေစောင်းလျှင် ဘယ်သူမျှ အိမ်ပြင် မထွက်ကြတော့။ နန့်ဖလော်ရာက နစ်သစ်ကူး ထမင်းစာဖိတ်ရာ၊ စိမ်းစိမ်းနှင့် ဗညားမော်တို့သည် မနက်ဖက် သွားစားကြရသည်။ အခါတိုင်းလို ညဘက်၌ ဓမ္မသီချင်းသံ နားမထောင်ရတော့။

**အခန်း (၉)**

ရိုးမတောင်ပေါ်၌ကား အင်ကြင်းပွင့်များသည် ရဲနေအောင် ပွင့်ကြလေပြီ။ တောင်ခြေ၌လည်း ပေါက်ပွင့်များဖြင့် နီရဲနေကြပေသည်။ ပါးလျသော ရွှေရောင်သစ်ရွက်များသည် လွင့်နေကြသည်။ ပန်းနုရောင်၊ လိမ်မော်အနီရောင် သရက်ရွက်နုများ ဆင်ယင်လာကြသည်။ မြေပြင်၌ကား ညိုသော၊ ဝါသော၊ နီကျင်သော သစ်ရွက်ယော်များဖြင့် ကြဲခင်းထားကြသည်။ အင်ကြင်းပွင့်၊ ပေါက်ပွင့်များက နီရဲလျက်။ ဉဩငှက်သည် တေးသီလျက်ရှိသည်။ သို့သော် သူ၏တေးသံကို သေနတ်သံက ဖျက်ဆီးပစ်လိုက်သည်။

ဗညားမော်သည် စာအုပ်ဖတ်နေရင်းက အိမ်ရှေ့ဧည့်ခန်းမှ သူတို့လယ်မှ သူရင်းငှား လယ်သမားတဦး၏ ပြောသံကြားသဖြင့် ဇီနတ္ထပကာသနီကို ပိတ်ကာ ထလာသည်။ စိမ်းစိမ်းသည် လယ်သမားကြီးအနား၌ ရပ်လျက်ရှိသည်။ သူသည် ထန်းတောရွာအနားမှ ဖြစ်သည်။ ဆူးကလပ်နှင့် ထန်းတောရွာအကြား လှေနှင့် သွားလာနေသူ ဖြစ်သည်။ ထိုညနေ၌ စစ်တပ်သည် ရွာကိုဝိုင်းလိုက်သည်။ တိတ်တဆိတ်လာ၍ မရ။

မော်တော်ဝင်လာလျှင် အဝေးမှပင် မော်တော်စက်ခုတ်သံကို ကြားနေရ၏။ ထန်းတောရွာစု၌ ဂဠုန်များ စစ်လေ့ကျင့်ခန်းလုပ်နေသည် သတင်းရ၍ ဆူးကလပ်ကစ၍ ရွာများကိုဝိုင်းခြင်း ဖြစ်သည်တဲ့။ ရွာထဲသို့ စစ်တပ်ဝင်လာရာ၊ ယောက်ျားများ မတွေ့ရတော့။ လှေသမားအနည်းငယ်သာ တွေ့ရ၏။ စစ်တပ်နှင့်အတူ အင်္ဂလိပ်မျက်နှာဖြူ အရေးပိုင်လည်းပါလာသည်။ စစ်တပ်ကား ပြန်မသွား။ ရွာကိုဝိုင်းထားမြဲ။ ညနေရိုးရီတွင် လယ်ကွင်းတဖက် တောတန်းများမှ အသံများကြားလာရသည်။ စစ်တပ်က နေရာယူကာ အသင့်ပြင်ထားသည်။ တောစပ်မှ အော်လံနှင့် အသံထွက်လာသည်။

"အရေးပိုင် ပြန်သွား ပြန်သွား"

"ပြန်သွား ပြန်သွား" ဟူသော လူထုအသံသည် ပဲ့တင်ထပ်လာ၏။ အရေးပိုင်လည်း ဘာလုပ်ရမှန်းမသိ။ အမှောင်များ ကျစပြုလာပေပြီ။ နောက်ဆဲသံများ ထွက်ပေါ်လာပြန်သည်။

"ဒို့ မင်းတို့ကို ညလာပြီး သတ်မယ်၊ သတိထား။ ပစ်ဖော့ မင်းတို့ယမ်းတောင့်အကုန်ကိုသာ ဒို့စောင့်နေမယ်"

အမှောင်သည် နက်သထက်နက်လာ၏။ လယ်ကွင်း၊ ရေအိုင်၊ ကန်သင်းရိုးကိုပင် ခွဲ၍မရတော့။ ကြယ်များ ဘယ်ပျောက်နေကြသည် မသိ၊ ကြယ်မဲ့ည၊ လမဲ့ည။ စစ်တပ်လည်း ရှေ့သို့ မချီတက်ရဲ။

"ဂျပန်တွေက သိပ်သတ္တိကောင်းကြတာ၊ ခေါင်းဆောင်ကတော့ ဦးအောင်လုတဲ့၊ သူ့မိန်းမ ဒေါ်အိမ်ငြိမ်းက ကုမ္မာရီအသင်းဥက္ကဋ္ဌဘဲ" ဟု လယ်သမားကြီး ကိုဘခိုင်က ခေါင်းမှတဘက်ကို ပြင်ပတ်ရင်း အဆုံးသတ်လိုက်သည်။

စိမ်းစိမ်းနှင့်ဗညားမော်မှာ ငေး၍ နားထောင် နေကြသည်။ ထကြွနေသောနေရာများမှာ သူတို့နယ်တွင်ပင် ဖြစ်သည်။ ဒေးဒရဲ၊ ဖျာပုံဘက်၊ ကန်ရင်းကွင်း၊ ပဒေသာကုန်း၊ ကျုံဒတ်၊ သပြေကုန်းကျေးရွာများ၊ အစိုးရတပ်များ တက်လာသောအခါ ရွာသားများမရှိတော့။ ထိုအခါကျေးရွာများကို မီးရှို့သည်။ ရှမ်းကန်၊ ခလောက်ချိုက်၊ ဂျပန်ရုပ်ဆေးထိုးထားသော သူများကို လိုက်ရှာတော့သည်။ ဂျပန်က-ခ ဟူ၍ ခွဲထားသည်။ (က) ကား အမြဲတမ်း ဂျပန်တပ်။ ဘီ-၁၁၂၃ ရေယာဉ်ပျံပင် မြစ်ထဲဆင်းသည်။ ချင်းတပ်၊ ကချင်တပ်၊ အိန္ဒိယမှမှာယူသော မာရသာနှင့် ဒိုးဂရားကုလားတပ်နှင့် အခြားကုလားတပ်များသည် ဂျပန်ဌာနချုပ်ရှိရာ၊ ရိုးမတောင်များပေါ်သို့ ချီတက်ကြသည်။ တောင်ပြတ်ရွာတွင် ဖိုးနှင့်ပင်ကျဲသည်။ မကြာမီပင် ဂျပန်အလံကြီး ပြန်လွှင့်ထူကြသည်။

"ဂျပန်တပ်ဆိုတာ သူပုန်တပ်ပေါ့နော်" ဟု ဗညားမော်က တွေနေရာမှ မေးလိုက်သည်။

"ဟုတ်တယ် ဂျပန်တပ်ပေါ့၊ ဂျပန်တပ်သားဆိုရင် လက်မောင်းမှာ ဂျပန်ရုပ်ဆေးထိုးရတယ်၊ ဆေးမင်ကြောင် ထိုးသလိုပေါ့၊ ကျုပ်လက်မောင်းကြည့်ပါလား" ဟု လယ်သမား ကိုဘခိုင်က သူ့လက်မောင်းနှင့် ပေါင်မှဆေးကွက် အမဲအနီများကို ပြကာကျေနပ်စွာ ပြုံး၍ ပြောလိုက်သည်။

"ဟုတ်တယ် မောင်လေး၊ သူတို့မှာ အမိန့်တော်ပြန်တမ်းတွေ ဘာတွေရှိတယ်၊ ကြည့်ပါလား" ဟု စိမ်းစိမ်းက သတင်းစာထဲ ပါသောနေရာပြသည်။

***ဂျပန်တပ်အဖွဲ့ကြီး***

***အသင်းနံပါတ် ၂-ခွဲ အုပ်ချုပ်ရန် အသက် ၂၈ နှစ်ရှိသူ မောင်ဘိုးအောင်သို့ ရဲကျော်ကျော်ထင်ဘွဲ့တံဆိပ် သနားတော်မူလိုက်သည်။ ၁၂၉၂ ခု၊ တန်ဆောင်မုန်းလဆုတ်(၁၅)ရက်နေ့။***

**သုပဏ္ဏက ဂျပန်ရာဇာ**

ဗညားမော်ကား တွေနေပေသည်။ သူကြားရသမျှသည် ငယ်ငယ်က သူ့အမေအိပ်ရာဝင်ပြောပြသော ရွှေယုန်နှင့် ရွှေကျား သက်ကယ်ရိတ်သွားသော ပုံပြင်များ နားထောင်နေရသကဲ့သို့။ ယုံလည်းမယုံ။ သို့သော် နားထောင်ကောင်းနေ၍ ယုံနေရသလို၊ သူကိုယ်တိုင် တွေ့ရကြုံရတာ မဟုတ်၊ သူသိတာနှင့် ဖြစ်နေတာက တခြား။ တလောကလည်း သာယာဝတီဘက်၊ ဥက္ကံအရှေ့ဘက်၊ အင်ကြင်းရွာ ကင်းစောင့်တပ်ကိုလည်း ဂျပန်တပ်များက ဝင်စီးကာ လက်နက်များ ယူသွားကြသည်။ အစက လက်နက်အားကောင်းသော အင်္ဂလိပ်အား၊ ဓားလှံလေးမြားနှင့် တိုက်ခိုက်သည်ကို နားမလည်နိုင်အောင်ရှိနေရာမှ ယခုမှ အံ့သြနေရတော့သည်။

သစ်တောအရာရှိ ဥရောပတိုက်သား မစ္စတာပီးကော့သည် သူ၏စစ်တပ်များဖြင့် သာယာဝတီမြို့နှင့်၂ မိုင်ခန့်ဝေးသော ကန်ကလေးရွာ အနောက်ဖက်တောသို့ လှည့်လည်ရောက်ရှိရာ၊ သူ့အရှေ့မှ လှည်းတစင်းလာနေ၏။ မစ္စတာပီးကော့က လှည်းမောင်းသမားအား လမ်းပန်းမေးရန် လှည်းအနားသို့ ကပ်သွားသည်။ ထိုအခါ လှည်းပေါ်မှ တောသားက လှမ်း၍ ဓားနှင့်ပိုင်းလိုက်ရာ မစ္စတာပီးကော့မှာ ဖော့ဦးထုပ်ပြတ်ပြီး ခေါင်းတွင် ဒဏ်ရာရသွားသည်။

ဗညားမော်သည် ကာတွန်းများကိုပါ ဖတ်လာသည်။ ရွှေတလေးကာတွန်းများမှ မျဉ်းကြောင်းပါးပါးနှင့် လူ၏ဟန်အမူအရာကို ဖော်နိုင်သည်။ ဂဠုန်အကြောင်းရေးထားရာ သူသည် ပြုံးမိသည်။

ကာတွန်းပုံ၌ အင်္ဂလိပ်အစိုးရ အရာရှိနှင့် မြန်မာအမျိုးသား၊ ကျေးရွာသူကြီးတို့ စကားပြောနေဟန်၊ အင်္ဂလိပ်အရာရှိမှာ ခြောက်လုံးပူးသေနတ် ခါးချိတ်၍ ဘောင်းဘီတို၊ ဖော့ဦးထုပ်ဖြင့်။

အစိုးရအရာရှိ။ ။ ဂဠုန်ဆိုတာ ဘာလဲ။ အဓိပ္ပာယ်ဘာဆိုလဲ သိလား။
သူကြီး။ ။ ဂဠုန်ဆိုတာ အသေအချာတော့မသိ၊ သို့သော်လဲ ဗိုက်ထဲမှာ ဘာမှမရှိလို့ ဂလုံ ဂလုံ လို့ မြည်တာ ထင်တာဘဲ။

သူသည် ရွှေတလေး၏ကာတွန်းကို ကြည့်ရင်း လူရုပ်ပုံ ဆွဲချင်စိတ်ပေါ်လာသည်။ ရွှေတလေး၏ ပုံများမှာ မျက်လုံးအမူအရာ၊ ကိုယ်လက်ဟန်အမူအရာ ပေါ်လွင်နေတာဘဲ။ လူတယောက် တကယ်လှုပ်ရှားမှုပုံ ပါနေတာပါကလား။ သူသည် ရွှေတလေးပုံများကိုကြည့်ကာ လူပုံနှင့် အမူအရာများ ကူးဆွဲနေသည်။

## အခန်း (၁၀)

ပျဉ်းမပင်မှ ခရမ်းရောင်အပွင့်များသည် တတောလုံး တတောင်လုံး ဆင်ယင်လျက်ရှိနေသည်။ ကံ့ကော်ရနံ့များ မွှေးပျံ့လာသည်။ သကြံန်ရက်သည်ပင်လျှင် မနှစ်ကကဲ့သို့ ပျော်ရွှင်စွာ မဖြတ်သန်းတော့။ ပိတောက်ရွှေဝါတို့သည် ပွင့်ကာ ကြွေသွားကြလေပြီ။ ဥဩတို့ကား တေးသီမြဲ။ သေနတ်သံများကလည်း ပဲ့တင်ထပ်မြဲ။

ဂဠုန်များကား ပို၍ပင် ပျံ့နှံ့နေသည်။ သရက်ဖက်၊ ကာမဖက်ရှိကျေးရွာများ၊ ပုဏ္ဏားရွာ၊ နတ်မိ၊ ရွာသစ်၊ ရေနံ့သာ၊ အင်းသာ၊ ကြို့ပင်၊ မြင်းပါးချပ်၊ အင်းပြင်။ ပုသိမ်ဘက်တွင်လည်း ခေါင်းကြီး၊ သံပြား၊ ချောင်းညီနောင်။ အိန္ဒိယမှလည်း အကူကုလားစစ်တပ်များ ရောက်လာဆဲ။

ဂဠုန်ရုပ်ဆေးထိုးခြင်းများသည် အထက်အညာတခွင်သို့လည်း ရောက်သွားသည်။ ရမည်းသင်းဘက်၊ ထီးလှိုင်၊ နတ်စင်ကြီး၊ ပခုက္ကူဘက်၊ တောင်သာ၊ မိတ္ထီလာ ရှာဖွေစစ်ဆေးသူများကလည်း ဂဠုန်ရုပ်ဆေးနှင့် မြွေဆေးမှားနေကြ၏။ မန္တလေးဘက် မြစ်ငယ်အနီးရွာတရွာတွင် ဂဠုန်လေးဆယ်ကျော် ဖမ်းထားလိုက်သည်။ အမရပူရ၊ မိကျောင်းတက်၊ ဟံလင်းကြီး၊ ရွှေဘိုတို့တွင်လည်း ဂဠုန်ရုပ်များပေါ်နေ၏။ တောင်တွင်းကြီးဘက်ရှိ အိုးပေါက်တောရွာ၊ ကိုတူရွာ၊ ရှမ်းပြည်ထင်းရှူးတော၊ လက်ဘက်ခင်း ဒုဋ္ဌဝတီ မြစ်ကမ်းပါး၊ ချယ်ရီပင်ရိပ်၊ ရေတံခွန်၊ ယူကလစ်တစ်ပင်ကြား၊ လိမ္မော်ခြံများသို့ပင် ဂဠုန်ရုပ်သည် ကူးစက်နေတော့သည်။

တောင်ငူဘက်၌ မီးရထားလမ်းများ ပျက်၍ အနီးရှိလူများ မကြာခဏ အဖမ်းခံနေရ၏။ စစ်တပ်များလည်း နေရာအနှံ့အပြားသို့ ပို့နေရ၏။ ပဲခူးတောင်ဘက်၌ကား ငြိမ်သက်နေ၏။

တနေ့…။

ကဝမြို့၊ ရွာသစ်ရွာသုသာန်အနီး၊ လူအများသွားလာရာ လမ်းဘေးရှိ ညောင်ပိန္နဲပင်တွင် ဗလာစာအုပ်မျဉ်းကြောင်းနှင့် ဆင်တံဆိပ်စက္ကူဖြူပေါ်တွင် လက်ရေးဖြင့်ရေးကာ သံမှိုဖြင့်ကပ်ထားသော ဂဠုန်အဖွဲ့၏စာကို တပေါင်းလ နံနက်စောစော၌ ဖတ်ကြရသည်။

*ဂဠုန်ရာဇာ စစ်ဗိုလ်ကြီး၏ အမိန့်(သတိထား)*

*ပဲခူးတောင်ပိုင်း နယ်သားများ သိစေရမည်။ အသင်တို့သည် ယခုထက်တိုင် နိုင်ငံရေး၊ အမျိုးသားရေးများကို နား၊ မျက်စိမရှိသောသူများဟု ကျွန်ုပ်တို့သိရှိရလေသည်။ ထိုအတွက် အသင်တို့သည် အမျိုးသားစာရင်းမှ လွတ်ကင်းကြသောကြောင့် သတိကောင်းစွာ ထားကြရမည်။*

*နယ်အတွင်းရှိ ကျွန်ုပ်တို့ အဖွဲ့သားများတို့သည် အသင့်ပြင်ထားကြရမည်။ အမျိုးသားများအတွက် လုပ်ကိုင်ဆောင်ရွက်ရန် ကိစ္စများ မကြာမီ အမိန့်ထုတ်ဝေကြော်ငြာလိမ့်မည်။*

**အောင်သိဒ္ဓိ**

**ဂဠုန်ရာဇာအဖွဲ့ကြီး၏ ပြန်ကြားရေးဘက်ဆိုင်ရာ။**

သစ်ပင်တွင်ကပ်ထားသော စက္ကူရွက်ကို လူအများ ဝိုင်းအုံဖတ်ရှုနေကြသည်။ လယ်သူမများမှာ ကြောက်၍ ပါးစပ်က တိုးတိုးပြောကာ မျက်စိမျက်နှာပျက်ပြီး ထွက်သွားကြသည်။ ဘုန်းကြီးကျောင်းသားများကား တယောက်ပြီး တယောက် လာဖတ်ကြ၏။ ဘုန်းတော်ကြီးတပါးလည်း ဖတ်နေ၏။

နေရောင်သည် စက္ကူစာရွက်ပေါ်၌ ထိုးရိုက်နေ၏။ ထို့နောက် အရိပ်ကွယ်သွား၏။ နေ့လယ်တွင်ကား ညောင်ပိန္နဲပင်အပါး၌ လူမရှိတော့။ ကံ့ကော်နံ့ ယစ်ထုံသော တပေါင်းလေသည် စက္ကူရွက်ကို တောင်မြောက် ဘယ်ညာပြောင်း၍ ဝှေ့ယမ်းနေ၏။ စက္ကူရွက်သည် တဖျတ်ဖျတ်ရိုက်၏။ သို့သော် လွင့်မသွား၊ ညနေဘက်၌ လူများ အုံနေကြပြန်သည်။

တောတန်းတဖက်၌ကား အင်ကြင်းပွင့်၊ ပေါက်ပွင့်တို့သည် ရဲရဲနီမြန်းလျက်။ ရွှေရောင်သစ်ရွက်ယော်များသည် လွင့်ပျံနေကြ၏။ နေသည် လယ်ကွင်းထဲသို့ စိုက်ကျသွားလေပြီ။ ကောင်းကင်သည် ဖန်သားပန်းနုရောင် ပြေးနေ၏။ အင်ကြင်းပွင့်၊ ပေါက်ပွင့်အနီ ရင့်ကြပေပြီ။ ဖန်သားသည် အနီရင့်လာကာ၊ အင်ကြင်းပွင့်များသည် ပို၍ အနီရင့်စွေးလာလေပြီ။

ထိုညသို့ တပေါင်းလပြည့်ဝန်းသည် ဂဠုန်အဖွဲ့ကြေညာချက်စာရွက်ပေါ်သို့ ထောပနာပြုလိုက်သည်။ စာရွက်ကလေးသည် မြကျောက်ရတနာတို့ဖြင့် တဖိတ်ဖိတ် စိမ်းစိမ်းလက်နေ၏။ နွေညလေသည် ပြင်းထန်စွာ တိုက်နေ၏။ စာရွက်ကား လွင့်မသွား။ သစ်ရွက်ဟောင်းများသည် ရုပ်တိုက်ပြေးလွှားနေကြ၏။ အင်ကြင်းပွင့်များ၊ ကြွေကြလေပြီ။ စပယ်နံ့ သင်းလာပြန်သည်။ လဝန်းမြတို့သည် ညောင်ပိန္နဲပင်ကြီးအား ဆင်ယင်ပြန်သည်။ နေဝန်းနီတို့သည်လည်း ဆင်ယင်ပြန်သည်။ စပယ်နံ့သင်းလာပြန်၏။ မိုးရေများသည် ပက်ဆမ်းလိုက်ပြန်သည်။ ညောင်ပိန္နဲပင်သည် မိုးသက်လေကြောင့် သိမ့်သိမ့်ခါနေ၏။ စက္ကူရွက်ကား လွင့်မသွား။

ဗညားမော်မှာ လူရုပ်များ စမ်းရေးနေသည်။ စိမ်းစိမ်းက ကူးရေးရန် ရိုးကုမ္ပဏီမှာထုတ်သော ကြော်ငြာစာအုပ်မှ အင်္ဂလိပ်မ ပုံများ ရှာပေးရသည်။ ရှိုးမတောင်ခြေ၊ စမ်းအိုင်၊ တောတန်းများ၌ကား သေနတ်သံတို့ ညံဆဲ။ အင်းကြင်းရွက်၊ မြရာရွက်များပေါ်၌ တောင်ကျရေသည် ဒလဟောစီးဆင်းဆဲ။ စိမ်းစိမ်းသည် သူရိယသတင်းစာကို အံဆွဲထဲသို့ထည့်နေစဉ် တံခါးဝမှ ဗညားမော်တို့နှင့် ဗလတို့ ရောက်လာသည်။ သူမသည် သတင်းစာကို ချက်ချင်းပင် ထိုးထည့်လိုက်သည်။

ဗညားမော်က လှမ်းမြင်ကာ "စိမ်းစိမ်း သတင်းစာရောက်ပြီ မဟုတ်လား"

"မ…မဟုတ်ပါဘူး၊ မောင်လေးကလဲ"

ဗညားမော်မှာ စိမ်းစိမ်း၏ မျက်နှာကို အံ့အားသင့်ကာ ကြည့်နေ၏။ စိမ်းစိမ်းမှာ မျက်စိမျက်နှာ ပျက်နေ၏။

"ဟဲ့…ခင်ထားလှိုင် မတွေ့ဘူးလား၊ ဘုရားကပြန်လာတယ်၊ အင်္ကျီလေးက သိပ်လှတာဘဲ၊ စကားဝါရောင် နုနုလေး"

ဗလက စိမ်းစိမ်းအား ငေးကြည့်နေ၏။

ဗညားမော်က မကြားသလို "သတင်းစာ ပြစမ်းပါ၊ သဘော်ာခုနကမှ ဆိုက်တာ၊ ဒီကနေ့သတင်းစာ လာရောပေါ့"

စိမ်းစိမ်းသည် သူမ၏ကိုယ်ဖြင့် စားပွဲအံဆွဲကို ဖိကပ်ထားလိုက်သည်။ ဗညားမော်သည် အစထွက်နေသော သတင်းစာကို ဆွဲလိုက်သည်။ စာရွက်တပိုင်းပင် စုတ်သွား၏။ ဗလမှာ အံ့သြနေသည်။

"မောင်လေး မကြည့်နဲ့" ဟု စိမ်းစိမ်းက အော်ကာ မောင်လေးလက်ထဲက သတင်းစာကို ပြန်လု၏။ မရှိတော့။ သူ့မောင်သည် မျက်နှာဖုံးကို ကြည့်လိုက်လေသည်။

ခုံတန်းပေါ်၌ စီရရီတင်ထားသော ယောင်ထုံးဆံပင်ဖားလျားနှင့် ခေါင်းဖြတ်ငုံးတိပုံများဓာတ်ပုံ။ ဓာတ်ပုံအောက်၌ `နဝင်းချောင်းတိုက်ပွဲမှ သူပုန်(၁၆)ဦးတို့၏ ခေါင်းများကို ဖြတ်၍ ပြည်မြို့သို့ယူဆောင်လာသောပုံ´ဟု ရေးထားသည်။ အောက်၌ သတင်းထည့်ထားသည်။

ဖွန် ၄ ရက်၊ ကြာသာပတေးနေ့၊ သုံးနာရီအချိန်တွင် ပြည်မြို့ပိုင်၊ ပေါက်ခေါင်းမြို့မှ ဆိုင်ရာသို့ အထူးသံကြိုး ရိုက်ကြားလိုက်သဖြင့် စစ်ပုလိပ်ဘက်ကပ္ပတိန်နှင့်တကွ နံပါတ် ၁၅ ပန်ချာပီ စစ်ပုလိပ်တပ်နှင့် နံပါတ် ၂၀ မြန်မာ၊ ကချင် တပ်များသည် ပေါက်ခေါင်းမြို့သို့ ၄ မိုင်ကွာ နဝင်းချောင်းသို့ တဖန်ဆက်လက်သွားကြ၍ ထိုနေရာတွင် လူ ၅၀၀ ခန့်မျှရှိ သူပုန်စုကြီးကိုတွေ့ရကြောင်း၊ တိုက်ခိုက်ကြရာတွင် သူပုန်ဘက်မှ လူ ၁၆ ယောက်ကျဆုံး၍ လူ ၂ ယောက်ကို လက်ရဖမ်းဆီး ရမိကြောင်း၊ ကျန်လူတို့မှာ အလွတ်ထွက်ပြေးကြကြောင်း၊ သူပုန်ဘက်မှ ကျဆုံးသွားသော လူ ၁၆ယောက်တို့၏ ဦးခေါင်းးကို စုံစမ်းစစ်ဆေးရန်အတွက် ဖြတ်ယူပြီး ပြည်မြို့စစ်ပုလိပ်ဌာန တခုသို့ နေ့လည်ချိန် မော်တော်လော်ရီနှင့် စစ်ပုလိပ်များ စောင့်ကြပ်ပြီး၊ အထူးယူဆောင်လာကြကြောင်း။

ဗညားမော်သည် သတင်းစာရွက်ကို စားပွဲပေါ်သို့ လွှတ်ချကာ လက်က ကုလားထိုင်နောက်မှီကို ဖမ်းကိုင် လိုက်သည်။ သူ၏ကိုယ်သည် ယိုင်သွားသည်။ ဖြန်းကနဲ သူ၏နလုံးသို့ သွားရိုက်သည်။

"မကြည့်ပါနဲ့ဆိုတာကိုကွယ်…မောင်လေးကို ပြောသားနဲ့" ဟု စိမ်းစိမ်းက တုန်ရီသောအသံနှင့်ဆိုကာ သူ၏ လက်မောင်းကို ဆုပ်လိုက်သည်။ စိမ်းစိမ်းသည် သူ၏နလုံးသားကို သိသည်။

ဗလက သူတို့အားကြည့်ကာ "ကျွန်တော်နဲ့ အောင်ဒင်လဲ ခုနက ဈေးထဲက လက်ဘက်ရည်ဆိုင်က ဖတ်ပြီးခဲ့ပြီ၊ အောင်ဒင်ကတောင် ပြောသေးတယ်၊ ကောင်းတယ်တဲ့၊ ဂျွန်တွေ ဒါမှ ကောင်းတယ်တဲ့"

ဗညားမော်က ငေးနေသည်။ သူ၏ရင်သည် တဒိတ်ဒိတ်ခုန်လျက်ရှိသည်။ သူ၏မျက်လုံးထဲတွင်နင်းများဝေ နေသည်။ ညနေခင်းလော၊ ညလော၊ လူလော၊ ကျေးငှက်လော၊ လလော၊ နေလော။

စိမ်းစိမ်းသည် နောက်ဖေးထွက်သွားကာ ရေတဖန်ခွက်နှင့် ပြန်လာပြီး… "ရော့ မောင်လေး ရေသောက်ချလိုက်"

ဗညားမော်သည် ဘာမျှမပြောဘဲ ကြင်နာသော စိမ်းစိမ်း၏ လက်မှ ဖန်ခွက်ကို ယူကာသောက်ချသည်။ သူ၏ လက်သည် တုန်နေ၏။ ထို့နောက် အိုဒီကလုံး ပြင်သစ်ရေမွှေးနံ့ ပျံ့သင်းလာ၏။

**အခန်း (၁၁)**

"ဟော့…ဗညားမော်၊ မင်းကို ကြည့်နေတယ်ကွ"

"အသာနေစမ်းပါ၊ ဒို့ဗမာရာဇဝင်မှာ ရှေးရှေးခေတ်က…"

"မင်းကို ကြည့်နေတယ်…"

"ငါပြောတာ နားထောင်စမ်းပါအုံး၊ ရှေးခေတ်က ဒို့ဗမာဘုရင်တွေဟာ နေမင်းကြီးက မွေးဖွားလာတာတဲ့ကွ၊ မဟုတ်ဖူးလား"

"တကယ်မင်းကို ကြည့်နေတာ၊ အခုတော့ ဟိုဘက် လှည့်သွားပြီ၊ မင်း စကားများနေတာနဲ့"

ဗလက သူတို့ရှေ့ ခုံဘေးတန်းအစွန်၌ ထိုင်နေသော ခင်ထားလှိုင်အကြောင်း ပြောနေသည်။ ဗညားမော်ကလည်း သူ့ကို ပြန်မပြောအား။

မိုးဦးကျောင်းပြန်ဖွင့်သောအခါ၊ သူတို့အားလုံး ၇ တန်းကို တက်ကြရသည်။ ရင်ရင်မြ၊ ခင်ထားလှိုင်၊ခင်ဇော်၊ ဘစန်း၊ ဗလ။ အားလုံး ၆ တန်းအောင်ကြသည်။ အောင်ဒင်နှင့် စိန်ဝမ်မှ လွဲ၍။ အောင်ဒင်မှာ သူတို့ထက် အသက်ကြီးသော်လည်း အတန်းထဲ၌ စာညံ့သူ၊ သချာင်္လည်းညံ့၊ အင်္ဂလိပ်စာလည်းညံ့။ မန်းသာဒွေးမှာ ၇တန်းအောင်၍ ၈ တန်းတက်ရသည်။ သူတို့ကျောင်းမှာ ယခုနှစ်မှစ၍ အထက်တန်းကျောင်းဖြစ်လာ၍ ဖျာပုံသို့ မပြောင်းရတော့။

ကျောင်းစတက်သောနေ့ဖြစ်၍ စာကောင်းကောင်းမသင်။ ဆရာမစန်းစန်းနုမှာ ၇တန်းပြဆရာ ဖြစ်လာသည်။ ၈တန်းကို ကျောင်းအုပ်ကြီး ဦးဟန်တင့်ကိုယ်တိုင် ကိုင်သည်။ စန်းစန်းနုမှာ ကျောင်းအုပ်ကြီး ရုံးခန်းသို့သွားကာ အစီအစဉ်သစ်များကို သွားယူနေဆဲ။ ကျောင်းသားများက တယောက်တပေါက် စကားများနေကြသည်။ ကိုယ့်အစုနှင့်ကိုယ်။

ခင်ထားလှိုင်မှာ လှနေမြဲ။ ဒီကနေ့ လက်စက ခပ်ပွပွ ဇာနားတပ်အကျီအဖြူ။ ထမီမှာမီးခိုးရောင်ပေါ်၌ ပန်းပွင့် ပန်းရွက် အစိမ်း၊ ခရမ်း၊ အနီ၊ အပြာရင့်များ ယှက်လိမ်လှိုင်းထနေသော အဆင်။ သူမသည် ရင်ရင်မြနှင့် စကားကောင်းနေ၏။

ကျောင်းဝင်းထဲဝင်လာကြသောအခါ အဝ၌ အောင်ဒင်နှင့်ဆုံမိကြသည်။ အောင်ဒင်က မျက်နှာသိပ်မကြည်။ ဘယ်သူ့ကိုမျှ နှုတ်မဆက်။ ဗလနှင့် မန်းသာဒွေးမှာ ရပ်ကာ စကားကောင်းနေကြ၏။ ခင်ထားလှိုင်မှာ ရင်ရင်မြနှင့်လက်တွဲကာ ဝင်လာကြသည်။ အောင်ဒင်က ခင်ထားလှိုင်ကို ငေးကြည့်နေသည်။ ခင်ထားလှိုင်က မည်သူ့ကိုမျှ မကြည့်။ ဗညားမော်မှာ စိန်ပန်းပွင့်ကြွေများကို ငေးမောနေသည်။ ခင်ထားလှိုင် သူတို့အပါး ဖြတ်လာသည်ကိုပင် သိပုံမရ၊ ကျောင်းဘက်သို့ ကွေ့လိုက်သော လမ်းတလမ်းလုံး စိန်ပန်းပွင့်ကြွေများဖြင့် ခင်းကြဲထားပေသည်။ အစိမ်းထဲမှရဲနေကြ၏။ နေရောင်ကား မရှိ။ သို့သော် မိုးလည်းမရွာ။ ကောင်းကင်တပိုင်းတွင် ပြာလဲ့လဲ့သန်းနေ၏။ လေကတိုက်လိုက်သောအခါ သစ်ရွက်များပေါ်၌ တင်နေသော မိုးရေစက်များ ကျလာသည်။ စိန်ပန်းပွင့်များလည်း ကြွေကျလာကြသည်။ ဗညားမော်သည် စိန်းပန်းပွင့်နီများကို လက်ဖြင့်ဆန့်တန်းကာ ဖမ်းနေသည်။ သူ၏အကျီပေါ်တွင် တင်နေသော စိန်ပန်းပွင့်များကို ယူမပစ်။ ဗလက သူ့ကို ပြုံးကြည့်နေ၏။

ဗညားမော်နှင့် ဗလမှာ ပြတင်းပေါက်ဘေးရှိ ခုံတွင် အတူထိုင်ကြသည်။ ပြတင်းပေါက်မှ ရေကန်နှင့် စိန်ပန်းပင်များကို မြင်နေရသည်။ ရေကန်ကျော်လျှင် ဘောလုံးကွင်းကြီးနှင့် မြို့အစွန်က ဘုန်းကြီးကျောင်းများ၊ သစ်ပင်ရိပ်စိမ်းပေါ်မှ အမိုးပြသာဒ်ချွန်ချွန်များ ပုံသဏ္ဍာန်ကို လှမ်းမြင်နေရပေသည်။

ဗညားမော်မှာ ကျောင်းပိတ်ရက်အတွင်း ဘယ်မှမသွား၊ အိမ်တွင်ကုပ်ကာ စာဖတ်နေသည်။ ဇိနတ္ထပကာသနီ ပြီးလျှင် မဟာရာဇဝင်ကြီးကို ဆက်ဖတ်နေသည်။ သူ့အဖိုး ဦးကျေးမော်၏ စာအုပ်ဘီရိုထဲမှ ယူဖတ်သည်။ ဗလမှာလည်း စာဖတ်သမား။ သူ့ထက်ပင် စောစော စာဖတ်သူ။ သူ အခုတလော ရာဇဝင်ကို စိတ်ဝင်စားနေမိသည်။ ပြည်မြို့မှ သူပုန် ခေါင်းပြတ်ငုံးတိ ဓာတ်ပုံများကို တွေ့ပြီးကတည်းက သာယာဝတီ သူပုန်အရေးတော်ပုံကို စိတ်ဝင်စားနေသည်။ သူတို့ကို စိုးမိုးအုပ်ချုပ်သော အင်္ဂလိပ်အစိုးရမင်းကို စူးစမ်းနေမိသည်။ စူးစမ်းရင်း မြန်မာမင်းများအကြောင်း သိချင်လာသည်။ စိမ်းစိမ်းလည်း မေး၍ မရ။ သူ့၌ ပုစ္ဆာများက ထပ်ကာထပ်ကာ တိုးပွားလာသည်။ ထိုအခါ ရာဇဝင်စာအုပ်များကို လှန်လှောကာ အဖြေရှာသည်။ သူမရှင်းတာကို ဗလနှင့် ညှိကြည့်ချင်သည်။

"ဒို့ ရှေးရှေးက ဗမာဘုရင်တွေဟာ နေမင်းကြီးက ဆင်းသက်လာတာ မဟုတ်ဖူးလား" ဟု ဗညားမော်က ထပ်၍မေးနေသည်။

"မင်းက ရာဇဝင်စာအုပ်ထဲက ဖတ်ပြောတာ မဟုတ်လား"

"အေးပေါ့...နေမင်းသားနဲ့ နဂါးမနဲ့ကနေပြီး ဥနစ်လုံး အုလိုက်တာ၊ အညိုဥနဲ့၊ အဖြူဥ၊ အဖြူဥကနေပြီး ပြူစောထီးမင်းသား ပေါက်လာတာတဲ့ကွ"

ဗလက ဘာမျှ ပြန်မပြော။ သူတို့ ငယ်ငယ်ကပင် အမိအဖ၊ အဖိုးအဖွားများထံမှ ကြားခဲ့ရသော အဖြစ်မျိုး။ နေနတ်သား၊ လနတ်သမီး၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ နဂါးမင်းသား၊ နဂါးမင်းသမီး။ နဂါးမှာ ဘုရားတန်ဆောင်း၊ ဘုန်းကြီးကျောင်းများ၏ အဆင်အယင်၌ ခြင်္သေ့ရုပ်နှင့်အတူ တွေ့ခဲ့ရသည်။ မှန်စီရွှေချနဂါး၊ ရွှေရောင်နဂါး၊ ဟင်္သာပြဒါး သုတ်ထားသော နဂါးအနီ၊ စစ္စေးရောင် မည်းနက်နေသောနဂါး။ နဂါးရုပ်များမှာ ပန်းပုဆရာ၊ ပန်းချီဆရာ၊ ပန်းပွတ်ဆရာတို့၏ စိတ်ကူးသွန်းထု ခြယ်ရေးရာ ဖြစ်လာတော့သည်။

နဂါးမသည် နေမင်းသားနှင့်ရသော သန္ဓေဖြင့် ဖွားခါနီးသောအခါသူမ၏ မောင်တော်နေနတ်သားထံသို့ ကျီးဖြူအား လွှတ်လိုက်သည်။ နေမင်းသားက ကျီးဖြူအား ပတ္တမြားတထုပ် ပေးလိုက်သည်။ လမ်းခရီး၌ ဆာလောင်သောကျီးဖြူသည် ကုန်သည်များ ခရီးစခန်းတခု၌ နားလေသော်၊ ပတ္တမြားထုပ်ကို သစ်ပင်ခွကြား၌ ထားခဲ့ပြီး၊ သင်္ဘောသူကြီး ကုန်သည်တို့ စားသောက်နေသောနေရာမှ စားကြွင်းစားကျန်များကို စားသောက်နေသည် ဆိုဘဲ။ ထိုအခါကုန်သည်က သစ်ပင်ခွကြားမှ အထုပ်ကိုဖြည်ကြည့်သော် အဖိုးတန် ပတ္တမြားများကို တွေ့ရှိ၍ ယင်းပတ္တမြားများကို ထုတ်ယူကာ၊ ယင်းအစား ချေးခြောက်များကိုထားပြီး၊ အထုပ်မပျက် ပြန်ထုပ်ထားလိုက်သည်။ ကျီးဖြူသည် စားသောက်ပြီး၍ အထုပ်ကိုချီကာ နဂါးမထံသို့ သွား၏။ နဂါးမက မောင်တော် နေမင်းသား ပေးလိုက်သော အထုပ်ကို ဖြည်ကြည့်လိုက်သောအခါ ချေးခြောက်များကို တွေ့ရှိ၍ ဝမ်းနည်းသွားသည်။ သူမသည် တောင်ယံတခု၌ မိမိ၏ ပိဋ္ဌိသန္ဓေကို ဥအဖြစ် အုခဲ့ကာ စိတ်နာစွာဖြင့်နေရပ်သို့ ပြန်သွားလေတော့သည်။

တောပစ်လာသော မုဆိုးသည် တောင်ယံ၌ ဥကိုမြင်သော် အားရဝမ်းသာ ယူဆောင်ခဲ့သည်။ မိုးသက်မုန်တိုင်းကြီး ကျလာသည်။ ချောင်းကိုကူးရင်း ဥသည် မုဆိုးလက်ထဲမှ လွှတ်ကျပြီး၊ ရေစီးရာပါသွားတော့သည်။ ဥအညိုသည် တကောင်းပြည်သို့ ရောက်ကာ အမျိုးသမီးအဖြစ် ပေါက်သည်။ ဥအဖြူသည် ရောဝတီမြစ်အတိုင်း

မျောပါလာရာ၊ ညောင်ဦးအရပ် ရွာတရွာ၏ ကမ်းပါး၌ ဆိုက်၍၊ ပျူအိုလင်မယားက ဆယ်ယူလိုက်ပြီး တောင်ခြေရင်းရှိ ရသေ့တပါးထံ၌ အပ်သည်။ အချိန်စေ့သော် ချောမောလှပသော အမျိုးသားအဖြစ် ပေါက်ပြီး၊ ရသေ့က ပညာစုံသင်ပေးရာ၊ နောင်အခါ၌ ပုဂံပြည်၌ ဖျက်ဆီးသောင်းကျန်းလျက်ရှိနေသော၊ ကျားကြီး၊ ဝက်ကြီး၊ ငှက်ကြီး၊ ရှူးပျံကြီးတို့ကို နှိမ်နင်းသော သူရဲကောင်းမင်းသား ပြူစောထီးမင်းဖြစ်လာလေသည်ဆိုဘဲ။

နဂါးမလေးကို သနားမိသည်။ အစားမက်သော တမာန်တော် ကျီးဖြူကို ဒေါသဖြစ်မိသည်။ ရန်တကာကို နိုင်အောင် တိုက်နိုင်သော ပြူစောထီးမင်းကို အားကျမိသည်။ ပုဂံခေတ်ထက် နှစ်ပေါင်း ၄၀၀ ခန့်စောသော သရေခေတ္တရာ ပြည်တည်ပုံမှာ ပို၍ပင် လွမ်းစရာကောင်းသေးသည်။ မျက်မမြင်မင်းသားနှစ်ပါး ဧရာဝတီမြစ်တကျော ဖောင်နှင့်မျောနေရာမှ ချောမောသော ဗေဒါရီအမျိုးသမီးနှင့် တွေ့ခန်းမှာ လှပဆန်းသစ်နေသည်။ ဗညားမော် ယင်းဒွတ္တဘောင်မင်း အမိအဖများ၏ အချစ်ဇာတ်လမ်းကိုဖတ်ရင်း၊ သူကိုယ်တိုင်ပင် ဖောင်ပေါ်သို့ ရောက်နေတော့သည်အထိ ခံစားမိပေသည်။

သူဖတ်နေသည်ကို ဘေးကနားထောင်နေသော စိမ်းစိမ်းက "အမျိုးသမီးတွေရဲ့ မျက်လုံးကို သမင်မျက်လုံးလို့ ရေးကြတာ ဒါကြောင့်နေမှာပေါ့ဟဲ့၊ နှင့်ဗေဒါရီ အပျိုချောက သမင်မ မွေးတာကို၊ သမင်မျက်လုံးဆိုတာ ကြည်လင်တောက်ပပြီး ရွှန်းလဲ့နေတာ"

"စိမ်းစိမ်းက သမင်မ မြင်ဘူးလို့လား"

"မြင်ဘူးတာပေါ့ အမက ရန်ကုန် တိရစ္ဆာန်ရုံရောက်ဖူးတယ်၊ ဒို့အဖိုးအဖွားများလဲပြောဘူးတယ်၊ ဒို့ရွာတွေဟာ အစတုန်းက ခုလို လယ်ကွင်းတွေ မဟုတ်ဖူးတဲ့၊ ကနစိုတောကြီးတဲ့၊ မှိုင်းညို့နေတာဘဲတဲ့၊ တကယ့် တောကြီးခေါင်ခေါင်ပေါ့၊ ကျားတွေလဲ ရှိတယ်၊ သမင်တွေလဲ ရှိတယ်၊ သမင်တွေရဲ့ မျက်လုံးဟာ သိပ်လှတာဘဲတဲ့၊ ဝိုင်းလို့-ကြည်လို့-ရွှန်းလို့တဲ့၊ မောင်လေးတို့ အမေဘက်က ဆွေမျိုးတွေက ဟို… အထက်ညာမုန်းချောင်းက ပြေးလာကြတာတဲ့၊ အင်္ဂလိပ်အတက်မှာ တိုင်းပြည်ပျက်ပြီး၊ မုန်းစု ဆိုတဲ့ ရွာရှိတယ်၊ အဲဒါ မုန်းသားတွေ တည်တဲ့ ရွာသစ်ပေါ့၊ အောက်ပြည် မွန်တို့ဒေသရောက်မှ လယ်ယာတွေ လုပ်ရတာ၊ ကနစိုတောတွေကို ခုတ်ထွင် ရှင်းလင်းပြီး လုပ်ရတာ၊ ဓားမဦးချလယ်လို့ ခေါ်ကြတယ်၊ အဖေ့ဘက်ကတော့ ဒီအောက်က.."

ဗညားမော်သည် မဟာရာဇဝင်စာအုပ်ကို ပိတ်ကာ မုန်းချောင်းမှ လူတစု ဧရာဝတီမြစ်တလျှောက် စုန်ဆင်းကာ၊ ဒိုက်ဗေဒါများ၊ ကနစိုတောများ လွှမ်းရာဒေသသို့ ရောက်လာပုံကို မှန်းကြည့်နေမိသည်။ သူသည် မျက်လုံးကို မိတ်ထားလိုက်သည်။ ပြာလဲ့လဲ့ ခရမ်းနဗေဒါပွင့်များနှင့် နီရဲသော ကနစိုပွင့်များသည် ယှက်သန်းနေကြပြီး မြူခိုးများသည် ဝေနေကြသည်။ ပျူလူမျိုးနှင့် နဂါးသည် ရစ်ပတ်နှောင်ဖွဲ့နေကြသည်။ မွန်လူမျိုးများ အကြောင်းကား စာအုပ်ထဲ၌ သိပ်မပါ။

"အဲဒီတုန်းက သူပုန်တွေ မရှိဘူးလား စိမ်းစိမ်း"

ဗညားမော်က ကောက်ကာငင်ကာ မေးလိုက်သဖြင့် စိမ်းစိမ်းမှာ ရုတ်တရက် ဘာမျှမဖြေတတ်။ စိမ်းစိမ်းမှာ ငေးသွားသည်။

"ဘယ်သူပုန်လဲ မောင်လေး"

"အခုလို အစိုးရတိုက်တဲ့ သူပုန်ပေါ့"

"နေအုံး မောင်လေး အဖွားတို့ ပြောတာရှိတယ်၊ အဖွားတို့က အဲဒီတုန်းက အပျိုပေါက်အရွယ်၊ မြန်မာဘုရင် မင်းမြတ်ကို အင်္ဂလိပ်က ဖမ်းသွားတာကို၊ အဲဒီတော့ သူများလက်အောက်ခံ ဖြစ်ရမှာကို မကျေနပ်တဲ့သူတွေက သူပုန်ထကြတယ်၊ သူပုန်တွေကတော့ အနှံ့အပြား အများကြီးပေါ့၊ အဲဒီထဲမှာ အမတို့ရွာတဝိုက်မှာလဲ မြင်းဖြူကြီးစီးပြီး ပိုးခေါင်းပေါင်း ပေါင်းထားတဲ့ သူပုန်ဗိုလ်တယောက်ရှိသတဲ့၊ အဲဒီ သူပုန်ဗိုလ်နာမယ်က ဗိုလ်သာဒင်တဲ့၊ သူက သေနတ်လဲပီး-ဓားလဲပီး၊ ကုလားစစ်တပ်တွေကလဲ သူ့ကို သိပ်ကြောက်ကြတာတဲ့.."

ဗညားမော်၏ စိတ်ကူးထဲ၌ကား ပိုးပုဝါတလွင့်လွင့်၊ ဓားရောင်တလက်လက်ဖြင့် မြင်းကြီးစီးထားသော သူပုန်ဗိုလ်ကို ငေးနေမိသည်။ မြင်းစီးသူသည် နက်မှောင်သော ကနစိုတောထဲ၌ တရိပ်ရိပ်သွားလျက် ရှိပေသည်။

"အဲဒါနဲ့ တနေ့ကျသော ဗိုလ်သာဒင် မိသွားတယ်။ သူ့ကို သေနတ်နဲ့ ပစ်လဲမရဘူး၊ ဓားနဲ့ခုတ်လဲ သွေးမထွက်ဘူး၊ ဒါနဲ့ နောက်ဆုံးတော့ ကြိုးနဲ့တုပ်ပြီး ရေတွင်းထဲ ပစ်ချလိုက်တယ်တဲ့၊ အဲဒီတော့မှ သေတယ်"

ဗညားမော်သည် ငြိမ်သက်စွာ နားထောင်နေသည်။ သူပုန်ဗိုလ်ကြိုးတွဲလောင်းဖြင့် ရေတွင်းထဲရောက်သွားသည်။ ထို့နောက် ခေါင်းပြတ်တခုသည် ရေထဲမှ ဘွားကနဲ ပေါ်လာသည်။ သူသည် သက်ပြင်းတချက် ချလိုက်သည်။ ထို့နောက် ခေါင်းပြတ်များသည် စီရရီပေါ်လာကြသည်။ သူသည် သက်ပြင်းချလိုက်ပြန်သည်။ ဘာကြောင့်များ သူပုန်ထ ကြပ့ါလိမ့်။ အဖြေကားမရ။ စိမ်းစိမ်းလည်း မပြောနိုင်။ သူသည် မြင်းဖြူစီးဗိုလ်၊ ခေါင်းပြတ်၊ ဂဠုန်တံဆိပ်၊ ငှက်ကြီးတောင်ဓား ပြဿနာတို့၏ အဖြေကို ရာဇဝင်စာအုပ်ထဲ၌ ရှာဖွေသည်။ သူတွေ့သည်ကား၊ နေမင်းသား၊ နဂါးမ၊ စန္ဒမုခိဘီလူးမ၊ လှပဝင်းနသော ဗေဒါရီ အပျိုချော၊ ဒွတ္တဘောင်မင်းကြီး၏ အခွန်ကောက်သော လှံပျံ။

လယ်ကွင်းထဲမှ ဖြတ်သန်း၍လာသောလေသည် လတ်ဆတ်နေ၏။ ကောင်းကင်သည် လင်းလာပြန်၏။ ရေကန်ထဲ၌ အပြာရိပ်များ ပေါ်လာ၏။

"မင်းဘယ့်နယ်သဘောရသလဲ" ဟု သူက ဗလအား ထပ်မေးသည်။

အတန်းကား ဆူညံလျက်ရှိသည်။ ခင်ထားလှိုင်နှင့် ရင်ရင်မြမှာ ရယ်မောလျက်ရှိသည်။ အခြားကျောင်းသူများ ဖြစ်သော ကြည်ကြည်၊ မသန်းမြ၊ အမာတို့လည်း စကားကောင်းနေကြ၏။ ကြည်ကြည်ကား ဖြူဖြူသေးသေး၊ ပိန်ပိန်လျလျ။ အမြဲတမ်း အားနေသလို မှတ်ရသည်။ သူ့ကို ပိုးဟပ်ဖြူဟု ခေါ်ကြသည်။ မသန်းမြမှာ အသားညိုပြီး လုံးကြီးပေါက်လှ။ အမာကား သူတို့ထဲတွင် အချောဆုံး၊ နွဲ့နွဲ့။ စကားနည်းသည်။ သို့သော် လူချစ်လူခင်များသည်။

"ဖတ်လို့တော့ ကောင်းတယ် မဟုတ်လား" ဟု ဗလက သူ့အား မေးလိုက်သည်။

"ကောင်းတယ်၊ သိပ်ဖတ်လို့ ကောင်းတယ်၊ ငါတော့ ဇိနတ္တပကာသနီထက်တောင် ကြိုက်သေးတယ်၊ ဖတ်ရင်း အဲဒီစာအုပ်ထဲ တကယ်ရောက်သွားသလိုဘဲကွ"

"ဒါဖြင့် ပြီးရောပေါ့ကွာ၊ ငါလဲ ဖတ်ကောင်းတာ ဖတ်တာဘဲ၊ ဖတ်လို့ မကောင်းရင် စာအုပ်ကို ချလိုက်တာဘဲ၊ ဒါပေမယ့် ငါတို့အဖေ ပြောတာ ကြားဘူးတယ်ကွ၊ ပုဂံရာဇဝင်ကို တုတ်ထမ်းပြောရတာတဲ့၊ တယောက်ပြောတာနဲ့ တယောက်ပြောတာ မတူလို့ အငြင်းအခုန်ဖြစ်ပြီး ရန်ဖြစ်ကြတယ်တဲ့"

"ဟင်း..မင်းတို့အဖေက ရာဇဝင်ကို မယုံဘူးပေါ့"

ဗညားမော်မှာ ဗလ၏ဖခင် ဦးခင်အောင်ကို စိတ်ဝင်စားလာမိသည်။ ကြီးကျယ်ခမ်းနားသော မဟာရာဇဝင်ကြီး ကိုပင် မယုံသောသူ။

အမှန်အားဖြင့် သူရှာဖွေ တူးဖော်ကြည့်သည်ကား သူပုန်ဂဠုန်။ သူတွေ့ရှိရသည်မှာ ဩကာသလောက ဟူသော စကြဝဠာ။ စကြဝဠာကား မရေမတွက်နိုင်ပါတကား။ စကြဝဠာတို့ကား မီး၊ ရေ၊ လေတို့ ဖျက်သောကြောင့် အကြိမ်ကြိမ် ပျက်ကာ အကြိမ်ကြိမ် ဖြစ်လာသည်။ မိုးရွာလိုက်သည်။ ထို့နောက် မိုးသည် ရပ်စဲသွားကာ နောက်ထပ် မရွာတော့။ ကောက်ပင်တို့သည် ခြောက်လာသည်။ နေခုနစ်စင်း ပေါ်လာသောအခါမှုကား၊ မီးလျှံထ၍ အားလုံး တောက်လောင်သည်။ နှစ်ပေါင်း မရေမတွက်နိုင်အောင် ကြာသော် မီးလျှံစ၍ အေးမြစ ပြုလာသည်။ မြေနှင့် ကောင်းကင်သည် တစပ်တည်းဖြစ်ကာ မှောင်လျက်ရှိသည်။ မရေမတွက်နိုင်သော ကာလအမှောင် လွှမ်းပြီးနောက် နူးညံ့အေးဆေးစွာ မိုးရေစက်များကျလာပေသည်။

ဗညားမော်သည် ဤမှောင်မဲသော စကြဝဠာထဲသို့ ရောက်နေသည်။ မိုးစက်က ဆွတ်ပျံ့လာပြီးနောက် မြေ၏ ရနံ့သည် မွှေးထုံလာသည်။ မြေကြီးသားသည်လည်း ညက်ညော ညင်သာလာသည်။ ဗညားမော်သည် နညက်သော မြေကြီးကို စမ်းသပ်ကြည့်လိုက်သည်။ အလို..ပဒုမ္မာ ကြာပန်းပါကလား။ သူသည် အေးစက် မွှေးမြသော ကြာပန်းကို ခံစားမိသည်။ ကြာပွင့် ဘယ်နှစ်ပွင့်ပါလိမ့်။ တစ်၊ နှစ်၊ သုံး၊ လေး၊ ငါး...။

ထို့နောက် နေဗိမာန် ပေါ်လာသည်။ အတွင်း၌ ရွှေရောင်၊ အပြင်၌ ဖန်ဖြင့် ဆင်ယင်ထားသောနေ။ နေသည် လင်းလာသည်။ ပင်လယ်၊ မြစ်ချောင်း အင်းအိုင်၊ တောတောင် သီတာတို့ကို မြင်လာရသည်။ ညဘက်သို့ ရောက်သော် လဗိမာန်ပေါ်လာသည်။ အတွင်း၌ပတ္တမြား၊ အပြင်၌ ဖန်။ သူ့စိတ်ကူးထဲ၌ကား အတွင်း၌မြ၊ အပြင်၌ဖန်။ ဘယ့်နှယ့်ပါလိမ့်။ အို... လဗိမာန်အတွင်းမှာ ပတ္တမြား မဖြစ်နိုင်ပါဘူး၊ မြဘဲ ဖြစ်ရမှာဘဲ။

စိမ်းစိမ်းနှင့် သူတို့ တနင်္ဂနွေတနံနက် နန့်ဖလော်ရာအိမ်ရောက်သွားသည်။ သူကသိပ်မလိုက်ချင်။ မဟာရာဇဝင်ထဲ၌သာ စိတ်က ရောက်နေသည်။ မြင့်မိုရ်တောင်စောင်း ရောက်သည့်အခါ ရောက်၊ ဟိမဝန္တာတောရှိ သစ်သီးပင်များအောက် ရောက်သည့်အခါရောက်၊ မန္တာကိနီ ရေအိုင်ကမ်းနဖူးသို့ ရောက်သည့်အခါရောက်။ ဝတ်မွတ်ခေါင်းပါး၍ လူအချင်းချင်း သတ်ဖြတ်၍ ကမ္ဘာကြီးပျက်ပြီးနောက် မိုးကြီးရွာကာ လူ့အရိုးများကို ဆေးကြောသုတ်သင်ပစ်လိုက်သည်။ ထို့နောက် ကမ္ဘာမြေကြီးသည် သန့်ရှင်း စင်ကြယ်လာသောအခါ မွှေးကြိုင်လှပသောမိုး ရွာချလိုက်သည်။ နံ့သာမိုး၊ ပန်းမိုး။

"နေပါအုံး အမရာ..မိုးရွာနေတာ ရနံ့က မွှေးတယ်၊ ပန်းမာလာတွေက ကောင်းကင်က ကျလာတာ" ဟု ဗညားမော်က လက်တဖက်က စာအုပ်ကို ကိုင်ရင်း ပြောသည်။

"လာပါ သိပ်မကြာပါဘူး၊ အမ အဖော်မရှိလို့ပါ"

"သိတ်ရှုပ်တာပဲဗျာ၊ ဒီမှာ ဖတ်လို့ကောင်းနေတုန်း"

"မောင်လေးကလဲကွာ၊ လိုက်ခဲ့စမ်းပါဆို၊ နန့်ဖလော်ရာတို့ဆီမှာလဲ ဓမ္မကျမ်းစာအုပ်တွေ ရှိတယ်၊ အဲဒီမှာလဲ ရာဇဝင်မေးရင် ရတယ်၊ ကမ္ဘာဦးကျမ်းဆိုတာ ဒို့ကမ္ဘာကြီး ဖြစ်ပေါ်လာပုံတွေ ပါတယ်"

ဗညားမော်မှာ စိတ်ဝင်စားလာသည်။ သို့နှင့် သူလည်း အကျီသွားလဲသည်။
"ဒီကမ္ဘာကြီးကိုရော လူသားတွေကိုရော ယေရှုဘုရားသခင် ကိုယ်တော်မြတ်က ဖန်ဆင်းတော်မူတာပေါ့" ဟု နန့်ဖလော်ရာက ပြောရာ၊ ဗညားမော်က ငေးနေသည်။

"သူက ရာဇဝင် ဖတ်နေတာ" ဟု စိမ်းစိမ်းက ဝင်ပြောသည်။

အပြန်တွင် နန့်ဖလော်ရာက သူ့အား သမ္မာကျမ်းစာ၊ ဓမ္မဟောင်း၊ ဓမ္မသစ်များ လက်ဆောင်ပေးလိုက်သည်။

သူသိချင်နေသော သူပုန်ဂဠုန်ကား ရှာ၍မတွေ့ရသေး။ သို့သော်-မဟာရာဇဝင်၏ အနော်ရထာမင်းစော လက်ထက်အကြောင်း ရေးသားသော အခန်း၌ `သူပုန်သူကန်´ဟူသော စကားလုံးကို စတင်တွေ့ရှိရ၍ ဂရုစိုက်ဖတ်သည်။ သို့သော် သဘောမပေါက်။ နော်ရထာမင်းစောသည် ရတနာ ရွှေဖောင်တော်ဖြင့် ဧရာဝတီမြစ်ကြော စုန်ဆင်းလာရာ၊ သရေခေတ္တရာမြို့သို့ ရောက်လျှင် ဒွတ္တဘောင်တည်ခဲ့သော စေတီတော်ကို ဖျက်ကာ ဓာတ်တော်ကို ယူပြီးနောက် သရေခေတ္တရာမြို့ကိုလည်း ဖျက်ဆီးပစ်သည်။ ထိုအကြောင်းကိုဖွဲ့ရာ၌ `သရေခေတ္တရာမြို့ကိုလည်း နောက်နောင် သူပုန်သူကန်တို့ နေလတံ့မည်ကို စိုးရိမ်တော်မူ၍ ဖျက်ဆီးရ၏´ ဟု ရေးသား ဖော်ပြထားသည်။ သူက သဘောသိပ်မပေါက်။ ဘာကြောင့် မြို့ကို ဖျက်ပစ်ရပါလိမ့်။

သူသည် သတင်းစာများကို ပြန်ဖတ်သည်။ မင်းတုန်းမြို့နယ်၊ ရွှေချောင်းရွာဘက်ရှိ ဝံသာနုအသင်းဥက္ကဋ္ဌ ဦးသက်ဟန်အိမ်သို့ စစ်တပ်သည် သွားရောက်ကာ ရှာဖွေသည်။ ဥက္ကဋ္ဌကိုကား မတွေ့။ အင်္ဂလိပ်စစ်ဗိုလ်သည် မီးရှို့ရန် အမိန့်ပေးလိုက်သည်။ ချင်းတပ်နှင့် ကုလားတပ်များက ရွာကို ဝိုင်းထားသည်။ စစ်တပ်သည် ဥက္ကဋ္ဌအိမ်ကို မီးတင်ရှို့လိုက်သည်။ အစိုးရစစ်တပ် ရွာမှထွက်သွားသောအခါ ရွာတပိုင်း ပြာကျသွားသည်။ ရွာများစွာ မီးလောင်ပြင် ဖြစ်နေကြသည်။

ပြည်မြို့ မင်းတိုင်ပင်အမတ် ဦးဘသန်းက ဖွန်လ ၂၆ ရက်နေ့စွဲဖြင့် ဘုရင်ခံထံ ကန့်ကွက်စာ သံကြိုးရိုက်ကာ ပို့လိုက်သည်။

`ပြည်နယ်တွင် စစ်သားများက ရွာများကို မီးရှို့ပစ်နေခြင်း၊ ပုလိပ်များက အကျဉ်းသမားများကိုညှင်းပန်းနေခြင်းများကို ရပ်စဲပါ..´

ကန်ရေပြင်သည် ချက်ချင်း အပြာရိပ်ပျောက်ကာ မဲလာသည်။ အေးမြသောလေသည် ဝုန်းကနဲတိုက်လိုက်သည်။ ခင်ထားလှိုင်၏ ဆံပင်များ တလွင့်လွင့် ဖြစ်နေသည်။ ထို့နောက် မိုးရွာချလိုက်တော့သည်။ ဆရာမ စန်းစန်းနုသည် ကျောင်းအုပ်ကြီးရုံးခန်းမှ ပြေးထွက်လာသည်။ ကျောင်းသားများ၏ အသံသည် ဆရာမအတန်းထဲ ဝင်ရောက်လာသောအခါ ငြိမ်တိတ်သွားလေပြီ။

ခင်ထားလှိုင်တို့ အမျိုးသမီးတစုကား၊ ဆရာမ လာသည်ကိုမမြင်၍ စန်းစန်းနု အခန်းဝရောက်မှ စကားကို ရပ်လိုက်ကြသည်။ စန်းစန်းနုက ကြိမ်နှင့် စားပွဲကို ရိုက်လိုက်သည်။ အားလုံး ငြိမ်သွား၏။ ရင်ရင်မြက ပြောလက်စ လျှာတစ်လစ်နှင့် ပြုံးနေရာမှ ရပ်လိုက်သည်။

"မင်းတို့မလဲ ဆရာမ မရှိတုန်း ညံနေကြတာပဲနော်"

ဘစန်းက နောက်ဆုံးခုံတန်းမှနေ၍ "ကျွန်တော်တို့ မဟုတ်ဖူး ဆရာမ၊ ရှေ့တန်းက စကားသိပ်များတာ"

အမျိုးသမီးကလေးများက သူ့ကို မျက်စောင်းထိုးလိုက်ကြသည်။

ရင်ရင်မြက "သူတို့လဲ စကားများနေကြတာဘဲ ဆရာမ"

စန်းစန်းနုက ပြုံးကာ "မင်းတို့အားလုံး အတူတူဘဲ၊ ကဲ ဆရာမ စာအုပ်စာရင်း ရေးပေးမယ်၊ ကူးကြ"

မိုးသည် ဒလဟော ရွာသွန်းနေရာ ဆူညံနေတော့၏။ ဆရာမ၏ အသံကိုပင် သိပ်မကြားရတော့။ ကျောင်းခန်းကြီးသည် ရေအောက်ရောက်နေတော့သည်။ ရေကန်ပင် မသဲကွဲ၊ သစ်ပင်လည်း မသဲကွဲ။

ဗညားမော်မှာ ငိုင်လျက်ရှိသည်။ ဘာမျှ မရှင်းလင်း။ ဖန်ရိပ်အတွင်းမှ ရွှေရောင်တောက်ပနေသော နေ။ ဖန်ရိပ်တွင်းမှ မြရောင်တောက်ပနေသော လ။ သည်နှစ်ခုသာ ရှင်းသည်၊ သည်အလှ နှစ်ခုသာ သူယုံကြည်နေမိသည်။ ရွှေရောင် ဖန်ရိပ်တွင်းမှ ပတ္တမြားရောင်ရှိသည်ဟု ဆိုသော လကို သံသယဝင်နေမိသည်။ ကျန်တာတွေကိုကား ရှင်းအောင် ကြိုးစားကြည့်ချင်သည်။ ဗလ၏ဖခင်နှင့်တွေ့ကာ မေးချင်သေးသည်။ နန့်ဖလော်ရာအားလည်း မေးချင်သေးသည်။ နောက် စိမ်းစိမ်းနှင့် ညှိရမည်။ အော်..ဆရာမ စန်းစန်းနု။ ဆရာမလည်း မေးရပေမည်။

မိုးကား မတိတ်တော့။ မိုးရေပက်၍ တံခါးများကိုပင် ပိတ်ထားလိုက်ကြရသည်။ မိုးမှောင်ကြီးကျလာသည်။ မှန်ထဲတွင် ထင်နေသည်ကား ဘာပုံသဏ္ဍာန်ဟူ၍ မခွဲခြားနိုင်သော အရာများဖြင့် ရှုပ်ထွေးယှက်လိမ်နေသည်။ မှန်တံခါးကို သစ်ကိုင်းလား ဘာလား မသိသော အတွန့်အကောက် အခက်တခုက တတပ်တပ်လာရိုက်နေသည်။ မိုးခြိမ်းသံများကြားရကာ သစ်ကိုင်းခြောက်လို အကောက်အကွေးသည် ဖြူသွားသည်။ ဘာမျှ မသဲကွဲ။

ဗညားမော်၏ ခေါင်းထဲ၌လည်း ဘာမျှ မသဲကွဲ။ သူ့အား ချောက်လှန့်နေသော ခေါင်းပြတ်များနှင့် ဂျွန်တံဆိပ်များမှာလည်း မသဲကွဲ။

**အခန်း (၁၂)**

မိုးရေများသည် ရိုးမတောင်များပေါ်မှ အင်ကြင်း၊ မြရာ၊ ပျဉ်းမတော်များအကြားသို့ ဖြတ်သန်းကာ စမ်းချောင်း၊ မြစ်များသို့ စီးဆင်းလျက် ရှိကြသည်။ မတ်စောက်ရာ၌ ဒလဟော တဟုတ်ထိုးစီးကာ မြေပြန့်ရာတွင်ကား အရှိန်လျော့သွားကြသည်။ အင်းအိုင်များ၌ ရပ်တန့်သွားကာ ဖြည့်ပေးကြသည်။ တောစပယ်၊ တောင်ဇလပ်ပွင့်ဖြူများသည် ရေဝဲကတော့၌ ချာချာလည်ဝေ့ကာ ကမ်းစပ်ကပ်သွားကြသည်။ တောင်ပေါ်၌ မိုးတိတ်သွားသော်လည်း၊ တောင်အောက်အဝေးကြီး၌ကား ရေယဉ်သည် အဟုန်ပြင်းဆဲပင် ရိုက်ခတ်မြည်ဟည်းလျက် ရှိနေပေသည်။ တောင်ပေါ်၌ ပုရစ်သံများ ညံနေဆဲ။ လယ်ကွင်းထဲ၌လည်း ဖားအော်သံများမှာ ညံနေဆဲ။ သေနတ်ကမူ ပုဒ်မ ဖြတ်ပေးနေဆဲ။

ပဲခူးရိုးမ တောင်ကျောကြီးတခုသည် ပင်လယ်ဘက်သို့ ဆင်းသက်လာသောအခါ နာမောင်းကြီးသည် တဖြည်းဖြည်း သွယ်ကျလာပြီး ပြတ်သည့်အခါ ပြတ်သွားသည်။ ပေါ်သည့်အခါ ပေါ်လာသည်။ တောင်ညွှန့်အဖျားတခုသည် ကျိုက်ကလို့၌ ကုန်းမြင့်ကမူကလေးဖြစ်ကာ နောက်ဆုံး ဆန့်ထုတ်လိုက်သော ကုန်းမြေကား၊ သိင်္ဂုတ္တရကုန်းမြေပင်။ ယင်း ကုန်းမြေနှစ်ခုအကြား၌ အင်းလျားကန်ကြီးက ခံနေသည်။ မိုးရေတို့သည်ကား အသာတယာ စီးဆင်းနေပေသည်။ မရမ်းတောကြီးအလယ်မှ သစ်လွင်ဖြူဖွေးသော ယူနီဘာစီတီကောလိပ်စာသင်ကျောင်း အဆောင်များသည် ပေါ်နေပေသည်။

မရမ်းတောကြီးမှာ တက္ကသိုလ်ကျောင်း အဆောက်အအုံများ မလျာထားမီကပင် မှိုင်းညို့နေခဲ့ပေသည်။ ထို့နောက် တဖြည်းဖြည်း တောရှင်းကာ အင်းလျားကန်ဘေး၌ လမ်းသွယ်များဖောက်သည်။ သို့သော် မူလကရှိပြီးသော မရမ်းပင်များကား မားမားမတ်မတ် ရပ်လျက်ပင်။ လမ်းသွယ်များသည် မရမ်းပင်များကြားမှ ယှက်သန်းကြည်။ လမ်းသွယ်များဘေးတွင် စိန်ပန်းပင်ပျိုများ ပျိုးထားဆဲ။ နောက်လေးငါးနှစ်ခန့်ကြာလျှင် စိန်ပန်းပင်သစ်များ ဖူးဝေကြပေလိမ့်မည်။ ထိုအခါ ဟောင်းအိုသော မရမ်းပင်များနှင့် ပျိုနုသော စိန်ပန်းပင်များသည်

ပေါင်းစည်းသွားကြပေလိမ့်မည်။ ထိုအခါ မျိုးဆက်နှစ်ခုသည် ရောစပ်ကာ၊ အင်အားကြီးဖြစ်ကာ မှိုင်းညို့စိမ်းဝေသွားပေလိမ့်မည်။

ဦးခင်အောင်သည် အင်းဝကျောင်းဆောင်မှထွက်ကာ အဓိပတိလမ်းဘက်သို့ ချိုးလိုက်သည်။ ဂျပ်ဆင်ကောလိပ်မှာ ယူနီဘာစီတီကောလိပ်နှင့် ပုံတူ။ ထူးခြားနေသည်ကား၊ မြင့်မားသော ဘုရားရှိခိုးကျောင်းပင်။ ဘုရားရှိခိုးကျောင်းသာ မရှိလျှင် ပုံတူနှစ်ခု ရေထဲ၌ အရိပ်ထင်နေသော ကားချပ်ပင်။ သစ်ပုပ်ပင်ကြီးသည် သူမ၏ သနပ်ခါးဘဲကျားလိမ်းထားသော ပင်စည်မှ ဆံပင်ဖားလျား ချထားသည်။ လေတိုက်လိုက်သောအခါ သူမ၏ ဆံပင်စိမ်းများထဲမှ မြရည်စက်များ ဖိတ်စင်ကျလာပေသည်။

ကတ္တရာစေးလမ်းကား ပြောင်ချောကာ ဖဲပြားမဟုရာ ဖြန့်ခင်းထားပေသည်။ ဖဲပြားကို ကတ္တီပါမြစိမ်းက ကွပ်ထားသည်။ ဦးခင်အောင် ဖြတ်လာသောအခါ အဝတ်ဖြူဝတ်ထားသော ဥယျာဉ်မှူး ကုလားများသည် မြက်ရိတ်စက်အသံ တရှောက်ရှောက်ပေးကာ မြက်များ ညှိလျက်ရှိသည်။ မျက်နှာဖြူ ပါမောက္ခတဦး၏ ကားဖြတ်သွား၍ ဖဲပြားသည်တွန့်သွားသည်။

ဦးခင်အောင်သည် အင်းဝကျောင်းဆောင်ရှိ သူ၏သူငယ်ချင်း ကိုဟန်သော်ထံမှ ပြန်လာခြင်းဖြစ်သည်။ အမှန်အားဖြင့် ကိုဟန်သော်နှင့်သူမှာ အသက်ချင်း သိပ်ကွာလှသည်မဟုတ်။ သူတို့နှစ်ယောက်မှာ မြို့ချင်း နီးကြဘူးသည်။ သူက ရာမည်မြို့ဇာတိ၊ သို့သော် သထုံမှာ ကျောင်းနေဘူးသည်။ ကိုဟန်သော်က မော်လမြိုင်။ သူက ငယ်ငယ်နှင့် ရာမည်မြို့သူနှင့်ရကာ အလုပ်အကိုင်လုပ်ကိုင်နေ၍ အရပ်က ဦးတပ်ကာ ခေါ်သဖြင့်သာ ဦးခင်အောင် ဖြစ်နေခြင်းဖြစ်သည်။ ဦးသက်ထွန်းထက်လည်း ငယ်သည်။ ဗလမွေးသောအခါ သူမှာ အသက် ၁၇ နှစ်သာ ရှိသေးသည်။

ဖဲပြားကား ပြန်၍ညီသွားလေပြီ။ ခုံမြင့်ဒေါက်ချွန်လေဒီရှူးစီးထားသော ကျောင်းသူနှစ်ဦးသည် ဂျပ်ဆင်ကောလိပ်ဘက်မှ စကားတပြောပြောနှင့် လျှောက်လာကြသည်။ တယောက်က ဖဲထမီ ရွှေဖလားရောင်နှင့်၊ ဇာနားတပ်အင်္ကျီနှင့်။ တယောက်က ပန်းပွင့်မီးခိုးရောင်။ နှစ်ယောက်စလုံး ဆံထုံးမြင့်မြင့်။

သူသည် အမျိုးသမီးများကို စောင်းငဲ့ကြည့်ကာ ပြုံးမိသည်။ အခုပင် ကိုဟန်သော်၏ အခန်း၌ နှစ်စကသူတို့ အင်းဝကျောင်းဆောင် ချွေတာရေးအသင်းအကြောင်း ပြောခဲ့ကြသေးသည်။ ချွေတာရေးအမည် တပ်ထားသော်လည်း နိုင်ငံခြားဖြစ်၊ အထူးသဖြင့် အင်္ဂလိပ်ကုန်စည် မသုံးရေးများ လှုံ့ဆော်ကြသည်။ သူတို့သည် လယ်သမားများအား ရက်ရက်စက်စက် ဖိနှိပ်သတ်ဖြတ်သော အင်္ဂလိပ်အစိုးရအား မုန်းတီးနေကြသည်။ ဘီစကွတ်၊ ကိတ်၊ ချောကလက်မုံ့များရှောင်ရန် ဆုံးဖြတ်ခဲ့ကြသည်။

"မြန်မာပိုင် ဘတ်စ်ကားစီးဘို့၊ မြန်မာဆံပင်ညှပ်ဆိုင်မှာညှပ်ကြဘို့လဲ ဆုံးဖြတ်ကြတယ်ဗျ"ဟု ကိုဟန်သော်က ဦးခင်အောင်အား ပြောပြနေသည်။

"မြန်မာဆံပင်ညှပ်ဆိုင် ရှိလို့လား"

"ရှိတော့ မရှိသေးဘူး၊ သိပ်မရှိသေးဘူးဆိုပါတော့၊ ကုလားဆိုင်ဘဲရှိတာကို၊ ဒါပေမယ့် မကြာခင် အနံ့အပြား ဖွင့်ရမှာပေါ့၊ ကမာရွတ်မှာတော့ တဆိုင်ဖွင့်ခိုင်းထားတယ်"

"အမယ် တယ်ကျိတ်လိုက်ပါလား"

"သွားတိုက်ဆေး မသုံးဘဲ ဆားနဲ့ တိုက်ဖို့လဲ ပါတယ်၊ ကျွန်တော့ ရှူးဖိနပ်လဲ သိမ်းထားလိုက်တယ်၊ ရှူးဖိနပ် မစီးကြဘူးဗျာ၊ အိမ်တော်ရာထီးဆောင်းကြရမယ်ဗျာ"

"စီးကရက်ကော.."

"စီးကရက်လဲ ရှောင်ကြရမှာဘဲ၊ ဘယ်အထိ လုပ်နိုင်မလဲတော့ မသိဘူး၊ ကျွန်တော်တို့က အင်္ဂလိပ်နဲ့အဆက်ကို ဖြတ်ရမှာဗျ၊ ကုန်ကုန်ပြောမယ်၊ အခု ကျွန်တော်တို့ ကောလိပ်ကျောင်းသားတွေ လက်မှာ ကြွေတိုက်ဝတ်ကြတယ် မဟုတ်လား၊ အဲဒါလဲ မဝတ်ကြအောင် လှုံ့ဆော်ရမယ်"

ကိုဟန်သော်၏ အင်္ကျီချိတ်၌ ပင်နီအင်္ကျီများ ချိတ်ထားသည်ကို တွေ့ရသည်။ ဦးခင်အောင်မှာ ကောလိပ် ကျောင်းသားများ အမျိုးသားစိတ်ဓာတ် နိုးကြား တက်ကြွနေသည်ကို ကျေနပ်နေမိသည်။ ခုံမြင့်ဒေါက်ချွန်ဖိနပ်နှင့် အမျိုးသမီးနှစ်ဦးသည် သူ့ကိုကျော်သွားသည်။ ပြင်သစ်ရေမွှေးနံ့၊ အင်္ဂလိပ်ပေါင်ဒါနံ့သည် ကြိုင်သင်းသွားသည်။

သူသည် ကိုဟန်သော်ပြောင်းလဲသွားသည်ကို စဉ်းစားနေမိသည်။ ကိုဟန်သော်၏ မိဘများမှာ ချမ်းသာ ကြွယ်ဝသည်။ ရာဘာခြံများ ရှိသည်။ ကျောင်းတက်လျှင် ပေးတင့်ရှူးဖိနပ် အမြဲစီးတတ်သူ။ ဝပ်ဆင်တိုက်မှ သက္ကလပ် အပေါ်ဖုံးနှင့် ရိုးတိုက်မှ ရှပ်အင်္ကျီအစင်းနှင့်..။

"ဂျူနီအရေးတော်ပုံနှင့် ပတ်သက်ပြီး ဘာတွေ လုပ်ကြသေးလဲ" ဟု ဦးခင်အောင်က ကိုဟန်သော်၏ ကုတင်ပေါ်၌ ထိုင်ရင်း မေးလိုက်သည်။

"ပြည်မြို့မှာ သူပုန်ခေါင်းဖြတ်ကြတာ သိပ်ရိုင်းတဲ့ အကြောင်းတော့ ဆွေးနွေးကြတယ်ဗျ၊ အဲဒါလဲ ဗိလတ် သတင်းစာတွေကို ဆောင်းပါးတွေ ရေးပို့ကြတယ်၊ ဒါလဲ ဗိလတ် လွှတ်တော်မှာ မေးမြန်းနေကြပါပြီ၊ သတင်းစာတွေကလဲ ရေးကြတော့ ကျွန်တော်တို့က အထူး မပြောတော့ပါဘူး၊ မနှစ်က ဒိုင်ဇဘာလကတော့ စားပွဲဝိုင်း အစည်းအဝေးက ဦးဘဘေကို မြန်မာလူငယ်များက ကိုယ်ပိုင်အုပ်ချုပ်ရေးကလွဲလို့ လက်ခံမှာမဟုတ် ဆိုတာကိုတော့ ကြေးနန်းရိုက်ပို့လိုက်ကြတယ်"

နှုတ်ဆက်ပြီး ပြန်ရန်ထသောအခါ ကိုဟန်သော်က "ဗဟန်းရေတာရှည်လမ်းလဲ ဝင်သွားပါအုံး၊ အဲဒီမှာ နိုးကြားရေးစာတမ်း ရှစ်စောင်ဆိုတာရှိတယ်၊ အဲဒီ စာအုပ်တွေ ယူသွားစမ်းပါအုံး၊ ဒို့ဗမာအစည်းအရုံးက ထုတ်တာ၊ တလောကတောင် ဗိုလ်တထောင်က ကျွန်တော့်မိတ်ဆွေ ကိုအုန်းခင်ဆိုတာ သူ့အိမ်ကို ပုလိပ်က တက်ရှာသေးတယ်၊ သူပုန်နဲ့အဆက်အသွယ်ရှိတယ် ဆိုပြီးပေါ့၊ ဘာမှတော့မတွေ့သွားပါဘူး၊ အဲဒီ နိုးကြားရေး စာတမ်းတွေ ဒို့ဗမာစာတမ်းတွေဘဲ တွေ့တာပေါ့၊ အစိုးရက ဂျူနီ တံဆိပ်များတွေ့မလား အောက်မေ့လို့ပေါ့..ဟား..ဟား"

ကိုဟန်သော်နှင့် စကားပြောနေစဉ် လူတယောက်ဝင်လာ၍ မိတ်ဆက်ပေးသည်။ နတ်မောက်မှ ကိုအောင်သန်း။ သူသည် ဒုတိယနှစ် ဥပစာတန်းတက်လျက်ရှိသော ကျောင်းသားဖြစ်သည်။

"သူလဲ ကျုပ်တို့အဖွဲ့ထဲပါတာဘဲဗျ၊ ခု ပင်နီနဲ့ ပိန်းတန်းဖိနပ်နဲ့ပေါ့၊ ရှူးဖိနပ်မစီးတော့ဘူးလေ..ဟား..ဟား"

ကိုအောင်သန်းက ပြုံးကာ သူတို့အား ပြုံးကြည့်နေသည်။ ကိုဟန်သော်မှာ ရယ်တတ်မောတတ်သူ။

"အချိန်ရရင် မြန်မာနိုင်ငံလုံးဆိုင်ရာ လူငယ်များအသင်းကိုလဲ သွားပါအုံး၊ အဲဒီမှာ ကော်မတီဝင် လူငယ်တွေ ရှိပါတယ်။ အကျိုးဆောင် စက္ကရီတေရီ ကိုနု၊ ကိုဟိန်၊ ကိုလှဘေတို့ ရှိတယ်၊ တလောကတင် စတုဒီသာဇရပ်မှာ

အစည်းအဝေး လုပ်ကြသေးတယ်၊ အဲဒီ လူငယ်အဖွဲ့ကလည်း စီးကရက် မသောက်ကြဘို့ ပင်နီဝတ်ကြဘို့ကို လှုံ့ဆော်ကြတယ်ဗျ"

ဦးခင်အောင်မှာ ပြန်တော့မည်ဟုလုပ်ပြီးမှ ထပ်၍ထိုင်နေရပြန်သည်။ ကိုအောင်သန်းက တက္ကသိုလ်ကျောင်းသားများ သမဂ္ဂအကြောင်း ပြောနေသည်။ တက္ကသိုလ်ကျောင်းသားများ သမဂ္ဂမှာ အင်္ဂလန်အောက်စဖို့တက္ကသိုလ်သမဂ္ဂ ပုံစံကို နမူနာယူ၍ ဖွဲ့ထားသော အသင်းဖြစ်သည်။ တက္ကသိုလ်ရှိ ကောလိပ်အသီးသီးမှ ကျောင်းသားများ ပေါင်းသင်းဝင်ဆံ့ မိတ်ဆွေဖြစ်ကြရေး၊ ပညာဗဟုသုတ တိုးပွားရေးတို့ကို ရည်ရွယ်၍ ဖွဲ့ထားသောအသင်း ဖြစ်သည်။ ပညာရေးနှင့် ယဉ်ကျေးမှုရေးရာ ကျောင်းသားအသင်း ဖြစ်ပေသည်။ ထို့နောက် သူတို့မြို့အကြောင်း မေးမြန်းသည်။

"ကျုပ်က အညာသားဗျ၊ အောက်ပြေက အကြောင်း သိပ်မသိဘူးဗျနော်" ဟု ကိုအောင်သန်းကပြောသည်။

"ဗမာဆိုင်တွေ ဘာတွေတော့ သိပ်မရှိသေးပါဘူး၊ ဗမာကုမ္ပဏီတော့ အနဲအပါးရှိလာပါပြီ၊ လူငယ်တွေထဲက ကိုယ်လက်သန်စွမ်းကြံ့ခိုင်ရေးတို့ ဘာတို့တော့ လုပ်လာကြပါပြီ၊ အလေးမ ကျင့်တာတွေ ဘာတွေလဲ လုပ်နေကြပါပြီ"

ဂျွန်အရေးတော်ပုံ၌ တောသူတောင်သား ဂျွန်တပ်သားများမှာ လက်နက်ချင်းမမျှ၍ အရေးနိမ့်ရသည်ကို မခံချင်ဖြစ်ကာ လူငယ်များမှာ ကိုယ်လက်သန်စွမ်းကြံ့ခိုင်ရေးကို စိတ်ထက်သန်နေကြသည်။ ဗြိတိသျှဘားမားရုပ်ရှင်ကုမ္ပဏီလီမိတက်မှ ရိုက်ထုတ်သော ချစ်ရန့်ကြိုင် ဇာတ်ကားကြော်ငြာကို ကိုဟန်သော်က ဦးခင်အောင်အား ပြနေသည်။

"စစ်သွေးပါသော ဗမာလူမျိုးက ကမ္ဘာတစ်ခွင်တွင် ရာဇဝင်စာတမ်းထိုးခြင်းခံရသော ဗမာပြည်ကြီးဖြစ်လျက်နှင့် လူမျိုးတိုင်း၏ အရည်အချင်း ဂုဏ်အင်္ဂါအရ ရှိသင့်ရှိထိုက်သော ဗမာစစ်တပ်ကြီးများ မရှိခြင်းအတွက် ဗမာလူမျိုးတိုင်း ဝမ်းနည်းပက်လက် ဖြစ်ကြ၏။ ဝမ်းနည်းပက်လက်ဖြစ်ရုံနှင့်မပြီး၊ အမြန်ဆုံး ဗမာစစ်တပ်ကြီးများ ဖွဲ့စည်းပေးရန်၊ အစိုးရမင်းများ တိုက်တွန်း တောင်းပန်ပေးဘို့ အကြောင်းပြချက်ရအောင်၊ ဗမာချစ်တဲ့ ဗမာမှန်လျှင် အမြန်ကြွရောက် ရှုစားကြလိမ့်မည်ဟု ယုံကြည်ကြောင်း..."

"ကြော်ငြာကလဲဗျာ၊ ဆောင်းပါးကျနေတာဘဲ" ဟု ကိုအောင်သန်းက မှတ်ချက်ချလိုက်သည်။

ဦးခင်အောင်သည် ပင်းယ၊ ပဲခူးဆောင် ကျော်လာလေပြီ။ ဂျပ်ဆင်ကောလိပ်ဘက်ရှိအဆောင်များကျော်လျှင် ဂျပ်ဆင်ကစားကွင်းမှ မြေညီနေသောအသံများ ကြားရသည်။ တက္ကသိုလ်ကျောင်းသားသမဂ္ဂ အဆောက်အဦးကား သစ်လွင်လျက်ရှိသည်။ လမ်းတည့်တည့်ရှိ တက္ကသိုလ်စာတိုက်နှင့် စာအုပ်ဆိုင်ကြီး၌ ဘုရင်ခံဟောင်း ဆာဟာကုတ်ဘတ္တလာ ကြေးရုပ်ကြီးကို လှမ်းမြင်လိုက်သည်။ မနှစ်က ဆောင်းတွင်းကပင် ကြေးရုပ်ဖွင့်ပွဲလုပ်သည်ကို သတိရမိသည်။ ယခုတခေါက် ရန်ကုန်ရောက်မှပင် မြင်ဘူးတော့သည်။

သူသည် ပြည်လမ်းဘက်သို့ ချိုးလိုက်သည်။ စိန်ပန်းပွင့်များကား ရဲရဲနီနေကြသည်။ မဟာရာဇဖြူးပေါ်၌ ပတ္တမြားပန်းပွင့်များ ကြဲခင်းထားကြသည်။ သူသည် ကမာရွတ်ထိပ် ရောက်သောအခါ မြင်းလှည်းအလာကို ရပ်စောင့်နေသည်။ ကမာရွတ်ရွာကလေးမှာ သစ်ပင်အုပ်များကြား မှိုင်းညို့နေသည်။ လူသွားလူလာကား သိပ်မရှိလှ။ စိမ်းအုပ်သော ပျဉ်းမပင်၊ မြရာပင်များကြားထဲမှ စိန်ပန်းပွင့်များမှာ နီရဲလျက် ရှိနေသည်။ စက္ကူနီများ ညှပ်ကာ တွဲလွဲဆိုင်းထားလေသလား။ အဝေးမှကြည့်လျှင် နီဝါဆေးစက် မျှင်မျှင်များ ကြဲပြောက်ထားပေသည်။ စမ်းချောင်းကလေးသည် ဝါးပင်၊ ဝါးတောကြီးအလယ်ကို ဖြတ်သန်းကာ တသွင်သွင်စီးဆင်းလျက် ရှိပေသည်။

ခြုသံကလေး တချွင်ချွင်၊ မြင်းခွာသံကလေး တဖြောက်ဖြောက် ကြားလာရသည်။ သူသည် မြင်းလှည်းပေါ်သို့ တက်လိုက်သည်။

မဟာရာဇ်ဖြားသည် မြင်းလှည်းဘီးဆီသို့ ပြေးလိပ်လာလေသည်။ စိန်ပန်းပင်ရိပ်များသည် မဟာရာဇ်ပေါ်၌ရှန်းရင်း ဆန်ခတ် ဖြစ်နေကြသည်။ ကောင်းကင် ခဲသားရောင်မှာ ငါးကြေးခွံများဖြင့် ဒလကြမ်း လိမ်းကျံထားသည်။ တခါတရံ ငါးကြေးခွံများကြားမှ ပတ္တမြားပုတီးစေ့များသည် လွင့်ပါးနေကြသည်။

ထို့နောက် ကြံပင်များဖြင့် စိမ်းစိုနေသောနေရာကို ဖြတ်လာသည်။ မြင်းလှည်းမှ ခြုသံကား ချွင်ချွင်မြည်လျက်ပင် ရှိနေသည်။ သူ့စိတ်ထဲ၌ ဘယ်လိုက ဘယ်လို ပေါ်လာသည်မသိ။ သူ့မြင်ကွင်းထဲ၌ ရေဆေး ပန်းချီကားချပ်ကြီး ဖြန့်ခင်းထားသည်။ ကောင်းကင်ဖြူပြာညို့သည် ရေစီးရာ မျှောချလိုက်သော ရေဆေးစုတ်ချက် ပါတကား။ သူသည် ယခုတလော ပြနေသော ပန်းချီပြပွဲကို သွားသတိရလိုက်သည်။ ဈေးသစ်ကြီးကို ပထမထပ်၌ ခင်းကျင်းပြသနေသော မြန်မာပြည် ပန်းချီကလပ်မှ စီစဉ်သော ပန်းချီပြပွဲ။

သူသည် ပန်းချီပြပွဲ သွားကြည့်ရန် ဆုံးဖြတ်လိုက်သည်။ ရန်ကုန်ရောက်တုန်းရောက်ခိုက် သည်အခွင့်အရေးကို လက်မလွှတ်မှ ဖြစ်မည်။ ပန်းချီပြပွဲပြီးမှ ရေတာရှည်လမ်းဘက် သွားမည်။ အချိန်ရလျှင် လူငယ်များအသင်းကို သွားကြည့်မည်။ တနေ့ကတင် ပန်းချီပြပွဲအကြောင်း သတင်းစာထဲ၌ ဖတ်လိုက်ရသေးသည်မဟုတ်လား။ ပန်းချီပြပွဲတွင် ဦးသာထွန်း၊ ဦးဘဂျမ်း၊ ကိုဘညာဏ်၊ မောင်စံဝင်း၊ မောင်ဆောင်း၊ ဆရာဘဇော်၊ မမြကြွယ် ဟူသော အမျိုးသမီးတဦးပင် ပါသည်။ အခြားရေးကြသူများမှာ အင်္ဂလိပ်နာမည်များ။ ပန်းချီကား အမျိုးအမည်များ၌ ရေဆေးရုပ်စုံကား၊ တောတောင်ရှုမျှော်ခင်း၊ တကြောင်းဆွဲ၊ လူပုံသဏ္ဍာန်၊ ပိသုကာပုံဆွဲ၊ တွေး၍ယူရသောပုံ၊ အသက်မရှိသောဝတ္ထုပုံ၊ တန်ဆာဆင်ယင်သောပုံစသည်ဖြင့် ကဏ္ဍများ ခွဲခြားထားသည်။ မြန်မာများမှာ အတော် ဖြစ်မြောက်နေကြပါကလား။

သူသည် ငယ်ငယ်က ပန်းချီဝါသနာပါသည်။ ရေးဆေးဆွဲဘူးသည်။ ဆရာတော့ကောင်းကောင်းမရှိ။ သို့သော် အိမ်ထောင်ကျသွားသောအခါ စုတ်တံကို မကိုင်တော့။ ဗလ မွေးစက နည်းနည်းပါးပါး ရေးဖြစ်သေးသည်။ ရင်ရင်မြမွေးသာအခါတွင်မူ ဆန်လုပ်ငန်းကလည်း အလုပ်များလာ၍ မရေးဖြစ်တော့။ ပန်းချီမရေးသော်လည်း စာကား တော်တော်များများ ဖတ်ဖြစ်လာသည်။

ကြံခင်းများ ကျော်လာသောအခါ ဝင်းနှင့်ခြံနှင့် တိုက်တာများကို ပြောက်ကျား မြင်လာရသည်။ မြင်းလှည်း တချက် အဆောင့်တွင် သူ့အတွေးများ ပျက်သွားသည်။ ရေဆေးဖြင့် မျှောထားသော ကောင်းကင်တိမ်သားများမှာ အဖြူရောင် သန်းလာသည်။ မီးခိုးရောင် ငါးကြေးခွံများမှာ ရေများသဖြင့် ပြယ်လျော့သွားလေပြီ။

ခြုသံတချွင်ချွင်နှင့် တငြိမ့်ငြိမ့်ပြေးနေသည်။ ခမ်းနားထယ်ဝါသော အိမ်ကြီးအိမ်ကောင်းများကား၊ နိုင်ငံခြားသား အင်္ဂလိပ်များ ပိုင်တာများပါကလား၊ မည်းနက်ပြောင်လက်သောကားတစီး သူတို့ကို ဖြတ်သွားသည်။ ကားတွင်း ပန်းနုရောင် ပိုးဂါဝန်ဝတ်၊ ဆံပင်ရွှေရောင်၊ မျက်လုံးပြာပြာ အင်္ဂလိပ်မတဦးနှင့် နက်ပြာရောင် ဝတ်စုံဝတ်ထားသော သူမ ယောကျ်ားက ကားနောက်တန်းတွင် အခန့်သား ထိုင်လိုက်လာသည်။ ကားမောင်းသူမှာ ပန်းရောင် ခေါင်းပေါင်းနှင့် ပန်ချာပီကုလား။ ဒို့နိုင်ငံမှာ သူတို့ဘဲ ကြီးစိုးနေပါကလား။

ဦးခင်အောင်၏ မိဘများမှာ လယ်ပိုင်ရှင်များ ဖြစ်ကြသည်။ သို့သော် သူ့အဖေက သစ်လုပ်ငန်းများတဖက်က လုပ်ရင်း ငွေရင်းလိုလာရာ လယ်တချို့ကို ချစ်တီးထံ၌ ပေါင်နှံထားရသည်။ သစ်လုပ်ငန်းများ လုပ်ရင်း ရှုံးရာ၊ ကြာသော် အတိုးက တက်လာပြီး နောက်ဆုံး၌ လယ်တော်တော်များများ ချစ်တီးထံ၌ အပ်လိုက်ရတော့သည်။ ဦးခင်အောင်မှာ ကောလိပ်အထိ မသွားနိုင်တော့။ ဖျာပုံတွင် ကျောင်းသွားနေရရာ ကိုးတန်းနှင့်ပင် ထွက်လိုက်ရကာ ဖခင်၏အလုပ်ကို ကူလုပ်ပေးရသည်။ သူ့ဖခင်၏ညီမက မွေးသော သမီးအကြီးက ဆန်ဆိုင်ထွက်ပေးသည်။ ဦးခင်အောင်က ဆန်စပါး အရောင်းအဝယ်များတွင် ပါရသည်။ ဖခင်မှာ သိပ်မကျန်းမာ၍ စပါးပေါ်ချိန်၌ လယ်သိမ်းပေးရသည်။ လယ်နီးခတောင်းပေးရသည်။ သူသည် ငယ်ငယ်နှင့် စီးပွားရေးလုပ်ငန်းကို ထိတွေ့နေရပေသည်။

စပါးဈေးမကောင်းသည်မှာ တနှစ် နှစ်နှစ် ရှိပြီဖြစ်၍ လယ်သမားများငတ်ကြသည်။ ဆင်းရဲကြသည်။ ထိုအခါ တောကျေးလက် အခြေစိုက်သော ဝံသာနုအသင်းများက အခွန်တော် မပေးရေးကို လှုံ့ဆော်ကြသည်။ ဦးခင်အောင်မှာ သူ၏ စပါးအရောင်းအဝယ်လုပ်ငန်းမှာ လယ်သမားများနှင့် ဆက်ဆံထိတွေ့နေရသော အလုပ်ဖြစ်၍ အခြေအနေကို သိရှိခံစားနေရသူ ဖြစ်သည်။ စပါးဈေးကျသဖြင့် လယ်သမားများသာမက မြန်မာမြေရှင်များ၊ ကုန်သည်များ ထိခိုက်နေသည်ကို သူကိုယ်တိုင် သိသည်။ သူသည် စာအုပ်စာတမ်း၊ သတင်းစာများကို ဖတ်ကာ သူ့၌မရှင်းသော ပြဿနာများကို နားလည်ရန် ကြိုးစားလာမိသည်။ သို့နှင့် စာဖတ်ဝါသနာ ပါလာတော့သည်။ `ဘူလင်ဂျာပူး´ ဟု ခေါ်သော အင်္ဂလိပ် ဆန်ကုမ္ပဏီများ စုပေါင်း၍ ဆန်စပါးဈေးကွက်ကို လက်ဝါးကြီးအုပ် ချုပ်ကိုင်သဖြင့် စပါးဈေး ကျလာသည်ဟု သူသည် နားလည်လာသည်။ ထို့ကြောင့်လည်း ရန်ကုန်သို့တက်ကာ သူ့ထက် မျက်စိနားပွင့်သော သူများနှင့် ဆွေးနွေးကြည့်သည်။ မြန်မာနိုင်ငံလုံးဆိုင်ရာ လူငယ်များနှင့် တွေ့ဆုံခဲ့ရသည်။ တက္ကသိုလ်မှာ ကိုလေးမောင်၊ ဆရာဖြစ်သင်ကောလိပ်မှ ကိုသန်းထွန်း။ သူတို့မြို့ကိုလည်း နီးကြားတက်ကြွအောင် လုပ်ချင်နေသည်။ ဘယ်လို လုပ်ရပါ့။

သည်တခေါက် လာရသည်မှာ အားရမိသည်။ ခြူးသံကလေးတချွင်ချွင်၊ မြင်းခွာသံ တဖြောက်ဖြောက်သည် သူ၏ အတွေးများကို လှည့်ပတ်ပေးနေသည်။ ဒို့မြန်မာများ နိုးကြားနေကြပါကကား။ ပင်နီနှင့် ယောထမီများ လွှမ်းမိုးလာနေသည်။ မရမ်းပင်ရိပ်သို့ပင် ပင်နီရောင်သည် ထင်ဟပ်နေပါပကော။ လူငယ်များသည် မိုးဦးစိန်ပန်းပွင့်များကဲ့သို့ ရဲရဲနီသောအပွင့်ဖြင့် လန်းဆန်းကြွားဝင့်လာကြပြီကော။ ပန်းချီပြပွဲတွင်လည်း ပန်းချီဆရာများမှာ လူငယ်များ။ ဟော..မကြာသေးသော နှစ်ဦးကပင် မြန်မာရုပ်ရှင်တကား ဗိလတ်မြို့တော်လန်ဒန်၌ ပြခဲ့ရသေးသည်။ ဆုထူးပန် ဇာတ်ကား။ ဒေလီမီးရား သတင်းစာကြီးကပင် ဆုထူးပန် ဇာတ်ကားအကြောင်း ဖော်ပြခဲ့သေးသည်။ ရုပ်ရှင်အကဲခပ်သမားက မင်းသမီး ခင်ခင်နုကို `ရှေ့သို့ အလားအလာရှိသော မြန်မာရုပ်ရှင်မင်းသမီး´ ဟုဖော်ပြလိုက်သည်။ `ယင်း မြန်မာဇာတ်ကားကို မိမိ အရင်က ရိုက်ကူးသော အမေရိကန် ရုပ်ရှင်နိသျှနည်းနာကိုယူ၍ မောင်ညီပု ကိုယ်တိုင် စီစဉ်ရိုက်ထုတ် ပါဝင်သည်´ ဟု ရေးသားထားသည်။

မြို့ထဲဝင်လာသောအခါ မိုးသည် အုံ့လာကာ မိုးစက်ကလေးများပင် လွင့်စင်ကျလာသည်။ မြို့ထဲတွင်ကား ဈေးဆိုင်ကန့်များမှာ ကုလားဆိုင်က များသည်။ မြန်မာ ကုန်စုံဆိုင်တွေဖွင့်ရမည်။ မြန်မာခေါက်ဆွဲဆိုင်တွေ ဖွင့်ရမည်။ မြင်းလှည်းခြူသံရပ်သွားသည်။

သူ့ရင်ထဲတွင် လှိုင်းထလာသည်။ သူသည် မြင်းလှည်းပေါ်မှ ဆင်းလိုက်သည်။ တတင်တင်မြည်ကာ ဓာတ်ရထားသည် ခုတ်မောင်းလာသည်ကို ဘွားကနဲ တွေ့လိုက်ရသည်။ ဓာတ်ရထားကား အနီရောင် ခြယ်ထားသည်။ ထိုင်ခုံများကား အရောင်တင်ဆီဖြင့် သစ်သားအညိုရောင်တောက်ကာ ဖိတ်ဖိတ်လက်နေသည်။

ဓာတ်ရထားသည် သူ့ရှေ့၌ ရပ်ပြီးနောက် လက်မှတ်စစ်ကုလားက ခရာမှုတ်လိုက်သောအခါ သံလမ်းနှင့် ဘီးပွတ်သံပေါ်ကာ အမိုးပေါ်ရှိ ဓာတ်ကြိုးမှ လျှပ်လက်ပြီး ဆက်လက် ခုတ်မောင်းသွားလေသည်။

သူသည် လမ်းဘေးက သမန်တလင်းပြားပေါ်၌ ရပ်နေပြီးနောက် လံချားတစီးကို ခေါ်လိုက်သည်။ သူ့စိတ်၌ ပန်းချီပြပွဲသွားရန် စိတ်စောနေသည်။

သူ့နှုတ်မှ မြန်မာစကားဖြင့် `ပန်းချီပြပွဲသွား´ ဟု ထွက်လာသည်။ လံချားကုလားက သူ့ကို အံ့အားသင့်ကာ ကြည့်နေသည်။ အဲသည်တော့မှ သူသည် သတိရကာ သူ့ဇာသာသူ ပြုံးပြီး ဟိန္ဒူစတန်ဘာသာစကားဖြင့် `နယားဝါလား ဘဇားဂျောင်း´ (ဈေးသစ်ကြီးကိုသွား) ဟု ပြောလိုက်လေသည်။

ကုလားလည်း လံချားကို မြောက်ကနဲ မကာ သီချင်းကလေးညည်းပြီး တအား ဆွဲသွားလေတော့သည်။ သူကား လံချားပေါ်၌ တငြိမ့်ငြိမ့်။

## အခန်း (၁၃)

ဗညားမော်သည် ဈေးထဲက ကုလားကုန်စုံဆိုင်မှ ပါးစပ်နှင့်မှုတ်ရသော ဘာဂျာကလေးတခု ဝယ်လာသည်။ အမှန်က သူဝယ်ချင်သည်က တယော။ သို့သော် ရာမညလို တောမြို့လေး၌ တယောမရောင်း။ ရန်ကုန်မြို့၊ မစ်စကွစ်တူရိယာဆိုင်၌သာ ရောင်းသည်ကို ကြော်ငြာများ၌ တွေ့ရသည်။ သူ့ဖခင်ကလည်း ယခုတလော ရန်ကုန်မဆင်း။

သူက တယောပုံသဏ္ဍာန်ကို နစ်သက်မိသည်။ ဗလတို့အိမ် လမ်းထိပ်၌ တယောဆရာ ကိုအောင်မိုး တယောထိုးနေသည်ကို မြင်ပြီး တယောကို နစ်သက်မိခြင်း ဖြစ်သည်။ ဗလ၏ ဖခင်အား မေးကြည့်ရာ ဣတာလျံတယောပြားဖြစ်ကြောင်း သိရသည်။ ထိုတယောပြားကို အိမ်တွင်သာ ထိုးသည်။ အလှူပွဲများ၌ ထိုးသည်ကား ယင်းတယောပြား မဟုတ်။ ဟွန်းတယောဖြစ်၏။ ဟွန်းတယောမှာ အသံကျယ်၏။ ထို့ကြောင့် မကြိုက်။ ငွေရောင် ကျွဲချိုသဏ္ဍာန် သတ္တုဖြင့်လုပ်ထားသည်။ ပုံသဏ္ဍာန်မှာ မလှ။ အရုပ်ဆိုးလှသည်။ တယောပြားမှာ အညိုရင့်ရောင်။ မေးပေါ်တင်၍ ထားသည်မှာပင် ကြည့်ကောင်းနေသည်။ ဗလတို့အိမ်လည်း သွားလည်တတ်နေသည်။ ဗလ၏ဖခင်အား သူ့၌မရှင်းတာတွေကို မေးကြည့်ချင်နေသည်။ သို့သော် မမေးရဲ။ ဦးခင်အောင်မှာ သူ့ကိုတော့ ဖော်ဖော်ရွေရွေ ဆက်ဆံနေသည်ကို တွေ့ရ၍ ကျေနပ်နေမိသည်။

စိမ်းစိမ်းကပင် သူ့ကို အံ့ဩနေ၏။ ခါတိုင်း ညနေဘက်တွင် အိမ်ပြင်သို့ မထွက်။ စုတ်တံ၊ ရေးဆေးသေတ္တာ နှင့်သာ နေခဲ့သည်။ သူက အဖော်မရှိ၍ အပြင်ခေါ်လျှင်ပင် တယ်မလိုက်ချင်။

"စိမ်းစိမ်းကလဲကွာ သိပ်ရှုပ်တာပဲ" ဟု ဗညားမော်က သူ့အမကိုပင် မကြည့်အားဘဲ ရေဆေးသေတ္တာ အဖုံးပေါ်မှ ချိုင့်ခွက်လေးထဲရှိ ရေထဲသို့ အသာ စုတ်တံကို တို့ရင်း ခပ်စူစူ ပြောလိုက်သည်။

"မောင်လေးကလဲ အမ အဖော်မရှိလို့ ခေါ်တာပါ"

"ဘယ်သွားမှာလဲ အမ ၊ နန့်ဖလော်ရာတို့အိမ်လား၊ သူတို့အိမ်သွားရတာ အဝေးကြီး၊ သူ့အိမ်ဆိုရင် လံချားနဲ့ မှ လိုက်မယ်၊ ဆွဲလက်စကြီးဗျ၊ ပြန်ရောက်ရင် တခါ အဆုံးသတ်ရအုံးမှာ"

စိမ်းစိမ်းက ဈေးကိုင်ရန်ကော ဟူသော အကြည့်ဖြင့် သူ့အားကြည့်နေသည်။ ဗညားမော်မှာ သူ့ကို ကြင်နာသော စိမ်းစိမ်းအားလည်း ပစ်ပစ်ခါခါ မလုပ်ချင်။ စိမ်းစိမ်းမှာ အဖော်မပါဘဲ အပြင်သို့ မထွက်ရ။ သူပါမှ သွားရသည်။ သူမ အဒေါ်၊ ဦးသက်ထွန်း၏ အမကြီးက စည်းကမ်းကြီးသည် မဟုတ်လား။

"ဒါဖြင့် အမ ခဏစောင့်၊ ဒီကုန်းစပ်နဲ့ ဆက်နေတဲ့ ချောင်းရေပြင်ကလေးကို ပြီးအောင် ရေးလိုက်မယ်၊ ဟုတ်လား၊ ရေထဲမှာ သစ်ပင်ရိပ်တွေ ကောင်းကင် မိုးသား တိမ်တောင်တွေ အရိပ်ထင်နေရမှာ၊ မကြာပါဘူး ရေဆေးဆိုတာ တခါထဲ အပြီးရေးရတာဗျ၊ ရေခြောက်သွားရင် ထပ်ဆေးထည့်လို့ ရတာမဟုတ်ဖူး၊ အမနော် ဘာမှမသိဘူး"

"ဟုတ်ပါ့တော် စောင့်နေပါ့မယ်"

သည်တခါ ဗညားမော်က သူ့အမအပေါ် နိုင်ကွက်ကို အပေါ်စီးယူ၍ ပြောလိုက်နိုင်သည်။ ခါတိုင်းမူ ဘာအကြောင်းပြောပြော၊ သူ့အမကချည်း အတတ်အသိ ဖြစ်နေသည်က များသည်။ သူ့ထက် အသက်ကြီးသည်မို့ သူ့ထက်လည်း အတွေ့အကြုံရှိသည်။ စာလည်း ဖတ်သည်မို့ဟု အသေမှတ်ယူကာ၊ သူ့အမက "မောင်လေး နားမလည်သေးပါဘူး"ဟု ပြောလျှင် ငြိမ်နေရသည်က များသည်။ ငြိမ်လည်း ငြိမ်မှ ဖြစ်မည်။ သူမသိတာတွေ အများကြီး။ သူ့အမက သူ့ထက် သိနေသည်။ သူ့အမရှင်းပြမှ နားလည် သိရှိရတာတွေကလည်း မနည်း။

လရောင်အစိမ်းနှင့် လရောင်အဖြူကိစ္စတုန်းကမူ သူက အောင့်သက်သက်နှင့် အလျှော့ပေးခဲ့ရသည်။ သူခံစား ရသည်က စိမ်းမြသောလ၊ လမြ၊ စိမ်းစိမ်းကတော့ တကယ်မဟုတ်ဖူး၊ စိတ်ထဲက ထင်နေတာဟု ပြတ်ပြတ်သားသား ပြောခဲ့သည် မဟုတ်လား။ သူကမူ အချက်အလက် ခိုင်မာစွာ မပြောနိုင်။ သက်သေသာဓက မပြနိုင်။ သို့သော် သူ့ရင်ထဲက ခံစားရတာကတော့ စိမ်းစိမ်းမြမြ ထွန်းပသောလ။ စိမ်းသောညဉ်၏ လသရုပ်ကို ရေဆေးအစိမ်းရောင် များများသုံးကာ ဆွဲခဲ့သေးသည်။ စိမ်းစိမ်းက သူ့ပုံကိုကြည့်၍ ပြုံးပြခဲ့သည်။

"မောင်လေးက တယ်ခေါင်းမာတာကို၊ မောင်လေးစိတ်ထဲ ထင်နေတာ ရေးချင်ရင်တော့ ရေးပေါ့၊ တကယ်က လဟာ ဘယ်တော့မှ မစိမ်းပါဘူးကွယ်"

သူသည် ဘာမျှပြန်မပြောဘဲ ဆေးကိုသာ တို့နေခဲ့ပေသည်။

သူသည် မဟာရာဇဝင်ကို ဖတ်ရင်း သူ့ဘက်က ရပ်တည်မည့် သက်သေအထောက်အထားကို တွေ့များ တွေ့မလားဟု ရှာသည်။ အတွင်းကား ပတ္တမြား၊ အပြင်ကားဖန် ဟု ဆိုထားသဖြင့် သာပြီးဝေးသွားသေးသည်။ နီစွေးသော လဝန်းဆိုလျှင် စိမ်းစိမ်းနှင့် ပို၍အငြင်းပွားရဦးမည်။

သူသည် ဓမ္မဟောင်းကျမ်းထဲမှ ကမ္ဘာကြီး တည်ထားလာပုံ ဖွဲ့နွဲ့ထားသော စာသားများ၌ ရှာသည်။ `အစအဦး၌ ဘုရားသခင်သည် ကောင်းကင်နှင့်မြေကြီးကို ဖန်ဆင်းတော်မူ၏။ မြေကြီးသည် အဆင်းသဏ္ဍာန် မရှိ၊ လွတ်လပ်လဟာဖြစ်၏။ နက်နဲရာအရပ်ကို မှောင်မိုက်ဖုံးလွှမ်း၍ ဘုရားသခင်၏ ဝိညာဉ်တော်သည် ရေမျက်နှာပြင်ပေါ်မှာ လှုပ်ရှားတော်မူ၏။

`ဘုရားသခင်ကလည်း၊ အလင်းဖြစ်စေဟု အမိန့်တော်ရှိ၍ အလင်းဖြစ်လေ၏။ ထိုအလင်း ကောင်းသည်ကို ဘုရားသခင်မြင်၍ အလင်းနှင့် မှောင်မိုက်ကို ပိုင်းခြား ခွဲထားတော်မူ၏။ အလင်းကို နေ့ဟူသော အမည်ဖြင့်လည်းကောင်း၊ ခေါ်ဝေါ်သမုတ်တော်မူ၍၊ ညဦးနှင့် နံနက်သည် ပထမရက် ဖြစ်လေ၏။...´

ထို့နောက် နေနှင့်လ ပေါ်လာပုံကို ရှာပြန်သည်။ စတုတ္ထနေ့၌ နေနှင့်လကို ဘုရားသခင် ဖန်ဆင်းသည်။ ဒုတိယနေ့၌ မိုးကောင်းကင်၊ တတိယနေ့၌ မြေပြင်၊ ပင်လယ်၊ မြက်ပင်၊ စပါးပင်၊ သစ်သီးပင်တို့ကို ဖန်ဆင်းခဲ့သည်။

`မိုးကောင်းကင် မျက်နှာကြက်၌တည်၍ မြေကြီးလင်းစရာ အလင်းအိမ်ဖြစ်စေဟု အမိန့်တော်ရှိသည့်အတိုင်း ဖြစ်လေ၏။ ထိုသို့ ဘုရားသခင်သည် အလင်းအိမ်ကြီး နှစ်လုံးတည်းဟူသော နေ့ကို အုပ်စိုးရသော အကြီးတလုံး၊ ညဥ့်ကို အုပ်စိုးရသော အငယ်တလုံးနှင့်တကွ ကြယ်တို့ကို ဖန်ဆင်းတော်မူပြီးလျှင်...´

အလင်းအိမ်ကြီး၌ အရောင်အဆင်းတို့ကို ပြောမထားသဖြင့် သူသည် စိမ်းစိမ်းနှင့် ငြင်းစရာ ဘာအထောက်အထားမှ မပြနိုင်တော့။ သို့သော် ဓမ္မဟောင်း သမ္မာကျမ်းစာ၏ စကားပြေကိုကား စွဲလန်းသွားသည်။ ထို့နောက် ဘုရားသခင် ဖန်ဆင်းသော ကောင်းကင်ငှက်၊ ပင်လယ်ငါး၊ သားယဉ်၊ သားရဲ စသော တိရစ္ဆာန်များကို စိတ်ကူးနှင့် ကြည့်သည်။ ထာဝရဘုရားသခင်သည် မြေမှုန့်ဖြင့် ဖန်ဆင်း၍ နှာခေါင်းထဲသို့ ဇီဝအသက်ကို မှုတ်တော်မူလျှင် လူသည် အသက်ရှင်သောသတ္တဝါ ဖြစ်လာသည်။ ဧဒင်ဥယျာဉ်၊ ရွှေရောင်မြစ်။ လူ အိပ်စက်ပျော်နေစဉ် ထိုလူ၏နံရိုးမှ ထုတ်၍ တယောက်ပွားစေသော လူ မိန်းမ။ မစားရဟု တားမြစ်ပညတ်ထားသော သစ်သီး၊ စားရန်ပြောသော မြွေ။

မဟာရာဇဝင် အဆိုအရ ဗြဟ္မာ့ပြည်မှ ကံကုန်သဖြင့် လူ့ပြည်သို့ ရောက်လာသော လူသည်၊ ရောက်စက ကိုယ်ရောင်ဖြင့်သာ ထွန်းပလျက်၊ ကောင်းကင်၌ ငှက်ကဲ့သို့ ပျံဝဲ၍နေသည် ဆိုပါကလား။ ယောကျ်ား မိန်းမ အသွင်မရှိ။ ထို့နောက် ရသ ပထဝီမြေ၊ မြေလွှာ၊ ပဒါလတာနွယ်၊ သလေးဆန်တို့ကို စားရင်း နောက်ဆုံး သလေးဆန် အစားကြူးရာမှ ပုံသဏ္ဌာန်ပီသကွဲပြားကား ယောကျ်ား၊ မိန်းမ ဖြစ်ပေါ်လာသည်။

လူယောကျ်ား အာဒံနှင့် ဧဝတို့သည် ဧဒင်ဥယျာဉ်မှ နှင်ထုတ်ခံရကာ၊ အတူနေထိုင်ကြပြီးနောက် သားသမီး စဉ်ဆက် ပွားများလျက် လူ့အနွယ်ကြီး ဖြစ်ထွန်းလာသည်။ ဗြဟ္မာ့ပြည်မှ ဆင်းသက်၍ လူများ ဖြစ်ပေါ်လာသည်။

သူသည် ရှာရင်း ရှာရင်း လိုက်၍မဆုံးတော့။ မသိတာတွေက တပုံကြီး။ မရှင်းတာတွေက တသီကြီး။ သူ နားမလည်တာတွေက ဖတ်ရင်း ဖတ်ရင်း ပွားများ၍သာ လာတော့သည်။ စိမ်းစိမ်းလည်း အကုန်မမေး၍ မဖြစ်။ နန့်ဖလော်ရာအား မေးရန်လည်း အများကြီး။ သို့သော် သူ့အမက တားသည်။ စိမ်းစိမ်းက "ဟဲ့..သွား၊ ရှောက်မေးမနေနဲ့၊ မမေးကောင်းဘူး၊ နောက်ပြီး မောင်လေးလဲ နားလည်မှာ မဟုတ်ဖူး၊ အမလဲ နားမလည်ဘူးဟဲ့.." ဟု စကားကို ပိတ်ကာ ပြောသည်။ ထို့ကြောင့် သူသည် ဆက်မမေးတော့။ အာဒံနှင့် ဧဝအကြောင်း နန့်ဖလော်ရာအား မမေးတော့။

သည်အတွင်း ဘာဂျာရလာသဖြင့် စိတ်ရှုပ် အတော်သက်သာရာ ရသွားသည်။ သူ၏အာရုံထဲတွင် ဘာဂျာ၏ အသံများ ရောက်နေသည်။ ဗလကို သီချင်းအဆိုခိုင်းသည်။ သူက အသံအလိုက်ကို ရှာသည်။ မြရောင်၊ ရွှေရောင်၊ ပတ္တမြားရောင်၊ စိန်ရောင်၊ လဝန်း၊ နေဝန်း၊ ကြယ်တာရာတို့နေရာတွင် အသံအထုတ်၊ အရှိုက်သဘောတို့ ရောက်လာသည်။

"အမ သိပ်မကြာပါဘူး၊ ဒီရေလေး ခြောက်ရုံပါ"

သူသည် ပြောပြောဆိုဆို စုတ်တံကို အနည်းငယ်ခါပြီး အပြာရောင်နရာ ရေထဲသို့ တို့လိုက်သည်။ ခဲသားရောင်နှင့် အပြာနရောထားသော ရေသည် စီးကာ ကူးသွားကြသည်။ ရေထဲ၌ အရိပ်ထင်နေသော ပုံများပေါ်လာသည်။ သူသည် စက္ကူကို မြန်မြန်ခြောက်အောင် ပါးစပ်ဖြင့် မှုတ်ပေးနေသည်။

ပန်းချီရေးနေစဉ် ဘာအာရုံကမှ သူ့ကို လာမတိုက်နိုင်ကြ။ ပန်းချီဆေးနှင့် စုတ်တံက ဘာမေးခွန်းမှမမေး၊ ဘာပုစ္ဆာမှ မထုတ်၊ သူကသာ စက္ကူနှင့် ဆေးရောင်ကို မိမိစိတ်ကူးဖြင့် စေ့ဆော်ကွန့်မြူး စေခိုင်းနိုင်သည်။ မိမိ၏ စိတ်ကူးလက်အောက်၌ အကုန်ရောက်ကုန်ကြသည်။ ပန်းချီရေးနေစဉ် မေးခွန်းပုစ္ဆာ အားလုံးကို မေ့ကာ အေးချမ်းသာယာနေတော့သည်။

ယခုတလော ကျောင်းတက်နေ၍ ကျောင်းပိတ်ရက်တုန်းကလောက် စာဖတ်ချိန်မရသော်လည်း ညနေဘက် ရသမျှလေးတွင် ဖတ်မိသည်။ ညနေဘက် အပြင်ထွက်၍ ကစားခုန်စား မလုပ်သူဖြစ်၍ သူ့အဖို့ စာအုပ်မှာ အဖော်ကောင်း ဖြစ်နေသည်။

တခါတရံ ညနေဘက် ဗလတို့အိမ်သို့ ရောက်သွားတတ်သည်။ သွားတိုင်း ဗလနှင့် တွေ့သည်မဟုတ်။ ဦးခင်အောင်က သူ့ကို "လာပေ့ ဗလတော့မရှိဘူး၊ ဒီကောင်က သိပ်ကစားမက်တဲ့ကောင်၊ ကျောင်းကပြန်လာရင် လွယ်အိတ်ချပြီး ဘောကွင်းပြေးတာဘဲ၊ ရင်ရင်မြရေ... ဗလ ဘောကွင်းသွားတာဘဲ မဟုတ်လား" ဟု ပြောကာ အိမ်တွင်းမှ သူ့သမီးကို လှမ်းမေးသည်။

ရင်ရင်မြသည် ရေခဲချည်စောင် ထိုးနေရင်းက အပြင်ထွက်လာ "ဟုတ်တယ်ထင်တယ်၊ ဒါပေမယ့် ဘောင်းဘီတော့ ဝတ်သွားတာ မမြင်ဘူး ဖေဖေ"

ရင်ရင်မြမှာ ပင်နီရင်ဖုံး၊ မန္တလေးပိုးထမီ တပတ်နွမ်းကလေးနှင့် ဖြစ်သည်။ ရင်ရင်မြက သူ့ကို တချက်လှမ်းကြည့်လိုက်ပြီး ပြောနေသည်။

"ကျွန်တော့ပြောတော့ ဒီညနေ ဘောမကန်ဘူးလို့ ပြောတာ..."

"ဟုတ်လား။ ဒါပေမယ့် အဖော်တွေ လာခေါ်ရင် လိုက်သွားတာ၊ သိပ်ကစားမက်တဲ့ကောင်၊ ဘောင်းဘီကို သူက အထဲက ခံဝတ်ချင်ဝတ်သွားတာ.."

"ထိုင်ပေ့..စောင့်ချင်စောင့်ပေါ့"

ရင်ရင်မြက "ဟုတ်သားဘဲ၊ တော်ကြာ ပြန်လာချင် လာမှာပါ.."

ဗညားမော်ကမူ ဦးခင်အောင်နှင့် စကားပြောနေချင်သည်။ မဟာရာဇဝင်ကို မယုံကြည်သူဖြစ်၍ သူ့ကိုမေးခွန်း႑ား မေးကြည့်ချင်သည်။ သို့သော် သူကစကားနည်းသူမို့ ဘာကစ ရမှန်းမသိ။ သူ့အဖေရှိနေ၍လားမသိ၊ ရင်ရင်မြကလည်း သူ့အခန်းထဲဝင်သွားသည်။ ရင်ရင်မြနှင့် စကားသိပ်မပြောဖြစ်။ ရင်ရင်မြကသူရှက်တတ်မှန်းလည်း သိသည်။ အတန်းထဲတွင်သာ စာအကြောင်း လာမေးလျှင် ပြောသည်။ ဗလရှိနေလျှင်လည်း ရင်ရင်မြနှင့် စကားပြောရန် အကြောင်းမရှိတော့။ အိမ်ရှေ့ခန်းတွင် စာအုပ်ဘီရိုကြီးများရှိပြီး၊ စာအုပ်များအပြည့်။ ရွှေဇဝါဖုံးများ၊ အင်္ဂလိပ်စာအုပ်များလည်း မနည်း။ ဘီရိုဘေးတွင်ရှိသော မဟာဗန္ဓုလ စစ်သူကြီးကို အင်္ဂလိပ်စစ်ဗိုလ် စတင်လေဘရုက အလေးပြုနေပုံ ပန်းချီကားကြီးကို ငေးကြည့်မိသည်။ ဗန္ဓုလစစ်သူကြီးမှာ အနီရောင် ရွှေနားကွပ် စစ်ဝတ်စစ်စား ဝတ်ထားသည်။ ဓားကိုလည်းလွယ်ထားသည်။ ဗန္ဓုလစစ်သူကြီးကို သူ၏ ကိုယ်ရံတော်

တပ်သားတစ်ဦးက ရွှေထီးမိုးပေးထားသည်။ စစ်သူကြီး၏ အဆောင်အယောင် အပြည့်အစုံ။ ဗန္ဓုလက အင်္ဂလိပ်စစ်ဗိုလ်အား ကြည့်နေပုံမှာ မာန်ပါလှသည်။ မျက်မှောင်ကုပ်ကာ တည်ကြည်ရဲရင့်သော အမူအရာဖြင့် ကြည့်နေသော အကြည့်။ ပန်းချီကားကြီးကို ရွှေရောင်ပန်းတွန့်ကနုတ်ပန်း ဘောင်ဖြင့် ကွပ်ထားသည်။ ပန်းချီဆရာက ဆေးအသားအနုဖြင့် ခြယ်ရေးထားသည်။ သမင်ချိုအထက်၌လည်း မြင်းစီးထားသော ဗန္ဓုလစစ်သူကြီးပင်။ ဆေးရောင်စုံ မဟုတ်။ အဖြူအမဲ တရောင်ဖြင့် ရေးထားသော ကားချပ်။

အင်္ဂလိပ်စစ်ဗိုလ်က ဘာကြောင့် မဟာဗန္ဓုလစစ်သူကြီးကို ဆလံပေးရပါလိမ့်။ မြန်မာဘုရင်လက်ထက်က မြန်မာများ အထက်တန်းကျကြပါလား။ ယခုမူ မြန်မာဂျွန် သူပုန်တပ်သားများမှာ အင်္ဂလိပ်အစိုးရစစ်တပ်ကို နိုင်အောင် မတိုက်နိုင်ကြပါကလား။ လက်နက်ချသော သတင်းများ ကြားနေရသည်။

တလောကလည်း သူတို့ရွာမှ လယ်သမားကြီး ကိုဘခိုင် လာ၍ ထန်းတောရွာမှ ဂျွန်သူပုန် ခေါင်းဆောင် ဦးအောင်လှနှင့် ဂျွန်အဖွဲ့ဝင်များ ဖမ်းမိ၍ ဖျာပုံတွင် ရုံးတင် စစ်ဆေးသောအကြောင်း ပြောပြနေသည်။

"ဖျာပုံကို ခေါ်လာတဲ့နေ့ကများ သဘော်ဆိပ်မှာ လူတိုးလို့ မပေါက်ဖူးဗျာ၊ ကမ်းကို ညွတ်နေတာဘဲ၊ ဖွေးဖွေးလှုပ်လို့၊ မြို့ပေါ်မှာလဲ အုတ်အော်သောင်းတင်းဖြစ်ပြီး `ဂျွန်တွေ...ဂျွန်တွေနဲ့ ဆူညံ ခြိမ့်ခြိမ့်သဲလို့၊ တမြို့လုံး ထွက်ကြည့်ကြသလား အောက်မေ့ရတယ် ကိုရင်ရေ.."

ဦးသက်ထွန်းသည် ဆေးလိပ်သောက်ရင်း နားထောင်နေသည်။

"ဂျွန်တွေ အားလုံးကို လက်ထိပ်ခတ်ထားတယ်၊ မျက်နှာသုတ်ပဝါတွေ ခေါင်းပေါင်းလို့၊ ကျုပ်တို့ရဲ့အသိတွေလဲ ပါတယ်၊ ကျုပ်တို့ရွာနားက လူတွေ၊ မြို့ပေါ်က လူတွေကတော့ စုတ်တသတ်သတ်နဲ့၊ တကယ့်လူရိုး တောသားတွေပါဗျာ၊ နောက်တော့ ကြိုးမိန့်ပေးလိုက်တာပါဘဲ၊ ဖျာပုံမှာ စစ်တုန်းက တသက်တကျွန်းတင် ပေးတာ၊ ရန်ကုန်က အစိုးရရုံးကြီးက တရားလွှတ်တော်ဆိုလား-ဘာလား၊ အဲဒီက သေဒဏ်ပြောင်းပေးလိုက်တာ၊ ပေါင်း ၁၅ဦး၊ မညှာပါဘူး ကိုရင်လေးရာ၊ ထောင်ထဲမှာ ဖမ်းထားတာ အပြည့်အကြပ်၊ ရန်ကုန်ထောင်မှာတင် ၃၀၀၀ လောက်တော့ ရှိတယ်.."

ကိုဘခိုင်မှာ ပြောရင်း မျက်နှာညှိုးသွားသည်။ ထို့နောက် တောက်ခေါက်လိုက်သည်။

စစ်ဝတ်တန်ဆာအနီဖြင့် မဟာဗန္ဓုလစစ်သူကြီး၊ တဘက်ပေါင်းထားသော လက်ထိပ်ခတ် လယ်သမားကြီး၊ ကောက်ဆွ၊ စက်သေနတ်၊ အကျဉ်းထောင်တို့၏ ရုပ်ပုံသဏ္ဍာန်များသည် စာအုပ်ဘီရိုမှန်ရိပ်၌ ပြေးကာ ထင်နေသည်။

ဧည့်သည်များ ဝင်လာမှ ဗညားမော်လည်း သတိရတော့သည်။ သူ၏ အတွေးလည်း ပြတ်သွားတော့သည်။

တယောဆရာနှင့် လူနှစ်ယောက်၊ တယောဆရာက တယောပြားကလေးကို ပိုက်လာသည်။ အဖော်ပါသူ တယောက်က မယ်ဒလင်ဖရုံသီးပုံနှင့်။ တယောဆရာ ကိုအောင်မိုးကိုကား သူမြင်ဘူးနေသည်။ မယ်ဒလင် ကိုင်သူကိုကား မမြင်ဘူး။

"လာကြ..ကဲ..ထိုင်ကြ၊ ရင်ရင်မြရေ...စားစရာ တခုခု လုပ်ခဲ့ပါဟေ့.."

ဦးခင်အောင်သည် နေရာထိုင်ခင်းပေးရင်း၊ သမီးအားလည်း မှာကြားနေသည်။

"ဟော့..မောင်ဗညား၊ မင်းလဲမပြန်နဲ့အုံး၊ သီချင်း နားထောင်သွားအုံး၊ ဒို့ဗမာသီချင်းတိုက်ကြမလို့ကွ၊ ရန်ကုန်ကတောင် လာတိုက်ပေးရတာ"

"ဟုတ်ကဲ့ ဦးလေး"

"ဗလလဲ စောင့်ရင်းပေါ့ကွာ"

ဗညားမော်မှာ ဂီတသမားများကို သည်တခါထဲ နီးနီးကပ်ကပ်မြင်ဘူးသည်။ တယောဆရာ ကိုအောင်မိုးမှာ အသားညိုညို၊ ပိန်ပိန်လျလျ၊ အသက် နစ်ဆယ်အစိတ်ခန့်။ သူနှင့် ပါလာသူများမှာလည်း သူနှင့် အရွယ်ချင်း မတိမ်းမယိမ်းပင်။ မယ်ဒလင်ကို ကိုင်ထားသူမှာ အသားလတ်လတ်၊ ပင်နီရှပ်အင်္ကျီ၊ ရွှေတောင်လုံချည် ကြက်သွေးရောင်နှင့်။ ကျန်တယောက်မှာခပ်ပုပု၊ သိပ်လည်းမဝ၊ အသားက တော်တော်မဲသည်။ သူ့ကိုတော့ မြင်ဘူးသလိုလို။ မသေချာ။

ရင်ရင်မြမှာ ခန်းဆီးကြားမှ အိမ်ရှေ့သို့ ချောင်းကြည့်နေသည်ကို မျက်နှာချင်းဆိုင်လျက်နေသော ဗညားမော်က လှမ်းမြင်လိုက်သည်။ ဗညားမော် လှမ်းအကြည့်နှင့် မျက်လုံးချင်းဆုံသောအခါ ရင်ရင်မြသည် လျှာတစ်လစ်နှင့်ပြုံးကာ ပြန်ဝင်သွားသည်။ ဘယ်လို ကောင်မလေးပါလိမ့်။

သူတို့သည် သူတို့ရှေ့ရှိ စားပွဲပေါ်၌ ဗလာစာအုပ်များကိုချကာ လှန်ထားကြသည်။ ဦးခင်အောင်ကလည်း စာရွက်တရွက် ကိုင်ထားသည်။

"သခင်အောင်ဒင်ရေ.. ခင်ဗျားတော့ ဒီက ကျွန်တော်တို့လူတွေ သီချင်းသေသေချာချာ ရပြီးမှ ပြန်ရမှာနော်"

"ရပါတယ်၊ မခက်ပါဘူး၊ ဒီမြို့ကလူတွေ ဂီတဘက်မှာ စွမ်းကြပါတယ်၊ စောင်းဆရာကြီး ဦးပြုံးချို ထွက်တဲ့ မြို့ဘဲ.."

ဗညားမော်မှာ သခင်အောင်ဒင် ဟူသောအမည်ကို အံ့ဩနေသည်။ ဘယ့်နှယ်ပါလိမ့်။ ကိုအောင်ဒင် ရင်လဲ ကိုအောင်ဒင်၊ ဦးအောင်ဒင် ရင်လဲ ဦးအောင်ဒင်။ ဘယ့်နှယ့် နာမည်ရှေ့က သခင်ဆိုတဲ့ စကားလုံး တပ်ထားတာပါလိမ့်။ မင်းမျိုးမင်းနွယ်ထဲကလား။ သူကတော့ ရုပ်ချောဘဲ။ အမူအရာကလဲ ခပ်ပြုံးပြုံး။ ဟုတ်ပါတယ်။ မင်းသွေးပါ ပါတယ်။ ဒါမှမဟုတ်၊ ရှမ်းစော်ဘွားရဲ့ အနွယ်တော်များလား။

"ကျွန်တော်ကတော့ ဒီတခေါက် ရန်ကုန်အသွား...ရွှေတိဂုံကုန်းတော်ပေါ်က ဇရပ်မှာ နားထောင်ရပြီး ကတဲက ကြိုက်နေတာ.."

"ဟုတ်လား.. အဲဒီတုန်းက ကိုခင်အောင် ရောက်သေးလား"

"ရောက်တာပေါ့၊ ကျွန်တော်က ရေတာရှည်လမ်း သွားပြီးစာအုပ်တွေ သွားယူရင်းနဲ့ သခင်ဘသောင်းက မနက်ဖြန် ဘုရားပေါ်မှာ ဒို့ဗမာသီချင်းဆိုပွဲ ရှိတယ်၊ သီချင်းရေးဆရာ ဝိုင်အမ်ဘီအေသခင်တင်လဲ ကိုယ်တိုင် ဆိုမယ်ဆိုလို့ သွားနားထောင်ခဲ့သေးတာ"

ဗညားမော်မှာ ဒုတိယအကြိမ် သခင်ဘသောင်း၊ သခင်တင်စသော နာမည်ရှေ့က သခင်စကားလုံးများကို ကြားရကာ အံ့ဩနေပြန်သည်။ ဘာတွေပါလိမ့်။ သူတို့ အားလုံး မင်းမျိုးမင်းနွယ်တွေပါကလား။

သခင်အောင်ဒင်က မယ်ဒလင်ကို တချက်နှစ်ချက်ခတ်ရင်း "အစကတော့ ခြေဆင်းနဲ့ စတာဘဲ"

"သဖြန် သဘောမျိုးလား" ဟု ကိုအောင်မိုးက မေးလိုက်သည်။

"သဖြန်အသွားမျိုးနဲ့တော့ မတူဘူး၊ ဒါပေမယ့် သူ့အလိုက်ကလေးနဲ့သူ၊ နဲနဲလောက်တော့ ဖွဲ့ရမယ်၊ ကဲ.. ကျွန်တော်ဆိုပြမယ်လေ၊ အသံ မှတ်ကြည့်ပေါ့"

သခင်အောင်ဒင်က သီချင်းကျေနေသူဖြစ်၍ မယ်ဒလင်ကြိုးကို ခတ်တယ်ဆိုရုံ ခတ်ကာ ဆိုပြသည်။

**တကောင်းအဘိရာဇာ**
**ဒို့ဗမာ သာကီမျိုးဟာမို့**
**မညှိုးဂုဏ်တေဇာ...၊**
**ယိုးဒယားနဲ့ ကုလားကိုပါ**
**တိုက်ခိုက်ကာ အောင်ခဲ့တာ ဒို့ဗမာ...**
**စိန်မှန်ကင်းစစ်**
**အဖြစ်ကြီး ဖြစ်လျက်**
**ထင်းတလှည့် ကြံ့ရ**
**ထုံးနှင့်မသွေ**
**လောက ဓမ္မတာပေ**
**ငါတို့ကံခေ**
**ဖြစ်ရပြန်သလေ...**
**သို့သော် အရင်းကိုစစ်လျှင်**
**ဗမာပြေ ငါတို့ ငါတို့ပြေ။**

ဦးခင်အောင်မှာ ပြုံး၍ နားထောင်နေသည်။ သူက ရွှေတိဂုံဘုရားပေါ်မှာလည်း ကြားခဲ့ရ၍ သဘောကျနေသူ ဖြစ်သည်။

"တခါ ထပ်ဆိုပြမယ်၊ ခင်ဗျားတို့ အသံ နဲနဲလိုက်ကြည့်ပေါ့..."

တခါထပ်ဆိုနေစဉ် ကိုအောင်မိုးက တယောကလေးနှင့် အကျသံများကို လိုက်၍ တီးကြည့်နေသည်။ သခင်အောင်ဒင်မှာ အသံလည်း ကောင်းသူဖြစ်ပေသည်။

"အမျိုးဂုဏ်တေဇာမှာ နဲနဲဖြတ်ရမယ်၊ နောက်ပြီး တိုက်ခိုက်တာနဲ့ အောင်ခဲ့တာ ဒို့ဗမာလဲနဲနဲနားမယ်၊ နောက်ပြီး ထုံးနှင့်မသွေကစပြီး အသံကိုမြှင့်ပြီး တက်လာရမယ်၊ ဖြစ်ရပြန်သလေအထိ တက်ထား၊ နောက်ကျတော့ ဗမာပြေ ငါတို့ ငါတို့ပြေ အပိုဒ်တွေမှာ ဒေါမာန်ပါပါနဲ့ လေးလေးဆိုရမှာ၊ ကျွန်တော်ကတော့ အသံသိပ်မကောင်းဘူးဗျနော်"

"အမယ် ဘယ်ဟုတ်မလဲ၊ သခင်အောင်ဒင်က အသံကောင်းဘဲ" ဦးခင်အောင်က ဆို၏။

"ကိုအောင်ဒင့်အသံက ညာသံရတာဘဲ" ဟု တယောဆရာ ကိုအောင်မိုးကပင် ပြောလိုက်သသည်။ သူက သခင်အောင်ဒင်ဟု မခေါ်ရဲ။ ခေါ်နေကျ ခေါ်ရိုးခေါ်စဉ် ကိုအောင်ဒင် ဟုသာခေါ်၏။

ဗညားမော်၏စိတ်ထဲတွင်ကား`တကောင်းအဘိရာဇာ၊ ဒို့ဗမာသာကီမျိုးဟာမို့´ဟူသော အပိုဒ်ကိုဆိုနေစဉ်၊ ရာဇဝင်ထဲ ပြန်ရောက်သွားသည်။ ဗရာဏသီပြည်၊ ဥက္ကာကရာဇ်မင်းဆက်၊ အမျိုးအနွယ်ကို စောင့်ရှောက်ကြသော၊ မောင်တော် နှမတော် လက်ဆက်ကြသော၊ `တတ်နိုင်စွတကား´ ဟုခေါ်ရသော သကျသာကီဝင်ဇာတ်လမ်းကို သတိရမိသည်။ ထိုမင်းများ၏ အနွယ် အဘိရာဇာမင်းမှစ၍ မြန်မာမင်းဆက် စတင်ခဲ့သည် မဟုတ်လား။

"ခြေဆင်းပြီးရင်တော့ စည်းဝင်လာပြီ၊ ခြောက်ပေါက်အလိုက်ကလေးနဲ့ စထားတယ်"

နောက်တပိုဒ်များတွင်ကားပို၍ မာန်ပါလာသည်။ စာလုံးကို အသံဟန်ဖော်ထားသည်။

**နောင် ဥဒါန်းဘယ်မကျေစရာ**
**ရာဇဝင်တင်ထား**
**မျိုးရိုးနွယ်လာ**
**ကမ္ဘာတခွင်မှာဖြင့်**
**ဗမာ အထင်အရှား**
**ဒို့ခေတ်တွင်းမှာ ညှံ့ကြတော့မှာလား**
**ဒို့ဗမာ၊ ငါတို့ဗမာ**
**ဒါ ငါတို့ဗမာ...**

ရင်ရင်မြပင် ခန်းဆီးနား လာကပ်ကာ နားထောင်နေသည်။ သခင်အောင်ဒင်၏အသံမှာ တဖြည်းဖြည်း ဒေါမာန် ပါလာသည်။ ဗညားမော်မှာ သခင်အောင်ဒင်၏ မယ်ဒလင်ကြိုးများပေါ် လက်ကူးပြောင်းနေသည်ကို စိုက်ကြည့်နေ သည်။ သည်တခါဘဲ နီးနီးကပ်ကပ် တီးခတ်သည်ကို မြင်ဘူးသည်။ သူ၏မျက်လုံးသည် မယ်ဒလင်ကြိုးမှတဖန် မဟာဗန္ဓုလစစ်သူကြီးပုံ ကားချပ်ပေါ် ရောက်သွားပြန်သည်။ ဗန္ဓုလက သူတို့အား သဝဏ်လွှာစကား မြွက်ကြားနေသည်။ သခင်အောင်ဒင်၏ ပင်နီနေရာတွင် စစ်ဝတ်တန်ဆာအနီ ရောက်နေပြန်သည်။

**အားလုံးညီညီ**
**ယောက်ျားဘသား ဒို့ဗမာ**
**နောင်လာနောင်သား ကောင်းစားဘို့ရာ**
**ဒို့ကိုယ်ကျိုးလုံးလုံးမပါ...**

စည်းချက်သည် မှန်နေသည်။ အသံစီးဆင်းမှုသည် ယိမ်းထိုးလာသည်။ လှိုင်းများသည် တရိပ်ရိပ်တက်လာ လေပြီ။ ဗညားမော်မှာ ကြက်သီးမွေးညှင်း ထလာသည်။

**ရဲရဲဗမာဝီဝီ**
**ဗမာပြေ၊ ဒို့ဗမာ တို့ဟာ**
**သခင်ကျင့်ကို ကျင့်ကြပါ**
**သခင်မျိုးဟေ့ ဒို့ဗမာ**
**မိုးအောက်မြေပြင်မှာ...**

ဆိုသံသည် ပို၍ကျယ်လာသည်။ တိုက်တွန်းနိုးဆော်နေသည်။ မိုးအောက်မြေပြင်မှာ အပိုဒ်သို့ ရောက်သောအခါ အသံသည် တက်လာသည်။

**အထက်တန်းစိတ်နဲ့**
**စာမရှိသွေး ဒို့ဗမာ...**

ထို့နောက် ကမ္ဘာမကြေ၊ ဗမာတတွေ ဟူသော သံပြိုင်အပိုဒ်သို့ ရောက်လာသည်။

ဗညားမော်သည် ဝေဒနာအသစ်တခုကို ခံစားနေရသည်။ ခါတိုင်း သီချင်းသံကြားရသောအခါ သူသည် စာအလင်္ကာ၏ ခေါ်ရာ စိတ်ကူးဒေသသို့ ရောက်သွားသည်။ ရဂုံဟေမာ၊ ဂန္ဓမာ သာရကာကျေး၊ ဂန္ဓမာဘွဲ့၊ စိန်ကြာညောင်လွှ ရောင်ကြိုးကြွ၊ မှန်ပြတင်းက မယ်ခုမျှော်၊ စုံသာမြိုင်လယ် လွမ်းဘွယ်တခန်း၊ မြသို့ငယ်စိမ်းနု၊ ဆွေးဗျာထုပို။ သူတကယ် မတွေ့ဘူးသော နေရာအခင်းအကျင်း၊ သူတကယ် မခံစားဘူးသော စိတ်အခြေအနေ။ စောင်းခတ်သံကြားလျှင် ကြည်မောသာယာနေမိသည်။ ဘာမှန်း တိတိကျကျတော့ မသိ။ ကုန်းဘောင်နေမင်း၊ ပုလဲမြိတ်စုံ၊ ဇော်ဂျီဆေးကြိတ်သည့် ကျောက်သေလာ၊ သူဇာဖြူပြာ၊ မိုးနတ်ဒေဝီ။ သူမတွေ့ဘူးသော အရာများ။ သို့သော် စိတ်ညွှတ်ကိုင်းကာ ပျော့ကျလာသည်။

ယခုခံစားရသည်ကား ရှေးယခင်ကဲ့သို့မဟုတ်။ တကယ်မဟုတ်တာ မဟုတ်။ စိတ်ကူးဖြင့် ဖွဲ့သီရက်ရှယ်ထားသော၊ မှုန်ဝါးသော၊ ဝေးခေါင်သောအရပ်မှမဟုတ်။ သူမမြင်ဘူးသော နန်းတော်၊ သဏ္ဍာလီ၊ မဥ္ဇူသကနတ်ပန်းမဟုတ်။ ယခုတလော သူ၏အသိအာရုံတွင်လာ၍ ရိုက်ခတ်ကြသော အခြင်းအရာများ၏ ပုံတူများကို ထိတွေ့နေရခြင်းမျိုး ဖြစ်သည်။ သူ့ရင်ထဲ၌ မရှင်းမလင်းဖြစ်နေသော၊ အဖြေရှာမရသော အရှုပ်အထွေး အငင်အကြောင့်များကို ရှင်းပေးလိုက်သည်။ မကြည်မလင် ဖြစ်နေတာတွေ ထွန်းလင်း ပေးလိုက်သည်။ သူ၏ မပီသသေးသော ပုံတူကို ပီသသော သီချင်းဖြင့် ပုံဖော်ထားခြင်း။

"သံပြိုင်မှာတော့ အားလုံး ဝိုင်းဆိုကြရမယ်၊ စစ်ပွဲတခုမှာ ညာသံပေးပြီး ရဲတင်းသံဆိုသလို ဆိုကြရမယ်...ကဲ.."

**ကမ္ဘာမကြေ၊ ဗမာတတွေ**
**ဒါဒို့ပြေ၊ ဒါဒို့မြေ**
**ဒါငါတို့မြေ**
**ဒို့ဗမာပြေကို**
**တိုင်းရင်းသား အကုန်အစင်**
**ဒို့ပြေလို့ မှတ်ထင်**
**ဒို့ဝတ္တရားပင် ဒို့ဗမာသခင်**

ဗညားမော်မှာ ဝေဒနာအသစ်ဖြင့် လန်းဆန်း အားကောင်းလာသည်။ လွမ်းတာမဟုတ်၊ ဆွေးလျတာမဟုတ်။ ရသသစ်။ တိုက်မယ် ခိုက်မယ် ဟူသော တက်ကြွသော စစ်ချီရသ။ ကြက်သီးမွေးညှင်းထကာ အကြောများ ထောင်ထ မာန်ထလာသော စိတ်လှုပ်ရှားမှု။

**အမျိုးသားရေး ကြိုးပမ်းကြပါ**

**ဒို့ဗမာ၊ ဟေ့...ဒို့ဗမာ..**

အဲဒီအပိုဒ်မှာ ဝိုင်းဆိုရမယ်၊ အော်နိုင်သမျှ အော်ကြပါ။ ဒို့ဗမာဟေ့...ဒို့ဗမာဆိုတာကို ခပ်ကျယ်ကျယ်...”

ဒုတိယအပိုဒ်တွင်ကား ဗညားမော်သည် ဘယ်သူ့ကိုမျှ မမြင်တော့။ သူသည် ရေစီးကြောင်းထဲတွင် မျောပါသွားတော့သည်။ ကမ်းတိုက်တိုက် တုံးတိုက်တိုက်။

“ဟေ့ ဗညားမော်၊ ဘယ်တုန်းကရောက်လဲ”

ဗလ၏အသံကြားတော့မှ ဗညားမော်သည် ရေပေါ်သို့ရောက်သွားသည်။ ဆုပ်ထားသောလက်ကို လျော့လိုက်သည်။ တင်းနေသော ကြွက်သားသည် ဖျတ်ကနဲ လျော့ပြေသွားသည်။

“ဟေ...”

သူသည် လန့်သွားသည်။

“မင်း ဘယ်တုန်းက ရောက်နေလဲ”

အဲသည်တော့မှ ဗညားမော်က အိပ်မက်ရာမှာ နိုးထလာပြီး “အေး သိပ်မကြာသေးဘူး..အင်း...”

“ဒို့သီချင်းတိုက်တာ နားထောင်နေတာ၊ မင်းသူငယ်ချင်းက ငြိမ်နေတာဘဲ၊ မျက်တောင်တောင် မခတ်ဖူး” ဟု ဦးခင်အောင်က သူ့သားအား ပြောပြနေ၏။

သူ၏အမူအရာကို လူကြီးများက အကဲခတ်မိဟန်ရှိသည်။ အထူးသဖြင့် ဦးခင်အောင်မှာ စူးရှထက်မြက်သည်။ တယောဆရာနှင့် အခြားဂီတသမားများမှာ ပြုံးကြည့်နေကြ၏။

“မင်းက ဒီကနေ့ ဘောမကန်ဘူးဆို”

“အေးကွာ..ခင်ဇော်တို့ ဘစန်းတို့ လာခေါ်ကြတာနဲ့”

“ဦးလေး ပြောတယ်မဟုတ်လား၊ မောင်ဗညားမော်၊ ဒီကောင်က ကစားမက်တယ်လို့”

ထိုအခိုက် ရင်ရင်မြသည် ယွန်းလင်ပန်းဖြင့် ကာဖီ၊ ရွှေချီမုန့်၊ လက်ဖက်၊ ဖရုံယို၊ ငါးခြောက်ဖုတ်များ ယူလာကာ ချသည်။

“ကဲ သုံးဆောင်ကြပါအုံး၊ လာဟေ့ မောင်ဗညားမော်၊ လာစားလှဲ့၊ မင်းလဲ ဒို့အဖွဲ့ထဲ ပါတာပေါ့ကွာ”

ဦးခင်အောင်၏ စကားကြောင့် ဗညားမော်မှာ သူတို့နှင့် အဖွဲ့စိတ်ဓာတ် ခံစားလာမိသည်။

"သံပြိုင်အပိုဒ်ကို ကျေအောင် တိုက်လိုက်အုံးမယ်၊ ကဲ...တခေါက်၊ ဒုတိယအပိုဒ်က စမယ်၊ ခြေဆင်းကတော့ ရပါသတဲ့"

အသားမဲမဲ လူကြီးမှာ အသားမဲသလောက် အသံကောင်းသည်။ ပြည့်ဝနက်ရှိုင်းပြီး အသံအားကောင်းသည်။

**အရှေ့ကနေဝန်းထွက်သည့်ပမာပ**
**ဒို့ခေတ်ကို ရောက်ရမည်မှာမလွဲပါ**
**ဒို့ဗမာဟေ့...ဒို့ဗမာ**
**ဗမာပြေ တဝှန်းအကုန်**
**ဒို့အိမ်မှတ်ပါ...ဒို့ယာမှတ်ပါ**
**အဲဒါ ဒို့ဗမာ...။**

သံပြိုင်တွင် အားလုံးဝိုင်းဆိုကြ၍ မြိုင်ဆိုင်နေသည်။ ဗညားမော်မှာ စိတ်ထဲက လိုက်ဆိုနေသည်။ ထို့နောက်၊ ဖွန်းသံ၊ ပန်းကန်သံများ ကြားရသည်။ ရင်ရင်မြမှာ စာအုပ်ဘီရိုဘေးရှိ ဆေးအစိမ်းသုတ်ထားသော ကြိမ်ကုလားထိုင်တွင် ထိုင်ကာ နားထောင်နေသည်။ ဗညားမော်မှာ ပြန်၍ မရတော့။ ဦးခင်အောင်က မုံ့ဖန်းယူလာကာ သူ့အား အတင်း စားခိုင်းသည်။

"ဗလမရှိလဲ လာလည်ပေါ့၊ ရင်ရင်မြလဲ မင်းတို့နဲ့ တတန်းထဲ မဟုတ်လား၊ ဦးလေးဆီက စာအုပ်တွေ လာဖတ်၊ ဦးလေးက စာဖတ်မှကြိုက်တယ်၊ စာဖတ်မှ ဒို့လူမျိုး အထက်တန်းရောက်မှာကွ၊ မောင်ဗညားမော်က ရာဇဝင်စာအုပ်တွေ ဖတ်နေတယ် ပြောတယ် ဟုတ်လား"

"ဟုတ်ကဲ့ ဦးလေး"

ဗလနှင့် သူ့ဖခင်မှာ ရင်းရင်းနှီးနှီး ပေါင်းသင်းနေပါကလား။

"ကျောက်ဆင်းတုကို အသက်သွင်းရမယ့် ခေတ်ကွ၊ ငြိမ်နေလို့ မရတော့ဘူး၊ ဖတ်ရမယ်၊ မှတ်ရမယ်၊ တွေးရမယ်၊ ကဲ မုံ့စားအုံးဟေ့"

ဗညားမော်မှာ ဦးခင်အောင်နှင့် စကားပြောခွင့်ရ၍ ကျေနပ်နေမိသည်။ သူတောင့်တသော အခွင့်အရေး။ လူကြီးများနှင့် သည်တခါဘဲ စကားပြောဘူးသည်။ အခြားသော လူကြီးများမှာ သူတို့လို သူငယ်ကလေးများကို အရော မဝင်ကြ။ တန်းတူလည်း သဘောမထား။

"မင်းက ရာဇဝင်တွေ ဖတ်နေတယ်ဆို၊ ဟုတ်လား"

"ဟုတ်ကဲ့ ဦးလေး၊ ဒါပေမယ့်..."

"ဦးလေးဆီမှာ မှန်နန်းရာဇဝင်တော်ကြီးတို့၊ မဟာရာဇဝင်တော်ကြီးတို့ ရှိပါတယ်၊ မောင်ဗညားမော်ဖတ်တာက မဟာရာဇဝင်ကြီးဆို၊ ဦးကုလား ရေးတာ..."

ဗလက သူ့ဖခင်အား အကုန်ပြောပြထားပြီကော။ ဖခင်ဦးသက်ထွန်းနှင့် သူကားငါးမိနစ်ပြည့်အောင်ပင် စကား မပြောဘူး။ သူ့ဖခင်က သူ့အား ကလေးလေးလိုပင် သဘောထားနေသေးသည်။

"ဟုတ်ကဲ့ ဦးလေး၊ ကျွန်တော် ဖတ်တာ အစဘဲ ရှိပါသေးတယ်"

"ရာဇဝင်ဆိုတာရှင်ဘုရင်အကြောင်း ရေးထားတာတွေပေါ့ကွာ၊ မင်းဆက်တွေပေါ့၊ ပြည်သူပြည်သား အကြောင်းတော့ သိပ်မပါဘူး၊ ရှေးထုံးမပယ်နဲ့ မြန်မာစကားပုံ ရှိတာဘဲ၊ ဒါပေမယ့် ရှေးထုံးလဲ ပယ်သင့်ရင် ပယ်ကြရမှာပေါ့ကွာ၊ ဘယ့်နယ်လဲ…"

ဗညားမော်ကား ဘာမျှ ပြန်မပြောတတ်။

"အရေးတော်ပုံ ခြောက်စောင်တွဲ ဆိုတာရှိတယ်၊ ဦးလေး စာအုပ်ဘီရိုထဲမှာ ရှိပါတယ်၊ အဲဒါလဲဖတ်ကြည့်အုံးပေါ့၊ ဦးလေးစာအုပ်တွေ ငှားလို့ ရပါတယ်"

စားသောက်ပြီးကြ၍ သခင်အောင်ဒင်က မယ်ဒလင်ကြိုးပင် ညှိနေသည်။ တယောဆရာ ကိုအောင်မိုးကမူ လက်ဖက်စားလိုက်၊ လက်ဖက်ရည်ကြမ်း သောက်လိုက်။

ထိုအခိုက်တွင် ရင်ရင်မြ၏ " လာ…လှိုင်၊ လာလေ မြိုင်လဲပါလာတာကိုး" ဟူသော အသံကြား၍ လမ်းဘက်သို့ လှည့်ကြည့်လိုက်သည်။ အိမ်ဝင်း၌ ခင်ထားလှိုင်၊ သူ့ညီမလတ် ခင်ထားမြိုင်။ သူတို့နောက်ပါးမှ အဝတ်ဖြူနှင့် သူတို့အိမ်မှ ဒရဝမ်ကုလားကြီး။ ရင်ရင်မြသည် အိမ်ပေါ်မှ ဆင်းကာ ခင်ထားလှိုင်တို့ထံ သွားကြိုသည်။

"လာလို့ ရပါတယ်၊ သီချင်းတိုက်နေကြတာပါ၊ ရန်ကုန်က အဆိုတော်ပါလာတယ်" ဟူသော ရင်ရင်မြ၏ တိုးတိုးအသံကို မသဲမကွဲ ကြားရသည်။ ဗညားမော်ကား ပြန်ချင်နေပေပြီ။ ဗလက သိသည်။

"နေအုံးနော် မပြန်နဲ့အုံး၊ ခင်ထားလှိုင်တို့ ပြန်မှပြန်"

ဗညားမော်က ဘာမျှပြန်မပြော။

ခင်ထားလှိုင်မှာ စကားဝါရောင်၊ ခင်ထားမြိုင်မှာ သူ့အမနှင့်ဆင်တူ။ ခင်ထားမြိုင်လည်း သူတို့ကျောင်း ရောက်လာပြီ။ ၆-တန်း။ ဗလက သူတို့ ညီအမကို နှုတ်ဆက်သည်။ ဗညားမော်က သူတို့ညီအမကို ပြုံး၍ကြည့်နေသည်။ ခင်ထားမြိုင်မှာ သူ့အမထက် ရဲသည်။ အိမ်ရှေ့ခန်း၌ ထိုင်နေကြသူ အားလုံးကို ကြည့်လိုက်သည်။ ခင်ထားလှိုင်ကမူ ရဲရဲမကြည့်။ ခင်ထားလှိုင်မှာ ဗညားမော်ကို မြင်လျှင် ရှက်နေသော်လည်း၊ အိန္ဒြေဆောင်ထားသော မျက်နှာထား၊ ကြည်လင်ရွှင်ပျအောင် လုပ်ထားရသော အမူအရာဖြင့်။ ညီအမ နှစ်ယောက်စလုံး ထွားကြသည်။ ခင်ထားမြိုင်မှာ အမေရိကန်ဆံထောက်နှင့်၊ ဂါဝန် စကားဝါရောင်နှင့်။ သူတို့သည် စာအုပ်ဘီရိုအနီးရှိ ကြိမ်ကုလားထိုင် အစိမ်းများ စုဝေးနေရာ၌ သွားထိုင်နေကြသည်။ အမျိုးသမီးကလေးများအားလုံး စကားတတွတ်တွတ် ပြောနေကြသည်။ သူတို့သည် အသံကို အုပ်ကာနှိမ့်ပြောကြသည်။ ရှိုက်သံငင်သံ လေယူလေသိမ်းဖြင့် ညံနေကြ၏။

ဗလက ဗညားမော်အား "လာလေကွ"

ဗညားမော်က ငြိမ်သက်နေသည်။ ဦးခင်အောင်နှင့်လည်း စကားပြောချင်သေးသည်။ သို့သော် အခွင့်ကမရ။ ခင်ထားလှိုင်တို့ကလည်း ရောက်လာ။ ပြန်ရင်ကောင်းမလား။ ဗလကလဲ ဟိုဝိုင်းခေါ်နေတယ်။ တယ်ခက်တဲ့ကောင်း။

"ဟိုမှာ တဝိုင်းဝိုင်းကြပါလား၊ ရင်ရင်မြရေ နင့်ဧည့်သည်တွေ ကျွေးပါအုံး"

ဦးခင်အောင်မှာ လူငယ်ပေါက်ကလေးများကို အရေးတယူပြုတတ်သည်။

"ဗလက မတ်တပ်ထ၍ သူလည်း ထရမလို၊ ထိုင်ရမလို ဖြစ်နေစဉ် ဗလက "လာပါကွ" လုပ်နေသဖြင့် ထလိုက်ရသည်။

"ငါပြန်တော့မယ်ကွာ"

"အကိုတို့နေအုံးနော်၊ လှိုင်တို့ကို ကျမတို့လိုက်ပို့ရအောင်"

ဟု ရင်ရင်မြက သူ့အကိုအား လှမ်းပြောလိုက်သည်။

"ဟုတ်သားပဲကွ"

အကိုတို့ဆိုသဖြင့် သူလည်း ပါနေသည်ကော။ တယ်ရှုပ်တဲ့ကောင်မလေး။ သူ့အကိုဘက်တော်သား။

ဗညားမော်မှာ ရပ်ရင်း ဦးခင်အောင်အား ငေးကြည့်နေမိသည်။ စကားလည်းပြောချင်၊ လူကလည်းများလား။ ဦးခင်အောင်က အကဲခတ်မိလိုက်သည်။

"ဒို့ဗမာသီချင်းယူမလား၊ မင်းက အတီးအမှုတ်ဝါသနာပါ ပါတယ်၊ ဒို့ကူးထားတဲ့ စာရွက်တရွက်ယူသွား၊ အင်းနေအုံး၊ ဒို့ဗမာအစည်းအရုံးက ထုတ်တာတွေ ပေးလိုက်ပါအုံးမယ်၊ နိုင်ငံပြုစာစု အမှတ်တစ်ရယ်၊ နောက်ပြီး နိုးကြားရေးစာတမ်း ရှစ်စောင်ရယ် ယူသွားအုံးလေ"

ဗညားမော်မှာ ဦးခင်အောင်အား ကျိတ်၍ ကျေးဇူးတင်မိသည်။ သူလိုချင်နေသော အရာတွေ။

"သူတို့က ဘယ်နှစ်တန်း ရောက်ကြပြီလဲ" ဟု သခင်အောင်ဒင်က မေးလိုက်သည်။

"ရှစ်တန်းတောင် ရောက်နေကြပြီ၊ ငယ်နေလို့သာ၊ ဟိုသူငယ် ဗညားမော်က အငယ်ဆုံး"

"အော် တော်တော် ရောက်ပြီဘဲ"

"ဒီအရွယ်က စပြီး စာဖတ်ရမယ်ဗျ၊ သူတို့ကို ကျွန်တော်တို့ ခေတ်ထက်သာအောင် လုပ်ပေးရမယ်၊ ကျောက်ဆင်းတုကို လှုပ်ရှားအောင် လုပ်ပေးရမယ်ဗျ၊ ဟုတ်တယ် မဟုတ်လား"

နောက်ဆုံး ဗညားမော်သည် ခင်ထားလှိုင်တို့ ညီအမအား၊ ဗလတို့ မောင်နှမနှင့်အတူ ခင်ထားလှိုင်တို့အိမ် လမ်းလျှောက်ရင်း လိုက်ပို့ဖြစ်သွားတော့သည်။ ခင်ထားလှိုင်တို့မှာလည်း ကြာကြာမနေ။ စာအုပ်တအုပ် လာငှားခြင်းဖြစ်သည်။

ရာမည်မြို့မှာ မကြာခဏ ဂျွန်သူပုန်များ ဝင်စီးမည်ဟု ကောလာဟလ ဖြစ်နေသည်။ ရုံး၌ပင် အမိန့်ကြော်ငြာများ ကပ်ထားသည်။ "အချက်ပေး သေနတ်နှစ်ချက်ဖောက်ပြီး ဂတ်တဲမှ သံချောင်းသံကြားလျှင် မိမိတို့ အိမ်အတွင်းမှ ကလေး မိန်းမများကို ထား၍ တံခါးပိတ်ပြီးလျှင် ယောက်ျားများမှာ သင့်ရာလက်နက် ကိုယ်စီကိုင်၍ မိမိတို့အိမ် ဥပစာရှေ့၌ အသီးသီး ထွက်ရောက် ရပ်နေကြရမည်။ အထူးပုလိပ်အရာရှိများနှင့် လက်နက်ကိုင်အဖွဲ့၊ မြို့စောင့်ကာကွယ်ရေး ဘော်လံတီယာ အဖွဲ့များမှာ မည်ကဲ့သို့ဆောင်ရွက်ရမည်ကို ဆိုင်ရာအုပ်ချုပ်သူ အရာရှိထံမှ အမိန့်ရရှိကြလိမ့်မည်အကြောင်း သတိပေးနှိုးဆော်လိုက်သည်ဟု ဖော်ပြထားသည်။ ညဘက်ဆိုလျှင် အသွားအလာ မရှိတော့။ ကာလသား တစ်ယောက်စ နှစ်ယောက်စ၊ သူတို့အိမ်ပြင် မထွက်၍ မနေနိုင်သော၊

အချစ်ဇာတ်လမ်းများဖြင့် ရစ်ပတ်ထားကြ၍ အချိန်းအချက်ရှိသောကိစ္စကြောင့်သာ လူသွားလူလာ ရှိသည်။ မြို့ပေါ်၌ လိုင်စင်ဖြင့်ကိုင်သော သေနတ်များပင် အစိုးရက သိမ်းထားသည်။ ဖျာပုံမြို့၌ မြို့လုံးကျွတ်အစည်းအဝေး ကျင်းပ ဆန္ဒပြပြ၍ သေနတ်များ ပြန်သိမ်းသည်ကို ကန့်ကွက်ကြသည်မှာ သိပ်မကြာသေး။

သူတို့အိမ်မှ ထွက်လိုက်ကြသောအခါ ကုက္ကိုပင်ကြားထဲမှ ပယင်းရောင်နှင့် နင်းဆီရောင် ရောထားသော ဆည်းဆာနသည် မှုန်ရေးရေး သန်းနေလေပြီ။ ကျီးအော်သံများ ကြားနေရ၏။

ခင်ထားလှိုင်က ရင်ရင်မြတို့ အိမ်မှ မဟာဂီတစာအုပ် လာငှားခြင်းဖြစ်သည်ကို သိရမှ သူတို့အိမ်၌ စန္ဒယား ရှိကြောင်း ဗညားမော် သိရသည်။ ရန်ကုန်ကျောင်းတွင် နေစဉ်က ခင်ထားလှိုင်သည် သင်္ဂီတစာအုပ်ဖြင့် အင်္ဂလိပ်သီချင်းများ သင်ခဲ့သည်။ ယခု မြန်မာရှေးသီချင်းကြီးများကို သင်ချင်နေသည်တဲ့။ ဗညားမော်မှာ စန္ဒယားကို တခါမျှ မမြင်ဘူး။ခင် ထားလှိုင်က သူတို့လာလည်ရန် ဖိတ်နေသည်။ ဗလက ဗညားမော် ဘာဂျာမှုတ်နေကြောင်း ပြောပြလိုက်သည်။

လမ်းကွေ့လိုက်သောအခါ ပယင်းရောင်သည် ပါးလာကာ ပြာညိုလဲ့အရောင်သည် တွားသွားဝင်ရောက် လာသည်။ သစ်ပင်များ၊ အိမ်များမှာ မှိုင်းလာသည်။ အဝေးဆီမှ သီချင်းသံသည် ကောင်မလေးများ၏ ရယ်သံ ရှိုက်ငင်သံကြားမှ သဲ့သဲ့မျှ ကြားနေရလေသည်။ ဗညားမော်သည် ဘယ်သူနှင့်မျှ စကားမပြော။ တိတ်ဆိတ်စွာ လိုက်ပါလာသည်။ ဗလက သူ့ကို တတောင်နှင့် တွက်လိုက်သည်။

ရင်ရင်မြကပင် "ကိုဗညား ခု ဘာသီချင်းတွေရသလဲ" ဟု မေးနေ၏။ သူက ပြုံး၍သာနေ၏။

သီချင်းသံမှာ ဝေး၍ ကျန်ရစ်ခဲ့လေပြီ။

**ဗမာပြေတဝှမ်း အကုန်**
**ဒို့အိမ်မှတ်ပါ ဒို့ယာမှတ်ပါ**
**အဲဒါ ဒို့ဗမာ...**

နင်းဆီပန်းနရောင်သည် ပျော့လာလေပြီ။ ပယင်းရောင်သည် သစ်ပင်ထိပ်ဖျားနှင့် သွပ်အိမ်ခေါင်မိုး၌သာ နားနေတော့လေပြီ။

## အခန်း (၁၄)

ဒဂ္ဂဝတီမြစ်သည် ပယင်းရောင်နှင့် နင်းဆီရောင် ပန်းနရောင်ရောစပ် ယှက်သန်းကာ တဖိတ်ဖိတ် လက်၍နေ သည်။

နှုတ်ခမ်းမွှေး၊ ပါးသိုင်းမွှေးများ ဗလပျစ်၊ စုတ်ပြတ်နေသော ရှမ်းဘောင်းဘီအဟောင်း၊ ညစ်ပတ်ပေရေစွန်းထင်း နေသော ပင်နီရှပ်၊ ပင်နီအပေါ်ဖုံး ဝတ်ဆင်ထားသော အသက် ၅၀ ခန့်ရှိ လူတယောက်သည် မီးပုံဘေး ကျောက်တုံးတတုံးပေါ်၌ ထိုင်ကာ တောင်တန်းများကို ငေးကြည့်နေပေသည်။ သူ၏ဘေး၌ ဝါးရွက်၊ သစ်ခက်သစ်ကိုင်းများ မိုးထားသော အင်ဖက်တဲကလေး ရှိသည်။ တဲတွင်း၌ ရှမ်းအမျိုးသားနှစ်ယောက်။ တူမီးသေနတ်၊ ငှက်ကြီးတောင်ဓားတလက်၊ ပေါင်းနှစ်လက်ကို ဝါးတိုင်၌ ထောင်ထားသည်။ ထိုနှုတ်ခမ်းမွှေး၊

ပါးသိုင်းမွေးနှင့် လူ၏အသားမှာ ဖြူလျော်နေသော်လည်း သူ၏ မျက်လုံးများကား တောက်ပနေသည်။ ဆည်းဆာ၏ ပယင်းနှင့် ပန်းနုရောင်က ဟပ်လိုက်သောအခါ သူ၏မျက်လုံးများသည် မီးလျှံကဲ့သို့ နီရဲနေပေသည်။

တောင်ပေါ်မှ လှမ်းကြည့်လိုက်သောအခါ လူးလွန့်နေသော မြစ်ကြီးသည် စိန်၊ မြ၊ ပတ္တမြား ကျောက်မြက် ရတနာများ ကြဲခင်းထားသော ငွေခါးပတ်အခွေကြီး။ ဒုဋ္ဌဝတီမြစ်ကိုကျော်၍ မြင်ရသော တဖက်မှ တောင်တန်းကြီး စိမ်းနက်နက်ပေါ်၌ မြူခိုးများ ဝေလျက်ရှိသည်။ လေငြိမ်နေသဖြင့် တနေရာတွင် ပြာလဲ့လဲ့ တိမ်ဖြူများသည် တွဲလွဲဆိုင်းနေကြသည်။ သူတို့ကား ရှမ်းတောင်တန်းကြီး၊ မောင်၏ အမူအရာဖြင့် တောင်ခိုးတငွေ့ငွေ့ တလူလူထွက်ကာ တောင်ထွတ်အား ထိနမ်းလိုက် ခွာလိုက် မြူဆွယ်နေပေသည်။ နေရောင်လင်းကျသော၊ သစ်ပင်များ ကတုံးဖြစ်နေသော တနေရာ၌ကား၊ မြေနီသည် ပေါ်နေသည်။ ရှမ်းမကလေး၏ ပဒိုနီနှင့်တူသေးတော့။

စိမ်းနက်မှောင်နေသော သစ်ပင်များကား ပင်ပန်းဆင်းရဲသော ရှမ်းတောင်သူများ၏ အဝတ်အစားနှင့် တူသေးတော့။ တဖက်တွင်ကား သည့်ထက် စိမ်းရောင်နသော နိမ့်သောတောင်၏ မြူခိုးများဖြင့် ပြာလဲ့ဝေရီသော တောင်ထွတ်ပေါ်၌ ပယင်းရောင်ကွပ်ထားသော မြန်မာပြည်ဘက်မှ တောင်တန်းကြီး။

ထိုလူကြီးသည် မီးကျည်ထဲသို့ သစ်ကိုင်းခြောက်တခုကို ပစ်ထည့်လိုက်သည်။ မီးပွားကလေးထွက်ကာ တဖောက်ဖောက်မြည်ပြီး၊ မီးသည် ပိုလင်းလာသည်။ မီးပုံကို ဘေးမှ ကျောက်တုံးများ ဝိုင်းရံပတ်ထားသည်။ သစ်ကိုင်းများဖြင့်လည်း ကာရံထားသည်။

ထိုလူကြီးသည် သက်ပြင်းတချက် ချလိုက်သည်။ သူကား သူပုန်ခေါင်းဆောင်ကြီး ဆရာစံပင်။ သူသည် ခြေထောက်နာနေသဖြင့် လမ်းကောင်းကောင်းမလျှောက်နိုင်။ တလောက ရွှေဘိုသို့ စည်းရုံးရေးဆင်းရန် နောင်ချိုမှ မြန်မာပြည်ဘက်သို့ အကူး၊ လမိုင်းတောင်ပေါ်၌ရှိစဉ် ခြေထောက် ချော်စူး၍ အနာရသွားခဲ့သည်။ ဆေးဝါး မပါသဖြင့် တော်တော်နာနေသည်။ တောင်အောက်ရှိ စစ်တပ်က လှမ်းပစ်ရာ၊ သူ၏ သက်တော်စောင့် တပ်သားများက ထမ်းပိုး၍ ရှမ်းပြည်ဘက်သို့ ပြန်လာခဲ့ရသည်။ သူ၏ လက်ထောက်များဖြစ်သော သီရိနော်ရထာ စစ်ကဲကြီး ဦးထွန်းလှနှင့် ဦးတေတို့မှာ အခြားစည်းရုံးရေး အစီအစဉ်များပြုလုပ်ရန် မန္တလေးဘက်သို့ ထွက်သွားခဲ့ကြသည်။ သူနှင့် သက်တော်စောင့် နှစ်ယောက်သာကျန်ရစ်ခဲ့သည်။

အေးသဖြင့် ခြေထောက်လည်း တစစ်စစ် ကိုက်ခဲလျက်ရှိသည်။ သူသည် သူ၏ခြေထောက်ကို မီးဖိုနား ကပ်ထားလိုက်သည်။ သူတို့သည် အစာရေစာပြတ်နေသည်။ စစ်တပ်က တောနင်းရှာဖွေနေသည်ဟု သတင်းရထားသဖြင့် ခါတိုင်းလို ရွာနားမကပ်နိုင်။ ရွာနှင့်ဝေးသော တောနက်တွင်း၌သာ စခန်းချကာ ပုန်းအောင်းနေခဲ့ရသည်။ မနက်ဖြန်တော့ စားနပ်ရိက္ခာ ရှာခိုင်းရဦးမည်။ ဆန်နှင့်ပဲပုပ်ခြောက်၊ ဆားနည်းနည်းရလျှင် တော်ပြီ။ သူ့အတွက်ကား အရေးမကြီး၊ တပ်သားများ မဝမည်ကို စိုးရိမ်မိသည်။ တနေ့ကလည်း သူ့အတွက် ရိက္ခာကို သူ့တပ်သားနှစ်ယောက်အား ပေးခဲ့သည်။

တပ်သားလေးက "ဆရာကြီးစားပါ၊ ဆရာကြီးက ရှေ့ရောက်လုပ်စရာတွေ အများကြီးရှိပါသေးတယ်" ဟုပြောကာ သူ့အား အတင်းကျွေးသည်။ "မဟုတ်ဖူးကွ၊ ဆရာကြီး ခံတွင်းပျက်နေတယ်" ဟုဆိုကာ အတင်းငြင်းခဲ့သည်။ ပထမ ဆရာကြီးမစားလျှင် သူတို့လည်း မစားဆိုကြသဖြင့် သူတို့အလိုလိုက်ကာ သုံးလေးလုတ် စားပြခဲ့ရသည်။

ပတ်ဝန်းကျင်မှ မြေပိုးမွှားများ၊ ပုရစ်များသည် ညံစီအောင် အော်မြည်လာကြပေပြီ။ ပယင်းရောင်သည်ပင်

ရုတ်သိမ်းစပြုလေပြီ။ မြန်မာပြည်ဘက်မှ ပန်းနုရောင် တောင်တန်းကြီးများမှ မြူခိုးများလွင့်တက်နေကြသည်မှာ လွမ်းဘွယ် ကောင်းသေးတော့။

ခြေက အနာသည် ကိုက်လာပြန်သည်။

သူ့တဲဘေး၏ နောက်မှ ထင်းရှူးပင်၊ ယူကလစ်ပင်၊ ချယ်ရီပင်များ၏ အရိပ်များပင်မထင်တော့။ တောင်စောင်းနှင့် ရေကာ စိမ်းနက်လာလေပြီ။ နေလုံးကြီးကား မြန်မာပြည်ဘက်တွင် လယ်ကွင်းများ အောက်သို့ ရောက်သွားပြီထင့်။

နောက် တမျှင်းမျှင်းကိုက်လာသဖြင့် ကျောက်တုံးကို နောက်မှီပြုကာ ခြေထောက်ကို မီးပုံနားကပ်ထားလိုက်သည်။ သိပ်မသက်သာလှ။ သူ၏မျက်လုံးများသည် နီ၍လာသည်။ တောင်အောက်မှ ဒုဋ္ဌဝတီမြစ်ကြီးကို ထင်းရှူးပင်များ ကြားမှ လှမ်း၍မြင်နေရဆဲ။ ရေပြင်တို့ကား မဟူရာနှင့် ရောစပ်ကာ အရောင်တလက်လက်။ ပယင်းရောင်နှင့် နှင်းဆီပန်းနုရောင် မရှိတော့။ ဤနေရာကား လုံခြုံလှသည်။

ပုရစ်သံများ၊ ခြင်သံများ ဆူညံလာသည်။ လဆန်းရက်ဖြစ်၍ ကောင်းကင်သည် လုံးဝမှောင်မဲ၍မသွား၊ လရိပ်ကြောင့် ပြာမှုန်မှုန်။

အော်...အလံတောင်၊ မြစိမ်းတောင်ညို၊ ဗုဒ္ဓရာဇမြို့တော်မှ ခွာခဲ့သည်မှာ ၆ လကျော်ခဲ့ပြီကော။ မြရာတောမှ ထင်းရှူးတောသို့ ရွှေ့လာခဲ့သည့် ရက်အတွင်း များစွာ ပြောင်းလဲခဲ့ပြီကော။ နှင်းများပိတ်ဝေနေသော ဆောင်းလက အလံတောင်မှ ခွာခဲ့သည်။ ထိုနံနက်က အင်္ဂလိပ်အစိုးရစစ်တပ်များ လက်နက်မျိုးစုံပစ်ဖောက်ကာ မိမိတို့ ဌာနချုပ်စခန်း တက်လာကြသည်။ လွန်ခဲ့သော ညနေပိုင်းက ဖားရွှေကျော်တိုက်ပွဲတွင် မိမိတို့ဘက်မှ အကျအဆုံး များသဖြင့် စခန်းတွင် တပ်အင်အား နည်းနေသည်။ သို့သော် သူက ခုခံမည်ဟု တပ်မှူးများအား နေရာယူရန် အမိန့်ပေးလိုက်သည်။ တပ်မှူးများက .... "ဆရာကြီး၊ ရန်သူက အားသိပ်များနေတယ်၊ ရှောင်ပါ" ဟု တောင်းပန်သည်။ သူက ဓားဆွဲကာ တိုက်မည်ဟု ပြောလိုက်သည်။ "ဆရာကြီး၊ ကျွန်တော်တို့မှာ လုပ်စရာတွေ အများကြီး ရှိသေးတယ်" ဟု ဆိုကာ သူ့အား အတင်းဆွဲ ခေါ်သွားကြသည် မဟုတ်လား။

သူသည် ရုပ်ဖျက်ကာ ဝက်လှကလေး ဘူတာသို့ လာခဲ့ရသည်။ လမ်းရှိရွာများတွင် သူ၏အဖွဲ့ဝင်များနှင့် ဆွေးနွေးဝေဖန်ကြသည်။ သူ၏အစီအစဉ်က တပြည်လုံး တချိန်တည်း ပုန်ကန်ထကြွရန် ဖြစ်သော်လည်း အချိန်းအချက်အတိုင်း မဖြစ်ပဲ၊ သာယာဝတီခရိုင်တခုတွင်သာ ဖြစ်သဖြင့် အစိုးရတပ်က အားသွန် စုလောင်း သုံးနိုင်သောကြောင့် ယခုလိုဖြစ်ရခြင်း ဖြစ်သည်ဟု သုံးသပ်ကြသည်။ ဝက်လှကလေးဘူတာမှ ပြည်သို့ မီးရထားဖြင့် လာခဲ့သည်။ ထိုမှတဆင့် မြင်းခြံ၊ အမရပူရ။ အမရပူရရှိ ဆရာတော်ကျောင်းတွင် ဘုန်းကြီးဝတ်လဲကာ၊ ဦးညာဏ ဖြစ်လာခဲ့သည်။ ထိုဆရာတော်ကျောင်းမှာပင် ဂျီ-စီ-ဘီ-အေ မြန်မာအသင်းချုပ်မှ မိတ်ဆွေများ၊ နိုင်ငံရေးခေါင်းဆောင်များနှင့် တိတ်တဆိတ် တွေ့ဆုံဆွေးနွေးကြသည်။ အမရပူရတွင် ခိုလှုံနေစဉ် အနယ်နယ်မှ ပုန်ကန်လာကြသည့် သတင်းများကြားရ၍ အားရမိသည်။ သူတို့ နည်းနည်းနောက်ကျကြသည်။ တပြိုင်နက်တည်း ထကြွလျှင် ရန်သူ မျက်လုံးပြူးမည်။ ထို့နောက် သူသည် ရှမ်းပြည်ဘက်တက်၍ စည်းရုံးကာ စစ်ပွဲဆင်ရန် ဆုံးဖြတ်လိုက်သည်။

မထွက်ခွာမီက ရဟန်းဝတ် ဦးညာဏနှင့် သူ၏ကပ္ပိယအဖြစ် ရုပ်ဖျက်ထားသော အပါးတော်မြဲ ကိုတေတို့သည် မဟာမြတ်မုနိဘုရားကြီးအား သွားရောက်ဖူးမြော်ခဲ့သေးသည်။ ထိုညက ရုပ်ပွားတော်ကြီးမှာ အထူးသပ္ပာယ်လှပေ

သည်။ တန်ဆောင်းအဝ၌ တွေ့ခဲ့ရသော ပုလိပ်က "အရှင်ဘုရားတို့ သုတ်သုတ်ပြန်ခဲ့ကြဘုရား၊ ခုတလော တိုင်းပြည်က မအေးဘူးဘုရား၊ အောက်ပြည်မှာ သုပဏ္ဏကဂဠုန်ရာဇာ ဆရာစံဆိုတာ ထနေတယ်"

ဦးညာဏက "အေး…အေး ဝတ်ပြုပြီး ပြန်မှာပါကွာ"

ဘုန်းတော်ကြီးသည် ပုဒ္မမ္ဘာကြာ၊ သဇင်ပန်း၊ နှင်းဆီပန်းများကို ဘုရားတွင် တင်သည်။ ဆီမီးပူဇော်သည်။ ရွှေသင်္ကန်း ကပ်လှူသည်။ ထို့နောက် သူ၏ဆုတောင်းသံကို ကြားရသည်။

"ဘုရားတပည့်တော် နောင်ဘဝ အဆက်ဆက်တွင် လူမျိုးခြားလက်အောက်ခံဘဝ မကျရောက်သောသူ တော်လှန်သောသူ ဖြစ်ရပါလို၏ အရှင်ဘုရား"

နောက်တနေ့ နေ့လယ်တွင်ကား ဦးညာဏနှင့် ကိုတေတို့သည် နောင်ချိုဘူတာမှ ဆင်းကာ မက်ချင်းနရွာသို့ သွားရန် လှည်းငှားကာ လာခဲ့ကြသည်။ လှည်းမောင်းသမားမှာ နောင်ချိုပုလိပ်ဂတ်ဝင်းတွင် နေထိုင်သော အမှုထမ်းတဦး၏ သားဖြစ်ရာ၊ ဂတ်တဲဝရောက်သောအခါ ကပ္ပိယကိုတေဘက်လှည့်၍

"ဆရာကြီး၊ ကျွန်တော် နွားအစာကျွေးလိုက်အုံးမယ်၊ ခရီးက နီးတာ မဟုတ်ဖူးဘုရား" ဟု တဖန် ဘုန်းကြီးဘက် လှည့်ပြောရင်း၊ ဂတ်ထဲဝင်းထဲသို့ စွတ်မောင်းသွားလေသည်။

ကိုတေမှာ မျက်လုံးပြူးနေတော့သည်။ ဆရာစံက သူ့လက်မောင်းကို ဆိတ်လိုက်သည်။ အိခြွေမပျက်စေနဲ့ ဟူသော သဘောဖြင့် မျက်ရိပ်ပြလိုက်သည်။ ကိုတေကား ရင်ခုန်လျက်။ လှည်းမောင်းသမားသည် နွားအား အစာကျွေး၊ ရေတိုက် ပြီးအောင်လုပ်သည်။ ဆရာစံတို့ ဆရာတပည့်နှစ်ယောက်သည် ဂတ်တဲစကြံ့ရှိ ထိုင်ခုံ၌ ထိုင်စောင့်နေကြသည်။

သူတို့နှင့် မျက်နှာချင်းဆိုင် နံရံ၌ကား ကြော်ငြာစာ ကပ်ထားသည်။ ကြော်ငြာထိပ်၌ ဆရာစံ၏ ဓာတ်ပုံ။ သူရေးသော လက္ခဏာဇုဖဆေးကျမ်းစာမျက်နှာတွင် ပါရှိသော ဓာတ်ပုံကို အကြီးချဲ့ ပြထားသည်။ မော်လမြိုင်ခရိုင်၊ ဘီလူးကျွန်းဘက် ဝံသာနုအသင်းဥက္ကဋ္ဌ လုပ်စဉ်က ရိုက်ကူးထားသော ဓာတ်ပုံ။ ဓာတ်ပုံအောက်၌ 'သူပုန်ခေါင်းဆောင် ဆရာစံအား အသေဖြစ်စေ၊ အရှင်ဖြစ်စေ ဖမ်းဆီးပေးနိုင်သူအား ဆုတော်ငွေ ငါးထောင်ကျပ်၊ အစိုးရမင်းက ချီးမြှင့်ပေးသနားတော်မူမည်' ဟု ဖော်ပြထားသည်။

ဆရာစံသည် ကြော်ငြာစာတမ်းကို ဖတ်လျက် ပြုံးနေသည်။ ဆုငွေ ကြော်ငြာစာတမ်းများသည် ဂတ်တဲနံရံများ၌ အနှံ့အပြား ကပ်ထားကြသည်။

ထို့နောက်လှည်းသည် မက်ချင်းနရွာသို့ ထွက်ခဲ့လေသည်။ ထင်းရှူးပင်များသည် သူ့ကို ဆီးကြိုလိုက်သည်။ မက်ချင်းနရွာ ဘုန်းကြီးကျောင်း၌ ခိုအောင်းကာ စည်းရုံးရေးလုပ်သည်။ ရှမ်းလယ်သမားများမှာလည်း အုပ်စိုးသူ အင်္ဂလိပ်များ၏ နှိပ်စက် ညှင်းပန်းမှု ခံနေရသူများဖြစ်၍ ဆရာစံဘက်သို့ ဝင်လာကြသည်။ မက်ချင်းနကျောင်း၌ ခိုအောင်းနေစဉ် စစ်တပ်ကဝိုင်းသဖြင့် ပြာသာဒ်ပေါ် တက်ပုန်းနေ၍ လွတ်သွားခဲ့ရသည်။ ထို့နောက် ရပ်စောက်နယ် ပါဝိုင်းစခန်းသို့ ကူးခဲ့ရသည်။ မြေခွန်ယာခွန် မပေးရေး ဟောပြောရာ၊ ဂဠုန်တပ်ဖွဲ့ဝင် ၁၇၀၀ ကျော် စည်းရုံး ရရှိခဲ့သည်။ မြန်မာ၊ ရှမ်းများအပြင်၊ ပလောင်၊ ဓနု၊ တောင်သူများ ဝင်လာမစဲ။

တပ်မှူး၊ စစ်ကဲများ ဘုရားစင်ရှေ့၌ ဆရာစံက ကျမ်းသစ္စာ ရွတ်ဆိုစေရမည်။

"မိမိသည် အများပြည်သူတို့၏ ပစ္စည်းဥစ္စာ အပ်တိုတချောင်းမျှပင် ပြစ်မှားခြင်း မပြုပါ၊ သူတပါး၏ သားပျို သမီးပျိုများကို ပြစ်မှားခြင်း မပြုပါ၊ အမျိုးဘာသာ သာသနာ ပြန့်ပွား ထွန်းကားစေရန်နှင့် တိုင်းပြည်ကောင်းစားရေးအတွက် ရွက်ဆောင်မည် ဖြစ်ကြောင်း သစ္စာပြုပါ၏။ ယခု သစ္စာကို မြဲမြံစွာ ထိန်းသိမ်းစောင့်ရှောက်ပါမည်၊ ထိန်းသိမ်းစောင့်ရှောက်ခြင်းမပြုဘဲ ဖောက်လွဲဖောက်ပြန် ပြုပါက ကုန်းသွား ကုန်းဘေး - ရေသွား ရေဘေး သင့်ပါစေသား…"

ရှမ်းပြည်တွင် တိုက်ပွဲများ ဖြစ်လာသည်။ တောပျောက်ရွာ၊ နရားမြစ်။ နောင်ချို အစိုးရရိက္ခာစခန်းကို ဝင်စီးသည်။

ဆရာစံသည် သစ်ကိုင်းခြောက်တခက်ကို မီးဖိုထဲ ထည့်လိုက်ပြန်သည်။ ပိုးကောင်များ၏ အော်သံမှာ ပို၍ ကျယ်လောင်လာသည်။ ဒုဋ္ဌဝတီမြစ်ကြီးကိုကား တလက်လက် မြင်နေရသေးသည်။ ရှမ်းပြည်ရောက်စက ထင်းရှူးနှံ့၊ ယူကလစ်နံ့ သင်းထုံ နေခဲ့သည်ကော။

မြန်မာပြည်၌လည်း ခရိုင်အနှံ့အပြား ပုန်ကန်ထကြွမှုသည် ပြန့်နှံ့လျက် ရှိသည်ကို သိရ၍ ကျေနပ်ခဲ့ရသည်။ တိုက်ပွဲသတင်းများကိုလည်း စုဆောင်းခဲ့ရသည်။ ဖျာပုံ၊ မအူပင်၊ ဟင်္သာတ၊ ပုသိမ်၊ သရက်၊ ပြည်၊ အင်းစိန်၊ ပဲခူး၊ တောင်ငူ၊ ရမည်းသင်း။ သူသည် သတင်းစာဖြတ်ပိုင်းများပင် စုထားသည်။ သတင်းစာများ၊ နိုင်ငံရေးခေါင်းဆောင်များ သူ့ဘက်ကနေ ကြသည်။

သူရိယသတင်းစာမှာ အာမခံငွေအတောင်းခံရ၍ ခေါင်းကြီးနေရာတွင် ကွက်လပ်ချန်ကာ 'တချက်လွှတ် ဥပဒေအရ ကျွန်ုပ်တို့ သူရိယသတင်းစာတိုက်အပေါ် အာမခံငွေ တသောင်း တင်ထားခြင်းကြောင့် ကန့်ကွက်သော သဘောနှင့် တစုံတရာမျှ ကျွန်ုပ်တို့ ရေးသားဖော်ပြခြင်း မပြုဘဲ ရပ်စဲထားသည်' ဟု ဖော်ပြခဲ့သည်။

ရန်ကုန်မြို့တော်တွင် မိမိတို့ဘက်မှ ပြည်သူတို့ ထောက်ခံချက်ကို အင်္ဂလိပ်အစိုးရက ကာကွယ်သောအားဖြင့် ပုလိပ်မင်းကြီးက အမိန့်ကြော်ငြာစာ ထုတ်ပြန်ရသည်။ အမိန့်ကြော်ငြာစာတွင် 'အချို့သော သူတို့သည် အများပြည်သူတို့ သွားလာလျက်ရှိသော လမ်းကြီးလမ်းငယ် အသွယ်သွယ်တို့၌ လည်းကောင်း၊ ဥယျာဉ်ကွက်လပ်များ၌ လည်းကောင်း၊ လူများစုဝေးပြီးလျှင် စီတန်းလမ်းလျှောက်လိုသော ဆန္ဒများရှိကြသည်ကို သိရှိသည့်အတွက်၊ ထိုသို့စီတန်းလမ်းလျှောက်ရာမှ မထိမ်းနိုင်ခဲ့သော် လူအများတို့၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ရာ ကျနေသောကြောင့် ၁၉၃၉ ခုနှစ်၊ ရန်ကုန်ပုလိပ် ဥပဒေအရ၊ ဧပြီလ ၆ ရက်နေ့မှစ၍ ၇ ရက်အတွင်း အထက်ဖော်ပြပါရှိသော လူများစုဝေးပြီးလျှင် စီတန်းလမ်းလျှောက်လိုသော် ပုလိပ်မင်းကြီးထံ၌ လိုင်စင်လျှောက်ရမည်ဖြစ်ကြောင်း' ဟု ဖော်ပြခဲ့သည်။ ယခုအခါ လူငယ်များနိုးကြားတက်ကြွ၍ ကျေနပ်မိသည်။

အင်္ဂလိပ်အစိုးရကလည်း တဖက်က လွတ်ငြိမ်းချမ်းသာခွင့်နှင့် ပတ်သက်၍ ထုတ်ပြန်ကျေညာချက်များ ထုတ်ဝေနေသည်။ နစ်စကပင် မြန်မာနိုင်ငံတော် အစိုးရ၏ ထုတ်ပြန်ကျေညာချက် ဟူ၍ ကျေညာချက်တစောင် ထွက်လာသေးသည်။

သာယာဝတီနှင့် အင်းစိန်နယ်များ၌ ပုန်ကန်ထကြွမှုတွင် ပါဝင်သူများအနက်က များသောသူတို့မှာ အသိပညာ နည်းပါးသော ရွာသားများ ဖြစ်ကြလေသည်။ ၎င်းတို့အနက် အချို့သော သူများမှာ မပါဝင်ဘဲ မနေရဟု အနိုင်အထက်ပြုလုပ်ခြင်း ခံရသဖြင့်က ဖြားယောင်းသဖြင့် အထင်မှား၍ ပါနေကြရလေသည်။

'သူပုန်များအနက် များစွာသောသူတို့မှာ ပုန်ကန်ထကြွမှု မအောင်မြင်ကြောင်းနှင့် ၎င်းအမှုတွင် မိမိတို့ပါဝင်ခဲ့ခြင်းမှာ မိုက်မှားကြောင်း သိရှိကြသဖြင့် ပုန်းအောင်း၍ နေကြပြီးလျှင်၊ ပြစ်ဒဏ်ကြီးလေးစွာ စီရင်ခြင်းခံရမည်ကို စိုးရိမ်သောကြောင့် လက်နက်ချရန်၊ ပြန်ဝင်ရန် ကြောက်ရွံ့နေကြလေသည်။

'ယင်းသို့သော အကြောင်းကြောင့် အနိုင့်အထက် ပြုလုပ်ခြင်း ခံရ၍သော်လည်းကောင်း၊ သူပုန်ထကြွမှုတွင် ပါဝင်ကြရသော်လည်း ကိုယ်ထိလက်ရောက် သောင်းကျန်းတိုက်ခိုက်ခြင်း မပြုသူတို့အပေါ်တွင် သနားညှာတာစွာ စီမံပြုလုပ်ရန် ရည်ရွယ်ကြောင်းကို မြန်မာနိုင်ငံတော် အစိုးရက ယခု ထုတ်ပြန် ကြေညာသည့် ဤစီမံနည်းလမ်း အတိုင်းလည်း စ၍ ဆောင်ရွက်ပြီ ဖြစ်လေသည်။

'သူပုန်ထကြွမှုတွင် ပါဝင်သဖြင့် ဖမ်းဆီးခြင်းခံရသူများအနက် များစွာသော သူတို့ကိုလည်း ၎င်းတို့သည် သူပုန်ထကြွမှုတွင် မပါမဝင်လိုဘဲ၊ အနည်းအများ ပါဝင်ကြရသည့်ပြင်၊ ရာဇဝတ်မှုများကျူးလွန်ခြင်း၌ ကိုယ်ထိလက်ရောက် မပါဝင်ကြကြောင်း ထင်ရှားသကာလ ချမ်းသာပေးပြီးလျှင် လွှတ်လိုက်လေပြီ။ ထို့ကြောင့် လက်နက်ချရန် ပြန်ဝင်လိုသော သူပုန်များမှာ မိမိတို့နှင့်အနီးဆုံးရှိသောရွာသူကြီး၊ သို့မဟုတ် ရာဇဝတ်တရားသူကြီးထံတွင် လည်းကောင်း၊ စစ်ဘက်ဆိုင်ရာ ကင်းတပ်၊ သို့မဟုတ် ဌာနတွင်သော်လည်းကောင်း၊ ချက်ခြင်း လက်နက်ချ၍ ပြန်ဝင်ကြရန် သတိပေးနိုးဆော်လိုက်သည်' တဲ့။

ယင်းထုတ်ပြန်ကြေညာချက်နှင့် ပတ်သက်၍ နိုင်ငံရေးခေါင်းဆောင်များနှင့် ဘုရင်ခံတို့ ဆွေးနွေးကြသည်။ ဆရာတော်များလည်း ပါဝင်လာကာ ငြိမ်းချမ်းရေး ခေါင်းဆောင်သူများ ပေါ်လာကြသည်။ ဆရာတော်များနှင့် ဘုရင်ခံတွေ့ဆုံသည်။ ဘုရင်ခံ ထုတ်ပြန်သော လွှတ်ငြိမ်းချမ်းသာခွင့်အပေါ် ဝေဖန်ကြသည်။ နိုင်ငံရေး ခေါင်းဆောင်များက ဘုရင်ခံသည် သူပုန်အရေး ပြေငြိမ်းလိုသော စေတနာမရှိဟု ယူဆကြသည်။ လက်နက်အားကိုး ဖိနှိပ်ခြင်းကိုသာ အလေးထားကြောင်း ရေးသားကြသည်။ နိုင်ငံရေး ခေါင်းဆောင်များနှင့် တွေ့ပြီးသော် မအေးချမ်းသေး။ ဖမ်းပြီးလွှတ်လိုက်သူများပင် ပြန်ဖမ်းသည်ဟု ဘုရင်ခံအား အပြစ်တင်ကြသည်။ ဆောင်းပါးရှင် ဦးဖိုးကျားက အစိုးရသည် သဘောထားကြီးရန် လိုကြောင်း ရေးသားလိုက်သည်။ အော်...ပြည်သူဆို့က မိမိဘက် ပါကြပါကလား။

သို့သော် ၆ လအတွင်း စာရင်းချုပ်လိုက်သောအခါမှုကား ဟိုတကွက်ဒီတကွက်ဂတ်တဲစီးခြင်း၊ စက်သေနတ်များပစ်ရခြင်း၊ ဇလွန်၌ သူပုန်များက ဈေးကြီးကိုဖွင့်ကာ စတုဒိသာဈေးဖွင့်ပေးခြင်းများ ရှိသော်လည်း၊ အရေးနိမ့်သည်က များလာပြီကော။ အချို့တိုက်ပွဲများတွင် အကျအဆုံး များသည်။ လက်နက်ချဝင်သူများပင် မနည်းတော့ပြီကော။ သာယာဝတီမှ ၂၆၀၊ ပြည်မှ ၂၆၈၂၊ သရက်မှ ၃၉၉၊ အင်းစိန်မှ ၂၇၇။ အော်....အားမတန် မာန်ကို လျှော့ရစမြဲပါကလား။

အခြားနိုင်ငံများတွင် သူပုန်အရေးများရှိသည်။ စပိန်၊ တရုတ်ပြည်။ သတင်းစာများတွင် ပါနေသည်ကို ကြိုးကြားဖတ်ရသည်။ တရုတ် ကွန်မြူနစ်တယောက်ပင် ရန်ကုန်၌ အဖမ်းခံရပြီး၊ ပြည်နှင်ဒဏ်ပေးလိုက်ကြောင်း သူရိယထဲဖတ်ခဲ့ရသေးသည်။

အမှောင်တို့သည် ယုက်သန်းလာလေပြီ။ လရိပ်ကြောင့် ဒုဋ္ဌာဝတီမြစ်ကြီးကိုကား တောင်ပေါ်မှ ဆီးမြင်နေရသေးသည်။ ပယင်းရောင်၊ နှင်းဆီရောင်န မရှိတော့။ သို့သော်- ရေစီးသန်သော နေရာများ၌ ရေပြင်သည် ကြွကာ မြရောင်နှင့် ရွှေရောင် ရောစပ်ပြီး ပြိုးပြက်နေပေသည်။

သူသည် ခြေတဖက် ပြောင်းရွှေ့ကာ တောင်များကို ငေးကြည့်နေသည်။

ယခုအခါ ရိက္ခာပြတ်နေ၍ မနက်ဖြန် နောင်ကွမ်းရွာတွင်းသို့ လမ်းပြဦးဖိုးကာကိုလွှတ်ကာ ဆန်နှင့် ပဲပုပ်ခြောက်များကို ရှာခိုင်းရဦးမည်။ တနေရာတွင် ခိုပုန်းကာ အနာကို ဆေးကုပြီး အားယူရဦးမည်။ ဂဠုန်တပ်သားများလည်း ပင်ပန်းကြရှာမည်။ အနားပေးကာ အားစုမှ တော်မည် မဟုတ်ပေလော။

ထင်းရှူးပင်များ၏ အရွက်ချင်းထိပွတ်သံသည် တရွှဲရွှဲမြည်လာသည်။ လေသည်ပြင်းထန်လာပြန်သည်။ သူ၏ သက်တော်စောင့်နှစ်ယောက်က ထင်းများလာထည့်၍မီးသည် လင်းလာပြန်သည်။ နည်းနည်းနွေးလာသည်။

သို့သော်...
ခြေနာက မသက်သာသေး။

ထင်းရှူးရနံ့ ထုံမြလာသည်။ ယူကလစ်နံ့ မွှေးလာသည်။ ကောင်းကင်ဖန်ရိပ်သည် ငွေရောင်တထပ်၊ မြရောင် တထပ် မှုန်မှုန်လဲ့လဲ့ ဝန်းဖွဲ့နေပေသည်။

ဆရာစံသည် ပင်နီအင်္ကျီ ကြယ်စေ့ကို ထပ်တပ်ကာ ထင်းရှူးပင်ကြားထဲမှ တောင်အောက်ရှိဒုဋ္ဌာဝတီမြစ်ကို ငေးကြည့်နေသည်။ မြစ်ပြင်သည် တရွရွ ကွေ့လက်နေပေသည်။ မှန်သားပေါ်၌ မြရောင်၊ ငွေရောင် ဖိတ်ဖိတ်လက်နေ၏။ ဤလှပသော ရေအယဉ်သည် မြစ်ငယ်မှ တဆင့် ရောဝတီမြစ်တကျော စုန်ဆင်းကာ အောက်ပြည်မြစ်ဝကျွန်းပေါ်သို့ ရောက်ရှိ ခရီးသွားမည်လေမည်တကား။

ငါသည် ဤဒုဋ္ဌဝတီမှ ရောဝတီသို့ ကူးသွားသောရေအယဉ်အား သဝဏ်လွှာပါးလိုက်ချင်ပါဘိသည်။ ငါသည် အင်္ဂလိပ်အစိုးရအား တော်လှန်ပုန်ကန်ခြင်းကို မည်သည့်အခါမျှ စွန့်လွှတ်လိမ့်မည်မဟုတ်။ သို့သော်... ယခုအခိုက်အတန့်၌ ခေတ္တအားယူကာ လူစုမည်။ စည်းရုံးလှုံ့ဆော်ကာ စစ်ရေးများ လေ့ကျင့်ပေးဦးမည်။ ငါတို့၌ လက်နက်ချင်း မမျှသဖြင့်သာ အကျအဆုံးများရခြင်း ဖြစ်သည်။ အင်္ဂလိပ်အစိုးရသည်ကား၊ တကယ်တမ်း အားရှိသည် မဟုတ်၊ ရွှံ့ဖြင့်ပြုလုပ်ထားသည့် ခြသေ့်ရုပ်မျှသာတည်း။ လက်နက်ရှိ၍သာ ငါတို့ကို အုပ်စိုးနိုင်ခြင်း ဖြစ်သည်။ ငါတို့သည် လက်နက်ဗိုလ်ပါစု၍ ပြန်ချကြရမည်။ ဒီဘဝ တသက်မနိုင်လျှင် နောင်ဘဝ တသက်တွင် ကေန်နိုင်ရမည်သာ မဟုတ်လော။

သူသည် မျက်တောင်စင်းလာသည်။ မွှေးမြသော ထင်းရှူးနံ့က ညင်သာစွာသိပ်ပေးသည်။ သူ၏အာရုံ၌ကား၊ နဂါးကိုဂဠုန်သုတ်သော အလံသည် တလူလူ လွင့်နေသည်။ ဒေါင်းရုပ်အမှတ်အသားသည် သူ့ကို လွှမ်းခြုံလိုက်သည်။

နေရောင်သည် မျက်နှာပေါ်ကျလာသောအခါ သူ့သက်တော်စောင့်၏ "ဆရာကြီး မျက်နှာသစ်ဖို့ရေ" ဟု ကြင်နာသော အသံကို ကြားလိုက်ရသည်။

**အခန်း (၁၅)**

နောက် ၃ လခန့် ကြာသောအခါ၊ နိုဝင်ဘာ ၂၀ ရက်၊ စနေနေ့ နံနက် လင်းအရုဏ်တက်၌ ဆရာစံသည် သာယာဝတီထောင်အတွင်းရှိ ကြိုးစင်ရှိရာသို့ အကျဉ်းသားနှစ်ယောက် တွဲလျက် လျှောက်လာသည်။ သူ့ကို နောက်ပြန် လက်ထိပ်ခတ်ကာ တတောင်ဆစ်မှနေ၍ လက်ပြန်ကြိုးချည်ထားသည်။

နောင်ကွမ်းရွာသို့ ရိက္ခာဝယ်ရန် သွားသော ဦးဖိုးကာအား သူကြီးက မသင်္ကာ၍ ဖမ်းကာ မယား သားသမီးများကို သတ်ပစ်မည်ဟု ခြိမ်းခြောက်၍ ကြောက်ရွံ့ပြီး ဆရာစံခိုအောင်းရာနေရာကို ပြခိုင်းသဖြင့် အမိခံလိုက်ရသည်ကော။

သူသည် ကြိုးစင်ပေါ်သို့ တက်ခါနီးသောအခါ "အမျိုးဘာသာသာသနာ ပညာကြီးပွားကြောင်း ဆောင်ရွက်လို့ ယခုကဲ့သို့ ကြုံတွေ့ရတာကို သုခချမ်းသာခြင်းလို့ မှတ်ပါတယ်၊ ဖယ်ပေးကြ၊ ငါ့ဖာသာတက်မယ်" ဟု ဆိုကာ သူ့အား တွဲကိုင်ထားသော အကျဉ်းသားနှစ်ယောက်ကို တွန်းကာ တက်သွားသည်။

သူသည် ကြည့်နေသော သူများအား လှည့်ကာ နှုတ်ဆက်ပြီးနောက် "ဖြစ်လေရာဘဝတွင် အင်္ဂလိပ်ကို နိုင်ရတဲ့ ကိုယ်ဖြစ်ရပါလို၏" ဟု ဆုတောင်းလိုက်သည်။

သူ့ကို မျက်နှာဖုံးအိတ် စွပ်လိုက်ပြီးနောက် ကြိုးစင်မှ ဒေါက်ကို ပါးကွက်သားက ဖြုတ်ချလိုက်သည်။

**အခန်း (၁၆)**

ဗညားမော်သည် ဆွယ်တာ နက်ပြာရောင်ကို ထပ်ဝတ်ရင်း စိတ်လှုပ်ရှားနေသည်။

ဒီည ကျိုက်ဒေးရုံဘုရားတန်ဆောင်း၌ ဒို့ဗမာအစည်းအရုံး ဖွင့်ပွဲအခမ်းအနားရှိသည်။ ရန်ကုန်ဌာနချုပ်မှ ခေါင်းဆောင်များလည်း လာ၍ တရားဟောမည်။ ဒို့ဗမာသီချင်း ဆိုပြမည်။ စည်တော်က၊ တပင်တိုင်အကများလည်း ပါမည်။ အလေးမပွဲ၊ ကိုယ်ကာယအလှပြပွဲ များပါမည်။ ကိုယ်ကာယအလှပြပွဲ၊ အလေးမပွဲကလွဲလျှင် သူနှစ်သက်သော အစီအစဉ်များချည်းပင်။ တရားဟောပြောပွဲကိုတော့ တစ်ခါမျှ နားမထောင်ဘူး။ သိပ်တော့ စိတ်မပါလှ။ သို့သော် အတီးအဆိုနှင့် အကမှာ သူ့အကြိုက်။

ရေမိုးချိုး၊ အဝတ်စားလဲကာ ညစာ ခပ်စောစော စားနေသည်ကို စိမ်းစိမ်းက မြင်၍ "အံ့မယ် ဒီနေ့ စောလှ ချည့်ကလား၊ ဗလတို့အိမ် သွားမလို့လား"

"ဘုရားကြီးတန်ဆောင်းထဲမှာ ပွဲရှိတယ်၊ အမ မသိဘူးလား"

"နေ့လည်က မောင်းခတ်ကြော်ငြာထားတာ မဟုတ်လား၊ ဈေးထဲမှာလဲ ကြော်ငြာတွေ ဝေထားတယ်လေ၊ ဘာတဲ့၊ ဒို့ဗမာအစည်းအရုံးဖွင့်ပွဲ ဆိုလား ဘာလား"

"ဟုတ်တယ် စိမ်းစိမ်းလိုက်ခဲ့ပါလား၊ အကတွေ အဆိုတွေလဲပါတယ်"

"သွားပါ မောင်လေးဘဲ သွားပါ၊ အဒေါ်ကြီးက လွှတ်မှာ မဟုတ်ဖူး"

"ဖေဖေလဲ သွားမှာ၊ လိုက်ခဲ့ပါ"

နောက်ဆုံး စိမ်းစိမ်းလည်း လိုက်လာဖြစ်သည်။ မြို့လယ်လမ်းပေါ်၌ကား၊ ဘုရားကြီးသို့ သွားသော လူများဖြင့် ပြည့်သွားသည်။

သူတို့ အိမ်ရှေ့ခြံဝ သစ်သားကုံး၌ ခွာညိုပန်းများပွင့်နေသည်။ သင်းပျံ့သော ခွာညိုပန်းရနံ့ပင် လေထဲ၌ လှိုင်လာပေသည်။ လသာသော ညဖြစ်၍ ကောင်းကင်မှာ စိန်သားကဲ့သို့ ဝင်းပလျက်။ ရေခဲချည် ပန်းများသည် ဖြူဖွေးလျက်။

"ဗညားမော်ရေ" ဟု ဗလက လမ်းမပေါ်က ခေါ်လိုက်သည်။ ဗလနှင့်အတူ ရင်ရင်မြ၊ ခင်ထားလှိုင်၊ ခင်ထားမြိုင်။ ရင်ရင်မြက ပင်နီအင်္ကျီနှင့်။ ရင်ရင်မြမှာ ကျောင်းတက်လျှင်ပင် ပင်နီအင်္ကျီ ဝတ်တက်သည်။ ချိတ်ထမီ အစိမ်းနုလေးနှင့် ပင်နီအင်္ကျီပေါ်မှ ဆွယ်တာအဖြူကလေး ရုံထားသည်။ ခင်ထားလှိုင်တို့ ညီအစ်မမှာ အပြာရင့်ပေါ်၌ ပန်းပွင့်အနီနှင့် ခရမ်းရောင်၊ မရမ်းစေ့ရောင် ကြဲပက်ထားသော ထမီဆင်တူ၊ ဇာနားတပ် အင်္ကျီများပေါ်မှ ဆွယ်တာမီးခိုးရောင်ကိုယ်စီနှင့်။ ခေါင်းတွင် အင်္ဂလိပ်နှင်းဆီ အဝါပင် ပန်ထားကြသည်။ ရင်ရင်မြလည်း အင်္ဂလိပ်နှင်းဆီအဝါပင် ပန်ထားသည်။

စိမ်းစိမ်းက အမျိုးသမီးအားလုံးကို အိမ်ထဲသို့ ဖိတ်ခေါ်သည်။ သူတို့အားလုံး ခဏထိုင်ကြသေးသည်။ သူတို့သည် ခဏချင်း ခင်မင်သွားကြဟန်ရှိသည်။ အမျိုးသမီးများမှာ စီနေအောင် ပြောကြဆိုကြသည်။ ပန်းအကြောင်း၊ ထမီဆင်တူ အကြောင်း၊ နိုင်ငံခြားမှ လာသော ဇာအကြောင်း။

"မမစိမ်းလဲ လှိုင်တို့အိမ် လာလည်ပါနော်" ဟု အိမ်မှ အထွက်တွင် ခင်ထားလှိုင်က စိမ်းစိမ်းအား ဖိတ်လိုက်သည်။

မြို့လယ် လမ်းမကြီးကား တသွင်သွင် စီးဆင်းနေသော လူတန်းကြီးဖြင့် ဖွေးဖွေးလှုပ်နေတော့သည်။ အရွယ်မျိုးစုံ၊ အဝတ်အစားမျိုးစုံ၊ အမျိုးသား၊ အမျိုးသမီး။

"ဖေဖေကတော့ အစောကြီးသွားပြီ" ဟု ဗလက ဆို၏။ ဗလဖခင် ဦးခင်အောင်မှာ ဒို့ဗမာအစည်းအရုံး၏ အတွင်းရေးမှူးမဟုတ်လား။

အတွင်းရေးမှူးဟူသော စကားလုံးကို ပထမဆုံးကြားဘူးခြင်းဖြစ်သည်။ ဗလပြောမှသိရသည်။ ဆန်းသစ်သော စကားလုံးပါလားဟု နားလည်လိုက်သည်။ စောစောသွားကာ အခမ်းအနားများကို ပြင်ဆင်ရမည်။ စီမံ ကွပ်ကဲရမည် မဟုတ်လား။ တလောက ကျင်းပသော မြို့လုံးကျွတ် အစည်းအဝေးကြီးက သူ့ကို ရွေးကောက်တင်မြှောက်လိုက်သည်။ ဥက္ကဋ္ဌကား သူတို့မြို့လယ်လမ်းထိပ်မှ ဦးမြအုန်း။ သူကား ဦးသက်ထွန်းတို့လိုပင် မြေရှင်တယောက်။ အသက် ၄၀ ခန့်။ မြို့၏ ချစ်ခင်လေးစားခြင်း ခံရသူ။ သူ၏ ယောက္ခမမှာ လယ်များကို ပိုင်သော မြေရှင်ပင်။ ဝံသာနုအသင်း ဥက္ကဋ္ဌဖြစ်ခဲ့သည်။ ကွယ်လွန်သည်မှာ လေးငါးနှစ်ခန့် ရှိပေပြီ။

ကျိုက်ဒေးရုံ ဘုရားတန်ဆောင်းထဲ ဝင်လိုက်သောအခါ ထိန်နေသော မီးရောင်ကို အဝေးမှပင် လှမ်းမြင်နေရသည်။ လရောင်ကဲ့သို့ ထိန်လင်းပြာလဲ့သော အောက်လင်း မီးကြီးများ ထွန်းထားသဖြင့် အရမ်းလင်းနေသည်။ ဘုရားတန်ဆောင်း စင်္ကြံတလျှောက်နှင့် ဂန္ဓကုဋိတိုက်ဘက်မှ ထွန်းထားသော လျှပ်စစ်မီးရောင်တို့မှာ ဝါကျင်ကျင် ဖြစ်နေတော့သည်။ စောင်းတန်းအဝဘက်၌ ဈေးတန်းကြီး ဖြစ်နေကာ စည်ကားနေသည်။ ရေခဲပေါက်စီဆိုင်မှ ဂလိုင်ကလည်း ညံနေအောင် လှုပ်လျက်ရှိသည်။ တခါမျှ သည်လောက်စည်ကားသော ပွဲဈေးတန်းကြီး မဖြစ်ဖူး။ ဗညားမော်မှာ အံ့သြနေသည်။ တပေါင်းလပြည့်နေ့ ထက်ပင် စည်ကားနေပါကလား။ တနေ့လုံး မောင်းသမားကလည်း လှည့်လည်ခတ်ထားသည်။

"အထိုးအကြိတ်၊ အဆိတ်အတို့၊ အညို့အခေါ်၊ အကျော်အလွှား၊ တဟားဟား ရယ်သွမ်းရမြီး၊ အလွမ်းအသော စုံလင်ပြန်တဲ့၊ ရုံဝင်ရန် တမူး၊ ခလေးတဝက်ခ" ဟူသော မောင်းသံဖြင့် နားယဉ်ခဲ့သော ပရိသတ်များမှာ ယနေ့ည ဒို့ဗမာသခင်တရားပွဲ၊ အဆိုအက ဆိုသောအခါ စိတ်ဝင်စားလာကြဟန်တူသည်။ မောင်းသမားက ဒို့ဗမာစာတမ်းမှ ကြွေးကြော်သံများကိုလည်း ရွတ်ပြလိုက်သေးသည်။

**ဒို့မြေ၊ ဒို့ပြေ၊ ဒို့စာ ဒို့ပေ**
**ဗမာမြေသည် ဒို့မြေ**
**ဗမာစာသည် ဒို့စာ**
**ဗမာစကားသည် ဒို့စကား**
**ဗမာပြည်ကို ချစ်ပါ**
**ဗမာစာကို ချီးမြှင့်ပါ**
**ဗမာစကားကို လေးစားပါ....**

အိမ်ထဲမှ လူများသည် ခါတိုင်းကြားနေကျ မောင်းသံစကားနှင့် ခြားနားသဖြင့် ခေါင်းထောင်ကြည့်လိုက်ကြသည်။ တခါမျှ မကြားဘူးသော စကားစု၊ စကားသံကလည်း ဒေါမာန်ပါပါ။

ကိုယ့်တိုင်းပြည်ကို ချစ်ခင်စိတ် မရှိသောသူသည် အချည်းနှီးတည့်။

**ဗမာမှန်လျှင်၊ အကြံမသေးပါနှင့်၊**
**တနေ့တလံ၊ ပုဂံဘယ်ရွှေ့မတုန်း၊**
**လာမယ့်ဘေး ပြေးတွေ့။**

လာမယ့်ဘေး ပြေးတွေ့တဲ့။ ဗညားမော်မှာ တုံ့သွားသည်။ ဘာအဓိပ္ပါယ်ပါလိမ့်။ လာမယ့်ဘေးကို ရှောင်ရမှာပေါ့။ ဘယ့်နှယ့်ပြေးတွေ့လဲ။ သူသည် ခေါင်းရှုပ်သွားသည်။

"လာမယ့်ဘေး ပြေးတွေ့ဆိုတာ ဘာအဓိပ္ပါယ်လဲ စိမ်းစိမ်း"

"သိနိုင်ပေါင်တော်..."

"အကောင်းပြောတာပါ"

"သိပါဘူး၊ ခုမှကြားဘူးတာဘဲ"

ဗလမေးကြည့်လည်း မသိ။ ဆရာမ စန်းစန်းနုလည်း မရဲတရဲ မေးကြည့်သည်။ ဆရာမလည်း မသိတဲ့။ သူ့ကို အနှောင့်အယှက်ပေးသော စကားတလုံး။

မောင်းသမားသည် ဆက်လက်၍ တရားပွဲကြော်ငြာပြန်သည်။

**ကျောက်ဆင်းတုကို အသက်သွင်းရမယ်...**
**သခင်မျိုးဟေ့ ဒို့ဗမာ။**

လူအများသည် စိတ်ဝင်စားလာကြသည်။ လူကြီးလူငယ်မဟူ။ ဈေးထဲတွင်လည်း ဒို့ဗမာအစည်းရုံးတရားပွဲ ကြော်ငြာကပ်ထားသည်မှာ အနှံ့အပြား။ သင်္ဘောဆိပ်တွင်လည်း ကွက်လပ်တိုင်း စာလုံးအနီကြီးများမှာ ထင်းကနဲ။

မောင်းသမားက နောက်ဆုံးတွင် တရားဟောမည့် ရန်ကုန်က သခင်များဆိုသော သခင်ဘသောင်း၊ သခင်လှဘော်၊ သခင်အုန်းခင်ဟု အမည်များ ပြောလိုက်သောအခါ၊ ပို၍ စိတ်ဝင်စားသွားကြသည်။ ရှေ့က သခင်တပ်သော အမည်များကား အထူးအဆန်း။

သူတို့သည် ပွဲဈေးခင်းမှ ဖြတ်ကာ တန်ဆောင်းစကြံထဲသို့ ဝင်လိုက်ကြသည်။ ပန်းသည်များကလည်း ပန်း၊ ဆီမီး၊ ဖယောင်းတိုင် ရောင်းကောင်း၍ ပျော်နေကြဟန်တူသည်။ အသံတစာစာနှင့် "ပန်းယူကြမလား..." ဟု အော်နေသည်။ ဘုရားအဝင်မှ ခြသေ့ရုပ်ကြီးပင် စည်ကားသော ပွဲဈေးခင်းကြောင့် ပျော်နေဟန်၊ လည်တိုင်ကိုမော့ကာ နီရဲသော နှုတ်ခမ်းဖြင့် ပြုံးနေသည်။

တရားဟောမည့်နေရာ တန်ဆောင်းထဲ၌ကား လူတွေနှင့် အပြည့်။ ဟသ်ာပြဒါးရောင် မှန်စီရွှေချ တိုင်လုံးအနီများကြားထဲ၌ကား လူတွေပြည့်ကြပ်နေရာ ထိုင်စရာမရှိ။ အလယ် လူသွားလမ်း၌လည်း

မတ်တပ်ရပ်လျက်။ ဂန္ဓကုဋီတိုက် အာရုံခံတန်ဆောင်းဘက်သို့ပင် လူများလျှံထွက်နေ၏။ ဘုရားဖူးများနှင့် ဒို့ဗမာတရားပွဲ ပရိသတ်မှာဆက်နေ၏။ ဂန္ဓကုဋီတိုက်မှ အမွေးတိုင်ရန့်၊ ပန်းရန့်များပင် ပရိသတ်ထဲသို့ ပျံ့လွင့်လာသည်။ တန်ဆောင်းအမိုး အပြင်ဘက် မြက်ခင်းပေါ်သို့ လူများလျှံနေ၏။

ဗညားမော်တို့လူသိုက်မှာ နေရာမရတော့။ သူတို့သည် တန်ဆောင်းကို ပတ်၍ နေရာရှာသည်။ ဗလက သူတို့အတွက် နေရာလိုက်ရှာသည်။

"လူသိပ်စည်တာဘဲနော် တခါမှ လှိုင်ဖြင့် သည်လောက်လူတွေများတာ မကြုံဘူးဘူး"

ခင်ထားလှိုင်က ဗညားမော် စိမ်းစိမ်းတို့ဘက်လှည့်ကာ ပြောလိုက်သည်။ ခင်ထားလှိုင်၏ မျက်လုံးအကြည့် သည် ဗညားမော်နှင့် စိမ်းစိမ်းတို့ နှစ်ယောက်စလုံးပေါ်သို့ စုထားသည်။ ဗညားမော်ကိုလည်းကြည့်သည်။ စိမ်းစိမ်းကိုလည်း ကြည့်သည်။ ဗညားမော်သည် သည်တခါဘဲ ခင်ထားလှိုင်၏ အကြည့်ကိုခံရဘူးသည်။ သည်တခါဘဲ သူသည်ခင်ထားလှိုင်ကို ပြန်၍ ကြည့်နေဘူးသည်။ 'လှိုင်ထိပ်ထား' ဟု သူ့အတန်းသားများက ပြောကြစဉ်က သူသည် စိတ်လည်းမဝင်စား။ သူ့ထက် နှစ်နှစ်ခန့်ကြီးသော်လည်း သူ့အမ စိမ်းစိမ်းနှင့် ရွယ်တူအောက်မေ့နေသည်။ ကိုယ်လုံးကိုယ်ထည် ထွားကြိုင်းဖွံ့ဖြိုးပုံမှာ သူ့အမ စိမ်းစိမ်းနှင့် မတိမ်းမယိမ်း။ အဝေးကနေ ကြည့်ရသော ပုံပန်းသဏ္ဍာန်မှာ အင်္ကျီရောင်၊ ထမီရောင်၊ ဆံပင်ပုံစံ၊ ပန်းပွင့်များဖြင့် လှပကျော့ရှင်းသူ တယောက်ဟုသာ အမှတ်ထားခဲ့မိသည်။ သူ၏ရုပ်သွင်ထက် အဝတ်အစား၊ အဆင်အသွေးကိုသာ သူက ပုံကြမ်း မှတ်သားထားခဲ့သည်။ ယခုမူ သူမ၏မျက်နှာအမူအရာကို သတိထားမိသည်။ ခင်မင်တတ်သူတယောက် ပါတကား။ သူမသည် ဘယ်သူ့ကိုမဆို ဂရုတစိုက် အရေးတယူရှိသည်။ စိမ်းစိမ်းကိုလည်း သူမကခင်နေပုံရသည်။ စိမ်းစိမ်း လက်ကို ဆုပ်ထားသည်။ ဗလသည် လူကြားထဲမှ ဘွားကနဲပေါ်လာသည်။

"လာကြ ဟောဟိုဒေါင့်မှာ နေရာရှိတယ်"

သူတို့သည် သူငယ်ချင်းတစ်သိုက်တွေ့ရသည်။ ဘစန်း၊ ခင်ဇော်၊ စိန်ဝမ်။ သူတို့က နေရာရှာပေးခြင်းဖြစ်သည်။ သူတို့နှင့် မလှမ်းမကမ်းတွင် မန်းသာထွေး။ မန်းသာထွေးမှာ ဝနေသည်။ မန်းသာထွေးက ဗညားမော်နှင့် ဗလတို့ကို လက်မြှောက်ကာ နှုတ်ဆက်လိုက်သည်။ သည်လောက် လူသံတွေဖြင့် စီစီညံနေသည့်ကြားထဲမှ "အိမ်လာလည်ကြအုံးဟေ့" ဟု လှမ်းအော်နေသည်။ မန်းသာထွေးနှင့် တတန်းထဲ ၈ တန်းသားများဖြစ်သော၊ ငြိမ်းမောင်၊ သက်နှင်းတို့ကိုလည်း တွေ့ရသည်။ သူတို့ကား မန်းသာထွေးနှင့် အတွဲ။ အောင်ဒင်ကိုကား မတွေ့။ ဘစန်းကပြောတော့ သည်အလာ သဘော်ဆိပ်နားက လက်ဖက်ရည်ဆိုင်၌ တွေ့ခဲ့ရသည်တဲ့။

လူတွေကား ဝင်လာမစဲ တသဲသဲ။ တန်ဆောင်းအပြင်ဘက်သို့ လျှံထွက်နေသော မီးရောင် အဝန်းအဝိုင်းထက် ကျော်၍ မှောင်ရိပ်များထဲတွင်ပင် လူတွေ ရောက်ကုန်သည်။ လူသံများဖြင့် တဝေါဝေါ အော်မြည်နေသည်။

ဗညားမော်သည် လူပရိသတ်ကြီး၏ အလယ်တွင် လူသံသူသံများ၏ ပွဲတင်သံရိုက်ခတ်ခြင်းခံရ၍ သူ၏ရင်ထဲ၌ တန်ပြန် ရိုက်ခတ်နေသည်။ တသက်တွင် တခါမျှ သည်လောက် များပြားသော လူအစုအဝေးကြီးကို မထိတွေ့ဘူး။ "မောင်လေးကလဲ ကျီးပြုံတာဒီလိုဘဲ၊ ကျီးတွေက အများကြီး မဟုတ်လား၊ အသံတွေ စုပေါင်းလိုက်တော့ ကြောက်စရာ ကောင်းတာပေါ့၊ လူကြီးတွေ ပြောကြတာ ကမ္ဘာပျက်ရင် ဒီလိုဘဲတဲ့" ဟု စိမ်းစိမ်း အိမ်ရောက်စက သူ့ကို ရှင်းပြဘူးသည်။

ယခုလည်း လူစုလူဝေး ပရိသတ်ကြီးမှာ ကြောက်စရာပင် ကောင်းသည်။ စုပေါင်းလိုက်သောအခါ ရေတွေ တဝေါဝေါ စီးဆင်းကာ မိုးသက်မုန်တိုင်းထန်နေတော့သည်။ ဟသ်ာပြဒါးရောင် တိုင်လုံးနီနီများပင် တဆတ်ဆတ်ခါ နေသည်။ စိမ်းစိမ်း၏ လူကြီးသူမ များပြောသလို ကမ္ဘာပျက်တာတော့ မဟုတ်။ ကမ္ဘာသစ်တည်တာဘဲ ဖြစ်စရာရှိသည်။ ရာမည်မြို့တွင် တခါမျှ မကြုံဘူးအောင် စည်ကားများပြားသော လူပရိသတ်ကြီး။ ဒါအသစ် မဟုတ်လား။

အေးမြသော ဆောင်းညတွင် လူများ၏ အပူငွေ့ကြောင့် အိုက်ပင်လာသည်။ ခင်ထားလှိုင်က စ၍ ဆွယ်တာများ ချွတ်ကြသည်။ အမျိုးသမီးကလေးများ အားလုံး ဆွယ်တာချွတ်ကာ လက်ထဲ ကိုင်ထားကြတော့သည်။

စင်မြင့်ဆီမှ စည်တော်သံ ကြားရသည်။ လင်းကွင်းသံနှင့် စည်တီးသော အသံသည် မြည်ဟည်းကာ လူသံများကို လွှမ်းမိုးလိုက်သည်။ သို့သော် ပရိသတ်ထဲက အသံများ လုံးလုံးကား ပျောက်မသွား။ ရှေ့ပိုင်းက

နည်းနည်း အသံများ ငြိမ်သွားသည်။ နောက်ပိုင်း အစွန်အဖျားကမူ စကားပြောသံများ ထွက်လာဆဲ။

ဗညားမော်သည် လှမ်းကြည့်လိုက်သည်။ အနီရဲရဲထဲမှ 'ရာမည ဒို့ဗမာအစည်းအရုံးဖွင့်ပွဲ' ဟူသော ရွှေရောင် စာတန်းကြီးသည် ဝင်းကနဲ ပေါ်နေသည်။ အောက်ခံ အနီတန်းကြီးမှာ ဓာတ်မီးရောင်၌ ရဲရဲတောက်လျက် ရှိပေသည်။ စင်မြင့် တခုလုံး အနီရောင်လွှမ်းလျက် ရှိသည်။ ဒေါင်းအလံများ စိုက်ထူထားကြသည်။ ပင်နီရောင်မှ ဒေါင်းရုပ်များမှာ အနီရောင်နှင့် ပြိုင်နေကြသည်။ စင်မြင့်ပေါ်၌ ဥက္ကဋ္ဌ ဦးမြအုန်းနှင့် ဗလ၏ ဖခင် ဦးခင်အောင်တို့ကို တွေ့ရသည်။ သူတို့အမည်များကိုကြေညာသောအခါ သခင်မြအုန်း၊ သခင်ခင်အောင်ဟု ခေါ်ဝေါ်ကြသည်။

ဗညားမော်မှာ အတွေ့သစ်ကို တွေ့နေရသည်။ စည်တော်အကပြီးလျှင် တပင်တိုင်အက။ ထို့နောက် ကာယ ဗလပြိုင်ပွဲ။ အလေးမသမား ကိုလှအေးက ကြွက်သားထုတ်ပြသည်။ အလေးမ ပြသည်။ လက်ခုပ်သံများကား ညံလျက်။

ထို့နောက် တရားပွဲ စတော့သည်။

ပရိသတ်သည် တဖြည်းဖြည်း ငြိမ်သွားသည်။ စည်တော်သံ၊ လင်ကွင်းသံပင် မလွှမ်းမိုးနိုင်သော လူသံများကို ရန်ကုန်ဌာနချုပ်မှ သခင်များ၏ တရားဟောသံက ငြိမ်စေလိုက်သည်။ သခင်များဟောသော စကားမှာ လူအများခံစားနေရခြင်းကို ဆွပေးလိုက်ခြင်း ဖြစ်သည်။ ကုလား-ဗမာ အဓိကရုဏ်း၊ တရုတ်-ဗမာ အဓိကရုဏ်း၊ ခွဲရေး-တွဲရေး၊ ဆိုင်မွန် ကော်မရှင် ပြန်သွား၊ ဆရာစံ ဂဠုန်သူပုန်၊ လယ်သမားပုန်ကန်မှုတို့သည် ယခု တနှစ်-နှစ်နှစ်အတွင်း ရိုက်ခတ်လာသော လှိုင်းဂယက်ဖြစ်သည်။ ယင်းလှိုင်းဂယက်ကို နောက်ကားခံ၍ လူအများ၏ ပုံတူကို သခင်များ၏ ဟောပြောချက်တွင်ပုံဖော်နေသည်။ လူအများ၏ ပုံတူ ရုပ်ပုံလွှာကို စင်မြင့်ပေါ်ရှိ ဒို့ဗမာအစည်းအရုံး ဟူသော စာတန်းနီ၌ တွေ့မြင်နေရသည်တကား။

ဗညားမော်မှာ သူ၏ ဘေးမှ ပရိသတ်ကြီးကဲ့သို့ပင် ငြိမ်သက်နေပေသည်။

ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲ ဖိတ်၊ ဗမာဆိုင်များ တည်ကြလော့၊ ဗမာဆိုင်၌ ဝယ်ကြလော့၊ ဗမာဖြစ် သုံးကြ၊ ဒို့ပြေကို ဒို့သာပိုင်တယ်၊ အင်္ဂလိပ်က အရှင်သခင် မဟုတ်၊ ဒို့သာ ဒို့မြေရဲ့ အရှင်သခင်၊ ဒို့ဗမာ သခင်၊ ဒါကြောင့် နာမည်ရှေ့က သခင်တပ်ကြ။

သူ၏ရင်ထဲတွင် လှိုက်ဖိုနေသည်။ ဂဠုန်ခေါင်းပြတ်၊ ဒေါင်းလံ၊ ပင်နီ၊ အနီရောင်၊ ဒို့ဗမာစာတန်း၊ ကြိုးစင်ပေါ်မှ ဆရာစံသူပုန်ကြီးတို့သည် သူ၏ ဓမ္မအာရုံများ ဖြစ်နေကြသည်။ တလောကတင် ဦးခင်အောင်ထံမှ ဖတ်ခဲ့ရသော ဆရာစံ ပြစ်မှု စီရင်ချက်ကို သတိရလာသည်။ သူသည် စီရင်ချက်ကို အထပ်ထပ် ဖတ်ခဲ့သည်။ ဆရာစံအား အင်္ဂလိပ် အစိုးရက စွဲချက် တင်ထားသည်။ ဖတ်ရင်း ဝမ်းနည်းနေမိသည်။

"ဤသို့ ဘိသိက် တင်မြှောက်ပြီးနောက် တမနက်တွင် အသင်က 'ကျွန်ုပ်အား အခုကစ၍ သုပဏ္ဏက ဂဠုန်ရာဇာ' ဟု ခေါ်စေရမည်ဟု ကျေညာကြောင်း။

"ထိုအလံတောင်ထိပ်ပေါ်တွင် သင်တယောက်တည်း တဲတခုနှင့် နေထိုင်ပြီးလျှင် ဗိုလ်များကို သော်လည်းကောင်း၊ အခြားသူများကိုလည်းကောင်း တိုက်ခိုက်ရန်အမိန့်ပေးလေ့ရှိသည်ဟု သက်သေများက ထွက်ဆိုကြကြောင်း၊ ဥပမာဆိုသော် သာယာဝတီ၊ လက်ပံတန်းနှင့် ဟင်္သာတကို စီးရန် သင် အမိန့်ပေးသည်ဟု သက်သေတို့က ထွက်ဆိုကြကြောင်း...။

"...၎င်းနောက် သင်သည် သူပုန်တပ် အမျိုးမျိုးဖွဲ့စည်းပြီးလျှင် နောက်ဆုံး ရပ်စောက်စော်ဘွားကြီးထံ အကူအညီတောင်းကြောင်းကို သင်၏ နေ့စဉ်မှတ်တမ်းတွင် ပါရှိကြောင်း...။

"စံရှားခေါ် ဆရာစံ၊ အထက်စွပ်စွဲချက်များကြောင့် သင့်အပေါ်မှာ အပြစ်ရှိကြောင်းကို ဤရုံးတော်က တွေ့ရှိကြောင်း၊ ၎င်းအပြင် ရှင်ဘုရင်နှင့် ဘုရင်၏ အစိုးရတို့အား အသင်က ပုန်စားပုန်ကန် ပြုလုပ်ကြောင်းထင်ရှား၏။ ဤသို့ပြုလုပ်ခြင်းများကြောင့် ဥစ္စာစီးပွားများလည်း ပျက်ပြားကြောင်း။ သို့သော် ဤသို့ပျက်ပြားသော်လည်း သင်သည် ဝမ်းနည်းခြင်းမရှိ၊ ဝမ်းနည်းသည့် လက္ခဏာလည်း မပြခဲ့ချေ။

"ထို့ကြောင့် အသင့် လည်ပင်းကို ကြိုးတပ်၍ မသေမချင်း အသင့်ကို သတ်စေရန် အမိန့်ချမှတ်လိုက်ကြောင်း..."

သူသည် တရားဟောသံများ နားထောင်ရင်း ရန်စုန်လျက်ရှိသည်။ သခင်မျိုးဟော့ ဒို့ဗမာ ဟူသော အသံကို

ကြားရသောအခါ ရင်ထဲ၌ လှုပ်ရှားနေသည်။ ဆရာစံအား ကြိုးမိန့်ပေးကြောင်းသိရသောအခါ ခံစားရသကဲ့သို့ ခံစားနေသည်။

မစ္စတာမောင်မှိုင်း၏ ဂဋုန်ပုံ ဒီပနီဋီကာကို ဖတ်လိုက်ရသည်။

**'ဒဂုံစံ ချစ်စရာ တပြည့်တို့မှာဖြင့်**
**ဉုံအရပ်ဟံ သစ္စာဂတိတွေနှင့်**
**ဂဋုန်သရက်ံ ဂစ္ဆာမိကြပေတော့...'**

ကျီးပြိုသံများ ကြားလာရသည်။ အမှန်အားဖြင့် ပရိသတ်ကြီးမှာ ငြိမ်သက်နေသော်လည်း သူ့နားထဲ၌ မိုးသက်မုန်တိုင်း ကျကာ လှိုင်းတံပိုးကြီးသည် တဝေါဝေါ မြည်ဟည်းနေပေသည်။ ကျီးပြိုသံများက ကြောက်စရာ။ တခါမျှ မကြားရဘူးသောကြောင့် ကြောက်ခြင်း။ သို့သော် ယခု လူအများကြားထဲ၌ ရောက်နေသောသူမှာ မကြောက်တော့။ လူ လှိုင်းတံပိုးကြီးများကြောင့် အားရှိလာသည်။ ဂဋုန်ခေါင်းပြတ်များသည် အသက်ရှင်ထကာ သူတို့စုဝေးရာ တန်ဆောင်းကြီးထဲသို့ ရောက်လာသည်။

ဗညားမော်သည် ပတ်ဝန်းကျင်ကို သတိမရတော့။ ခင်ထားလှိုင်၏ ပြင်သစ်ရေမွှေးနံ့လည်း မရတော့။ ဂန္ဓာကုဋီတိုက်မှ လွင့်ပျံလာသော ဖယောင်းစက်နံ၊ အမွှေးတိုင်နံ၊ ပန်းရနံ့များလည်း မရတော့ နေရာတကာ၌ ဒေါင်းရုပ်များ ပျံသန်းနေကြသည်။

ဆယ်နာရီကျော်သော်လည်း ပရိသတ်သည် ထမပြန်။ ငြိမ်သက်လျက်။ ဆောင်းလေသည် အေးမြလာသည်။

တရားဟောပြီးသော်လည်း တူရိယာဝိုင်းနှင့် ဒို့ဗမာသီချင်းသံ ပေါ်လာသည်။ သီချင်းဆုံးလျှင် လက်ခုပ်သံများ ဆူညံသွားသည်။ ပရိသတ်ထဲမှ "ထပ်ဆိုပါဗျို့" ဟု ပွဲတောင်းသဖြင့် ထပ်ဆိုရသည်။ 'ဒို့ဗမာဟေ့...ဒို့ဗမာ' ဟူသော သီချင်းသံကို ပရိသတ်ကလည်း လိုက်ဆိုနေသည်။

**'အရှေ့က နေဝန်းထွက်သည့်ပမာပ**
**ဒို့ခေတ်ကို ရောက်ရမည်မှာ မလွဲပါ**
**ဒို့ဗမာဟေ့ ဒို့ဗမာ..'**

ဗညားမော်သည် ကြက်သီးမွေးညှင်းထလျက် ရှိသည်။ ထိုည၌ သူသည် အိပ်မက်ထဲတွင် ဒို့ဗမာသီချင်းကို လိုက်ဆိုနေလေသည်။

## အခန်း (၁၇)

ခင်ထားလှိုင်သည် စိမ်းစိမ်း၏ လက်ကို ဆွဲကာ ကြိုလိုက်သည်။

စိမ်းစိမ်းနှင့်အတူ ပါလာသည်ကား ဗလ၊ ရင်ရင်မြနှင့် ဗညားမော်။ ဗညားမော်က နောက်ဆုံးမှ လိုက်လာသည်။ သူတို့သည် တခါမျှ ခင်ထားလှိုင်တို့အိမ်သို့ မရောက်ဖူးကြ။ ခင်ထားလှိုင်က သူတို့အား အိမ်သို့ အလည်လာရန် ဖိတ်ထားသည်မှာ ကြာပြီ။ သို့သော် မရောက်ဖြစ်ကြ။

ထို့နောက် သူမသည် ရင်ရင်မြကို ဖက်လိုက်သည်။ သူတို့ဘေးက ခင်ထားမြိုင်၊ ခင်ထားခိုင်။ ခင်ထားခိုင်က စိမ်းစိမ်း လက်တဖက်ကို ကိုင်လာသည်။ ခင်ထားမြိုင်က ရင်ရင်မြ၏ လက်တဘက်ကို ကိုင်လိုက်လာသည်။

နောက်ဆုံးမှ လိုက်လာသော ဗညားမော်နှင့်ဗလကိုကြည့်ကာ ခင်ထားလှိုင်က "လာလေဗညားမော်...ဗလလဲ ဒီတခါဘဲ လှိုင်တို့အိမ် လာဘူးတယ်နော်" ဟု ပြောလိုက်သည်။

သည်တခါ ခင်ထားလှိုင်သည် ဗညားမော်ကိုရော၊ ဗလကိုရော တလှည့်စီ ကြည့်ကာ ပြောလိုက်ခြင်း ဖြစ်သည်။ ဗညားမော်ကို ပြောတော့ ဗညားမော်ကို ပြုံးကာ ကြည့်သည်။ ဗလကိုပြောတော့ ဗလကို ပြုံးကာ ကြည့်သည်။

"လှိုင်ကဖြင့် လာမှ လာကြပါ့မလားလို့၊ ထမင်းစားပြီး ကတဲက မျှော်နေတာ"

ဗညားမော်မှာ 'ပိတောက်မြိုင်' ဟူ၍နာမည်ပေးထားသောခြံဝသို့ ရောက်လာကတည်းက စိတ်ဝင်စားမိသည်။ သူသည် အိမ်၏ အမည်ပေးထားသည်ကို သည်တခါဘဲတွေ့ဘူးပေသည်။ ဝင်းကြီးမှာအကျယ်ကြီး။ အိမ်မှာ ကျယ်ဝန်းသော ခြံကြီးအလယ်၌ ရှိသည်။ ခြံကြီး၏ ပတ်ပတ်လည်၌ ပိတောက်ပင်များ စီလျက်။ ဝင်းတံခါးမှ အိမ်ရှိရာသို့ သွားသောလမ်းမှာပင် ပိတောက်ပင်များ တန်းလျက်။ လမ်းမှာ အုတ်ခဲများကို ထု၍ ခင်းထားသဖြင့် နီနေသည်။ လမ်းကို အုတ်ချွန်ချွန်ကလေးများ စိုက်ထားသော ဘောင်က ကန့်ထားသည်။ အုတ်ချွန်ကလေးများနား၌ နီညိုရောင်၊ စိမ်းညိုရောင် မြေကပ်နွယ်များ ထူထပ်စွာ ပေါက်နေကြသည်။ လမ်းနီကို အစိမ်းရင့်၊ အနီရင့် ဇာနားကွပ်ပေးထားခြင်း ဖြစ်ပေသည်။

လမ်းတလျှောက်တွင် ဗုဒ္ဓသရဏံပင်များ၊ နေကြာပန်းများ စိုက်ထားသည်။ ခြံကြီး၏ စည်ရိုး၌ကား၊ လူတရပ်ကျော်ကျော် မြင့်သော ဝါးပင်များ။ အပြင်ကနေ ကြည့်လျှင် အိမ်ကိုပင် မမြင်ရ။ ဝင်းတံခါးဝ၌ ဒရဝမ်အစောင့်တဲကလေး ရှိသည်။ တလောက ရင်ရင်မြတို့ အိမ်လာလည်စဉ်က သူတို့နှင့်အတူပါလာသော ကုလားဒရဝမ်က သူတို့ကို သိ၍သာ အလွယ်တကူတံခါး ဖွင့်ပေးခြင်း ဖြစ်သည်။ ခြံထောင့်တနေရာတွင် ပေါင်းသင် မြက်ရှင်းနေသော ကုလားဥယျာဉ်မှူး မာလီနှစ်ယောက်လည်း တွေ့ရသေးသည်။ အရင်တခါ ညနေစောင်း ဗလတို့ အိမ်လာလည်စဉ်က သူတို့ ညီအမကို ဗညားမော်၊ ဗလ၊ ရင်ရင်မြတို့ပါ လိုက်ပို့ကြစဉ်က 'ပိတောက်မြိုင်' အိမ် မဟုတ်။ မြို့ထဲမှ ခင်ထားလှိုင်တို့ အဒေါ်အိမ် ဖြစ်သည်။ သူပုန်များ မြို့တက်စီးမည်ဟု ကောလာဟလသတင်း ပြန့်နေကတည်းက မြို့ထဲ ယာယီရွှေ့ပြောင်းနေခဲ့ကြသည်မို့၊ သူ့အဒေါ်အိမ်သာ ရောက်ဖူးသည်။ အဒေါ်အိမ် ဆိုသော်လည်း ခင်ထားလှိုင်တို့၏ ပိုင်သောအိမ်ပင် ဖြစ်သည်။ အိမ်မှာ အကျယ်ကြီး၊ အကြီးကြီးမို့ တခန်းငှား ထားသည်။ တခန်းအိမ်ထောင် ပရိဘောဂ အပြည့်အစုံနှင့် မွမ်းမံခင်းကျင်းထားမြဲ။ ရန်ကုန်မှ ဧည့်သည်များ လာလျှင်လည်း တည်းခိုနိုင်ရန်။ ယခုကား အေးချမ်းသာယာစပြုလာပြီ ဖြစ်၍ ခင်ထားလှိုင်တို့ အိမ်သားများ ပိတောက်မြိုင်အိမ်သို့ ပြန်ပြောင်း လာသည်မှာပင် တလခန့် ရှိပေပြီ။ ပိတောက်မြိုင်မှာ မြို့၏ အစွန်ဘက်ကျ၍ ပိတောက်မြိုင်မှကျော်လျှင် တဖက်တွင် သူတို့၏ အောင်ချမ်းသာ ဆန်စက်နှင့် မြစ်၊ တဖက်တွင် မြကန်သာအစွန်း၊ လယ်ကွင်းနှင့်၊ လယ်ကွင်းနှင့် ကပ်လျက် လေးအိမ်စုဟု ခေါ်သော ရွာစုကလေး ဖြစ်ပေသည်။ လယ်သမား၊ ဈေးသည်များနှင့် စက်အလုပ်သမား၊ ကူလီများနေကြသော ရွာစု။ မူလကမူ လေးအိမ်လောက်မျှပင် ရှိမည်ဖြစ်သော်လည်း၊ ယခုမူ တဲအိမ်များ တိုးလာပေပြီ။ ပိတောက်မြိုင်မှ အောင်ချမ်းသာ ဆန်စက်သို့ သွားလျှင် လေးအိမ်စုရွာကလေးဘေးမှ ပတ်၍ သွားရသည်။ ခြံ၏ နောက်ဖက်၌ကား သရက်ပင်၊ မရမ်းပင်၊ ပိန္နဲပင်များ။

ပိတောက်လမ်းမှ ကျော်သောအခါ အိမ်ကလေးသည် ထင်းရှူးပင်များ ကြားမှ ပေါ်လာလေသည်။ ရာမညမြို့၌ သည်တနေရာဘဲ ထင်းရှူးပင်များ မြင်ဘူးသည်ဟု ဗညားမော်က အောက်မေ့လျက်ရှိသည်။ အိမ်မှာ တထပ်အိမ်ဖြစ်၍ ဘေးတဖက်တချက်တွင် အဆောင်များ ထုတ်ထားသည်။ ပျဉ်ကာ ရေနံသုတ်။ ဖြူသော တံခါးဘောင်တွင်းမှ မှန်ရောင်များ လက်နေကြသည်။ အဝေးမှကြည့်လျှင် ဆေးအဖြူသုတ်ထားသော

အိမ်ခါးပန်းဖြူဖြူနှင့် အုတ်ကြွပ်အမိုးမှ ပန်းဆွဲဖြူဖြူများမှာ အိမ်၏ ဗိသုကာ မျဉ်းကြောင်းအဖြစ် လှမ်းတွေ့နေရပေသည်။ အိမ်ရှေ့မြက်ခင်း၌ကား၊ အကန့်ကန့်၊ အဝိုင်းအဝိုင်းလုပ်ကာ ပန်းများစိုက်ထားသည်။

ကျောင်းဆင်းအတန်းမှအထွက် ခင်ထားလှိုင်နှင့် အခန်းဝတွင် ဆုံမိရာ "သဘက်ခါ လှိုင်တို့အိမ်ကို လာပါ နော်..၊ လှိုင့်မွေးနေ့..."

ခင်ထားလှိုင်က ဗညားမော်အား ပြုံး၍ကြည့်နေသည်။ ဗညားမော်မှာ ရုတ်တရက်မို့ ဘာပြန်ပြောရမှန်းပင်မသိ။ ကျောင်းသားအများပင် ဆင်းသွားကြလေပြီ။ ယောက်ျားလေး အထဲတွင် သူတယောက်သာ အတန်းထဲတွင် ကျန်ရှိနေသည်။ ဗလမှာ လမ်းမပေါ်မှ သူ့အားစောင့်နေ၏။ ခင်ထားလှိုင်၏နောက်မှ ရင်ရင်မြ၊ ရင်ရင်မြမှာ အမြဲတမ်းပင်နီအင်္ကျီနှင့်။

ဗညားမော်က တွေနေဆဲ။ ခင်ထားလှိုင်မွေးနေ့ ဘာလုပ်မှာပါလိမ့်။ လူတိုင်းမှာ မွေးနေ့ရှိတာဘဲလေ။ ခင်ထားလှိုင်က ဘာကြောင့် သူ့မွေးနေ့အကြောင်း ပြောရပါလိမ့်။ ခင်ထားလှိုင်က ဘာမျှပြန်မပြောသော ဗညားမော်ကို ကြည့်ပြီး

"မမစိမ်းကိုလဲ ပြောလိုက်ပါ။ လှိုင်က ဖိတ်လိုက်ပါတယ်။ ဆက်ဆက်လာပါလို့၊ လှိုင်က မှာလိုက်တယ် ဆိုတာလဲပြောပေးဦး"

ဗညားမော်မှာ ငေးကြည့်နေ၏။

နောက်မှရပ်နေသော ရင်ရင်မြက အားမရသံဖြင့် "ဒို့ ဖိတ်ထားတယ်၊ မမစိမ်းကို ခေါ်ခဲ့ပေါ့၊ ဗလလဲ သူ့မွေးနေ့မှာ လာစားမယ် ပြောနေတယ်၊ ဒို့နဲ့တူတူ သွားကြတာပေါ့၊ မြို့ထဲက အိမ်မဟုတ်ဖူး၊ စက်နားက ခြံထဲက အိမ်မှာ လုပ်မှာတဲ့၊ နေ့လည်ပေါ့ဟ"

သည်တော့မှ ဗညားမော်မှာ ရေးရေးပေါ်လာတော့သည်။ သူနှင့်သူ့အမကို လှိုင်ထိပ်ထားက သူ၏မွေးနေ့သို့ လာရောက်ဖို့ ဖိတ်ကြားသည် ဆိုပါကလား။ မွေးနေ့မှာ ဘာလုပ်မလို့ပါလိမ့်။ မွေးနေ့အကြောင်း သည်တခါဘဲ ကြားဘူးသေးသည်။ ဗညားမော်က သူမအားကြည့်ကာ " ဟုတ်ကဲ့ အမလဲ ပြောလိုက်ပါ့မယ်"

သို့သော် သိပ်မရှင်းသေး။ သူတို့အား ဖိတ်သည်။ သူနှင့်သူ့အမ ဒါဘဲသိသည်။ ဒါကြောင့် ဖိတ်မန္တကပြုမှုကို သူ့အားပြောသည်။

"သူလဲ ဆက်ဆက်လာရမယ်နော်-ဒါဘဲ"

ခင်ထားလှိုင်မှာ ပြောပြီးထွက်သွားသည်။ သူနှင့်လက်တွဲကာ ရင်ရင်မြလည်း ဗညားမော်ကို ပြုံးကြည့်ပြီး ထွက်သွားသည်။ ဗညားမော်မှာ လမ်းပေါ်၌ သူ့အား ရပ်စောင့်နေသော ဗလကိုတွေ့၍ စကားစပ်မှ ခင်ထားလှိုင်၏မွေးနေ့ဖိတ်ခြင်းအကြောင်းကို ရေရေလည်လည် သိရတော့သည်။

"သူက လူများများ မဖိတ်ဖူးကွ၊ ရင်းနှီးတဲ့ သူငယ်ချင်းတွေဘဲ ဖိတ်တာ၊ ဒို့အတန်းထဲက ဆိုရင် မင်းရယ်-ဒို့မောင်နှမ ရယ်... ဒါဘဲကွ၊ သူ့မွေးနေ့မှာ သူက ဒို့ကို ကျွေးမှာပေါ့၊ ကိတ်မုံ့တွေ ရန်ကုန်ကတောင် မှာထားတာတဲ့၊ ငါလဲ မွေးနေ့ဆိုတာ ဒီတခါဘဲအဖိတ်ခံရဘူးတယ်..."

သူအိပ်နေသောနေရာ ခေါင်းရင်း၌ ရှာပန်းထည့် အနီပတ်ထားသော အုန်းသီးဆွဲထားသည်ကို အမြဲတွေ့နေရသည်။ အမစိမ်းစိမ်းအား မေးကြည့်သောအခါ "ဟဲ့... မောင်လေး .. မမေးကောင်းဘူး" ဟု လက်ကာ၍ပြောလိုက်သည်။ သူသည် အံ့အားသင့်သွားသည်။ စိမ်းစိမ်း၏မျက်နှာအမူအရာမှာ ကြောက်ရွံ့သည့် အသွင်ဆောင်နေသည်။ ဘာဖြစ်လို့မမေးကောင်းပါလိမ့်။ ဘာဖြစ်လို့ မမေးရပါလိမ့်။ အဲသည်လို မမေးရတာတွေက မနည်း။ အဒေါ်ကြီးမေးလည်း မရ။ စိမ်းစိမ်းကဲ့သို့ပင်။ သို့သော် အဒေါ်ကြီးက စိမ်းစိမ်းထက်ပင် လမ်းပိတ်လိုက်သည်။

"ဘာလဲ ခလေးက ခလေးနေရာ နေတာမဟုတ်ဖူး" ဟူသော အဒေါ်ကြီး၏စကား။ နောက် မဟာရာဇဝင်ကြီးဖတ်ရသောအခါမှ အိမ်တွင်းနတ်အကြောင်း သိရှိလာရတော့သည်။ ဝါဝင်ဝါထွက် အုန်းသီးစိတ်၊ မွှေးသောကောက်ညှင်းသစ် စသည် တို့ကို စားရသည်ကို နစ်သက်နေမိသည်။ ရွာမှလယ်သမားကြီးတယောက် လာကာ ကောက်သစ်နှင့် လာချက်ပေးသည်ကို မှတ်မိနေသည်။ သူက ပါးစပ်က တိုးတိုးရွက်ကာ ပသ,သည်။ နောက်ကြီးပြင်းလာသောအခါ လှည်းအိမ်ငယ်ကလေးနှင့်လာကာ နတ်ဆရာကြီးက အသံနေအသံထားဖြင့် ရွက်ဆိုပြီးနောက်၊ မုံ့ဆန်း၊ အုန်းသီးစိတ်၊ ငှက်ပျောသီးစားရသည်။ လှည်းအိမ်ကလေးထဲတွင် ဖယောင်းတိုင်မီးရှေ့၌ စောင်းတီးနေသော ရေငန်ပိုင်ဦးရှင်ကြီး ပန်းချီကားချပ်ကို တွေ့ရသည်။ နတ်ဆရာကြီးက ကာရန်၊ နဘေများဖြင့် ရွတ်ဆိုသည်မှာ နားထောင်ကောင်းသည်။ ဦးရှင်ကြီးမှာ ရွှေချည်ထိုးချိတ်ပုဆိုး ပန်းနုရောင်နှင့်၊ ထိုင်မသိမ်းအင်္ကျီနှင့် ကြည့်ကောင်းပေသည်။

"ဟဲ့.. ဗညားမော်.... လာကန်တော့လှည့်" ဟု လူကြီးများက ဆို၍ ဦးရှင်ကြီးတင်တိုင်း ကန်တော့ခဲ့ရသည်မှာ နှစ်တိုင်း။ ချောမောလှပသော မောင်ရှင်သည် ကျွန်းညိုညို လှေသမားများနှင့် လိုက်သွားရာ။ ထင်းခုတ်သမားများ ထင်းသွားခုတ်ခိုက်၊ လှေကို စောင့်ရင်း စောင်းတီးခတ်မိသည်။ နတ်သမီးများက စောင်းဆရာ ကိုလူချောအား ချစ်ကြိုက်သွားပြီး လှေထွက်မရအောင် လုပ်ထားကြသည်။ နောက်ဆုံး မောင်ရှင်ကို ရေထဲပစ်ချလိုက်မှ လှေထွက်၍ ရတော့သည်။ ရေထဲပစ်ချသောအခါ နတ်သမီးပျိုကလေးများက သူတို့ချစ်သော မောင်ရှင်ကို ဆယ်ယူသွားကြသည်တဲ့။ ဗညားမော်မှာ လွမ်းစရာ မောင်ရှင်၏ ဝတ္ထုကြောင်းကလေးကို စွဲနေမိတော့သည်။ နှစ်တိုင်းလည်း ဦးရှင်ကြီးနတ်ပွဲ အကြီးအကျယ် ကျင်းပသည်။ ရာမညမြို့၌ အကြီးအကျယ်ဆုံးသော ပွဲလမ်းသဘင်။ ဦးရှင်ကြီး ဇာတ်ကြောင်းကိုတော့ သူသာမဟုတ် တမြို့လုံး သိနေကြသည်။ ဦးရှင်ကြီးကပြသော ညများတွင် တမြို့လုံးပင် ပွဲဈေးတန်းသွားကြသလား အောက်မေ့ရသည်။ သူ့ဖခင် ဦးသက်ထွန်းပင် နတ်ပွဲကပြသော ရုံပုံငွေ ကော်မတီအဖွဲ့ဝင်အဖြစ် ပါလေသည်။

ငါးရံ့နဖားထိုးဆိုတာတွေ၊ ဘောင်းဘီအနက် မဝတ်ရဆိုတာတွေလည်းရှိသေးသည်။ မေးရင်တော့ ဘယ်တော့မှ မပေးရ။ မမေးကောင်းဆိုကြ၍ သူကလည်း မမေးတော့။ အဲသည်လို မမေးရဆိုတာတွေက တပုံကြီး။ သူမသိတာတွေကလည်း အများကြီး။ တပုံကြီးထင်းရှူးပင်နား ရောက်သောအခါ အိမ်အဆောက်အအုံတခု ဘေးရှိ အခန်းနှင့် ဝရံတာဘက်မှခွေးဟောင်သံ ထွက်ပေါ်လာလေသည်။ အညိုရောင် ခွေးသမင်နှစ်ကောင်။ သူတို့ကို ကြိုးချည်ထားဟန်တူသည်။ ခွေးများကား အရပ်မြင့်မြင့်။ ဟိန်းသံများမှာ ဆူညံနေ၏။ ခင်ထားခိုင်က "ဟဲ့ ... ဂျင်မီ" ဟု လှမ်းငေါက်လိုက်သောအခါ အသံတိတ်သွားသည်။ အခြားတစ်ကောင်လည်း မဟောင်တော့။

အရှေ့မှ လျှောက်သွားကြသော အမျိုးသမီးတသိုက်၏ အသံများကား၊ အဝေးမှ ကြားရလျှင် ဘာမျှစကားလုံး မသဲကွဲ၊ ဝင်သံမြိုက်သံ၊ အသံအုပ်ရယ်မောသံ။ အသံသေးသေးကလေးဖြင့် ရယ်သံ၊

တိုးညှင်းသောအသံ၊ ချွဲနွဲ့သောအသံ၊ လျှာဖျားကလေးဖြင့် ပေါ့ပေါ့ရှုပ်ရှုပ်အသံ၊ သွက်သွက်အသံ၊ မပီမသသံ စသော အသံပေါင်းစုံဖြင့် ဆူညံနေသော အသံများသာ ကြားရသည်။ ခင်ထားလှိုင်မှာ စိမ်းစိမ်းကို စကားပြောလျှင် ရွယ်တူချင်းပြောသလို၊ ညီမငယ်ပြောသလို ရောနှောနေသည်။ အမှန်က စိမ်းစိမ်းက ခင်ထားလှိုင်ထက် နည်းနည်းသာ ကြီးသည်။ ရင်ရင်မြဘက် လှည့်ပြောသောအခါ ရွယ်တူအသံဟန်ဖြင့် ပြောသည်။ တခါတရံ အိုင်နှင့်ယူ ညှပ်၍ သုံးသည်။ မြမြဟု ခေါ်သည့်အခါခေါ်၊ ရင်ရင်ဟု ခေါ်သည့်အခါခေါ်။ စိမ်းစိမ်းက စကားပြောသောအခါ သူ့ကိုယ်သူ စိမ်းစိမ်းကလေးဟု ထည့်ပြောသည်။ တခါတလေလည်း သူ့ကိုယ်သူ အမ၊ မမစိမ်း။

ဗညားမော်သည် ပိတောက်မြိုင်ခြံကြီးကို စိတ်ဝင်စားနေသည်။ သူ့စိတ်ကူးထဲ၌ ပိတောက်ရွှေဝါများဖြင့် ပြောက်မွမ်းထားပေသည်။ ကျောက်စိမ်းတုံးကြီးထက်၌ ရွှေမျှင် ရွှေခက်များ ဖြန့်ကြဲထားသည်။

အမျိုးသမီးတသိုက်နှင့် ဗညားမော်တို့မှာ အတော်လှမ်းသွားသည်။ ဗညားမော်ကား သူမရောက်ဖူးသော အရပ်သို့ ရောက်သွားသလို ငေးမောနေသည်။ ဗလက သူ့အကြောင်းသိ၍ ဘာမျှ မပြော။ သူနှင့်အတူ ဖြည်းဖြည်းချင်း လျှောက်လာသည်။ သူရပ်သည့် နေရာလိုက်၍ ရပ်ပေးသည်။ ပန်းရနံ့ရလျှင် သူသည် ရပ်ကာ မွှေးကြည့်နေသည်။ ထင်းရှူးကိုင်းမှ မျှင်မျှင်သေးသေး သွယ်ဖြာကျနေသော အရွက်စိပ်နနကလေးများကို ကိုင်တွယ်ကြည့်နေသည်။ အရွက်ကလေးကို ဆိတ်ကြည့်သည်။ မွှေးကြည့်သည်။ ထင်းရှူးပင်များမှာ အိမ်ကို ဝန်းရံထားလေသည်။ ထင်းရှူးပင်တပင်၏ အကိုင်းတကိုင်းမှာ အဆောင်တခု၏ မှန်ပြတင်းနှင့် တိုက်ငြိ၍ နေသည်။ အနီးကပ်ကြည့်တော့မှ အိမ်မှာ တော်တော်ကျယ်ဝန်းကြီးမားသည်ကို တွေ့ရသည်။ အဝေးက ကြည့်သောအခါ သည်လောက်ကြီးမှန်း မသိ။ အိမ်မကြီးမှ ခွဲထုတ်ထားသော အဆောင်များမှာပင် မနည်းကျယ်ဝန်းပေသည်။ မှန်ပြတင်းများ၌ ပန်းပွင့်ဖော် ခန်းဆီးများ တပ်ဆင်ထားသည်။

"ထင်းရှူးပင်တွေက ခရစ်စမတ် သစ်ပင်ထဲက သစ်ပင်အတိုင်းဘဲနော်.. စာအုပ်ထဲကလဲ ဒီလိုဘဲကွ..."

"အေးပေါ့ကွ..."

"မင်း ခရစ်စမတ်သစ်ပင် မြင်ဘူးလို့လား"

"နန့်ဖလော်ရာတို့အိမ် သွားတုန်းက တွေ့ဘူးတယ်။ အမနဲ့လိုက်သွားတာ..."

"အဲဒီအိမ်မှာ ထင်းရှူးပင်ရှိလား..."

"တကယ့်အပင်တော့ မရှိပါဘူး၊ ကော်နဲ့ကပ်ထားတဲ့ ထင်းရှူးပေါက်စကလေး ရှိတယ်ကွ၊ ခရစ်စမတ်တုန်းက ငါတို့ ရောက်သေးတယ်၊ မန်းသာဒွေးတို့မိသားစုတောင် လာကြသေးတယ်..."

တနှစ်က ဝှက်ပစ်ထွက်တုန်းတခါ ခမုံချောင်းဘေးရှိ မန်းသာဒွေးတို့အိမ်သို့ တခေါက် ရောက်ပြီးကတည်းက နောက်ထပ် မရောက်ဖြစ်ကြတော့။ မြို့မှာလည်း ဂျွန်စီးမည်ဟု ကောလာဟလ ဖြစ်နေ၍ မိုးချုပ်လျှင်ပင် လမ်းမထွက်ဝံ့ကြ။ မနှစ်က နှစ်အကုန်တွင်ကား၊ ယခင်အတိုင်း ပုံမှန်ဖြစ်လာပေပြီ။ ထို့ကြောင့်ပင် နန့်ဖလော်ရာတို့အိမ်မှ ခရစ်စမတ်ဖိတ်၍ ဗညားမော်မှာ စိမ်းစိမ်းနှင့်အတူ သွားကြသေးသည်။ မန်းသာဒွေးတို့ အိမ်သားများနှင့် ဆုံမိကြ၍ ပျော်စရာ။ တာတပေါ်ဟင်း၊ ဝက်သားကြော်၊ ငါးခူဟင်း စားကောင်းလိုက်သည့်ဖြစ်ခြင်း။ တာတပေါ်ဟင်း စားရသည်မှာ ကုလားဟင်းစားရသလို၊ ဟင်းလေးစားရသလို အရသာစုံပြွမ်းနေ၏။ တဖက်ကမ်းရှိ ဂုံမင်းကွင်းမှ စောဘရင်ဆိုသော လယ်သမားကြီးနှင့် သူ့သမီး နော်အေးဖော့တို့လည်း ပါသည်။ သူတို့ကား

ခရစ်ယာန်မဟုတ်။ ဗုဒ္ဓဘာသာ။ သို့သော်... နန့်ဖလော်ရာ၏မိခင်မှာ ဂုံမင်းကွင်းရွာတွင် ငယ်စဉ်က ကြီးပြင်းလာသူ ဖြစ်သည်။ အိမ်ထောင်ကျ၍ ရာမည်မြို့ဘက် ပြောင်းလာသောအခါ သူတို့အိမ်နှင့် နီးသော ဘုရားရှိခိုးကျောင်းမှ ပြင်သစ်ဘုန်းကြီးနှင့် ခင်မင်ကာ၊ ဘုန်းကြီးက နန့်ဖလော်ရာအား အင်္ဂလိပ်စာသင်ပေးသည်။ နောက်မိဘမဲ့ ကုလားကျောင်းသားနှစ်ဦးနှင့် ကရင်အမျိုးသားလေးတစ်ယောက်ပါ တိုးလာသည်။

နန့်ဖလော်ရာက သူတို့အား ဓမ္မသီချင်းဆိုပြသည်။ အိမ်သားများအားလုံး ဝိုင်းဆိုကြ၍ စည်နေတော့သည်။ အသံ အနိမ့်အမြင့် ညီညာပြီး၊ အမျိုးသမီးများက ညာသံ၊ ယောကျ်ားများက ဘယ်သံ ပေါင်းစပ်၍ ဆိုသောအခါ တူရိယာတီးသကဲ့သို့ ဖြစ်နေသည်။ ဗညားမော်မှာ ဘယ်သံ ညာသံ ပေါင်းစပ်ပုံကိုကြားပြီး သူ၏သံစုံပါအောင် ဘာဂျာကို အမှတ်ရနေ၏။

အိမ်ပြန်ရောက်၍ သူ့အမ စိမ်းစိမ်းအား ပြန်ပြောပြသောအခါ စိမ်းစိမ်းက "မောင်လေးကလဲ... ဘာဂျာနဲ့ ဘာဆိုင် လို့လဲ"

"မဟုတ်ဖူး... အမ၊ ဘာဂျာနဲ့ အသံတွေတူတာတော့အမှန်ဘဲ၊ ဘယ်လိုတူတယ်ဆိုတာသာ ကျွန်တော် ပြန်မပြောတတ်တာ"

"မောင်လေးကလဲ.." ဟုပင် စိမ်းစိမ်းက သူ့ကိုပြန်ပြောလိုက်သေး၏။ သူက ဘာဂျာသံဟု ခံစားနေ၏။

တိတ်ဆိတ်ည ဓမ္မတေးသံကိုကား၊ သူကအကြိုက်ဆုံး။ မန်းမြသီးက ဓမ္မသီချင်းအသစ်နှစ်ပုဒ် ဆိုပြီးသောအခါ "သူငယ်ချင်းတွေကို ငါတို့ ကရင်နှစ်သစ်ကူးလဲ ဖိတ်ဦး" ဟု သာ မန်းသာဒွေးအား လှည့်ပြော နေ၏။

"ဟာ.. ငါတော့ မသိပါဘူး၊ ဘယ်နေ့ဖိတ်ရမှာလဲ၊ ပြာသိုလဆန်းလား၊ တပို့တွဲလဆန်းလား၊ ပြာသိုလဆန်းဆိုရင်တော့ နီးနေပြီဗျ" ဟု မန်းသာဒွေးက သူ့အဖေအား ပြန်ပြောနေ၏။

သည်တော့မှ ဗညားမော်လည်း ကရင်အမျိုးသားများ၏ နှစ်သစ်ကူးနေ့ရှိတာကို သိလာရတော့သည်။ မန်းမြသီးမှာ ကရင်အမျိုးသားများအထဲတွင် ရာဇဝင်၊ စာပေပရိယတ္တိ လိုက်စားသူ ဖြစ်လေသည်။

နန့်ဖလော်ရာတို့အိမ်မှ ပြန်လာကတည်းက ကြယ်နီ ထွန်ထားသော ထင်းရှူးပင်ပေါက်ကလေးသည် သူ့စိတ်ကူးထဲ ရောက်နေခဲ့သည်။

ယခု တကယ့်ထင်းရှူးပင်ကို မြင်တွေ့ခံစားရလေပြီ။ အင်္ဂလိပ်စာအုပ်များ၌ တွေ့ရသော ရေခဲဖုံးလွှမ်းတောင် များနှင့် ထင်းရှူးတောတန်းများ ရှုခင်းထဲမှ ယခု ထင်းရှူးပင်ကို ထိတွေ့ရလေပြီ။ သူသည် ထင်းရှူးရွက် မျှင်မျှင်ကလေးကို ကိုင်ကာ နမ်းနေစဉ်၊ သူတို့ရှေ့ အရင်ရောက်နှင့်သော၊ သစ်ပင်အောက်၌ ရပ်နေသော အမျိုးသမီးငယ်ကလေးများက သူတို့အား လှမ်းကြည့်ကာ စောင့်နေကြသည်။

"မောင်လေး... လာလေ၊ ဘာလုပ်နေတာလဲ..."

စိမ်းစိမ်း၏အသံကြားမှ သူသည် ထင်းရှူးပင် အကိုင်းအခက်အရွက်မျှင်မျှင်များ ကြားမှ ဆင်ဝင်အောက်၌ ရပ်နေကြသောသူများကို သွား၍ သတိရတော့သည်။ ဗလကတော့ သူ့အား ပြုံး၍သာကြည့်နေ၏။

သည်တခါတော့ ခင်ထားလှိုင်တို့ ညီအမမှာ ပန်းနုရောင်နှင့်ဖြူလွ တွဲစပ်ထားသည်။ ခင်ထားလှိုင်က ပိုးအဖြူပေါ်တွင် ပန်းနုရောင်ဇာနားတပ်နှင့် အဖြူများများပါသော၊ ပန်းနုရောင်ပန်းပွင့်အကြီးအသေးများ ရောထားသော ထမီ။ အဝေးမှ ကြည့်လျှင် ဝင်းပသော အဖြူ၊ အနီးရောက်လာမှ ပန်းနုရောင်။ ပန်းနုရောင်နှင့် ဖြူလွလွတို့ ပြေးနေသော။ ခင်ထားမြိုင်နှင့် ခင်ထားခိုင်တို့မှာ ဇာအထပ်ထပ်နှင့် ပန်းပွင့်များ အလွှာအလွှာ ကြွနေသော ဂါဝန်အဖြူဆင်တူ။ ခေါင်းတွင်လည်းဖဲပြား အပြာရင့်ဆင်တူ၊ အားလုံး ခြေအိတ်အဖြူနှင့်။ ညီအမအားလုံး အိမ်ထဲတွင် မော်လမြိုင် ရှေ့ထိုး ကတ္တီပါဖိနပ်များ စီးထားကြသည်။ ရင်ရင်မြကတော့ သခင် ခင်အောင်၏ သမီးပီပီ ပင်နီအကျီရင်ဖုံး။ သို့သော် ပင်နီပေါ်၌ ပန်းဖောက်များ လိုက်ထားသည်။ အနီရင့် ပန်းဖောက်။ ထမီကမူ ရိုးတိုက်မှ တိုဘရယ်ကိုးပန်းပွင့်။ အပြာရင့်ပေါ်မှ ဆန့်ကျင်ဘက် ပန်းပွင့်အနီ၊ မရမ်းရောင်၊ လိမ္မော်ရောင်၊ ငုဝါရောင် စိမ်းစိမ်းပင် ဖဲထမီပျော့ အစိမ်းနုနှင့်။

ခင်ထားလှိုင်တို့က သူတို့အား ရပ်စောင့်နေကြစဉ်....

"ဒီကောင် ဒီခြံကြီးကို သိပ်သဘောကျနေတာ..."

"ဟုတ်လား... နောက်လဲ လာလည်ပါ၊ လှိုင်ဖိတ်လိုက်ပါတယ်..."

အိမ်ကြီးအလယ်၌ ဝင်ဝင်ချင်း ဧည့်ခန်းဆောင်။ ဆင်ဝင်၏ ဘယ်ညာ တဖက်တဖက်၌လည်း အိမ်ရှေ့သို့ မျက်နှာမူထားသော ဝရံတာဘက်၌ ကြိမ်ကုလားထိုင်များ ချထားသော နေရာရှိသည်။ ဧည့်ခန်းဆောင် အငယ်စားကလေးများဟု ဆိုနိုင်သည့် အလယ်ဧည့်ခန်းကြီး၌ကား၊ ခန်းလုံးပြည့် ချောကလက်ရောင် အနားကွပ်နှင့် ကော်ဇော်အပြာကြီး ခင်းထားသည်။ ကောဇော်လယ်၌ မဟော်ဂနီရောင် စားပွဲအဝိုင်းကြီး။ စားပွဲပေါ်တွင် ပန်းဖောက် အမြိတ်ရှည်မှုနှင့် စားပွဲခင်းအပြု ခင်းထားသည်။ ဇာပေါက် ပန်းကွက်များအကြားမှ ဝင်လာသော မဟော်ဂနီရောင်ကို မြင်နေရသည်။ စားပွဲအလယ်ဗဟို၌ ဖောင်းကြွခြသေ့ရုပ်များနှင့် ငွေဖလားကြီး။ ငွေဖလားကြီးထဲတွင် အင်္ဂလိပ်နှင်းဆီ အဝါနိုင်များ စိုက်ထိုးထားသည်။

ကောဇောအပြာကြီး အောက်ပတ်လည်၌ အဝါခံပေါ်တွင် နေကြာပန်းပွင့်များ ဖော်ထားသော အဝတ်ဖုံးနှင့် ဆိုဖာများ။ ဆိုဖာများ၏ကြားတွင် ကြိမ်ကုလားထိုင်များ ချထားသည်။ ဆိုဖာများအကြားရှိ စားပွဲပုကလေးများပေါ်၌လည်း စိန့်ကြွေပန်းအိုးများ၊ ပန်းအိုးများ၌ နှင်းဆီအနီအဖြူများအပြည့် ဧည့်ခန်းထဲ ဝင်လာလျှင်ပင် နှင်းဆီရနံ့ ထုံလှိုင်လာတော့သည်။ ဆိုဖာများ၊ ကြိမ်ကုလားထိုင်များ နေရာ၌ကား၊ ဖယောင်းဆီ အရောင်တင်ထားသဖြင့် ကြမ်းပြင်မှာ ဖိတ်ဖိတ်လက်နေ၏။ အခန်းနံရံများ အပြင်ဘက်၌ ရေနံသုတ်ထားသော်လည်း၊ အတွင်းဘက်၌ကား အားလုံး ဆေးအဖြူကြွေရောင် ခြယ်ထားသဖြင့် လင်းနေ၏။ နံရံ၌ စာအုပ်ဘီရိုများ ကပ်ထားသည်။ ဘီရိုထဲ၌ အင်္ဂလိပ်စာအုပ်များ စီရရီ။ ရှိတ်စပီးယားပြဇာတ်အစုံ၊ ဗြိတိလျှ စွယ်စုံကျမ်း အတွဲစုံ။ ချားလဒကင်း၊ သက္ကရေးတို့၏ ဝတ္ထုများ၊ ဂျွန်ဒန်း၊ မီလတန်၊ တင်နီဆင်တို့၏ ကဗျာပေါင်းချုပ် အတွဲစုံများ။ ဘေကွန်၊ ဂစ်ဘွန်တို့၏ စာအုပ်များ၊ မှန်ရောင်၌ ရွှေစာလုံးများ လက်နေကြ၏။ ခင်ထားလှိုင်၏ဖခင် ဦးသော်ကမှာ ကာလကတ္တားမှ အက်ဖအေ အောင်လာသူဖြစ်သည်။

ခင်ထားလှိုင်က သူတို့ဘက်လှည့်ကာ "ကဲ- စကားပြောကြအုံးမလား၊ စားကြမလား" ဟု လှမ်းကာ မေးနေသည်။

အမျိုးသမီးများမှာ တယောက် တပေါက် ပြောနေကြသည်။ စကားပြောကြသေးတာပေါ့။ သဘောဘဲ။ ခြံထဲလျှောက်ကြည့်ရအောင်။ မာလကာသီးခူးကြရအောင်။ ဒါကတော့ ရင်ရင်မြ၏ဆန္ဒ။ ကက်စက် နားထောင်ရအောင်။ ဒါကတော့ စိမ်းစိမ်း၏အဆို။ စောင်းတီးပြပါ။ ခင်ထားလှိုင်က သီချင်းဆိုကွယ်။ ခင်ထားမြိုင်က ဆိုသည်။ ခင်ထားလှိုင်ကကော။ ဘာလုပ်မလဲ။ တခိခိရယ်မောလိုက်ကြသည်။ ဗညားမော်နှင့် ဗလကတော့ စန္ဒယားတီးပြသည့်ဘက်က ထောက်ခံသည်။ ဒါဖြင့် ခင်ထားလှိုင်က စန္ဒယားတီးပေါ့။ အားလုံး လက်ခုပ်တီး လိုက်ကြသည်။

"အားလုံး အဆင်သင့်ပြင်ထား၊ နို့လဲ ပူနေပေစေ၊ ရေနွေး အဆင်သင့်ထားနော်၊ ကော်ဖီ လက်ဖက်ရည် အားလုံးနပ်ထား.. နို့ဆီဗူးလဲထုတ်ထား..."

ခင်ထားလှိုင်က အမိန့်ရ၍ "မေ"ခေါ်သော မိန်းကလေးလည်း နောက်ဆုတ်ကာ ထွက်သွားသည်။

"ကဲ.. ဗညားမော်၊ လှိုင်တို့ ဘာလုပ်ကြမလဲ၊ ဗလလဲပြော..."

ဗညားမော်က ဘာမျှပြန်မပြော။ ပြုံး၍သာနေသည်။ သူ့စိတ်ဆန္ဒအရ စန္ဒယားတီးတာ ကြည့်ချင်နေသည်။ စန္ဒယားကိုလည်း သည်လိုဘဲ ကိုယ်တိုင်တွေ့ဘူး၍ တီးတာလည်း မြင်ဘူးချင်နေသည်။

အမှန်အားဖြင့် ခင်ထားလှိုင်မှာ သူတို့ထက် ကြီးသော်လည်း သူတို့က ခင်ထားလှိုင်ကို ရွယ်တူလို သဘောထားကြသည်။ ခင်ထားလှိုင်၏ အမူအရာကမူ၊ တကယ့်မိန်းမကြီးအတိုင်း။ ခုနက အိမ်စေများအား အမိန့်ပေးပုံမှာပင် တကယ့်အိမ်ထောင်ရှင်တဦး၏ ဟန်ပန်လေသအတိုင်း။ သူမနှင့် ရွယ်တူလောက်ဖြစ်သော၊ ကြီးလျှင်နစ်နစ်၊ သုံးနစ်လောက်သာကြီးမည်ဖြစ်သော စိမ်းစိမ်း၏ အမူအရာနှင့်ပင်မတူ။ စိမ်းစိမ်းက သူ့ထက်ငယ်သူများကို ရွယ်တူလို ဆက်ဆံပြောဆိုသည်။ စိမ်းစိမ်းက သူ့စိတ်ထဲရှိနေတာကို လွပ်လွပ်လပ်လပ်ပြောသည်။ ရင်ရင်မြလည်း ထို့အတူ။

ဗညားမော်က ဘာမျှမပြော။ ပြုံး၍သာနေ၏။ ဗလကမူ သူ၏ အတွင်းစိတ်ကို သိနေ၏။ ဗလက "စန္ဒယားတီးတာ နားထောင်ချင်တယ်..." ဟု ပြောလိုက်၏။ အမှန်အားဖြင့် ဗလက ဗညားမော်ကိုယ်စား ပြောလိုက်ခြင်းဖြစ်ပေသည်။

"ကဲ သဘောတူကြသလား..."

ခင်ထားခိုင်က စကာ လက်ခုပ်တီးလိုက်သည်။ အားလုံး လိုက်တီးလိုက်ကြသည်။ ဗညားမော်က ဘာမျှမလုပ်ပဲနေသဖြင့် ဗလက သူ့အား အသာလက်နှင့် တွက်၏။ သို့သော် ဗညားမော်က မလှုပ်။ ပြုံးမြဲ။

ခင်ထားလှိုင်သည် နေရာမှ ထကာ စန္ဒယားခုံတွင် သွားထိုင်လိုက်သည်။ စန္ဒားဘေးတွင် အားလုံး ဝိုင်းလိုက်ကြသည်။ ခင်ထားမြိုင်က ကြိမ်ကုလားထိုင်များ နေရာရွှေ့ပေးသည်။ ဗညားမော်မှာ စန္ဒယားနှင့် ဘေးတိုက်နေရာ။ ဗလက သူ့ဘေးက။ တဖက်က အမျိုးသမီးပေါက်ကလေးများ။

ခင်ထားလှိုင်သည် စန္ဒယားအဖုံးကို ဖွင့်လိုက်သည်။ ထို့နောက် အားလုံးဘက်ကိုလှည့်ကာ

"ဘာသီချင်းတီးရမလဲ..."

သူမက ပြောပြီး သီချင်းစာအုပ်ကို လက်တဖက်ဖြင့် လှန်သည်။ မျဉ်းကြောင်းပေါ်တွင် ပဲပင်ပေါက်ကဲ့သို့ အကွေ့အကောက် များပါသော ဂီတသင်္ကေတများဖြင့် ရေးထားသော အင်္ဂလိပ်သီချင်းစာအုပ်။

"လှိုင်က သိပ် တီးတတ်တာတော့ မဟုတ်ဖူးနော်၊ အရင်ကျောင်းမှာတုန်းက သင်ခဲ့ရတာ၊ အင်္ဂလိပ်ကပြားမ ဆရာမကြီးသင်ပေးတာ၊ စာအုပ်တအုပ်တော့ ကုန်ဘူးတယ်၊ အေမီရေ... တနေ့က မမတီးနေတာဆိုကွယ်"

"ဘာလဲ မမ၊ ကျမရဲ့လှပသော ပန်းကလေးများ ဝယ်ဦးမှာလားရှင်... ဆိုတာလား.."

"ဟုတ်တယ်..."

ခင်ထားလှိုင်က ညော့်သည်များဘက်သို့ လှည့်ကာ "လှိုင်က သိပ်ရတာမဟုတ်ဖူး၊ နဲနဲသာရတာ၊ မကောင်းရင်တော့ မကဲ့ရဲ့နဲ့နော်"

"ခိုင်လဲ သိပ်အဆို မကောင်းဘူးနော်"

"ကောင်းပါတယ်၊ လှိုင်တီးရင် ကောင်းမှာပါ၊ ခိုင်လဲကောင်းပါတယ်..." ဟု ရင်ရင်မြက ပြောလိုက်သည်။

"စိမ်းစိမ်းကတော့ စန္ဒယားတီးတာ တခါမှ မတွေ့ဘူးဘူး"

စိမ်စိမ်းသည် ရင်ထဲရှိတာ ပြောတတ်သည့်အတိုင်းပြောလိုက်သည်။

မကြာမီ ခင်ထားလှိုင်၏ သွယ်လျဖြူနုသော လက်ချောင်းကလေးများသည် ဆင်ဆွယ်ရောင် စန္ဒယားခလုတ်ပေါ်၌ လှုပ်ရှားလာတော့သည်။ ဗညားမော်မှာ ခင်ထားလှိုင်၏ လက်နှင့် စန္ဒယားခလုတ်များဆီသို့သာ မျက်စိရောက်နေသည်။ သူမ၏ လက်ချောင်းများအားလုံးသည် ခလုတ်အဖြူအနက်များကို ထိသည်။ လိပ်ပြာလက် ထက်ဘယ်မှညာ၊ ညာမှဘယ် ကူးပြောင်းကာ ပျံသန်းနေသည်။ သူမသည် သီချင်းစာအုပ်ကိုကြည့်ကာ တီးလျက်ရှိသည်။

**'မီးအိမ်၏တောက်ပသော**
**အလင်းရောင် အောက်၌ ချည့်နဲ့ပါးလို့**
**အဘယ်မည်သော**
**ကလေးမလေး တယောက်လေ**
**ရပ်၍နေသည်။**
**စူးရှညှင်းပန်းလှသော ညလေအား**
**ဂရုမထားနိုင်ဘဲ**
**သူမ၏ဘေး၌ ဖြတ်သန်း**
**ဝှေ့ယမ်းနေသည်ကိုပင်**
**ဖြတ်သန်းဖြတ်လာကြသော**
**လူပေါင်းတရာများ**
**ဂရုမထားနိုင်ကြ၊**
**ကုန်ဆုံးနေသော ညဥ့်ဦးယံပေါ့လေ**

**မျက်ရည်ဖြင့် ငိုညည်းသံနဲ့**
**ကျွန်မရဲ့လှပသော**
**ပန်းကလေးများ ဝယ်ဦးမှာလားရှင်'....** တဲ့။

ခင်ထားခိုင်၏ အသံသေးသေးဖြင့် သူမက တီးသမျှကို ဆိုနေသည်။ သီချင်းဆုံးသောအခါ အားလုံးက လက်ခုပ်တီးကြသည်။ တယောက်တပေါက် ဆူညံသွားသည်။ သိပ်နားထောင်လို့ကောင်းတာဘဲ။ လက်ကလေး လှုပ်ကာ ကြည့်လို့ကောင်းတယ်နော်။ ဗညားမော်က မလှုပ်မယှက် ထိုင်ကာသာ နားထောင်နေသည်။

လက်ခုပ်လည်းမတီး။

"ဗမာသီချင်းတပုဒ်လောက် တီးပါ..." ဟု စိမ်းစိမ်းကဆိုသည်။ ခင်ထားလှိုင်က ရှက်နေသည်။

"လှိုင် အခုမှ သီချင်းကြီးတွေ သင်မလို့၊ ဆရာကလဲ မရှိတော့ ခက်နေတယ်၊ ရန်ကုန်ဒိုင်အိုကျောင်းမှာ တုန်းကတော့ ဆရာမကြီးက တပတ် ၃ ရက်၊ တနာရီ တနာရီ သင်ပေးတော့ တတ်တာပေါ့"

သူမသည် ခလုတ်အနက်ကလေး တခုကို တဆက်ဆက်တောက်တီးရင်း ပြောပြနေသည်။

"စ သင်ခါစက သိပ်စိတ်ညစ်တာဘဲ၊ သိပ်ကျက်ရတာ၊ ဆရာမကြီး ပြန်သွားလဲ တီးနေတာဘဲ၊ နောက်အသံနဲ့ သင်္ကေတနဲ့ မှတ်တာလဲ သိပ်စိတ်ညစ်စရာ ကောင်းတာ၊ ကျင့်ဘို့ သင်ခန်းစာ ပေးထားတာတွေ မရရင်လဲ သိပ်ဆူတာ..."

"မေဘယ် တီးတတ်တာ တခုရှိပါသေးတယ်" ဟု အလတ်မ ခင်ထားမြိုင်က ဝင်ပြောလိုက်သည်။

"တီး တတ်ရင် တီးပါ လှိုင်ရယ်..."

"ဘာသီချင်းပြောတာလဲ ရီတာ... မမဖြင့် မေ့တောင်နေပြီ"

"ဟိုဟာလေ.. အေဘီစီဒီ မတတ်ဖဲနဲ့ အရပ်ထဲကိုလယ် ဆိုတာလေ..."

"အော်.. ဒါလား"

"ဟုတ်တယ်... အဲဒီသီချင်းဘဲ တီးပါ"

တယောက် တပေါက်ဖြင့် ဆူညံသွားကြပြန်သည်။ ဗညားမော်မှာ သူတို့ညီအမများ၏ အင်္ဂလိပ်နာမည်များကို သတိထားမိနေသည်။

"ကောင်းကောင်းတော့ မတီးတတ်ဖူးနော်"

"ကဲ... အဆိုတော်ကြီး၊ ဆိုစမ်းပါဦး"

ခင်ထားခိုင်က စန္ဒယားနား ရပ်လိုက်သည်။ ခင်ထားလှိုင်က တလုံးချင်း တီးသည်။

**"အေ ဘီ စီဒီ မတတ်ဖဲနဲ့
အရပ်ထဲကိုလည်
ကိုဘီအေ အုပ်ပေါင်းပေါင်းလို့
ဒုတ်တချောင်းနဲ့ လမ်းကိုလျှောက်တယ်
ခေါင်းပေါင်းစ ရှည်လွန်း ရှည်လွန်းတယ်
ဟိုက်စကူးကျောင်း- ကျောင်းသားရယ်
ကောလိပ်ကျောင်း- ကျောင်းသားရယ်
နေရှင်နယ် ကျောင်းသားရယ်"**

ဗညားမော်မှာ သူ့ဘာဂျာနှင့် မှုတ်သော သီချင်းဖြစ်၍ တေးသွားကို ရနေသည်။ ဘယ်လက်က အသံအဖက်တတွဲလိုက် ပေးပြီး၍ ညာဘက်က တလုံးချင်း သီချင်းသွားကို တီးနေပါကာလား။ ခင်ထားခိုင်မှာ ဒုတိယသီချင်း၌ ပို၍ကောင်းနေသည်။

မြန်မာစကားလုံးများကို စာသွားအလိုက် ခပ်ပြတ်ပြတ်နှင့် ပီပီဆိုသွားသည်။ အသံမှာလည်း နပျို၍ တချို့နေရာ၌ မပီ့တပီ။ မပီ့တပီဖြစ်၍ ဆန်းသစ်ကာ နားထောင်ကောင်းနေ။ စန္ဒယားခလုတ် နှစ်ထပ်ပါကလား။ ခလုတ်အနက်က ဘာပါလိမ့်။ ပထမ တပုဒ်နှင့် နောက်တပုဒ် အသံကျရာ မတူပါကလား။ ဘယ်နေရာမတူပါလိမ်။ ဗညားမော်မှာ မရှင်းစရာ တိုးလာပြန်သည်။ သူ့ဘာဂျာ မှုတ်ကြည့်တုန်းက အသံမပြောင်း။ တသံထဲသာ မှုတ်ခဲ့သည်။ သီချင်းအသွားသာ ပြောင်းခဲ့သည်။ အကျကား မပြောင်း။ နောက်တပုဒ်မှာ သူကြားနေကျအသံဖြစ်၍ ရင်းနှီးနေတာ နာဝင်ချောမွေ့ ပြေပြစ်နေသည်။

အမျိုးသမီးပေါက်ကလေးများဘက်က ညံလာကြပြန်သည်။ နောက်တပုဒ်၊ နောက်တပုဒ်။

"လိုင်တော့ မရတော့ဘူးကွယ်၊ ဒါဘဲရတယ်၊ လိုင်က ဗမာသီချင်း တီးတတ်ချင်နေတာ..."

"ဒါဖြင့်... အင်္ဂလိပ်သီချင်းတီး..."

"ဒါပြီးရင်တော့ ပြီးပြီနော်..."

"ဒီတခါကတော့ မြိုင်ဆိုကွယ်..."

"မြိုင်က သီချင်းမဆိုတတ်ဖူး..."

"သူကတော့ ကတတ်တယ်"

"အလကားပါ.."

နောက်ဆုံး၌ ခင်ထားလှိုင် တပုဒ်တီးရပြန်သည်။ အဆိုမပါ၊ အတီးသက်သက်။ 'ဘိုဟီးမီးယင်းတေး' ဟူသော သီချင်း။ သူကလည်း အသံကျတမျိုး။ ဗညားမော်မှာ အသံကျတမျိုး ပြောင်းသွားသည်။ အံ့ဩနေသည်။ တချိန်လုံး စန္ဒယားခလုတ်များပေါ်၌သာ စုဝန်းကာ စိတ်ကရောက်နေသည်။ ခင်ထားလှိုင်၏ ရုပ်ပုံကိုလည်းမမြင်။ ဗလကိုပင် သတိမရ။ ခလုတ်လှုပ်ရှားပုံနှင့် အသံသာ သူ့အာရုံထဲ၌ ရောက်နေသည်။

"ကဲ... တော်ပြီ၊ ထမင်းစားခန်း သွားကြရအောင်..."

ခင်ထားလှိုင်က နောက်ထပ် ဘာစကားမျှ မပြောနိုင်သေးမီ ထိုင်ရာမှထကာ သူတို့အား ထမင်းစားခန်းသို့ ခေါ်သည်။ ခင်ထားလှိုင်က စိမ်းစိမ်းနှင့် ရင်ရင်မြတို့ လက်တဖက်စီကိုင်ကာ ခေါ်သည်။

"လာကြပါ" ဟု ဗညားမော်နှင့် ဗလဘက်လှည့်၍။

ထမင်းစားခန်းကား ဧည့်ခန်းနှင့် တဆက်တည်း။ ခြားထားသည်ကား အခန်းတခုလုံးကို ကာထားသော ဇာခန်းဆီး အဖြူကြီး။ ဇာခန်းဆီးမှာ တွန့်ထား၍ ဧည့်ခန်းမှ ကြည့်လျှင် ဝိုးတိုးဝါးတား မြင်နေရသည်။ စားပွဲခင်းအဖြူခင်းထားသော စားပွဲရှည်ကြီးကိုသာ လှမ်းမြင်နေရသည်။ အလယ်မှ ဇာခန်းဆီးရင်ခွဲကို ဖယ်ကာ ဝင်လိုက်ကြသည်။ စားပွဲရှည်ကြီးပေါ်၌ကား စားစရာ သောက်စရာများ၊ အစိမ်းတွင် ရွှေနားကွပ်ပန်းကန်ဆင်တူများ။

သူတို့သည် စားပွဲတွင် ထိုင်လိုက်ကြသည်။ ခင်ထားလှိုင်က ထိပ်က။ သူ့ဘေးမှ စိမ်းစိမ်းနှင့် ရင်ရင်မြတို့ကတဖက်စီ။ ရင်ရင်မြနှင့် ကပ်လျက်က ဗညားမော်။ စိမ်းစိမ်းဘေးက ဗလ။ ခင်ထားမြိုင်နှင့် ခင်ထားခိုင်က တဖက်စီ။

"ကဲ.. ဘာသောက်ကြမလဲ၊ ကြိုက်ရာပြော၊ လက်ဖက်ရည်လား၊ ကော်ဖီလား၊ ကိုကိုးလား"

စားပွဲအလယ်၌ ကိတ်မုန့်အဝိုင်းကြီးကြီး။ ချောကလက်နှင့် ပန်းရောင်သကြားမလိုင်များ ဆမ်းထားသည်။ ချောကလက်ရောင်ပေါ်၌ 'ခင်ထားလှိုင် မွေးနေ့... ပျော်ရွှင်ပါစေ...' ဟူသော အင်္ဂလိပ်စာလုံးကို သကြား၊ မလိုင်အဖြူများဖြင့် ရေးထားသည်။ ဘေးမှ ဖယောင်းတိုင်များ။ ဗညားမော်က ရန်ကုန်မှာတဲ့ ကိတ်မုန့်ဖြစ်မှာဘဲ ဟု တွေးနေ၏။ ဖယောင်းတိုင်ကို မီးညှိလိုက် ကြသည်။

ခင်ထားခိုင်က စ၍ 'သင့်မွေးနေ့မှာ ပျော်ရွှင်ပါစေ' ဟူသော ဆုတောင်းသီချင်းကို ဆိုကြသည်။ ခင်ထားခိုင်က သူ့ဘေးရှိ ဗညားမော်အား "ဆိုလေ" ဟု ပြောလိုက်၏။ ဗညားမော်က ဘာလုပ်ရမှန်းမသိ။ ဆိုလည်း မဆိုတတ်။ ဗလကမူ သူ့ဘေးရှိ ခင်ထားခိုင်ဆိုသလို လိုက်ဆိုနေ၏။ ရင်ရင်မြ၊ စိမ်းစိမ်းတို့လည်း ဆိုနေမကျ၍ မဆို။ နောက်မှ မညီမညာ ဝိုင်းလိုက်ဆိုကြသည်။ အသံအကျယ်ဆုံးကား ဗလ။ ဗလက ဆိုရင်း ဗညားမော်အား လှမ်းကြည့်နေ၏။ မင်းလဲဆိုလေဟူသော အမူအရာ။ သူက သူ့နှမအားလည်း ဆိုခိုင်းသည်။ သို့နှင့် တယောက်တပေါက် မညီမညာနှင့် ဆိုကြပြီးနောက် ရယ်မောနေကြသည်။ ဗညားမော်ကမူ ဆိုသည့်အထဲ မပါ၊ ရယ်မောသည့်အထဲကားပါ၏။ ခင်ထားလှိုင်ကလည်း ဆိုပါဟူသော အမူအရာဖြင့် သူ့အားကြည့်နေ၏။ စိမ်းစိမ်းကလည်း သူ့အား ဘာဖြစ်လို့မဆိုတာလဲဟူသော မျက်နှာဖြင့် စိုက်ကြည့်နေ၏။ ဗညားမော်၏ အာရုံထဲတွင်ကား စန္ဒယားခလုတ်များသာမြင်နေ၏။ မွေးနေ့ကိတ်မုန့်ကြီးမှာ နှိမ့်လိုက် မြင့်လိုက်။ ခလုတ်များ လှုပ်ရှားဟန်။ အဖြူနှင့်အနက်။

"မမက မေးနေတယ်၊ ကိုကိုက ဘာသောက်မလဲတဲ့..."

သူ့ဘေးမှ ခင်ထားခိုင်က ပြောမှ ကိတ်မုန့်ကြီး အစိပ်အစိပ်များဖြစ်သွားကာ အဖြူအနက်များသည် မလိုင်ဖတ်ထဲသို့ မျောပါ သွားတော့သည်။ ခင်ထားလှိုင်က ထပ်မေးနေသည်။

"လက်ဖက်ရည်လား...၊ ကော်ဖီလား...၊ ကိုကိုးလား...။ ကိုကိုးသောက်ပါလားဟင်..."

သူက ခေါင်းညိတ်ပြလိုက်သည်။ ဗလက ပြုံးနေ၏။ ခင်ထားလှိုင်က သူကိုယ်တိုင် ဖျော်ပေးနေသည်။ နို့ချိုင့်၊ နပ်ပြီးသား လက်ဖက်ရည်ကရား၊ ကော်ဖီကရားတို့ဖြင့် အလုပ်ရှုပ်နေသည်။ ဟိုပန်းကန်ထဲ တမျိုးထည့်၊ ဒီပန်းကန်ထဲ တမျိုးထည့်၊ နို့ အနည်းအများမေး။ အားလုံး တယောက်တမျိုး သောက်ကြသည်။ ကိုကိုးမှာ ခင်ထားလှိုင်နှင့် ဗညားမော်သာ သောက်ကြသည်။

"သကြားတော့ ကိုယ်ကြိုက်သလို ထည့်ကြနော်..."

ထို့နောက် ခင်ထားလှိုင်သည် ငွေရောင်းပန်းကြွ လက်ကိုင်ဓားဖြင့် ကိတ်မုန့်ကို လှီးပြီး ပန်းကန်ထဲသို့ ထည့်ပေးနေသည်။ စိမ်းစိမ်းက ကူညီပြင်ပေး၏။

"နေပါစေ... မမစိမ်း"

"စိမ်းစိမ်း ကူပေးပါ့မယ်ကွယ်... လှိုင်မွေးနေ့ ပျော်ရွှင်ဘို့ပေါ့..."

စားပွဲပေါ်တွင်ကား မွေးနေ့ကိတ်မုန့်ကြီးအပြင်၊ ကိတ်မုန့်ကြီးကို ရံ၍ ပေါင်မုန့်နှင့် ငါးသေတ္တာညှပ်၊ ဆိတ်သားစဉ်းကြော်၊ သစ်သီးယို၊ ထောပတ်၊ သကြားလုံး၊ ငွေရောင်၊ ရွှေရောင်စက္ကူများ ပတ်ထားသော နက်စလေ ချောကလက်၊ အင်္ဂလန်လုပ် ဘီစကွတ်၊ စည်သွတ်ချယ်ရီသီး၊ မလိုင်...။

"ခိုင်တော့ ကိုကိုးမကြိုက်ဖူး၊ သိပ်အီတာဘဲ" ဟု ခင်ထားခိုင်က ဗညားမော်အား ပြောနေ၏။

"စားစရာတွေ သိပ်များတာဘဲကွယ်..."

"စားပါ၊ ဖြေးဖြေးစားတာပေါ့၊ ချယ်ရီသီးတော့ နောက်ဆုံးမှ ကျွေးမယ်...."

စားရင်းသောက်ရင်း၊ ဇွန်းသံ၊ ပန်းကန်သံများကြားထဲမှာ စကားဝိုင်းသည် ဆူညံလာပြန်သည်။

ခင်ထားလှိုင်က ရင်ရင်မြနှင့် စိမ်းစိမ်းအား မယ်သီလရင်ကျောင်းအကြောင်း ပြောပြသည်။

"စည်းကမ်းက သိပ်များတော့ ကျောင်းရောက်စက စိတ်ညစ်ရော၊ မယ်သီလရင်တွေက စည်းကြီးကမ်းကြီး သမားတွေ၊ ကျောင်းအိပ်ကျောင်းစားမို့ ပိုဆိုးတာပေါ့ကွယ်..."

"ဟုတ်လား"

"ရောက်စက ပြန်တောင် ပြေးချင်စိတ်ပေါက်တယ်၊ ညညများလေ... ညအိပ်ခါနီးဆိုရင် ငိုရတာအမောဘဲ၊ အိမ်ကိုလည်း လွမ်း၊ အပေါင်းအသင်းလည်း မရှိသေးဘူး မဟုတ်လား...၊ ပေါင်ဒါလဲ မလိမ်းရဘူး၊ ဆံပင်ကိုလည်း ကျစ်ဆံမြီးထုံးထားရတာ၊ ဆံပင်စ ထွက်နေရင်တောင် ဆူတယ်၊ သိပ်စိတ်ညစ်တာဘဲ..."

"မယ်သီလရင်တွေချည်းဘဲလား..."

"အင်္ဂလိပ်မယ်သီလရင်တွေ၊ သိပ်မုန်းဘို့ကောင်းတာဘဲ၊ သူတို့က အလှပြင်တာ မကြိုက်ဖူး၊ ဖဲပြားလဲ အနက်ဖဲသုံးရတယ်၊ အရောင်ဆိုရင် မရဘူး၊ မယ်သီလရင်ကျောင်းချင်းကလဲ အပြိုင်၊ ဂါဝန်နက်ပြာ ခြေအိတ်အဖြူ-ဖိနပ်အနက်ဖဲဝတ်ရတယ်..."

"အပြင်ထွက်တော့ကော..."

"အပြင်ထွက်တော့ ဘာဝတ်ဝတ်ရပါတယ်၊ ကျောင်းတက်ရင်သာပါ၊ အော် မေ့နေလို့ကွယ်...၊ စပျစ်သီးတွေ ရှိသေးတယ်၊ ရေခဲသေတ္တာထဲမှာ... အေးမုံရေ..."

ထမင်းစားခန်းအဝ၌ ရပ်နေသော အိမ်ဖော်မကလေးက အနီးလာရပ်သည်။

"နင် ငါ့ကိုလဲ အသိမပေးဘူး၊ စပျစ်သီးတွေ ရှိသေးတယ် မဟုတ်လား..."

"ဟုတ်ကဲ့.... မမ"

အေးမုံသည် ရေခဲသေတ္တာထဲမှ စပျစ်သီးများ တခိုင်လုံး ယူလာချသည်။

"စားစရာတွေက များနေပြီကွယ်..."

"စားကြပါအုံး...၊ ဖြေးဖြေးပေါ့၊ စပျစ်သီးတွေက စပိန်က လာတာ..."

ရေခဲသေတ္တာမှာ ဂျာမနီလုပ် ရေနံဆီဖြင့် လည်ရသောစက်။ ကာလကတ္တားမှ တဆင့် ရောက်လာသည်မှာ မကြာသေး။ ထို့နောက် သူတို့သည် စာမေးပွဲ အကြောင်း ရောက်သွားကြပြန်သည်။ စာမေးပွဲမှာ ရှေ့လထဲတွင် ရှိသည်။ အားလုံး အတန်းတူများဖြစ်၍ ပြော၍ မဆုံး။ အငယ်များဖြစ်သော ခင်ထားမြိုင်၊ ခင်ထားခိုင်ကလွဲ၍။ သို့သော် ကျောင်းစာများအကြောင်းမှာ ခဏသာ ပြောကြပြီး၊ အခြားအကြောင်းများ ရောက်သွားတော့သည်။ ခင်ထားခိုင်က ဗညားမော်အား ရုပ်ရှင်အကြောင်း မေးနေသည်။ သူမက သိုက်သမိုင်းနှင့် ရာဇဝင်ကားကို သိပ်ကြိုက်သည်။ ဗညားမော်ကမူ ရှေးဟောင်း ရာဇဝင်ဇာတ်ကားကိုကြိုက်သည်။ ခင်ထားမြိုင်က သူ့ဘေးရှိ ဗလအား သူတို့ ကျောင်းကပွဲအကြောင်းပြောနေ၏။ ရာမညမြို့သို့သာ မပြောင်းရလျှင် ထိုနှစ်ခရစ်စမတ် နာတာလူးပွဲတော်တွင် ခင်ထားခိုင်မှာ ဓမ္မသီချင်းဆိုသောအဖွဲ့တွင် ပါမည်။ ကျောင်းကပွဲ အတွက်လည်း ဂါဝန်များ ချုပ်လုပ်ပြီးနေပြီ။ သူ့အထက် ခင်ထားမြိုင်ကတော့ အက။ သူက အကဝါသနာပါသည်။ အဆိုအတီး မပါ။ သူတို့ ညီအမ အခု ဝတ်နေတာ ကျောင်းကပွဲအတွက် ချုပ်ထားတဲ့ ပန်းနုရောင်နှင့် ဖြူလွှအတွဲ ဂါဝန်တွေတဲ့။ စုံလို့။

ခင်ထားခိုင်က ပွင့်ပွင့်လင်းလင်း ပြောတတ်သူ။ သူတို့ညီအမများမှာ တကျောင်းတည်းနေခဲ့ကြသည်။ ၁၉၃၀၊ ကုလား-မြန်မာ အဓိကရုဏ်း ဖြစ်ပြီးကတည်းက ရန်ကုန်တွင် မထားတော့။ သူတို့ မိခင်က စိတ်မချ၍။ ထိုနှစ်က တရုတ်-မြန်မာ အဓိကရုဏ်းလည်း ဖြစ်ခဲ့သည်။ ထိုနှစ်က ဆူပူမှု တော်တော်များသည်။ ရန်ကုန် တောင်ကြီး ထကြွသဖြင့် စစ်ပုလိပ်တပ်များ ဝင်ရောက် ပစ်ခတ်နှိမ်နင်းသည်။ တရုတ်-မြန်မာ အဓိကရုဏ်းမှာ ရန်ကုန်နှင့် နီးသော ရာမညမြို့သို့ပင် ဂယက်ရိုက်ခဲ့သည်။ ဘာမှတော့ မဖြစ်။ ညနေ သင်္ဘောဆိုက်လျှင် ရန်ကုန်မှ သတင်းများ ပြန့်လာသည်။ သူတို့နှင့် တတန်းတည်း စိန်ဝမ်မှာ အနေကျပ်နေ၏။ စိန်ဝမ်၏ ဖခင် ဦးအဝမ်မှာ တရုတ်တန်း၌ ကုန်စုံဆိုင်ကြီးများရှိရာ။ စိန်ဝမ်မှာ ကျောင်းနှစ်ရက်လောက်မတက်။ သို့သော် ဗညားမော်နှင့် ဗလတို့ကခင်ခင်မင်မင် ပေါင်းသင်းမပျက်၍ သူက စိတ်အားမငယ်တော့။ ဒို့ဗမာ သီချင်းဆို၍ ဒို့ဗမာ တရားဟောသော ညက စိန်ဝမ်မှာ အနေရကျပ်နေသည်။ သို့သော် သူ့ သူငယ်ချင်းများကား စိန်ဝမ် သူတို့နားရှိသည်ကိုပင် သတိမထားမိကြ။ စိန်ဝမ် တရုတ်ဟူသော အသိပင် မဝင်စား။ ဗမာဆိုင် ဝယ်ကြလော့ဟူသည် ပထမဆုံး လူငယ်ပေါက်ကလေးများအား ရိုက်ခတ်သော လှိုင်းလုံးကလေး တလုံးမျှသာ။

ထိုညက ခင်ထားမြိုင်က "ဗမာဆိုင်မှာ ဝယ်လို့မရရင် ဘယ့်နှယ်လုပ်မလဲနော်... ဗမာဆိုင်တွေလဲ မရှိသေးဘဲနဲ့"ဟု သူ့အမ ခင်ထားလှိုင်အားမေးကာ ဗညားမော်အားလည်း ကြည့်ပြောနေသည်။

"စာမေးပွဲတွေပြီးလို့ ကျောင်းပိတ်ရင် ကျောင်းကပွဲလုပ်တယ်" ဟု ခင်ထားလှိုင်က ကပွဲအကြောင်း ဆက်၍ ပြောပြနေ၏။

"စန္ဒယားတီးတာကတော့ ပဂ္ဂီဆွေဆိုတာ သိပ်တော်တာ။ အင်္ဂလိပ်သီချင်းလည်း တီးတတ်တယ်၊ ဗမာသီချင်းကြီးတွေလဲ တီးတတ်တယ်..."

ဗညားမော်မှာ စန္ဒယားကို စိတ်ဝင်စားနေသည်။ ဘာရှာနှင့်ကား မတူ။ သူက ဧည့်ခန်းထဲမှ စန္ဒယားခလုတ်များကို စမ်းကြည့်ချင်နေ၏။ "စန္ဒယား ဝယ်တာ ကြာပြီလား" ဟု ခင်ထားခိုင်အား သူက မေးနေ၏။

"မမမေဘယ် စန္ဒယားစသင်တဲ့ နှစ်ဖဲ...၊ မမရေ ... စန္ဒယား ဘယ်တုန်းက ဝယ်တာလဲ"

"နေအုံး.... ဟိုတနှစ်က ဖြစ်မှာပေါ့..."

အားလုံးဝိုင်းရယ်ကြသည်။

"ဟုတ်တယ်လေ... အေမီ လေးတန်ရောက်တဲ့နှစ်ဖဲပေါ့"

"ဟုတ်တယ်.. အဲဒီနှစ်က ရှိတာလဲ ငါးတန်းလေ.."

ခင်ထားမြိုင်၊ ခင်ထားခိုင်တို့ ဝင်ပြောကြသဖြင့် နှစ်ကို အတည်ပြုလိုက်ကြသည်။ ခင်ထားခိုင်က ဗညားမော် စန္ဒယား၌ စိတ်ဝင်စားသည်ကို သတိထားမိနေသည်။

"ကိုကို.. စန္ဒယားတီးတတ်လား..." ခင်ထားခိုင်က မေးနေ၏။

"မတီးတတ်ပါဘူး။ တခါမှတောင်မှ တီးမကြည့်ဖူးဘူး.."

သို့နှင့် စကားဝိုင်းသည် ဂီတအကြောင်း ရောက်သွားကြပြန်သည်။ ခင်ထားလှိုင်က စိမ်းစိမ်းနှင့် တဖက်က စကားပြောနေသော်လည်း ဗညားမော်နှင့် ခင်ထားခိုင်တို့ စကားကောင်းနေသည်ကို သိနေသည်။

"လှိုင်လဲ သီချင်းကြီးတွေ သင်ချင်တယ်၊ ဒီမှာဆရာမရှိဘူးလားဟင်၊ ဗညားမော် အသိထဲကများ စန္ဒယား သင်မယ့် ဆရာတယောက်ယောက် မရှိဘူးလား"

ဗညားမော်က ခင်ထားလှိုင်ကိုကြည့်ကာ တွေးသလို ငေးနေဆဲ။

"ဟဲ့၊ မောင်လေး... ဟိုဘက်လမ်းက ကျောက်ပေါက်မာနဲ့ ခပ်ပိန်ပိန်၊ ဆိုင်းဝိုင်းထဲက လူလေ၊ ကိုငပိန်ဆိုလား၊ အဲဒါ..."

"စိမ်းစိမ်းကလဲ၊ ဘယ်က ကိုငပိန်ရမှာလဲ၊ ကိုငပိန်ဆိုတာ သူ့မိန်းမ ခေါ်တာပါ၊ သူ့နံမယ်က ကိုတင်လေး၊ သူက ပတ္တလျားတော့ တီးတတ်တယ်။ ဒါပေမယ့် စန္ဒယားတီးတတ်သလား၊ မတီးတတ်သလားတော့ မသိဘူး၊ မတီးတတ်ဖူး ထင်တယ်..."

"မေးကြည့်စမ်းပါအုံးနော်၊ စုံစမ်းကြည့်ပေးစမ်းပါအုံး၊ လိုင်က သီချင်းကြီး သိပ်တတ်ချင်တယ်..."

"ပတ္တလျား တီးတတ်ရင် စန္ဒယား တီးတတ်ပါ့မလား.."

ပတ္တလျားနှင့် စန္ဒယား တူမတူ ငြင်းခုံနေကြပြန်သည်။ ဗညားမော်မှာ စန္ဒယားအကြောင်း ပြောသောအခါ စိတ်ဝင်စားလာသည်။ စကားလည်းပြောလာသည်။ ခင်ထားလှိုင်နှင့် ဗညားမော် အပြန်အလှန်။ ဗလကပင် အံ့သြနေ၏။ ဒီကောင် ခါတိုင်းသိပ်စကားနည်းတဲ့ကောင်ပါ။ ဗလက ကျေနပ်နေ၏။ သူသည် ပြုံးကာ သူတို့နှစ်ယောက် စကားပြောနေသည်ကို ငေးကြည့်နေ၏။ စိမ်းစိမ်းနှင့် ခင်ထားမြိုင်က ပိတောက်ပွင့်ချိန်ကို ယော်ယမ်းနေကြ၏။ စိမ်းစိမ်းကပိတောက်များပွင့်လျှင် အလိုလို ပျော်နေသည်ဆိုဘဲ။ ခင်ထားမြိုင်က စိမ်းစိမ်းအဆိုကို ထောက်ခံသည်။ ရန်ကုန်ကျောင်းသွားနေတုန်းက ပိတောက်မြိုင်ကို သိပ်လွမ်းတာ။ အဖေ အမေတွေ လွမ်းတာထက် ပိတောက်တွေကို လွမ်းသည်ဆိုဘဲ။ ရန်ကုန်က ပိတောက်သိပ်ရှားတာ။ ဗလက သူတို့နှစ်ယောက်ကြား ပိတောက်ဝါကိုကျော်၍ ခင်ထားလှိုင်နှင့် ဗညားမော်တို့ ပတ္တလျား၊ စန္ဒယား ဘာဂျာမှုတ်သည်ကို နားထောင်ချင်သည်တဲ့။ ရင်ရင်မြနှင့် ခင်ထားလှိုင်က တခါပတ္တလျား အကြောင်းမှနေ၍ ပင်နီအကျီဖောက်ပန်းအတွက် ပန်းပုံစံသစ်အကြောင်း ရောက်သွားသည်။ ဆူညံလာကြ၏။ အသံမျိုးစုံ။

"ကဲ စကားပြောနေလို့တင် မပြီးဘူး၊ စားကြအုံး၊ ဘာမှမစားကြဘူးကွယ်၊ စပျစ်သီးစားကြပါအုံး..." ပန်းကန်ပြားထဲသို့ လိုက်ထည့်ပေးနေသည်။ သူနားရှိ ရင်ရင်မြပန်းကန်ထဲ ထည့်ပေးပြီးနောက် ဗညားမော် ပန်းကန်ထဲ စ၍ ထည့်ပေးနေ၏။

ထို့နောက် သူမသည် ဓာတ်စက်သွားဖွင့်သည်။ အင်္ဂလိပ်သီချင်းကြီးများ။ ခဏသာ နားထောင်ကြပြီးနောက် စကားသံများ လွှမ်းမိုးလာပြန်သည်။ ကိုယ့်ဝိုင်းနှင့်ကိုယ်။ အားလုံး စကားကောင်းနေစဉ် ခင်ထားခိုင်က ဗညားမော်က ဧည့်ခန်းသို့ ခေါ်သွားသည်။ ဗညားမော် စန္ဒယားစမ်းကြည့်နေသည်ကို ခင်ထားခိုင်က သိနေသည်။ ဗညားမော်ကလည်း ခလုတ်များကို ထိကြည့်ချင်တာနှင့် အတော်။ ခင်ထားခိုင်မှာ အငယ်ဆုံး။ အပါးဆုံး။ ခင်ထားခိုင်သည် စန္ဒယားအဖုံးကို ဖွင့်ပေးကာ စန္ဒယားချင်းယှဉ်လျက် ဘေးရှိ ကြိမ်ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။

ဗညားမော်သည် ညာလက်ညှိုး တချောင်းတည်းနှင့် ခလုတ်များကို တခုစီ ခေါက်ကြည့်သည်။ ခလုတ်ကို လက်ထိတာနှင့် အသံမြည်သည်။ သူသည် ခေါက်ရင် အသံက အစဉ်လိုက်ပါလားဟု ချက်ချင်း သိသွားသည်။ သူသည် ပါးစပ်မှုတ်ဘာဂျာဖြင့် သီချင်းများရရာ အသံများကို မှတ်မိနေသည်။ အသံစဉ်တွေ ပါကလား။ အစဉ်လိုက် ပါကလား။ သူသည် ခင်ထားခိုင်၏ ပန်နုရောင်နှင့် ဖြူလွှအတွဲစပ် ပန်းပွင့်ထပ်လွှာ ဂါဝန်ကိုလည်း မမြင်တော့။ သူ့မျက်စိထဲတွင် စန္ဒယားခလုတ်များသာ။ ပြင်သစ်ရေမွှေးနံ့ ခပ်ယဉ်ယဉ်သာ ထုံယစ်နေသည်။ အသံနေရာများကို မှတ်မိလာသောအခါ သူရသော သီချင်းအလိုက် တခုကို စမ်းကြည့်လိုက်အုံးမှဘဲ...၊ ဘာစမ်းရမှာပါလိမ့်။ သိပြီ။ အေဘီစီဒီ မတက်ဖဲနဲ့ အရပ်ထဲကိုလည်း။ ဟာ သူ့ကိုယ်သူ အံ့သြ အံ့အားသင့်သွားသည်။ ဟုတ်မှ ဟုတ်ရဲ့လား။

"ဟင်... ကိုကိုက တီးတတ်သားနဲ့ မတီးတတ်ယောင်ဆောင်နေတယ်..."

နောက်တခေါက် ကျော့လိုက်ဖို့မှာ ဘာမျှ မခက်တော့။ သူ့ကိုယ်သူ ယုံလာပေပြီ။ နောက်တခါ ပြန်ကျော့တော့ ထော့နဲ့- ထော့နဲ့ မဖြစ်တော့။ ခင်ထားခိုင်မှာ ကြည်စင် ရွှန်းပနေ၏။ ဗညားမော်ကလည်း

ရင်တဒိတ်ဒိတ် ခုန်နေသည်။ သူ့ကိုယ်သူလည်း သည်လိုကျ စမ်းဖြစ်မည်ဟုမထင်။ စိတ်ထဲရှိနေသော သီချင်းစာသား အတီးကို စန္ဒယားရှိ အသံတည်ရာ ခလုတ်၌ စမ်းတွေ့နေလေပြီ။ ကိုဘီအေ ဒုတ်တချက်းနဲ့... ဟင်...။

ထမင်းစားခန်းမှ ခင်ထားလှိုင်တို့သည် သူတို့ရှိရာသို့ ကူးသန်းကြသည်။

"ဗညားမော်ကကွယ် ... လှိုင်တို့ကို တီးတတ်တာ မပြောဘူး"

စိမ်းစိမ်းပင် အံ့သြနေသည်။ ဗလက ပြုံးနေ၏။

"မတီးတတ်ပါဘူး၊ စမ်းကြည့်နေတာပါ"

သူ့စကားကို အမျိုးသမီးပေါက်ကလေးများက မယုံကြည်။ ဗညားမော်က စကားပင် ပြန်မပြောနိုင်သေးဘဲ ဆက်လက်၍ ခလုတ်များကို စမ်းနေ၏။ စန္ဒယားမှာ အသံရှာရတာ ဘာဂျာမှာလည်း လွယ်တာဘဲ။ သို့သော် သူသည် ဘယ်ဘက်ကို မသုံးတတ်။ အသံလည်း မထည့်တတ်။ ခက်လာလေပြီ။ လွယ်မယောင်နှင့် ရှုပ်လာလေပြီ။

ချယ်ရီသီးနှင့် မလိုင်ဆမ်း ရေခဲတုံးကလေးများ ရောက်လာသည်။ အသံရှာနေသော စန္ဒယားသံနှင့် ဇွန်းသံ၊ ပန်းကန်သံ သည် ရောထွေးနေသည်။ စန္ဒယားတီးတတ်သူမို့ ခင်ထားလှိုင်က နောက်တော့ ဗညားမော် အသံရှာနေသည်ကို နားလည်သွားသည်။ သူကမူ သူ့ဖာသာသူ အသံမရှာတတ်။ ဆရာက ပြပေးမှ တတ်သည်။

ဗညားမော်က သိပ်တော်တာဘဲကွယ်။

သူတို့ ပြန်ခါနီးမှာ ဦးသော်က ဆန်စက်မှ ရောက်လာသည်။

သမီးများက ကျွေးမွေးဧည့်ခံနေသည်ကို ကျေနပ်နေသည့်အမူအရာ။ အပျိုပေါက်များ ဝိုင်းသို့မဝင်။ သည်တော့မှ ခင်ထားလှိုင်တို့၏ မိခင် ဧည့်ခန်းထဲမှ ထွက်လာကာ ဦးသော်ကကို ဆီးကြိုသည်။ စောစောက အထဲတွင်ပင် ရှိနေသော်လည်း အပြင်မထွက်။ သမီးများ လွတ်လွတ်လပ်လပ်နေစေချင်သည့် သဘော။ လူငယ်ပေါက်များ အနေမကျုံ့အောင်။

ထို့နောက် ခင်ထားလှိုင်သည် သူတို့နှင့် မိတ်ဆက်ပေးပြီးနောက် သူမ၏ဖခင်လက်ကိုကိုင်ကာ အခန်းထဲ ဝင်လိုက်သွားသည်။ သူမဖခင်၏လက်ထဲ၌ ဖဲပြားအနီဖြင့် ပတ်ထားသော အထုပ်ကလေးတထုပ် ပါလာသည်။

**အခန်း (၁၈)**

ပိတောက်မြိုင်ခြံမှ ထွက်လာကြသောအခါ စိမ်းစိမ်းက "သူတို့ အိမ်က တမျိုးဘဲနော်" ဟု ဆိုလိုက်သည်။ "ဟုတ်တယ်နော်.. မမစိမ်း၊ ဟုတ်တယ်နော် မမစိမ်း၊ ကျမလဲ အဲသလိုဘဲ အောက်မေ့နေတယ်"ဟု ရင်ရင်မြက ပြောရာ...။

ဗလက နောက်သို့ လှည့်ကြည့်ကာ "ဟာ... ရင်မြတို့ကလဲကွာ။ သူတို့အိမ်ကလည်း ထွက်ကော သူတို့အတင်း ပြောတာဘဲ...။"

"ဟဲ့.. အတင်းပြောတာ မဟုတ်ပါဘူးဟယ်။ အကောင်းပြောမလို့ပါ"

ရင်မြတို့ကပာ ဆိုသဖြင့် စိမ်းစိမ်းကလည်း သူ့စကားကိုပြန်ကောက်ကာ "စိမ်းစိမ်း သူတို့ညီအမတွေကို ခင်ပါတယ်၊ သိပ်ချစ်စရာကောင်းကြတာနော်..."

"ဟုတ်တယ်... မမစိမ်း၊ ဝတ်တာစားတာလဲ သိပ်လှတာဘဲ"

"စိမ်းစိမ်း သဘောကျတာကတော့ အဖေ အမေတွေက တခန်း၊ သမီးတွေက တခန်း၊ သိပ်အလို လိုက်တာနော်၊ သိပ်... ဘိုဆန်ကြတာ"

ဗညားမော်ကား ငြိမ်သက်စွာ လိုက်ပါလာသည်။ သူ့စိတ်ထဲ၌ စန္ဒယားခလုတ်များပေါ်သို့ ရောက်နေသည်။ အနက်ခလုတ်တွေက ဘာသံပါလိမ့်။ ထို့နောက် စိမ်းစိမ်းနှင့် ရင်ရင်မြတို့က ခင်ထားလှိုင်၏ အသက်ချင်း ညှိနေကြသည်။ အသက်သိပ် မကြီးသေးပါ။ ထွားလို့ပါ။ သည်တော့မှ ဗညားမော်က ဝင်ကာ

"ဆယ့်ငါးနှစ်ရှိပြီဗျ"

အားလုံး သူ့ကို အံ့သြနေကြသည်။ စိမ်းစိမ်းကပင် "မောင်လေးက ဘယ်လိုလုပ်သိတာလဲ" ဟု။ ဗညားမော်က တော်တော်နှင့်မပြော။ ဗလက သူ့ကို ပြုံးကြည့်နေ၏။ ဒီကောင် ဘယ်ခေလို့လဲဟူသော သဘော။ ရင်ရင်မြကပင် မနေနိုင်ဘဲ "ဗညားမော် ဘယ်လိုလုပ်သိသလဲ၊ ဘယ်တုန်းကများ ကပ်မေးလိုက်ပါလိမ့်နော်" စိမ်းစိမ်းက ခပ်ဆတ်ဆတ် "မောင်လေး ဘယ်တုန်းက သိလဲ..."

အမျိုးသမီးပေါက်ကလေးများက သူ့ကို မနာလိုကြ။ ဘယ်တုန်းကများ သူ့ကို ခင်ထားလှိုင်က ပြောတာပါလိမ့်။ ထမင်းစားတုန်းကတော့ အငယ်မ ခင်ထားခိုင်နှင့်သာ စကားကောင်းနေသည်ကို တွေ့ရသည်။ ကောင်မလေးက ပွင့်ပွင့်လင်းလင်း ကလေး။

"ဖယောင်းတိုင် ထွန်းထားတာ ဆယ့်ငါးတိုင်ဗျ၊ ရေမကြည့်ကြဘူးလား...."

အားလုံး ဝိုင်းရယ်မောကြသည်။

ဟုတ်သားဘဲ။ သူတို့ဘယ်သူမှ ဖယောင်းတိုင် ဘယ်နှစ်တိုင်ဆိုတာကို သတိမထားမိကြ။ ချောကလက်ရောင် ကိတ်မုန့်ကြီးပေါ်တွင် မလိုင်သကြားရောင်စုံဖြင့် ခြယ်ထားသော ခင်ထားလှိုင်မွေးနေ့ စကားလုံးကိုသာ အားလုံး ဖတ်နေကြသည်။ ပျော်ရွှင်ပါစေဟု စိတ်ထဲက ဆက်ဖတ်ကာ ရွက်ဆိုနေခဲ့ကြသည်။ ရင်ရင်မြက အနီရောင် ဖယောင်းတိုင်များကိုသာ သဘောကျနေခဲ့၏။ စိမ်းစိမ်းကမူ နန့်ဖလော်ရာအိမ်သို့ နာတာလူးပွဲသွားစဉ်က လက်ဝါးကပ်တိုင်ရှေ့၌ ဖယောင်းတိုင်အနီ ထွန်းညှိထားသည်ကို တွေ့ခဲ့ဘူးပေသည်။

ဗညားမော် အဖို့မှာ နန့်ဖလော်ရာတို့အိမ်မှ နာတာလူးပွဲတော် အီလီယံဂျက်အလံ၊ ဂျော့ဘုရင်မင်းမြတ်၏ သရုပ်ဆောင်းထားသော မျက်နှာထား၊ အင်္ဂလိပ်အရုပ်စာအုပ်ထဲမှ ထင်းရှူးပင်၊ ခင်ထားလှိုင်၊ ကျမရဲ့ လုပသော ပန်လေးဝယ်ဦးမှာလားရှင် သီချင်း၊ သမီးသို့ အဖေက ပေးသော မွေးနေ့လက်ဆောင်၊ ရိုးကုမ္ပဏီတိုက်၊ အင်္ဂလန်က မှာထားသော ပိုးဇာတို့သည် ဆက်စပ်နေကြသည်။ ခင်ထားခိုင်။ ခင်ထားမြိုင်တို့ ညီအမများကလည်း သူတို့ စုထားသော ငွေဖြင့် လက်ဆောင်ပေးကြသည်။ ခင်ထားခိုင်က ငွေပေါင်ဒါပူး၊ ခင်ထားမြိုင်က ဆွယ်တာတထည်။ သူတို့အမေက မြလက်စွပ်တကွင်း။ လက်ထပ်လျှင်လဲရန် အတွက် လက်ထပ်လက်စွပ်တဲ့။ သူနှင့်ကပ်လျက်

ထိုင်နေသော ခင်ထားမြိုင်က တိုးတိုး တိုးတိုးဖြင့် သူ့အားပြောပြနေသည်။ သူ့အသံက ခပ်တိုးတိုးသေးသေးမို့ အနားက ဘယ်သူမှ မကြား။

သူတို့သည် ကမ်းနားလမ်းဘက်မှ လမ်းလျှောက် ပြန်လာကြသည်။ ခင်ထားလှိုင်တို့၏ ပိတောက်မြိုင်လမ်းမှ မြစ်ဖက်သို့ ဆင်းသွားသော လမ်းကို ပထမချိုးလိုက်ကြသည်။ ကုက္ကိုပင်များ အုံ့မှိုင်းလျက်ရှိသောလမ်း။ လမ်းကောင်းကောင်း မပြင်သဖြင့် မညီမညာ။ ချိုင့်တွေကလည်း တလမ်းလုံးလိုလို။ မြို့အစွန်ဆုံးရပ်ကွက်။ မြို့နေဆင်းရဲသားများနေသော ရပ်ကွက်။ မြူနီစီပယ်က သည်လမ်းကို ဘယ်တော့မှ ကောင်းကောင်းမပြင်။ သစ်သားအိမ်က နည်းသည်။ သွပ်မိုးကိုသိပ်မတွေ့။ တွေ့သော ပျဉ်ကာအိမ်များမှာလည်း ယိုင်နေကြသည်က များသည်။ ပျက်စီးယိုယွင်းလာသမျှကို ပြန်၍မပြင်နိုင်ကြသောကြောင့် ဖြစ်မည်။ ဝါးထရံကာ၊ ဓနိမိုးကများသည်။

ကျောက်ခဲများကို နှစ်ကာလကြာ ရေတိုက်စားလိုက်သောကြောင့် ဟိုတကွက် ဒီတကွက်များ ကျောက်များ ပေါ်နေကြသည်။ ကျောက်ခင်းမရှိသော နေရာ၌ သဲများက နိမ့်နေကြသည်။ ချိုင့်ခွက်တွေက နေရာပြေးလွှား နေကြသည်။ နေရောင်သည် သစ်ပင်များ၊ ဓနိမိုးများ၊ သွပ်အဟောင်း နီကျင်ကျင်များ၊ ဝါးထရံများပေါ်၌ နားလျက်ရှိရာ ရွှေရောင်နှင့်ပတ္တမြားရောင် ရောစပ်ပြိုးပြက်လျက်ရှိသည်။ အရုပ်ဆိုးသော မြင်ကွင်း မရှိတော့။ ယိုယွင်းညှိုးနွမ်းခြင်း၊ မွဲခြောက်ခြင်း မရှိတော့။ အားလုံး ကြည်လင်တောက်ပနေပေသည်။

ကလေးတစ်ယောက်ကို ခါးထစ်ခွင်ချီထားသော ထမီရင်လျားနှင့် မိန်းမကြီးတယောက်က ရင်ရင်မြကို ကြည့်ကာ ပြုံးပြီး "ဘယ်ကပြန်လာကြလဲ၊ မရင်မြ ဈေးမထွက်ဖူးလား" ဟု နှုတ်ဆက်လိုက်သည်။ ရင်ရင်မြကလည်း မှတ်မိနေသည်။

"ကျောင်းပိတ်မှ ထွက်မယ် အဒေါ်၊ ကျမကျောင်းတက်နေတုန်းတော့ မထွက်သေးဘူး၊ သွားအုံးမယ်နော်"...

ရင်ရင်မြတို့ ဆန်ဆိုင်သို့ ဈေးလာဝယ်ဘူးသူထဲက။ အိမ်ဆိုင်ကလေးတဆိုင်တွင် ဆန်ရောင်းသူ။ သူမတို့၏ ဖောက်သည်။ ဈေးထဲမှ ဆန်ဆိုင်မှာ ရင်ရင်မြ၏ အဒေါ်တယောက်ထွက်သည်။ ကျောင်းပိတ်ရက်တွင် သူမကလည်း ကူရောင်းပေးတတ်သည်။

စိမ်းစိမ်းတို့အိမ်မှာ ဤလမ်းနှင့် သုံးလေးလမ်းသာ ခြားသည်။ ဤပတ်ဝန်းကျင်မှာ သူတို့နှင့် သိပ်ကွာလှမ်းသည် မဟုတ်။ စိမ်းစိမ်းမှာ ဦးသက်ထွန်းတို့ စပါးသိမ်း၊ တောဆင်းရာတွင် ပါသွားတတ်သည်။ သူတို့၏ မိဘဘက်က ဆွေမျိုးမှာ ယခုတိုင် ရွာတွင် လယ်ယာချောင်းမြောင်း၊ ဥယာဉ်ခြံမြေ လုပ်ကိုင်စားသောက်ရင်း နေထိုင်လျက်ပင် ရှိနေသည်။ နွေကျောင်းပိတ်ရက်တွင် ဗညားမော်မှာ ရွာများသို့ လည်ပတ်လေ့ရှိသည်။ သူတို့သည် မြစ်ပြင်ကမ်းနားကို မြင်လာရလေပြီ။ ကမ်းနားလမ်းကြီးမှာ မြစ်ရိုးတလျှောက် ပတ်ကာ သွားသောလမ်း။ ရေပြည့်ချိန်မို့ မြစ်မှာသမွန်၊ လှေများကို ကမ်းနှင့်ကပ်လျက် တညီတည်း မြင်နေရသည်။ အဝေးမှကြည့်လျှင် သမွန်ကြီး ကုန်းပေါ်ရောက်နေသလား အောက်မေ့ရသည်။ အနီးနား ကျေးရွာများမှ ထွက်ကုန်ပစ္စည်း ဤသမွန်များဖြင့် လာပို့ကြခြင်းဖြစ်သည်။

"မွေးနေ့သွားရင် လက်ဆောင်ယူသွားရတယ်နော်....၊ ဒို့က သိမှမသိဘဲ" ဟု စိမ်းစိမ်းက ပိတောက်မြိုင် အကြောင်း ဆက်လာရင်း ပြောလိုက်သည်။

"ဟုတ်တယ် မမစိမ်း၊ ကျမတို့က ခုမှ သိတာကိုး၊ ရိုင်းများရိုင်းနေမလား မသိဘူးနော်၊ ဘာလက်ဆောင်မှ မပါကြဘူး၊ သူတို့က ခရစ်ယာန်တွေများလားဟင်"

"ဘယ်က ဟုတ်ရမှာလဲ၊ ဘုရားစင်ရှိတယ်" ဟု ဗညားမော်က ဝင်ပြောလိုက်သည်။

"ဟော ..... မင်းက ဘယ်တုန်းက ဘုရားစင်နား ရောက်လို့လဲ" ဟု ဗလက။ "ဆင်ဝင်ရဲ့ ဘယ်ဘက်က ခေါင်းရင်းဘက်က အဆောင်လေးမှာ ဘုရားစင်ရှိတယ်၊ ဧည့်ခန်းက ကြည့်ရင်တော့ မမြင်ရဘူး၊ အိမ်ထဲဝင်တော့ တွေ့လိုက်တာဘဲ၊ တံခါးက မှန်ရောင်စုံကွက်တွေနဲ့"

"ဒီကောင်က လိုင်ထိပ်ထားတို့အိမ်ကို စိတ်ဝင်စားနေတာကိုး...."

အားလုံး ဝိုင်းရယ်လိုက်ကြသည်။ စိမ်းစိမ်းက လွတ်လွတ်လပ်လပ် အသံကျယ်ကျယ်ဖြင့် ရယ်မိသည်။ သို့သော် အားလုံးက စကားမပြောသော်လည်း၊ ဂရုပြုသော၊ မြင်တတ် မှတ်သားတတ်သော သူ့အား စ,ချင်ကြသည်။

"ခို့နားကပ်ပြီး တိုးတိုး တိုးတိုးနဲ့ ဘာတွေ မေးနေမှန်းမှ မသိဘဲ" ဟု ရင်ရင်မြက။

သို့သော် စိမ်းစိမ်းမှာ သူ့မောင်ကို အံ့သြနေမိသည်မှာ အမှန်။ တနည်းအားဖြင့် ဆိုရသော် သူ့မောင်ကို ပို၍ သိလာရသည်ကား သူလဲ ကြီးစပြုလာပြီလေ။ တနစ် နှစ်နှစ်အတွင်း သူ့မောင်မှာ စာအုပ်များ ဖတ်နေသည်။ ပန်းချီပင် အရင်တုန်းကလောက် မရေးတော့။ ၇ တန်းမို့ ကျောင်းစာကလည်းကြီးလာသည်။ အပြင်စာကလည်း တညနေလုံး ဖတ်နေသည်ကိုတွေ့ရသည်။ ခါတိုင်းကား တခုခုမရှင်းလျှင် သူ့အား လာမေးတတ်သည်။ ယခုမူ စာအုပ်ထဲမှာ အဖြေရှာလေသလား။ သူ့မောင်သည် လူနှင့်မဝင်ဆံ့။ ပန်းချီဆေးဗူးနှင့်သာ နပန်းလုံးနေခဲ့သည်။ လ, ကို သူက အစိမ်း၊ မိမိက အဖြူဖြင့် အငြင်းအခုံလုပ်ခဲ့ရသည်။ လ,ကို သူက အစိမ်း၊ မိမိက အဖြူဖြင့် ရပ်တည်ခဲ့သည်။ ပန်းချီပြီးပြန်တော့ စာအုပ်။ ဗလတို့အိမ်မှ ငှားလာလိုက်သည့် စာအုပ်တွေမှာပင် မနည်း။ ဦးခင်အောင် ဖတ်သော စာအုပ်များ လူကြီးဖတ်သော စာအုပ်။ သူတို့သည် ကမ်းနားလမ်းသို့ ချိုးလိုက်ကြသည်။

ငံမြစ်ကြီးသည် သူတို့ရှေ့၌ ဘွားကနဲပေါ်လာပေသည်။ ဖိတ်ဖိတ်လက်လျက်။ ကမ်းနားလမ်းတွင်ကား၊ ပွဲရုံများဖြင့် စီရရီ။ ကုန်စိမ်းပွဲရုံ၊ ဆီ၊ ပဲ၊ အာလူးစသော အညာကုန်ပွဲရုံ၊ ဆေး၊ ဖက်စသော ရှမ်းကုန်ပွဲရုံများ။ ပွဲရုံရှေ့ရှိ တံတားများ၌ သမ္ဗန်များ၊ အညာလှေတချို့ မြစ်တဖက်ကမ်းရှိ စေတီဖြူဖြူကို လှမ်းမြင်နေရသည်။ ရွှေမုဋ္ဌော စေတီလေးကား သေးသေး သို့သော် တပေါင်းလပြည့်ပွဲတော်ကား သိပ်စည်သည်။ ဘုရားနှင့်ပင် မလိုက်။ ပွဲတော်ဆိုလျှင် မြစ်တပြင်လုံး လှေ၊ သမ္ဗန်များဖြင့် ပြည့်ညပ်နေတော့၏။ အခြားအချိန်တွင်ကား သွားမည့်သူပင်မရှိ။ ဘုရားပုရဝုဏ်၏ နောက်ဖက်ရှိ လယ်ကွင်းကြီး။ ပွဲတော်ဆိုလျှင် လယ်စပ်နား၌ စင်ထိုးကာ ဇာတ်ကရ၏။ တွင်းဘက်က ရွာများမှာ လှည်းနှင့်လာကြသည်။ သည်ဘက်ကမ်းက ကြည့်လိုက်လျှင် မီးတွေ တထိန်ထိန် မြစ်ရေထဲတွင် မီးလျှံများ တောက်ပနေကြ၏။ ဇာတ်ပွဲကွင်းတွင် ရိုက်ပွဲမကြာခဏဖြစ်၏။

"ကျမတော့ သိပ်ကြောက်တာဘဲ၊ အဲဒီဘုရားပွဲ ဘယ်တော့မှ မသွားဘူး၊ ဒီဘက်ကမ်းကတောင် တဖြောင်းဖြောင်း အသံတွေကြားရတာ" ဟု ရင်ရင်မြက။

"စိမ်းစိမ်းတော့ ပွဲမကြည့်ပါဘူး၊ ရင်ပြင်တပတ်ပတ်ပြီး ပြန်တာဘဲ..."

ဗေဒါနံ့သင်းသော လေသည် မြစ်ပြင်မှ တိုက်ခတ်လာသည်။

"ဟေး... ဗညားမော်၊ ဗလတို့လဲ ပါတာကိုး..."

ကမ်းနားလမ်း အိမ်တအိမ်မှ ခင်ဇော်၏အသံ၊ ခင်ဇော်မှာ မန်းသာဒွေးနှင့်အတူ ၈ တန်းသို့ ရောက်နေသူ။ သူတို့အားလုံး အိမ်ထဲသို့ လှမ်းကြည့်လိုက်သည်။ ခင်ဇော်သည် အိမ်ထဲမှ ထွက်လာသည်။ သူသည် စိမ်းစိမ်းနှင့် ရင်ရင်မြကိုလည်း နှုတ်ဆက်သည်။

"အိမ်ထဲ ဝင်ကြပါအုံးလား..." ဟု သူက အားလုံးကို ဖိတ်ခေါ်လိုက်သည်။

ခင်ဇော်တို့အိမ်မှာ မြစ်ဖက်သို့ မျက်နှာလှည့်ထားသည်။ အိမ်မှာ တထပ်။ ပျဉ်ထောင်အိမ် ခပ်ကောင်းကောင်း။ မွန်အိမ် ခပ်မြင့်မြင့်။ ထပ်ခိုးပါသည်။ ကုလားထိုင်ပင် သိပ်မရှိ။ ရှိသည့် ကုလားထိုင်များမှာလည်း ခပ်ဟောင်းဟောင်း။ အရောင်အဆင်းပင် မရှိ။ အိမ်ရှေ့ကပြင်ရှိ ကွပ်ပျစ်ကလေး၌ ထိုင်ကြရသည်။ သို့သော် အိမ်သားများသည် ဖော်ရွေသည်။ ခင်ဇော်ကိုယ်တိုင် ပျာပျာသလဲ။ ခင်ဇော်မှာ စာတော်သူ။ အတန်းမှန်မှန်တက်သူ။ အိမ်စာများကို ကောင်းကောင်းလုပ်သူ။ ချက်ချင်း လက်ဖက်ရည်ကြမ်း ရောက်လာသည်။ လမ်းကလည်း လျှောက်လာသဖြင့် ရေငတ်နေသည်နှင့်အတော်။ ခင်ထားလှိုင်တို့အိမ်က အချိုတွေ အစားများလာသဖြင့် ရေငတ်နေသည်မို့ ရေနွေးလာချသည်နှင့် သောက်လိုက်ကြသည်။ စိမ်းစိမ်းနှင့် ရင်ရင်မြကတော့ ရေအေး တောင်းသောက်သည်။ ဧည့်သည်လာသဖြင့် ချက်ချင်း ဆပ်ပြာဖြင့် ဆေးကြောထားသော ဖန်ခွက်ဖြင့် ရေလာချသည်။ ကြည်လင်သော ဖန်ခွက်ရှိ ရေများမှာ အေးမြနေပေသည်။

"မမ.... ယူအုံးမလား..."

"တော်ပါပြီကွယ်၊ ရေငတ်နေတာ အတော်ဘဲ"

ဗညားမော်တို့ဝိုင်းတွင်ကား၊ လက်ဖက်၊ ကျက်သွန် နိုင်းချင်းနှင့် ပဲကြီးလှော်သုတ်တို့ ချက်ချင်း ရောက်လာသည်။ အမျိုးသမီးများက လက်ဖက်စားကြသည်။ ခင်ဇော်၏မိခင် ဒေါ်ဇာယု၊ ခင်ဇော်၏အစ်မ ဝင်းဝင်းတို့မှာ အမျိုးသမီးဝိုင်းတွင် ဝင်ထိုင်ကာ စကားပြောသည်။ ဖခင်ဖြစ်သူမှာ ဈေးတက်သွား၍ မရှိ။

အမှန်အားဖြင့် ခင်ဇော်မှာ ဗလနှင့်ပိုခင်သည်ဟု ဆိုနိုင်သည်။ အတန်းမတူသော်လည်း ကစားဘက်။ ခင်ဇော်မှာ ဗလကဲ့သို့ပင် ကစားတတ်သည်။ ဘောလုံးကန်ချိန်ဘောလုံး။ ဗညားမော်မျာ အိမ်တွင်သာ အနေများ၍ သူနှင့် ကစားကွင်းတွင် တွေ့တတ်သည်မဟုတ်။ အောင်ဒင်နှင့်လည်းရင်းနှီးသည်။ အောင်ဒင်မှာ ၆တန်းတွင် နေရစ်သော်လည်း ကစားကွင်းတွင် သူတို့ တွေ့ကြရသည်။

ဒေါ်ဇာယုက ဗညားမော်တို့ အိမ်လုပ်ငန်းခွင်တာ အကြောင်းမေးမြန်နေသည်။ စိမ်းစိမ်းက ပြောပြနေသည်။ စိမ်းစိမ်းက သူ့ထက် အိမ်မှုရေးရာ၊ လုပ်ငန်းရေးရာများကို ပို၍သိသည်။ ရင်ရင်မြကလည်း ထို့အတူ။ ဗလထက် သူ့အိမ်အကြောင်းကို ပိုပြောပြနိုင်သည်။

ခင်ဇော်တို့အိမ်မှ ပြန်လာကြသောအခါ သူတို့၏စိတ်သည် ပို၍ပင် ကြည်လင်နေကြသည်။ နေရောင်မှာ ပို၍ဖန်သားရောင်ဖြင့် ဝင်းနေ၏။ ရာမည်မြို့ရှိ သစ်ပင်၊ ပန်းပင်၊ အိမ်၊ ဈေးကွက်တို့မှာ သူတို့၏ပင်ကိုရောင်ဖြင့် ဝင်းပကြည်လင်နေကြ၏။ ဆောင်းကုန်စရက်ဖြစ်သဖြင့် ညနေစောင်းလာလျှင် မြူများ ရစ်ဝေလာတတ်ကြ၏။ သို့သော် ထိုညနေတွင်ကား၊ မြူများကို နေရောင်က ဖောက်ထွင်းကာ မြူမြေးမှုန်ကတခြား၊ မြို့၏ ပုံသဏ္ဍာန်များက တခြား ကွဲပြားကာ ကြည်လင်စွာပင် ရှိနေကြ၏။

ဈေးလမ်းမကွေ့ခင် လမ်းအချိုးတခုရှိ တရုတ်လက်ဖက်ရည်ဆိုင်ထဲတွင် အောင်ဒင်နှင့် အဖော်တသိုက်ကို လှမ်းတွေ့ရသည်။ အောင်ဒင်မှာ လမ်းသွားလမ်းလာများကို ထိုင်ကာကြည့်နေသည်။ အောင်ဒင်၏အဖော်များကား၊ တချို့သူနှင့်ရွယ်တူ၊ တချို့သူ့ထက်တနစ်၊ နှစ်နှစ်လောက်ကြီးကြသည်။ သူတို့ အမျိုးသားကျောင်းက မဟုတ်။ သူတို့အားလုံး စီးကရက် ကိုယ်စီဖွာလျက်။ ဖြတ်သန်းလာကြသော အပျိုကလေးများ၏ ဟန်ပန်ရုပ်သွင်ကို ထင်မြင်ချက်ပေးကြ၊ ဝေဖန်ကြလုပ်နေကြသည်။ ဘယ်သူက အသားညို မြင်းတပြေး၊ အသားဖြူ လက်တကမ်း၊ တင်ရင် အနေအထားများကိုလည်း အကဲဖြတ်လျက်ရှိကြသည်။ ခါးသေးရင်ချီ ပဒုမ္မနီ၊ အပိန်အဝ၊ အပိန်အရိုးစူး၊ အဝဖက်ခေါင်းအုံး။

ရင်ရင်မြတို့ ဖြတ်လာကြသောအခါ တယောက်က "လာပြီဟေ့၊ ပင်နီချောနဲ့ယောထမီ- ကုမ္မာရီအပျိုဖြန်းကွ" ဟူသောအသံ သဲ့သဲ့ကြားလိုက်ရသည်။ စိမ်းစိမ်းက ရင်ရင်မြအား လက်တို့ကာ " မြန်မြန်လာ" ဟု တိုးတိုးပြောလိုက်သည်။ ဗလက အောင်ဒင်အား လှမ်းနှုတ်ဆက်လိုက်သည်။ ရင်ရင်မြနှင့် စိမ်းစိမ်းမှာ ဘယ်သူ့ကိုမျှမကြည့်။ ရှေ့သို့သာစိုက်ကာကြည့်ရင်း လျှောက်လာသည်။ ဗညားမော်ကမူ သူ့အတွေးနှင့် သူမို့ ပတ်ဝန်းကျင်ကို သတိမထားမိ။ လက်ဖက်ရည်ဆိုင်ထဲမှ အောင်ဒင်ကိုလည်းမမြင်။ ဗလနှုတ်ဆက်လိုက်သံကိုသာ သိလိုက်သည်။ ဗလက အောင်ဒင်ကို နှုတ်ဆက်သောအခါ ရင်ရင်မြက သူ့အကိုအား မျက်စောင်းထိုးလိုက်သည်။ ထို့နောက် သူတို့သည် ဗလအိမ်ဘက်သို့ သွားသောလမ်းကို ကွေ့လိုက်သည်။

ဈေးလမ်းကို ဖြတ်လာကြသောအခါ လူပေါင်းစုံကို ထိတွေ့ကြရ၏။ မြန်မာ၊ ကုလား၊ တရုတ်၊ ကရင်။ ဦးထုပ်ဆောင်းသူ၊ မျက်နှသုတ်ပုဝါ ပတ်ထားသူ။ ခေါင်းပေါင်း ပေါင်းထားသူ။ ဆံပင် အရှည်အတို။ အဝတ်များပြောင်လက်သူ၊ မဲညစ်သူ။ အရောင်လွင်လွင်၊ အရောင်မှိုင်းမှိုင်း။ အားလုံးကွဲပြားကာ လှုပ်ရှားနေကြ၏။ သူတို့သည် မြင်ကွင်းအားလုံးကို ကြည်လင်စွာပင် မြင်နေကြရပေသည်။ စကားတပြောပြောနှင့် ဗလတို့အိမ်သို့ ရောက်လာသည်။

"ဗလ၊ ငါတို့ မမစိမ်းတို့ကို လိုက်ပို့ရအောင်ဟယ်..."

"ကောင်းသားဘဲ.."

"နေရစ်ခဲ့ကြပါ၊ တခါ စိမ်းစိမ်းက ရင်ရင်မြတို့ကို လိုက်ပို့ရနဲ့ ဆုံးတော့မှာ မဟုတ်ဖူး"

"ကျမတို့ကလဲ မမစိမ်းတို့ကို လိုက်ပို့ရအုံးမှာပေါ့"

သူတို့သည် ရယ်မောလိုက်ကြသည်။ သူတို့သည်ကြည်လင်ရွှင်ပြနေကြပေသည်။

နောက်ဆုံး၌လိုက်မပို့ဖြစ်တော့ဘဲ ဗလတို့အိမ်၌ ခဏဝင်ပြီးမှ ပြန်ဖြစ်ကြသည်။ သခင် ခင်အောင်က ဒို့ဗမာ သတင်းစဉ်ပါသော ဂျာနယ်များကို ရှာပေးလိုက်သည်။ ရင်အုပ်ကျယ်ကျယ်၊ လက်မောင်းကြွက်သားဖောင်းဖောင်းနှင့် တောင့်တင်းခိုင်မာသော မြန်မာယောက်ျားကြီး၊ မီးဒုတ်၊ ရေနံတူးစက် သံမောင်းကြီးများ၊ စေတီပုထိုး၊ လယ်ယာ၊ တောတောင်တို့ဖြင့် သင်္ကေတပြုထားသော ဒို့ဗမာ အမှတ်အသားကို မြင်လိုက်ကတည်းက ဗညားမော်မှာ ဖတ်ချင်စိတ် တက်ကြွလာမိသည်။ ယခင်က သူတွေ့ရသော အမှတ်အသား ဒေါင်းလံ ကိုင်ထားသော အမိမြန်မာပြည်၊ ထိုင်မသိမ်း အင်္ကျီထမီဖြင့် မင်းသမီး၏ရုပ်ပုံ။

ဗလနှင့် ရင်ရင်မြသည် သူတို့အား လမ်းထိပ်အထိ လိုက်ပို့ကြသေးသည်။

"ကဲ တော်ပြီ၊ ပြန်ကြတော့ကွယ်..."

မြစ်နှင့် အပြိုင်ပြေးနေသော ဖရေဇာလမ်းမှာ ကုက္ကိုပင်၊ ပိတောက်ပင်များဖြင့် အုပ်ဝေလျက်ရှိပေသည်။ နေရောင်သည် ပယင်းရောင်လဲ့ကြည်လာကာ အရိပ်ရှည်များကို ကျဆင်းစေသည်။ မြေကြီးပေါ်၌ နေရောင်က ရှပ်တိုက်ပြေးနေ၏။ လမ်းပေါ်ရှိခဲလုံး၊ အုတ်နီစ၊ ကတ္တရာစေးများ၊ လမ်းဘေးရှိ မြက်ပင်များကို အသေးစိတ် ကွဲပြားအောင်လင်းနေသည်။

"အမတို့ ရေသောက်တဲ့ ဖန်ခွက်ရှိတယ်မဟုတ်လား..."

ဗလတို့အိမ်မှ ထွက်လာကတည်းက စကားမပြောသော ဗညားမော်က ရုတ်တရက်ကောက်ကာ မေးလိုက်သည်။ စိမ်းစိမ်းမှာ သူ့စိတ်နှင့်အတူ လမ်းလျှောက်နေရာမှ တန့်သွားသည်။ သူပြောလိုက်သည်မှာ မကြားသလို။

"အမတို့ရေသောက်တဲ့ ဖန်ခွက်လေ..."

"ဘာပြောတာလဲ..."

"ခင်ဖော်တို့ အိမ်တုန်းက အမတို့ ရေသောက်တဲ့ဖန်ခွက်က..."

"အဲဒါဘာဖြစ်သလဲ၊ မောင်လေးပြောတာ အမဖြင့် နားမလည်ပေါင် အခုတလော မောင်လေး ပြောပြောနေတာ အမဖြင့် မနဲနားထောင်နေရတယ်၊ စာအုပ်ထဲကဟာတွေ ပြောနေတာလား..."

"စိမ်းစိမ်းကလဲ ဆုံးအောင်နားထောင်စမ်းပါအုံး၊ အဲဒီခင်ဖော်တို့အိမ်မှာ အမတို့ ရေသောက်တုန်းက ခင်ဖော့်နမလေး ဖန်ခွက်ကို ဆပ်ပြာနဲ့ဆေးထားတော့ ကြည်လင်နေတာလေ..."

"အဲဒါဘာဖြစ်သလဲ၊ ရှင်းရှင်းပြောစမ်းပါ"

"ကျွန်တော့စိတ်ထဲ ကြည်လင်ရှင်းသွားတယ်၊ ခင်ထားလှိုင်တို့အိမ်က ပြန်လာကတဲက"

"ဒါကတော့ မောင်လေးက လှိုင်နဲ့တွေ့နေရတာကို..."

"အမကလဲဗျာ... မဟုတ်တာတွေ တွေးနေတယ်..."

"အမ မသိဘူးများ အောက်မေ့နေသလား၊ သူ့ကို စေတနာတွေပိုနေတာ၊ ရင်ရင်မြကတောင် အမကိုပြောသေးတယ်၊ သူ့ချည်း မုံ့တွေထည့်ပေးနေတာ၊ မမြင်ဘူးအောက်မေ့လို့လား၊ ကိုကိုးဖျော်ပေးတာလည်း နို့တွေ- မလိုင်တွေ၊ ဟာ.. ဟ..."

"အမကလဲ ကျွန်တော်ပြောတာ နားမထောင်ဘူး"

"ကဲ... ပြောစမ်းပါအုံး၊ အမတော့..."

"ဒီမှာ စိမ်းစိမ်း၊ ကျွန်တော်ပြောမှာက ဒါမဟုတ်ဘူး စန္ဒယားအကြောင်း ပြောမလို့ပါ..."

"စန္ဒယားအကြောင်း၊ ခင်ထားလှိုင်တီးတာလား"

"မဟုတ်ပါဘူး၊ စန္ဒယားကို ကျွန်တော်တီးကြည့်တာ ရတယ်ဗျ၊ ခလုတ်တွေက အစဉ်လိုက်၊ အဲဒီတော့ ကျွန်တော် စန္ဒယားလိုချင်တယ်ဗျာ၊ ဖေဖေ့ကို ပြောပေးစမ်းပါ၊ ဘယ်မှာဝယ်ရသလဲ၊ စန္ဒယား ကျွန်တော်တီးရင်ဖြစ်မယ်"

ဗညားမော်သည် သူ၏ သူ့ကိုယ်သူ တွေ့ရှိချက်ကို စိမ်းစိမ်းအား တတ်နိုင်သလောက် ပြောပြသည်။ ခလုတ်နှင့် အသံစဉ်တို့ကို သူတွေ့ရှိသွားသည်။ သူ့ကိုယ်သူလည်း ယုံကြည်သွားသည်။

ပန်းချီရေးစက ခဲတံဖြင့် ကောက်ကြောင်းမျဉ်းများဖြင့် သူမြင်သော ပုံဝတ္ထုများကို ဖော်သည်။ တူလာသောအခါ သူ့ကိုယ်သူ ယုံကြည်ကာ ဆက်၍ရေးရာ ပုံကားချပ်များ ဖြစ်လာခဲ့သည်မဟုတ်ပေ။ ထို့နောက် ဆေးစပ်သည်။ ဆေးရောင်မှာ မူလက သိပ်များသည်မဟုတ်။ စပ်ရင်း စပ်ရင်း လိုသမျှအရောင် ရရှိသွားသည်။ ဆေးရေးစနစ်ကို သူတွေ့ရှိသွားခဲ့သည်။ ယခုလည်း အသံစဉ်စနစ်ကို သူတွေ့ရှိပေပြီ။

အိမ်ရောက်သည်အထိ တလမ်းလုံး သူသည် စိမ်းစိမ်းအား သူ့တွေ့ရှိချက်ကို ပြောပြလာသည်။ တကယ်ကတော့ စိမ်းစိမ်းကလည်း သူ့ကို ယုံကြည်လာသည်မှာအမှန်။ စိမ်းစိမ်းမှာလည်း ခင်ထားလှိုင်တို့အိမ်မှ ပြန်လာတကည်းက တွေ့ရှိချက်များ ရလာခဲ့သည်။ ကြည်လင်ခဲ့သည်။ စိမ်းစိမ်းသည် ရင်ရင်မြအား သူမ၏ ခံစားချက်ကို ပြောပြလာသည်။ ပိတောက်မြိုင်ခြံမှ ထွက်ကာ ကမ်းနားဘက်ကို ချိုးသောအခါ ရင်ရင်မြအား ဆိုင်မထွက်ဘူးလားဟု နှုတ်ဆက်လိုက်သော ထမီရင်လျားနှင့် ကိုယ်တုံးလုံးကလေးကို ခါးထစ်ခွင်ချီလာသော အဒေါ်ကြီး၏ ရပ်ကွက်ကိုဖြတ်သန်းပြီးနောက်၊ ခင်ဖော်တို့အိမ်ရောက်လာရင်း၊ သူတို့အသိနှင့် တွေ့ရှိလာကြသည်။ မတူခြားနားခြင်းများကို ခံစားလာမိကြသည်။ ကြည်လင်လာကြသည်။

အိမ်ဝင်လိုက်သောအခါ အိမ်ပေါက်ဝမှ စိမ်းစိမ်း၏အဒေါ်က "ဟဲ့ - တနေ့လုံးပါလား အိမ်လည်သွားနေတာ၊ နင့်အမေလဲ ရောက်နေတယ်..." အမှန်က အပျိုကလေးဖြစ်လာပြီဖြစ်သော စိမ်းစိမ်းအား အပြင်သွားလာတာကိုပင် တယ်မကြိုက်လှ။ သွားလျှင်လည်း အဖော်ပါမှ လွှတ်သည်။ ဗညားမော်ပါလျှင် လွှတ်သည်။ ဟုတ်တော့လည်း ဟုတ်သည်။ တခါမျှ သည်လောက်ကြာအောင် အပြင်မထွက်ဖြစ်။ နေ့လည်ကတည်းက ထွက်လာကြသည်မှာ ညနေစောင်းနေပြီ။ စိမ်းစိမ်း၏အမေ ဒေါ်မြသင်မှာ မအူပင် အောက်ဖက်ရှိ ရွာတွင် သွားနေသည်မှာ တော်တော်ကြာပြီ။

"ဟယ်.. သမီးက ကြီးလာလိုက်တာ..."

အမှန်က ဝတ်ကောင်းစားလှဝတ်ဆင်ထား၍ လူကြီးဟန်ဖြစ်နေခြင်းဖြစ်သည်။ ခါတိုင်း ဆံတောက်လေးနှင့်၊ လည်ဂုတ်ပေါ်တွင် ဆံပင်တွန့်များ ဝဲကာ၊ ယခုကား အုပ်လုံးသွင်းကာ ညှပ်ဖိထားသည်။ တကယ့်အပျိုကြီးဟန် ပေါက်နေလေသလား။

ဗညားမော်၏ဖခင် ဦးသက်ထွန်းက ပြုံးကြည့်နေသည်။

ထိုည၌ ဗညားမော်မှာ သူတွေ့ရှိချက်ကို အတည်ပြုလျက်ရှိသည်။ စုတ်တံဖြင့် ဆေးရောင်များစပ်သလို စန္ဒယားခလုတ်များကို အသံများရာကြည့်ချင်နေသည်။ ဒို့ဗမာသတင်းစဉ်ဖတ်ပြီး စက်ရုံများ စိတ်ကူးကြည့်နေသည်။ အောင်ချမ်းသာဆန်စက်၊ အင်္ဂလိပ်ဘီစကွက်၊ စည်သွတ် ချယ်ရီသီး၊ စက်ရုံ၊ မီးဒုတ်ကိုင်ထားသော တောင့်တင်း

သန်မာသော မြန်မာယောက်ျားကြီးတို့၏ ပုံများသည် မိုတ်ထားသော မျက်စိအာရုံထဲ၌ ရှန်းရင်းဆန်ခတ်ဖြစ်ကာ ပေါ်နေကြသည်။

သူသည်အိပ်မရသဖြင့် ဆင်ဝင်ပြတင်းပေါက်မှ လ,ရောင်ထွက်ကြည့်လိုက်သည်။ လ,ရောင်သည်ပင် ပန်းနုရောင်နှင့် ဖြူလွှ တွဲစပ်ထားပါကလား။ ဖြူလွှသော တိမ်တိုက်အဖြူများသည် ပန်းရောင် ငွေလ,ဝန်းအား ပွေ့ဖက်လျက်ရှိနေသည်။ သူသည် ပြတင်းပေါက်တံခါးကို ပိတ်လိုက်သည်။ ဖန်ပုတီးစေ့များနှင့် တိုက်မိသဖြင့် တချွင်ချွင် အသံထွက်လာသည်။

## အခန်း (၁၉)

ကြည်လင်ရှင်ပျနေသော ဗညားမော်သည် အောက်သို့ အမျှင်တမျှင်တွဲလောင်းကျနေသော၊ သူ၏ခေါင်းနှင့် လာထိတိုက် နေသော ညောင်လန်းမုတ်ဆိတ်ပင်များကို လှမ်းဆွဲနေသည်။ သမ္ဗန် ပေါင်းမိုးအတွင်းမှ စိမ်းစိမ်းက "ဟဲ့.... မောင်လေး ရေထဲကျမယ်" ဟု အော်လိုက်သည်။ သူမ၏ဘေးမှ မိခင်ဒေါ်မြသင်က ပြုံးကြည့်နေ၏။ ဗညားမော်ကမူ ရာမည သမ္ဗန်ဆိပ်မှ ရောက်ကတည်းက အပြင်မှထိုင်ကာ လိုက်ပါလာသည်။ သူတို့စီးသော သမ္ဗန်မှာ ရာမည မြို့နှင့် သူတို့ရွာ ကျုံဒိုးသွားလာနေသော ကူးတို့ သမ္ဗန်ခပ်သမား ခေါ်တော ကုလား ဒါကူး၏ သမ္ဗန်ဖြစ်သည်။ ဒါကူးမှာ ဦးသက်ထွန်းတို့အိမ်၏ လက်စွဲဖြစ်သည်။ ဦးသက်ထွန်းတို့အိမ်သားများ ကျုံဒိုးသို့ သွားတိုင်း သူပင် ခတ်ပို့ရသည်။ အိမ်သားအားလုံးနှင့်လည်း ခင်မင်ရင်းနှီးနေသော ခေါ်တောကုလား ဖြစ်သည်။ အရှေ့ဘင်္ဂလားနယ်၊ စစ်တကောင်းသားဖြစ်၍ မြန်မာပြည်သို့ ငယ်ငယ်ကတည်းက ခြေချလာရောက်နေသူ။ မြန်မာစကားကိုလည်း ကောင်းကောင်းပြောတတ်သူ။ သူတို့သည် ကမ်းနားရှိ လှေဆိပ်တွင်ပင်နေကြသည်။ သမ္ဗန်ပေါ်စားကာ ရေပေါ်၌နေသူများဖြစ်ကြသည်။ ယင်းဘင်္ဂါလီဒေသနှင့် ပတ်သက်၍ မာကိုပိုလိုက သူရောက်ခဲ့သော ၁၃ရာစုကမြန်မာနှင့် ဘင်္ဂလားဒေသအကြောင်း ရေးရာတွင် "မြန်မာနှင့် ဘင်္ဂလားဘုရင်" ဟု ဖော်ပြခဲ့ပေသည်။

တချို့ခေါ်တောကုလားများမှာ မြန်မာမိန်းမများနှင့် အိမ်ထောင်ကျလျက်ရှိကြသည်။ အထူးသဖြင့် ဆင်းရဲသော တောရွာသူများနှင့် အိမ်ထောင်ကျတတ်သည်။

မြန်မာအမျိုးသမီးများကမူ 'ကုလားမယား' ဟူ၍ မေးငေါ့တတ်ကြပေသည်။ သို့သော် သူတို့မေးငေါ့သော၊ လူရာမသွင်းသော ကုလားမယားများကား၊ ရွှေလက်ကောက်အပြည့်နှင့်၊ ရွှေဆွဲကြိုးတလက်လက်နှင့်။ သူတို့က လူရာမသွင်းသဖြင့် အမျိုးသမီးကလေးများမှာ ကုလားအပေါင်းအသင်းများနှင့်သာ နေကြရသည်။ တချို့သော သမ္ဗန်ကုလားများ စစ်တကောင်းပြန်သောအခါ သူတို့ပါ လိုက်ပါသွားကြသည်။

ခေါ်တောကုလားများ ခတ်သော သမ္ဗန်မှာ ဦးအကောင်းပဲ့က ကျွဲချိုကဲ့သို့ အကော့နှစ်ခုယှဉ်ကာ ဦးတိုက်လျက်။ ရေပေါ်၌ ရုပ်တိုက်ပြေး၍ရသော ခပ်ပေါ့ပေါ့ဖြစ်သည်။ မြန်မာသမ္ဗန်မှာ သူတို့လောက် ပဲ့လည်း မကောက်၊ ဦးလည်းမကောက်။ အားလုံး ကုလားသမ္ဗန်များမှာ ပုံဆင်တူ။ ပဲ့တောင် ဦးတောင်များ၌ မှန်စများ စီတပ်ထားကြသည်။ ယခု ဒါကူး၏သမ္ဗန်မှာ ဆေးအမြဲတမ်း သုတ်ထားသဖြင့် အထူး ပျံကြွနေသည်။ အနီရောင်၊ အစိမ်းရောင်ကလေးများသည် ရေပြင်၌ ထင်ဟပ်ကာ တောက်ပလျက်ရှိသည်။ ပေါင်းမိုးများပင် ဆေးသုတ်ထား သဖြင့် လှပနေ၏။ သမ္ဗန်၏ ပဲ့ဘက်၌ ကမာကူအိုးများ မီးဖိုရှိသည်။ သွားရင်းလာရင်း မီးဖိုကာ ထမင်းချက်လေ့ ရှိသည်။

သူတို့သည် မိုးလင်းကတည်းက ရာမညမှ ထွက်လာခဲ့ကြခြင်းဖြစ်ပေသည်။ စိမ်းစိမ်းသည် ညကတည်းက ငါးသလောက်ဥများ ကြော်ထားသည်။ မနက်အစောကြီး ထ၍ ကောက်ညှင်းပေါင်း ပေါင်းသည်။ ဗညားမော်မှာ အစောကြီးနိုးနေ၍ အောက်သို့ဆင်းကာ မျက်နှာသစ်သောအခါ မီးဖိုချောင်ဘက်မှ ကောက်ညှင်းနံ့ မွှေးထွက်နေသည်။

"မွှေးတယ်ဗျ၊ ကောင်းကောင်း ကျိတ်ရအုံးမယ်" ဟု ဗညားမော်က မျက်နှာသုတ်ရင်း စိမ်းစိမ်းအား လှမ်းပြောလိုက်သည်။

"အခုမကျိတ်နဲ့အုံး၊ သမ္ဘန်ပေါ်ကျမှ ကျိတ်ရှင့်၊ ဒို့စောစောထွက်ရအောင်၊ နေမပူခင်မှ ကောင်းတာ..."

စိမ်းစိမ်းမှာ သူ၏အကြိုက်ကို ကောင်းကောင်းသိနေသည်။ ဗညားမော်မှာ ငါးသလောက်ကြော်၊ ငါးသလောက်ဥ အလွန်ကြိုက်။ နံနက်စောစော၊ ကောက်ညှင်းပေါင်းနှင့် သိပ်ကြိုက်။

သူတို့ဖခင် ဦးသက်ထွန်းပင် နိုးနေပေပြီ။ ဒေါ်မြသင်ထံမှ သနပ်ခါးနံ့ပင် မွှေးနေသည်။ ဝေလီဝေလင်းကတည်းက ပြင်ဆင်နေကြသော်လည်း၊ မိုးလင်းမှ သမ္ဘန်သည် ဆိပ်ကမ်းမှ ခွာဖြစ်တော့သည်။ ဦးသက်ထွန်းက သမ္ဘန်ဆိပ်သို့ လိုက်ပို့ပေးသည်။ ရှေ့က စိမ်းစိမ်းနှင့် ဗညားမော်က စကားတပြောပြော။ သူတို့နောက်မှ ဦးသက်ထွန်းနှင့် ဒေါ်မြသင်ကလည်း လယ်အကြောင်း၊ ဥယျာဉ်ခြံမြေများအကြောင်း စကားပြောလာကြသည်။

ဦးသက်ထွန်းက ဒေါ်မြသင်အား မှာကြားနေသည်။ အမှန်အားဖြင့် ဒေါ်မြသင်မှာ သေဆုံးသွားသော သူ၏ဇနီးဘက်မှတော်သော ဆွေမျိုးဖြစ်သည်။ ဗညားမော်၏အမေမှာ ဒေါ်မြသင်နှင့် ဝမ်းကွဲညီအမ တော်ကြသည်။ ဒေါ်မြသင်က သုံးလေးနှစ်လောက်ငယ်။ ဒေါ်မြသင်မှာ လင်သည် ဆုံးကတည်းက လင်၏ဆွေမျိုးများရှိရာ မအူပင်ဘက်သို့ သွားနေသည်မှာ ယခုတခေါက် ပြန်လာရာ၌ ဗညားမော်တို့ အိမ်တွင်နေသည်မှ တလပင် ကျော်သွားပေပြီ။ နွေကျောင်းပိတ်ရက်၌ ရွာသို့ ကလေးများ သွားလည်သည့်အခါ သူမလည်း ပါလာခြင်းဖြစ်သည်။

"စိတ်ချ ကိုသက်ထွန်း၊ ခလေးတွေကို ကြည့်လိုက်ပါ့မယ်၊ သူ့အမလဲ ပါသားဘဲ၊ သူပျော်သလောက်နေပါစေ..."

သမ္ဘန်ကမ်းမှ ခွာသောအခါ တွန်းပေးရင်း "ဗညားမော် သမ္ဘန်ဦးမှာ မနေနဲ့နော်၊ အထဲဝင်နေ"

"အထဲက အိုက်တယ် ဖေဖေရ..."

စိမ်းစိမ်းက ဗညားမော်၏ လက်ကိုလှမ်းဆွဲကာ အထဲသို့ ပို့နေသည်။ သို့နှင့် သမ္ဘန်လည်း ကမ်းမှ ခွာလာတော့သည်။

"စိတ်ချ အကို.... ကျွန်တော် ကောင်းကောင်း ခတ်ပို့ပေးမယ်" ဟု ဒါကူးက ဦးသက်ထွန်းအား ပြောရင်း၊ ခတ်တက်ကို ကျလိကျလိမြည်အောင်ပြု၍ ခတ်ကာ ကွေ့လိုက်သည်။

ဖက်ရွက်ကော့ကလေးကဲ့သို့ ဒါကူး၏ သမ္ဘန်ကလေးသည် သံတပွတ်ချောင်းထဲသို့ ရောက်လာလေတော့သည်။ တဖက်တွင် ကျယ်ပြန့်သော၊ စိမ်းသော၊ ပုလဲရောင်တောက်သော ငဝံမြစ်ကြီး။

"အဖေက စိတ်မချလို့ အထဲဝင်ခိုင်းတာ ဝင်လိုက်တာမဟုတ်ဖူး..."

စိမ်းစိမ်းက မြစ်လယ်ရောက်လျှင် သူ့အားပြောလိုက်သည်။

"အထဲက အိုက်လဲ အိုက်တယ်၊ ရှုမျှော်ခင်းလဲ မကြည့်ရဘူး"

"အဖေကွယ်တော့ ပြန်တက်ပြီးထိုင် ရသားဘဲ၊ စိမ်းစိမ်းစကားလည်း နားမထောင်ဘူး..."

စိမ်းစိမ်း၏မိခင်ကမူ ဘာမျှ ဝင်မပြော။ ပြောင်းဖူးဖက် ဆေးလိပ်ကိုသာ ဖွာကာ သူတို့အား ကြည့်ကာ ငေးနေ၏။ စိမ်းစိမ်း၏ မိခင်မှာ တကယ်တော့ အသက် ၄၀ ပင် မကျော်သေး။ နာခေါင်းသွယ်ပုံမှာ စိမ်းစိမ်းနှင့် တထေရာတည်း အသားစို၍ နပျိုနေသေးသည်။ နံ့သာရောင် ကွက်စိပ် ပင်နီရင်ဖုံး၊ သရက်ထည အဆင်လှလှ အနီကျကျနှင့် ချောမော၍ပင်နေ၏။

"ဟာ.. စိမ်းစိမ်းကလဲ၊ အဖေကွယ်ရာကျတော့ တမျိုးလုပ်သလိုဖြစ်မနေဘူးလား၊ ကျွန်တော်ကတော့ အဲသလို မလုပ်ချင်ပါဘူး.."

"ဟဲ့.. အကောင်းပြောတာ၊ အဖေက ရေထဲကျသွားမှာ စိုးရိမ်လို့ အထဲဝင်ခိုင်းတာ၊ လူကြီးစိတ်ချအောင် နေပြရတယ်၊ သိပ်ခက်တာဘဲ.."

စိမ်းစိမ်းက သူ့အယူအဆကို ရှင်းအောင်ပြောပြလိုက်သည်။ ဗညားမော်ကမူ ဘာမျှ ပြန်မပြောတော့။ ပြုံး၍သာ သူ့အမကို ကြည့်နေလိုက်သည်။ ပြောစရာမလိုတော့။ သူ့ခံစားချက်ကို ပြောပြပြီးပြီ။ ဘာများ နောက်ထပ် ရှင်းလင်းစရာ လိုသေးသလဲ။ သူ့အယူအဆမှန်သည်။ အမှန်လုပ်သူသည် အမှန်လုပ်ခြင်းထက် နောက်ထပ်လုပ်စရာ မရှိတော့ပြီ။

"လူကြီးဆိုတာ စိုးရိမ်တာပေါ့ကွယ်၊ လူကြီး အလိုလိုက်တော့ လူကြီးက စိတ်ချမ်းသာတာပေါ့..."

ဒေါ်မြသင်က မောင်နမကြား ပြဿနာကို ဖခင် ဦးသက်ထွန်းဘက်မှ ရပ်ကာ ဖြန်ဖြေပေးသော စကားကို ဆိုလိုက်သည်။ သူမ၏ ဝမ်းထဲတွင်ကား ကျိတ်၍ ဗညားမော်၏ ကွယ်ရာတမျိုးမလုပ်ချင်သော စိတ်ဓာတ်ကို နစ်သက်နေမိသည်။ ဘာမျှတော့ မပြောတော့။ ဒီကောင်လေး တော်သားဘဲ။

သံတပွတ်ချောင်းကား ကြည်လင်နေသည်။ ငဝံမြစ်နှင့်ပင်မတူ။ သံမြစ်မှ ပင်လယ်ဘက်သို့ စီးဆင်းသော မြစ်။ ပင်လယ်ဒီရေ တိုးသည့်အခါ ဆားငန်ရေပင် ပါလာတတ်သည်။ ရေစီးသန်သဖြင့် ရွှံ့နွံများများပါလာတတ်သည်။ မိုးတွင်းတွင်ကား မပြောနှင့်တော့။ ရွှံ့ရောင်ပေါက်ကာ ဝါနေ၏။ ညစ်နေ၏။ သံတပွတ်ချောင်းကား အထက်ဖက်သို့ နည်းနည်းတက်သည်။ ရေသည် စိမ်းနေသည်။ ခါတိုင်း နွေရာသီကျောင်းပိတ်ရက်တွင် ဗညားမော်သည် တောရွာများသို့ သွားလည်တတ်သည်။ တနွေ ဖခင်ဘက်မှ ရွာသွားလျှင် နောက်တနွေ မိခင်ဘက်မှရွာသို့ သွားသည်။ ဖခင်ဘက်မှ ရွာအမည်မှာ သပြေရိပ်ဝန်းရွာ။ မြန်မာနာမည်ဖြစ်၍ ရွာသစ်ဖြစ်ဟန်ရှိသည်။ မွန်အမည် မဟုတ်၍ မူလ မွန်ရွာသာ မှတ်ပေတော့ဟု အဖိုးက ပြောဘူးသည်။ ယခုနွေကား စိမ်းစိမ်းအမေကလည်း ခေါ်သဖြင့် မိခင်ဘက်မှရွာ ကျုံဒိုးသို့ သွားဖြစ်တော့သည်။ တကယ်က မိခင်ဘက်ကရွာနှင့် ဖခင်ဘက်မှရွာမှာ ဝေးလှသည် မဟုတ်။ ရေလမ်းက သွားလျှင်ကား တဖက်စီ။ ငဝံမြစ်ဘက်နှင့် သံတပွတ်ချောင်းဘက် အဝေးကြီးပတ်သွားမှ ရောက်သည်။ သို့သော် လယ်ကွင်းထဲ၊ အင်းထဲမှ ဖြတ်သွားလျှင်ကား သိပ်မဝေး။

နွေဘက် စပါးရိပ်သိမ်းပြီးကာလတွင်ကား၊ ကုန်းလမ်း လယ်ကန်သင်းရိုးများမှ ဖြတ်သွားလျှင် တမနက်နှင့် ရောက်သွားနိုင်သည်။ ချောင်းဖြတ်ကူးရုံ။ တခါက ဖခင်ဘက်မှရွာသို့ သွားလည်ရင်း မိခင်ဘက်မှရွာသို့ သွားချင်စိတ် ရုတ်တရက်ပေါက်လာသဖြင့် ဆွေမျိုးများက တားသည်ကို မရဘဲ အတင်းသွားဘူးရာ၊ ရိုးပြတ်များဖြစ်သဖြင့် ခြေးထွက်ကာ ခြေနာဘူးသည်။ လိုက်ပို့ပေးသော ဆွေမျိုးများက ဖွဲတော့ ကောင်းသားဘဲဟု မကျေမနပ်နှင့် ပြောစမှတ်ပြု ကျန်ရစ်၏။ သို့သော် သူက ပျော်နေ၏။ ဖြတ်လမ်းဖြစ်သဖြင့် လမ်းကတော့မကောင်း။ သို့သော် တမနက်နှင့် မိမိရောက်ချင်သောနေရာသို့ ဆိုက်ဆိုက် မြိုက်မြိုက် ရောက်ရသဖြင့် သူကကျေနပ်နေသည်။ စိမ်းစိမ်းအား ပြောပြသောအခါ ပထမတော့ သူမက သူ့အားအပြစ်တင်၏။

"ကျွန်တော် သိပ်သွားချင်နေတာ အမရ၊ ဦးလေးတွေကလဲလိုက်မပို့ပေးချင်ကြဘူး၊ ဒါပေမယ့် ကျွန်တော့်စိတ်က နေလို့ကို မရဘူး၊ ကိုယ်သွားချင်တာ သွားလိုက်ရမှ၊ ဒါနဲ့သူတို့က လိုက်ပို့ပေးရတာ" နောက်တော့ စိမ်းစိမ်းက သူ့ကိုနားလည်သွားသည်။ ဘာဂျာစ,မှတ်တုန်းက တညနေလုံးမှုတ်သည်။ ထမင်းပင်မစား။ မှုတ်ရင်း မှုတ်ရင်း သီချင်းအလိုက် ရုပ်လုံးပေါ်လာခဲ့သည်။ သီချင်းအစရတော့ ထမင်းထစားသည်။ ပထမတော့ သူ့မောင်ကို မကျေနပ်။ နောက်တော့ အားထုတ်မှုကို သဘောပေါက်သွားခဲ့သည်။ ယခုလည်း ခင်ထားလှိုင်တို့အိမ်မှ ပြန်လာကတည်းက စန္ဒယားရူးနေပြန်ပြီ။ စန္ဒယားခလုတ်အကြောင်းချည်း ပြောနေ၏။ စန္ဒယားကြိုက်တာလား၊ ခင်ထားလှိုင်ကြိုက်တာလားဟု စိမ်းစိမ်းက စ၏။ ဗညားမော်ကမူ "ဟာ.. အမကလဲ" ဟုသာ ပြောပြီး ဘာမျှပြန်မပြော။ ဝါးပတ္တလားတွေ့လျှင် ခေါက်ကြည့်၏။ သို့သော် သူက သိပ်သဘောကျပုံမရ။ "အသံစဉ်သာတူတာ တီးလို့ သိပ်အရသာမတွေ့ဘူး" ဟု သူ့အမအား ပြောပြနေ၏။ "နေအုံး၊ ဦးလေးကို စန္ဒယားဝယ်ပေးဘို့ ပြောအုံးမယ်" ဟု စိမ်းစိမ်းက ပြောလိုက်သည်။

သံတပွတ်ချောင်းထဲဝင်ကတည်းက သူငယ်ငယ်ကတည်းက မြင်နေကျရှုခင်းများကို မြင်လာရလေပြီ။ သမ္ဗန်သည် ကမ်းနားကပ်၍ ခတ်လာသည်။ စိမ်းသောရေပြင်၊ ကမ်းစပ်တွင်သာ စိမ်းနေသော်လည်း၊ မြစ်လယ်တွင်ကား၊ ငွေရောင်၊ ရွှေရောင် တဖိတ်ဖိတ်တောက်နေ၏။ ရေစီးကြောင်းသည်ပင် မတူတော့။ မြစ်လယ်၌ ငါးအကြေးခွံ ငွေရောင်ကွကာ တဖျတ်ဖျတ်ဝင်းပလျက် စီးဆင်းနေ၏။ အဝေးမှလှမ်းကြည့်လျှင် ရေးစီးနှင့်ပင်မတူ။ ငြိမ်သက်နေသော အဖတ်အဖတ်ဖြင့် ပြုတ်ထနေသော။ ကမ်းစပ်တွင်ကား ရေစီးသန်ပြီး လှိုင်းမရှိ။ ငါးသဘော်များ၊ ခုတ်မောင်းသွားမှ ကမ်းစပ်သို့ လှိုင်းလုံးများ ရိုက်ခတ်ပြေးဆင်း လာကြသည်။

ဗညားမော်မှာ သမ္ဗန်ဦးတွင်ထိုင်ကာ ကမ်းခြေကို ငေးကြည့်လာ၏။ ငယ်ငယ် နွေရာသီ ကျောင်းပိတ်ရက်တိုင်း ရာမညမှ ကျုံဒိုးသို့လာလျှင် တွေ့ရမြဲ။ ဖြတ်သန်းရမြဲ ရေစပ်များ။ စိမ်းသောရေပြင်၌ ကုန်းပေါ်မှ သစ်ပင်၊ အိမ်ရာများ အရိပ်ထင်နေကြမြဲ။

စိမ်းသော ရေပြင်နှင့် ထိစပ်လျက်ကား၊ သံရောင်ထနေသော ရွှံ့နွံများ၊ ရွှံ့နွံကမ်းစပ်များတွင် ဓနိပင်၊ သံဒပ်ပင်၊ ကိုရံကြီးပင်များ ပေါက်နေကြသည်။ အပွင့်ဖြူဖြူများ ထိုးထွက်နေ၏။ မိကျောင်းနွယ်နက်များလည်း ရစ်သန်းနေကြ၏။ စွယ်တော်ပင်များမှာ သူတို့၏ ဆူးတောင်ကို ကားလျက်။

သမ္ဗန်သည် ကမ်းစပ်နားမှ ကပ်ခတ်နေ၍ တရိပ်ရိပ်ပြေးသည်ဟု မှတ်ရ၏။ ခတ်တက်သည် ရေထဲ နှစ်လိုက်ပြီးနောက် တဖန် ရေပေါ်တွင် ရုပ်ကာ ဝေ့သွားရာ ရေစက်များသည် ရှေ့တွင်ထိုင်ချသော ဗညားမော်အား သွားစဉ်၏။ ရေစက်များ လက်မောင်းပေါ်သို့ စဉ်ကျလာတိုင်း ပျော်နေမိ၏။ ကျုံဒိုးသို့သွားတိုင်း ဤရေစက်များ လာစဉ်သည်ကို သတိရနေမိ၏။ ရေစိုနေသည်ကိုပင် သူသည် ကျေနပ်နေလေသည်။ ကျလိကျလိမြည်သော

ခတ်ကွင်းနှင့် ခတ်တတ်ကြိတ်သံ ထွက်ပေါ်လာပြီးနောက် ရေသည် လက်မောင်းကို လာ၍စဉ်ကြ၏။ လာ၍စဉ်တိုင်း စွတ်စိုအေးမြသော ခံစားမှုပေါ်လာကာ ကျောင်းပိတ်ရက်နွေအတိတ်များက ရင်ခုန်စေ၏။

သူသည် ရှင်ပြုကိုသွား၍ သတိရနေ၏။ သူ၏မိခင် မဆုံးခင်တနှစ်က ဖြစ်သည်ကို ကောင်းကောင်းမှတ်မိနေ၏။ သူ၏တသက်တွင် အကြီးအကျယ်ဆုံးသော ပွဲလမ်းဖြစ်သည်။

ရှင်လောင်းလှည့်သောအခါ မြင်းပေါ်သို့ သူ့ကို တင်ပေးသည်။ သူက မြင်းပေါ်တက်ရမည်ကို ကြောက်နေသည်။ မြင်းပေါ်က လိမ့်ကျလိမ့်မည်ဟု ထင်နေ၏။ မြင်းမှာ အညိုရောင်ကြီး။ မြင်းကိုယ်ပေါ်နှင်းဆီပွင့် ကောဇောကြီး ရုံတင်ထားသည်။ ထိုအခါ စိမ်းစိမ်းနှင့်ပင် မရင်းနှီးသေး။ သူ၏မိခင်ထံသို့ သူမ၏အမေ ဒေါ်မြသင်နှင့် ပါလာတတ်သည်။ စိမ်းစိမ်းမှာ ဆံရစ်ဝိုင်း ကလေးနှင့်။ သူ၏ဆွေမျိုးထဲကဟုလောက်သာ သိလိုက်သည်။ သူ့မိခင်မှ စိမ်းစိမ်းတို့လာလျှင် အဝတ်အထည်များ လက်ဆောင်များ ပေးလိုက်သည်ကိုသာ မှတ်မိနေ၏။ ရှင်လောင်းလှည့်သောအခါ စိမ်းစိမ်းတို့ သားအမိကိုဆွေမျိုးများကြား၌ တွေ့ရသည်။ သူမြင်းပေါ်တက်သောအခါ စိမ်းစိမ်းက သူ့အားကြည့်နေ၏။ သူမမှာအအေးမိတတ်သောကြောင့် ရေခဲချည်စောင် အစိမ်းနုကလေးခြုံထားသည်။ ဇင်းမယ် အစိမ်းရင့်ကို ဝတ်ထားသည်ကို သတိရနေသေးသည်။ မြင်းပေါ်ရောက်သွားသော အခါ အသဲအေးသွားသည်။ သူ၏ ဦးလေးတစ်ယောက်က မြင်းဇက်ကြိုးကို ကိုင်ထားသည်။ သူသည် မန္တလေးပိုးအင်္ကျီနှင့် ပန်းနုရောင် ရွှေချည်ချိတ်လုံချည် ဝတ်ထားသည်။ မြို့ထဲသို့ ရှင်လောင်းလှည့်သောအခါ ရွှေထီးဆောင်းပေးသည်။ ဘုန်းကြီးကျောင်းတကျောင်းမှ ငှားရမ်းလာသော ရွှေထီးမှန်း သိနေသည်။ သူ့မျက်နှာမှာ ပြုံးစိစိဖြစ်နေ၏။ သူ့တသက်တွင် ရယ်စရာအကောင်းဆုံးသော အဖြစ်အပျက်တခုဖြစ်၏။ ဝတ်ထားသောအင်္ကျီ၊ လုံချည်မှာလည်း ဘယ်မှာမှ မဝတ်သော အဝတ်အစားများဖြစ်နေသည်။ ရင်ဘတ်တွင်လည်း ပတ္တမြားဆွဲကြိုး၊ မြလက်စွပ်လည်း ဝတ်ထားရသည်။ မဝတ်ချင်ဘူး၊ မဆွဲချင်ဘူး ပြောတာလည်းမရ။ ရွှေထီးဆောင်းလိုက်သောအခါ ပို၍ရယ်စရာ ဖြစ်လာတော့သည်။ ဘာကြောင့် ရွှေထီးဆောင်းရသည်ကို နားလည်၍မရအောင် ဖြစ်နေပေသည်။ ရယ်စရာ အကောင်းဆုံးမှာ ‘ရှင်လောင်းအမေ၊ နို့သီးရှည်.... ရွဲ’ဆိုသော ရွဲလိုက် သီချင်းများဖြစ်၏။ အခြားလင်္ကာများအား မမှတ်မိတော့။ အားလုံး ရယ်စရာချည်း ဖြစ်နေ၍ မနည်း အိန္ဒြေဆောင် ထားရသည်။ ထို့နောက် တဖန် ပန်းစက္ကူ ရောင်စုံများဖြင့် မွမ်းမံဆင်ယင်ထားသော မော်တော်ဘုတ်ကလေး မြစ်ရိုးကိုလှည့်ကာ ကျုံ့ဒိုးရှိ သူ၏အဖိုး ဦးကျေးမော်ဆောက်သော ဘုန်းကြီးကျောင်းရှိရာသို့ သွားကြသည်။ ဟွန်းတယော၊ သံပတ္တလျား၊ ဘင်ဂျို၊ မယ်ဒလင်များပါသော တူရိယာအဖွဲ့လည်း သူ၏ မော်တော်ဘုတ်ကလေးထဲ၌ ပါသည်။ သူ့ရှေ့၌ စားစရာအစုံ။ အင်္ဂလန်မှလာသော မုန့်သေတ္တာအမျိုးမျိုး၊ ချောကလက်၊ သကြားလုံးအမျိုးမျိုး၊ ရန်ကုန်က မှာယူသော ရေခဲမုန့်. စားစရာများကို တခုပြီးတခု စားသည်။

ညနေဘက်၌ ကျုံ့ဒိုးရှိနေအိမ်မှ ဘုန်းကြီးကျောင်းသို့သွားမည် ရှိသောအခါ ရွှေကြိုးတားကြသည်။ ဆွေမျိုးတသိုက်၏ ရယ်မောသံတို့ဖြင့် ဆူညံနေကြတော့သည်။ သူအဖို့ကား ခေါင်းတုံးရိတ်ရမည်ကို ကြောက်နေ၏။ အရိပ်များ ရှည်လျားလာလေ သူ့၌ ရင်ဖိုရလေ။ သို့သော် ညနေစောင်းလာသောအခါမှ ရှောင်၍ မရတော့။ ခေါင်းတုံးစရိပ်သောအခါ ယားကျိ ယားကျိ နေပြီးနောက် စပ်ဖျဉ်းဖျဉ်းဖြစ်လာ၏။ ရေမိုးချိုးပြီးသောအခါ သင်္ကန်း ဝတ်ရတော့သည်။ သူငယ်ငယ်ကမြွေအရေခွံလဲသည်ကို မြင်ရသောအခါ ကြောက်လည်း ကြောက်ပြီး အသဲယား နေခဲ့၏။ ယခုလည်း ခေါင်းက စပ်ဖျဉ်းဖျဉ်း ယားကျိ ယားကျိ။ ကိုင်ကြည့်တော့လည်း သင်္ကန်းဝါဝါ။ မြွေအရေခွံလဲကာ သည်လိုနေမှာဘဲဟု တွေးနေ၏။ ထုထယ်ကောင်းသော တိုင်လုံးကြီးများ၏ အရိပ်များ ထိုးကျလာကာ

ကြေးစည်သံများ ကြားလာရသောအခါ ဝမ်းထဲက ဆာလာတော့သည်။ လူကြီးများက သူ့ကို ကန်တော့နေကြသောအခါ ပြုံးစိ ပြုံးစိဖြစ်လာ၏။ အိန္ဓြေဆောင်ထားရသဖြင့် ပါးများ ညောင်းလာပြန်၏။

သူ၏အိမ်သားများ ပြန်သွားကြသောအခါ စိတ်ထဲ၌ ဟာ၍ ကျန်ရစ်ခဲ့တော့သည်။ စိတ်ထဲက ငိုချင်သလိုလို ဖြစ်လာသည်။ ပတ်ဝန်းကျင်ကား လုံးဝမတူ။ ပြောင်းလဲလျက်ရှိသည်။ ကိုရင်လေးများ ဖယောင်းနှင့် တိုက်ထားသဖြင့် ကြမ်းပြင်မှာ ပြောင်လက်နေ၏။ နီရဲညိုရင့်သော တိုင်လုံးကြီးများအကြားမှ ဘော်ကြယ် ပြောက်ထားသော ကတ္တီပါ ခန်းဆီးကြီးမှာ တဖိတ်ဖိတ်၊ ဘုရားဆောင်မှာ ဆီမီးဖယောင်းတိုင် ရောင်များဖြင့် ဝါဝင်းလင်း ထိန်နေ၏။ ပန်းကွက်ဖော် ဇာမျက်နှာကြက်အောက်မှ ကြေးဆင်းတုတော်မှာ မီးရောင်၌ ပြုံးပြက်လျက်။ ပြုံးကြည်သော အသွင်မှာ ပေါ်လွင်နေ၏။

သူ့အဖိုးလက်ထက်က စပါးသယ်သောလှေကြီး၌ ဆွဲသော ရွှေချထားသော 'ဟသ်ာပျံ' အမည် စာတမ်းကြီးမှာ ဘုရားဆောင်ဘေး၌ ချိတ်ထားသည်။ မှန်၏ အမှတ်အသားဖြစ်သော ဟသ်ာသင်္ကေတကို သစ်သားပန်းပုဖြင့် ဖော်ထားပြီး၊ အပေါ်မှ ရွှေချထားသည်။ သူမမွေးခင် ဆယ်နှစ်လောက်က ဟသ်ာပျံလှေကြီးမှာ ငံမြစ် သံတပွတ်ချောင်း၊ တွံ့တေးချောင်းတို့၌ ဥဒဟို သွားလာလျက် ရှိခဲ့လေသည်။ မြစ်ပြင်၌ မောင်းသံတဒူဒူ စည်ဝေခဲ့သည်ဟု ကြားဖူးသည်။ ရန်ကုန်ရှိ နိုင်ငံခြား ဆန်စက်ကုမ္ပဏီများထံသို့ စပါးများ ရောင်းချရန် သွားခြင်းဖြစ်သည်။ တံကင်းကြီးများ၊ မီးသဘော်များက စရိတ်သက်သာ လာသောအခါ ဦးကျေးမော်သည် လှေကြီးကို ဖျက်ကာ သစ်သားကို ကျောင်းဆောက်သည့်အထဲ၌ ထည့်လိုက်သည်။

လှေကမ်းမှ ခွာသောအခါ....

**'ဟသ်ာပျံ**
**ထွက်ဟန်ပြင်**
**မောင်းသံက ဟိန်း။**
**ဟသ်ာပျံ**
**ထွက်ဟန်ပြင်**
**လှိုင်းသံက ဟိန်း။**
**ဟသ်ာပျံ**
**ထွက်ဟန်ပြင်**
**ရေဆန်ကို ရွှဲ**
**ဝဲကိုတိုက်**
**ကမ်းဆိုက်စို့လေး'** ..... ဟု ဆိုသည်ဟု ကြားဘူးသည်။

အဖိုးက ကျောင်းဆောက်လှူဒါန်းပြီးသောအခါ 'ဟသ်ာပျံ' ရုပ်ကြီးကိုပါ ထည့်၍ လှူလိုက်လေသည်။ ဟသ်ာရုပ်ကို ကနုတ်ပန်းများဖြင့် ခွေပတ်ထားသော အောက်နား၌ ဟသ်ာပျံဟု စာတမ်းထိုးထားသည်။ ဤ ဟသ်ာရုပ် တခုသာလျှင် သူ့အိမ်နှင့် ဆက်စပ်ပေးထားသည်။ ကျန်သော အသံအာရုံ၊ အမြင်အာရုံများမှာ စိမ်းသစ်နေပေသည်။ ဘုန်းကြီးများ စာအံသံ ကြားနေရသည်။ သင်္ကန်းဝါဝါများ လှုပ်ရှားနေကြသည်။

နိဗ္ဗိန္ဒကျောင်းကြီးမှာ ရေကန်တခု၏ဘေး၊ ခြံကြီး၏ အလယ်၌ဖြစ်သော ညအခါ တိတ်ဆိတ်လျှက်ရှိသည်။ ခြံအစွန်းတွင် လယ်ကွင်းကြီး။ ကိုရင် ရှင်ပညာသီရိသည် ကျက်သရေခန်းအနီးရှိ ပြတင်းပေါက်နား၌ထိုင်ကာ အပြင်ဘက်သို့ ငေးကြည့် နေလေသည်။ လ,မဲ့သော ညဖြစ်၍ ဘာမျှ သဲသဲကွဲကွဲမမြင်ရ။ သစ်ပင်များမှာ မဲမဲအရိပ်သာ လာထင်နေကြ၏။ သိပ်မဝေးလှသော ဆွမ်းစားကျောင်းမှာပင် ဘုံပြာသာဒ်တို့၏ ပုံသဏ္ဍာန် မပေါ်ဘဲ၊ စက္ကူသေတ္တာမဲမဲကြီးတခု လဲလျောင်းနေသကဲ့သို့ အောက်မေ့ရသည်။

လယ်ကွင်းဘက်ဆီမှ လယ်ယာ ပိုးမွှားအော်သံများ၊ သရက်ပင်၊ ငှက်ပျောပင်၊ ကွမ်းသီးပင်များ အကြားမှ ပုရစ်အော်သံ၊ ပုဇဉ်းရင်ကွဲအော်သံများသာ ကြားနေရသည်။ ပုရစ်အော်သံများနှင့်အပြိုင် ဆူနေသည်ကား။ စာအံသံများပင်။ သူ၏ ရင်ထဲတွင်ကား၊ ခြားနားပြောင်းလဲနေသော ဝေဒနာကို ခံစားနေရပြန်သည်။ ရေကန်ဘက်ဆီသို့ လှမ်းကြည့်လိုက်ပြန်သည်။ ရေနှင့်တူသော အခြင်းအရာဘာမျှမတွေ့ရ။ ကန်ဘေးရှိ ကုက္ကိုပင်ရိပ်များကြောင့် ဘာအလင်းရောင်မျှ မဝင်။ ရွှံ့မဲမဲများ ပျစ်ခဲနေသော နန်းပြင်ကြီးမျှသာ။ အိမ်မှာကဲ့သို့ ပုတီးစေ့ချင်း ရိုက်ခတ်သော အသံများ မကြားရတော့။

"ကိုရင် အိပ်ချင်အိမ်လေ" ဟု ဦးပဉ္စင်းတပါးက သူ့အပါးသို့ လာကာပြောသည်ကို ဘာမျှပင် ပြန်မဖြေမိ။ ဆရာတော် ဘုရားဝတ်ပြုနေသဖြင့် ကိုရင် ရှင်ပညာသီရိကို စကားမပြောအားသေး။ ကြေးစည်သံသာကြားနေရ၏။ သူ့စိတ်ထဲတွင်ကား၊ အားလုံး စိမ်းနေကြသေးသည်။ ပြတင်းပေါက်နားက မခွာဘဲ ဘာမျှမမြင်ရသော၊ မှောင်မဲမဲ အရိပ်များသာဖြာကျနေသော လဟာပြင် မဲမဲထဲသို့ စိုက်ကြည့်နေမိသည်။ တချက် တချက် ဆွမ်းစားကျောင်း အောက်မှ ခွေးအူသံများထွက်ပေါ်လာသည်။ ခါတိုင်းဆိုလျှင် ခွေးအူသံကြားလျှင် ကြောက်သည်။ ယခုကား ကြောက်ရမည်ကိုလည်း မသိတော့။ ပတ်ဝန်းကျင်အခါ၌ အမျိုးအမည်မပြောတတ်သော ဝေဒနာသစ်ကို ခံစားနေရသည်။ ဘယ်သူနဲ့မျှလည်း စကားမပြောချင်။ တကိုယ်တည်းသာ နေချင်သည်။ ဘာမှမမြင်တွေ့ရသော အပြင်ဘက် မှောင်မဲမဲကို စိုက်ကြည့်ရခြင်းသာ သူ၏တကိုယ်တည်းဖြစ်နေမှုကို အားကောင်းအောင် နေချင်နေ၏။ ကိုယ့်ကိုယ်ကိုယ် အားကိုးလာ၏။ ဘာမျှ မမြင်တွေ့ရသော ည၏အမှောင်သည်ပင်လျှင် သူ၏ကိုယ်ပွား ဖြစ်နေ၏။ အမှောင်ထဲ၌ ဘာမျှမရှိ။ အနီ၊ အစိမ်း၊ အပြာဆိုသော အရောင်လည်းမရှိ။ အကြီးအသေးဟူသော ပမာဏလည်း မရှိ။ ထို့ကြောင့် သူလည်း အစက ပြန်စ ရမည်ဖြစ်၏။ စိုးရိမ်ပူပန်စရာမရှိ။ ထို့ကြောင့် သူသည် အားရှိ၍လာသည်။ စောစောက ငိုချင်စိတ်တို့သည့် လွင့်ပါးပြေးလွှားသွားကြလေပြီ။ ဘာမျှ မကြောက်တော့။ ခွေးအူသံများသည် ကျယ်လောင်လာကြသည်။ ခွေးတို့သည် သူ့အကြောင်းနှင့်သူ။ သူ့ဝေဒနာနှင့် သူအော်ကြခြင်းမျှသာ ဖြစ်သည်။ ပုရစ်အော်သံများ၊ ပုဇဉ်းရင်ကွဲအော်သံများသည် ဆူညံနေကြသည်။ ဤပိုးမွှားများသည်လည်း သူတို့ ခံစားချက်နှင့်သူ၊ သူ့အကြောင်းနှင့်သူ အော်မြည်နေကြခြင်းသာ ဖြစ်သည်။ သစ်ပင်များသည်လည်း သစ်ကိုင်းချင်း၊ သစ်ခက်ချင်း ယိမ်းထိုးလှုပ်ခက်ထိကာ တရှဲရှဲအသံတို့ မြည်နေကြသည်။ သူ့အကြောင်းနှင့်သူ အော်မြည်နေကြခြင်း ဖြစ်သည်။ စာအံသံ၊ ကြေးစည်ထုသံ၊ ပုရစ်အော်သံ၊ ပုဇဉ်းရင်ကွဲအော်သံ၊ ခွေးအူသံများသည် သူ၏ ပတ်ဝန်းကျင်များ ဖြစ်လာကြလေပြီ။ သူသည် ပတ်ဝန်းကျင်သစ်နှင့် သင့်မြတ်၍လာပေပြီ။ အဟောင်းကို မတမ်းတတော့။ အဟောင်းသည် ပျောက်ကွယ်၍ သွားလေပြီ။ အသစ်သည် ချစ်စရာကောင်းနေသည်။ ပျိုနုနေသည်။ ညအမှောင်သည် သူ၏အဖော်ပင် မဟုတ်လား။ အရိပ်များသည် အပြာရင့်ရောင်။ သစ်ပင်များလည်း အပြာရင့်ရောင်။ ဆွမ်းစားကျောင်းကလည်း အပြာရင့်ရောင်။ ဇရပ်သွပ်မိုးမှာနီလာလား၊ ရေကန်ကြီးမှာ နီလာရွှံ့စေးများဖြင့် အိနေသည်။ ပုရစ်အော်သံ၊ ပုဇဉ်းရင်ကွဲအော်သံများမှာ သံပြိုင်လိုက်နေကြ၏။ စာအံ သံနှင့် ကြေးစည်သံကို ခွေးအူသံက ပဒ်မ ဖြတ်ပေးလျက်ရှိ၏။

သူသည် မျက်စိစင်းကျလာသည်။ ဆာလောင်တာလည်း မရှိတော့။ ကြောက်တာလည်းမရှိတော့။ ဝိုလည်းမဝိုချင်တော့။ ဘာမျှမရှိတော့။ ဟာလာဟင်းလင်း။ အားလုံးမဲ့လျက်။ သူသည် ဝိုက်ခနဲရီဝေလာသည်။ ရုတ်တရက် လ,ရောင်သည် ဖြန်းကနဲ လက်လိုက်သည်။ လ,ပြည့်ဝန်းကြီး ထွက်လာပါကလား။ ရေကန်ကြီးသည် ဘွားကနဲ ပေါ်လာသည်။ ရေပြင်သည် တဖိတ်ဖိတ်လက်လာသည်။ မြသားပေါ်၌ မျက်သားလုံးကလေးများ မျောလျက်ရှိသည်။

ကျောက်စိမ်းကြာပန်းများသည် လ,ရောင်၌ ငုံဖူးမြူးကြွလျက်ရှိသည်။ လပြည့်ဝန်းကြီးသည် ခါတိုင်းထက်ကြီးနေသည်။ နီးလာနေသည်။ သစ်ပင်ထိပ်ဖျား၌ ချိတ်ဆွဲလျက်ရှိသည်။ လင်း၍ လင်း၍ လာနေသည်။ သစ်ပင်မှ သစ်ကိုင်း၊ သစ်ရွက်၊ ပင်စည်၊ ပန်းပွင့်များအားလုံးသည် ရွှေရောင်တဝက်။ မြရောင်တဝက်၊ တခြမ်းစီ ထိန်နေ၏။ မြက်ရိုင်းပင်များပင် အမျှင် အမျှင် တို့သည် ရွှေတမျှင် မြတမျှင်လိမ် ထပ်ဆင့်နေကြ၏။

လပြည့်ဝန်းကြီးသည် ကြီး၍ ကြီး၍ လာနေသည်။ ထို့နောက် တဖြည်းဖြည်း နီးလာသည်။ သစ်ပင်ထိပ်ဖျားများမှ ဆင်းသက်ကာ သစ်ပင်အူကြားသို့ပင် ရောက်လာလေပြီ၊ တညလုံး ရွှေရောင်ဖြင့်လာ၍ ပြည့်လျှမ်းနေလေပြီ။

"ဟဲ့.... ဦးပဥ္စင်းကေသရ၊ ထွက်ကြည့်စမ်း ဘယ်သူတွေလဲမသိဘူး..."

ဆရာတော်၏အသံကို မသဲမကွဲ ကြားလိုက်ရပြီးနောက်၊ ကြမ်းပြင်ပေါ်သို့ ခြေနင်းသံများ တုန်ခါမှုကြောင့် သူသည် တဖက်မှ ထလိုက်သည်။

"အောက်လင်း ဓာတ်မီးကြီး ထွန်းလို့ပါလား၊ လူတွေလေးယောက်ထင်တယ်...၊ ဒကာမတွေလဲ ပါပါလား၊ ဘာများ အရေးကြီးကြပါလိမ့်..."

ဆရာတော်မှာ မျက်စိမှုန်သူဖြစ်၍ သိပ်ထင်ထင်ရှားရှား တွေ့ရပုံမရ။ ခြသေ့်ဦးဆီမှ ခွေးဟောင်သံ ကြားရသည်။ ဓာတ်မီးကြီးသည် သစ်သီးခြံထဲရှိ လမ်းကလေးဆီမှ ရွေ့လျားလာသည်။ ဦးပဥ္စင်းများကား ကျောင်းအောက်သို့ ပြေးဆင်းသွားကြလေသည်။ ဤကွမ်းသီးခြံကြားရှိ အုတ်လမ်းကလေးမှာ သူတို့အိမ်သို့ လျှောက်လာ၍ ရသော လမ်းပင် မဟုတ်ပါလား။

"ရှင်လောင်းတကာအိမ်က ဆရာတော်" ဟု ဦးပဥ္စင်းကေသရက ခြသေ့်ဦးမှလှမ်း၍ ကျောင်းထိုင်ဆရာတော်အား လျှောက်ထားသည်။

"ဘာများ ဖြစ်ကြပါလိမ့်"

စကားမဆုံးခင်ပင် ခြသေ့်ရုပ်ကြီးကို ကျော်၍ စကြံလမ်းမှ လျှောက်လာကြသော သူ၏မိခင်နှင့် ဖခင်၊ စိမ်းစိမ်းတို့ သားအမိကို လှမ်းမြင်လိုက်ရသည်။ စိမ်းစိမ်း လက်ထဲ၌ ဆွဲခြင်းတခု။ သူ့အား ရေခဲချည်စောင် အစိမ်းနုလေး ရုံထားသည်။ သူ့အဖေ လက်တဖက်က လက်နိပ်ဓာတ်မီး ကိုင်လျက်။ သူတို့ရှေ့မှ လယ်သမားကြီး ကိုဘနီက အောက်လင်းဓာတ်မီးကြီးကိုင်ဆွဲ လာသည်။ စကြံတခုလုံး ထိန်နေတော့၏။ မကြာမီ ကျောင်းပေါ်သို့ ရောက်လာကြသည်။

ဆရာတော် ဦးပဏ္ဍိတမှာ ငယ်ဖြူဖြစ်၍ ဦးကျေးမော်က ပဌ္ဌင်းတကာ၊ ဆွမ်းတကာ၊ ကျောင်းတကာရင်း ဖြစ်သော ဆရာတော်မှာ ကျောင်းထိုင်ဖြစ်သော်လည်း ဆွမ်းခံမပျက်။ မနက်တွင် လောင်းလှေနှင့် ဆွမ်းခံ ထွက်သည်။ မိုးတွင်းသာ တခါပျက်သည်။ ရသောဆွမ်းကို တဝိုင်းတည်း ရော၍၊ ကိုရင်၊ ဦးပဌ္ဌင်းအားလုံး ဘုဉ်းပေးကြသည်။ သာတူညီမျှ၊ ပိုးသက်န်းကပ်လျှင် လက်မခံ၊ တောကျောင်း ပီသ၏။

ဦးကျေးမော် ကွယ်လွန်သော်လည်း၊ သားဖြစ်သူ ဦးသက်မော်က ဆက်လက်၍ ပစ္စည်းလေးပါးဒါယကာ အဖြစ် ခံယူသည်။ ဗညားမော် ရှင်ပြုသောအခါ ရာမည်မြို့ရှိ ကျောင်း၌ ဆံမချဘဲ၊ နိဗ္ဗာန်ကျောင်းတွင်ပင် ကိုရင်ဝတ် စေခဲ့ပေသည်။ ကျုံဒိုးရွာတွင် ဆရာတော်မှာ ဩဇာတိက္ကမ ရှိသူဖြစ်သည်။ ဆရာတော်မှာ ဝါတော် ၄၀ ကျော်ပြီ ဖြစ်သော်လည်း၊ စာချသည့် ဆရာတော်မှာ လောကီဘက်၊ လူမှုရေးဘက်၌ စိတ်ပါသူ မဟုတ်။ လောကုတ္တရာဘက်၊ သာသနာဘက်၌သာ မွေ့လျော်သူ။ နိုင်ငံရေးဘက်တွင် လုံးဝမပါ။

အခြားရွာများရှိ ဘုန်းတော်ကြီးများကား၊ အနည်းနှင့်အများဆိုသလို ဂျီ-စီ-ဘီ-အေ မြန်မာအသင်းများ အဖွဲ့ချုပ်၊ ဝံသာနု နိုင်ငံရေး ဂျီ-စီ-ဘီ-အေ အကွဲ၊ ၂၁ ဦး အတွဲတွင် ပါကြသည်။ ယခု ကျောင်းထိုင်ဆရာတော် ဦးပဏ္ဍိတမှာ ဘယ်နိုင်ငံရေးတွင်မှ မပါ။ မကြာသေးမီက တပြည်လုံးအား လွှမ်းမိုးခဲ့သော ခွဲရေး- တွဲရေးတွင်ပင် ဆရာတော်သည်မပါ။ တချို့သော ရဟန်းပျိုကလေးများမှာ စည်းကမ်းကြီးသဖြင့် ကြာကြာ မနေချင်ကြ။ ချောင်ချိသောကျောင်းသို့ ပြောင်းသွားကြသည်။ ဥပုသ်နေ့များတွင်သာ ဇရပ်၌ စည်ကားပြီး၊ အခြားနေ့များ၌ ငှက်သံ၊ ခိုညည်းသံ၊ စာကလေးများအောင်သံ၊ ကြေးစည်သံ၊ ခေါင်းလောင်းသံမှတပါး၊ တိတ်ဆိတ်ငြိမ်သက်နေကြမြဲ။ ကျောင်းခွေးများပင် မဟောင်ကြ။ ဟောင်စရာအကြောင်းမရှိကြ။

"အချိန်မတော်ဆို ဘုရား… ဒီက တကာမကြီး မကေသီပေါ့၊ သား ဆာမှာဘဲဆိုပြီး ဖျော်ရည်လုပ်နေတာနဲ့"

ဟု ဦးသက်ထွန်းက ဆရာတော်အား ဝတ်ဖြည့်ရင်း လျှောက်လိုက်သည်။

"ဆရာတော်တို့လဲ ကပ်ချင်တာနဲ့ပါ ဘုရား…" ဟု ရေခဲချည်စောင်ကလေးကို လက်တဖက်က မ, ရင်း၊ ဒေါ်ကေသီက လျှောက်သည်။

"ဒကာ့ရှာလို့ ဒကာမကြီးရယ်၊ ညကြီး….၊ ကျုပ်တို့မှာ ပြည့်စုံပါတယ်…"

"ကပ်ပါရစေဘုရား၊ စောပါသေးတယ်၊ ရှစ်နာရီတောင် မထိုးသေးပါဘူး…"

အမှန်အားဖြင့် ဆရာတော်ကလည်း သားဖြစ်သူ ဆာမည်စိုး၍ တကူးတက စီမံရသည်ကို သိပြီး ဖြစ်ပေသည်။

"ဒီလိုဘဲ ဆရာတော်၊ သားအမိနှစ်ယောက်က စိတ်ချင်းတူတော့ လုပ်ချင်တာရှိရင် ချက်ချင်း ထလုပ်ရမှ၊ တပည့်တော်လဲ ကမန်းကတန်း မီးထွန်းပြီး လိုက်လာရတာ…" ဆိုပြီး ကျုံဒိုးရွာသို့ သွားချင်သောအခါ သပြေပင်ရိပ်ရွာမှ ဗညားမော်သည် တညနေ ဖွတ် ကုန်းလမ်းက ထွက်လာသည်ကို ရည်ညွှန်း၍ သူ့ဖခင်က ပြောခြင်း ဖြစ်သည်။ သူ့မိခင် ဒေါ်ကေသီမှာလည်း ထို့အတူ သူသားကဲ့သို့ လုပ်ချင် ချက်ချင်း ထလုပ်တတ်သည်ဟု ဦးသက်ထွန်းက ကောက်ချက်ချသည်။ တခုခုဆိုလျှင် ' မကေသီတို့သားအမိက ဒီလိုဘဲ' ဟု ပြောစမှတ်ပြုလေ့ ရှိပေသည်။

ဒေါ်ကေသီတို့သည် ဆရာတော်နှင့် ရဟန်းများကို သူတို့ယူလာသော သံပုရာဖျော်ရည် ကပ်နေကြသည်။ စိမ်းစိမ်းနှင့် သူ့အမေ ဒေါ်မြသင်တို့က ဝိုင်းဝန်းကာ ခရားထဲမှ ဖန်ခွက်များထဲသို့ ငှဲ့လောင်းထည့်ပေး နေကြသည်။ ဒေါ်ကေသီသည် ပြတင်းပေါက်နား၌ ထိုင်နေသော သူ့သား ကိုရင် ဗညားမော်အား ဖျော်ရည်ကပ်လိုက်သည်။

"ကိုရင်လေး... ဆာသလား..."

"မဆာပါဘူး၊ ရပါတယ်၊ အိပ်တောင်ပျော်သွားတာ အမေရဲ့.. အဲ.. တကာမကြီးရဲ့...."

ကိုရင် ရှင်ပညာသီရိက သူ့အမေ၏ ကြင်နာယုယမှုကို တွေ့နေသည်။ စိမ်းစိမ်းနှင့် သူ့အမေက သားအမိ စကားပြောနေကြခြင်းကို ပြုံးကြည့်နေကြသည်။ ဦးသက်ထွန်းမှာ ဆရာတော်နှင့် စကားပြောလျက်ရှိသည်။ ငယ်သေးသော်လည်း စိမ်းစိမ်းမှာ သည်က ဗညားမော်တို့ သားအမိ ကြင်နာပုံကို နားလည်ခဲ့သည်။ ဒေါ်ကေသီ ကွယ်လွန်ပြီးနောက် အဒေါ်များက စီမံ၍၊ စိမ်းစိမ်း ဗညားမော်တို့အိမ်သို့ သွားရောက် နေထိုင်ရသောအခါ စိမ်းစိမ်းက ဤအဖြစ်အပျက်ကို ဗညားမော်အား ပြန်ပြောလေ့ရှိသည်။ မိခင်၏ကြင်နာမှုဲ့သွားသော သူ့အား သနား ခင်တွယ်မိရာမှ ဦးသက်ထွန်းတို့အိမ်တွင် နေဖြစ်သွားလေတော့သည်တဲ့။ သူတို့ ပြန်သွားကြသောအခါ ကိုရင် ရှင်ပညာသီရိက ပြတင်းပေါက်ကိုမှီရင်း ကျန်ရစ်ခဲ့သည်။ ဆရာတော်မှာ ခြသေ့်ရုပ်ထုများအထိ သူတို့အား လိုက်ပို့သည်။ လပြည့်ဝန်းကြီးသည် ကွမ်းသီးခြံ သစ်ပင်များအကြားမှ တဖြည့်းဖြည်း ရွေ့လျားကာ နောက်ဆုံး၌ ပျောက်ကွယ်သွားလေသည်။ ညသည် မှောင်မြဲ မှောင်လျက်။ ပုရစ်သံ ပုဇဉ်းသံများဆူညံမြဲဆူညံလျက်။ သူ့အဖို့ကား ဘာကိုမျှအားမကိုးသဖြင့် ဘာကိုမျှမကြောက်တော့သော မိမိကိုယ်ကိုသာ ယုံကြည်လာသော၊ ယုံလာသော အားသစ်များ ပွားများ သွန်းလောင်းလာပေသော တကိုယ်တည်း၏ အားရှိခြင်းကိုလည်း စတင်တွေ့ရှိလာခဲ့ပေသည်။

ထိုည၌ ထွန်းလင်းတောက်ပသော၊ ရွှေရောင် မြရောင် ဖိတ်လက်သော လပြည့်ဝန်းကြီးသည် တထိန်ထိန်သာလျက် ရှိခဲ့ပေသည်။ နောက်တနှစ်ခန့်ကြာသောအခါ၊ သူ၏ရင်ကို နွေးထွေးစေသော၊ သူ၏အိပ်မက်များကို လှပစေသော လပြည့်ဝန်းကြီးသည် တကယ်ပင် ပြန်မလာတော့ဘဲ၊ ကွယ်ပျောက်သွားခဲ့ပေသည်။ ထိုအခါက သူသည် လပြည့်ဝန်းကြီးကို တမ်းတရင်း၊ မျက်ရည်များ လည်ခဲ့ရသည်။ သူ့အမေဆုံးကြောင်း သိရပြီး နောက်တနေ့ အိပ်ရာမှထသောအခါ သူ၏ပါးတွင် မျက်ရည်များ စိုစွတ်နေခဲ့ပေသည်။

သူ၏ပါးတွင် စိုစွတ်လျက်ရှိနေသည်။ ရေအယဉ်သည် တသွင်သွင် စီးဆင်းလျက်ရှိပေသည်။ အတိတ်တို့သည် နောက်တွင် ကျန်ရစ်ကာ စီးစုန်သွားလေပြီ။ သူဖြတ်သန်းသွားသောကမ်းစပ် ရွှံ့ပြင်၊ ဖြူလွှလွှသံဒပ်ပွင့်၊ ရေဆတ်သဖူးများသည် ရွာပြန်စဉ်က အဖြစ်အပျက်များကို သတိရစေသည်။ ဇလပ်သီးများ မျောပါလာသည်။ သူသည် မျောပါလာသော ဇလပ်သီးကို ဆယ်လိုက်သည်။ ခတ်တက်နှင့် ရေလှိုင်းကို ထိရုပ်၍ ဝင်လာသောရေသည် သူ၏ပါးကို လာစိုစေသည်။

"ဟဲ့.. မောင်လေး... ကျမယ်၊ ဇလပ်သီးတွေဘာလုပ်ဖို့လဲ"

သမ္ဗန်ပေါင်းမိုးထဲမှ စိမ်းစိမ်းက လှမ်းပြောလိုက်သည်။

"ကျွန်တော်က ဇလပ်သီးဆို သိပ်ဆယ်ချင်တာ..."

"ပေါလွန်းလို့၊ ဘာလုပ်ဖို့လဲ..."

"ငယ်ငယ်က ဇလပ်သီးချင်း ပေါက်တမ်းကစားရတာ အရမ်းပျော်တာ၊ ရှင်ပြုတုန်းကလဲ ညနေဆိုရင် ကိုရင်တွေနဲ့ ဇလပ်သီးပေါက်တမ်းကစားရတာ သိပ်ပျော်တာ၊ ရေကန်ဘေးမှာလေ၊ သစ်ပင်တွေကွယ်နေတော့ ဆရာတော် ကျောင်းပေါ်က လှမ်းကြည့်ရင် မမြင်ရဘူး အမရ..."

ထို့နောက် သမွန်သည် ရပ်သွားကာ ရေထဲ၌ မျောနေသည်။

"ကိုမောင်လေး ဘာဖြစ်လို့လဲ" ဟု စိမ်းစိမ်းက လှမ်းမေးလိုက်သည်။

ဒါကူး၏ မြန်မာနာမည်မှာ မောင်လေးဖြစ်သည်။ တချို့ သူ့ကို မြန်မာနာမည် ခေါ်ကြသည်။

"ထမင်းအိုး နဲနဲငှဲ့မလို့အမ၊ မကြာပါဘူး"

သူသည် ရာမည၊က ထွက်ကတည်းက ထမင်းအိုးတည်ခဲ့ဟန်ပေါ်သည်။ ခတ်တက် တင်ထားသဖြင့် သမွန်သည် ရေစီးရာ မျောပါလျက်ရှိလေသည်။ တခါ၊ သူငယ်ငယ်၊ သမွန်ခတ်သူမှာလည်း ရာမညမြို့သို့ မရောက်ခင်ပင် နေဝင်သွားလေပြီ။ ဒါကူးလည်း ပလေကပ်လုံချည်အသစ်လဲသည်။ ခြေလက်များကို ဆေးကြောသည်။ ခေါင်းတွင် ဘော်ကြယ်ရွှေရောင်များ ပြောက်မွှမ်းထားသော ဦးထုပ်လေးကို ဆောင်းလိုက်သည်။ ယခုလိုပင် ခတ်တက်ကိုတင်ကာ သမွန်ကို စုန်မျှောထားလိုက်သည်။ ဒါကူးက "အကို.. ခဏစောင့်ပါဦးနော်၊ ကျွန်တော်ဘုရားရှိခိုးပါရစေ၊ အလ္လာအရှင်မြတ် ကျေးဇူးတော်" ဟု ဆိုကာ ဘုရားရှိခိုး နေသည်။

ပတ္တမြားလုံးကြီးသည် သံတပွတ်ချောင်းထဲသို့ ငုပ်သွားလေပြီ။ အနောက်ဖက်ရှိ ရာမညမြို့ရှိရာ သပြေပင်တောတန်းများမှာ မီးလျှံကဲ့သို့ တောက်ပနေသည်။ ရေပြင်သည်ပင်လျှင် မီးကူးကာ ရဲရဲတောက်လျက် ရှိသည်။ ရေပြင်၌ အရိပ်ထင်နေသော အုန်းပင်၊ ကွမ်းသီးပင်၊ ဓနိပင်များမှာ မရမ်းစေ့ရောင် သစ်ပင်နီများ ဖြစ်နေကြတော့သည်။ ကောင်းကင်သည် ပြာရာမှ နက်၍လာပြီ။ ငွေနားတွင် တိမ်ပန်းနုများဖြင့် လှိုင်းထနေသည်။ ထိုအခိုက် ရန်ကုန်ဘက်မှလာသော မီးသင်္ဘောတစီး ဖြတ်လာရာ၊ လှိုင်းစီး၍ ကောင်းလှသည်။ ဗညားမော်မှာ ဘုရားကြာကြာရှိခိုးပါစေဟု ဆုတောင်းမိသည်။ ဆည်းဆာသည် အကျမြန်သည်။ ပတ္တမြားနေလုံးကြီးကား ရေအောက်နဂါးပြည်သို့ပင် ရောက်သွားပြီထင့်။ ဘာအနီရောင်မျှ မရှိတော့။ ည မဟူရာသည်သာလျှင် အားလုံးကို လွှမ်းမိုးလျက် ရှိလေတော့သည်။ ထို့နောက် ကုလားသမွန်လေးသည် မဟူရာဖြစ်ထဲ၌ သစ်ရွက်ကျော့ကလေးကဲ့သို့ ရုပ်ပြေးသွားလေတော့သည်။

ယခုလည်း ဤရေလမ်းကိုပင် ဤကုလားသမွန်လေးဖြင့် လာရပြန်လေပြီ။ ကမ်းဘေးရှိ သစ်ပင်များကား။ သူကြီးပြင်းလာသကဲ့သို့ ကြီးပြင်းလာကြပေလိမ့်မည်။ ကမ်းစပ်၌ ပေါက်နေကြသော ယင်းနှောင်းပင်၊ ရေဆတ်သဖူးပင်၊ ပန်းဆွဲလွဲပင်များကား ကြီးလာသည်ဟု မထင်မိ။ ငယ်ငယ်ကလည်း ဤအရွယ်။ သံဒပ်ပင်တို့ကလည်း ထို့အတူ။ အပွင့်ဖြူဖြူကလေးများ အဖူးဖြူဖြူကလေးများ တွဲလွဲဆိုင်းနေမြဲ။ ဆွဲလွဲပန်း နီနီများကလည်း လေတွင်တလှုပ်လှုပ် ယိမ်းမြဲ။ အဝပြန်၊ ဓားပြချောင်း၊ ကွမ်းသီးပင်စု စသော ရွာများကို ဖြတ်သန်းရလေပြီ။ သူတို့ကား ဘာမျှမပြောင်းလဲ။ သူမှတ်မိသောအရွယ်က မြင်ခဲ့ရသည့်အတိုင်းပင်။ ဝါးထရံကာ သက်ကယ်မိုးတဲများ နွားတင်းကုပ်၊ အိမ်ရှေ့ကမ်းပါး၌ ဝါးတံတား၊ သစ်သားတံတားလေးများ၊ လှေများ ဆိုက်ထားလျက်။ ရွာနေကိုယ်တိုင် လယ်လုပ်မြေရှင်၊ တရုတ်ကုန်စုံဆိုင်နှင့် သူကြီးအိမ်တို့မှာသာ ပျဉ်ထောင်သွပ်မိုး၊ မြေရှင်အိမ်နှင့် ကပ်လျက် စပါးကျီများ ရှိတတ်ကြသည်။ အိမ်ယာများမှာ ကမ်းစပ်တွင်ပင်။ ရေကျလျှင် အိမ်သာမှာ

အမြင့်ကြီး။ ကမ်းနားကပ်လျော်လျှင် လှေမှာ အိမ်သာအောက် ရောက်နေတတ်သည် တောရောက်လျှင် အိမ်သာတက်ရမှာ ကြောက်နေ၏။ ရေတက်သောအခါ အိမ်သာသစ်သားတန်းနှင့် ရေမှာ ထိလုလု။ ကနဂုတ်မြွေများ လူးလွန့်ကာ ကူးလူး သွားသည်ကိုပင် မဲမဲ မဲမဲနှင့် မြင်နေကြရသည်။

တရွာနှင့်တရွာအကြားတွင် လယ်ကွင်းများ။ ရိပ်သိမ်းပြီးကုန်ကြသောအခါဖြစ်၍ လယ်တကွင်းလုံး ရွှေဝါရောင်၊ မြေကြီးရောင် တောက်နေကြသည်။ တလင်းများ၌ စပါးပုံများကိုပင် မြင်နေကြရသည်။ ကောက်ညှင်းရနံ့ မွှေးလာ၏။ ပေါင်းမိုးတွင်းမှ ချိုင့်ဖွင့်သံကြားရသည်။

"စိမ်းစိမ်းကလဲ မပြောဘူး၊ ကျွန်တော်မေ့နေတာ..."

တလမ်းလုံး ရှုခင်းများကြည့်လာရ၍ စားရမှန်း သတိမရ။ တောသို့သမွန်နှင့်သွားတိုင်း ကမ်းစပ်ရေပြင် ကြည့်သွားရသည်မှာ ဘယ်တော့မှ မောပန်းသည်မရှိ။ ကောက်သစ်ပေါ်ချိန်၌ မုံ့ဆမ်း၊ ကောက်ညှင်း စားရခြင်းကား၊ ရွာသို့ သွားလည်တိုင်း ခံစားရသော တောကျေးလက်၏ရသပင်။ ငါးသလောက်ကြော်၊ ငါးသလောက်ဥနှင့် ဖက်လိုက်သောအခါ ပို၍ စားဝင်သွားသည်။ စိမ်းစိမ်းမှာ သူ့အကြိုက်ကို ကောင်းကောင်းသိနေပြီ။ ဒေါ်ကေသီ ရှိစဉ်ကလည်း သူ့သားအတွက် ကောက်ညှင်းပေါင်းနှင့် ငါးကြော် စီစဉ်ပေးတတ်မြဲ။

ကျုံဒိုးချောင်းကလေးထဲ ဝင်လိုက်သောအခါ အာရုံသစ်တခုကို ထိတွေ့လိုက်ရတော့သည်။ ချောင်းကလေးမှာ ကျဉ်းကျဉ်းကလေး။ ရေစစ်ချိန်ဆိုလျှင် လမ်းလျှောက်သွား၍ ရသည်။ ချောင်းပေါ်သို့ သစ်ပင်များက ယှက်မိုးထားကြသည်။ သံတပွတ်ချောင်းမှ ဝင်လိုက်သောအခါ ဂူကြီးတခုထဲ ဝင်လိုက်ရသကဲ့သို့။ အလင်းရော၊ ကောင်းကင်အပြာများ ပျောက်ကာ နေပျောက်မတိုးသော၊ အုံ့မှိုင်းမှောင်ရီသော တောကြီးအလယ်သို့ ရောက်လာရတော့သည်။ ကမ်းစပ်၌ဓနိပင်၊ ဝါးပင်များ ထူထပ်လျက်။ ညောင်လန်းမုတ်ဆိတ်ပင်များသည် တချောင်းလုံး လွှမ်းမိုးနေသည်။ တွန့်လိမ် ကွေ့ကောက်နေသော သစ်ကိုင်းများကို မနည်း ရှောင်ရသည်။ ညောင်လန်းမုတ်ဆိတ်များသည် အမျှင်အမျှင်ဖြင့် တွဲလောင်းကျနေပေရာ၊ ရေထဲသို့ လျှော့ဝိုက်ကျနေ၏။

ဗညားမော်မှာ ညောင်လန်းမုတ်ဆိတ်များကို ဆွဲချင်စိတ်ပေါ်နေ၏။ ဘယ်လိုမှတား၍မရ။ သမွန်ခတ်သမား ဒါကူးပင် ခေါင်းငုံ့သွားရ၏။ မုတ်ဆိတ်အမျှင်နက်နက်များမှာ သူ၏ခေါင်းကို လာ၍ ပွတ်သပ်နေကြ၏။ ထို့ကြောင့် မဆွဲဘဲမနေနိုင်တော့။ ရေမှာပင် မှိုင်း၍နေသည်။ သစ်ပင်များက တချောင်းလုံး ပိတ်ထူထပ်အောင် ယှက်မိုးထားသဖြင့် ကွက်လပ်သစ်ပင် ပိန်လျများကြားမှ ကျဆင်းယိုဖိတ်ကျသော နေပြောက်များမှာ ရေပြင်ပေါ်၌ ကွက်ကျားထင်ကာ၊ မညီမညာ ပါးသည့်နေရာပါး၊ ထူသည့်နေရာထူသော အစိမ်းပုတ်ရောင် ကျောက်ကျောပြင်ကြီး၌ သမွန်သည် ရွေ့လျားနေပေသည်။

သစ်ပင်တန်းများ ကျော်သောအခါ လယ်ကွင်းများ တွေ့လာရသည်။ သူ၏အဖိုးများ လက်ထက်ကတည်းက ပိုင်လာသော လယ်များဖြစ်သည်။ လယ်ထိပ်၌ ထုံးဖြူဖြူနှင့်အုတ်ဂူ နှစ်ဂူ သုံးဂူ တွေ့ရသည်။ သူ၏ အဘိုးအဘေးများ၏အုတ်ဂူ။

"မူလကတော့ မြေရှင်ယာရှင်တွေ မဟုတ်ကြပါဘူး၊ သာမန်ဆင်းရဲသား တောသူ တောင်သား လယ်သမားတွေပေါ့၊ တောရိုင်း မြေရိုင်းကြီးကို ခုတ်ထွင်ရှင်းလင်းပြီး လယ်တွေတည်ရတာ၊ ဓားမဦးချလယ်လို့ ခေါ်ကြတာပေါ့၊ လယ်လုပ်ရင်းနဲ့ စုဆောင်းပြီး လယ်ကလေး တစနစ်စပိုင်လာကြရင်းနဲ့ မျိုးဆက်တွေဆက်ပြီး လယ်ပိုင် မြေပိုင်ဖြစ်လာကြတာ၊ နောက်ကျတော့ လယ်တင်သာ မဟုတ်ဘူး၊ ဥယျာဉ်ခြံမြေတွေလဲ လုပ်လာတာ၊

အုန်းပင်-ကွမ်းပင်တွေစိုက်  ဓနိပင်တွေစိုက်နဲ့  ဝင်ငွေက  စုမိဆောင်းမိဖြစ်လာတော့  မြေတွေထပ်ဝယ်၊  အဲဒါက အဖိုးဘက်က ဆွေမျိုးတွေ၊ ကျုံဒိုးကဆိုပါတော့၊ အဖွားဘက်ကတော့ ပင်လယ်ဘက် ထွက်ပြီး ထင်းခုတ်တယ်၊ သစ်တွေဝယ်ခွဲတယ်၊ အရောင်းအဝယ်လုပ်တယ်ကွယ်၊ ကုန်သည်ဆိုပါတော့၊ အေး... တို့ ကျုံဒိုးဘက်ကတော့ လယ်တဲ သတ်သတ်မှတ်မှတ် လုပ်ကြတာများတယ်၊ ဒါကြောင့် လယ်နဲ့ ခြံနဲ့လူက များတယ်၊ အဲဒီ တုန်းကတော့ ကိုယ်လုပ်သလောက် အကျိုးခံစားကြရတာကိုး၊ အဲဒီတော့ လုပ်အားပဲရှိတယ်"

သူ၏အဒေါ်များ၊ ဆွေမျိုးများ ပြောပြသည်ကို ငယ်ငယ်ကတည်းက ကြားနေခဲ့ရသည်။ လယ်တကွက် နှစ်ကွက်လောက်ကျော်သောအခါ ရွာကို စတင်မြင်လာရပေပြီ။ ဘုံပြာသာဒ်များနှင့် ရွာဦးရှိ နိဗ္ဗန္ဒကျောင်း။ သူကိုရင်ဝတ်ခဲ့ရသော ကျောင်းက ခြံကြီးအလယ်၌ရှိ၍ စိမ်းအုပ်ညို့မှိုင်းနေသည်။ အဝေးမှနေ၍ ဖြူဖွေးသော ခြသေ့်ကြီးနှစ်ကောင်က ကြိုဆိုနှုတ်ဆက်လိုက်သည်။ ခြသေ့်ဦးမှနေ၍ နတ်လမ်းတန်ဆောင်းများ ဆေးသုတ်ထား၍ အဖြူ၊ အနီ၊ အစိမ်းများဝင်း ပနေ၏။ ခြသေ့်ရုပ်ရှေ့ရှိ ကျောင်းတံတားနှင့် ကပ်လျက်တွင် ရေထဲ၌ ဆောက်ထားသော ရေသိမ်။ ဆရာတော် ရေကသိုဏ်းရှုရာဖြစ်သည်။ လသာသော ညများ၌ တညလုံးနေတတ်သည်။ သူ ကိုရင်ဝတ်သောအခါကပင် သိနေခဲ့ရသည်။ ကျောင်းပတ်ပတ်လည်၌ စိန်ပန်း၊ ပိတောက်၊ ကုက္ကို၊ သရက်၊ ပိန္နဲပင်များ ထူထပ်စွာ ရံလျက်ရှိသည်။ အဝေးမှဆိုလျှင် ကျောင်းကိုပင် မမြင်ရ။ ကျောက်လှေဆိပ်နား ကပ်မိသောအခါ ညောင်လန်းမုတ်ဆိတ်များလည်း ပါးလာတော့သည်။ သို့သော် ဝါးပင်များ ထူထပ်လာပြန်သည်။

ရေဆိပ်ကို ကျော်သောအခါ ကွမ်းသီးခြံကြီး။ ကမ်းစပ်ကား လမုပင်၊ ဓလပ်ပင်များ ပေါက်နေကြသည်။ သစ်ကိုင်းများမှာ ရေထဲသို့ထိလုကနန်း ကောက်လိမ်ကွေး ကျနေကြသည်။ မှောင်၍လာပြန်သည်။ သစ်ပင်များ ယှက်မိုးအုပ်ဝေလာပြန်သည်။ ရေပြင်၏အရောင်နှင့် သစ်ပင်တို့၏အရောင် မကွဲပြားတော့။ ရေပြည့်နေ၍ ရေမှာ အိချောနေပေသည်။ ကွမ်းသီးခြံအကွေ့၌ လှေကလေးတစင်း ဘွားကနဲပေါ်လာသည်။

"ဟဲ့ ... မယ်သင်တို့ပါလား"

လှေပဲ့ကိုင်လာသော၊ ယောက်ျားလုံချည်ဟောင်းတထည် ခေါင်း၌ပတ်ထားသော အသားညိုညို၊ ကျောက်ပေါက်မာ သက်သက်နှင့် မိန်းမကြီးတဦးက လှမ်းအော်၍ နှုတ်ဆက်လိုက်သည်။ ချောင်းထဲဝင်ကတည်းက စိမ်းစိမ်းနှင့် ဒေါ်မြသင်တို့မှာ သမ္ပန်ဦး၌ ထိုင်လိုက်လာကြသည်။

"ဟုတ်ကဲ့.... အရီးသော့၊ ရွာကိုလာတာ၊ အရီးတို့နေကောင်းကြရဲ့နော်၊ ဖိုးတေကော မပါဘူးလား..."

ဒေါ်မြသင်ကလည်း အော်၍ နှုတ်ဆက်လိုက်သည်။ သမ္ပန်နားရောက်လျှင် လှေသည် သမ္ပန်ကိုကပ်လိုက်သည်။ ဒါကူးက ခတ်တက်ကို ရပ်လိုက်သည်။

"နေကောင်းကြပါတယ်ကွယ်...၊ နင့်.. ဦးရီး ဖိုးတေကတော့ တလင်းထဲမှာ လုပ်စရာလေးတွေရှိလို့တဲ့၊ ဘယ်တော့မှ သူကတော့ အလုပ်နဲ့လက် ပြတ်တယ် မရှိပါဘူးတော်...။ သူက အလုပ်မလုပ်ရရင် နေလို့ ထိုင်လို့ ကောင်းတာမဟုတ်ဖူးတဲ့၊ မွဲဇာတာ ပါတာလေ၊ မယ်သင်တို့များ မအူပင်ဘက် သွားနေကတဲက ဒီတခေါက်ပဲ လာသေးတယ်ထင်တယ်"

"ဟုတ်တယ်... အရီးသော့၊ ကျမလဲ ဒီမှာအလုပ်လဲမရှိတော့ ရေကြည်ရာ မြက်နုရာ သွားနေရတာပါဘဲ..."

"ဟုတ်တယ်လေ၊ ဒီနှစ်မှ နဲနဲတော်လာတာပါတော်....၊ ဟိုနှစ်တွေကများ စပါးဈေးတွေ မကောင်းတော့ ကျုပ်တို့ လယ်သမားတွေ သိပ်ကျပ်ကြတာ၊ ဒါကြောင့်လဲ ဝဠုန်တွေထကြပေါ့၊ ဆူးကလပ်တို့၊ ထန်းတော့တို့ဘက်က ဝဠုန်တွေ ကြိုးပေးခံကြရတယ်။ တသက်တကျွန်းကျသူတွေတောင် မနဲဘူး..."

"ဟုတ်ပါရဲ့... အရီးသော့ရယ်၊ သူပုန်ရွာတွေကိုး၊ အနှိပ်စက်ခံရတာပေါ့၊..."

"ညည်းတို့မအူပင်ကတော့ အေးတယ်မဟုတ်လား၊ အဲဒီဘက် ဘာသံမှ မကြားပါဘူး..."

"ဟုတ်တယ်... အရီး၊ ငတ်ပေမယ့် မထကြဘူး၊ ဟသာၤတဘက်ကတော့ ညီကြတယ်"

"ညီပေမယ့် လက်နက်ချင်းက မမျှတော့ မာန်လျှော့ရတာပေါ့လေ..."

"ဟုတ်တယ်... အရီး"

"နေပါအုံး... စကားကောင်းနေလိုက်တာ၊ မယ်သင်တို့ ခရီးတန်းလန်းနဲ့"

အရီးသော့သည် စကားရပ်ကာ စိမ်းစိမ်းနှင့် ဗညားမော်တို့အား စေ့စေ့ကြည့်နေသည်။ တခါမျှ မမြင်ဘူးသလို၊ အထူးအဆန်းလို။

"နေပါအုံးဟဲ့... ဒါတွေက ဘယ်သူတွေလဲ၊ ကျုပ်က မျက်စိမှုန်တော့ ဘယ်သူတွေများပါလိမ့်"

အရီးသော့မှာ ပြုံးကာ သူတို့အား စိုက်ကြည့်နေဆဲ။

ဒေါ်မြသင်က ရယ်မောလျက် "အရီးသော့ကလဲ၊ ဒါက သမီးစိမ်းစိမ်းလေ၊ မမှတ်မိဘူးလား..."

"ဟင်... နေစမ်းပါအုံး..."

"ဒါက ကျောင်းဒကာ ဦးကျေးမော် မြေးလေ၊ ကိုသက်ထွန်းသား၊ ကျောင်းပိတ်လို့လာလည်တာ၊ ရွာမရောက်တာ နှစ်နှစ်ရှိသွားပြီ"

သည်တော့မှ အရီးသော့သည် လွတ်လွတ်လပ်လပ် ရယ်မောလိုက်သည်။ အရီးသော့မှာ စကား ကျယ်ကျယ်လောင်လောင် ပွင့်ပွင့်လင်းလင်း ပြောတတ်သည်။ စိမ်းစိမ်းက အရီးသော့အား ပြုံးကာ ငေးကြည့်နေသည်။ အရီးသော့က သူ့ကို ဇဝေဇဝါဖြစ်နေပုံရသည်။ အရီးသော့သည် ဗညားမော်အား စိုက်ကြည့်လျက်

"အော်... ကေသီသားလား၊ အမေနဲ့ရုပ်ချင်းဆင်တယ်နော်၊ အသားရော မျက်နှာသွယ်ပုံရော၊ ကြီးလာကြပြီဘဲ၊ ကြီးလာတော့... ရုပ်တွေလဲ ချောလာတာပေါ့၊ လူပျိုကြီးတောင် ဖြစ်လာပြီဘဲ၊ ဘယ်နှစ်တန်း ရောက်နေပြီလဲ"

"ရှစ်တန်း၊ ဒီနှစ်အောင် ကိုးတန်း"

"ဟာ ....ရှစ်တန်းတောင်လား၊ တော်တော်ကြီး တတ်နေပြီဘဲ၊ ခုနစ်တန်းအောင်ရင်တောင် မြို့အုပ်လုပ်နိုင်ပြီဘဲ၊ ကျုပ်တို့ရွာ အခွန်လာကောက်တဲ့ မြို့အုပ်မင်းလဲ ခုနစ်တန်းအောင်တယ်လို့ ပြောတာဘဲတော်...၊ မသိပါဘူး"

ဗညားမော်က အရီးသော့အား ပြုံးကြည့်နေ၏။

"လုံမ စိမ်းစိမ်းတော့ မှတ်တောင် မမှတ်မိဘူး၊ လုံမက လှလာတာကိုး၊ တသွေးတမွေးဖြစ်နေတာကိုး၊ အော်…မယ်သင့်သမီး… စိမ်းစိမ်းကိုနော်…"

အရီးသော့ အသံမှာ အံ့သြခြင်းနှင့် တုန်ရီ၍ပင် နေ၏။

"အရီးသော့က စိမ်းစိမ်းမှ မမှတ်မိဘဲ" ဟု စိမ်းစိမ်းက ပြုံးကာ ဝင်ပြောသည်။

"ဟယ်.. ဘယ်မှတ်မိတော့မလဲ၊ စိမ်းစိမ်းက သိပ်ပြောင်းသွားတာ၊ မြို့သွားနေတော့ တသွေးတမွေးကို ဖြစ်လာတာကိုးတော်၊ အသားကလဲ လတ်လာတယ်၊ ဝတ်ပုံစားပုံကလဲ တကယ့် မြို့သူကြီးပါတော်၊ ဘယ်မှတ်မိမလဲ၊ ငယ်ငယ်ကတော့ ကျုပ်က ချီရပိုးရသေးတာ၊ ငယ်ငယ်တုန်းက လုံမက သိပ်ချူချာတာ၊ ပိန်လဲပိန်"

"ဟုတ်တယ်… သမီးရဲ့၊ အရီးသော့က သမီးငယ်ငယ်ကထဲက ရွာမှာနေတာ…"

"မြို့မှာနေတာ ကောင်းပါတယ်လေ။ မယ်သင်မလဲ ယောက်ျားဆုံးသွားတော့ ကစဥ့်ကလျား ဖြစ်သွားတာပေါ့…"

ဒေါ်မြသင်မှာ ရွာမှာနေစဉ်က ဆွေမျိုးများနှင့် သိပ်မတည့်။ သူ့ယောက်ျားက သိပ်အလိုလိုက်သဖြင့် လင်ယောက်ျားမာန် တက်ကာ၊ ဆွေမျိုးများအပေါ် နည်းနည်းထယ်သည်ဟု အဆိုရှိသည်။ ယောက်ျားမှာ သူ့ကို ဘာမှမလုပ်စေရ။ ဒေါ်မြသင်မှာ သနပ်ခါး ခြေဆုံးခေါင်းဆုံး လိမ်းကာ အေးအေးလူလူ နေခဲ့သူ။

သူမယောက်ျား ကိုအင်ကြင်းမှာ အလုပ်ကောင်း။ လယ်ရှင်အလိုက်လည်း သိသည်။ ဆွေလည်း ဆွေမျိုးဖြစ်သော ဦးသက်ထွန်းအား ယုံကြည်ကိုးစားသည်။ ဒေါ်မြသင်မှာ လယ်ထဲမဆင်းရသဖြင့် အခြားရွာသူများထက် ပို၍ နနေသည်။ လှပနေသည်။ ဆွေမျိုးများတွင် ဒေါ်မြသင်မှာ လယ်ပိုင်ရှိသူမဟုတ်။ သူရင်းငှားသာ ဖြစ်သည်။

ဦးသက်ထွန်း၏ ဇနီးဒေါ်ကေသီက ဝမ်းကွဲတော်သူ ဒေါ်မြသင်အား ခင်မင်သည်။ ဥယျာဉ်ခြံမြေ တချို့ကိုလည်း ဦးသက်ထွန်းက ပေးထားသဖြင့် နည်းနည်းချောင်သည်။ လင်ယောက်ျားဖြစ်သူ ကိုအင်ကြင်းရှိစဉ်က မကြောင့်မကြ နေရသော်လည်း၊ ရုတ်တရက် ကိုအင်ကြင်း လယ်ထဲ၌ ပိုးထိ၍ ဆုံးပါးသွားသောအခါ၊ ဒေါ်မြသင်မှာ အစုအဆောင်းလည်း မကျန်ရစ်။မလုပ်တတ်။ မကိုင်တတ်နှင့် သူမနှင့် မသင့်မြတ်သော ဆွေမျိုးများအလယ်တွင် မျက်နှာငယ်နှင့် ကျန်ရစ်တော့သည်။

သမီးလေးကလည်း ဆယ်နှစ်ခန့်။ ဒေါ်ကေသီက မြို့တွင်လာနေရန် ခေါ်သည်။ ဦးသက်ထွန်းကလည်း လူယုံတော် သူရင်းငှား ကိုအင်ကြင်း၏ မျက်နှာကိုငဲ့၍ သူ့အိမ်တွင် လာနေစေချင်သည်။

သူတို့ကလည်း တသက်လုံး ကျွေးမွေးထားချင်သည်။ သို့သော် ဒေါ်ကေသီမှာလည်း နောက်တနှစ်တွင် ကွယ်လွန်သွားသည်။ မအူပင်ဘက်ရှိ သူမ လင်ယောက်ျားဘက်က ဆွေမျိုးများက ဒေါ်မြသင်ကို သူတို့နှင့် လာနေရန် ခေါ်ကြသည်။ လင့်ဘက်က ဆွေမျိုးများက ဒေါ်မြသင်ကို အထူး ခင်မင်ကြသည်။ သူ့ဘက်က ဆွေမျိုးများက သူမကို မခင်ဟု သူမက ယူဆနေသည်။

သို့နှင့် သမီးအကြီး၊ အငယ် သားယောကျ်ားကလေးနှင့် အတူ ခေတ္တ မအူပင်ဘက် သွားနေရင်းက အိမ်ဆိုင်ကလေး တည်ပေးသော လင့်ဘက် ဆွေမျိုးများရွာတွင် မြဲသွားတော့သည်။ သားအငယ်များလည်း နှစ်နှစ်ခန့် အကြာ ဝက်သက်ပေါက်၍ ဆုံးသွားခဲ့သည်။

နောက်တခေါက်ပြန်အလာတွင် စိမ်းစိမ်းကို ဦးသက်ထွန်းတို့အိမ်တွင် ထားခဲ့သည်။ ဗညားမော်မှာ အမေဆုံးသွားသဖြင့် စိမ်းစိမ်းအား သားဖြစ်သူ၏ အဖော်အဖြစ် ဦးသက်ထွန်းက နေစေချင်သည်။ ဦးသက်ထွန်း၏ အမအပျိုကြီးကလည်း စိမ်းစိမ်းအား နေစေချင်သည်။ ဒေါ်မြသင်အားလည်း ခေါ်ထားချင်သော်လည်း၊ မောင်ကလည်း အိမ်ထောင်မရှိသဖြင့် ငယ်ရွယ်သေးသော မုဆိုးမ ခယ်မဝမ်းကွဲနှင့် မသင့်လျော်ဟု အပျိုကြီးက ယူဆသည်။ ဒေါ်ကေသီရှိလျှင် ဦးသက်ထွန်းတို့အိမ်တွင် ဆက်လက်နေမည်ဖြစ်သော်လည်း ဝမ်းကွဲအမဖြစ်သူ၊ သူမကို ချစ်ခင်သော ဒေါ်ကေသီဆုံးသွားသောအခါမှ ဦးသက်ထွန်းအိမ်တွင် နေရန်မဖြစ်တော့။

သမွန်သည် ချောင်းအလယ်၌ မျောလျက်ရှိသည်။ ဒေါ်သော့က လှေပေါ်မှ နေ၍ သမွန်ကို ကိုင်ထားသဖြင့် လှေရော သမွန်ပါ မျောလျက်ရှိသည်။ ဇလပ်သီး ကြွေကျသဖြင့် အစိမ်းရင့်ကွက်ကျားများ ရေပြင်ကောဇောသည် တွန့်သွားသည်။

"ကောင်းပါတယ် မယ်သင်ရယ်၊ လုံမလေး ကိုသက်ထွန်းတို့အိမ်မှာနေတာ ကောင်းပါတယ်၊ လယ်ရှင်ကလဲ စိတ်ကောင်းသဘောကောင်း တကယ်ရှိတာ၊ မကေသီဘက်က ဆွေမျိုးတွေလဲ သူကသိပ်ကြည့်တာ မဟုတ်လား၊ လုံမလေး ရွာမှာသာနေရင် လယ်ထဲဆင်းပြီး လယ်စိုက်ရမှာမဟုတ်လား၊ ကြည့်စမ်းပါအုံး၊ အခုတော့.... တသွေးတမွေး နနေတာ၊ လှလို့ဝလို့ပေါ့အေ... ဟား.....ဟား...."

ဒေါ်သော့မှာ ကျယ်လောင်ကျယ်လောင်နှင့် ရယ်မောလျက် ရှိသည်။

"ကဲ......သွားကြအုံး၊ ကျုပ်ကတော့ ဟိုဘက်ရွာ ကြွေးသွား တောင်းလိုက်အုံးမယ်....."

"ဟုတ်ကဲ့......အရီး......."

ညောင်လန်းမုတ်ဆိတ်များ ပို၍ ထူထပ်လာသည်။ ကမ်းစပ် ဓနိပင်များ၊ လမုပင်များ ထပ်ညှပ်လာသည်။ ကွမ်းသီးခြံကြီး လွန်သောအခါ ဦးသက်ထွန်းတို့ အိမ်ကြီးရှိ လှေဆိပ်တံတားသို့ ရောက်တော့သည်။ ဒေါ်မြသင်ကား ရွာသို့မရောက်သည်မှာ ကြာပေပြီ။ ဆွေးမျိုးများနှင့် မသင့်မြတ်သော စိတ်များလည်း မပေါ်ပေါက်တော့ပြီ။ နီးတကျက်ကျက် ဝေးတသက်သက် မဟုတ်လား။

အိမ်ကြီးမှာ ကမ်းနှင့်သိပ်မကပ်။ ပိတောက်ပင်များကြားမှ ရှေးဟောင်းအိမ်အိုကြီး။ အိမ်ဝင်းကြီးမှာ အကျယ်ကြီး။ အိမ်နှင့်တံတားကြားတွင် မြေကွက်ကျယ်ကြီး။ ကွက်လပ်ထဲတွင် မြက်ရိုင်းများ ပေါက်နေပြီ။ အိမ်ရှေ့မျက်နှာစာ၌မူ ရှင်းလင်းထားသည်။ ကမ်းစပ်ဆွဲလွဲပင်၊ အလိုလေးပင်၊ ခရာပင်၊ ယဲယိုပင်များ ထူထပ်စွာ ပေါက်နေကြသည်။ တံတားမှ အိမ်သို့သွားသော လမ်းကလေးလုပ်ထားပြီး လမ်းဘေးတွင် ရွက်လှပင်များ၊ ရွှေဒင်္ဂါးပန်းပင်များ စီတန်း စိုက်ထားသည်။ လမ်းကလေးမှာ အုတ်များစီထားသည်။ ဆင်ဝင်ရှေ့၌ သနပ်ခါးပင်ကလေး တစ်ပင်။

"ဟာ........ ဗညားမော်တို့ လာကြတယ်ဟေ့........."

အိမ်ထဲမှ အသက် ၃၀ - ခန့် ယောက်ျားတယောက်က လှမ်းအော်၍ နှုတ်ဆက်လိုက်သည်။ ဒေါ်ကေသီ၏ ညီမအငယ်ဆုံး မစိန်နု၏ ယောက်ျား ကိုဝင်း။ မစိန်နုမှာ သူရင်းငှား မောင်ဝင်းနှင့် ခိုးရာလိုက်ပြေးသဖြင့် မိဘ သဘောမတူ၊ ပစ်ထားခြင်းခံရသည်။ ခလေးတယောက်ရသောအခါ ပြန်ခေါ်သည်။ လင်ယောက်ျား မောင်ဝင်းမှာ ရိုးသားသူဖြစ်၍ မိဘများနှင့် သင့်မြတ်သွားသည်။ ဦးသက်ထွန်းတို့ မြို့ပြောင်းသွားသောအခါ မစိန်နုတို့ လင်မယားအား အိမ်စောင့်ထားခဲ့ကြသည်။ အိမ်ကြီးမှာ နှစ်ထပ်၊ အကျယ်ကြီးဖြစ်ရာ၊ အောက်ထပ် အဆောင် တဆောင်၌ မစိန်နုတို့ လင်မယားနေကြသည်။ အပေါ်ထပ် တထပ်လုံးနှင့် ခေါင်းရင်းဘက်အဆောင်ကြီးမှာ သော့ခပ် ထားတတ်သည်။ ဦးသက်ထွန်း စပါးသိမ်းရန် တောဆင်းလျှင် သော့ဖွင့်ကာ နေတတ်သည်။

"ဟယ်....... စိမ်းစိမ်းကော၊ အမသင်ကောပါလား၊ အကိုကြီးကော မပါဘူးလား....."

မစိန်နုသည် ပြေးထွက်လာသည်။ လက်တဖက်က ခလေးချီလျက်။

"နင့်အကိုကြီးက အလုပ်များလို့၊ နောက်မှ လာလိမ့်မယ်......"

"အမသင်၊ မြို့ရောက်နေတာ ကြာပလား...."

"တလလောက် ရှိသွားပြီ၊ ဗညားမော်တို့ အိမ်မှာပေါ့......."

"ရွာတောင် လာမလည်ဘူး၊ မအူပင်ဘက် ပြောင်းသွားကတဲက ဒီတခါဘဲ ရွာကို လာသေးတယ် ထင်တယ်"

"အခု လာပြီပေါ့ဟယ်....."

ဗညားမော်မှာ သနပ်ခါးပင်နား ကပ်ကာ ဟိုဟိုဒီဒီ ကြည့်နေသည်။

"ဒီအပင်က သိပ်မကြီးလာဘူးနော်၊ ကျွန်တော် ငယ်ငယ်တုန်းကလဲ ဒီအရွယ်ဘဲ" အိမ်ကြီးမှာ ရှေးမွန်အိမ်ကြီး။ သစ်သားထုထယ် ကြီးကြီးများဖြင့် ခိုင်ခိုင်ခံ့ခံ့ ဆောက်ထားသော အိမ်ကြီး။ အဖိုးဖြစ်သူ ဦးကျေးမော် ဆောက်ခဲ့သော အိမ်ကြီးဖြစ်သည်။ စီးပွားတက်တုန်း ဆောက်သောအိမ်ကြီး။ ခေါင်အချိုးများဖြင့် အဆောင် အဆောင် ထုတ်ထားသော အိမ်ကြီး။ မီးဖိုချောင်လုပ်ထားသော အဆောင်မှာပင် အကျယ်ကြီး။ မစိန်နုတို့ လင်မယားမှာ အိမ်သားက သိပ်မများလှ။ ခလေးနှစ်ယောက်။ အကြီးက ကိုးနှစ်၊ ယောက်ျားလေး။ အငယ်မက နို့စို့အရွယ်။ သူတို့မှာ မီးဖိုချောင်အဆောင်တွင်ပင် အနေများသည်။ မီးဖိုချောင်အဆောင် ဆိုသော်လည်း၊ အိမ်လေးတလုံးလောက်ကြီးသည်။ အိပ်စရာ၊ နေစရာ အများကြီး။ အိမ်မှာ ကမ်းနှင့် တောအတွင်းဘက်၊ လယ်ဘက် တိုးဆောက်ထားသည်။ နောက်ဖက် တံခါးကို ဖွင့်လိုက်လျှင် တမြော်တခေါ် လယ်ကွင်းကြီးကို ဒိုးလျှိုပေါက် မြင်ရတော့သည်။ ကျုံဒိုးချောင်း တောတန်းက ကောင်းကင်ပြာနှင့် လယ်ကွင်းကြီးကို အနားသတ် ပေးထားသည်။ ကမ်းနားတွင် ထင်းများထားသည်။ မိုးရာသီတွင်သုံးရန် ထင်းများ သိုလှောင်ရာဖြစ်သည်။ ထင်းရုံထဲမှ မြွေများ မကြာခဏထွက်တတ်၍ ခလေးများ အနားမကပ်စေရ။ အတွင်းဘက်တွင်ကား၊ အိမ်ပေါ်သို့ပင် လင်းမြွေအနက်များ တက်တတ်သည်။ မသုံးသော ပစ္စည်းအဟောင်းအမြင်းများ ထင်းရုံထဲတွင် ထည့်သိုထားတတ်သည်။

အိမ်နှင့် မလှမ်းမကမ်း ခြံဝဘက်တွင် စပါးကျီ။ သွပ်မိုး၊ ပျဉ်သားကာ၊ စပါးကျီကျော်လျှင် မြောင်းကလေး။ သမွန်များ၊ လှေများ ဆိုက်ကပ်ထားရန် နေရာ။ စပါးသမွန်ကြီးများ ဤမြောင်းထဲတွင် ထားတတ်သည်။ မြောင်း၏

အဆုံး၌ ဓနိအမိုးရှိသည်။ အများက 'သဗ္ဗန်ရုံ' ဟုခေါ်ကြသည်။ လွန်းတင်လှျင်၊ ကတ္တရာသုတ်၊ ဆေးသုတ်လျှင် ဤအမိုးအောက် သမ္ဗန်ရုံထဲ၌ သမ္ဗန်များကို ထားလေ့ရှိသည်။ မြောင်းကလေးမှာ ရေတက်လာလျှင် ရေဝင်နေပြီး၊ ရေကျလျှင် ရေမရှိတော့။ ရွှံ့နွံများသာ။

သူတို့ခြံနှင့် ကပ်လျက်ဝိုင်းများတွင်လည်း၊ သူတို့၏ ဆွေမျိုးများ၏အိမ်များ။ လယ်ပိုင်၊ ဥယျာဉ်ပိုင်ရှိသူများ ဖြစ်၍ သွပ်မိုးပျဉ်ထောင်အိမ်က များသည်။ ခြေတံရှည်အိမ်များ၊ အဆောင်များ ထုတ်ထားတတ်သည်။ ဆင်ဝင်ဆိုသည့်အတိုင်း ဆင်တကောင်ဝင်ရလောက်အောင်ပင် မြင့်သည်။ မီးဖိုမှာသပ်သပ်၊ အိမ်အောက် မြေကြီးပေါ်၌ ထားကြသည်။ ခြေတံရှည်အောက်ထပ်တွင် ကွပ်ပျစ်များ ခင်းထားကြသည်။ နေ့ခင်းအိပ်စရာ၊ နားနေလဲလျောင်းရာ၊ ဧည့်သည် စောင်သည်အား ဧည့်ခံစကားပြောရာ။

မြို့ကဧည့်သည်များ လာသည်ဆိုသဖြင့် အိမ်နားနီးချင်း ဆွေမျိုးများ ရောက်လာကြသည်။ ဘယ်က ကြားလိုက်သည်မသိ။ ဒေါ်မြသင်နှင့်လည်း သင့်မြတ်သွားကြသည်။ ဟဲ့- မြသင်တို့ သားအမိက ညီအမကျနေတာ ဘဲတော်၊ ဗညားတောင် ကြီးလာလိုက်တာဟယ်၊ လူပျိုပေါက်ကလေး ဖြစ်လာပြီကို၊ သူက စကားကတော့ ငယ်ငယ်တည်းကကို ခပ်နည်းနည်းဘဲ။ ဘယ်နှစ်တန်း ရောက်ပြီလဲ၊ ကြီးလာရင် မြို့အုပ်တို့၊ ဝန်ထောက်တို့ လုပ်ပေါ့ကွယ့်။ မြို့အုပ်မင်း တောဆင်းရင် ကြက်သားဟင်း၊ ကြက်ဥကြော် ကောင်းကောင်းစားရတာပေါ့။ မိန်းမတွေအများကြီးရမယ်။ ဟား.....ဟား၊ မိုးတွင်းလာခဲ့ကြအုံး၊ ဘဲသားချက်ကျွေးရမယ်၊ ကျိုက်ထော်ဘုရားမှာ ရောင်ခြည်တော်မြူးလို့တဲ့၊ သွားကြည့်ရအောင်၊ ဆရာတော်ဆီလဲ သွားအုံး၊ အိမ်လုံး ဆူညံသောသော ဖြစ်သွားသည်။ ဗညားမော်က ခေါင်းတညိတ်ညိတ်၊ သတင်းမျိုးစုံပေးကြသည်။ အဖိုးအောင် တယောက်ကတော့ သေသွားပြီ။ အရီးသဲတယောက်ကတော့ လယ်လုပ်နိုင်တုန်းတော့။ ဦးထွန်းမြတ် နောက်နှစ်မှာ ဘုရားတည် မလို့တဲ့။ မန္တလေး ကြေးသွန်းဆရာတွေ လာလိမ့်မယ်။ မနှစ်မိုးတွင်းက မိုးကြိုးပစ်လိုက်တာ လယ်ထဲက ထိန်ပင်ကြီး ထက်ပိုင်းပြတ်ကျသွားရော။ အိုး... စုံလို့။

ထမင်းစားချိန်၌ကား၊ တအိမ်တခွက် လာပေးကြသည်။ ထမင်းစားပွဲ၌ ပန်းကန်ထားစရာ မရှိတော့။ မဲဇလီရွက်သုပ်၊ ဝက်သားနီချက် ဂုံမင်းဟင်းချို၊ ယဲယိုရွက်ထုပ်ငါးပေါင်း၊ ဆတ်သားဟင်း၊ လယ်ရှင်အရီးလှတို့အိမ်မှ မြို့စားဘို့ ပေါ်လန်ဖြစ် ကုလားခြင်းတောင်းဆွဲနို့ဆီဗူး၊ အင်္ဂလန်ထုပ် ဘီစကွတ်သေတ္တာ လာပေးသည်။

သူတို့၏ ဘိုးဘေးဘီဘင် လက်ထက်ကမှ ဤနေရာဒေသသည် မြက်ရှည်တော၊ ရွှံ့နွံနန်းပြင်၊ ရေတဝက်၊ ကုန်းတဝက်၊ စွတ်စို၍မှိုင်းအုံ့ဆိုင်းမှောင်ရီလျက် ရှိသော တောကြီးမြက်မဲ။ မိကျောင်းတို့ သားရဲတို့ စံမြန်းရာ။ အရိုင်းမြေကြီး၊ လူနေကျဲကျဲ၊ မွန်တို့ ဒေသလယ်စိုက်သော နေရာနည်းနည်း။ မိမိတအိမ်ထောင် စားလောက်ရုံသာစိုက်သည်။ ဝမ်းစာအတွက် စိုက်ခြင်းမျိုးဖြစ်သည်။ အဝတ်ကို ကိုယ့်ဘာသာ ရက်ဝက်ကြသည်။ အထက်အညာမှ ချည်မှျင်မှာရသည်။

နေစရာ ပူစရာမရှိ။ ဝါးသက်ကယ်၊ ဓနိ။ အိမ်ပတ်ဝန်းကျင်တွင် အဆင်သင့်။ ခုတ်သလောက်ရသည်။ ဝါးထရံ။ ဝါးကိုယ့်ဘာသာခွဲ။ ကိုယ့်ဖာသာရက်။ သက်ကယ်၊ ဓနိ ကိုယ့်ဘာသာပျစ်။ ချောင်းမြောင်းထဲ၌ငါးကို သွဲ့ယူရသည်။ ဟင်းရွက်သီးနှံ အိမ်ရှေ့တွင် ပေါက်နေကြသည်။ အညာလှေဆင်းလာလျှင် ဆီနှင့် ဆန်လဲလှယ်သည်။ ဘောက်တူကလေးတစင်းနှင့် ဟိုနားသည်နားသွား။ မြေပဲဆိုတာက လေထက်ပင်ပေါသေး။ တခါတရံ စပါးများ ပိုလျှံ၍ ကြွက်စာကျွေးလိုက်ရသည်။

အနောက်နိုင်ငံမှ ကုန်သည်တို့၏ ပင်လယ်ကူးသင်္ဘောများသည် မြန်မာနိုင်ငံသို့ဝင်လာကြသည်။ အောက်မြန်မာနိုင်ငံမှာ အင်္ဂလိပ်အစိုးရလက်အောက် ရောက်နေပြီဖြစ်ရာ။ ရန်ကုန်မြို့တော်အနီး၌ ဖွံ့ဖြိုးစပြု လာသော အင်္ဂလိပ်ကုမ္ပဏီများက ဆန်ကြိတ်စက်များ တည်ထောင်ကြသည်။ မီးသင်္ဘောများသည် မြစ်လက်တက် များ၌ ဥဩသံတတူတူဖြင့် ဆူညံစွာ ခုတ်မောင်းလာကြသည်။ ကြီးမားသောကုန်တွဲ၊ သမ္ဗန်များပါလာကြသည်။ မြန်မာလှေတို့သည် ကမ်းနား၌ ကပ်ပေးကာ။ လှေသူကြီးသည် ငေးကြည့် ကျန်ရစ်သည်။ စပါးများ ဈေးကောင်းပေး၍ ဝယ်ယူကြသည်။ သို့သော် စပါးစိုက်ခင်းက နည်းနေသေးသည်။ အင်္ဂလိပ်အစိုးရက လယ်ယာမြေသစ်များ ပေါ်ပေါက်လာစေချင်သည်။ မျက်နာဖြူကုန်သည်များက စပါးတွေဝယ်နေသည်ဟူသော သတင်းသည် ပျံ့နှံ့သွားသည်။

ဦးကျေးမော် ဖခင် ဦးတလထော်သည် သူ့ဝမ်းစာအတွက်သာမကတော့ဘဲ စပါးအပိုလျှံထွက်အောင် လယ်ကို ချဲ့၍စိုက်သည်။ ကနစိုတောကြီးကို ခုတ်ထွင်ရှင်းလင်းသည်။ ဓားမဦးချွန်းဖြင့် မြေများကိုတူးဆွကာ ညှိနေသည်။ သူ့အကိုဝမ်းကွဲတယောက်ကလည်း ဦးတလထော်လိုပင် မြေသစ်ထွင်သည်။ နောက်တယောက်၊ နောက်တယောက်။ နောက် .... ။ ရာဇဝိရာဇ် မွန်ဘုရင်လက်ထက်ကတည်းက အမြစ်တွယ်ခဲ့သော သစ်ပင်ကြီး တပင်သည် ရွတ်တွအိုမင်းသော အကိုင်းကြီးကျိုးကျကာ မြေ၌ လဲလျောင်းလျက် ရှိသည်။ နီရဲသော သစ်မြစ်ဆုံ တခုသည် မြေကြီးထဲ၌ပင် စိုက်ဝင်လျှက်ပင် ရှိသေးသည်။

သို့သော် ခြောက်သွေ့တွန့်လိမ် မဲနေ၏။ မြေကြီးနှင့်ကပ်လျက်ရှိသော အမြစ်တခုမှ ရေညှိမှော်စိမ်းများ အညို့ တက်ကာ ကတ္တီပါစိမ်းကလေးကဲ့သို့ သစ်လွင်နေ၏။ မှိုပွင့်ကလေးများ ကပ်ပေါက်နေကြ၏။ နှစ်နှစ်သားအရွယ် သင်တိုင်းကလေးနှင့် မောင်ကျေးမော်သည် အင်္ဂလန်ပြည် ရှက်ဖီးမြို့မှလုပ်သော မောင်းချဓားကလေးဖြင့် မှိုပွင့် များကို ကော်ကစားနေ၏။

ဦးတလထော်မှာ လဲလျောင်းနေသော ကနစိုပင်မှထင်းဖြင့် ရေနွေးအိုးကျိုရင်း၊ သူ၏လယ်သစ်ပင်ကို ငေးမျှော်ကြည့်နေ၏။ မှောင်ရိပ်မျာဖြင့်သန်းနေသော မြေအပြင်သည် လင်း၍လာပေပြီကော။ အဝေး၌ တောတန်းကြီးကို မြင်နေသေးသည်။

ကျားများသည် တောနက်ရှိရာသို့ ရှောင်ပြေးကြလေပြီ။ မိကျောင်းသည် လူသံကြားသဖြင့် ပင်လယ်ဘက်သို့ ဆင်းသွားလေသည်။ ကနဂုတ်မြွေ၊ ဂျင်၊ ဖား၊ ကင်းလိပ်ရှော၊ ဖျံ၊ ဗျိုင်း၊ တင်ကျီး၊ ငှက်ကြီးဝံဘို၊ ကြိုးကြာငှက်များသာ သူတို့နှင့် မဝေးမကွာ ကျန်ရစ်ကြသည်။ အင်းဝဘက်မှလူများလည်း ရောက်လာကြသည်။ စူးအက်များ မြောင်းဖွင့်ပြီး ၁၅ နှစ်ခန့်ကြာသောအခါ မန္တလေးပျက်ရာ အထက်အညာမှ လူများ ပြောင်းရွှေ့လာကြပြန်သည်။ ဗညားမော်အဖွား ဘက်က ဆွေမျိုးတစု မြစ်ဝကျွန်းပေါ်သို့ ရောက်လာကာ လယ်သစ်တည်ကြပြန်သည်။

စပါးအပိုအလျှံများရအောင် လုပ်ငန်းခွင်ချဲ့ရင်း၊ မြေရာများ တိုးပွားလာသည်။ မြေရှိင်းများ ယဉ်လာကြသည်။ ကျုံဒိုးတွင် လူများစုလာကြသည်။ အိမ်ထောင် မိသားစုများ တာဝန်အသီးသီးခွဲကာ စိုက်ပျိုးထွန်ယက်ရင်း၊ စပါးထွက် ကောင်းလာကြသည်။ ဆွေမျိုးများစုပေါင်း၍ စိုက်လာကြသည်။ မြေအပြင်သည် သစ်ရိပ် ဝါးရိပ်များ ဖယ်ရှားကာ၊ ဝင်းပလာလေပြီ။ အစိုးရကလည်း ၁၂ နှစ် အခွန်ဆက်ဆောင်သူအား မြေပိုင်ခွင့်ပေးလိုက်သည်။

လယ်သစ်များသောနေရာတွင် ကပ်လျက် ရွာသစ်ပေါ်ပေါက်လာသည်။ အုန်းပင်များစုနေသော ရွာကို "အုန်းပင်စု" ဟု အမည်ပေးလိုက်ကြသည်။ ဓနိပင်များ တောများသော နေရာ၌ ရွာတည်လျှင် 'ဓနိတော' ဟု အမည် မှည့်ခေါ်လိုက်ကြသည်။ မွန်နာမည်ဖြင့် မခေါ်တတ်တော့။ မြန်မာလိုပင် အမည်မှည့် လိုက်ကြတော့သည်။ မြန်မာများ

ရောနှောလာကြပြီ။ ဦးတလထော်လက်ထက်တွင် မွန်အသုံးအနှုန်းများ ကျန်ရှိသေးသော်လည်း ဦးကျေးမော်လက်ထက်တွင်ကား အငွေ့အသက်ပင် မရှိတော့သလောက်။

ဦးကျေးမော်၏သား ကိုသက်ထွန်းနှင့် မကေသီတို့ အိမ်ထောင်ကျသော ခေတ်တွင်ကား၊ ကျုံဒိုးရွာမှာ မျှော်၍မဆုံးသော လယ်ကွင်းဘေး၊ ချောင်းကမ်းပါး၌ ပျဉ်ထောင်သွပ်မိုးအိမ်ကြီးများ ကြိုကြားပေါ်လာတော့သည်။ ရှေ့ကကဲ့သို့ လက်ခတ်သံ တည်ည်မဟုတ်တော့။ ဆင်းရဲသော၊ ရေးဆန်းသော အိမ်များမှာသာ လက်ယက်ကန်းစင် ရှိတော့သည်။ ဆန်ဖွပ်မောင်းထောင်းသံကား၊ ကြားနေရသေးသည်။ တတ်နိုင်သူများကား ရက်ဝတ်မည့်အစား၊ ရန်ကုန် ကုန်တိုက်မှ ရောင်းသော ကုလားပြည်မှလာသည့် ပလေကပ်ခရုလုံချည်ချောကို တထည်ငါးမတ်ပေး ဝယ်ဝတ်လိုက်ကြတော့သည်။ ဂန္ဓီမာချည်က ခြောက်ပဲ၊ ဝတ်ချင်ဝတ်။ အမျိုးသမီးများကလည်း ရက်ထည်အကြမ်း ဝတ်မည့်အစား၊ ချောနုပါးသော၊ ၁၁-ကိုက်ပါသော မယ်ညိုပိတ်တအုပ် တဆယ်ပေး၍ ဝယ်လိုက်ကြတော့သည်။ ရှံသားကြိုက်သူတို့အဖို့ ရွှေဒင်္ဂါးတံဆိပ် တအုပ်ခြောက်ကျပ်ခွဲ။ အနောက်နိုင်ငံမှ ကုန်ချောများ မြန်မာပြည်တွင်းသို့ ဒလဟောဝင်လာကြပေသည်။

"မင်းအဖိုး ကိုကျေးမော်ကတော့ သိပ်အလုပ်ကောင်းတာ။ ဒါကြောင့်လည်း စီးပွားဖြစ်တာပေ့... " ဟု ချောင်းအကွေ့ တဘက်ကမ်း၌နေသော ဘရန်ပြေက နေ့လည်ထမင်းစားပြီးစတွင် သူတို့စကားပြောရင်း၊ ကျုံဒိုးရွာတည်စ အခြေအနေမှစ၍ ကွမ်းတမြုံ့မြုံ့ဖြင့် ပြောပြသည်။ ကိုဗညားမော်က နားထောင်နေရသည်။ ဘရန်ပြေမှာ အသက် ၇၀-ခန့်ရှိသောလည်း ဆံပင်ဖြူသည်ကလွဲ၍ ကျန်းမာရေးကောင်းသည်။ ဘရန်ပြေမှာ သူ၏ သူငယ်ချင်း၊ ဦးကျေးမော်၏ ဖခင် ဦးတလထော်ကိုပင် မီသည်။ ဦးကျေးမော်၏ မြေးလာသည်ကြားရသဖြင့် နိဗ္ဗိန္ဒကျောင်း ဦးပဏ္ဍိတထံသို့လည်းဝင်ရင်း ကမ်းမှကူးလာခြင်းဖြစ်သည်။

ချောင်းကို ဝါးတံတားလေးများ ဖြတ်ထားသည်။ ဝါးဘိုးကြီးကြီးတလုံးထဲနှင့် ဆောက်ထားသော ဝါးတံတား။ ဗညားမော်မှာ ဤတံတားကိုကူးရင်း ရင်ဖိုရသည်။ လက်တန်းကိုင်ကူးသည့်တိုင် ရင်ဖိုမပျောက်။ ရွာသားများကား လက်တန်းပင်မကိုင်၊ မြေပြင်ပေါ်လျှောက်ရသလို ကူးသန်းနေကြသည်။

"ခုတော့လဲ...... ဂျွန်တွေ ထပြီးကတဲက နိုင်ငံခြားကုန်တွေ သပိတ်မှောက်နေကြတယ် ကြားတယ်၊

တနစ်ကတော့လဲ ခွဲရေး- တွဲရေးငြင်းလိုက်ကြတာ" ဟု ဘရန်ပြေက ပြောနေ၏။ ဘရန်ပြေမှာ တိုင်းပြည်ရေးရာကို စိတ်ဝင်စားသည်။

ညနေစောင်းတွင်ကား ရွာထဲလျှောက်လည်သည်။ ရွာဖျား ဒေါ်မယ်တို့အိမ်၌ ဆန်ဖွပ်နေကြသည်။ တချို့အိမ်တွင် ယက်ကန်းစင်များ ရှိသေးသည်။ သူတို့အမေ ဒေါ်ကေသီသည် အပျိုဘဝက လုံချည်ဆင် အရက်ကောင်းသည်ဟု ကြားရဘူးသည်။ တချို့က အထက်ကလာသော ချည်ထည်ကို ဝယ်ဝတ်ကြသည်။ သူတို့ထက် ချောလည်းချော အဆင်လည်းကောင်း။

ထိုည၌ ဗညားမော်သည် သူအိပ်သော အခန်းမှ တရုပ်ကပ် ပြတင်းပေါက်ကို ဖွင့်ကာ ကြယ်ရောင် ဝိုးဝါးအောက်၌ အိပ်ပျော်နေသော လယ်ကွင်းကြီးကို လှမ်းကြည့်လိုက်သည်။ ကောက်လှိုင်းနံ့သင်းသော လေသည် တဖြူးဖြူးတိုက်ခတ်လျက်ရှိသည်။ ရွာအစွန်တဲစုဘက်မှ မီးများ မှိတ်တုတ်မှိတ်တုတ် လက်နေသည်ကို လှမ်းမြင်ရသည်။ နံနက် အိပ်ရာမှ နိုးသောအခါ ကြက်တွန်သံနှင့် နွားအော်သံများက သူတို့ကို ကြိုဆိုလိုက်သည်။

## အခန်း (၂၀)

သည်တခေါက် ရွာသို့ အလည်လာရသည်မှာ ကျောင်းသစ်တခု တက်ရသလိုခံစားရသည်။ ညနေဘက်ရွာဖျား ဒေါ်မယ်တို့အိမ်မှအပြန် နိဗ္ဗန္တသို့ဝင်လိုက်သည်။

ဆရာတော်မှာ ရေကန်အနီးရှိ သိမ်ထဲ၌ တံမြက်စည်း လှည်းနေသည်။ သိမ်မှာ အုတ်တိုက်ကလေးဖြစ်သည်။ သိမ်ဝင်းကို သံပန်းများဖြင့် ကျကျနန ကာရံထားသည်။ ဦးကျေးမော် မဆုံးခင် တနှစ်ကမှ သူကိုယ်တိုင် ကြပ်မတ်သော၊ ဆောက်လုပ် လှူဒါန်းထားသော အဆောက်အဦဖြစ်သည်။ ပုံစံမှာ ခေတ်မီသည်။ ရောင်စုံ မှန်တံခါးများပင်ပါသည်။ ဘုန်းကြီးကျောင်း ဆောက်တုန်းကနှင့်ပင်မတူ။ ဘုန်းကြီးကျောင်း ဆောက်စဉ်က ရှေးဟောင်းပုံသဏ္ဍာန်၊ ရှေးဟန်များပါသည်။ သစ်သားများ ထုထယ်အကြီးကြီးများ သုံးသည်။ မုတ္တမဘက်က လက်သမား၊ ပန်းပုဆရာများနှင့် ကြည့်ကြပ်ဆောက်ခြင်းဖြစ်သည်။ ဘုရားဆောင်ဆိုလျှင် ကြေးဆင်းတု၊ ပလ္လင်၊ တကဲများဖြင့် တခမ်းတနား မွမ်းမံသည်။ ပန်းပုလက်ရာများဖြင့် ဆင်ယင်သည်။ မှန်စီရွှေချ၊ ပိုးဖဲကတ္တီပါများဖြင့် ဝင်းလက်သည်။

ယခု သိမ်ဆောက်သောအခါမူ အုတ်တိုက်ဖြစ်၍ ရှေးဟန်သိပ်မပါတော့။ ဘုံပြသာဒ်များပင် မထည့်တော့ဘဲ ပတ်ပတ်လည် အင်္ဂတေပန်းများ ဖော်သော အမိုးဖြင့် ပုံစံသစ် လုပ်ထားသည်။ မြေအောက်တိုက်ခန်းလေးလည်း ထည့်ထားသည်။ တံခါးဘောင်ခွေများ ပုံစံကို ရန်ကုန်မြို့ အတွင်းဝန်ရုံးမှ ဝိတိုရိယဟန် ယူထားသည်။ အင်္ဂတေအဖြူဖြင့် ပန်းများဖော်ကာ အုတ်အနီရောင် နံရံများ လုပ်သည်။ တံတားအထက် လေပေါက်ကို မှန်ရောင်စုံများဖြင့် ဂုံးသဖွယ် လုပ်ထားသည်။ သိမ်ပတ်ပတ်လည်၌ ငှက်ပျောပင်များစိုက်ထားသည်။ စိမ်းစိုလျှက်ရှိသည်။ သိမ်ဝင်းထဲတွင် ပိတောက်ပင်များရှိ၍ အရိပ်အာဝါသ ကောင်းသည်။ ဆရာတော်မှာ ဗညားမော်လာ၍ ဝမ်းသာနေသည်။ သူကမူ ဆရာတော် သူ့အပေါ်သည်လောက် သံယောဇဉ်ရှိမည်ဟု မထင်။ ကိုရင်ဝတ်စဉ်က သူက ခပ်ငယ်ငယ်။ ဆရာတော်ချပေးသော စာများကလည်း သူဘာမျှ အဓိပ္ပာယ်နားမလည်သော ပါဠိစကားလုံးများ၊ တချို့အနက်ပါသော်လည်း၊ လုံးစေ့ပတ်စေ့ နားလည်ခဲ့သည်မဟုတ်။ ဆရာတော်မှာ သူကြားဘူးသော ဘုန်းတော်ကြီးများကဲ့သို့ ကြိမ်လုံးသုံးသူမဟုတ်။ အကျိုးအကြောင်း နားလည်အောင် ရှင်းလင်းပြောပြသည်။ စည်းကမ်းစနစ်ကြီးသည်။ သူ့စည်းကမ်း မလိုက်နာလျှင် ကျောင်းတွင်မနေရ။ ဘယ်သူဝင်ပြော၍မျှ မရ။

သူ့ကိုမြင်လျှင် ဆရာတော်သည် တံမြက်လှည်းနေခြင်းကို ရပ်လိုက်သည်။ သိမ်ဘေးရှိကွပ်ပျစ်ပေါ်၌ ထိုင်ခိုင်းပြီး သူနှင့်စကားပြောသည်။ ဒကာကြီး နေကောင်းရဲ့လား။ ဘယ်သူနဲ့လာသလဲ။ ဘယ်နှစ်တန်း ရောက်ပြီလဲ။ ဆရာတော်မှာ စကားအပိုမပြောတတ်။ သည်မျှလောက်သာ မေးမြန်းပြီး၊ သူသိချင်တာတွေ မေးသည်။

ဦးကျေးမော်မှာ ကျောင်းဒကာရင်းဖြစ်၍ မြေးဖြစ်သူကို ဂရုစိုက်ခြင်းဖြစ်မည်။ ကျောင်းပိတ်ရက်အတွင်း လည်လာခိုက် ဆရာတော်က တခုခု တက်ပေးချင်သည်။ သင်္ဂြိုဟ်တက်မလား၊ သဒ္ဒါတက်မလား၊ ဆန်းလင်္ကာတက်မလား၊ ပို့ကဗျာတက်မလား။ ဆရာတော်နှင့် စကားပြောနေခိုက် သူ ကိုရင်ဝတ်စဉ်က ကျောင်းတွင်ရှိသော သူတို့သူရင်းငှား ကိုသာပွင့်၏သား၊ ဘုန်းကြီးကျောင်းသား မောင်ချမ်းမြ ရောက်လာကာ ဝင်၍ တံမြက်စည်း လှည်းနေသည်။ ဗညားမော်က မောင်ချမ်းမြကို လှမ်း၍ နှုတ်ဆက်လိုက်သည်။ သူလည်း တော်တော်ကြီးလာပြီ။ ဆံပင်ရှည်ကြီးနှင့်။ ဂုတ်ပေါ်တွင်ဆံပင်များ ဝဲကျနေ၏။ ငယ်လျှင် သူ့ထက်တနှစ်၊ ကြီးလျှင်လည်း တနှစ်ထက်မပို။

ဗညားမော်မှာ ကျိုက်တော်ဘုရားရှိ ရောင်ခြည်တော် လွှတ်ပွဲသွားဖူးချင်သည်။ သပြေရိပ်ဝန်း ဘက်လည်း သွားချင်သေးသည်။ ယခင်ကလို ကုန်းလမ်း သွားမည်။ ကျုံဒိုးချောင်းဖျားအထိ လှေလှော်လှော်မည်ဟု စိတ်ကူးထားသည်။

ကျုံဒိုးချောင်းမှာ ချောင်းပင်ငယ်သော်လည်း၊ အရှည်ကြီး။ ဖျာပုံတဖက်ကမ်း အထိပင် ပေါက်သည်။ သို့သော် မတက်နိုင်တော့။ ဆရာတော်၏ စကားကို ငြင်းဆန်ဘို့ ခက်သည်မဟုတ်လား။ သူက ဆန်းအလင်္ကာနှင့် ပို့ကဗျာကို ရွေးချယ်လိုက်သည်။

“မိမိ စိတ်အားထက်သန်တာကိုလုပ်ရင် ကောင်းတာပေါ့ကွယ်၊ သဒ္ဒါ၊ သင်္ဂြိုဟ်၊ နောက်တခါ နွေကျောင်းပိတ်ရက် တခါလာလည်ရင်လာတက်ပေါ့၊ ဟုတ်လား၊ သုဗောဓာ လင်္ကာရကျမ်းကို တက်ပေးမယ်၊ ဆရာတော့်ဆီမှာ ရှင်မဟာရဋ္ဌသာရတို့၊ ရှင်မဟာသီလဝံသတို့ ပို့တွေရှိတယ်၊ နဝဒေး၊ နတ်ရှင်နောင် ရတုတွေလဲ ရှိပါတယ်၊ အဲဒါတွေက ထုတ်နုတ်ပြီး ဆန်းအလင်္ကာနိဿျအနက် ထုတ်ပေးမယ်”

ဆရာတော်ထံမှ ပြန်လာသောအခါ မှောင်ရီပင် ဖွဲ့ဝန်းစရှိလေပြီ။ ခြသေ့်ဦး၌ မောင်ချမ်းမြနှင့်တွေ့သည်။ သူက အသားမဲမဲ၊ ဝဝ။ မျက်နှာထားအမြဲတမ်း ချိုသည်။ သူတပါးအား ကူညီတတ်သည်။ ဗညားမော် ကိုရင်ဝတ်တုန်းက သူနှင့်ကစားဘက်။ ဇလပ်သီးပစ်တမ်း ကစားကြသည်။ ဆွမ်းခံလျှင်လည်း မောင်ချမ်းမြနှင့်အတူ။ ဆရာတော်နှင့်သွားလျှင် လေ့လော့ရသည်။ သူ့ဖခင်မှာ သားကို စာပေပညာတတ်စေချင်၍ ဆရာတော်ထံတွင် ကျောင်းအိပ်ကျောင်းစား ထားသည်။ သူကား သင်ရိုးတော်တော်တတ်နေပြီ။ သဒ္ဒါ၊ သင်္ဂြိုဟ်။ သူ့ဖခင်က လယ်ထဲမိုးထဲ ပင်ပင်ပန်းပန်းမလုပ်စေချင်။ စာပေကျွန်းဂန်တတ်မြောက်ပြီး၊ ဆရာတော်၊ သမားတော် ဖြစ်သွားလျှင်လည်း ကျေနပ်သည်။

ညနေဘက်တွင် ဆရာတော်ထံ သွားရသည်။ တခါတရံ အိမ်းဝင်းထဲရှိ ပိတောက်ပင်အောက်၌၊ တခါတရံ ရေကန်ဘေးရှိ သဖန်းပင်အောက်၌၊ ဆရာတော်က စာချသည်။ မောင်ချမ်းမြက ဗညားမော်အတွက် လက်ဖက်ရည်ကြမ်း၊ ငှက်ပျောသီး၊ ထန်းလျက်၊ ကြံသကာ၊ တခါတရံ မုန့်သေတ္တာ၊ ဘီစကွက်လာချပေးသည်။ ပထမ ပါဠိကို စ၍ အလွတ်ကျက်ရသည်။

**မုနိန္ဒဝဒ နမ္မောဇ၊**
**ဂွန္တ သုတ္တ ဝသုန္ဓရီ၊**
**သရဏံ ပါဏိနံ ဝါဏီ၊**
**မယှံ ဝိနယကံ မနံ။**

မတတ်နိုင်တော့။ မကျက်၍ မဖြစ်၍ ကျက်ရတော့သည်။ ဆရာတော်က သူ့အကဲကို ခတ်မိသည်။ သူ မကျက်ချင်ကြောင်း သိနေသည်။

“မူရင်းကတော့ ဣန္ဒိယပြည်က သက္ကဋ္ဌဘာသာနဲ့ ရေးထားတာတွေဘဲကွယ်၊ အဲဒါကို တခါ သီဟိုဠ် အက္ခရာ၊ မာဂဓစာ ပါဠိဘာသာပေါ့လေ။ အဲ့ဒါနဲ့တခါ ဘာသာပြန်ရတာကို၊ အဲဒီကမှ မြန်မာဘာသာ ပြန်ကြရတာ၊ အဲဒီတော့ မူရင်းကို ရနိုင်သမျှ ရအောင်ကိုင်တာ အကောင်းဆုံးပေါ့၊ ပါဠိရဲ့ အနက်အဓိပ္ပာယ်ကို ဆရာတော်က ရှင်းပြရမှာပေါ့၊ ပါဠိကျက်ထားမှ မမေ့မှာ…”

ဆရာတော်က ပထမ တိုက်ရိုက်အဓိပ္ပာယ်ကို ချပြသည်။ မြတ်စွာဘုရား၏ ခံတွင်းတော်ဟူသော ကြာတိုက်၌ ဖြစ်ခြင်းကြောင့် ကောင်းမြတ်သောလူသတ္တ ဝါတို့၏ ကိုးကွယ်ရာဖြစ်သော၊ တရားတော် ဖစ်တည်းဟူသော သူရဿတိ နတ်သမီးသည် ငါ၏စိတ်ကို နှစ်သိမ့်စေတော်မူပါစေသတည်းတဲ့။ အလင်္ကာ ကျမ်းနှင့် မိက်ဆက်ပေးသော နိဒါန်းစကားများကား ပျင်းစရာကောင်းနေ၏။ ကျမ်းပြုဆရာ၏ ဆုံမစကား၊ အာဘော်များဖြစ်၍ စိတ်မပါလှ။ စတတ်စမို့ဆ ရာတော်အားလည်း ကြောက်နေကာ မမေးဝံ့သေး။ သူ့စိတ်၌ မရှင်းတာတွေ၊ လက်ခံလို့မရာတွေရှိနေသေးသော်လည်း ဘာမှမပြော။ ကျက်၍သာနေရ၍ စိတ်ကမပါ။ မတတ်နိုင်တော့။

စာကျက်သောနေရာကသာယာ၍ တော်သေးတော့သည်။ ရေကန်မှာညနေခင်း ကောင်းကင်ရောင်အလိုက် ပြောင်းလဲနေ၏။ ကောင်းကင်က ပြာနေလျှင်မှန်ရေပြင်မှာ နီလာသား။ နေညိုလာလျှင် နီလာသားမှာ ရင့်လာ၏။ တခါတရံ ကျောက်စိမ်း၊ တခါတရံ ကြည်လဲ့သော မြမှန်သား။ ထိုအခါများတွင် ကြာရွက်များမှာ ရှင်းမြစိမ်းလက်

နေကြ၏။ တိမ်တိုက်အဖြူများ လွင့်ပါးနေသည့်အခါ ကြာပွင့်များပေါ်၌ စိန်စများ ပြေးဆော့ကစား နေကြတော့၏။ နွေးပန်းရနံ့များသည် ထုံယစ်နေကြ၏။

ညပင် မအားတော့။ ညနေက တက်ထားသောစာများ ကျက်ရသည်။ ပြန်နွှေးရသည်။ နောက်တနေ့ညနေတွင် ဆရာတော်အား ပြန်အံရသေးသည်။ စာ တက်စကဆိုလျှင် ဆရာတော်ချပေးသော ပါဠိကို ကူးရေးရသည်။ နောက်တရက် အဓိပ္ပာယ်ရှင်းပြချက်ကို မှတ်သားရသည်။ မနက်ဖက်သာ အားနေသည်။ ကျက်စာများလျှင် သိပ်ပင်မအားတော့။ တခါတရံ နေ့လယ်မှာ ကျက်နေရသေးသည်။ ဆရာတော်က "မင်းရက်ကြာကြာနေနိုင်ရင်တော့ ပါဠိပါသင်ပေးရမှာ။ အမှန်တော့ ပါဠိပါသင်နိုင်မှ ကောင်းတာ" ဟု ဆရာတော်က အလွတ်ကျက်နေသည်ကို မနှစ်မြို့သည့် သူ့အားပြောသည်။

ကျိုက်တော်ဘုရား ရောင်ခြည်တော် လွှတ်သည်ကိုသွားကြည့်ရန် ဆရာတော်အား တရက်ခွင့်ပန်ရသည်။ ရောက်တော့လည်း ဘာမျှ ထူးလှသည်တော့ မဟုတ်။ အနီးကပ် မကြည့်ရ။ လှေပေါ်မှ ကြည့်ကြရသည်။ နေရောင်၌ လက်လက်-လက်လက် နေသည်ကိုတော့ တွေ့ရသည်။ လှေတွေ၊ သမ္ဗန်တွေမှာ ပြည့်ညပ်နေ၏။ ပတ်ဝန်းကျင်ရွာများအားလုံးပင် လာဖူးကြသည်ဟု ထင်ရ၏။ အလှူငွေများထည့်လိုက်ကြသည်မှာ ငွေဒင်္ဂါးသံ တချွင်ချွင်။ ထမင်း ဆိုင်တန်းများလည်း စည်းကားနေသည်။ လ, သာသာ ပြန်လာခဲ့ကြသည်။ သူ့အဒေါ် မစိန်နတို့ လင်မယား၊ စိမ်းစိမ်းတို့သားအမိ၊ မောင်ချမ်းမြလည်း လာသည်။ လ,ပြည့်ဝန်းသည် နီလာပြင်ပေါ်၌ လှေကလေးနှင့်အတူ လိုက်ပြေးနေ၏။ သောင်စပ်၌ ရွှေရောင်ထွန်းနေ၏။ ဗညားမော်က 'မြစ်တွင်းကွေ့ချောင်၊ သဲသောင်ပြင်ထွန်း' ဟူသော နဝဒေးအပိုဒ်ကို သတိရလိုက်၏။

ဒေါသ၊ ဂုဏ်၊ ရသ၊ ဘဝစသည့်အခန်းများ ရောက်လာသောအခါ သူသည်စိတ်ပါစပြုလာသည်။ ကိုးခန်းပျို့၊ ပါရမီခန်းပျို့၊ နေမိဘုံခန်းပျို့၊ ရှင်ဥတ္တမကျော် တောလား၊ နဝဒေး နတ်ရှင်နောင်ရတုများမှ ထုတ်နုတ်ကာ ကိုးကား ရှင်းပြမှ သူသည်ကဗျာကို ခံစားလာသည်။ သူကိုယ်တိုင်ပင် စောစောရောက်လာတတ်သည်။ သူ-ထက်သန်လာမှန်း သိ၍ ဆရာတော်ကလည်း စိတ်ပါလာတော့သည်။

ကျုံဒိုးချောင်းဖျားအထိ လှေလှော်သွားမည်ဟူသော အစီအစဉ်ကိုပင် မေ့နေတော့သည်။ လ,သာသော ညများ၌ တလင်းပြင်ရှိ ကောက်ရိုးပုံဘေးတွင် ထိုင်ရန်၊ ကိုးခန်းပျို့ကို သတိရချင် ရနေ၏။

ရွာ၌ တလလောက်ပင်ကြာသွားသည်။ မှောင်ရီသည့်အချိန်ပင် စာတက်နေ၏။ ကဗျာလင်္ကာများက သူ့ကို ဖမ်းစားလိုက်ပြီ။ မှောင်လာလျှင် မောင်ချမ်းမြက လိုက်ပို့ရ၏။ ရွာမှ မြို့သို့ ပြန်သွားသောအခါ သူနှင့်အတူ နတ်ရှင်နောင် ပါလာတော့သည်။

## အခန်း (၂၁)

"ဟဲ့... မောင်လေး... အောက်ဆင်းပါအုံး၊ လိုင်တို့လာတယ်၊ ခေါ်နေတာမကြားဘူးလား...."

လှေကားထိပ်မှစိမ်းစိမ်း၏အသံ။ သူမ၏အသံမှာစူးရှပြီး ဒေါသဟန်ပင် ရောနေသကဲ့သို့။ ဗညားမော်က သူမကို ကျောပေးနေရင်းကပင် ရေးလက်စ ဗလာစာအုပ်မှ မျက်နှာကိုမခွာဘဲ "ဘာလုပ်မှာလဲ" ဟု ပြန်ပြောနေ၏။ သို့သော စိမ်းစိမ်းကား အောက်သို့ ဆင်းသွားလေပြီ။ သူသည် စိမ်းစိမ်းဆင်းသွားသည်ကို မမြင်။ လှေကားမှ ဆင်းသွားသော ခြေသံသဲ့သဲ့ကြားနေရ၏။ ခြေသံမှာ ခါတိုင်းထက်ပြင်းနေ၏။

ယခုတလော စိမ်းစိမ်းနှင့်သူ သိပ်မသင့်မြတ်လှ။ ရန်ဖြစ်တာတော့မဟုတ်။ မကြာခဏ စကားများကြရသည်။ အငြင်းပွားရသည်။ ဗညားမော်မှာ အခြားသူများနှင့် စကားနည်းသော်လည်း၊ စိမ်းစိမ်းနှင့်မူ သူက ငြင်းမိလျှင် အလျှော့မပေးတတ်။ ငယ်ငယ်တုန်းကလို မဟုတ်တော့။

ဇီဇာလည်း ကြောင်လာသည်ဟု စိမ်းစိမ်းကပြောနေ၏။ ဒါကိုမူ ဘာမှပြန်မပြော။ ဇီဇာကြောင်သည်ဟုသော အဓိပ္ပာယ်ကို သူကသဘောမပေါက်။ စိမ်းစိမ်းက ဇီဇာကြောင်သည်ပြောလျှင် သူက ဘယ်တော့မျှ ပြန်မမေး။ ဘာဇီဇာကြောင်တာလဲဟု မေးနေလဲ အပိုဟု သူ့စိတ်ထဲက ထင်နေ၏။ ဖွင့်ဟ၍တော့ မပြော။

သူသည် စာရေးစားပွဲကို လှလှပပ၊ သပ်သပ်ယပ်ယပ် ပြင်ဆင်ထားတတ်သည်။ ပန်းအိုးတွင် ပန်းများ အမြဲစိုက်ထားတတ်သည်။ စပယ်ပွင့်ချိန်ဆိုလျှင် စပယ်ပွင့်များကို ရေထဲစိမ်ကာ ထားတတ်သည်။ ပန်းပွင့်ပါသော ပိုးစကလေးများနှင့် စားပွဲခင်းအဖြူပေါ်မှ ထပ်ခင်းတတ်သည်။ ဒါကို စိမ်းစိမ်းက သဘောမကျ။ ဘာဖြစ်လို့ နှစ်ထပ် ခင်းတာလဲ။ သူကမူ ပန်းပွင့်ကလေးနှင့် လှပသဖြင့် စိတ်ကြည်လင်သည်။ စိမ်းစိမ်းခင်းပေးထားသော အနားကွပ် အပြာစင်းနှင့် စားပွဲခင်းနှင့်ဆို သူမကြိုက်။ ဘာကြောင့်မကြိုက်သည်ကိုမူ သူလည်းမသိ။ စိမ်းစိမ်းအားလည်း မကြိုက်ဖူးဟု ပြောမနေချင်။ ထို့ကြောင့် သူကြိုက်သော နက်ပြာခံပေါ်မှ ပန်းပွင့်များပါသည့် ပိုးစကလေး ခင်းထားခြင်းမျှသာ ဖြစ်သည်။ ပိုးစကလေးက စာပွဲအုပ်မိရုံ။ အနားများ အောက်ကျနေအောင် မရှည်။

စားပွဲခင်းရန်အတွက် လုပ်ထားသော စားပွဲခင်းကား မဟုတ်။ သို့သော် သူက ပိုးစပန်းပွင့် အရောင်လှ၍ စားပွဲခင်းခြင်းမျှသာဖြစ်သည်။ ဒါကို စိမ်းစိမ်းက ဇီဇာကြောင်တာတဲ့။ သူက စိမ်းစိမ်းကို သူ့စိတ်ထဲရှိတာကို မပြောပြတော့။ စိမ်းစိမ်းပြောသည်ကို နားထောင်ကာ ပြုံး၍သာနေ၏။ သူက အကျိုးအကြောင်း ရှင်းပြလျှင်လည်း လက်ခံချင်မှ လက်ခံမည်။ လက်မခံလည်း သူက သူကြိုက်သော ပိုးစကိုပင် ခင်းမည့်သူ။ ဒါဖြင့် ဘာကြောင့် ရှင်းပြတော့မလဲ။ သူ့ဟာနှင့်သူ။

နောက်တခုကား သူသည် ကျောင်းဆင်းလျှင် အပြင်သို့မထွက်ပဲ၊ တကုန်းကုန်း စာရေးနေ၏။ ကဗျာစပ်နေခြင်း ဖြစ်၏။ ဗလာစာအုပ်မှာ ကဗျာများဖြင့် ပြည့်နေ၏။ ကကြီး ခကွေးအက္ခရာများစဉ်ပြီး၊ ကာရန်တွေ ရေးချနေ၏။ ဘာလုပ်ဖို့လဲ စိမ်းစိမ်းက မေးသောအခါ ကာရန်ရှာရတာလွယ်အောင် ဇယားတွေ လုပ်ကြည့်တာဟု ပြော၏။ ကြား-မကြားဘူးပါဘူးဟု စိမ်းစိမ်းက မဲ့ကာပြောလိုက်၏။

"မောင်လေးကလဲ ကဗျာတွေ များလွန်းတယ်ကွာ၊ ကျောင်းစာဖတ်စမ်းပါ၊ ကိုးတန်းအောင်ဖို့က အရေးကြီးတာ၊ ကိုးတန်းအောင်မှ ဆယ်တန်းရောက်မှာ၊ ဒီကဗျာ မလုပ်စမ်းပါနဲ့...."

"အမကလဲ ကိုးတန်းမှာ ကျောင်းကသင်တဲ့ ကဗျာတွေမှမဟုတ်ဖဲ..."

"ကဗျာပါဆိုမှ အတူတူပေါ့..."

ဗညားမော်က ပြုံးကြည့်နေ၏။ စိမ်းစိမ်းက မျက်စောင်းထိုးကာ ထွက်သွား၏။

ခါတိုင်းမူ အောက်ထပ် ခေါင်းရင်းခန်းတွင် ပက်လက်ကုလားထိုင်တလုံးနှင့် စာဖတ်နေတတ်သည်။ ကဗျာစပ်သော အခါမှ အောက်ထပ်က ညှော်သည် ခဏ,ခဏလာ၍ဟု ဆိုကာ အပေါ်ထပ်ဆင်ဝင်ခန်း သူ့အိပ်ယာဘေးရှိ စားပွဲတွင် ထိုင်ကာရေးတတ်သည်။ အောက်ထပ်က ထမင်းစားရန်ခေါ်မှ ဆင်းလာတတ်သည်။ ဒါကိုလည်း စိမ်းစိမ်းကား မကြိုက်လှ။

"အညောင်းမိပ့ါမယ်ဟယ်... တကုန်းကုန်းနဲ့၊ အပြင်ထွက်လမ်းလေးဘာလေး လျှောက်ပါလား..." ပြော၍မရ။ အပေါ်ထပ်တွင်သာ စားရေးစားပွဲ၌ တကိုယ်တည်းနေ၏။ ကဗျာမရေးလျှင်လည်း ကဗျာစာအုပ်များ

ဖတ်နေတတ်၏။ ရန်ကုန်သို့ ကဗျာစာအုပ်များ လှမ်းမှာ၏။ ကြော်ငြာကြည့်ကာ မှာတတ်၏။ ပါဆယ်နှင့်မှာ၍ စာအုပ်ထုပ်လာလျှင် ရွေးယူရ၏။

အမှန်အားဖြင့် ဆရာတော် ဦးပဏ္ဍိတထံတွင် ဆန်းအလင်္ကာများ တတ်စဉ်က သူ့ကို နတ်ရှင်နောင်က ဖမ်းစား လိုက်သည်ထင့်။ ဆရာတော်က ဆန်းအလင်္ကာများ အနက်ဖွင့်ပြရာ၌ ပုံစံအဖြစ် ပျို့နှင့်ကဗျာများမှ ထုတ်နုတ် ပြတတ်သည်။ ဆရာတော်အကြိုက်မှာ ပါရမီတော်ခန်းပျို့၊ ဆုတောင်းခန်းပျို့များဖြစ်၏။ သို့သော် ရတုများလည်း ထုတ်ပြရင်း၊ သူသည် နတ်ရှင်နောင်၏ ကျော့ကွင်း၌ မိနေလေသည်။ ပထမကမူ နဝဒေးကိုလည်း ကြိုက်နေ၏။

ဘယ်ဟာရွေးရမည်မသိ။ သူကလည်းလှသလို၊ ဟော သူကလည်း တမျိုးလှနေသလို။ နောက်ဆုံး၌ကား နတ်ရှင်နောင်၏ ညို့ဓာတ်ကို ခံနိုင်ရည်မရှိတော့။ သူ၏ စကားများကား ဗညားမော်၏ နှလုံးသား စွဲလမ်းကပ်ငြိအောင် ပြုနိုင်လေအားတော့သည်။

နတ်ရှင်နောင် ရတုကို အထပ်ထပ်ဖတ်ပြီး သူလည်း ကဗျာတွေ ရေးစပ်လာတော့သည်။ ကျောင်းတွင် သင်ရသော ဘလ္လာတိယဥမ္မာဒန္တီပျို့များ ဖတ်ရစဉ်က အရသာမတွေ့ခဲ့။ ပါဠိစကားလုံးများ ပေါ်ရာဏ စကားလုံးများ ရှာရသည်နှင့် မောကာ၊ နပန်းလုံးခံစားရသလို ခြေကုန်လက်ပန်း ကျနေခဲ့သည်။ ကျုံဒိုး နိဗ္ဗိန္ဒဆရာတော်က ပါရမီတော်ခန်း၊ ဆုတောင်းခန်းများ တက်ရစဉ်ကလည်း ထမင်းလုံးတစ္ဆေ အချောက်ခံနေရ၏။ စာတက်ပြီး အပြန် ညကျလျှင် လန့်လန့်နိုး၏။ နတ်ရှင်နောင် ကဗျာဖတ်ရသောအခါတွင်မူ ချောက်အိပ်မက် မမက်တော့။

ရေချေးတွင် တိမ်သားနှင့် ရေသားရေရိပ်များ ဆေးစပ်ပြီး ရေးနှင့်ဆွဲလိုက်ပြီး ရေခြောက်သောအခါ၊ အရောင်အသွေးအမှိုင်းများ၊ အမှုန်များ ကူးသွားသည်ကို ဆွတ်ပျံ့ယစ်ဝေရသောရသမျိုး၊ ဆေးတို့သော စုတ်တံ၏ အလေးအပေါ့ အဖိထင်ချက်။ စပ်ထားသော အရောင်သစ်များ အသွေးထွက်လာချက်များ ရေခြောက်ခံသောအခါ ပေါ်လာသောအလှမျိုး။ ဒါနှင့်စကားလုံးစပ်ကာ နတ်ရှင်နောင်၏ ကဗျာများကို အားကျကာ ရေးစပ်ကြည့်ချင်စိတ် ထိန်းသိမ်း၍ မရတော့။ တားဆီး၍မရတော့။ ကဗျာစပ်ခြင်းကို တိုက်ခိုက်၍ မရသောအခါ စိမ်းစိမ်းက သူ့၏ ဝါသနာကို လှည့်၍ တိုက်ခိုက်ပြန်သည်။

"မောင်လေးဝါသနာတွေ များလွန်းတယ်ကွာ၊ အမတော့မကြိုက်ဖူး၊ ငယ်ငယ်တုန်းကတော့လဲ ရေးလိုက်တဲ့ ပန်းချီပုံတွေ၊ နောက်ဘာဂျာ၊ တလောကမယ်ဒလင်၊ ဟော... အခု ကဗျာ"

"ဘာဖြစ်လို့လဲ အမရဲ့..."

သူက စိမ်းစိမ်းကိုပင်မကြည့် စက္ကူပေါ်၌ ရေးခြစ်နေ၏။

" ဘာဖြစ်ရမလဲ။ မောင်လေးဝါသနာတွေက များနေတယ်၊ ကဗျာရေးတာ လျှော့အုံး၊ ညောင်းလဲ ညောင်းတယ်၊ ပန်းချီရေးတာမှ ကောင်းသေးတယ်၊ အပြင်ထွက်ပြီးရေးရတယ်၊ ခုဟာက တကုန်းကုန်းနဲ့ အညောင်းမိမယ်..."

ဒီတခါ စိမ်းစိမ်း၏အသံမှာ အေးလာသည်။ ပျော့လာသည်။ ဒေါသဟန်မရှိ။ ဗညားမော်က နားထောင်နေ၏။ စိမ်းစိမ်းတစ်ယောက် ဘာဖြစ်သွားပါလိမ့်။

"တကယ်ပြောတာ၊ အမတော့ မောင်လေး ပန်းချီရေးတာဘဲကြိုက်တယ်။. လ,စိမ်းစိမ်း - လ,ပြာပြာ- လ,ဖြူဖြူ၊ အရေးမကြီးပါဘူးဟယ်.. မောင်လေး စိတ်ထဲရှိ တာကို ဖွဲ့တာဘဲ၊ ဘာဖြစ်လဲ၊ ဟုတ်တယ်မဟုတ်လား၊ မောင်လေး ပန်းချီကားတွေကို အမတော့ ကြိုက်ပါတယ်..."

ဗညားမော်သည် တဖက်က နားထောင်ရင်း၊ လက်ကလည်း ကာရန်များကို ရေးချနေ၏။

"နောက်ပြီး ပန်းချီရေးတုန်းကမှ အပြင်တွေဘာတွေ ထွက်သေးတယ်၊ ခု ကဗျာတွေလဲ စပ်ရော... အိမ်ချည်း ကုပ်နေတာဘဲ၊ ဝါသနာပါတာတွေများလွန်းတော့ စိမ်းစိမ်းတော့ မကြိုက်ပေါင်၊ နောက်ပြီး... ကဗျာရေးမှ စာကလည်း သိပ်ဖတ်တာဘဲ၊ ကျောင်းစာကလည်း တဖက်ရှိသေးတယ် မဟုတ်လား၊ မယ်ဒလင်လဲ တခါတလေတီးပေါ့။ အပျင်းတောင်ပြေသေးတာဘဲဟာ..."

စိမ်းစိမ်းဘာကြောင့် သူ၏ ပန်းချီနှင့် မယ်ဒလင်ကိုတော့ နှစ်သက်ပြီး၊ ဘာကြောင့် ကဗျာရေးတာကို မကြိုက်ရတာလဲဟု စဉ်းစား၍မရ ဖြစ်နေသည်။ နောက်ပြီး ဝါသနာများတာလဲ မကောင်းဟု သူမကမကြိုက်။ နောက်ပြီး စာဖတ်တာလဲ သူမက မကြိုက်ဘူးတဲ့။ စိမ်းစိမ်းကို နားလည်၍ မရဖြစ်နေသည်။ သူ့အပေါ် စိမ်းစိမ်း မနှစ်သက်တာတွေက များနေပါကလား။

တခုတော့ရှိသည်။ ကဗျာလင်္ကာများ စပ်နေကတည်းက စိမ်းစိမ်းနှင့်ပင် စကားတယ်မပြောအား။ ကဗျာစပ်ရာနေရာတွင် တကိုယ်တည်းသာ နေချင်နေသည်။ ဘေးပတ်လည်မှာ ဘယ်သူမှ မရှိနေစေချင်။ တယောက်ယောက် မိမိအနား၌ ရှိနေသည်ဟူသော အသိဝင်လာလျှင်ပင် အနှောင့်အရှက်ဖြစ်နေပြီး ရေးမရတော့။ ထို့ကြောင့်လည်း ကဗျာ စ,စပ်ကတည်းက အောက်ထပ်တွင် သိပ်မနေ။ ဧည့်သည်များလာလျှင် စကားပြောသံများ ကြားနေရသည်။ သို့မဟုတ်လျှင် သူ၏အနီးအပါး၌ တယောက်ယောက်၊ သူ့အဖေ သို့မဟုတ် စိမ်းစိမ်း၊ အဒေါ်အပျိုကြီး၊ တခါတရံ စိမ်းစိမ်းမိခင် ဒေါ်သင်မှာ တနစ်တခေါက်လောက် ရောက်လာတတ်သည်။

သူတို့၏ ခြေသံများ၊ စကားပြောသံများ ကြားနေရလျှင် သွားလာလှုပ်ရှားတာကို ရိပ်ကနဲမြင်နေရလျှင်ပင် သူ့အနီးအပါး၌ တယောက်ယောက်ရှိနေသည် ဟူသော အသိစိတ် ဝင်လာကာ ရေး၍ မရတော့။ အပေါ်ထပ်တွင်ကား၊ ညနေစောင်းတွင် ဘယ်သူမျှမရှိ။ အိမ်ပေါ်ထပ်ဆင်ဝင်ခန်းတွင် သူ့နေရာလေး လုပ်ထား လိုက်သည်။ သူ၏စာရေးစားပွဲလေးကို လှပသပ်ရပ်စွာ ပြင်ဆင်ထားလိုက်သည်။ စာဖတ်လျှင်လည်း အပေါ်ထပ်တွင်သာ ဖတ်ဖြစ်သွားတော့သည်။

တယောက်တည်းနေရခြင်း၏ အရသာကို သိသွားကာ စာရေးစာဖတ် အပေါ်ထပ်တွင်သာ လုပ်ဖြစ်လာ တော့သည်။ ပန်းချီရေးတာ မယ်ဒလင်တီးတာကား ဘေးက လူသူရှိစေချင်သလား မပြောတတ်။ ပန်းချီရေးနေစဉ် စိမ်းစိမ်းက ကြည့်ပြီးတော့....၊ "သစ်ရွက်တွေက ကျဲနေပါလား၊ ရေက ရေနဲ့မတူဘူး" စသည်ဖြင့် ဘေးက ထင်မြင်ချက်ပြောသည်ကို ကျေနပ်နေသည်။ ကြည့်သူအမြင်သည် အားတက်စေ၏။ မိမိ၏ လမ်းကြောင်းကို ဖြောင့်ပေးသလို ဖြစ်နေ၏။

မယ်ဒလင်တီးလျှင်လည်း သူ့တီးသံမကောင်းလျှင် နားထောင်သူ စိတ်မဝင်စားတော့။ နားထောင်သူ၏မျက်နှာတွင် ဂီတ၏ရိုက်ခတ်မှု ထင်ဟပ်နေတတ်၏။ နားထောင်သူကိုပင် တောင့်တနေသည်။ ဗလက သူ မယ်ဒလင်တီးလျှင် ကောင်းကောင်းနားထောင်၏။ ဘယ့်နယ် ဘယ်ညာပြော၏။ ကဗျာစပ်၊ စာဖတ်သော အခါတွင်ကား၊ စပ်နေစဉ်၊ ဖတ်နေစဉ်ဘေးမှ လူမရှိဘဲ တကိုယ်တည်းဖြစ်နေမှပင် စာပေထဲ၌ အာရုံဝင်လာ

မိတော့သည်။ ယခုတလော စိမ်းစိမ်းနှင့်ပင် စိမ်းနေမိသည်။ ခါတိုင်းမူ စိမ်းစိမ်းနှင့်သာ မသိတာ၊ မရှင်းတာ မေးမြန်းမိသေးသည်။ သူမနှင့် ငြင်းရ ခုန်ရသည်။ ယခုမူ စာအုပ်မှာ သူ့အဖော်ဖြစ်နေ၍ စာအုပ်ထဲ၌ သူမသိတာ မရှင်းတာကို မေးမြန်းရှာဖွေနိုင်လာပြီ။

သူ့အဖော်များကား စက္ကူ၊ ကလောင်တံ၊ ပေါ်ရာဂျာ၊ ပါဠိ၊ နတ်ရှင်နောင်၊ ကာရန်၊ စကားလုံးများ။ သူ့အဖော်များကို သူတကိုယ်တည်းနေမှသာ တွေ့လို့ မွေ့လို့ရသည်။ စိမ်းစိမ်းက အညောင်းမိမှာစိုးလို့ သူ့အား အပြစ်တင်၏။ သူက ညောင်းမှန်းပင် မသိလိုက်။ ကဗျာနယ် ပင်လယ်ကြီး။ ကူးလို့ မရောက်နိုင်။

သူ့ကို စိမ်းစိမ်းက ဝါသနာတွေများလွန်းသည်ဟု မကြိုက်။ သူကလည်း ဘာမျှ မတတ်နိုင်။ ဘယ်ကနေ ကဗျာက သူ့ကိုဖမ်းစားလိုက်မှန်းမသိ။ ပန်းချီရေးစကလို ဆေးစပ်ကြည့်ချင်သလို စကားလုံးတွေ စပ်ကြည့်ချင်နေ၏။ သူများ စပ်ကြတာ နည်းနာရှာကြည့်နေချင်၏။

သည့်ပြင်လူတွေလဲ ဝါသနာတွေ ပြောင်းနေကြတာဘဲ။ အားလုံးပြောင်းလဲနေကြတာဘဲ မဟုတ်ဖူးလား။ အတန်းထဲတွင်လည်း ပြောင်းနေကြတာဘဲ မဟုတ်လား။ ဗလမှာ စာတွေ ပိုဖတ်လာ၏။ သခင် ခင်အောင် စာအုပ်ဘီရိုထဲက စာအုပ်တွေအကုန် ယူဖတ်နေသလား မပြောတတ်။ သခင်ခင်အောင်မှာ မြန်မာစတိုးဆိုင် တခု တည်လိုက်သေး၏။ တနစ်လောက်သာ ခံပြီး ပိတ်လိုက်ရသည်။ ဒို့ဗမာအစည်းအရုံးလှုပ်ရှားမှု လှိုင်းဂယက်ကိုစီး၍ မြန်မာကုန်ဆိုင်များ၊ စတိုးဆိုင်များ တော်တော်တည်လိုက်ကြသည်။ သို့သော် ကြာရှည်မခံကြ။ တရုတ်ဆိုင်များသာ ဆက်လက်တည်ရှိမြဲ။ မြန်မာဆိုင်များ များများပေါ်လာသည်ကား၊ ဆံပင်ညှပ်ဆိုင်။ ကမ်းနားလမ်းဈေးတန်းတွင် မြန်မာဆံပင်ညှပ်ဆိုင်များ တော်တော်တိုးနေသည်။

အောင်ဒင်တယောက်တော့ ခြောက်တန်းနှစ်နှစ်နေပြီး ခုနစ်တန်းဆက်မတက်။ သူ ကိုးတန်း ရောက်တော့လည်း ခုနစ်တန်း။ ရင်ရင်မြက ရှစ်တန်းတွင် နေရစ်သည်။ ပင်နီအင်္ကျီလည်း မဝတ်တော့။ ရင်ရင်မြက ပို၍ စိုပြေလာ၏။ အလှလည်း ပြင်လာ၏။ ဗလ၊ ခင်ထားလှိုင်နှင့် သူကား အတန်းတူတူ။ မန်းသာဒွေးမှာ ဆယ်တန်း ရောက်သွားသည်။ ဒီနှစ် အမျိုးသားကျောင်းမှ ဆယ်တန်းဖြေကြမည်။ အထက်တန်းကျောင်းဖြစ်မှ ပထမဆုံး ဖြေရမည့် ဆယ်တန်း။

ဗညားမော်သည် သူ့စားပွဲဘေး၌ ထောင်ထားသော မယ်ဒလင်ကို နေရာရွှေ့ထားလိုက်ကာ ကုလားထိုင်မှ ထလိုက်သည်။ မယ်ဒလင်ကြိုးနှင့် လက်ထိသွားသဖြင့် အသံထွက်သွားသည်။ အမှန်အားဖြင့် သူသည် မယ်ဒလင်ကို စိတ်ပါလှသည် မဟုတ်။ သူတီးချင်နေတာက စန္ဒယား။ သို့သော် မယ်ဒလင်၌ အသံအတွဲအဖက်များ၊ အလိုမ့်များမှာ စန္ဒယားသံနှင့် ဆင်သဖြင့် တီးကျင့်မိခြင်းဖြစ်သည်။ တကယ်တမ်း စမ်းကြည့်မိသောအခါ မဆိုးလှ။ စ, ကျင့်စက လက်ညှိုးမှ သွေးထွက်လာသည်။ တညနေ သူလိုချင်သော အသံရှာရင်း မနေမနား ကျင့်မိသဖြင့် သွေးထွက်လာခြင်းဖြစ်သည်။

မယ်ဒလင်ကြိုးမှ ဖြစ်လာသော အသံအတွဲအဖက်များကို စန္ဒယားခလုတ်တွင် ရှာတွေ့မည်ဟု သူထင်နေ၏။ မယ်ဒလင်တီးစ၌ တခေါက် ခင်ထားလှိုင်တို့အိမ် ရောက်သဖြင့် စမ်းကြည့်ရင်း တွေ့ရှိခဲ့ခြင်းဖြစ်သည်။ သူ့ဖခင် ဦးသက်ထွန်းက ကိုးတန်းအောင်လျှင် စန္ဒယားဝယ်ပေးမည် ဟုပြောထားသည်။ စိမ်းစိမ်းနှင့် ဒေါ်မြသင်က သူ့ဖခင်အား ဝိုင်းပြောပေးကြသည်။ ခင်ထားလှိုင်တို့အိမ်မှ ပြန်လာကတည်းကလည်း စိမ်းစိမ်းသည် စန္ဒယားကို

သဘောကျနေဟန် ရှိသည်။ စိမ်းစိမ်းသည် ခင်ထားလှိုင်၏ မွေးနေ့က ပြန်လာကတည်းက စန္ဒယားကိုသာမဟုတ်။ အိမ်အလှပြင်ဆင်မှုကိုလည်း စိတ်ဝင်စားလာသည်။

မယ်ဒလင်တီးကျင့်နေစဉ် ကဗျာက ဝင်လာသောအခါ သူသည် ဘယ်လိုဖြစ်မှန်းမသိ။ စိမ်းစိမ်းကပင် ကဗျာစ, ရေးစက "စွဲမိစွဲရာပါ" ဟု ပြော၏။ ယခုမူ ဝါသနာတွေက များလွန်းတာဟု ပြောနေလေပြီ သူလုပ်တာတွေကိုပင် အပြစ်မြင်နေသည်။ ဗညားမော်သည် စားပွဲပေါ်ရှိ စက္ကူများကို နေသားတကျလုပ်ကာ အောက်ထပ်သို့ ဆင်းခဲ့သည်။

စောင့်နေတာ ကြာလှပြီ၊ ဘာမှန်းလဲမသိဘူး၊ ခေါ်နေတာ မကြားသလိုဘဲ..."

စိမ်းစိမ်းက သိပ်မကြည်။

"အို ... မကြာသေးပါဘူးကွယ်..."

ခင်ထားလှိုင်က အားနာဟန်ဖြင့်။ ညီမငယ် ခင်ထားခိုင်လည်းပါသည်။ ခင်ထားခိုင်မှာ ဂါဝန်မဝတ်တော့။ ဘော့ဟဲယားဟုခေါ်သော ဆံတိုကလေးနှင့်။ ယခု တနစ် နှစ်နှစ်အတွင်း တော်တော်ထွားလာသည်။ အပြာနရောင် တူဘယ်ထမီနှင့် တကယ့်အပျိုကြီးဟန်။ အိန္ဒြေနှင့်။ ဟန်ပန်နှင့်။

"အဒေါ်အိမ် ဝင်ရင်းနဲ့ ဝင်လာတာ၊ စန္ဒယားကတ်တလောက်လိုလို့လေ၊ စန္ဒယားရောင်းတဲ့တိုက်က ထုတ်တာ ဖေဖေ ရန်ကုန်သွားရင်းနဲ့ မှာလိုက်တာ၊ ဒါက စန္ဒယားနည်းပြစာအုပ်၊ သင်္ကေတဖတ်နည်းလဲ ပါတယ်..."

ခင်ထားလှိုင်သည် စာအုပ်နှစ်အုပ်ကို ကိုင်လျက်။

"ဟာ.. အတော်ဘဲ၊ ကျွန်တော်လဲ သိပ်ကြည့်ချင်နေတာဗျ"

ခါတိုင်း အေးတိအေးစက်နှင့်ပြောသော ဗညားမော်မှာ ယခု ဝမ်းသာခြင်းဖြင့် ပျာပျာသလဲဖြစ်သွားသည်။ မျက်နှာမှာ ဝင်းပြပြုံးပြက်သွားသည်။ မျက်လုံးမှာ ကြယ်ရောင်။ စိတ်လှုပ်ရှားသဖြင့် ချက်ချင်းပင် ခင်ထားလှိုင် လက်ထဲက စာအုပ်များကို ယူလိုက်သည်။ လှမ်းယူရင်း ခင်ထားလှိုင်လက်နှင့် ထိခတ်သွားသည်။ ခင်ထားလှိုင်၏ ဖြူနုသော မျက်နှာသည် ပန်းနုရောင် သန်းသွားသည်။

ဘေးကကြည့်နေသော စိမ်းစိမ်းမှာ တခဏချင်း ဖြစ်ပျက်သွားသော ရိုက်ခတ်မှုကို အသေးစိတ် မြင်လိုက်ရသည်။ သူမသည် ဗညားမော်ကို ကြည့်လိုက်သည်။ ဝမ်းသာသဖြင့် ရွှန်းပသော သူ့မောင်၏ မျက်နှာ။ သို့သော် ခင်ထားလှိုင်ကို ကြည့်ပင် ပြန်မကြည့်။ သူ့မျက်လုံးများသည် စာအုပ်ရှိ စန္ဒယားပုံများနှင့် မျဉ်းကြောင်းပေါ်ရှိ ပဲပင်ပေါက်တွန့်ကလေးများ ပေါ်၌သာ စူးစိုက်လျက်။ ပတ်ဝန်းကျင်တခုလုံး မေ့သွားသည်။ သူ့အပြင် ဘယ်သူမှ မရှိတော့သလို ဗညားမော်ကား သူ့ဘေး၌ ခင်ထားလှိုင်မဟုတ်၊ စိမ်းစိမ်းလည်း သူ့ဘေးတွင်မရှိ၊ ခင်ထားခိုင်လည်း မရှိ၊ ဘယ်သူမျှ မရှိ။

ခင်ထားလှိုင်မှာ ကြောင်နေ၏။ စိမ်းစိမ်းကား သူ့မောင်ကို ဒေါသဖြစ်နေသည်။

**အခန်း (၂၂)**

ဆားနံ့သင်းသော ပင်လယ်ရေသည် ကရိုလမ်းထိပ်ရှိ အိမ်ခန်းတခန်း၏ ပြတင်းပေါက်တွင် တပ်ဆင်ထားသော ခန်းဆီးအပြာကို ဆော့ကစားနေပေသည်။ ဘင်္ဂလားအော်မှ လာသော လေသည် ရန်ကုန်မြစ်ဝမှ ဝင်လာပြီး၊ ခနတ်ဘုရား၊ ထို့နောက် သံလျင်ရေပြင်ကို ကျော်ကာ ကမ်းနားသို့ ရောက်လာသည်။ သူသည် ဗိုလ်တထောင်ဘုရားမှ ဆည်းလည်းသံများကိုလည်း ယူဆောင်လာသည်။ ကမ်းနားမှ တဖန် ဗိုလ်တထောင် မီးရထားဝင်းကြီးကို ဖြတ်ကျော်လိုက်သည်။ သူသည် ခရီးရှည်ကြီးကို ဖြတ်လာရသဖြင့် မောပမ်းနေရာ၊ ကရိုလမ်းထိပ်ရှိ ငုဝါပင်ကြီးမှ အပွင့်များကို ချွေချပစ်ကာ၊ နောက်ဆုံးအားကို သုံးပြီးနောက် ခန်းဆီးအပြာ အတိုက်တွင် အမောဖြေလိုက်သည်။ ရန်ကုန်မြို့တည်စကမူ ဤနေရာ၌ ချောင်းလက်တက် ငယ်ကလေးတခု စီးဆင်းရာ ဖြစ်ပေလိမ့်မည်။

မေခ၊ မလိခမှ စီးဆင်းသော ရေအယဉ်သည် တကောင်း၊ ပုဂံ၊ အင်းဝ၊ မန္တလေး၊ သရေခေတ္တရာတို့ကို ဖြတ်သန်းကာ နောက်ဆုံး ဒဂုံ၊ ဒလ စသည့် မွန်မြို့ပြများအထိ ဆိုက်ကပ်ကွေ့ဝိုက်ပြီးနောက် ပင်လယ်ထဲသို့ ထွက်ခွာသွားကြပေလိမ့်မည်။ ရာဇဝင်ဆရာတို့ အမှတ်မထင်ဘဲ ပစ်ထားသော နေရာလေး၊ အရှိန်ပြင်းထန်သော ရောဝတီ ရေအယဉ်မှ ပဲ့စင်၍ ဤနေရာ၌ ဗီဗို့ချောင်းငယ်ကလေးအဖြစ် လက်တက်ခွဲကာ လ,ပြည့်ဝန်း ထိန်ထိန်သာသော ညများ၌ ရေတလက်လက်တောက်ပုံ။ ကြယ်ပျောက်ညများ၌ ဝိုးတိုးဝါးတား၊ မှန်ကွဲ၊ ကျောက်ကွဲ၊ မဟူရာကွဲကလေးလားဟု သိရရုံမျှသာ ဖြစ်ပေလိမ့်မည်။ ရေကျသွားသည့်အခါ နန်းပြင်ကလေးမျှသာပင် ရှိကောင်း ရှိပေလိမ့်မည်။ သို့သော် ဒုတိယ အင်္ဂလိပ်-မြန်မာ စစ်ပွဲအပြီး၊ လွန်ခဲ့သော နှစ်ပေါင်း တရာခန့်က အင်္ဂလိပ်များ ရန်ကုန်မြို့ကို သိမ်းလိုက်သောအခါ ဤချောင်းကလေးကို အစွဲပြု၍ 'ချောင်းငယ်လမ်း" ဟု အဓိပ္ပာယ် ရသော 'ကရိုလမ်း' ဟု အင်္ဂလိပ်ဘာသာစကားဖြင့် မှည့်ခေါ်လိုက်ခြင်းဖြစ်ပေမည်။ ယခုအခါတွင်ကား ချောင်းငယ်ကလေး အစဉ်အလာ ထိန်းသိမ်းထားရုံမျှပင်။ ချောင်းငယ်ကလေးမှ ရေဝပ်သော ရေအိုင်သို့ ပြောင်းလဲ တည်ရှိနေသော ရေကန်ကလေး ရှိနေသေးသည်။ ထိုရေကန်ကလေးမှာ ကြာပင်များဖြင့် အမြဲတမ်း စိမ်းလန်းလျက်၊ ကန်ဘောင်တွင် စိန်ပန်းပင်များသည် နွေအကုန် မိုးအကူး၌ အပွင့်ရဲရဲနီနီများကို ဆင်သ,စမြဲ။ ရေမှော်စိမ်းများ၊ ကြာပင်များအကြားရှိ ဖန်သားကို ငြိမ်သက်နေသော ရေပြင်၌ စိန်ပန်းပွင့်များသည် အလှရှုစမြဲ။

ထိုကရိုလမ်းထိပ်ရှိ ခန်းဆီးအပြာနှင့် အိမ်ခန်းထဲတွင် စာအုပ်ဘီရိုများ ရှိကြသည်။ ထိုစာအုပ်ဘီရိုများ၏ မှန်သားရိပ်၌ စိန်ပန်းပွင့်အနီများ၊ ငုအဝါများ၊ ကောင်းကင်အပြာများ အရိပ်ထင်ဟပ်လေ့ရှိသည်။ စာအုပ်ဘီရို၏ နဖူးစည်း၌ 'ဆရာစံ အထိမ်းအမှတ် ပိဋကတ်တိုက်' ဟူသော စာတမ်း ရေးထိုးထားသည်။

ဤအခန်းပိုင်ရှင် သူရိယသတင်းစာ အယ်ဒီတာ အဖွဲ့ဝင် ကိုထွန်းဖေသည် ဆရာစံကြိုးမိန့်ကျပြီးနောက် သွားတွေ့သည်။ သူက သူပုန်ခေါင်းဆောင် ဆရာစံ အထိမ်းအမှတ် တခုခုလုပ်ချင်နေသည်။ နောက်ဆုံး၌ သူ၏ အကြံအစည်ကို ဆရာကြီးအား ပြောပြသည်။

"အေး... သူရိယတိုက်မှာ ဆရာရဲ့ လက်ွှဏာဇု ဆေးကျမ်းရေးခ,တွေ ရစရာရှိတယ်၊ အဲဒီ စာရေးခ,တွေကို လွှဲပေးလိုက်မယ်၊ ထုတ်ယူပေတော့ ၊ ဆရာ... အကုန်လွှဲခဲ့ပါတယ်" ဟု ဆရာစံက ပြောသည်။

သတင်းစာဆရာသည် ဆရာစံထံမှ ငွေလွှဲစာကို ယူထားလိုက်သည်။ ဆရာစံ ကြိုးပေးခံရပြီးနောက် သူရိယ သတင်းစာတိုက်မှ ဆရာစံ၏ လက္ခဏာဇုဆေးကျမ်းရေးခငွေ ခြောက်ရာကို ထုတ်ယူကာ သတင်းစာဆရာသည်

ဆရာစံအထိမ်းအမှတ် ပိဋကက်တိုက်ကို တည်ထောင်လိုက်လေတော့သည်။ သီးခြား အဆောက်အဦ မထားနိုင်သဖြင့် သူ၏ အိမ်တွင်ပင် စာအုပ်ဘီရိုများဖြင့် စာအုပ်များ စုဆောင်းထားရှိသည်။ မြန်မာစာအုပ်များ သာမက အင်္ဂလန်မှ စာအုပ်များလည်း မှာယူထားရှိသည်။ တက္ကသိုလ်ကျောင်းသားများ လူငယ်အင်္ဂလိပ်စာတတ်များ လာရောက်ငှားယူ ဖတ်ရှုတတ်ကြသည်။

ခန်းစီးအပြာ တလွင့်လွင့် ရှိနေသော တရုတ်ကပ် ပြတင်းပေါက်တံခါးအနီး၌ လူငယ်နှစ်ဦးသည် ဘီရိုထဲမှ စာအုပ်များကို မွှေနှောက်ကာ ရှာဖွေဖတ်ရှုလျက်ရှိကြသည်။ ပြတင်းပေါက်နှင့် နီးသဖြင့် အလင်းရောင်လည်းရ၊ လေလည်းရ၊ ငှပွင့်ဝါဝါနကလေးများကိုလည်း မြင်နေရ၍ စိတ်ကြည်နူးစရာ။ လေသည် တအားဝှေ့ယမ်း တိုက်လိုက်ရာ၊ စာအုပ်ဘီရိုမှန်တံခါးသည် ဂျမ်းကနဲပြန်ကာပိတ်သွားသည်။

မျက်မှန်နှင့် စာကြည့်နေသော အသက်အစိတ်ခန့် အသားညိုညို၊ ခပ်ဝဝ၊ ပလေကပ်လုံချည်ကွက်စိပ်နှင့် လူငယ်က "ကိုသန်းထွန်း၊ အောက်ထပ်မှာလည်း ရှိသေးတယ်ဗျ" ဟု လှမ်းပြောလိုက်သည်။

သူပြောလိုက်သော ကိုသန်းထွန်းမှာ အသက်နှစ်ဆယ်ကျော်ခန့်၊ ဆံပင်ကောက်ကောက်၊ ခပ်သွယ်သွယ်၊ အသားလတ်လတ်။ သူသည် ဆရာဖြစ်သင်ကောလိပ်မှ ထွက်ခါစ၊ အမှုအရာမှာ ကျောင်းသားဟန်။ အစိမ်းနုရောင် ရှပ်အင်္ကျီနှင့် ပိုးလုံချည် ရေညှိရင့်။ သူတို့နှစ်ယောက်စလုံး စကားကို တိုးညင်စွာ ပြောကြသည်။

ကိုသန်းထွန်းက လှမ်း၍ "ကိုစိုး... ဒီည သံလျင် ပြန်အုံးမှာလား...."

"ပြန်မယ်၊ မပြန်လို့မဖြစ်ဖူး၊ မနက်ဖန် အလုပ်ပိတ်ပေမယ့်၊ ပတ္တလျားဆရာတွေနဲ့ တီးဖို့ချိန်းထားတယ်၊ တောသီချင်း တပုဒ်တက်ရှဲမယ်ဗျ၊ ဗိုလ်တစ်ထောင်မှာ တယောဝင်ယူသွားရအုံးမယ်..."

ကိုစိုးမှာ သံလျင် ဘီအိုစီကုမ္ပဏီ၊ ဓာတုဗေဒဌာန၌ လက်ထောက်ဖြစ်သည်။ သူသည် ပြောရင်း လွယ်အိတ်ထဲ သို့ စာအုပ်များထည့်သည်။ ကိုသန်းထွန်းကလည်း သူလိုချင်သော စာအုပ်များ ထုတ်ယူပြီး၊ ဘီရိုမှန်တံခါးကို ပိတ်လိုက်သည်။ သူတို့သည် မတ်တတ်ရပ်လိုက်ကြသည်။ ခါးလည်း အတော်ညောင်းနေကြပြီမို့ ကိုယ်ကိုမတ်ကာ အညောင်းဆန့်နေကြသည်။ လှေကားမှ ဖိနပ်သံများ ကြားလာရသည်။ ဒို့ဗမာအစည်းအရုံးနှင့် လူငယ်များအသင်းမှ လူငယ်၊ သခင်ကျောင်းသားတချို့ ရောက်လာကြသည်။ အသက် ၁၈-နှစ်ခန့် မပြုံးမရယ်နှင့် ခပ်စိုက်စိုက် နေတတ်သောဆံပင်ပွပွ၊ မသေသပ်သော ရန်ကုန်တက္ကသိုလ် ပဲခူးကျောင်းဆောင်မှ ကိုအောင်ဆန်းလည်း ပါလာသည်။ လူငယ်နှစ်ယောက်သည် သွားရန် ပြင်ဆင်နေကြသည်ကို မြင်သော အိမ်ရှင် ကိုထွန်းဖေက၊" မောင်ရင်တို့စာအုပ်တွေလဲမှန်မှန် ပြန်ပေးကြအုံးနော်..."ဟု ပြောကာရယ် မောလိုက်ကြသည်။

"ပေးပါတယ်ဗျာ" ဟု ကိုစိုးက ဆိုလိုက်သည်။

"အမယ်၊ ပြန်ကြတော့မလို့လား" ဟု နောက် ရောက်လာသူများက သူတို့နှစ်ယောက်အား ပြောလိုက်သည်။

"နေ့လယ်ကတဲကရောက်နေကြတာ"

သူတို့နှစ်ယောက်သည် လှေကားမှ ဆင်းသွားကြသည်။ လွယ်အိတ်ကိုယ်စီနှင့်။ လွယ်အိတ်ထဲ၌ စာအုပ်များ အပြည့်။

"သူတို့နှစ်ယောက်ကတော့ တကယ်စာဖတ်တဲ့ကောင်လေးတွေဗျာ၊ ကျူပ်အင်္ဂလန်လောရင့်နှင့် ဝတ်စဟက် စာအုပ်ကုမ္ပဏီကမှာတဲ့ ကားလမတ်-အိမ်ဂျယ်-လီနင်ကျမ်းစာအုပ်တွေ အောက်စဖို့တက္ကသိုလ် စာအုပ်တိုက်က ထုတ်တဲ့စာအုပ်တွေ သူတို့နှစ်ယောက်ငှားဖတ်နေကြတာဘဲ.."

"ပြန်ကော ရရဲ့လား..."

"ကြည့်ရအုံးမှာဘဲ...."

ရယ်မောသံများနှင့် အိမ်ရှင်၏ စကားသံသည် ပွဲတင်ထပ်နေဆဲ။

လှေကားမှ ခြေသံသည် လမ်းပေါ်သို့ ရောက်သွားကာ၊ ထို့နောက် ကုန်သည်လမ်းကကွေ့ပြီး ဗိုလ်တထောင် ဘုရားဘက်ဆီသို့ ရောက်သွားသည်။ သူတို့သည် ဆိပ်ကမ်းသို့ သွားကြသည်။ နေဝန်းသည် ခနောင်တိုဘက်၌ တိမ်များကိုကွယ်ကာ ဖန်ရိပ်ခိုနေသည်။ မြစ်ငယ်၌ ပင်လယ်ကူးသင်္ဘောကြီးများ ဆိုက်ထားကြသည်။ စင်ရော်ငှက်ကလေးများသည် ဟိုမှဒီမှ ပျံသန်းလိုက်၊ ဇော်ယာပေါ်၌ နားလိုက်ဖြင့်၊ သမ္ဗန်များ ဒလဘက်သို့ ကူးလျက်ရှိ သည်။

သူတို့သည် တံတားပေါ်၌ထိုင်ကာ သူတို့ငှားဖတ်ခဲ့ကြသော ကျမ်းစာအုပ်များမှ သဘောတရား၊ အဘိဓမ္မာများကို ဆွေးနွေးလျက် ရှိကြသည်။ မတ်၊ လီနင် ဝါဒကျမ်းစာအုပ်များ ကိုးကား၍ ငြင်းခုံနေကြသည်။ မြန်မာဝေါဟာရများ မရှိသေး၍ အင်္ဂလိပ်ဝေါဟာရများဖြင့်ပင် ညှပ်၍ သုံးနှုန်းပြောနေကြသည်။ သူတို့ တံတားအောက်၌ လှိုင်းများ ပုတ်သဖြင့် တဖျက်ဖျက်မြည်နေသည်။ ဗိုလ်တစ်ထောင်ဘုရား ပရဝုဏ် အတွင်းမှ ပန်းနံ့၊ ဖယောင်းနံ့များ ပျံ့လာသည်။ ဆည်းလည်းသံများသည် သူတို့၏ စကားသံနှင့် ရောလျက်ရှိသည်။ မလှမ်းမကမ်းရှိ ကပ်ထားသော အညာဆန် သင်္ဘောကြီးမှ ဥဩမှုတ်သံ ထွက်ပေါ်လာသည်။ အမိုးဖွင့် မြင်းရထား တစီး သူတို့နှင့် မလှမ်းမကမ်းတွင် ဆိုက်လျက်၊ ဖြူဖွေးသော မီးအုံးပေါ်မှ မျက်နှာဖြူလင်မယား နှစ်ယောက် ဆင်းလာသည်။ ယောကျ်ားလုပ်သူမှာ မြက်ဦးထုပ်အဖြူကို ဆောင်းထားသည်။ ဘောင်းဘီတိုနှင့်။ မိန်းမလုပ်သူမှာ ဂါဝန်အစိမ်းနုကလေးနှင့်။ ဘိုမက သံကြိုးချည်ထားသော ခွေးစုတ်ဖွားတကောင်ကို ကိုင်ဆွဲလာသည်။ သူတို့နား ဖြတ်လာသောအခါ ရေမွှေးနံ့သည် ကြိုင်သွားသည်။ ပင်လယ်ကူး သင်္ဘောကြီးများ၏ ဝန်ချီစက်မောင်းများ ကျလိကျလိ မြည်သံများ ပေါ်လာကာ မြန်မာကူလီများက ကုန်ပစ္စည်းများ ချသံသည် သဲ့သဲ့ မျှ ထွက်ပေါ်လာသည်။

ရေလှိုင်းသံနှင့်အတူ စကားသံများသည် ရောနေ၏။ ကုန်ပစ္စည်းထုတ်လုပ်ရေး၊ လှည့်ပတ်မှု၊ ကုန်ပစ္စည်း၊ ငွေကြေး၊ ကုန်ပစ္စည်းဟောဂယ်၊ အသုံးတန်ဘိုး၊ အလဲတန်ဘိုး၊ သမိုင်းကြောင်းတာဝန် လွတ်မြောက်ရေး၊ အလုပ်သမား လူတန်းစားအတွက် ဒီမိုကရေစီက အရေးအကြီးဆုံး...။

အညာဆန် သင်္ဘောမှ ဘေးပန်ကာစက်ခုတ်သဖြင့် ရေများ ဖွာထွက်နေသည်။ ရေလှိုင်းများသည် သူတို့တံတားအောက်သို့ လာ၍ ရိုက်ခတ်သည်။ တိဘက် ရေခဲတောင်မှ အရည်ပျော်ကျလာသော ရေအယဉ်သည် မလိခမှ ခုန်ဆင်းလာကာ ဒဂုံ၊ ဒလဘက်တွင်ဆိုက်ထားသော၊ ဆူးအက်တူးမြောင်းကို ဖြတ်ကာ ဥရောပသို့ ပြန်မည်။ ပင်လယ်ကူးသင်္ဘော၏ သံနံရံအား ထိတိုက်လိုက်သည်။

ကရိလမ်းရှိ ရေကန်ထဲမှ ငုဝါပွင့်ကြွေသည် ရေမြောင်းမှ မျောပါလာရာ ရန်ကုန်မြစ်ထဲရောက်လာပြီး၊ တဆင့် တွံတေးကိုဖြတ်လျက် ဆင်းလာကာ ငဝံမြစ်ကမ်းပါးတလျှောက် ဇလပ်သီးကြွေများနှင့် တိုက်၍ သံတပွတ်ချောင်းသို့ ကွေ့ဝင်လိုက်သည်။ သံတပွတ်ချောင်းထိပ်ရှိ ငုဝါပွင့်ကြွေတို့နှင့် ရောသွားကာ ဆက်လက်စီးဆင်း သွားပြန်သည်။

## အခန်း (၂၃)

ဗညားမော်သည် ဗလတို့ အိမ်ဘေး၌ချိတ်ဆွဲထားသော "ရာမည‌မြို့ရှိ ဒို့ဗမာအစည်းအရုံး" ဟူသော အနီပေါ်၌ အဖြူစာလုံးများဖြင့် ရေးထားသော ဆိုင်းဘုတ်ကို ငေးကြည့်မိနေသည်။ နွေမို့ ငုဝါများ ပွင့်နေကြသည်။ ဗလတို့ အိမ်ရှေ့မှ ငုဝါပင်မှာ ဝါနေ၏။ ငုဝါပွင့်ကလေးတပွင့်ပင် ဆိုင်းဘုတ်၏ အနီရောင်၌ ကပ်နေသည်။ လွန်ခဲ့သော သုံးလေးနှစ်ကမူ အနီရောင်မှာ သစ်လွင်နေခဲ့ပေသည်။ ထိုအခါကမူ သူကလည်း ခပ်ငယ်ငယ်၊ ဆိုင်းဘုတ်အနီရောင်ကိုပင် စွဲလမ်းနေခဲ့သည်။ ယခု ဆိုင်းဘုတ်မှာ နေဒဏ်၊ လေဒဏ်ကြောင့် သိပ်မနီရဲတော့။ မသစ်လွင်တော့။ အရောင်မှာ ဖျော့နေသည်။ ကွက်တိကွက်ကျားဖြစ်နေသည်။ ဘာကြောင့် ဆိုင်းဘုတ်စာတမ်းကို ဗလတို့အိမ်မှာ လာချိတ်ထားပါလိမ့်။

သူငယ်ငယ်ကမူ စျေးသွားသောလမ်း၊ မြို့လယ်ခေါင်ထောင့် အခန်းတခန်း၌ ဝင့်ကြွားစွာ ချိတ်ထားသည်။ လူစည်ကားသော နေရာများ၊ စျေးသွားစျေးလာများ၊ သင်္ဘောဆိပ်သို့သွားသော သူများအားလုံး အနီရောင်ပေါ်မှ ထင်းကနဲပေါ်နေသော " ရာမည‌မြို့၊ ဒို့ဗမာအစည်းအရုံး" ဟူသော စာတမ်းကို ဖတ်သွားကြသည်။ ထိုစာတမ်း ကပ်ထားသော တိုက်ခန်းကလေးမှာပင် တယောသံ၊ ဘင်ဂျိုတို့နှင့် ဒို့ဗမာသီချင်းသံကို ကြားနေရ၍ စျေးနား ရောက်တိုင်း ရပ်ကာ နားထောင်ခဲ့ရသည်မှာ အမော။ လူများနေလျှင် အထဲမဝင်။ သူသည် လူကြောက်သော ကောင်လေးတစ်ယောက် ဖြစ်သည်။

ကျိုက်ဒေးရုံဘုရားတန်ဆောင်းကြီးထဲတွင် ကျင်းပသော ဒို့ဗမာအစည်းအရုံး ဖွင့်ပွဲက ပြန်လာကတည်းက ဒို့ဗမာသီချင်းကို စွဲလမ်းနေခဲ့ရာ၊ သည်သီချင်းသံကြားလျှင် ရင်ခုန်စမြဲ။ စျေးနားရောက်၍ ဒို့ဗမာအစည်းအရုံး တိုက်ခန်းသို့ ရောက်သောအခါ သီချင်းသံကို သတိရနေမိသည်။ ထိုနှစ်က တယောဆရာ ကိုအောင်မိုး (ဗလတို့ ဖခင် သခင် ခင်အောင်ကမူ သူ့ကို သခင်အောင်မိုးဟု ခေါ်သည်ကို ကြားရမြဲ။) ခေါင်းဆောင်သော တီးဝိုင်းသမားများ ရာမည‌ရှိ တူရိယာတီးမှုတ်တတ်သော လူငယ်ကလေးများကို ဒို့ဗမာသီချင်း တက်ပေးသည်။ သူသည် သီချင်းတီးမှုတ်နေတာနှင့် ကြုံတာနှင့် ရပ်၍ နားထောင်နေမိသည်။ ဗလတို့ ဖခင် သခင် ခင်အောင်ရှိလျှင် တိုက်ခန်းထဲဝင်၍ နားထောင်သည်။ သူအသိ ဘယ်သူမျှ မရှိလျှင် လမ်းကပင်ရပ်ကာ နားထောင်နေမိသည်။ သို့သော်- နောက်နှစ်များတွင် ဒို့ဗမာအစည်းအရုံးတိုက်ခန်း၌ သီချင်းသံများ သိပ်မကြားရတော့။ တယောဆရာ ကိုအောင်မိုးကိုပင် သိပ်မတွေ့။ ဗလ မေးကြည့်သောအခါ ရန်ကုန်တက်၍ ဓာတ်ပြားသွင်းနေသည်ဟု ကြားရသည်။ သို့သော် တိတိကျကျကားမသိ။ ကိုအောင်မိုး ဓာတ်ပြားထွက်လာသည်ဟု တခါမှ မကြားဘူး။ တနေ့တွင် သခင်ခင်အောင်၏ စာအုပ်ဘီရိုမှ စာအုပ်များ ရှာဖွေနေစဉ် သခင်ခင်အောင် အနား ရောက်လာ၍ တယောဆရာ သခင်အောင်မိုးအကြောင်း မေးကြည့်မိသည်။

"အလကားပါ ဗညားမော်ရာ၊ ဓာတ်ပြားကုမ္ပဏီတွေက အင်္ဂလိပ်ကုမ္ပဏီတွေပေါ့၊ သိပ်နှိမ်တာကွ.. တပြားမှ သုံးကျပ် အများဆုံးမှဆယ့်ငါးကျပ် နှစ်ဆယ်ရတာ... " ဟု သခင် ခင်အောင်က သူ့အားပြောပြဖူးသည်။ သူက ဓာတ်ပြားသွင်းလျှင် ပိုက်ဆံတော်တော်များများရမည်ဟု စိတ်ထဲက တွက်ထားသည်။ ဓာတ်ပြားတချပ် ရောင်းရတိုင်း၊ သီချင်းရေးသူ တီးသူများရရှိသည်ဟု နားလည်နေမိသည်။ သခင်ခင်အောင်ပြောလိုက်တော့ အံ့ဩသွားသည်။

"နည်းတယ်နော်.... ဦးလေး...."

"နည်းတာပေါ့၊ အဲဒါ ဗမာတွေ မညီညွတ်ကြလို့ပေါ့ကွယ်၊ ကုမ္ပဏီက အင်္ဂလိပ်ကုမ္ပဏီကိုကွ၊ တီးတဲ့လူတွေ စုပြီး သပိတ်မှောက်ကြရတာပေါ့..."

အစက သပိတ်မှောက်ဟူသော စကားလုံးကို စာအုပ်များတွ ဖတ်ခဲ့ရသည်။ အမျိုးသားနေ့ ဆရာကြီးဦးဟန်တင့် ပြောကြားသော မိန့်ခွန်းတွင်ကြားရသည်။ ဆရာ ကြီး ဦးဟန်တင့်မှာ ၁၉၂၉-ကျောင်းသား

သပိတ်မှောက် ဟူသော စကားလုံးမှာ စကားလုံးအဆန်းအသစ်များမဟုတ်။ ကြားနေကျ စကားလုံး။ ယဉ်နေသောစကားလုံး။ သူတို့ရာမည်မြို့ အမျိုးသားအထက်တန်းကျောင်းသည်ပင်လျှင် ကျောင်းသား သပိတ်မှ ပေါ်ပေါက်လာသောကျောင်းဟု ဆရာများ မကြာခဏပြော၍ သိခဲ့ရသည်။ ယခုမှ မိမိသိလာသော၊ နားမလည်သော ဓာတ်ပြားသွင်းရေးကိစ္စတွင် သပိတ်မှောက် ပါလာသောအခါ မရှင်းမလင်းဖြစ်ရသည်။ သူ၌ မရှင်းမလင်းသော - မသိတာတွေ မကြာခဏတွေ့နေရရာ၊ တခါတခါ အတန်းထဲတွင် ဆရာက ရှင်းပြ၍ သိရသည်မှာရှိသည်။ တခါတခါလည်း စိမ်းစိမ်းနှင့်မေးမြန်း၍ သိရသည်။ ဆရာကိုမူ ပြန်မပေးဝံ့။ မရှင်းလှသေးသော်လည်း နားထောင်နေမိသည်။ စိမ်းစိမ်းနှင့်မူ စောဒကတက်၍ရသည်။ သို့သော်-ယခုတလောစိမ်းစိမ်းနှင့်ကလည်း သိပ်စကားမပြောဖြစ်၍ အခြေအတင် မေးရမြန်းရသိပ်မလုပ်ဖြစ်။ တနေ့ တနေ့ သူသည် စာအုပ်ကြားထဲ၌ နစ်မြုပ်နေသည်ကို စိမ်းစိမ်းက သိပ်ကြည်လှသည်မဟုတ်။ စာအုပ်တွေထဲမှာပင် စူးစမ်းရှာဖွေနေရသည် မဟုတ်လား။

ဗညားမော်၏ တွေသွားသော၊ နားလည်ပုံပေါ်သော မျက်နှာရိပ်အမူအရာကြောင့် သခင် ခင်အောင်က "ညီညွတ်ရင် သပိတ်မှောက် အောင်တာဘဲကွ" သူက နားလည်နေသည်မှာ သပိတ်မှောက်ခြင်းသည် ကျောင်းသားနှင့်သာ ဆိုင်သည်ဟု။ သပိတ်သည်ပင်လျှင် ဘုန်းကြီးကျောင်းနှင့် သက်ဆိုင်နေသည် မဟုတ်လား...။ ယခု... တူရိယာ အတီးအမှုတ်၊ အဆိုသမားများနှင့် သပိတ်သည် မည်သို့ သက်ဆိုင်လေမည်နည်း။

"ဒီလိုကွ ... ဓာတ်ပြားတချပ်သွင်းရင် ဘယ်လောက်ပေးရင်သွင်းမယ် မပေးရင် မသွင်းပေးဘူးလို့ တူရိယာသမားတွေက ညှိနှိုင်းပြီး တညီတညွတ်ထဲ တင်းခံနိုင် ရင်ကိုယ်တောင်းတဲ့ဈေး ပေးရမှာပေါ့။

ဗညားမော်သည် သခင်ခင်အောင်ပြောသည်ကို တွေ၍ နားထောင်နေသည်။ သူတို့အနားသို့ ရင်ရင်မြလာ၍ လက်ဖက်ရည် အကြွမ်းအိုးနှင့် ထန်းလျက်၊ ကြံသကာ၊ မြေပဲလှော်များ ဗန်းနှင့် လာချသည်။ လှည့်ပင် လှည့်မကြည့်အား။ ရင်ရင်မြ၏ အစိမ်းနုအဖြူရိပ်ကလေးကိုသာ လက်ကနဲမြင်လိုက်ရုံ။ ရင်ရင်မြမှာ ပင်နီမဝတ်တာ ကြာပြီ။ ရှစ်တန်းရောက်ကတည်းက ဆိုပါတော့လေ။

"အေး... မညီညွတ်ရင်တော့ မရဘူး...။ တယောက်ယောက်ဖောက်ပြီး လျှော့ဈေးနဲ့ လက်ခံရင်တော့ ကုမ္ပဏီ လုပ်တာ ခံရမှာပဲ။ မညီညွတ်လို့ ခက်နေတာ။ ညီညွတ်အောင်လုပ်ရမယ်။ စည်းရုံးရမယ်။ ညီညွတ်ရင် အားလုံး အောင်ရမယ်..."

ဗညားမော်သည် နားအာရုံထဲတွင် ညီညွတ်ရေးဟူသော အနက်သည် ကပ်ညှိ၍ သွားသည်။ ညီညွတ်ရင် အားလုံးအောင်ရမယ် ညီညွတ်ရေးဆိုတာ ဘာပါလိမ့်နော်။ "သောက်ပါဦးကွ ... ဗလလည်း ပြန်လာခါနီးပါပြီ၊ စာအုပ်ဘီရိုထဲက စာအုပ်တွေလဲ ယူကြည့်၊ ကြိုက်တာယူ"

ဗညားမော်သည် စာအုပ်ဘီရိုနား ရောက်သွားသည်။ စာအုပ်မှာ အရင်တုန်းကထက်တောင် များလာသည်။ ဘီရိုအသစ်တလုံးလည်း တိုးလာသည်။ စာအုပ်စင်များလည်း တိုးလာသည်။ တချို့စာအုပ်များမှာ ကြမ်းပြင်ပေါ်တွင် ပုံထားသည်။ အင်္ဂလိပ်စာအုပ်များလည်း တွေ့ရသည်။ စာအုပ်ဘီရိုနားတွင် စားပွဲ ကုလားထိုင် တလုံးလည်း အသစ်တွေ့ရသည်။

သူသိချင်နေသည်ကား၊ အနီရောင် ဒို့ဗမာအစည်းအရုံးဆိုင်းဘုတ်စာတမ်း၊ ခါတိုင်းတွေ့နေကျ ဈေးအနီး တိုက်ခန်းတွင် မတွေ့ရတော့။ ဈေးဘက်ရောက်သွားလျှင် ဒို့ဗမာအစည်းအရုံးတိုက်ခန်းကို မကြည့်ဘဲ မနေနိုင်။ ဒို့ဗမာ သီချင်းကိုလည်း ကြားရစမြဲ။ အခု မကြားရသည်မှာ ကြာပြီ။ ဒို့ဗမာအစည်းအရုံးတိုက်ခန်းမှ ကြားရသော်လည်း၊ မယ်ဒလင်ဖြင့် သူ့ဖာသာသူ စမ်းတီးသည်။ ငယ်ငယ်ကတည်းက စွဲလန်းခဲ့သော သီချင်း မဟုတ်လား. သူတီးလျှင် လိုက်ဆိုစမြဲ။ သီချင်းအစပိုဒ် များကိုတော့ ဗလက ကောင်းကောင်းမဆိုတတ်။ အဆုံးပိုဒ်ကိုကား ဗလက အားရပါးရဆိုသည်။

"အရှေ့ကနေဝန်း ထွက်သည့်ပမာပ၊ ဒို့ခေတ်ကိုရောက်ရမည်မှာ မလွဲပါ၊ ဒို့ဗမာဟေ့... ဒို့ဗမာ' ကစ၍ ဗလသည် စိတ်လှုပ်ရှားလာတတ်သည်။ သူ့အသံလှိုင်းလည်း တက်လာသည်။ သူကလည်း သည်အပိုဒ်တီးရလျှင် စိတ်လှုပ်ရှားလာသည်။ သူတို့မျှော်မှန်းချက်များ ပုံတူသည် သီချင်းနောက်ဆုံးအပိုဒ်တွင် ပါလာသည်။ ဗလသည် ဆိုရင်း အသံကျယ်လောင်မြည်ဟည်း လာသည်။ သူတို့သည် ကျောင်းတွင် မြန်မာ့ဂုဏ်ရည်စသော ရာဇဝင်

ကောက်နုတ်ချက်များ သင်လာရသည်။ ရုစ်တန်းက စ၍ ရာဇဝင်စာလည်း သင်ရ၍၊ သူတို့ ငယ်ငယ်က အတွေ့အကြုံများ၊ ခံစားမှုများ ရာဇဝင်စာအုပ်မှ အဖြစ်အပျက်များကို ဟပ်ကာစဉ်းစားနေမိသည်။ ယခု... ဓာတ်ပြားကိုစွဲဆိုလျှင် စိတ်ထဲက မခံချင်။ တယော ကိုအောင်မိုးကို မြင်လာသည်။

ကိုအောင်မိုးမှာ အမြဲတမ်း လ,ပြည့်ဝိုင်းစက်မနေ။ တခါကပိုးလုံချည်နှင့် တောက်တောက်ပပ တွေ့ရပြီးနောက်၊ စုတ်စုတ်ပြတ်ပြတ် ညှိုးညှိုးနွမ်းနွမ်းနှင့် တွေ့ရသည်ကများသည်။ ရန်ကုန် သွားသလား ဘာလားမသိ၊ တော်တော်နှင့် သူ့ကိုမတွေ့ရ။ ဈေးနားရှိ ဒို့ဗမာအစည်းအရုံးတိုက်ခန်း၌ လက်ကနဲမြင်လိုက်ရပြီး ပြန်ပျောက် သွားပြန်၏။ ဒို့ခေတ်ကို ရောက်ရမည်မှာ မလွဲပါဟူသော အပိုဒ်ရောက်လာလျှင် ကြက်သီးမွေးညှင်း ထလာကာ စိတ်ထဲ၌ အားရှိလာသလို ခံစားလာရသည်။ ဓာတ်ပြားသွင်းလျှင် ဈေးကောင်းကောင်းနှင့် ရ,ရမည်။ ညီညွတ်လျှင် ရ,ရမည် တဲ့။

ဒို့ခေတ်ကို ရောက်ရမည်မှာ မလွဲပါဟု ဆိုလိုက်လျှင် ကုမ္ပဏီက တူရိယာသမားများအား ဈေးမြှင့်၍ ပေးရမည့်ခေတ်။ ညီညွတ်စည်းရုံးသော ခေတ်ဟု စိတ်ထဲက လှိုင်းထသည်။ ညီညွတ်အောင် ဘယ်လိုလုပ်ရမလဲ။ သူဘာမျှမသိ။ ညီညွတ်တယ်ဆိုတာ ဘာပါလိမ့်၊ စဉ်းစားစရာတွေ တိုးလာပြန်ပြီ။ သူသည် အနီရောင် ဒို့ဗမာ အစည်းအရုံး ဆိုင်းဘုတ်စာတမ်းကြီးကို ငေးနေမိသည်။ စိတ်ထဲကအနီရောင်သည် ဖျော့လာပြီး ဟောင်းနွမ်း နေသည်ကို ဝမ်းနည်းနေသည်။ သူငယ်ငယ်က ကျီးများပြုံကျလာသောည၊ အေးမြသော်လည်း၊ နှင်းမှုန်များ ဝေမှိုင်းနေလည်း အေးရမှန်းမသိဘဲ ပူးဆွေးလာသောည်။ ပင်ကိုယ်သဘာဝအားဖြင့် လူကြောက်သော်လည်း၊ ထူထပ်သိပ်သည်းသော လူကြားထဲ၌ ဘာမျှ မကြောက်တော့ဘဲ ကြက်သီးမွေးညှင်းထလာစေသော၊ ပြောင်းလဲကာ စိတ်တက်ကြွလာသော အားရှိသော ထိုညကို သတိရလာသည်။

## အခန်း (၂၄)

သူသည် သခင် ခင်အောင်ကို မေးကြည့်ချင်နေသည်။ သူသည် သိပြီးသား ဒို့ဗမာ သတင်းစဉ်ဂျာနယ် အဟောင်းများကို ထပ်ဖတ်ပြီး...သခင် ခင်အောင်၏ခြေသံကို နားစွင့်နေမိ သည်။ ဘာသံမျှ မကြားရ၊ ရင်ရင်မြပင် ပေါ်မလာ။ ယခုတလော ရင်ရင်မြထံမှ ရေမွှေးနံ့များ ရလာတတ်စမြဲ။ ခုတလော ရင်ရင်မြမှာ လူကြီးဂိုက် ဖမ်းနေသည်။ သူက သိပ်မကြိုက်။ သူငယ်ငယ်တုန်းကလို မဟုတ်၊ ဝတ်ပုံစားပုံမှာ အရောင်လွင်လွင်နန တောက်တောက်ကလေးများ ဝတ်တတ်လာသည်။ ပင်နီဆိုတာ ဝတ်ကို မဝတ်တော့။

သူ့အဖေသခင်ခင်အောင်ကိုမူ ပင်နီဖျဉ်ကြမ်းအပေါ်ဖုံးနှင့် တွေ့ရတတ်သည်။ မပြောင်းလဲ။ ခါတိုင်းလိုပင် သူ့ကိုတွေ့လျှင် စကားပြောသည်။ သူမေးလျှင်လည်း ကောင်းမွန်စွာစုံစုံစေ့စေ့ ပြောပြတတ်သည်။ ဒို့ဗမာအစည်းအရုံး တိုက်ခန်းရှေ့ ရောက်လျှင် ရှု့မြင်တိုင်း လုပ်းခေါ်သည်။ တီးဝိုင်းရှိရှိ-မရှိရှိ။ မပြောင်းလဲ။ ရင်ရင်မြကမူ ငယ်ငယ်တုန်းကနှင့် သိပ်မတူတော့။ ဖိနပ်ပင်လှလှကလေးတွေ ဝတ်လာသည်။ အင်္ကျီလက်ကို ဖာတပ်လာသည်။ တက်တင်းထိုးလာသည်။ ရွှေဆွဲကြိုးများ ဆွဲလာသည်။ ထမီကိုလည်း တနေ့တမျိုးဝတ်သည်။ သူ့နားကပ်လျှင် ရေမွှေးနံ့၊ ပေါင်ဒါနံ့များ သင်းပျံ့လာတတ်သည်။ သူနှင့်လည်း ငယ်ငယ်ကလို စကားပြော သိပ်မတည့်လှ။ သူနှင့် အတန်းမတူတော့။ အရင်ကလောက် အတန်းထဲတွင် အမြဲတွေ့ဆုံတာမျိုး မရှိသော်လည်း၊ ဗလတို့အိမ် ရောက်တိုင်း သူနှင့် ဆုံမိကြသည်သာ။ နေ့လယ် မုန့်စားဆင်းလျှင်လည်း ကျောင်းဝရံတာထဲ၌ ဆုံမိတတ်ကြသည်။ သူ့အလိုနှင့် ဆန့်ကျင်နေလျှင် စိတ်ဆိုးတတ်သည်။ ဘာမျှမဟုတ်၊ အသေးအမွှားလေးများကိုလည်း ရင်ရင်မြ စိတ်ကောက်နေသည်။ သူကမှ နားမလည်။

တနေ့ခင်း ရင်ရင်မြက အိမ်ကယူလာသော လက်ဖက်သုပ်ကို ဗညားမော်အား လာပေးသည်။ သူ့ဘေး၌ ခင်ထားလှိုင်၊ ခင်ထားခိုင်တို့ ညီအမရှိသည်။

"ဗညားမော်... လက်ဖက်သုပ်စားပါလား..."

ရင်ရင်မြက ပြုံးကာ သူမလက်ထဲမှ လက်ဖက်သုပ်များကိုပေးသည်။

"ပြစမ်းပါ..."

"ဟာ... သုပ်ထားတာဘဲဟာ..."

"လက်ဖက်သုပ်ပါဆိုမှ..."

ရင်ရင်မြကေ လျှာထုတ်ကာ အံ့သြသောဟန်ဖြင့် ပြုံးနေ၏။ ဘယ့်နယ်ဟာလဲဟူသော အမူအရာမျိုး။

"ကျွန်တော်က လက်ဖက်ကို တပုံစီမှကြိုက်တာ၊ ကြက်သွန်ဖြူက သပ်သပ်၊ နှမ်းကသပ်သပ်၊ မြေပဲကသပ်သပ်၊ ပတာနီက သပ်သပ်၊ အုန်းသီးကြော်က သပ်သပ်..."

"လက်ဖက်စားမှာ မဟုတ်ဖူးလား..."

"ဟင့်အင်း... လက်ဖက်ဆိုပေမယ့် အဆာရွေးစားချင်တာ"

"မစားချင်နေ... ရင်မြက အကောင်းပေးတာ၊ ဘယ်လိုဟာမှန်းလဲ မသိဘူး..."

ရင်ရင်မြက စိတ်ဆိုးကာ သူ့အနားမှ ထွက်သွားသည်။ သူ့အပါးတွင်ရှိသော ခင်ထားလှိုင်တို့ ညီအမကို ပွတ်တိုက်သွားသည်ကို ခင်ထားလှိုင်က အံ့သြနေ။ ခင်ထားခိုင်ကမူ ဗညားမော်၏ မျက်နှာကို စိုက်ငေးကြည့်နေ၏။

ယခုတလော အမျိုးသမီးများကို သူနားမလည် ဖြစ်နေရသည်။ သူမျှော်လင့်ထားတာတွေ၊ တွေးမထားတာတွေ တွေ့နေရသည်။ အရေးကြီးကိစ္စများ မဟုတ်။ ကြီးကြီးကျယ်ကျယ်များလည်း မဟုတ်။ အားလုံး အသေးအမွှားများသာ ဖြစ်ကြ၏။ သူ မကြိုက်သော လက်ဖက်ဖြစ်နေ၍၊ မစားခြင်းသာ ဖြစ်၏။ ဒါကို စိတ်ဆိုးသွားသလား၊ ဘာလားမသိ။

သို့သော် နောက်တနေ့တွင် ဘာမျှ မဖြစ်သလို။ ခင်ထားလှိုင်ကား ငယ်ငယ်တုန်းကလိုပင် ဖော်ရွေပြီး သူမနှင့်ကား ရင်ရင်မြလောက် အတွေ့မများ။ အတန်းတူမို့ အတန်းထဲသွာသာ တွေ့ကြသည်။ စန္ဒယားနှင့် ပတ်သက်၍ သူမထံ မေးရမြန်းရသည်။ အားလုံးထဲတွင် ခင်ဘို့အကောင်းဆုံးကား ခင်ထားခိုင်။ ခုတလော ခင်ထားခိုင်မှာ လူကောင်ကြီးလာသည်ဟု ထင်ရသည်။ အသံကြီးလာသည်။ သို့သော် အမူအရာမပြောင်း၊ ပွင့်ပွင့်လင်းလင်း၊ ကျွေးစရာရှိလျှင် အတင်းကျွေးသည်။ မကြိုက်၍ မစားလဲ အရေးမကြီး။ သူကလည်း စားချင်လျှင် တောင်းစားသည်။ စိတ်ကောက်တာ ၊ စိတ်ဆိုးတာမရှိ။ သူ့ကို ကိုကို ကိုကိုနှင့် အခင်ဆုံးဟု ထင်ရသည်။ ဒီနှစ် ခြောက်တန်း၊ သူတို့အိမ်သို့လည်း မကြာခဏဖိတ်သည်။ စန္ဒယားလာတီးပါအုံးဟု ပြောတတ်သည်။

**အခန်း (၂၅)**

အမွှေးနံ့တခု ထုံယစ်လာသည်။ သူ့နောက်၌ ရင်ရင်မြလောက်လာပြီဟု သိလိုက်သည်။ သို့သော်- သူသည် လှည့်မကြည့်။ သူကစာအုပ်များကိုသာ လှန်ကြည့်နေသည်။ သူစူးစိုက်နေသည်ကား စာအုပ်နာမည်မဟုတ်။ စာအုပ်ပေါ်၌ တံဆိပ်ရိုက်ထားသော စကားလုံးများ၊ ဆရာစံ အထိမ်းအမှတ် စာကြည့်တိုက်။ စက်ဝန်းကလေးထဲရှိ မျဉ်းကြောင်းကလေး နှစ်ခုအကြား၌ စာတမ်းထိုးထားပြီး၊ အလယ်၌ ရက်စွဲနှင့် အမှတ်နေရာများ ရေးထားသည်။ ခိုရောင်မင်ဖြင့် တံဆိပ်ရိုက်ထားသည်။ ဆရာစံ ဟူသော စာလုံးကို မြင်လိုက်ရသောအခါ သူ၏ရင်ထဲ၌ တမျိုးဖြစ်သွားသည်။ သူ၏စိတ်မှတ်ရာထဲ၌ စွဲလမ်း ထင်ရစ်သော အတိတ်က အမှတ်အသားများသည် ပြန်၍ စိမ်းစို လန်းနလာသည်။ သူ့ကိုရင်ခုန်စေသော တောသားသူပုန်ကြီးများ၏ ခေါင်းပြတ်ငုံးတိများသည် ပြန်၍ ပေါ်လာကြသည်။ သူ၏ ဘေးကြမ်းပြင်ပေါ်၌ ပန်းကန်သံကြားရကာ ရေမွှေးနံ့လည်း ဝေးသွားသည်။ ပန်းကန်ထဲ၌ မြေပဲယိုများ၊ ကရေကရာ မုန့်များ။ သူသည် ကြမ်းပြင်ပေါ်၌ထိုင်ကာ စာအုပ်များကို လှည့်ကြည့်နေခြင်းဖြစ်သည်။ သူလှည့်ကြည့်လိုက်သောအခါ အစိမ်းနု အရိပ်သည် ခန်းဆီးကြား၌ ပျောက်ကွယ်သွားသည်။ ခြေသံကြားလာရပြန်သည်။

သူသည် ဆရာစံအထိမ်းအမှတ် စာကြည့်တိုက်ဟူသော တံဆိပ်ရိုက်ထားသည်ကို ကိုင်ရင်း ငေးနေမိသည်။ စာအုပ်မှာ အင်္ဂလိပ်စာများ ဖြစ်သည်။ ဂွန်စထရက်ချီရေးသော ဆိုရှယ်လစ်ဝါဒ၏ သဘောတရားနှင့် လက်တွေ့ကျင့်သုံးပုံ။ သူစိတ်ဝင်စားသူမှာကား၊ စာအုပ်မဟုတ်။ စာအုပ်၌တံဆိပ်ထိုးထားသော သူပုန်ခေါင်းဆောင် ဆရာစံ၏အမည်။ နောက်ထပ်အင်္ဂလိပ်စာအုပ်တအုပ် တွေ့ရပြန်သည်။ လန်ဒန်တက္ကသိုလ် နိုင်ငံရေးသိပ္ပံဘာသာရပ် ပါမောက္ခလက်စကီးရေးသော နိုင်ငံရေး သဒ္ဒါကျမ်း။ ထိုစာအုပ်၌လည်း ဆရာစံအထိမ်းအမှတ် စာကြည့်တိုက်ဟူသော တံဆိပ်ရိုက်ထားပြန်သည်။ ဆရာစံ၏ရုပ်ပုံလွှာသည် စာအုပ်များပေါ်၌ တရိပ်ရိပ် ပြေးနေသည်။ ပင်နီထဲမှ ဒေါင်းရုပ်အလံများ၊ ဂဠုန်ရုပ် အလံများသည် ယှက်သန်းနေကြသည်။

"သောက်လေ....မုန့်တွေ စားပါအုံး၊ ကရေကရာမန္တလေးက ဧည့်သည်တွေ ယူလာတာ..."

သခင် ခင်အောင်ဘေး၌ ရင်ရင်မြကိုပါ တွေ့ရသည်။ ရင်ရင်မြက လက်ဖက်ရည်ကြမ်းကရားထဲသို့ ရေနွေးများ ဖြည့်လောင်း ထည့်ပေးနေသည်။

"အော်.. ဗညားမော်က အင်္ဂလိပ်စာအုပ် ဖတ်သလား...."

"မဟုတ်ပါဘူး ဦးလေး၊ ကျွန်တော်ဖတ်တာ မဟုတ်ပါဘူး၊ စာအုပ်တွေကြည့်နေတာပါ၊ စာအုပ်တွေပေါ်မှာ ဆရာစံ အထိမ်းအမှတ် စာကြည့်တိုက်ဆိုတာ တွေ့လို့ပါ"

"အံ့သြနေသလား၊ ရန်ကုန်က စာအုပ်တွေ ဌားလာတာပါ၊ ဒီမှာ ဆရာစံ အထိမ်းအမှတ် စာကြည့်တိုက်ရှိတာ မဟုတ်ပါဘူးကွ။ ဦးလေး သူငယ်ချင်း သခင် တင်မောင်ဆီက ယူလာတာ..."

သခင် ခင်အောင်က ဆရာစံအထိမ်းအမှတ် စာကြည့်တိုက် ဖြစ်ပေါ်လာပုံကို ဗညားမော်အား ပြောပြနေသည်။

အပြင်ဘက်၌ကား၊ ငှဲပွင့်ကြွေကျနေကြသည်။ လေက ပွင့်ကြွေများကို ယူဆောင်ကာ ငံမြစ်ထဲသို့ လွှင့်ချနေသည်။

"ဗလ ခုထက်ထိကို ပေါ်မလာသေးဘူး၊ တယ်ကြာတဲ့ ကောင်လေးဘဲ၊ ဒို့ဗမာအစည်းအရုံးဆိုင်းဘုတ် ဆေးထပ်သုတ်မလို့၊ ဆေးသုတ်သမားသွားခေါ်ခိုင်းတာ"

သူသိပ်သိချင်နေတာ မမေးရတော့ဘဲ သခင် ခင်အောင်က ပြောပြနေလေပြီ။

"ဆိုင်းဘုက်က ဈေးနားက တိုက်ခန်းမှာ မချိတ်တော့ဘူးလား"

"တိုက်ခန်းမရှိတော့ဘူး၊ ဦးလေးတို့အိမ်မှာဘဲ ဒို့ဗမာအစည်းအရုံးနေရာဌာနလုပ်ရမှာ၊ အိမ်လခမှ မှန်မှန်မပေးနိုင်တာဘဲ၊ အဲဒါဒို့အိမ်မှာဘဲ ယာယီလုပ်ထားရမှာဘဲ၊ လူတွေက ကောက်ရိုးမီးလိုဘဲကွ၊ ဟုန်းကနဲထတောက်ပြီး နောက်ငြိမ်းသွားတာ..."

သခင် ခင်အောင်သည် ရာမညဲ ဒို့ဗမာအစည်းအရုံး အခြေအနေကို ပြောပြနေသည်။ တည်ထောင်ပြီး နှစ်နှစ် - သုံးနှစ် လောက်မှာ ဈေးနားရှိ ဒို့ဗမာအစည်းအရုံး တည်ရာဌာန စည်ကားသည်။ တိုက်ခန်းမှာ ဒို့ဗမာ သီချင်းသံများဖြင့် တငြိမ့်ငြိမ့်။ လူငယ်များ အလေးမကြသော တချွင်ချွင်အသံများ ကြားရသည်။ တခါတရံ အစည်းအဝေး လုပ်နေကြသည်ဟု အောက်မေ့မိသည်။ တခါတရံလည်း စာဖတ်နေကြသည်။ ယခုမူ စုစုဝေးဝေးများ မတွေ့ရတော့။

ဒါကြောင့် ကောက်ရိုးမီးဟု ပြောတာကိုး။ ရံပုံငွေ ထည့်ဝင်သူကလည်း နည်းလာသည်။ နှစ်ကြေး၊ ဝင်ကြေးပေးမည့်သူများကလည်း မမှန်။ ပေးသည့်ခါပေး။ မပေးသည့်အခါ မပေး။ အသင်းစာရေးကိုပင် မထားနိုင်တော့၍ နှစ်စဉ်ကြေးကောက်ရန် လူပင်မရှိတော့။

"အဲဒါနဲ့ ဦးလေးက ဒီအိမ်မှာဘဲ အစည်းအရုံးဌာန ယာယီ လုပ်ထားလိုက်တယ်လေ" ဟု သခင် ခင်အောင်က နိဂုံးချုပ်လိုက် သည်။

နောက်တော့... ဗလဘဲ ခိုင်းရမှာဘဲ၊ နှစ်ကြေးကောက်တာတို့၊ ဘာတို့၊ အစည်းအရုံး ဝေယျာဝစ္စတို့၊ ဘာတို့၊ ရင်ရင်မြကြည့် ခု... ပင်နီတောင် ဝတ်ခိုင်းလို့မရဘူး"

ရင်ရင်မြက ပြုံးနေ၏။

"ဖေဖေကလဲ အိုက်တာကို၊ ထူထူကြီး မဝတ်ချင်ပါဘူး၊ ဖေဖေဘဲ အဲဒီအကြမ်းကြီးဝတ်"

ဗညားမော်ကလည်း ပြုံးလာသည်။ ရင်ရင်မြသာမဟုတ်။ အမျိုးသမီးအားလုံးပင် အင်္ကျီပါးပါး၊ ရှန်သား၊ ပိတ်ချောပါပါးများကို ဝတ်နေကြသည် မဟုတ်လား။

"အဲဒါ ပြန်ပြီး လူစုရအုံးမယ်၊ ဒါကြောင့် ဆိုင်းဘုတ်တွေလဲ ဆေးပြန်သုတ်ရမည်။ နောက်ပြီးတော့လဲ သခင်တွေထဲက အဖမ်းခံရတာ... ထောင်ကျတာတွေကလည်း မနည်းဘူး မဟုတ်လားကွ၊ အဲဒီတော့ ဒို့ဗမာအစည်းအရုံးထဲ ဝင်ရမှာ ကြောက်ကြတယ်နဲ့ တူပါတယ်၊ စကားပုံ အသစ်တခုတောင် ပေါ်လာသေးတယ် မဟုတ်လား၊ သခင်ပေါက်စ၊ ထောင်ခြောက်လ" တဲ့၊ ဟား...ဟား..."

သခင် ခင်အောင်က သူ့ဖာသာသူ သဘောကျကာ ရယ်မောနေ၏။ ဗညားမော်ကား တွေနေ၏။ သူငယ်ငယ်ကတည်းက စွဲလန်းခဲ့သော ဒို့ဗမာအစည်းအရုံး၊ ဒို့ဗမာသီချင်း။

"ဗွာနချုပ်က သခင်ခေါင်းဆောင်တွေ ထောင်ကျတယ်ကွ၊ အင်္ဂလိပ်အစိုးရကို ဆန့်ကျင်တရား ဟောလို့တဲ့ကွာ၊ ပုဒ်မ ၁၂၄-(က)ခေါ်တယ်၊ အစိုးရကို အကြည်ညိုပျက်အောင် မဖော်ပြရဘူးတဲ့၊ မျက်စောင်းထိုးရင်တောင် အဲဒီပုဒ်မနဲ့ဖမ်း ထောင်ချနိုင်တယ်"

ဗညားမော်၏ အာရုံထဲတွင်ကား၊ သူပုန်ခေါင်းပြတ်များ၊ ဒေါင်းသံ၊ ကြိုးစင်၊ ဓာတ်ပြားညီညွတ်ရေး၊ အကျဉ်ထောင်တို့သည် တဖျတ်ဖျတ်လွင့်ပါးနေကြသည်။ တခုနှင့်တခု ရောကာ နွေဦးပေါက်ငုဝါပွင့်ကြွေများနှင့် အထက်အောက် ထွေးလုံးရစ်ပတ် ဖြစ်နေသည်။

"ဒီနှစ် ရေနံချောင်းမှာ ဒို့ဗမာအစည်းအရုံး ညီလာခံ ကျင်းပမယ်ကွ" သူသည် ညီလာခံဆိုသော စကားလုံး ကြားသဖြင့် နားမလည်ဖြစ်သွားသည်။ ညီလာခံဆိုသည် မြန်မာရှေးဘုရင်များ၏ ညီလာခံ။ အခုဘယ်လို သုံးလိုက်ပါလိမ့်။ မသိတာတွေ တိုးလာပြန်ပြီ။

"မင်းက ညီလာခံ စကားလုံးသုံးလို့ အံ့သြနေသလား၊ သုံးရမှာပေါ့ကွ၊ ဒို့လဲ ကိုယ့်မင်းကိုယ်ချင်းနဲ့ နေလာတဲ့လူမျိုးဘဲ၊ ဒို့ဗမာ အစည်းအရုံးက ဗမာပြည်ကို လူမျိုးခြား အင်္ဂလိပ်အစိုးရလက်လောက်က လွတ်မြောက်အောင် ကြိုးပမ်းတဲ့ အဖွဲ့အစည်းဘဲ မဟုတ်လား၊ ကိုယ့်မင်း ကိုယ့်ချင်းဘဝ ပြန်ရအောင် လုပ်ရမယ့် အဖွဲ့ဘဲ၊ ဒို့သခင်တွေရဲ့ အစည်းအဝေးဟာလဲ ညီလာခံဘဲ ပေါ့၊ ဟုတ်တယ် မဟုတ်လား၊ ဒို့က ကျွန်မဟုတ်ဘူးကွ၊ သခင်၊ သခင်ဆိုရင် ညီလာခံ ရှိရမှာပေါ့"

"ဦးလေးလဲ ညီလာခံသွားရမှာပေါ့နော်"

"သွားရမှာပေါ့၊ စီရင်စုတိုင်းက သွားရမှာပေါ့၊ ဗမာပြည် တပြည်လုံးကပေါ့၊ ဗမာပြည်အရပ်ရပ်မှာ လှည့်ပြီး ညီလာခံတွေ ကျင်းပရမယ်၊ တလောကလဲ မြင်းခြံမှာ လုပ်သေးတယ်၊ သတင်းကောင်းတခု ပြောရအုံးမယ်ဟေ့"

ဗညားမော်သည် သခင် ခင်အောင်အား မော့ကြည့်လိုက်သည်။ သခင်ခင်အောင်က ကျေနပ်သဖြင့် ပြုံးကြည့်နေ၏။

"မစ္စတာမောင်မှိုင်း သိတယ်မဟုတ်လား၊ တောမှီယောဂီဆရာကြီးလေ"

"ဂဠုန်ပုံဒီပနီဋီကာ ကျမ်းရေးတဲ့ မစ္စတာမောင်မှိုင်း မဟုတ်လား ဦးလေး...."

ဗညားမော်က ချက်ချင်းပြောလိုက်သည်။ သူသည် စားများဖတ်နေသဖြင့် စာရေးဆရာများ၏နာမည်ကို ကောင်းကောင်း သိနေသည်။ သတင်းစာလည်း ဖတ်သဖြင့် သခင်ခေါင်းဆောင်များ ထောင်ကျသည့် သတင်းများကိုလည်း သိနေသည်။

"ဒါမှပေါ့ကွ၊ မင်းက စာဖက်တော့ သိနေတာပေါ့...."

"မှန်နန်းရာဇဝင်တော်သစ်၊ ကဗျာသာရတ္ထသင်္ဂြိုဟ်တို့ ရေးတဲ့ ဆရာကြီးဘဲ မဟုတ်လား"

"အေးပေါ့ကွယ်..."

"အဲဒါ ဘာဖြစ်လို့လဲ ဦးလေး..."

"အဲဒီ မစ္စတာ မောင်မှိုင်းဆိုတဲ့ ကဗျာဆရာကြီးလဲ ဒို့ဗမာ အစည်းအရုံးဝင်လိုက်ပြီ၊ ခု- ကျင်းပမယ့် ရေနံချောင်း ဒို့ဗမာအစည်းအရုံးညီလာခံမှာ ကြေညာမှာဘဲ၊ ဦးလေး တလောက ရန်ကုန်က ပြန်လာတုန်းက သိခဲ့ရတာ"

"ဒါဖြင့် ... မစ္စတာမောင်မှိုင်းရှေ့ သခင်တပ်ရမှာပေါ့နော်..."

"တပ်ရမှာပေါ့၊ ဒို့ဗမာ အစည်းအရုံးဝင် သခင်ဖြစ်ရင် သခင်နံမယ် တပ်ရမှာပေါ့..."

ဗညားမော်သည် တွေကာ ဆရာစံ အထိမ်းအမှတ် စာကြည့်တိုက် တံဆိပ်နှိပ်ထားသော စာအုပ်များကို ကြည့်နေ၏။

"မင်းစာအုပ်တွေ ဖတ်ချင်လို့လား..."

သခင် ခင်အောင်မှာ လူငယ်များ၏စိတ်ကို သိနေသည်။

"ဖတ်တော့ဖတ်ချင်တယ်၊ ဒါပေမယ့် .. နားလည်မှာ မဟုတ်ပါဘူး..."

"နားလည်ပါတယ်ကွ၊ မင်း ကိုးတန်းအောင် ရောက်နေပြီဘဲ၊ အလေ့အကျင့်လုပ်ရင် ရပါတယ်၊ စာဖတ်တာလဲ အလေ့အကျင့် လုပ်မှရတာ၊ အဘိဓာန်စာအုပ်တအုပ်ရှိလျှင် ပြီးတာဘဲ၊ ဘာမဆို အလေ့အကျင့်လုပ်ရင် ရတာဘဲ၊ အခု စာအုပ်က နိုင်ငံရေးစာအုပ်တွေဆိုတော့ ရုတ်တရက် နားလည်ချင်မှ နားလည်အုံးမယ်၊ ဒါပေမယ့် ရပါတယ်"

"ကျွန်တော်လဲ.... ဖတ်တတ်ချင်နေတယ်၊ ကျောင်းမှာတော့ အင်္ဂလိပ်ဝတ္ထုကောက်နုတ်ချက်တွေ သင်ရပါတယ်..."

"အေးပေါ့... ဝတ္ထုဖတ်လဲ ကောင်းတာဘဲ၊ ဗညား အခုဘာတွေဖတ်နေလဲ၊ ဗလကတော့ ပြောပါတယ်၊ မင်းကဗျာတွေလဲ အားကြီးရေးနေတယ် ပြောတယ်...."

ဗညားမော်မှာ ရှက်နေ၏။ ရင်ရင်မြကလည်း သူ့ကိုကြည့်နေသည်။

"ကျောင်းက လက်ရေးမဂ္ဂဇင်းမှာ သူက စာတည်း ဖေဖေ"

"ဟုတ်လား"

"အခု မထုတ်ရသေးပါဘူး ဦးလေး၊ နွေကျောင်းပိတ်တုန်းရေးထားကြရမယ်တဲ့၊ ကျောင်းဖွင့်ရင် စုပြီး ထုတ်မှာပေါ့"

"ကောင်းတာပေါ့ကွ"

"ဒို့လဲ ဘာသာပြန်တွေ များများလုပ်ရမယ်၊ အင်္ဂလိပ်စာမတတ်တဲ့လူတွေ တောအုံချုံကြားမကျန် တောသူ တောင်သားတွေပါ ဖတ်နိုင်အောင် ဘာသာပြန်စာအုပ်တွေ များများပြုစုရမယ်၊ ဂျပန်ပြည်တို့၊ တရုတ်ပြည်တို့မှာ ဘာသာပြန်ထားတာတွေ အကုန်ရှိတယ်ဗျ၊ ဒို့ဗမာတွေလဲ ဘာသာပြန်တွေ ထုတ်ရမယ်"

လှေကားမှ ဗလဆင်းလာသည်။ ဗညားမော်ကို မြင်လျှင် လှမ်းအော်ပြောသည်။

"ဟေ့ ... ဗညားမော်၊ မင်းက ဒီရောက်နေတာကိုး၊ ငါအခု မင်းတို့အိမ်တောင် ဝင်ခဲ့သေးတယ်..."

"ငါက မင်းကို ဒီလာရှာတာ၊ မင်း... ဘယ်သွားနေတာလဲ...."

"ငါအခု ကျောင်းက ပြန်လာတာ၊ အဲဒါလာပြောတာ၊ စာမေးပွဲစာရင်းတွေ ကပ်ထားတယ်ကွ၊ ဒီနှစ် အစောကြီးကပ်တယ်၊ မင်းကိုးတန်းအောင်တယ်၊ ငါလဲ အောင်တယ်...."

"ရင်မြကော...." ဟု ရင်ရင်မြက သူတို့နား ကပ်ကာ သူ့အကိုအား မေးနေ၏။

"နင်တို့အတန်းက မကပ်သေးဘူး၊ ကျောင်းဖွင့်မှ ထွက်မယ်တဲ့၊ ကိုးတန်းသာ ကပ်တာဘဲ၊ နင်စာကျက်ရင် အောင်မှာပေါ့..."

"အောင်မှာ..." ဟု ရင်ရင်မြက မျက်စောင်းထိုးလိုက်သည်။

"အေး..... စာမေးပွဲအောင်တာတော့ ကောင်းတယ်၊ နှစ်ယောက်လုံးအောင်ကြပြီ၊ အဲဒါက အရေးမကြီးဘူး၊ ဒီနှစ် ဆယ်တန်းက အစိုးရစစ်၊ အဲဒါမင်းတို့ စာကြိုးစာကြရမှာ၊ ဗညားမော်လဲ အပြင်စာဖတ်နေလို့ မပြီးဘူး၊ ကျောင်းစာလဲ ဖတ်ရမှာ..."

"ဘယ်သူတွေ အောင်သေးလဲ"

"နေအုံးကွ၊ ဘစန်းလဲအောင်တယ်၊ စိန်ဝမ်ကြီးကတော့ ကျတယ်"

"ခင်ထားလှိုင်ကောဟင်"ဟု ရင်ရင်မြက ဝင်မေးလိုက်သည်။

"အောင်တယ်"

သူတို့သည် လက်ဖက်ရည်ကြမ်းဝိုင်းတွင် ထိုင်ကြကာ စကားပြောနေကြသည်။ ဘယ်သူကကျ၊ ဘယ်သူကအောင်။ ဗလတို့မောင်နှမက စကားပြောနေခိုက်၊ သူက သိပ်ဝင်ဝင်မပြော။ သူတို့ပြောတာတွေ နားထောင်နေ၏။ သူ့စိတ်ထဲတွင် တခုခု ခံစားနေသည်။ ပြောရမှာခက်နေသည်။ သူနှင့်မဆိုင်ဘူးများ ပြောမလား။ သူတို့စကားပြော စားသောက်နေကြစဉ်၊ သခင် ခင်အောင် အနားရောက်လာသည်။

"ဟေ့... ဗလ၊ ဆိုင်းဘုတ် ဆေးသုတ်ဖို့ ပြောခဲ့ပလား"

"အော်... တွေ့ခဲ့တယ်ဖေဖေ၊ မနက်ဖြန်လာသုတ်ပေးမယ်တဲ့၊ ဆေးဖူးအနီရောင် ကြွေဆေးကောင်းကောင်း ယူခဲ့မယ်တဲ့"

ဗညားမော်သည် အနီးရောင် ဖျော့ကာ ဟောင်းနွမ်းနေသော ဒို့ဗမာ အစည်းအရုံးဆိုင်းဘုတ်ကို လှမ်းကြည့်လိုက်သည်။ သူကြည့်လိုက်သောအခါ အနီးရောင်သည် နေရောင်၌ ပြန်လည်နပျိုကာ တောက်ပလာသည်။ ဂဠုန်ရုပ်၊ ဆရာစံ စာကြည့်တိုက်၊ စာအုပ်၊ ဓာတ်ပြား၊ ရုံပုံငွေမရှိခြင်း၊ မစ္စတာမောင်မှိုင်းစသော အတွေးများသည် သူ၏ မျိုသိပ်ထားရသော၊ မသဲကွဲသေးသော သူ့ခံစားချက်တခုကို ဖောက်ခွဲပစ်လိုက်သည်။

"ဦးလေး... ကျွန်တော် တခုပြောချင်တယ်..."

ဗညားမော်အသံသည် အနည်းငယ် တုန်ရီနေသည်။ ရင်ကမောနေ၏။

"စာအုပ် ငှားချင်လို့လား၊ ယူဖတ်လို့ ပြောထားသားဘဲ၊ ဗညားကြိုက်တာတွေယူသွား၊ ဟို... ဆရာစံ စာကြည့်တိုက် အထိမ်းအမှတ် စာကြည့်တိုက်က အင်္ဂလိပ်စာအုပ်တွေကတော့ မြန်မြန်ဖတ်မှ၊ ဒါတွေက ငှားလာတာဆိုတော့ ပြန်ပေးရမှာ၊ ဦးလေးညီလာခံသွားရင် ပြန်ပေးရမှာ..."

"မဟုတ်ဖူး ... ဦးလေး..."

ရင်ရင်မြပင် သူ၏အသံကြောင့် သူ့ကို ငေးကြည့်နေ၏။

"စာအုပ်ထူထူကြီး လိုချင်လို့လား၊ နိုင်ငံရေးသဒ္ဒါကျမ်းဆိုတာ၊ အဲဒါကတော့ ဦးလေးလဲ ထပ်မှာထားတယ်၊ ဒီပြင် စာအုပ်တွေ ရှိပါသေးတယ်..."

"မဟုတ်ဖူး ဦးလေး.... ကျွန်တော် ကျွန်တော် ပြောချင်တာက ကျွန်တော် ဦးလေးတို့ ဒို့ဗမာအစည်းအရုံး ဝင်ချင်လို့ ဝင်ကြေး ဘယ်လောက်ပေးရသလဲ"

"ဟေ"

ရင်ရင်မြက သူ့အဖေကို လှမ်းကြည့်ကာ ပြုံးလိုက်သည်။ သခင် ခင်အောင်မှာ ပထမအံ့သြသွားပြီး၊ နောက် ဝင်းပသွားသည်။ ဗလကတော့ မအံ့သြ။ ဗညားမော်၏ စာအုပ်များတွင် သခင် ဗညားမော်ဟု လက်မှတ် ထိုးထားသည်ကို တွေ့ရဘူးသည်။ ယယ်ယယ်က ကျိုက်ဒေးရုံ ဘုရားတန်ဆောင်းကြီးထဲတွင် ကျင်းပသော ဒို့ဗမာအစည်းအရုံးဖွင့်ပွဲက ပြန်လာကတည်းက။ သခင်ဗညားမော်ဟူသော စာလုံးကို တခါတရံ ခဲတံဖြင့်၊ တခါတရံမင်ဖြင့် ထိုးထားသည်ကို တွေ့ခဲ့ရသည်။ သူ၏ရင်ထဲတွင် နှစ်များစွာ ကိန်းအောင်းပျိုးထောင်ရာမှ ယခုမှ ပြောဖူးလိုက်ခြင်းမျှသာဟု ဗလက နားလည်လိုက်သည်။ နည်းနည်းမှမအံ့သြ။

"ဝင်ကြေးကတော့ မများပါဘူးကွာ၊ တမတ်ပါ..."

ဗညားမော်သည် သူ့အိတ်ထဲမှ ငွေမတ်စေ့ကလေးကို ထုတ်လိုက်သည်။ မတ်စေ့များထဲမှ ငွေမတ်စေ့အသစ်ကလေးကို ရွေးထုတ်ပေးလိုက်သည်။

"မင်းကတော့ ငယ်ပါသေးတယ်၊ ကျောင်းကလဲ နေတုန်း"

ဗညားမော်ကမူ ဘာမှပြန်မပြောတော့။ သခင် ခင်အောင်မှာ လူငယ်များကို စာနာကြည့်တတ်သူ၊ ဗညားမော်သူ့ဆီက စာအုပ်တွေ ယူဖတ်နေကတည်းက ဗညားမော်၏ စိတ်အားထက်သန်မှု၊ လေ့လာမှုကို နားလည်နေခဲ့သည်။ ခုနစ်တန်း လောက်ကတည်းက စာများစွာဖတ်လာသူ။ ဖတ်ပြီးလည်း မရှင်းတာကို မေးမြန်းသည်။ သူ- လက်မခံနိုင်တာကို စောဒက တက်သည်။ အကျိုးအကြောင်း ကိုက်ညီမှ လက်ခံသည်ကို သူသိနေခဲ့သည်။ စကားတော့ များများ မပြော။

"မင်း ဖြစ်ရဲ့လားကွ၊ မင်းအဖေကများ ပြောနေမှာလား..."

ဗညားမော်က ဘာမှပြန်မပြော။

"မင်း အစည်းအဝေးတွေ ဘာတွေကော တက်နိုင်မလား..."

နောက်ဆုံးမေးခွန်းကို မေးပြီးနောက်၊ သခင် ခင်အောင်သည် ဆက်၍ မမေးတော့။ ဗညားမော် အဖြေကိုလည်း မမျှော်လင့်တော့။ ဒီအသက်အရွယ် ငယ်ငယ်နှင့် စာအုပ်များ ဖတ်ရှုလေ့လာနေသူကလေး၏ ဆန္ဒကိုဖြည့်ရန် စိတ်ပိုင်းဖြတ်လိုက်သည်။ ဒို့ဗမာအစည်းအရုံး၏ အဖွဲ့အစည်းဆိုင်ရာ စည်းမျဉ်းများကို ဖော်ပြနေခြင်း၊ မေးမြန်းစစ်ဆေးနေခြင်းများဖြင့် လူငယ်ပေါက်ကလေး၏ စိတ်အားထက်သန်မှုကို ပို၍ တန်ဖိုးထားရာသာ ရောက်လိမ့်မည်ဟု ချက်ချင်းသိလိုက်သည်။ သူ၏ မျက်စိအောက်တွင်ပင် သားငယ်၊ သမီးငယ်များနှင့်အတူ ကြီးပျင်းလာသူ။ သို့သော် လေးနက်သူ၊ စူးစမ်းလေ့လာလိုသူ။

သခင် ခင်အောင်သည် စာအုပ်ဘီရိုအနီး ပြတင်းပေါက်ဘေးစားပွဲရှိရာသို့ ထသွားသည်။ ဒို့ဗမာ အစည်းအရုံးဌာန တည်ရာမှ ရွှေ့ပြောင်းယူလာသော အတွင်းရေးမှူးများ၏ စားပွဲ။ အခြား ကုလားထိုင်များကိုမူ၊ အိမ်ရှေ့ဝရံတာ၌ ထားသည်။ ဗလမှာ ဗညားမော်နှင့် သူ့အဖေ၏ အမူအရာကို နားလည်လိုက်သည်။ ရင်ရင်မြမှာ ရယ်မောချင်နေသော စိတ်ကို မနည်းမျိုသိပ် ချုပ်တည်းထားရသော အမူအရာဖြင့်။ သူမက တစုံတရာ ပြောချင်နေ၏။ သို့သော် ဖခင်ရှေ့တွင် ဖြစ်၍ ပြောလို့ကမရ။ စိတ်ထဲကမူ နောက်ပြောင်ချင်နေ၏။ သခင်ပေါက်စ၊ ထောင်ခြောက်လ။ လူပုံကိုက စကားကနည်းနည်း။ အမူအရာက အေးတိအေးစက်။ လူအကြောင်းလည်း ဘာမျှနားမလည်။ တွေးချင်ရာတွေး၊ ငေးချင်ရာငေးနေသောကောင်လေး။ သခင်ဗညားမော်တဲ့။ ဟာဟ။

ဗလကမူ ငယ်ငယ်ကတည်းက ခံချင်းကပ်လျက်ထိုင်လာသည့် သူ့ကို နားလည်လေသည်။ ငွေမတ်စေ့ အသစ်ကလေး ထုတ်လိုက်ကတည်းက သူ၏ ကြည်လင်ပြတ်သားသော ဆုံးဖြတ်ချက်ဟု သိလိုက်သည်။ ဆုံးဖြတ်ပြီး ဆုံးဖြတ်သည့်အတိုင်း လုပ်မည့်သူ, သူငယ်ချင်း။ ငယ်ငယ်တုန်းက မန်းသာဒွေးတို့အိမ် ငှက်ပစ်ထွက်တုန်းက ရေဘဲဟင်း မစားဘဲ သူတယောက်တည်း အိမ်ပြန်သွားကတည်းက သူ့ကို သိလာခဲ့သည် မဟုတ်လား။ ဗညားမော်အဖို့ကား သူငယ်ငယ်ကတည်းက အနှစ်နှစ် အလလ လှုပ်ရှားခဲ့ရသော ခံစားမှု ဝေဒနာက ပြဌာန်းလိုက်သော သူ့ဖာသာသူ ဆုံးဖြတ်လိုက်သော လုပ်ရပ်တခု။ သူ့ဘဝတွင် ပထမဆုံးအကြိမ် သူ့ခံစားမှု၏ ဖော်ပြချက်။ ချက်ချင်းထလုပ်လိုက် အပြုအမူ မဟုတ်။ သို့သော် ဆီမလိမ်းသဖြင့် ခြောက်ကပ်နေသော ဆံပင် အင်္ကျီအစင်း ချေးအထပ်ထပ်၊ လုံချည် တပတ်ရစ် နွမ်းနွမ်းကလေးနှင့် တယောထိုးနေသော ကိုအောင်မိုးအား ဝတ်ကောင်းစားလှနှင့် မြင်ချင်သည်။ မစ္စတာမောင်မှိုင်း ကဗျာထဲကလို 'ဂဠုန်သရဏံ' ဂစ္ဆာမိချင်သည်။ သူစွဲလမ်းသော ဒို့ဗမာ သီချင်းထဲက ရုပ်ပုံများကို စိတ်ကူးထဲကနေ တကယ်အစစ်တွေ့ချင်နေသည်။ ဒါနှင့်...

"ရော့ ... ဖြတ်ပိုင်း...၊ သိမ်းထား..."

အတွင်းရေးမှူး သခင် ခင်အောင်သည် အစည်းအရုံးဝင်လက်မှတ်ကို ဗညားမော်အား လှမ်းပေးလိုက်သည်။ ဗညားမော်က လှမ်းယူလိုက်သောအခါ၊ သခင် ခင်အောင်က 'ဒို့ဗမာ...' ဟု အသံအောအောဖြင့် အော်လိုက်သည်။ ဗညားမော်သည် ကြက်သီးမွေးညင်းထသွားသည်။ ဗလနှင့် ရင်ရင်မြပင် တည်ကြည်သော အမူအရာဖြင့်။ ဖခင်၏ တည်ကြည်လေးနက်သော အမူအရာသည် သူတို့ကို ထင်မြင်လိုက်သည်။ အတန်ကြာ ငြိမ်သက်လျက် ရှိနေသည်။ ဗညားမော်၏ စိတ်ထဲကလည်း 'ဒို့ဗမာ..." ဟု တုံ့ပြန်လိုက်သည်။ သို့သော်... အသံကား ထွက်မလာ။ အပြင်ဘက်တွင်ကား၊ ငှဝါပွင့်များသည် ကြွေကျနေကြသည်။

## အခန်း (၂၆)

ထိုည၌ ကစားကွင်းတခုလုံး မီးရောင်စုံများဖြင့် ဝင်းပြက်လျက်ရှိသည်။ မီးရောင်စုံများသည် ရေကန်ထဲ၌လည်း အရိပ်ထင်လျက်ရှိသည်။ ရေထဲ၌ မီးလျှံများ ထနေ၏။

သူတို့ ညနေကျောင်းဆင်းလျှင် ကိုယ်လက်လှုပ်ရှား အလုပြ ဆင်းရသောကွင်း။ ယနေ့ အမျိုးသားနေ့ ညတွင်ကား၊ မီးရောင်စုံ၊ ဂျပန်လုပ် မီးပုံးရောင်စုံတို့ဖြင့် တကွင်းလုံး ထွန်းညှိထားသည်။ စက္ကူပန်းတွန့် ရောင်စုံများဖြင့်လည်း ဆင်ယင်ထားသည်။ ကစားကွင်းကို ပတ်ရံထားသော ပိတောက်ပင်၊ စိန်ပန်းပင်၊ ငုပင်၊ ကုက္ကိုပင်များရှိ သစ်ကိုင်းများတွင်ပင် မီးလုံး၊ မီးပုံးများ ချိတ်ဆွဲထား၍ ည၏ကြယ်များ မြေသို့အကုန်ဆင်းကာ ယောက်ယက်ခတ် နေကြသည်။ သူတို့သည် နှစ်ရက်လုံးလုံး ကစားကွင်းကို ပြင်ဆင်ကြသည်။ ၈-တန်းမှ ၁၀- တန်းအထိ ကျောင်းသားများက ပြင်ဆင်ပေးကြသည်။ ကျောင်းသားဟောင်းများလည်း လာရောက်ကာ လုပ်ကိုင်ပေးကြသည်။ ခင်ဇော်၊ ငြိမ်းမောင်၊ သက်နှင်း၊ သာခင်။ သူတို့သည် ကျောင်းမှ ထွက်ကြသော်လည်း၊ သူတို့ မိခင်ကျောင်းဝိဟာကို ခင်မင်ကြသည်။ ခင်ဇော်က ကြယ်မီးပုံး ချိုးပေးသည်။ အသက် အကြီးဆုံး သက်နှင်းက သစ်ပင်ပေါ်တက်၍ မီးလုံးများတပ်ပေးသည်။ မီးပုံးများ ချိတ်ပေးသည်။ သာခင်နှင့်ငြိမ်းမောင်က ပန်းအိုးများ ရွှေ့ပေးသည်။

သူတို့သည် ကျောင်းနေစဉ်က ရဲတပ်ထဲ ပါသူများ။ သူတို့ အားလုံးပင် ရဲတပ်ထဲ ပါကြသည်။ ဗညားမော်က လွှဲ၍။ ဗညားမော်က မီးပုံးအရှည်များပေါ်တွင် အရုပ် ဆေးခြယ်ပေးသည်။ ရှုမျှော်ခင်းကား၊ ပန်းပွင့်၊ ဗန္ဓုလစစ်သူကြီး မြင်းစီးနေပုံ။

အောင်ဒင်က ဗညားမော် မီးပုံးခြယ်နေသည်ကို ဘေးမှကြည့်ကာ ရယ်စရာလုပ်နေ၏။ သစ်ကိုင်းကြီးက သရဲလက်နဲ့ တူနေတယ်၊ သစ်ရွက်တွေက တူလဲမတူဘူး။ နှင်းဆီပွင့်ကလဲ ပဒိုင်းပွင့်ကျနေတာဘဲ။ ဗညားမော်မှာ ဘာမျှမပြောတော့ဘဲ ပြုံး၍သာ နေ၏။ ဗန္ဓုလစစ်သူကြီးက အရုပ်ရှည်လွန်းနေတယ်။ သည်နေရာ ရောက်သောအခါ ဗလက ပြုံးကာ မြန်မာ့ဂုဏ်ရည်စာအုပ်ထဲက သံချပ်ကာ စစ်ဝတ်တန်ဆာ ဝတ်ထားသော ဗြိတိသျှပြတိုက်မှ ရိုက်ကူးထားသော ဓာတ်ပုံကို ပြောပြနေသည်။ အရုပ် လက်မကို ထောက်ပြသည်။

အောင်ဒင်က ၈-တန်းမို့ မြန်မာ့ဂုဏ်ရည်ထဲက မဖတ်ရသေးသလား မသိ။ ဘစန်းက ဗလကို ထောက်ခံကာ "ဗန္ဓုလက အရုပ်မြင့်တယ်ကွ၊ ဒို့ ၉-တန်းတုန်းက သင်ခဲ့ရတာ" ဟုပြောလိုက်သည်။ အောင်ဒင်က ဘာမျှပြန်မပြောတော့ဘဲ မီးပုံးများအနားမှ ထွက်သွားသည်။ အောင်ဒင်မှာ ပြင်ဆင်နေသူများဘေးမှ စကားပြောကာ နောက်ပြောင်ကာသာနေသည်။ ကျောင်းအုပ်ကြီး ဦးဟန်တင့် အနားရောက်လာလျှင် အောင်ဒင်သည် ကမန်းကတန်း ပြေးလာကာ၊ တခုခုအလုပ်ရှာကာ လုပ်နေတတ်သည်။ ဗညားမော်နှင့် ဗလက ဘာမှမပြော။ သူ့ကို ပြုံး၍ကြည့်နေသည်။ ဘစန်းနှင့် သက်နှင်းက ဟန်မဆောင်နိုင်ဘဲ ရယ်မော၍ နေကြ၏။

ဦးဟန်တင့်မှာ သူ့တပည့်များ ပျော်ပျော်ပါးပါး လုပ်ကိုင်နေကြသည်ဟူ ကျေနပ်ကာ ပြုံးပြုံး-ပြုံးပြုံးနှင့် လှည့်ပြန်သွားသည်။ မကြာမီ ဝက်သားပေါက်စီများ ရောက်လာသည်။ ကျောင်းအုပ်ကြီးမှာ ကျွေးတတ် မွေးတတ်သူ ဖြစ်သည်။ စိန်ဝမ်က သူ့ဖခင်၏ တရုတ်ကုန်စုံဆိုင်မှ ပန်းတွန့် စက္ကူရောင်စုံများ ယူလာပေးသည်။ တခါတရံ အလုပ်လုပ်သူများစားဘို့ ဘီစကွတ်မုန့်များလည်း ယူလာတတ်သည်။

သူတို့ကျောင်းက နှစ်တိုင်း အမျိုးသားနေ့ ကျင်းပသည်။ သည်နှစ်လောက်ကား မခမ်းနား၊ အစီအစဉ်များ မစုံ။ သည်နှစ် ကား ၁၅ကြိမ်မြောက်။ မနက်ဖက်တွင် ကျောင်းသားကြီးများ ပါဝင်သော ရဲတပ်က ဘင်ခရာတို့ဖြင့် မြို့ကိုလှည့်လည်သည်။ ကျောင်း၏တဖက် ရေကန်နှင့်ကပ်လျက် မြို့ဘောလုံးကွင်းကြီးထဲ၌ ကျောင်းသားများနှင့် မြို့သူမြို့သားများ စုဝေးပြီး၊ လူထုအစည်းအဝေးကြီး ကျင်းပသည်။

စိန်စ စိန်နများ ကြဲပက်ထားသော စိန်ကတ္တီပါကော်ဇောစိမ်းကြီးပေါ်၌ ကျောင်းသားများ ဝတ်ကောင်းစားလှ ဝတ်၍ ရပ်နေကြသည်၊ သူတို့သည် ဒေါင်းလံကလေးများကို ကိုင်ထားကြသည်။ နံနက်စောစောဖြစ်၍ ဘောလုံးကွင်းကြီး ပတ်ဝန်းကျင်ရှိ သစ်ပင်များမှာ နှင်းဇာပါးပါးကို ရုံလျက်ပင် ရှိနေသေးသည်။ ဇာပြာလဲ့လဲ့ပေါ်၌ ရွှေမှုန် ရွှေပြောက်ကလေးများ ကပ်၍ နေသည်။ နေရောင်သည် ကောင်းကင်အပြာထဲမှ ဖြာကျနေ၏။ အဝေးကြီး..... လယ်ကွင်းကြီးဆီ၌ကား နှင်းမြူများ တွဲလွဲ ဆိုင်းနေဆဲ။ ဘုန်းတော်ကြီးကျောင်း၏ ပြာသာဒ် ဘုံဆောင်များ၊ ခမုံချောင်းတဖက် အနားသတ်ရှိ ချွန်သော ကက်သလစ် ဘုရားရှိခိုးကျောင်း အမိုးနီနီများသည် မြူထဲမှ ပေါ်နေကြ၏။

ကျောင်းအုပ်ကြီး ဦးဟန်တင့်က ပရိသတ်များအား စကားပြောသည်။ သူက အမျိုးသားနေ့ဖြစ်ပေါ်လာပုံကို ပြောသည်။ တက္ကသိုလ်ဥပဒေ၊ သပိတ်မှောက်စခန်း၊ ဗဟန်းအမျိုးသား ကောလိပ်၊ မြန်မာရာဇဝင်နှင့် စာပေပါမောက္ခဆရာလွန်း၊ တပြည်လုံးသပိတ်မှောက်ကျောင်းသားများက တည်ထောင်ဖွင့်လှစ်သော အမျိုးသား ကျောင်းများ။ နိဂုံးချုပ်စကားကို မစ္စတာ မောင်မှိုင်း၏ကဗျာကို ရွတ်ပြကာ အဆုံးသတ်လိုက်သည်။

'ပြေခေတ်အနယ်နယ်
နဂရ တလျှောက်မှာလှ၊
(အမယ်မင်း) နောက်တသိုက်
ဇမ္ဗူဒီ မြန်မာသားတွေမဖြင့်၊
(ချော်) အမြောက် ကြိုက်ပြီး၊
အချောက်တိုက်နဲ့ လူမညီပါလျှင်ဖြင့်
မှားကြလိမ့် မထင့်၊ အနောက်ရိုက်နဲ့အတူ
တညီမကွာ ကြွားကြစေဘို့၊
(အို......ဘေဒါရီရဲ့) မြှောက်လိုက်မကွဲ့၊
မောင်လိုက်မဟဲ့လို့၊
ဆောက်လိုက်မဲ့
ယူနီဘာစီတီတွေ အများ။

ဗညားမော်သည် ဒေါင်းလံကိုကိုင်ရင်း ကဗျာစိတ်ကူးက ရုပ်ပုံဖမ်းပေးလိုက်သော အမျိုးသား တက္ကသိုလ်များကို မြင်လာမိသည်။ ဘယ်တော့ အမျိုးသား တက္ကသိုလ်ပေါ်မှာလဲ။ လွပ်လပ်ရေးရမှ။ အုပ်စိုးနေသော အင်္ဂလိပ်မင်းလက်အောက်မှ လွတ်မြောက်မှ၊ ကိုယ့်မင်းကိုယ့်ချင်းဘဝရောက်မှ။ သခင်ခင်အောင် သူ့အား မကြာခဏပြောသော စကား။

မစ္စတာမောင်မှိုင်း၏ ကဗျာဟု ကျောင်းအုပ်ကြီးက ပြောလိုက်သည်။ ရေနံချောင်း ဒို့ဗမာအစည်းအရုံး ညီလာခံကြီးမှစ၍ မစ္စတာမောင်မှိုင်းမဟုတ်တော့။ သခင်ကိုယ်တော်မှိုင်းဟု သခင်နာမည်တပ်လိုက်သည်ကို ကျောင်းအုပ်ကြီး မသိလေရော့သလား။ မနှစ်က နွေရာသီတုန်းက သခင်ခင်အောင် ရေနံချောင်းမှ ပြန်လာသောအခါ ညီလာခံအကြောင်း ဗညားမော်အား ပြောပြသည်။ ညီလာခံမှာ ခက်ခက်ခဲခဲကျင်းပရသည်။ ရေနံမြေမှာ အလုပ်သမားများ၏ မြို့ဖြစ်ရာ၊ အင်္ဂလိပ်အစိုးရက လန့်နေ၏။ ညီလာခံမကျင်းပမီ ပြင်ဆင်နေခိုက်ကပင် ကြိုတင်၍ ပုဒ်မ ၁၄၄-ထုတ်ပြန်ထားသည်။ လူအများစုဝေးခြင်း၊ စီတန်းလှည့်လည်ခြင်းကို တားမြစ်သော ဥပဒေဖြစ်သည်။ သခင်များကလည်း ဖွတ်တိုး၍ ကျင်းပဖြစ်အောင် ကျင်းပမည်ဟု ဆုံးဖြတ်ထားကြသည်။ ရေနံချောင်း ညီလာခံမှ ဒို့ဗမာအစည်းအရုံး အားသစ်မွေးလိုက်သည်။

ရဲတပ်သီချင်းဘင်ခရာသံများ ကြားလာရသည်။ ရဲတပ်သားများသည် အစိမ်းရောင်လက်တိုအကျီ ဘောင်းဘီတိုများ ဝတ်ထားကြသည်။ ရင်ဘတ်၌ ရဲဟူသော တံဆိပ်တပ်ထားသည်။ ၁၀-တန်းမှ သချာပြဆရာ မောင်မောင်သန်းက ရဲတပ် ဗိုလ်ချုပ်အဖြစ် ဦးစီးသည်။ ဆရာကား အသက်ငယ်ငယ်၊ လူချော၊ ဘီအေအောင်စ။ ဆရာမောင်မောင်သန်းမှာ သခင် ခင်အောင်၏အိမ်သို့ မကြာခဏလာလည်တတ်သည်။ သူတို့နှစ်ယောက် နိုင်ငံရေးစကား ပြောနေတတ်သည်။ ဘင်ခရာ တီးဝိုင်းက စစ်ချီသီချင်း တီးမှုတ်နေသည်။ ရဲတပ်ထဲတွင် အောင်ဒင်လည်းပါသည်။

နေရာ၌ကား ဒေါင်းလံများသည် တလူလူလွင့်နေကြသည်။ သူသည် ဒေါင်းလံကိုကိုင်ရင်း ကြည်နူးနေမိသည်။ သူငယ်ငယ်က ယူနီယံဂျက်အလံကို ကိုင်ခဲ့ဘူးသည်။ ဘုရင်ခံကြိုဆိုရင် စုကြစဉ်က။ သည်တုန်းက အပြာ အနီ အဖြူ တွဲပေးသော အလံမှာ လှပနေခဲ့၏။ သည်တုန်းက အလံ၏အဓိပ္ပာယ်ကို ကောင်းစွာနားမလည်ခဲ့။ ယခုဒေါင်းလံမှာ သူတို့၏ အလံဖြစ်၏။ သူတို့၏ မြန်မာအမျိုးသားတံဆိပ် ဒေါင်းရိုက်ခတ်နိပ်ထားသော အလံတော်ဖြစ်သည်။ အုပ်စိုးသူ အစိုးရမင်းတို့၏ အလံ မဟုတ်။ တကွင်းလုံး ဒေါင်းလံများသည် လွှမ်းမိုးလျက်ရှိသည်။ ကျောင်းသားတို့၏ ပိုးရောင်၊ ဖဲရောင်များ၏အလယ်၌ ဒေါင်းလံသည် အားကောင်းကောင်းဖြင့် လှပဝင့်ကြွားလျက်ရှိသည်။ သူ့မျက်စိထဲတွင် ဒေါင်းလံသည် ဘယ်လိုများလှမှန်း မသိ။ ကျောင်းသားများအားလုံးကား ပျော်မြူးနေကြ၏။

လေသည် အေးမြနေ၏။ နှင်းရန့်ဖြင့် မွှေးနေ၏။ အဝေးကြီးရှိ မြူရိပ်များသည် လွင့်ပါးသွားကြကာ ပြာလဲ့လဲ့ ဖန်ရိပ်သည် ကြည်လင်ဝင်းပလာ၏။ ဘုန်းကြီးကျောင်းမှ ဘုံပြာသာဒ်ဆင့်များနှင့် ခရစ်ယာန်ဘုရားရှိခိုးကျောင်း အမိုးချွန်ချွန်နီနီများသည် ပြတ်သားစွာ ပေါ်နေကြသည်။ လယ်ကွင်းကြီး၏အစိမ်းသည်လည်း အဝေးမှ ပေါ်နေ၏။

ရှေ့ဆုံးက ရဲတပ်က စတင်၍ထွက်လာသည်။ ဗလက ဒေါင်းလံကြီးကို ကိုင်ရသည်။ စစ်ချီဘင်ခရာသံ နှင့်အတူ ဒေါင်းလံကြီးသည် လွင့်လျက်။ မြို့လူထုက ကြိုဆိုကြသည်။ မြို့လယ်လမ်းထိပ်၌ ရဲတပ်က ရပ်စောင့်ရသည်။ မြေပိုင်ရှင်တဦးက ကောက်ညှင်းပေါင်းနှင့် ငါးကြော်ကျွေးသည်။ ဗလတို့အိမ်ရှေ့၌လည်း ရပ်ကြရသည်။ သခင်ခင်အောင်က လိမ်မော်သီးနှင့် ဗိလတ်ရည်တိုက်သည်။ သူ၏အိမ်ရှေ့၌ 'ရာမည၍မြို့၊ ဒို့ဗမာအစည်းအရုံး' ဟူသော စာတမ်းကြီးမှာ သစ်လွင်လျက်။ အနီရောင်မှာ ရဲနေ၏။ တရုတ်၊ ကုလား ကုန်သည်များကလည်း လက်ဖက်ရည်၊ ကော်ဖီ၊ ဘီစကွတ်၊ ဘယာကြော်၊ စမူဆာ၊ ခေါက်ဆွဲ၊ အစားအသောက်အမျိုးမျိုးဖြင့် လှည့်လည်သော ကျောင်းသားများအား ကျွေးမွေးဧည့်ခံကြသည်။

အမျိုးသားနေ့ကျင်းပရာတွင် တခါမျှ သည်လောက်မစည်ကားဘူး။ မြို့တပတ်လှည့်ကြသည်။ ရာမည ကား သိပ်ကျယ်ဝန်းသည်မဟုတ်။ အစိမ်းရောင်ဆင်တူဖြင့် ရဲတပ်သားလူငယ် ကျောင်းသားကလေးများကို မြို့လူထုက သဘောကျနေ၏။ စစ်ဝတ်စစ်စားဖြင့် မြန်မာတပ်သားဟန်သည် တခါဘဲမြင်ဘူးကြခြင်းဖြစ်သည်။ လွန်ခဲ့သော ၆- နှစ်ခန့်က ဆရာစံ၏ သာယာဝတီ ဂဠုန်သူပုန် ထစဉ်က ကာကီအကျီဝတ်စစ်ပုလိပ်များ မြို့ကို လှည့်ဘူးသည်။ ဖျာပုံမှ ပန်ချာပီတပ်သားအချို့ ပါသည်။ ယခုကား ရဲတပ်စစ်ဝတ်စုံ အစိမ်းမှာ လှပနေ၏။ ပျိုနုသော လူငယ်ကျောင်းသားကလေးများဖြစ်၍ ကြည့်ကောင်းနေ၏။ ကမ်းနားလမ်းပတ်၍ ဈေးလမ်းချိုးသောအခါကား လူအစည်ကားဆုံး။ လမ်းဘေးမှ လူများရပ်ကြည့်နေကြသည်။ ပွဲကြည့်ပရိသတ်မှာ အစိမ်းရောင်တပ်သားများကို ကြည့်ကာ ပြုံးနေကြသည်။ သူတို့၏ မျက်နှာမှာ တက်ကြွသော စိတ်ကြောင့်နီမြန်းနေကြ၏။

ခါတိုင်းနှစ်များက အမျိုးသားနေ့ ကျင်းပရာတွင်ကား သည်လောက်အစီအစဉ် အခမ်းအနားများ မပါ။ ရဲတပ်မပါ။ မနှစ်က ကျောင်းသားများ လှည့်လည်၏။ ရှေ့ဆုံးမှ 'အမိမြန်မာပြည်' ဟူသော စာတမ်းဖြင့် ခင်ထားမြိုင်ကို ထိုင်မသိမ်း၊ ချိတ်ထမီ ရင်ခွဲ၊ စည်းပုံခေါင်းဆောင်း၍ လှည့်လည်သည်ကို တွေ့ရသည်။ မင်းသမီးအဝတ်အစားဖြင့် အမိမြန်မာပြည်ကို တင်းစားခြင်းဖြစ်သည်။ ကိုယ့်မင်းကိုယ့်ချင်းဟူသော အဓိပ္ပာယ်ကို ဖော်ခြင်းဖြစ်သည်။ ခင်ထားမြိုင်မှာ မင်းသမီးကလေးလို ဝတ်စားဆင်ယင် လိုက်သောအခါ ပို၍ပင်လှလာသည်။ ကိုယ်လုံးက ပါးပါးလျားလျား၊ အရပ်အမောင်းကောင်းကောင်းမို့ ကြည့်ကောင်းနေ၏။ အကျီရော၊ ထမီပါ စကားဝါရောင်။ လူတိုင်းက ခင်ထားမြိုင်ကို 'လှလိုက်တာဟယ်.......' ဟု ပြောကြရသည်။ ညနေဘက်တွင် ကျောင်း၌ ခင်ထားမြိုင်က တပင်တိုင်ကသည်။ ခင်ထားမြိုင်ကား အကကောင်း။ ခင်ထားမြိုင်ကား သူ့ညီမငယ် ခင်ထားခိုင်လောက် မသွက်။ စကားလည်း သိပ်မပြော။ သို့သော် အကကောင်း။ ယခုနှစ်တွင်ကား အမိမြန်မာပြည်ခန်း မပါတော့။ ကိုယ့်မင်းကိုယ့်ချင်း သဘောကို အစိမ်းရောင်စစ်ဝတ်စစ်စား ဝတ်ထားသော ရဲတပ်ဖြင့် တင်စားလိုက်သည်။ မြို့သူမြို့သားများက တပြုံးပြုံးနှင့် ကျေနပ်နေကြသည်။ သတိ၊ သက်သာ၊ ချီတက်၊ နေမြဲစသော စစ်ရေးပြ ဝေါဟာရများကား အဆန်းအသစ် ဖြစ်နေကြသည်။ ရဲတပ်ဗိုလ်ချုပ် ဆရာမောင်မောင်သန်းကလည်း ဂိုက်ဆိုက်ကောင်းကောင်း၊ နကိုက လူချော၊ အစိမ်းပုတ်ရောင် စစ်ဝတ်၊ စစ်စားနှင့် လိုက်နေသည်။ စစ်မိန့်ပေးသော အသံမှာလည်း ခပ်ထန်ထန် ခပ်ပြတ်ပြတ်။ ဘေးမှ ရပ်ကြည့်နေကြသော ပရိတ်သတ်မှာ တခါမှ မကြားဖူးသော မြန်မာစစ်မိန့်ပေးသံဖြစ်၍ အထူးအဆန်း ဖြစ်နေကြသည်။ ရဲတပ် ဈေးလမ်း ရောက်လာသော အခါမူကား တဈေးလုံးထွက်ကြည့်သလား အောက်မေ့ရတော့သည်။ ဈေးထဲတွင် ခြောက်သွားပြီး၊ လမ်းပေါ်၌ စုပြုံရောက်နေကြတော့သည်။ အမျိုးသမီးများက ရဲဗိုလ်ချုပ် ဆရာမောင်မောင်သန်းကို ငေးကြည့်နေကြသည်။ ဈေးသူဈေးသားများကလည်း ကျွေးကြ မွေးကြသည်။ လိမ်မော်သီးများ ခြင်းလိုက် မ,လာကြသည်။ ဈေးသည်တယောက်က သူရောင်းမည့် လိမ်မော်တခြင်းလုံး လှူသည်။ မနေ့ညနေကမှ လိမ်မော်သီးများ သင်္ဘောမှချလာသည်။

"ကြည့်ပါဒုံးတော်.....ခလေးတွေ ချွေးတွေသံတွေနဲ့ အမောပြေပေါ့" ဟုဆိုကာ အစိမ်းပုတ်ရောင် ရဲတပ်သားများအား လိမ်မော်သီးများ လိုက်လံပေးဝေနေသည်။

ရှာလပတ်ရည်ရောင်းသော အအေးဆိုင်ကလည်း နှင်းရည်များဖျော်၍တိုက်သည်။ ဆိုင်ရှင်ကား တရုတ်ကပြားမ ဒေါ်ကျင်ဟန်။ သူ့စိတ်၌ချက်ချင်း စေတနာပေါ်လာကာ အအေးတိုက်ခြင်းဖြစ်သည်။

ရဲတပ်ဗိုလ်ချုပ်က သက်သာအနေအထား လုပ်ပေးလိုက်သည်။

ကျောင်းသားလေးတယောက်က "အတော်ဘဲ အဒေါ်ရေ......မောမောနဲ့" ဟု နှင်းရည်ကို သောက်ရင်း ဆိုလိုက်သည်။ လက်တဖက်ကလည်း လိမ်မော်သီးတလုံးကို ကိုင်ထားသည်။

ဈေးထိပ်ရှိ ကုန်စုံဆိုင်တဆိုင်ရှေ့၌ ဈေးဝယ်နေသော တောရွာမှ အဒေါ်ကြီးတယောက်က စုရုံးစကားပြောကာ လိမ်မော်သီးအခွံနွှာစားနေကြသော အစိမ်းရောင် လူငယ်ကလေးများကို ကြည့်ကာ "ကျုပ်တို့ စစ်သည်တော်တွေက ငယ်ငယ်လေးတွေနော်..... ဂျွန်တပ်တုန်းကသာ သည်လို စစ်သည်တော်တွေရှိရင် အင်္ဂလိပ်မင်း ဘယ်ကြောက်မှာတုန်း"ဟု ပြောကာ မျက်ရည်လည်နေသည်။ အဒေါ်ကြီးမှာ ဆူးကလပ်ရွာမှဖြစ်၍ ဆရာစံ သူပုန်ထစဉ်က သူမ၏ယောက်ျားမှာ တိုက်ပွဲတွင် ဒဏ်ရာရကာ အဖမ်းခံရသည်။ နောက် ကြိုးမိန့်ပေးခြင်း ခံရသည့်အထဲတွင် ပါသွားသည်။ သူမ၏ယောက်ျား လယ်သမားသူပုန်က ဓားနှင့်၊ အင်္ဂလိပ်အစိုးရက သေနတ်နှင့်။ ဗညားမော်မှာ အဒေါ်ကြီး၏စကားကို ကြားကာ ရင်ထဲ၌ လှုပ်ရှားနေ၏။ သူမ၏ယောက်ျားမှာ သူတို့လယ်လုပ်သော ကိုဘခိုင်၏ မိတ်ဆွေဖြစ်သည်။ ဗလက လိမ်မော်သီးစားရင်း တွေနေ၏။

ခင်ထားလှိုင်၊ ခင်ထားမြိုင်၊ ခင်ထားခိုင်၊ ရင်ရင်မြတို့ သူတို့အနား ရောက်လာကြသည်။ သူတို့ လက်ထဲတွင်လည်း လိမ်မော်သီးကိုယ်စီနှင့်။ ပေါင်ဒါပေါ်တွင် ချွေးရောင် သန်းနေကြသည်၊ မြို့တပတ် ပတ်လာကြသည် မဟုတ်လား။ ဗညားမော်ကား သူတို့ကိုလည်း မကြည့်အား၊ အဒေါ်ကြီးကိုသာ ငေးကြည့်နေမိသည်။

အဒေါ်ကြီးက ဗလလက်ကို ကိုင်ကာ "လူလေး.....ဒါက ဘာတပ်ခေါ်လဲဟင်....၊ အရီးကို ပြောစမ်းပါ၊ စစ်သည်တော်တွေကလဲ ငယ်ငယ်လေးတွေ....."

အဒေါ်ကြီး၏အသံမှာ တုန်ရီနေ၏။ ပင်နီကြမ်းအင်္ကျီ ခပ်လတ်လတ်၊ သို့သော်-ထမီက ခပ်နွမ်းနွမ်း၊ အညိုရောင် သရက်ထည်။ ခေါင်းကို အနီရစ်ပါသော တဘက် ပေါင်းထားသည်။ သူမ၏ခြင်းတောင်းထဲ၌စုံလို့။ နို့ဆီဗူး၊ ဆေးလိပ်၊ အုန်းဆံကြိုးခွေ၊ ဖယောင်းတိုင်ထုပ်၊ ငါးသေတ္တာ၊ ပဲလိပ်။ ဗလက စိတ်ရှည်လက်ရှည် ရှင်းပြသည်။ အမျိုးသားကျောင်းသားများ ဖွဲ့စည်းထားသော အပျော်တမ်း ရဲတပ်။ လက်နက်ကိုင်ခွင့်မရှိ။ အင်္ဂလိပ်စစ်တပ်ပုံစံဖြင့် ဖွဲ့စည်းထားသောတပ်။ ဒီနစ်မှ စဖွဲ့သည်။ ဗိုလ်ချုပ်လုပ်သူမှာ အထက်တန်းပြဆရာ။

"အော်......ကျောင်းသားလေးတွေကိုး........။ ဟိုတုန်းကသာ သည်လိုစစ်သည်တော်တွေရှိရင် ကောင်းမှာဘဲနော်၊ အခု မောင်ရင်တို့ ကိုင်ထားတဲ့ ဒေါင်းလံလေးတွေဟာ သေနတ်တွေဖြစ်သွားရင် ဘယ်လောက်ကောင်းမလဲ၊ ဒါမှ.......အင်္ဂလိပ်အစိုးရကို လက်စားချေနိုင်မှာ...."

သူမသည် ဗညားမော်ဘက်လှည့်ကာ ပြောလိုက်သည်။ ဗညားမော်ဘေးတွင် ခင်ထားလှိုင်နှင့် အခြား ကျောင်းသားများလည်း ရှိကြသည်။ ကျောင်းသားများ လက်ထဲတွင် ဒေါင်းလံကိုယ်စီကိုင်လျက်။ ဗညားမော်မှာ တောသူ အဒေါ်ကြီး၏စကားကို ကြားရသောအခါ ကြက်သီးမွေးညှင်း ထသွားသည်။ ဗလက ဘာမျှပြန်မပြောတော့။ သူလည်း ငိုင်နေသည်။

ဘင်ခရာသံများ ကြားရပြီး၊ စစ်ချီသံပေါ်လာသည်။ ဆရာမောင်မောင်သန်း၏ "တန်းစီ" ဟူသောအသံ ထွက်ပေါ်လာသည်။ အစိမ်းပုတ်ရောင်များ လှုပ်ရှားသွားသည်။ ကျောင်းသားများလည်း လေးယောက်တတွဲ တွဲလိုက်သည်။ ဆရာမ စန်းစန်းနက ကျောင်းသူများဘေးတွင် ရောက်လာသည်။ စန်းစန်းနမှာ ခရမ်းပြာနရောင် ဆင်မြန်းထား၍ ခါတိုင်းထက် ပို၍နေသည်။ သူမလည်း ပျော်နေ၍ ရွှင်လန်းဖျတ်လတ်သော အမူအရာအပြည့်။ "ချီတက်"ဟူသော စူးစူးဝါးဝါး အက်အက်ကွဲကွဲ အမိန့်သံကြားရပြီးနောက်၊ အစိမ်းရောင်တပ်သည် ဘင်ခရာသံနှင့်အတူ ဒေါင်းလံကြီးတလူလူနှင့် ရှေ့ဆုံးမှ ထွက်ခွာသွားသည်။ ကုန်စုံဆိုင်ရှေ့၌ ကျေးရွာသူ အဒေါ်ကြီးမှာ မျက်ရည်ဖြင့် ရွှန်းသော မျက်လုံးဖြင့် ငေးကြည့်ကာ ကျန်ရစ်ခဲ့သည်။

ထိုည၌ ကစားကွင်းတွင် အမျိုးသားနေ့ ထမင်းစားပွဲကြီး ခင်းကျင်းသည်။ ကျောင်းသူကလေးများမှာ လှည့်လည်ရာမှ ပြန်လာပြီးနောက်၊ အိမ်တွင် ထမင်းစားပြီး ကျောင်းသို့ တခေါက်ပြန်လာကြသည်။ ကစားကွင်းတွင် ထမင်းစားပွဲများကို အလှပြင်ဆင်ပေးကြရသည်။ အိမ်မှပန်းစည်းများ ယူလာကြသည်။ ခင်ထားလှိုင်က ပန်းစိုက်ငွေအိုးများကို ယူလာသည်။ သူတို့ခြံမှထွက်သော အင်္ဂလိပ်နှင်းဆီပန်းများက မနည်း။ နှင်းဆီအဝါနှင့် နှင်းဆီအဖြူ။ လှတော့ လှ၏။ သို့သော် သိပ်မမွှေး။ မသန်းမြ၊ အမာ၊ ကြည်ကြည်တို့လည်း နှင်းဆီရဲရဲများ ယူလာကြသည်။ မြန်မာနှင်းဆီက ရဲနေကြ၏။ ရနံ့လည်း ထုံမွှေးနေ၏။ ဖြူဖွေးသော ထမင်းစားပွဲခင်းများပေါ်၌ နှင်းဆီပန်းများဖြင့် တင့်တယ်နေကြသည်။သူတို့သည် ပြင်ဆင်ပေးပြီးလျှင် ပြန်သွားကြကာ၊ ညဘက်ထမင်းစားပွဲအချိန်ကျမှ ဝတ်ကောင်းစားလှဝတ်၍ ပြန်လာကြသည်။ ထမင်းစားပွဲကား၊ တယောက်တကျပ် လက်မှတ်ဖြင့်။

အမျိုးသားကျောင်းကိုယ်စား ကျောင်းအုပ်ကြီး ဦးဟန်တင့်က ကျောင်းသားမိဘများကိုယ်စား ခင်ထားလှိုင်၏ဖခင် စက်ပိုင်ဦးသော်က,က မြို့လူထု၏ကိုယ်စား သခင်ခင်အောင်က စကားပြောကြသည်။ ပြောသည့်အထဲတွင် နယ်ပိုင်ဝန်ထောက်၊ မြို့အုပ်စသော အစိုးရပိုင်းကလူများ မပါသည်ကို ဗညားမော်က သတိထားမိလိုက်သည်။ သူတို့စားပွဲနှင့် ကပ်လျက်ကား၊ ကျောင်းသူကလေးများ၏ စားပွဲ။ သူက သူတို့နှင့် ကျောခိုင်းထား၍ သူတို့ကို မမြင်ရ။ သို့သော်-အသံများ ကြားနေရသည်။ အသံကိုဖမ်း၍ ခင်ထားလှိုင်ဘဲ၊ ရင်ရင်မြဘဲ၊ ခင်ထားခိုင်ဘဲဟု သိနိုင်သည်။ သို့သော် သူတို့ကား အချင်းချင်း အဆက်မပြတ် စကားပြောနေကြသည်။ တခါတရံ တိုးသွားလိုက်၊ တခါတရံညံသွားလိုက်။ စကားထပြောကြသူတွေကို ဝေဖန်နေကြသည်။ ထမင်းစားပွဲလာရောက်သူများကို ဝေဖန်နေကြသည်။ ဒီအသံက အက်နေတယ်ကွ။ ပြောတာကနေးလွန်းတယ်။ သူကတော စားလုံးတွေ ကောင်းပါရဲ့၊ အသံက ကြီးနေတယ်။ ပင်နီအင်္ကျီကြီးက မလျော်ရသေးဘူး၊ မာတောင့်နေတာဘဲ။ စက်ပိုင်ကတော်စိန်နားကပ်က သိပ်တောက်တာပဲ။ ဟော့.... သူ့ခယ်မကတော့ စိန်လက်စွပ်လူမြင်အောင် လက်ကို လှုပ်လှုပ်ပြီး စကားပြောနေတာ။ ဆံထုံးကြီးက အမြင့်ကြီးဟော့။ ပိန်လိုက်တာ ငါးဖောင်ရိုးခြောက်ဖဲ။ ကြည့်စမ်း၊ အင်္ကျီက ကျယ်နေလို့ ခုမှ သီဝတ်လာတာ၊ တွေ့လား။ ထမီရောင်ကြီးက စပ်ဖြဲဖြဲနဲ့။ ဝန်ထောက်ကတော်လေးက လေဒီရှူးဖိနပ် ခုံမြင့်ကြီးနဲ့တော့၊ ခုံကြီးကလဲ သေးသေးချွန်ချွန်ကလေး၊ မလဲဘူးနော်၊ ခလုတ်တိုက်ရင်တော့...........ဟာ.....ဟ......။ အသံမျိုးစုံ။ အုပ်ပြောသောအသံ။ တီးတိုးလေသံနှင့် ပြောသောအသံ၊ ကျိတ်ရယ်သံ၊ ပြောင်လှောင်သံ။

ဗညားမော်နှင့် ဗလကား၊ သူတို့၏ အသံများကို သဲ့သဲ့မျှသာ ကြားကြသည်။ ဟောပြောကြသူများကို နားထောင်နေကြသည်။ ဗလက တခါတခါ "ရင်မြတို့ဝိုင်းက သိပ်ဆူတာဘဲကွာ" ဟုညည်းလိုက်သည်။

အောင်ဒင်ကား ရင်ရင်မြတို့ဝိုင်းနှင့် မျက်နှာချင်းဆိုင်။

ထမင်းစားပွဲပြီးလျှင် ရန်ကုန်မှ အငြိမ့်ဖြင့် ညှော့ခံသည်။ ကျောင်းသားများအဖို့ကား၊ ပွဲတော်ကြီး။ ဗညားမော်တို့လူသိုက်မှာ အငြိမ့်မပြီးခင် ပြန်ကြသည်။ ဗညာမော်က တနေရာ၊ ဗလက တနေရာ။ ဗလက တနေရာမှ ပေါ်လာကာ-"ပြန်မလားဟေ့၊ ရင်မြတို့က သူတို့ကို ပြန်ပို့ပေးပါတဲ့၊ လိုက်ခဲ့ပါလား၊ နောက်-မင်းကြည့်ချင်သေးရင်လဲ ပြန်လာကြတာပေါ့...."

ဗညားမော်မှာ ဇာတ်ခုံ၏ဘေး၊ တီးဝိုင်းနှင့် အနီးဆုံးနေရာ။ သူက တီးဝိုင်းကို နားထောင်ချင်သည်။ ပရိသတ်ကား လူရွှင်တော်များ၏ ပြက်လုံးကြောင့် တဝေါဝေါ ဆူညံလျက်ရှိသည်။ အငြိမ့်ကိုကား၊ ထမင်းစားပွဲတက်ရောက်သူများသာမဟုတ်၊ အပြင်ကလည်း ကြည့်နိုင်အောင် လမ်းဘေးတွင် ဇာတ်စင်ထိုးထားသည်။ သူတို့ ကစားကွင်းမှ ထွက်လာကြသောအခါ အေးစပြုလာပြီ။ ရင်ရင်မြနှင့်အတူ ခင်ထားလှိုင်တို့ညီအမ၊ မသန်းမြ၊ အမာနှင့် ၈-တန်းမှ ကျောင်းသူများလည်း ပါလာကြသည်။ တချို့လည်း လမ်းကြုံ၍။ နှင်းများ ကျစပြုလာပြီ။ မီးပုံးရောင်စုံများ၊ အငြိမ့်မင်းသမီး၏ သီချင်းဖြင့် ညသံ၊ ပရိသတ်များ ရယ်မောသံ၊ တီးဝိုင်းထဲမှ ဝါးပတ္တလားသံတို့သည် နောက်တွင် ကျန်ရစ်ခဲ့လေပြီ။ လမ်းမီးတိုင်များ၏ ဝါကျင့်ကျင့်အရောင်မှာ နှင်းများထဲ၌ မှိန်ဖျော့ဖျော့သာ လင်းနေ၏။ လ,ဆုတ်ရက်ဖြစ်၍ ကောင်းကင်မှာ ပြာမှိုင်း၍နေ၏။ ကြယ်၏ အလင်းရောင်နှင့် ဓာတ်မီးတိုင် အရောင်မှာ မည်သူမျှ မသာကြ။ အိမ်များမှ ညမွှေးပန်းရနံ့များ သင်းပျံ့လာတတ်၏။ ရေခဲပန်းများကို ဝိုးတိုးဝါးတားသာ မြင်ရ၏။ တောမြို့ဖြစ်၍ အစောကြီးအိပ်ရာဝင်ကြပေပြီ။ အိမ်တံခါးများပိတ်လျက်။

တလမ်းလုံး သူတို့စကားသံနှင့် ဖိနပ်သံများဖြင့်သာ ပြည့်နေ၏။ သစ်ပင်ရိပ်များအောက်ရောက်သောအခါ မှောင်သွားကြသည်။ ဓာတ်မီးတိုင်အောက်ရောက်လျှင် လင်းလာပြန်သည်။ သည်တော့မှ ဗညားမော်သည် ခင်ထားလှိုင်ကို ကြည့်မိသည်။ လမ်းလျှောက်လာကြရင်း၊ ခင်ထားလှိုင် သူ့နားရောက်လာသည်။ ရင်ရင်မြတို့က ရှေ့က။ သူက လမ်းလျှောက်နေးသူမို့ နောက်ကျန်နေရစ်သည်။ ခင်ထားခိုင်ပင် သူနှင့်စကားလာမပြော။ ရှေ့က ရင်ရင်မြနှင့် ရေပက်မဝင်အောင် စကားကောင်းလျက်ရှိနေသည်။ ဗလကသာ သူနှင့်။ ခင်ထားလှိုင်မှာ မွှေးကြိုင်နေသည်။ တကိုယ်လုံး အပြာနုနှင့် ငွေရောင်ဆင်ထားသည်။ ထမင်းစားပွဲတုန်းကလည်း သူတို့ကို ကျောခိုင်းထား၍ မမြင်မိ။ အင်္ကျီမှာ နှစ်ထပ်။ အတွင်းက အပြာနုပေါ်၌ ငွေရောင်လက်နေသော ဇာပန်းအခက်များဖြင့် မွမ်းထားသော အပေါ်ရုံအင်္ကျီပါးပါးကလေး ထပ်ဝတ်ထားသည်။ ထမီမှာ အပြာရင့်ရင့်ပေါ်တွင် ပြောင်လက်သော မဟူရာအမျှင်၊ အပွင့်၊ အပြောက်များဖြင့် ကစဉ့်ကလျားခက်ထားသည်။ ကြယ်ပြောက်ညကို ဖော်ထားသည်။ ဆံပင်များကို အဆန်းပြင်ထားသည်။ အင်္ဂလိပ်မဂ္ဂဇင်းများ၌ တွေ့ရသော ဘိုမဆံပင်ပုံမျိုး။ ဆံပင်များမှာ အရိုင်း။ ကောက်လိမ်ယှက်သန်းနေကြသည်။ ညၜါတိမ်တိုက်များလွင့်နေဟန်။ သို့သော်...... တိမ်တိုက်မှာ အဖြူမဟုတ်၊ အနက်ရောင် မဟူရာတိမ်တိုက်။ နှင်းဆီအဝါတပွင့် စိုက်ထားသည်။ သူမ၏ အလှကြောင့်၊ သူမ၏မွှေးရနံ့ကြောင့် သူမအနားကပ်လာသောအခါ ဗညားမော်မှာ ဒိတ်ကနဲ ရင်ဖိုလာသည်။ တခါမျှ သည်လိုမဖြစ်ဖူး။ သူ့ကိုယ်သူပင် အံ့ဩနေမိသည်။

ဗလက-ၜ-တန်းက မောင်သက်ဝင်းနှင့် ဘောလုံးအကြောင်း စကားပြောရင်း ရှေ့နည်းနည်းရောက်သွားသည်။ ကျောင်းဝင်းကစားကွင်းက ထွက်လာကတည်းက ဗညားမော်သည် ခင်ထားလှိုင်နှင့် စန္ဒယားအကြောင်း ပြောလာသည်။ ခင်ထားလှိုင်မှာ မြန်မာရေးသီချင်းကြီးများ တီးတတ်ချင်သော်လည်း၊ ဆရာမရှိသဖြင့် မတီးရ။အင်္ဂလိပ်သီချင်းများသာ လေ့ကျင့်နေရသည်။ ဗညားမော်ကား အိမ်သို့ စန္ဒယားရောက်ကတည်းက လေ့ကျင့်နေသည်။ ရောက်စကဆိုလျှင် ကျောင်းကဆင်းဆို၊ စန္ဒယားခုံတွင် ထိုင်သည်။ ခင်ထားလှိုင်က သူ့နားနည်းနည်း ကပ်လာသည်။ ပထမ အမွှေးနံ့က သူ့အား ဖမ်းစားလိုက်သည်။ ရေမွှေးနံ့ဆိုသော်လည်း၊ သူမ၏ကိုယ်ရနံ့လား-ဘာလားမသိသော ရနံ့။ ရနံ့တမျိုး။ ဆံပင်ကလား။ လှိုင်၏ ရနံ့။

"ဗညားမော်.....လှိုင်တခုပြောချင်လို့....."

ခင်ထားလှိုင်သည် ဗညားမော်နှင့်ထိလုမတတ် ကပ်လာသည်။ ဗလတို့ကိုလည်း လှမ်းကြည့်သည်။ ဗလနှင့် မောင်သက်ဝင်းမှာ ငြင်းခုံ၍ ကောင်းတုန်း။ သူတို့အသံနှင့်သူတို့ ဘယ်သူပြောတာမျှကြားမည် မထင်ရ။ ရင်ရင်မြတို့အသိုက်ကား၊ ဓာတ်မီးတိုင်အောက်ပင် ရောက်နေသည်။ သူတို့နှစ်ယောက်ကတော့ သစ်ရိပ်အမှောင်အောက်။

သူမ၏အသံမှာ တိုးတိုး။ ခါတိုင်း သူနှင့် စကားပြောသံနှင့်မတူ။ စောစောက စန္ဒယားအကြောင်း၊ ဂီတသင်္ကေတအကြောင်း ပြောနေတုန်းက အသံနှင့်ပင် မတူ။ အသံက တိုးပြီး ညင်သာနေ၏။ ဗညားမော်က သူမအား ကြည့်လိုက်သည်။ အမှောင်ရိပ်မှ ထွက်စ။ သူမ၏ပါးမှာ နီနေသည်။ ပါးနီဆေးဆိုးထားတာ ထင်ပါရဲ့။ ခါတိုင်းခြယ်ထားတာနှင့် မတူ။

"ဒီမယ်....."

ဗညားမော်က သူမကို ကြည့်ရုံသာ ကြည့်နေသည်ကို အားမရဟန်ဖြင့်။ ဗညားမော်ကမူ သူမကို စိုက်ကြည့်နေဆဲ။

"ဒီမယ်.......လှိုင့်ကို စာပေးတယ်....သိလား......"

ဗညားမော်က ဘာမျှ နားမလည်သလို ငေးကြည့်နေ၏။

အဲဒါ......။

"အောင်ဒင်ဆိုတဲ့ကောင်၊ သူ့ပါးစပ်က အရက်နံ့လဲ ရတယ်"

ခင်ထားလှိုင်၏ အသံမှာ ပို၍ တိုးညင်လာသည်။ ခင်ထားလှိုင်ရယ်။ သူကမူ ဘာပြန်ပြောရမှန်း မသိ။ အော်ကျယ်အော်ကျယ် ပြောနေသော ဗလနှင့် မောင်သက်ဝင်းကြီးတို့၏ အသံများ ကျဲလာသည်။

"အဲဒါ....... ဒီမှာ.....စာယူထားစမ်းပါ၊ လှိုင်တော့ ယူလဲ မထားချင်ဘူး၊ ဖတ်လဲမဖတ်ချင်ဘူးကွယ်...."

ပြောပြောဆိုဆို ခင်ထားလှိုင်သည် စာကလေးတစောင် ထုတ်ပေးလိုက်သည်။

သူတို့ ရှေ့နည်းနည်းရောက်နေသည်ကို အခုမှ သတိထားမိသော ဗလက ခြေလှမ်းကို တုံ့ကာ နောက်သို့ ပြန်လှည့်ကြည့်လိုက်ဆဲ။ ဗညားမော်လည်း ဘာလုပ်ရမှန်းမသိဘဲ ဖြစ်နေဆဲ။ ခင်ထားလှိုင်သည် စာရွက်ခေါက်လေးကို သူ့လက်ထဲသို့ ဖျတ်ကနဲထည့်ကာ "ဗညားမော် လှိုင့်ကို သီချင်းတက်ပေးနော်...." ဟုပြောပြီး ထွက်သွားသည်။ ဗလနှင့် မောင်သက်ဝင်းလည်း သူ့အနား ရောက်လာကြသည်။ ဗညားမော်သည် ကမန်းကတန်း စာခေါက်ကလေးကို သူ့အိတ်ထဲ ထည့်လိုက်သည်။ ဗလများ မြင်သွားသလား။ မြင်မည်တော့ မထင်။ ဗလက စကားကောင်းနေသည် မဟုတ်လား။ ညမွှေးပန်း ရနံ့တို့ကား ထုံယစ်လျက်။ ကြယ်ပျောက်ညသည် မျက်တောင် တဖျတ်ဖျတ် ခတ်လျက်။ ရေခဲပန်းများလည်း မွှေးလျက်။ သည်ကနေ့ နံနက်ကလည်း ရင်ထဲလှုပ်ရှား ဖိုလှိုက်ခဲ့ရသည်။ ဆူးကလပ်ရွာမှ အဒေါ်ကြီး၏ ပြောစကားကြောင့်။ ယခုလည်း ခင်ထားလှိုင်ကြောင့်။ စာခေါက်ကလေး သူ့လက်ထဲ အတင်းထည့်သွားသဖြင့် လက်ချင်းထိသွားသည်။ ရင်ထဲတွင် တမျိုးကြီး ဖြစ်ကျန်ရစ်သည်။

ခင်ထားလှိုင်တို့ညီအမ အိမ်ပို့ပြီးပြန်လာကြသောအခါ လမ်း၌ ဗလက ဗညားမော်အား-

"ဟေ့ - ဗညားမော်၊ မင်း လှိုင်ထိပ်ထားက ဘာပေးလိုက်တာလဲ၊ စာလား......၊ ဘာလဲ၊ ဖြူဖြူကလေးပါ"

"ဘာကွ...."

သူက စဉ်းစားချိန်ရအောင် ဗလအား ပြန်မေးလိုက်သည်။ ပြောရကောင်းမလား။ စာကလဲ ဘာစာမှန်းမသိ။ ခင်ထားလှိုင်က သူ့ကို ယုံလို့ ပေးထားတာ။ သူများပေးပြလို့ ဖြစ်ပါ့မလား။ အောင်ဒင့်စာက ဘာရေးထားပါလိမ့်။ လှိုင်က သူ့ယူထားပါ ပြောတာ။ ဗလပြောလို့ ဖြစ်ပါ့မလား။ ခင်ထားလှိုင် ကတော့ သီချင်းတက်ပေးအုံးတဲ့။ တစက္ကန့်အတွင်း စိတ်အလျင်သည် အဆင်းအတက် လျင်မြန်သော အဟုန်ဖြင့် လျှပ်ပြက်လိုက်သည်။

"ဘာမှ မဟုတ်ပါဘူးကွာ.......၊ သီချင်းစာရွက်ပါ"

ဗလက ဘာမျှ ဆက်မမေး။ မေးလျှင်လည်း အခက်။ ပြပါ ဆိုလျှင်ကော။ ရင်ရင်မြ သူတို့အပါး ရောက်လာသည်။ ရင်ရင်မြကယ်ပေလို့။

"ဘာလဲ.....အကို"

"ဘာမှ မဟုတ်ပါဘူးဟာ....."

"ဘာလဲ၊ လှိုင့်အကြောင့်ပြောနေတာ မဟုတ်လား၊ လှိုင်ဒီညနေ ဝတ်ထားတာ သိပ်လှတာဘဲ၊ ရင်မြဖြင့် သူ့ကို သိပ်ချစ်တာဘဲ၊ ဟင်.....ဗညားမော်.....ဒီည လှိုင် မချောဘူးလား"

ဗညားမော်ကမူ ဘာမျှ ပြန်မပြော။ ပြောလျှင်လည်း သူ့အသံတုန်နေလိမ့်မည်။ ဒီည ခင်ထားလှိုင်က သူ့ကို ကောင်းကောင်း ဖမ်းစားလိုက်ပြီကော။ သူက ရင်ခုန်တုန်း။ ဗလက သူပြောတာ ယုံပါ့မလား။ ဒီတခါ သူသည် သူ့သူငယ်ချင်းကို သစ္စာဖောက်လိုက်သည်။ ကိုယ်ရေးကြုံတော့ သက်လုံကောင်းရမည် မဟုတ်ပါလား။

## အခန်း (၂၇)

သဇင်ခက် ဖြူလွှမျှသည် ငွေပန်းစိုက်အိုး နုတ်ခမ်းမှ အောက်သို့ ငိုက်ကျနေကြသည်။ နီညိုနက်မှောင်သော မဟော်ဂနီ ရေပြင်၌ သဇင်နင်းပွင့်များနှင့် ဖောင်းကြွငွေညောင်ရွက်၊ ငွေကြာခွေ၊ ငွေခြသေ့ရုပ်များသည် အရိပ်ထင်နေကြပေသည်။ စန္ဒယားထောင့်၌ကား၊ ပန်းချီဆေးဗူးမှာ ဖုံများတက်လျက်.........။ ဗညားမော်သည် မဟာဂီတစာအုပ်ကိုဖွင့်ကာ သည်ဆောင်းဟေမန် စာသားများကို ဖတ်နေသည်။ ဂန္ဓမာတောင်နှင့် စာသွားချင်း မတူ။ စိန်စီမှန်နန်းထက်၌ သဇင်ပန်းကို ပန်ဆင်ထားသော ထိပ်ထားကလေး။ အရပ်သူအရပ်သားများ မပန်ရ၊ ပန်လျှင် မင်းပြစ်မင်းဒဏ် ခံရမည်။ နန်းတော်သူများသာ ပန်ဆင်ခွင့်ရှိသော ပန်းမြတ်သဇင်။ စိမ်းစိမ်း ဈေးက ပြန်လာသောအခါ သဇင်ပန်းများ ပါလာသည်။ သူမ ခေါင်းတွင်လည်း သဇင်ပန်းများ ဝေလျက်။ ဆွဲခြင်းထဲတွင် တခြင်းလုံး သဇင်ပန်းချည်း။ ရသမျှ ကျုံးဝယ်လာသလားမသိ။ သူ၏ စန္ဒယားပေါ်ရှိ ငွေပန်းအိုးထဲ၌ အပြည့်စိုက်ထားသည်။ ငွေရောင်နှင့် နှင်းရောင်။ ရေခဲတောင်ပေါ်၌ နှင်းပွင့်များ ပွတ်ခဲနေတော့သည်။

စိမ်းစိမ်းက ပန်းအိုးထဲတွင် သဇင်ပန်းများ စိုက်ပေးပြီး ထွက်သွားသည်။ သူ့ကို စကားပင် မပြော။ မနေ့ညနေ ကျောင်းက ပြန်လာသောအခါ စိမ်းစိမ်းမှာ မျက်နှာထား ခပ်တည်တည် ဖြစ်နေသည်။ သူက ပထမ သတိမထားမိ။

"အမ.......ဘာဟင်းချက်လဲ၊ ဆာတယ်ဗျ"

သူသည်လွယ်အိတ်ကိုချပြီး၊ စန္ဒယားခုံတွင် ထိုင်ကာ မီးဖိုချောင် အဝ၌ ရပ်နေသော စိမ်းစိမ်းအား လှမ်းပြောလိုက်သည်။ စိမ်းစိမ်းက သူ့ကိုလှည့်၍ပင် မကြည့်။ သူက စိမ်းစိမ်း သူ့ကိုလှည့်မကြည့်တာကို မမြင်။ သူက စန္ဒယားခလုတ်များကို စမ်းနေသည်။ မနေ့ညက ကောင်းကောင်း မကျေထားသော တီးကွက်တခု။ ဂန္ထမာတောင်ထဲက အပိုဒ် တပိုဒ်။ အဲဒီအပိုဒ်ကို ထပ်ကာထပ်ကာ တီးကျင့်ပြီး မမှားအောင် မှတ်နေသည်။ စိမ်းစိမ်း၏ ပြန်၍ဖြေသံ မကြားရမှ အတီးကို ရပ်လိုက်ကာ လှည့်ကြည့်သည်။

"ဆာတယ်ဗျာ.....ဘာဟင်းလဲဆို......"

စိမ်းစိမ်းက ဘာမျှပြန်မပြော။ သည်တော့မှ စိမ်းစိမ်း၏ မျက်နှာမကြည်သည်ကို တွေ့လိုက်ရသည်။ ဗညားမော်သည် စန္ဒယားထိုင်ခုံမှ ထ, လိုက်သည်။ အခုတော့မှ စိမ်းစိမ်းသည် သူ့ဆီသို့ လျှောက်လာကာ စန္ဒယားပေါ်မှ မဟာဂီတစာအုပ်ကို ယူလိုက်သည်။ စိမ်းစိမ်း ဘာလုပ်တာပါလိမ့်မလဲ။

"အဲဒီစာက ဘာလုပ်တာလဲ........"

စိမ်းစိမ်းသည် မဟာဂီတထဲမှ စာရွက်ခေါက်ကလေးကို ဆွဲထုတ်လိုက်သည်။ သူက အံ့ဩနေ၏။ ဟိုတလောက ခင်ထားလှိုင် သူ့ပေးထားသော အောင်ဒင်၏ စာ။ စာခေါက်ကလေးမှာ ရေမွှေးနံ့ပင် သိပ်မပြယ်ချင်သေး။ အောင်ဒင်က လက်ရေး ဝိုင်းဝိုင်းလှလှ ကလေး ရေးထားသည်။ အတန်းထဲမှာတုန်းက အောင်ဒင် ဘယ်တော့မှ သည်လောက် လှလှဝိုင်းဝိုင်းမရေး။ ဆရာတွေက အောင်ဒင့် လက်ရေးက မသေသပ်၊ ရှုပ်သည်၊ ညစ်ပတ်သည်ဟု မကြာခဏပြောသော လက်ရေး။ ယခုကား သည်လို မဟုတ်။ စာရွက်ကလေးမှာ အပြာနရောင်၊ ရေးထားလိုက်သည်ကလည်း သပ်သပ်ရပ်ရပ်။ ရေမွှေးတွေ အရမ်းဆွတ်ထား၍ မွှေးကြိုင်နေသည်။ အမျိုးသားနေ့ညက အိမ်ပြန်ရောက်ရောက်ချင်း ဖတ်ကြည့်ခဲ့သောစာ။ အမှန်အားဖြင့် အောင်ဒင်မှာ အတန်းထဲတွင် စာတော်သူ မဟုတ်။ စာညံ့၍ ဆရာက မကြာခဏ အော်ရ ငေါက်ရသောသူ။ ယခုကား ရေးထားလိုက်တာ ကဗျာဆရာ ကျနေတာဘဲ။ ဘယ်ဝတ္ထုစာအုပ်ထဲကများ ကူး၍ထားပါလိမ့်။ တေးထပ်အစကော ပါသေးသည်။ အောင်ဒင်က သည်ဘက်ကတော့ တော်တော်စွမ်းသားဘဲ။ သူရေးတာဖတ်ပြီး မိမိပင် စာသားလေးတွေကို သဘောကျမိသည်။ ခင်ထားလှိုင် ကတော့လဲ ဖတ်တောင် မကြည့်ချင်ဘူးတဲ့။ မိမိသာဆိုလျှင် စာသားဖတ်ပြီး အောင်ဒင်ကို ကြိုက်လိုက်မှာဘဲ။ သည်လောက် ရည်းစားစာ အရေးကောင်းတဲ့ အောင်ဒင်။ ခင်ထားလှိုင်နှယ် မိုက်လိုက်ပါဘိ။

"ဘာဖြစ်လို့လဲ အမ......"

"ဘာဖြစ်ရမှာလဲ၊ ဒီစာ မောင်လေးဆီ ဘယ်လို ရောက်နေတာလဲ......"

အမှန်က စိမ်းစိမ်း မသိရအောင် ခင်ထားလှိုင်အား ပေးသော အောင်ဒင်၏စာကို အပေါ်ထပ် စာကြည့်စားပွဲတွင်ပင် မထားဘဲ၊ အောက်ထပ် စန္ဒယားပေါ်ရှိ မဟာဂီတ စာအုပ်ကြားထဲ ဝှက်ထားခြင်းဖြစ်သည်။ အပေါ်ထပ် စာကြည့်စားပွဲကို စိမ်းစိမ်းက ရှင်းလေ့ရှိသည်။ ရှင်းလျှင် တခါမတွေ့ တခါတွေ့မည်။ စန္ဒယားပေါ်မှ မဟာဂီတ စာအုပ်ကိုတော့ စိမ်းစိမ်းသည် ကိုင်လေ့မရှိ။ စန္ဒယားပေါ်မှ ငွေပန်းစိုက်အိုးကိုသာ ပန်းများ မပြတ်အောင် ထည့်ပေးလေ့ရှိသည်။ သူ့မောင် ပန်းအလှကြိုက်တတ်မှန်း သိသည်။

"မောင်လေး..... ရှုပ်ရှုပ်ရှက်ရှက် မလုပ်နဲ့နော်၊ လူကြီးချင်း မျက်နှာပျက်ရမယ်....."

"ကျွန်တော်.... ဘာလုပ်လို့လဲ....."

"အောင်ဒင့်စာကို လှိုင့်ကို ပေး, ပေးမလို့ဟုတ်လား...."

အဲဒီတော့မှ ဗညားမော်က ပြုံးနိုင်လာတော့သည်။ သူက ခင်ထားလှိုင်ကိုပေးသောစာ စိမ်းစိမ်းတွေ့သွားမှာ စိုးသည်။ ဘာရယ်မဟုတ်။ မေးလျှင် ပြန်ပြောမနေချင်။ အခုစိမ်းစိမ်းထင်နေတာက အောင်ဒင်အတွက် သူက ပေး, ပေးရသည့် သဘောမျိုး။ သည်တော့မှ သူ့အတွေးခေါင်သွားသည်ကို သတိထားမိလိုက်တော့သည်။

"မဟုတ်ဘူး.......စိမ်းစိမ်းရ၊ ဘာမှလဲ မသိဘဲနဲ့၊ ကျွန်တော်က ပေး, ပေးရမှာမဟုတ်ဘူး၊ အောင်ဒင်က ဟို.....ခင်ထားလှိုင်ကို ပေးတဲ့စာ...."

"အဲဒါ အမသိပါတယ်၊ ပထမတော့ မောင်လေး လှိုင့်ကို ပေးတဲ့စာ အောက်မေ့လို့"

"ဟာ.....အမကလဲဗျာ....."

"ဟုတ်ပါတယ်၊ နောက်မှ မောင်လေး လက်ရေးမဟုတ်မှန်း သိတာပေါ့"

"အင်းပေါ့....."

"ဒါဖြင့်....ဒီစာက..."

"ဒီစာက ခင်ထားလှိုင်က ကျွန်တော့်ကို ယူထားပါဆိုလို့ သိမ်းထားရတာ..."

"ဘာ..."

"ဟုတ်ပါတယ်၊ ဟိုညက အမျိုးသားနေ့ ထမင်းစားပွဲညကအပြန် ခင်ထားလှိုင်က အောင်ဒင် ပေးတဲ့စာကို ယူထားပါဆိုလို့ ယူထားရတာ၊ အမကလဲ ဘာမှ မသိဘဲနဲ့၊ သူက ယူလဲ ယူမထားချင်ဘူး၊ ဖတ်လဲ မဖတ်ကြည့်ချင်ဘူးတဲ့....."

စိမ်းစိမ်း၏ မျက်လုံးများမှာ တောက်ပလျက် ရှိသည်။ ဗညားမော်မှာ စိမ်းစိမ်းကို နားမလည်တော့။ သူ့အပြစ် ဘာရှိသလဲ။ ခင်ထားလှိုင်က သူ့ထံတွင် အောင်ဒင့်စာ သိမ်းမထားချင်၍ သူ့ကိုအပ်ထားသည်။ ဒါဘဲ။ သို့သော် ယခု စိမ်းစိမ်းကြည့်ရသည်မှာ သူ့ကို စိတ်ဆိုးနေသလား၊ ခင်ထားလှိုင်ကိုဘဲ စိတ်ဆိုးနေသလား၊ ဘာလား မသိတော့။ စာလက်ခံသိမ်းဆည်းထားတာ မကြိုက်တာတော့ အမှန်။ ဒါဘဲ သူသိသည်။ သည့်နောက် စိမ်းစိမ်းက သူ့ကို သိပ်မကြည်သလို။ သူ့မှာ မရှင်းတာတွေက များသည်ထက် များလာနေသည်။ ဟိုညက ခင်ထားလှိုင် သူ့ကို စာခေါက်ကလေး အတင်းလက်ထဲ ထည့်သွားသည်ကိုလည်း သူနားမလည်။ ယခု သူ့အမ စိမ်းစိမ်းကိုလည်း နားမလည်။

သို့သော် သည်နေ့မနက်မှ သူ့အတွက် သဇင်ပန်းများ စိုက်ပေးထားသည်။ သူကြိုက်သော သဇင်ပန်း။ ရေခဲတောင်ထဲမှ နှင်းပွင့်များ။ တကယ်တော့ စိမ်းစိမ်းက သူ့ကို စာမေးပွဲ အောင်စေချင်သည်။ သို့သော် ဆယ်တန်း ရောက်သည့်နှစ်ကျမှ စန္ဒယားကလည်း ရောက်လာ၊ ကဗျာကလည်း ရေးလို့ကောင်း၊ ပန်းချီကိုပင် ဘေးဖယ်ထားရသည်။ သူက ကျောင်းစာကို ကျောင်းမှာ သေသေချာချာ ဖတ်သည်။ အိမ်ပြန်ရောက်လျှင် စန္ဒယားခုံတွင် ထိုင်ရသည်နှင့် မအားတော့။ သီချင်းကြီးများမှာ အကွက်တူ၊ အပိုဒ်တူများမနည်း။ အပိုဒ်တူ အကွက်တူများကို သီချင်းစာသားနှင့် အလွတ် ကျက်မှတ်ထားရသည်။ သီချင်းအသစ် တက်သောအခါ သူ့နေရာနှင့်သူ ဝင်လာသည်။ သီချင်းသစ်ဆိုသော်လည်း၊ ဟိုက ဒီက တီးကွက်အဟောင်းများပင် ထပ်ပါနေသည်။ ထို့ကြောင့် တီးကွက်က မခက်။ ခက်သည်ကား လက်ကျလက်န။ လက်နှင့် စန္ဒယားခလုတ် ထိခတ်သည့်အသံ။ တီးကွက်ကိုပင် တီးကြရာ၊ တီးသူခြားနား၍ အသံလည်း ခြားနား၍ ထွက်လာသည်။ တခါက ကိုတင်လေး လာတီးသည်ကို နားထောင်ဘူးသည်။ သူက ပတ္တလျားသမား။ တီးကွက်မှန်သည်။ စည်းမှန်သည်။ သို့သော် သူ့နားထဲတွင် ဘာမျှ မခံစားရ။ အသံတွေ မြည်ဟည်း နေကြ၏။ ခလုတ်တွေ ခုန်ကွနေကြ၏။ သူ့နားထဲတွင် ဆူညံနေ၏။

ခင်ထားလှိုင် တီးတာလည်း သည်အတိုင်း။ ပထမတော့ ခင်ထားလှိုင်တီးတာ နားထောင်ကောင်းသလိုလို။ ခင်ထားလှိုင်မွေးနေ့တုန်းက။ သူကိုယ်တိုင် စန္ဒယားတီးကြည့်လာတော့မှ ပို၍သိလာ၏။ ခင်ထားလှိုင်တို့ အိမ်သို့တခေါက်ရောက်ရာ၊ သူမက အင်္ဂလိပ်ဓာတ်ပြားများ ဖွင့်ပြ၏။ စန္ဒယားသံချည်းသွင်းထားသော ဓာတ်ပြား။ ဘေသိုဗင်၏ "လရောင်တေးသံ"၊ ပထမ လှုပ်ရှားမှု။ အသံမှာ တိုးလိုက် ကျယ်လာလိုက်။ အနိမ့် အမြင့် စီးဆင်းနေ၏။ ထိုညနေက စိမ်းစိမ်းရော..... ရင်ရင်မြကော..... ဗလရော ပါကြ၏။ သူစန္ဒယား တီးစက။ သူသည် စန္ဒယားသံထဲတွင် ရောက်နေသည်။ အားလုံးကို မေ့နေသည်။ ခင်ထားလှိုင်ထံမှ ရေမွှေးနံ့တခုသာရ၏။ ခင်ထားလှိုင်မှာ သူနှင့် မျက်နှာချင်းဆိုင်တွင် ထိုင်နေ၏။ သူ့ဘေးက ခင်ထားခိုင်၊ စိမ်းစိမ်းနှင့် ခင်ထားလှိုင်။ ရင်ရင်မြကတော့ ဘာတွေစကားကောင်းနေကြမှန်း မသိ။ ဗလက တထောင့်တွင် ရောက်နေ၏။ "လရောင်တေးသံ"စ, ထွက်ပေါ်လာကတည်းက သူ့ကို ဖမ်းစားလိုက်တော့သည်။ အစပိုဒ်၌ တီးကွက်တွေက

သည်လောက် များလှတာ မဟုတ်။ သို့သော် အသံက တိုးလိုက် ကျယ်လိုက်၊ ပြင်းလိုက် နူးညံ့သွားလိုက်။ ဘယ်သံနှင့် ညာသံပင် မတူ။ ဘယ်က အသံကြီးတွေ ဆက်နေပြီး ညာက သေးသေး ပြတ်ပြတ်။ အနိမ့်အမြင့်၊ အဝေးအနီး၊ အကြီး အသေးအားလုံး သူ၏ ရင်ကို လာ၍ ရိုက်ကြ၏။ သူ၏အာရုံတခုလုံး စန္ဒယားသံထဲ ရောက်ကာ နစ်မျောပါသွားတော့သည်။ မျက်စိက မေးစင်းကျလာကာ ပတ်ဝန်းကျင်ကို ရှိသည်မအောက်မေ့တော့။ ခင်ထားခိုင်က သူ စန္ဒယားသံထဲတွင် ရောက်နေပြီဆိုတာကို သိသည်။ သူ့ဘေးမှ အသာငြိမ်သက်စွာ နားထောင်နေသည်။ အမျိုးသမီးတသိုက် စကားတင်းဆိုသံများကိုလည်း မကြားတော့။ ရေမွှေးနံ့သာမရှိလျှင် အာရုံအားလုံးပျောက်ကာ လဟာပြင်လရောင်ထဲသို့ လွင့်ပါးသွားပေမည်။ ဓာတ်ပြားဆုံးသွားတော့မှ သူ၏မျက်စိအလိုလို မှိတ်ထားသည်ကို သိရတော့သည်။ 'လရောင်တေးသံ' ရပ်မှ သူလည်း မျက်စိဖွင့်မိတော့သည်။ သည်တော့မှ ခင်ထားလှိုင်၏ အဖြူထဲမှ အပြာပွင့်၊ ခင်ထားခိုင်၏ နက်ပြာရောင်၊ စိမ်းစိမ်း၏ အနီနှင့်အဖြူ ရင်ရင်မြ၏ စိမ်းလဲ့လဲ့တို့ကို ပြန်မြင် လာရတော့သည်။ စိမ်းစိမ်းက သူ့အား အိပ်ပျော်သွားသလားဟု အိမ်ရောက်မှမေးသည်။ သူ့အရသာ ခံစားနေသည်ကို ခင်ထားခိုင်ကတော့ သိသည်။

ခင်ထားလှိုင် 'လရောင်တေးသံ' ရသလားဟု မေးကြည့်မိသည်။ ရတော့ ရတယ်။ စာအုပ်ကြည့်မှ။

အတင်းသူကပြောမှ ဂီတသင်္ကေတစာအုပ် ထုတ်လာသည်။

"အစပိုဒ်လောက်ပဲ ရမှာပါ၊ နောက်ဟာတွေက ခက်လဲ ခက်တယ်....."

အားလုံး ဝိုင်းပြောကြ၍သာ ခင်ထားလှိုင်က တီးခြင်းဖြစ်သည်။ ဗညားမော် နားထောင်ချင်တာကိုလည်း သူမက သိသည်။ ခင်ထားခိုင်ကပင် "အမကလဲ..... ကိုကိုက နားထောင် ချင်နေတာ၊ သူက လက်အတုခိုးမလို့"ဟု လှမ်းပြောလိုက်သည်။ ခင်ထားခိုင်က ငယ်သော်လည်း အပါးဆုံး။

ခင်ထားလှိုင် တီးလိုက်တော့မှ ခြားနားခြင်းကို သိသိသာသာ တွေ့ရတော့သည်။ ဂီတသင်္ကေတဖြင့် တီးခြင်းဖြစ်၍ တီးကွက်တူတူ။ သို့သော် ခုနက ဓာတ်ပြားထဲကနှင့် သိပ်ကွာနေသည်။ ဘာမျှမဆိုင်။ တခြားစီ။ ခင်ထားလှိုင် တီးတာက အနိမ့်အမြင့် မရှိတော့။ အတိုး အကျယ် ဆိုတာလည်း မရှိတော့။ တပြေးတည်း တပြိုင်တည်း။ ဒီစန္ဒယားခလုတ်ပေါ် ဒီလက်မျိုးနှင့်ပင် တီးတာ၊ ဒီအသံ ဒီတီးကွက်ပေါ် တီးတာ။ သူသည် ပန်းချီ စ, ရေးခြယ်သည်ကို သွား၍ သတိရလာတော့သည်။ နေ၊ လ၊ ကြယ်ရောင်၊ သစ်ပင်၊ ရေပြင်၊ ကောင်းကင် စသော မျက်မြင်များကို စုတ်တံဖြင့် ကူးယူသည်။ သည်နေ၊ သည်လ၊ သည်ကြယ်တာရာ၊ သည်သစ်ပင်၊ သည်မြစ်ချောင်း၊ သည်ကောင်းကင်ကိုပင် နောက်တယောက်က ခြယ်သည်။ သို့သော် ထွက်လာသော ပုံများကား မတူကြ။ သူက လ,မြ၊ တခြားတယောက်က အဖြူ၊ တယောက်က ပန်းရောင်နု။ စိတ်ကူးတွင် လာအရိပ်ထင်သော ရုပ်ပုံများ မတူခြင်း။ ဒါတင်မက။ စုတ်ရာခြင်းလဲ မတူကြ။ သစ်ပင် အရွက်များရော စုတ်ချက်ထူထူနှင့် တယောက်က ခြယ်သည်။ တယောက်က ပါးပါး။ စက္ကူပေါ်တွင် စုတ်ဖိတာချင်း မတူကြ။ သူသည် စုတ်ကို သိပ်မဖိ။ ဆေးသား ပါးပါးကလေးနှင့် မထိတထိ ခြယ်တတ်သည်။ ရေပြင်နှင့် မိုးကောင်းကင်ကို ဖော်လျှင်ကား လိုချင်သော အရောင်အသွေးနှင့် ရေများများ မျှောချလိုက်တော့သည်။ ရေခြောက်သွားသောအခါ ရေအနည်းအများ၊ ဆေးအနည်းအများ လိုက်၍ ရေပြင်နှင့် ကောင်းကင်သည် ပေါ်လာသည်။ အရောင် အနုအရင့် ကူးသွားသည်ကို ကြည်မောမိသည်။

သစ်ရွက်များ ရေးလျှင်ကား၊ သူသည် ဆေးပျစ်ပျစ်စပ်ပြီး စုတ်ကိုဆတ်ကာ လက်ကိုတုန်၍ တို့သည်။ အပ်ပေါက်သလို စုတ်နှင့်ပေါက်သည်။ စိမ်းစိမ်းက ဒါကိုမြင်၍ "အမယ်.......မောင်လေးလို လုပ်တာမျိုးတော့ အမတောင် လုပ်တတ်သေးတယ်၊ ဘာခက်လို့လဲ"

"အောင်မယ်... လုပ်ကြည့်စမ်းပါအုံးဗျာ"

ပန်းချီကားပြီး၍ နောက်တခါ စိမ်းစိမ်း လာကြည့်သောအခါ သူမက အံ့သြနေတော့သည်။

"ဟယ်....... သစ်ရွက်တွေက တကယ်လိုဘဲ"

"မနက်က အပ်ပေါက်သလို ပေါက်ထားတာတွေဘဲ....."

"အေးဟယ်....."

"သေသေချာချာ ကြည့်စမ်းပါအုံး...."

"သစ်ရွက်တွေကတော့ အစိမ်းရောင် နုမနေဘူးလား၊ အေးလေ.... မောင်လေး ရေးတိုင်း ဒီလိုပါဘဲလေ၊ သစ်ပင်တွေဟာ အစိမ်းရောင်နုနုလေးတွေချည်းဘဲဟာဘဲလေ....."

သို့သော် ကျောင်းဖွင့်စက စိမ်းစိမ်းသည် ရိုးကုမ္ပဏီတိုက်သို့ တူတယ်လုံချည်များ သွားဝယ်ရင်း၊ သူ့ဘို့ ဆီဆေးတသေတ္တာ ပါလာသည်။ ကျောင်းသားသုံး ဆေး၊ စက္ကူသေတ္တာကလေးနှင့်။ ဆီဆေး စမ်းရေးကြည့်သောအခါ သူ့လက် တမျိုးဖြစ်လာသည်ကို ခံစားရသည်။ ရေဆေးနှင့် မတူတော့။ စိတ်လည်း တည်ငြိမ်လာသည်။ ဆေးကို ထပ်ကာထပ်ကာ တင်၍ရပြီး၊ ကြိုက်သည်အထိ ရေး၍ရသည်။ သူ၏စုတ်ချက်လည်း တမျိုးပြောင်းလာသည်ဟု ထင်ရသည်။ ဆေးရောင်ပါးပါး ရေးနေရာမှာ အထူ လုပ်ချင်လာသည်။ မှိုင်းညို့ရောင် များလာသည်။

အရောင်နုနုကလေးများကို..... စုတ်ကလေးကို ဖိကာဖော့ကာနှင့် အကြာကြီး ပွတ်နေရသည်ကို အရသာတွေ့လာသည်။ တိမ်တိုက်ခြယ်လျှင် ဆေးအဖြူကို ထူထူကြီးတို့ပုံပြီးမှ အသာကလေး ဆွဲယူကာ မှုင်မှုင်ပါးပါးကလေး မထိတထိ ပွတ်သပ်နေမိသည်။ သည်တော့မှ သူ့ဖာသာသူ ကျေနပ်မှုရလာသည်။ ကားကို ထောင်ထားပြီး အဝေးမှလှမ်းကြည့်သောအခါ ဆေးမှုင်ကလေးများမှာ ဖန်ရိပ်ကလေး ပြေးနေတော့သည်။ သူလုပ်နေကျ အဖိအဖော့ ဟန်ကလေးများ ပါလာသည်ကို ရင်ခုန်ကာ သူခံစားနေမိပေသည်။ ယခု ခင်ထားလှိုင် တီးသည်မှာကား၊ အဖိအဖော့ မပါတော့။ စန္ဒယားခလုတ်များကို အသားကျ မှန်မှန် ခေါက်နေခြင်းသာ ဖြစ်နေတော့သည်။ စောစောက ဓာတ်ပြားထဲမှ တီးကွက်ပင်ဖြစ်သော်လည်း သူ၏နားထဲ၌ကား နူးနူးညံ့ညံ့ လှပသော အသံများ မဟုတ်တော့။ အသံတွေမှာ ကျယ်လောင်ပြီး သတ္တုကြိုးနှင့် ခလုတ်သက္ကလပ်မာနှင့် ထိခိုက်သော အသံသာ ဖြစ်နေတော့သည်။

ကိုတင်လေး သူ့စန္ဒယား တခါလာတီးတုန်းက အတိုင်းပင်။ ကိုတင်လေးက သူ့ထက်ဆိုးသည်။ ခလုတ်ကို တအား နင်းခေါက်သည်။ လက်ညှိုးများများ သုံးသည်။

ဗညားမော်မှာ တီးတာနားထောင်ရင်း စိတ်ညစ်နေသည်။ ခင်ထားလှိုင်ကတော့ သူ့လိုမဟုတ်။ သူမ၏လက်များက လှနေသည်။ လက်ဆယ်ချောင်းစလုံးကို ကော့ပျံကာ လှုပ်ရှားနေသည်။ ကိုတင်လေးကဲ့သို့ လက်ညှိုးချည်း ဖိသုံးသည်ကား မဟုတ်။ ကိုတင်လေး ပြန်သွားမှ စိတ်သက်သာရာ ရတော့သည်။ စန္ဒယားခလုတ်များပင် ချောင်ကျန်ရစ်သည်ဟု ထင်နေ၏။

'လ,ရောင်တေးသံ' ဓာတ်ပြားထဲမှ စန္ဒယားသံကိုကြားပြီး ခင်ထားလှိုင်တို့ အိမ်မှ ပြန်လာကတည်းက သူသည် ပို၍ လေ့ကျင့်လာတော့သည်။ သူ့စိတ်၌ အသိသစ်တခု တိုးလာသည်။ လက်ကျ ညက်ညောခြင်းကို ခံစားသိရှိလာခြင်း ဖြစ်သည်။ အလေ့အကျင့် များများ လုပ်လေ၊ လက်ကျ မှန်လာလေ။ တလုံးမှ မှားယွင်းတီးတာ မပါ။ စန္ဒယားခလုတ်နှစ်ခုကြားထဲ ချော်ကျတာ မပါ။ ခလုတ်အလယ်မှ တည့်တည့်မတ်မတ်ကျအောင် လေ့ကျင့်ပေးရပါကလားဟု တီးရင်းတီးရင်း နားလည်လာသည်။

ပထမတော့ တီးလုံးကို ကျေနပ်အောင် မှတ်သားရသည်။ ဒါကိုတော့ သူအခက်အခဲ မတွေ့။ သီးချင်းတက်ရတာလည်း အခက်အခဲမတွေ့။

ရာမည်မြို့အရှေ့ပိုင်း၌ အသက် ၇၀ ခန့် မူစလင် ကုလား အဖိုးကြီးတယောက် ရှိသည်။ သူက ဆိုတတ်သည်။ စောင်းဆရာကြီး ဦးဗေလုကိုမှီသူဟု အများက ပြောကြသည်။ စောင်းနည်းနည်းပါးပါး တီးတတ်သည်။ သူ စန္ဒယားတီးနေစဉ် မူစလင်အဖိုးကြီး ဦးမာမက်က လမ်းပေါ်ကရပ်ကာ နားထောင်နေတတ်သည်ဟု စိမ်းစိမ်းက ပြောမှ သိရသည်။ ဦးမာမက်မှာ နှုတ်ခမ်းမွေးဖြူဖြူ၊ မုတ်ဆိတ်မွေးဖြူဖြူ၊ ရွှေရောင် ဦးထုပ်ကို အမြဲတမ်း ဆောင်းထားတတ်သည်။ ပထမတော့ ဒီမူဆလင်ကုလားကြီး ဘာလာလုပ်တာပါလိမ့်ဟု အောက်မေ့မိသည်။ နောက်မှ သီချင်းကြီးများ နားလည်သည်ဟု သိရသည်။ နောက် ဦးမာမက်နှင့် မိတ်ဖွဲ့ကာ ခင်မင်သွားသည်။ ဗလီတက်တိုင်း ဗလီက အပြန် မြို့လယ်လမ်း သူတို့အိမ်ရှေ့သို့ လာ၍ သူ၏စန္ဒယားသံကို နားထောင်လေ့ရှိကြောင်း နောက်မှ သိရသည်။

အစ်နေ့ဆိုလျှင် ဗညားမော် ကောင်းကောင်း စားရသည်။ သူ့အတွက် တမင်ချန်ထားသည်။ နောက်ကျနေလည်း စားရသည်။ မူဆလင် အဖိုးကြီးက သူ့အား သီချင်းတက်ပေးသည်။ သူက မယ်ဒလင်နှင့်

တက်ယူသည်။ သီချင်းအကွက်များ ရပြီး၊ နောက်တဖန် စန္ဒယားခလုတ်များသို့ ဘာသာပြန်သည်။ လက်အနေအထားကိုတော့ ခင်ထားလှိုင်ထံမှ ငှားလာသော အင်္ဂလိပ်စာအုပ် စန္ဒယားနည်းပြ နိဿယမှ ယူရသည်။ သို့သော် အသံသုံးပုံချင်း မတူ၍ အခက်အခဲများစွာ တွေ့ရသည်။

အင်္ဂလိပ်သီချင်း၊ အနောက်သီချင်းများက စန္ဒယားခလုတ်များစွာကို အကျယ်ကြီး သုံးသည်။ မြန်မာသီချင်းကြီးထဲတွင်ကား သိပ်ကျယ်ကျယ် မသုံး၊ အထူးသဖြင့် ပတ္တလားနှင့် စောင်းကွက်များမှ ယူခြင်းဖြစ်၍ အသံစုံ သိပ်များ။ သိပ်မကျယ်ဝန်း။

သီချင်းရပြီးနောက် လက်ကျမှန်အောင် အချိန်ရသမျှ လေ့ကျင့်ရတော့သည်။ သူ့အဖို့ ကျောင်းကအပြန် မအားတော့။ စိမ်းစိမ်းက မကြာခဏ စန္ဒယားဘေး လာရပ်ကာ....

"ဟဲ့..... မောင်လေး၊ တော်အုံး" ဟု ပြောယူရသည်။

သို့သော် မရ။ သူက တီးမြဲ။ တီးလုံးတီးကွက်များ ကျေနေအောင် မှတ်မိတော့မှ၊ ခလုတ် အဖိအဖော့ လက်ကျဟန်ပန်များကို စိတ်ကူးရှိရှိ၊ ခံစားမှုရှိရှိနှင့် လေ့ကျင့်ရတော့သည်။ စိတ်အခြေအနေပေါ် မူတည်၍ လက်ကျများ ဟန်ပန်ရသ ပေါ်လာသည်ကို သိရှိလာသည်။ တီးရင်း တီးရင်း စန္ဒယားခလုတ်များ၏ သဘာဝအလိုက် သူ့စိတ်ကူးထဲမှ အသံများ ရောက်လာတတ်သည်။ စောင်းကွက် အဆင်အယင်၊ ပတ္တလားကွက် အဆင်အယင်ကို ကျော်လာသည်။ အသံမျှင်များ ဆွဲထုတ်ဆန့်ကြည့်သည်။ အကွက်သစ် ပန်းပွင့်များ ရက်ကြည့်သည်။ အသံစုံများသော ခလုတ်များကို အပြင်ထွက်ကာ ပြေးကြည့်သည်။

သည်ဆောင်းပေမန်ဘွဲ့ကို တီးရင်း အဆင်သစ်များ ရက်ကြည့်နေသည်။ သဇင်ရနံ့များ ထုံယစ်လာသည်။ သဇင်ပန်းကို စာအုပ်ထဲတွင် ဖတ်ရသည်မှာ ကြာပြီ။ ကဗျာကို ဖတ်ကတည်းက မဟာဂီတရှိ သီချင်းကြီးများထဲ၌လည်း သဇင်မပါလျှင် မပြီးသလောက်။ ရာမရကန်ထဲက 'ပန်းပျံပင်ဆင့်၊ မြေနှင့်ရန်ဘက်၊ ခက်လက်စိမ်းမြဲ'ဟု ဆိုထားသော စကားပိုဒ်ကို သူ့အလွန်နှစ်သက်ခဲ့သည်။ မြေနှင့်ရန်ဘက်တဲ့။ တယ်လှတဲ့ စကားလုံး။ သည်စာအရဆိုလျှင် သဇင်ကား၊ အခြားပန်းများလို မြေမှမပေါက်။ စိမ့်ကြီး-မြိုင်ကြီး-ရိပ်ကြီးတောတောင် နေရောင်မခံသော ဒေသမှာသာ ရှိသည် ဆိုပါကလား။ သူကလည်း စိမ့်ကြီး-မြိုင်ကြီး ရိပ်ကြီးတော်တောင်များသို့ မရောက်ဖူး။ သူ့ပတ်ဝန်းကျင်ကား မြစ်ချောင်းအင်းအိုင်၊ လတာပြင်၊ ဗေဒါကျွန်း၊ လမုတော၊ နန်းပြင်။ ရှေးမင်းများလက်ထက်ကမူ 'မြို့ဝန်မင်းစာ၊ လိပ်မပါဘဲ၊ ကွယ်ရာဈေးပြင်၊ ရောင်းလို့များမြင်ရင်' ရာဇဝတ်သင့်မည်။ သဇင်ပွင့်သည် နန်းတော်ထက်မှာသာ မွေ့ရမတဲ့။ ယခုကား စိမ်းစိမ်း ဈေးကဝယ်လာ၍ သူ၏ပန်းအိုးထဲ ရောက်နေရပေပြီကော။

သည်တခါဘဲ သဇင်ပန်းကို တကယ်မြင်ရဘူးသည်။ သဇင်ဆိုသော စာလုံးကိုကား၊ ကဗျာဖတ်ကတည်းက။ သူသည် ကဗျာရေးစက သဇင်ပန်းထည့်၍ရေးခဲ့သည်မဟုတ်လား။ သူ့ဗလာစာအုပ်ထဲတွင် ရှာလျှင် သဇင်အကြောင်း လင်္ကာတွေ အများအပြားတွေ့နိုင်သည်။ ၁၂ - ၁၃ နှစ်သားလောက်ကတည်းက။ သူတပ်မက် စွဲလမ်းခဲ့သော သဇင်။ သူ့စိတ်ကူးထဲ၌ကား၊ သဇင်မှာ စိမ်းမနေတော့။ သူဖတ်နေကျ၊ သူနှင့်ရင်းနှီးနေသော သဇင်။ တကယ် မျက်ဝါးထင်ထင် ထိတွေ့ရသည်ကား ယခု။ ရနံ့ကလည်း သင်းမြဲမြဲ။ စိမ်းစိမ်းအနားရောက်လာတိုင်း သဇင်နံ့ သင်းလာ၏။ ဘုရားစင်၌လည်း သဇင်နှင့်အပြည့်။ ဗုဒ္ဓရုပ်ပွားတော်ရှေ့၌ သဇင်သည် ကော်ရော်နေ၏။ ဘယ်လောက်များ သဇင်ကို ကြိုက်လိုက်ပါသလဲ။

သူသည် စန္ဒယားခလုတ်များကို လက်နှင့်တို့ထိနေရင်းက မျက်လုံးကမူ ရေခဲတောင်ထွတ်မှ နှင်းပွင့် သဇင်ဖြူလွှသို့ ရောက်နေ၏။ သူသည် ကဗျာဖွဲ့ချင်သောစိတ် ပေါ်လာသည်။ သဇင်ရုပ်ပုံကလေးများကို ဖော်ချင်နေ၏။ ရင်ထဲက နိမ့်ချည်မြင့်ချည်နှင့် ယစ်ဝေလာသည်။ ဘယ်လို.....ဘယ်လို ဖြစ်ပေါ်လာသည် မသိ။ သို့သော်.....ဘာဖွဲ့ရပ့ါမလဲ။ အေးတဲ့အချိန်၊ တကယ့်တောကြီး တောင်ကြီးဆိုတော့ ရေတွေခဲနေမှာပါကလား။ သူသည် သူမြင်ဘူးသော အနောက်နိုင်ငံမှ ပန်းချီကားချပ်များဆီမှ ရေခဲတောင်များကို စိတ်ကူးနေသည်ကို သတိရလာသည်။ တကယ်က သူသည် ရေခဲတောင်ဆိုတာကို မြင်မှ မမြင်ဘူးဘဲ။ သူ ကျောင်းသုံးစာအုပ်ထဲမှာ သင်ရတဲ့ပထဝီဝင် စာအုပ်များထဲကလည်း ရေခဲတောင်မှာ သဇင်ပွင့်တယ်လို့ မသင်ခဲ့ရပါကလား။ သူသည် စန္ဒယားကို တလုံးနှစ်လုံး ခေါက်လိုက်သည်။ သူ၏ ထစ်ငေါ့နေသော စိတ်ကူးကို

အပန်းဖြေသည့်သဘောနှင့် ဂီတသံကို တီးလိုက်ခြင်းဖြစ်သည်။ ရည်ရွယ်ချက်မရှိဘဲ တီးမိတီးရာ တီးလိုက်ရာ 'နတ်တော် ပြာသို၊ ခွာညိုတည့်နှင်းဖုံဖုံ'ဟူသော အပိုဒ်ကို တီးမိလျက်သားဖြစ်နေသည်။ သည်ဆောင်းပေမန် စာသားကို သူနှစ်သက်၍ ကျက်မှတ်ထားရာ၊ တီးလုံးတီးသည်နှင့် စာသားပါ သူ၏မှတ်ဉာဏ်၌တပြိုင်နက် ပေါ်လာသည်။ နတ်တော်၊ ပြာသိုလ။ ခုလိုလမျိုးပေါ့။ နှင်းတွေက ကျနေသည်၊ ခွာညိုများ ပွင့်နေသည်ဟူသော သူ့အာရုံထဲက နှင်းဖြူလွ၊ ခွာညိုခရမ်းရင့်ရောင် ရုပ်ပုံများ ပေါ်လာတော့သည်။ သူတကယ် သူ့ပတ်ဝန်းကျင်၌ မြင်နေကျ ရုပ်ပစ္စည်းများပေကိုး။ သူကိုယ်တိုင် မျက်ဝါးထင်ထင်မမြင်ဘူးသော အေးအေးစက်စက် မထိတွေ့ဘူးသော ရေခဲတောင်မျိုးမဟုတ်။ ဒါကြောင့်လဲ သည်ဆောင်းပေမန်ကို နှစ်သက်မိခြင်းဖြစ်သည်လား မပြောတတ်တော့။ ယခု သဇင်ကို ထိတွေ့လိုက်ရသောအခါ သူတကယ်ခံစား မွေးမြူလုပသော သဇင်ကို သူ ကဗျာရေးချင်လာသည်။ သူ သဇင်ကို သိလာပြီ။ တအိမ်လုံး သဇင်၊ သို့သော် သဇင်တွေက ဟိုတခု သည်တခု၊ တနေရာထဲမှာ စုရုံး၍ မရှိ။ စန္ဒယားပေါ်ရှိ ငွေပန်းစိုက်အိုးက သဇင်၊ စိမ်းစိမ်းခေါင်းက သဇင်၊ ဘုရားစင်ထဲက သဇင်။ သည်သဇင်တွေကို ကဗျာဖြစ်အောင် ဘယ်လို စည်းရုံးရပါ့။

အရင်တုန်းကဆို အလွယ်သား။ သူသည် ကဗျာတွေ အများကြီး စပ်ခဲ့သည်။ တပုဒ်ပြီးတပုဒ် ပြီးပြီးနေသည်။ ထိုအတွင်း ဖတ်လိုက်သည့် ကဗျာစာအုပ်တွေကလည်း မနည်း။ ထပ်ကာ ထပ်ကာ ဖတ်သည်။ ကျောင်းမှာ သင်ရသော ကဗျာစာအုပ်တွေထက် အဆပေါင်းများစွာ။ နတ်ရှင်နောင် ရတုဆိုလျှင် ဘယ်နှစ်ခါ ဖတ်နေသည်ကိုပင် မမှတ်နိုင်တော့။ နတ်ရှင်နောင် စကားလုံးများက သူ့ကို အဖမ်းဆုံး။ ပျို့တွေဆိုတာလည်း တဖတ်ထဲ ဖတ်နေ၏။ ရာမရကန်ဆို အကုန်။ ဖတ်ပြီးရင်း ဖတ်ရင်း။

ရေးပြီး ပြန်ဖတ်ကြည့်သောအခါ သူသည် ကျေနပ်မိသည်။ လွယ်လွယ်ကလေးနှင့် ကဗျာတွေ ပြီးပြီးနေတာပါကလား။ အားတက်ပြီး ဆက်လက်၍ ရေးစပ်ပြန်၏။ သူ့အဖို့ ရတုပိုဒ်စုံတပုဒ်ရေးရသည်မှာ ဘာအခက်အခဲမျှမရှိ။ သူဖတ်နေကျဖြစ်သော ရတုများနှင့် နှိုင်းယှဉ်နိုင်သော ကဗျာများဟု သူသည် သူ့ကိုယ်သူ ယုံကြည်ထင်စားနေမိသည်။

သူရေးပြီးသော ကဗျာများကို ဗလအား ပြတတ်၏။ ဗလကလည်း ဗညားမော် ရေးသည်ကို ကျေနပ်၏။ ဗလမှာ ကဗျာထက် စကားပြေများကို ဖတ်သည်။ ဗလက ဝတ္ထုများဖတ်သည်။ ဗညားမော်က သူ့လောက် မဖတ်။ သူက ကဗျာသမား။ ဗလက စကားပြေသမား၊ ဝတ္ထုသမား။ ဝတ္ထုခုဆိုလျှင် ဗလက မလွတ်တမ်း။ သို့သော်- ဗလမှာ နိုင်ငံရေးစာအုပ်များလည်း ဖတ်သူမို့ အရင်းအမြစ်ကို လိုက်တတ်သည်။ စူးစမ်းသည်။ တနေ့တွင် ဗညားမော်က သူ့ကဗျာကို ဗလအား ပြ၏။ ဗလက ဖတ်နေပြီး တွေနေ၏။ ကောင်းတယ်၊ မကောင်းဘူး၊ တော်တော်နှင့်မပြော။ ခါတိုင်းမှု "ကောင်းတယ်ကွ၊ မင်းကြီးရင် နဝဒေးတို့လို စာဆိုကြီးဖြစ်မှာ"ဟု ပြုံးရယ်ကာ ပြောလေ့ရှိသည်။ သည်ကဗျာတွင်ကား ငြိမ်နေ၏။ ဆယ်တန်းရောက်သောနှစ်။

"ဘာဖြစ်လို့လဲ၊ မကောင်းဘူးလား......."ဟု ဗညားမော်က ငြိမ်နေသော ဗလအား မေးလိုက်သည်။

"ငါ......တွေးနေတယ်ကွ......."

"ဘာလဲ....မင်းက...."

"ငါ့စိတ်ထဲမှာ သံသယဖြစ်နေတယ်ကွ"

"ပြောမှာသာ ပြောစမ်းပါ၊ မင်းကလဲ ကြီးကြီးကျယ်ကျယ်"

"မင်းကဗျာထဲက တချို့အပိုဒ်တွေက နတ်ရှင်နောင်ထဲက စကားလုံးတွေကွ...."

"ဟင်...."

ဗညားမော်မှာ ထိတ်လန့်သွားသည်။ သူ့ကဗျာကို ဘယ်တုန်းကမှ သည်လိုမထင်။ သူ့ဖာသာသူ ရေးတာဘဲ။ နတ်ရှင်နောင် မဖတ်တာပင် တော်တော်ကြာသွားပြီ။ နတ်ရှင်နောင်ရတုတွေ အလွတ်နီးနီးလောက် သိနေ၍ ထပ်၍ပင် မဖတ်ချင်တော့ပြီ။

တကယ်တော့ စန္ဒယားရကတည်းက ဘယ်ကဗျာမှ ဖတ်ချိန်မရတော့။ ဗလ ဘယ့်နှယ့် ပြောလိုက်ပါလိမ့်။ ဗညားမော်မှာ ရင်ဖိုနေသည်။

"နတ်ရှင်နောင် 'အနုမြသွင်' လို့ ရေးထားတယ်၊ မင်းက 'အနုလှသွင်' တဲ့၊ ငါက နတ်ရှင်နောင်ကို မင်းလောက် ဖတ်ဘူးတာ မဟုတ်ပါဘူး၊ နည်းနည်းပါးပါးပါ၊ နည်းလို့လဲ မှတ်မိနေတာ...."

"ငါတော့ နတ်ရှင်နောင် မဖတ်တာ တော်တော့်ကို ကြာပြီ၊ စန္ဒယားအိမ်ရောက်ကတဲက ဖတ်ကို မဖတ်အားဘူး၊ စန္ဒယားကျင့်နေတာနဲ့......"

ဗညားမော်မှာ ရုတ်တရက် မမြော်လင့်ဘဲ ချော်လဲကျသွားသလို ခံစားနေရသည်။ ထိတ်လန့် တုန်လှုပ်နေသည်။

"သူ့အတိုင်းတော့ မဟုတ်ဘူးပေါ့၊ ခပ်ဆင်ဆင် ပြောတာပါ...."

ဗလက ဗညားမော် ခံစားနေသည်ကို သတိထားမိလိုက်သည်။

ထိုညက ဗညားမော်သည် တော်တော်နှင့် အိပ်မပျော်။ တွေးစရာတွေ တပုံကြီး ရောက်နေသည်။ ဗလ၏စကားသည် သူ့စိတ်ကို ထိခိုက်သွားသည်။ ဘယ့်နှယ့်ကြောင့် 'အနုလှသွင်' ဟု ရေးမိပါလိမ့်။ နတ်ရှင်နောင် ကဗျာကို လှန်ကြည့်မိသည်။ ဟုတ်သည်။ ဗလပြောသော 'အနုမြသွင်' ကို သွားတွေ့သည်။ သူ့ဖာသာ သူလည်း အံ့သြနေတော့သည်။ ဘယ်လိုများ ဖြစ်သွားပါလိမ့်။ အများက သူ့ကို ခိုးချတာဟု ပြောကြပေလိမ့်မည်။ သူရေးသော စကားလုံးများမှာ သူ့ခေါင်းထဲက ပေါ်လာသော စာလုံးများ ဖြစ်သည်ကိုတော့ သူ အသေအချာသိသည်။ သူဖတ်သည်မှာ နတ်ရှင်နောင်သာမဟုတ်။ နဝဒေး၊ ရှင်ဥတ္တမကျော်၊ ရှင်မဟာရဋ္ဌသာရ၊ ရှင်မဟာသီလဝံသ၊ ဦးရွှန်း၊ စိန္တကျော်သူ၊ အကုန်။ တွေ့သမျှ အကုန်ဖတ်ခဲ့သည်။ အခေါက်ပေါင်း များစွာ၊ ထပ်ကာ ထပ်ကာ။ ကာရန်များကို နှစ်သက်နေမိသည်။ဖတ်သည့်အထဲတွင် နတ်ရှင်နောင်ကို သူအစွဲလမ်းဆုံး။ ဆရာတော် ဦးပဏ္ဍိတထံက တက်ခဲ့သော ဆန်းအလင်္ကာကျမ်းများနှင့် ညီသော စာများသာဖြစ်သည်။ သူက ပန်းချီရေးလျှင် တောတောင်၊ မြစ်ချောင်း၊ သစ်ပင်၊ ပန်းပင် စသော ရှုမျှော်ခင်းများကိုအရေးများသည်။ သူ ပန်းချီရေးသော ရှုမျှော်ခင်းနှင့် သူဖတ်သော တောတောင်ရေမြေဘွဲ့နှင့် ဟပ်နေ၍ ပိုသဘောကျကာ ဖတ်၍မဝတော့။

သူက ကဗျာတွေရေးနေတာ အလကားပါဘဲ။ သူသည် ထိတ်လန့်သောစိတ်၊ စိတ်ပျက် အားလျော့သော စိတ်၊ ရှုပ်ထွေးသော စိတ် တို့ဖြင့် အိပ်၍မပျော်။ ဘာကြောင့် 'အနုလှသွင်' ဟု ရေးမိပါလိမ့် ဟူသော မေးခွန်းပုစ္ဆာကို သူမဖြေနိုင်။ သူမသိတာတွေက များ၍သာ နေပါကလား။ နောက် သူ ကဗျာကို မရေးလျှင် ကောင်းမလား။ သူသည် အားငယ်သော စိတ်ဖြင့် အိပ်ရာထကာ ဆင်ဝင်တံခါးကို ဖွင့်လိုက်သည်။ တံခါးဖွင့်လိုက်သဖြင့် ဖန်ပုတီးစေ့များက လက်ဖြင့် ထိခတ်သွားမိပြီး အသံမြည်သွားသည်။ တအိမ်လုံးကား တိတ်ဆိတ်လျက်။ စိမ်းစိမ်းအိပ်ခန်းမှ လက်ကောက်ချင်း ထိသံပင် မကြားရတော့။

အပြင်ဘက်၌ကား လ,ပြည့်ဝန်း။ စိမ်းသော လ,ပြည့်ဝန်း။ သည်ညမှ စိမ်းလဲ့လဲ့။ တိမ်သားများလုံး အစိမ်းနှင့် ငွေရောင် ရောစပ်ထားသည်။ ငွေရောင်စစ်စစ်ပင် မဟုတ်တော့ပြီ။ မြ,ဖန်သားရိပ်။ အတွင်းက ငွေရောင် ခံထားသော်လည်း အစိမ်းလဲ့လဲ့။ လ,အပေါ်က တထပ်ဇာစ လွှမ်းထားသည်။ စိမ်းသောည။ စိမ်းသော လ,ပြည့်ဝန်း။ လ,စိမ်းက သူ့အားစိမ်းစိမ်းပင် ကြည့်နေသည်။ ခါတိုင်းလောက် လ,ရောင်ကြောင့် ရင်မခုန်တော့။ သူ ပန်းချီရေးသော လ,စိမ်းက သူခံစားသော အစိမ်း။ ဒါ သူမှန်သည်။ စိမ်းစိမ်းက အဖြူပြောသော်လည်း သူ့လ,စိမ်းက မှန်သည်။ ယခု သူရေးခဲ့သော ကဗျာကား..........။

ပန်းချီဘဲ ဆွဲတော့မယ်။ စန္ဒယားဘဲတီးတော့မယ်။ ကဗျာက အလကား။ ဒါဖြင့် ဘာဖြစ်လို့ ကဗျာတွေ ရေးမိပါလိမ့်။

အတန်းထဲတွင် ဆရာမ စန်းစန်းနုပြောသော စကားကို သွားသတိရလိုက်သည်။ ဆရာမမှာ ကျောင်းသားများကို ကျကျနန သင်ပြသူဖြစ်သည်။ နားလည်အောင်လည်း ပြောတတ်သည်။ စန်းစန်းနုက မင်းတို့ ကိုယ့်ကိုယ်ကို မလိမ်နဲ့တဲ့။ ကိုယ့်ကိုယ်ကိုလိမ်ရင် ဘယ်တော့မှ မတိုးတက်ဖူး၊ မှတ်ထားတဲ့။ မသိတာရှိရင်မေး၊ သိသလိုလို လုပ်ပြီးတော့ ကိုယ့်ကိုယ်ကို မလိမ်နဲ့။ ကိုယ့်ကိုယ်ကို မလိမ်နဲ့.......။ ပဲ့တင်သံများသည် လ,ရောင်စိမ်းထဲမှ သူ့ထံသို့ ပြန့်လွင့်ပါလာသည်။ ညင့်ကလေးတကောင် အိပ်မက်ဆိုးမက်ပြီး လန့်ထအော်လိုက်သည်။ စန်းစန်းနု၏ ပဲ့တင်သံကမစဲ။ လေတိုက်သဖြင့် ဖန်ပုတီးစေ့များ တချွင်ချွင် ရိုက်နေကြသည်။ ဖန်ပုတီးစေ့များ ရိုက်သံကြားထဲမှ ပဲ့တင်သံသည် ကြားဖြတ်ပေါ်နေပြန်၏။

ဟုတ်တယ်.........။ ကိုယ့်ကိုယ်ကို မလိမ်နဲ့။ မရေးတတ်တာ မရေးနဲ့။ နောက် ကဗျာစာအုပ်တွေ မဖတ်နဲ့တော့။ သူသည် နတ်ရှင်နောင် ကဗျာစာအုပ်ကို သွားမဲလိုက်သည်။ ကဗျာစာအုပ်ဆိုရင် ဘာမှ မဖတ်နဲ့တော့။ ကဗျာလဲ မရေးတာ အကောင်းဆုံး......။ ဗလပြောတာ ဟုတ်တယ်။

လ,ရောင်စိမ်းလဲ့ကို ကျောပေး၍ မျက်စိမှိတ် ချလိုက်သည်။ စောင်ကို ခေါင်းမြီးခြုံလိုက်သည်။ သူ့ကို ချောက်လှန့်သော ချောက်အိပ်မက်။ ထမင်းလုံးတစ္ဆေကား နတ်ရှင်နောင်၊ နဝဒေး၊ ရှင်မဟာရဋ္ဌသာရ၊ နတ်ရှင်နောင် သံခမောက်သည် သူ့ခါးကို လာတိုက်၏။ နဝဒေး၏ဓါးက ရှနေပြန်၏။ သက်န်းစကြီးသည် သူ့ကို လှည့်ပတ်ရစ်ဝဲကာ ရိုက်နေ၏။ တစ္ဆေတွေ..... တစ္ဆေတွေ။ နီးတဝက်တွင် သူသည် ချွေးတွေပြန်နေ၏။ ခေါင်းအုံးပင် ရွှဲနေ၏။ အိပ်မက်တခု ပြောင်းသွားပြန်၏။ အိပ်မက်များကို ကြက်တွန်သံက ပုဒ်ဖြတ်ပေးနေကြသည်။ သူသည် တဖက်လှည့်ရာမှ ပက်လက်လှန်လိုက်သည်။ သည်တခါမူ မွန်းကျပ်၍ လာ၏။ စာအုပ်ပုံကြီးသည် ပြိုလဲကျကာ သူ့အပေါ်ရောက်လာသည်။ လေးသဖြင့် မထနိုင်တော့။ အသက်ရှုကျပ်လာ၏။ ပိုးဟပ်နံ့၊ ရေနံနံ့ ရောလာ၏။ ပုရပိုက်များ၊ ဇာတာ အဟောင်းများ၊ ကမ္မဝါများ၊ ပေရွက်များ၊ ရွှေဇဝါသားရေဖုံး စာအုပ်ထူကြီးများ ဖိ၍.........အင်..........။

"ဟဲ့..... မောင်လေး၊ အိပ်လှချေကလား"

စိမ်းစိမ်းအသံကြောင့် လန့်နိုးသွားသည်။ သူ့ဗိုက်ပေါ်၌ သက္ကလပ်စောင် အလေးကြီးက ပိကာ နှာခေါင်းကို ပိတ်ထားသည်။ နေရောင်ကြောင့် တခန်းလုံး လင်းနေသည်။ ဖန်ပုတီးစေ့ချင်း ရိုက်သံများ ကြားလာရသည်။ သို့သော် သူ့စိတ်သည် ကြည်လင်နေသည်။ သူ ကဗျာမရေးတော့၊ မဖတ်တော့။

ဟော........ယခု သဇင်နံ့များကြောင့် စိတ်က ကြည်လင်လာပြန်သည်။ ယခု သူ ထိတွေ့နေရသည်ကား၊ စာအုပ်တွေထဲက သဇင်စာလုံးမဟုတ်။ တကယ့် သဇင်၊ တကယ့်ရုပ်ပုံ။ အဖြူရွရွကလေးများမှာ နှင်းကို ပုံတူ ကိုယ်စားပြုနေသည် မဟုတ်လား။ သူမမြင်ဘူးသော စိမ့်ကြီးမြိုင်ကြီးထဲက မြေနှင့်ရန်ဘက် သဇင်မဟုတ်။ ငွေပန်းအိုးထဲမှ သဇင်။ စိမ်းစိမ်း၏ခေါင်းက သဇင်။ ဘုရားစင် ဗုဒ္ဓရုပ်ပွားတော် ဘေးက သဇင်။ သည်သဇင်များကို ဘယ်လို ဆက်စပ်စည်းရုံးပေးရပါလိမ့်။

သူသည် ပုစ္ဆာကို မရှင်းနိုင်။ သူကိုယ်တိုင်မြင်ရသော၊ ထိတွေ့ရသော၊ ထုံယစ်မွှေးမြသော သည် သဇင်ကို ဘယ်လို စာလုံးအဖြစ်၊ ကဗျာအဖြစ် ဘာသာပြန်ပေးရပါ့မလဲ။ သူသည် တင်းကြပ်ပြည့်သိပ်နေသော ဝေဒနာဖြင့် စန္ဒယားခလုတ်များကိုသာ တီးခတ်နေသည်။ သဇင်ရနံ့ကား ထုံယစ်လျက်။

## အခန်း (၂၈)

တပေါင်းလပြည့်ဝန်းသည် ဝဲမြစ်ထဲ၌ မျောနေသည်။ ဝဲမြစ်ကား ခရမ်းပြာရင့်။ မြစ်ထဲက လသည်လည်း ခရမ်းပြာ။ မိုန်ရိပ်ပြာ လှိုင်းထသောအခါ လဝန်းသည် တွန့်ယုက်သွားသည်။ ရေငြိမ်သွားသောအခါ ပြန်၍ ဝိုင်းပြည့်လာသည်။

တဖက်ကမ်းရှိ ရွှေမုဋ္ဌောဘုရားဆီမှ ဆိုင်းသံ. ပုံသံများကို ကြားနေရသည်။ ဗညားမော်သည် သမ္ဘန်ကမ်းက ခွာကတည်းက ရေထဲက 'လ' ကိုသာ ငေးကြည့်နေမိသည်။ ခင်ထားလှိုင်နှင့် ခင်ထားခိုင် ညီအမက လှေ၏အလယ်မှ။ သူက လှေဦးက။ မြစ်ပြင်ဖြတ်၍ တိုက်ခတ်လာသော ဆောင်းအယွန်း လေမှာ အေးမြလျက်ပင် ရှိသည်။ ခင်ထားလှိုင် ဒီညှ ခရမ်းအပြာကို ဆင်ယင်ထားသည်။ ဆွယ်တာ နက်ပြာကလေးကို ရုံထားသည်။ ခင်ထားခိုင် ကတော့ ဇာပါးပါး ခပ်ရှည်ရှည် လက်ပွပွအင်္ကျီကို အပေါ်မှ ထပ်ဝတ်ထားသည်။ စိမ်းလဲ့လဲ့။

အမှန်အားဖြင့် ဒီည ရွှေမုဋ္ဌောသို့ လာရန် အစီအစဉ်မရှိ။ ဆယ်တန်းစာမေးပွဲ နီးနေပြီဖြစ်၍ အိမ်တွင် စာကြည့်ရန် ကျောင်းပိတ်ထားလိုက်သည်။ သို့သော် ညဘက် အင်္ဂလိပ်ဆရာနှင့် သင်္ချာဆရာက အိမ်တွင် ခေါ်သင်ပေးသည်။ အထူးသင်တန်းသဘော။ ဆယ်တန်းတွင် ကျောင်းသားက သိပ်များသည်မဟုတ်။ ဗလ၊ ခင်ထားလှိုင်၊ ဗညားမော်နှင့် ဘစန်း။ စန်းစန်းနက အင်္ဂလိပ်စာ သင်ပေးသည်။

ဆရာများက တပည့်လုပ်သူများ အောင်စေချင်၍ ညဘက်တမင်ကလာ သင်ပေးခြင်း ဖြစ်သည်။ ကျောင်းသားများ တက်ချင်အောင် အစားအသောက်ပါ စီစဉ်ပေးသည်။

ဆရာမ စန်းစန်းနုမှာ ရာဇဝင်နှင့် အင်္ဂလိပ်စာ သင်သော ဆရာမဖြစ်သည်။ သင်္ချာ ဆရာကတော့ မောင်မောင်သန်း။ ညဘက်လာလျှင် ဆရာများက အစားအသောက် တခုခု လုပ်ပေးထားတတ်သည်။ တညတမျိုး။ ဆရာမောင်မောင်သန်းက လူပျိုမို့ ဆိုင်က ဝယ်ထားရသည်။ တရုတ်ဆိုင်၊ ကုလားဆိုင်က။ ခေါက်ဆွဲကြော်၊ ကြာဇံကြော်၊ ပလာတာ၊ ဖာလူဒါ။ တညတမျိုး မထပ်ရအောင် ဝယ်ထားရသည်။ ၈-နာရီ၊ ၉-နာရီလောက် ပြီးတတ်သည်။

သင်ပြီးလျှင်ကျွေးသည်။ ဆရာမ စန်းစန်းနုကတော့ သူ့မိဘများနှင့်နေ၍ အိမ်မှာ တခုခု စီစဉ်ပေးတတ်သည်။ ဆရာမောင်မောင်သန်းနှင့်ကားမတူ။ လက်ဖက်ရည်၊ ကော်ဖီ၊ ကိတ်မုန့်၊ လက်ဖက်သုတ်၊ ဆီထမင်းနှင့် အမဲသားနှပ်၊ သာကူပြင်၊ မုန့်လုံးကြီး အုန်းနို့ဆမ်း။

ဒီည စန်းစန်းနုမှာ အသံဝင်နေ၍ မသင်နိုင်တော့။ သို့သော် ကျောင်းသားများကိုကား၊ လုပ်ထားသော အစားအစာများကို ကျွေးသည်။ အိုဘယ်တင်းနှင့် ရွှေချီ။

စာမေးပွဲက မတ်လ။ ရှေ့လဖြစ်၍ တလလောက်သာ လိုတော့သည်။ ဒီည ဗလလည်း မလာနိုင်။ သူ့ဦးလေးတယောက်၏ အသုဘအိမ် ရောက်နေ၍ ခွင့်တိုင်လိုက်သည်။ သခင် ခင်အောင်ကလည်း ရန်ကုန်သွားနေသည်။

ယခုတလော သခင် ခင်အောင်မှာ ဒို့ဗမာ အစည်းအရုံးကိစ္စများနှင့် သိပ်ပင် မအား။ ဒို့ဗမာအစည်းအရုံးမှာ သွေးသစ်လောင်းကာ အားယူနေဆဲဖြစ်သည်။ အမှုဆောင်သစ်များ ထပ်ထည့်သည်။ အသင်းစာရေးတယောက်ပင် ငှားထားသည်။ နစ်ကြေးများ ကောက်ပေးရသည်။ ရာမည မြို့ပေါ်တွင်မက တောများသို့ပင် ဆင်း၍ စည်းရုံးနေသည်။ ယခုလည်း ဌာနချုပ်ကိစ္စနှင့် ရန်ကုန်သွားနေသည်။ သခင် ခင်အောင် အိမ်တွင် မရှိ၍ ရုတ်တရက် ဆုံးသွားသော ဦးလေးတယောက်အိမ်သို့ ဗလက သွားနေရသည်။

ဆရာမ စန်းစန်းနု အိမ်ကထွက်သောအခါ ခင်ထားခိုင်က "ကိုကို...... ခိုင်တို့အိမ် လိုက်ပို့ပေးနော်......" ခင်ထားခိုင်မှာ သူ့အမ ညကျောင်းလာလျှင် အဖော်လိုက်စမြဲ။ ခင်ထားခိုင်ပင် ရှစ်တန်းရောက်နေပြီ။ ဒီနှစ် သိသိသာသာကြီး ထွားလာသည်။ ကျောင်းတက်လျှင် တနေ့ အရောင်တမျိုး ဝတ်လာတတ်သည်။ ဝတ်လိုက်လျှင် အရောင်နုနုကလေးတွေ။ ပန်းရောင်နု၊ စကားဝါနု၊ ဖက်ဖူးရောင်၊ ခရမ်းနု။ မွှေးလည်းလာ၏။ သူ့အနားကပ်လာလျှင် ဗညားမော်ပင် ရင်ဖိုနေရသည်။ သို့သော် သူ့မျက်စိအောက်က ကြီးလာသော ကောင်မလေး။ ခါတိုင်းမူ ခင်ထားလှိုင်တို့ ညီအမကို ဗလနှင့် ဗညားမော် လိုက်ပို့မြဲ။ ဒီည ဗလ မလာ၍ ဗညားမော် တယောက်တည်း။ သူတို့သည် ကမ်းနားလမ်းက လမ်းလျှောက်လာကြသည်။ ဆရာမ စန်းစန်းနု အိမ်ပေါ်မှနေ၍ " ကောင်းကောင်းသွားကြနော်" ဟု လှမ်း၍ ပြောလိုက်လေသည်။ အသံဝင်နေသဖြင့် ကောင်းကောင်းမပီ။ ပြောပြီး သူ့ဖာသာသူ ရယ်နေ၏။

"ဟုတ်ကဲ့ပါ....ဆရာမ"

"ဗညားမော်က အိမ်အထိ လိုက်ပို့ပေးလိုက်ပါကွယ်........"

လမ်းကလေးကား အရင်လမ်း မဟုတ်တော့။ လ, ရောင်လမ်း။ သိပ်သည်းသော၊ အုတ်ဝေနက်မှောင်သော သစ်ပင်ရိပ်များပင် မင်းမမူနိုင်တော့။ အမှောင်ရိပ်များ ထိုးကျနေသော်လည်း လ,ရောင်က အားလုံးကို လွှမ်းမိုးထားသည်။ ဖန်ရိပ်ကောင်းကင်တပြင်လုံး လ,ရောင်က ပြည့်လျှမ်းနေသည်။ အမှောင်ရိပ်များ သန်းနေသော်လည်း ခရမ်းပြာငွေသားက အနားကွပ်ထားသည်။ ဘယ်နေရာကြည့်ကြည့် လရောင်နှင့်မလွတ်။ လရောင်ကသာ နိုင်နေ၏။ ဓာတ်မီးတိုင်များမှာ ပိုးစိမ်းဖြူလောက်မျှသာ လက်နိုင်တော့၏။ ဘာတန်ခိုးမျှ မရှိ။ သိပ်သည်းသော သစ်ပင် သစ်ရွက် သစ်ခက်များ။ နည်းနည်းလေး ဟ,လာသော အရွက်ကြိုအရွက်ကြားမှ လရောင်သည် စီးယိုစိမ့်ကျကာ မြေပြင်သို့ လရောင်အမျှင်တန်း ဖြာကျဆင်းနေ၏။

"ကိုကိုလဲ.....ခိုင်တို့ဆီ စန္ဒယား လာမတီးတော့ဘူးလား....."

ဗညားမော်က ခင်ထားခိုင်ကို ပြုံး၍ ကြည့်နေမိသည်။ လ,ရောင်ပတ်ဝန်းကျင်ကြောင့် ဗညားမော်မှာ ကြည်လင်လန်းဆန်းကာ အလိုလို အကြည်ဓာတ်ရိုက်ခတ်၍ ပြုံးနေမိသည်။ ခင်ထားခိုင်လည်း ပျော်နေသည်။ သူမအသံကလေးမှာ လွင်နေ၏။ ခါတိုင်းနှင့်ပင်မတူ။

"အေးကွ......."

"ဘာအေးကွလဲ၊ ကိုကိုက အိမ်မှာ စန္ဒယားရှိနေတာကိုး။ အရင်တုန်းကသာ ခိုင်တို့ဆီလာတာ၊ အခုတော့ ဘယ်လာတော့မလဲ"

ဗညားမော် ဘာမျှ ပြန်မပြောနိုင်။ ရယ်မော၍သာနေ၏။

"ဟဲ့...မိအေမီ၊ ဘာတွေပြောနေတာလဲ"

"ဟုတ်သားဘဲ၊ မမက....ဘာဖြစ်လဲ....."

သစ်ပင်ရိပ်များကို ကျော်လာ၍ သူတို့အားလုံးသည် လ,ရောင်၌ ရွှန်းလဲ့နေကြ၏။ အဆင်အပြင်အားလုံး လ,ရိပ်ပြေးနေ၏။ ခင်ထားခိုင်၏ အသံပင် ခါးတိုင်းထက် သာယာနေ၏။ အသံသြသြကလေးပင် ပြေလာ၏။ လ,ရောင်၏ ရိုက်ခတ်မှုကြောင့် အသံဗလံများ အားလုံး လ,ရောင်ထဲ စီးဝင်နေကြ၏။

ခင်ထားခိုင်၏ နှုတ်မှ စိတ်ကောက်ဟန်စကား ပြောသော်လည်း၊ အမူအရာက ကြည်လင်နေ၏။ မျက်လုံးတွင် ပြုံးရိပ်ပင် ဝင်နေ၏။ ခင်ထားလှိုင်ကား မပြောနှင့်တော့။ သူတို့နှစ်ယောက် စကားပြောနေသည်ကို၊ မောင်နှမနှစ်ယောက် စကားများနေသည်ကို အမကြီးက ကျေနပ်နေသည့်ဟန်မျိုး။ တကယ်ကလည်း သူမက ဗညားမော်ထက် နှစ်နှစ်လောက်ကြီးသည် မဟုတ်လား။

"လာမှာပေါ့၊ ကျောင်းပိတ်ရင် လာမှာပေါ့၊ ခုတော့....... စာမေးပွဲက ရှိသေးတာကိုး......"

"တော်ပါ......"

"တကယ်ပါကွ......"

"ဟုတ်တယ်... မမတို့ စာကျက်နေရတာ"

"အမယ်..... မမက ကိုကို့ဘက်က....."

"ဟဲ့...... မိအေမီ....."

ထို့နောက် အားလုံး ရယ်မောလိုက်ကြသည်။ လ,ရောင်ကြောင့် ကြည်လင်ရွှင်ပျနေကြသည်။ ဗညားမော်ပင် ခါတိုင်းနှင့်မတူ။ သွက်နေ၏။ ပြောင်းလဲနေ၏။

လ,ရောင်ကြောင့် အားလုံးပြောင်းနေသည်။ ညသာ မဟုတ်။ ကြည့်ပါလား၊ သူ့ခံစားမှုထဲတွင် အမြဲတမ်း စိမ်းနေသောလ၊ စိမ်းနေသော ညသည်ပင်လျှင် ဒီည ခရမ်းပြာ ဖြစ်နေပြီကော။ သူ့ခံစားမှုများပင် ပြောင်းနေပြီလား။ ဒါမှမဟုတ်။ လ,နှင့် ညသည်ပင် ပြောင်းသွားပြီလား။ တခုခုတော့ တခုခု။ သူတို့သည် ကမ်းနားလမ်းသို့ ချိုးလိုက်ကြသည်။

"ဟာ....သိပ်လှတာဘဲ..."

"အေး.....ဟယ်"

ညီအမနှစ်ယောက်စလုံး အလှကို ထိတွေ့လိုက်ကြသည်။ ငုံမြစ်ကြီးကား သူတို့ရှေ့၌ ဘာအဆင်အယင် အဖုံးအကွယ်မျှ မရှိ၊ ပကတိ ရေသူမအလှဖြင့် လဲလျောင်းနေသည်။ လှိုင်းကလေးများမှာ ရွှရွှကြွကြွကလေး နေရုံမျှသာ။ ရေသားပြင်ကို အပြောက်အမွမ်းခြယ်သရုံမျှသာ။ ကျောက်မျက်ရတနာများ ခရမ်းရောင်ရေသူမ ကိုယ်ပေါ်၌ ပါးပါးလျလျ မှုင်မှုင်မွမွကလေးများ စီကပ်ထားသည်။ ဗညားမော်က ရေပြင်ကြီးကို တပ်မက်သော ရာဂရသ,ဖြင့် ခံစားနေမိသည်။ ရေပြင်ကြီးက သူ့ကို မြူလိုက်သည်။ ရေပြင်ကြီးကို သူ... ချစ်ကြိုက်နေပေပြီ။

"ဖဲပြားအပြာလေး ကျနေတာဘဲနော်......၊ ခေါင်းစည်းရရင် ကောင်းမှာ"ဟု ခင်ထားခိုင်က အပျိုပေါက် စိတ်ကူးဖြင့် ပြောလိုက်သည်။

"လှိုင်တော့ ပိုးဇာကလေးလုပ်၊ ချုပ်ဝတ်ချင်လိုက်တာ...."

"မမကလဲ......"

ထို့နောက် သူတို့သည် ရယ်မောလိုက်ကြသည်။ ကိုယ့်ခံစားမှုနှင့်ကိုယ်၊ ကိုယ့်အမြင်နှင့်ကိုယ်။ ငုံမြစ်ကြီး၏အလှ၊ လ,ရောင်အလှ၏ကျော့ကွင်း၌ သူတို့အားလုံး မိနေကြလေပြီ။ သူတို့သည် ကမ်းနားလမ်းထိပ်၌ ရပ်ကာ ကြည့်နေမိကြသည်။ ဒီည အိမ်ဖတ်ဖို့ ဆရာမ စန်းစန်းနကလည်း ဘာကျက်စာမျှ မပေးလိုက်၍ စိတ်လွတ်လပ်နေသည်။ ရပ်နေရင်းက အားလုံး ငြိမ်သက်သွားကြသည်။ စကားပင် မပြောနိုင်ကြ။ တယောက်လျှင် အာရုံတမျိုးစီ။ ညလ, ရောင်က သူတို့ကို ညှို့ဖမ်းထားသည်။ တဖက်ကမ်းမှ လင်းကွင်းသံ၊ ပတ်မသံများ သဲ့သဲ့မျှ ထွက်ပေါ်လာသည်။

"ဒီည တပေါင်းလ,ပြည့်နော်........မမ....."

"မသိပါဘူးဟယ်.....ဘာလုပ်မလို့လဲ........"

"လ,ပြည့်ဆိုရင် ရွှေမုဋ္ဌောဘုရားပွဲရှိတာပေါ့........"

ခိုင်ထားခိုင်၏အသံသည် ပျော်မြူးသောလေသံဖြင့် ကျယ်လာ၏။ ဟုတ်သားဘဲ။ ဘုရားပွဲရှိတာပေါ့။

"ဟုတ်တယ်.........ဒီနေ့ တပေါင်းလ,ပြည့်နေ့......."

"ဒါဖြင့် ခိုင်တို့ ဘုရားပွဲသွားရအောင်၊ လိုက်ပို့နော်......."

ခင်ထားခိုင်က ဗညားမော်၏လက်ကို ကိုင်လှုပ်ကာ ပြောလိုက်သည်။ အမှန်က အားလုံးပင် မြစ်ထဲဆင်းချင်ကြသည်။ ဗညားမော်က နီလာရေပြင်ကို ပွေ့ဖက်ထိနမ်းချင်နေသည်။ ခင်ထားလှိုင်က လှေစီးချင်နေသည်။ အငယ်ဆုံး၊ အရိုးဆုံး ခင်ထားခိုင်ကမူ စိတ်ထဲရှိတာ ပြောချလိုက်ခြင်းဖြစ်သည်။ ဘာမျှ အိန္ဒြေမဆောင်၊ ဘာမျှတွေးမနေ။

ခင်ထားလှိုင်က ဘာမျှပြန်မပြော။ သို့သော်-သူ့စိတ်ထဲကလည်း သွားချင်နေသည်။ အိမ်က သိရင် ဘယ့်နှယ့်လုပ်မလဲ။ စာမေးပွဲနီးလို့ ဖြစ်ပါ့မလား။

"ဟုတ်တယ်.....လိုက်ပို့ သွားမယ်......"

လှိုင်းသံများ သဲ့သဲ့မျှထွက်ပေါ်လာသည်။ သူတို့သည် ရပ်နေရာမှ ကမ်းနားလမ်းတလျှောက် ဆက်လျှောက်လာကြသည်။

ခင်ထားလှိုင် တွေနေသည်ကို ခင်ထားခိုင်က သိလိုက်သည်။

"ဘာဖြစ်လဲ........မမ၊ သွားရအောင်၊ ကိုကိုလဲ ပါသားဘဲဟာ၊ ပျော်ပျော်ပါးပါးပေါ့........."

အမျိုးသမီးကလေးများ၏ ရှေ့ဆောင်မှုဖြင့် ဗညားမော်လည်း ပါသွားတော့သည်။ ပထမတော့ ခင်ထားခိုင်အကြံကို သူကလည်း သဘောတူသည်။ ပျော်ပျော်ပါးပါးပေါ့။ ဟုတ်သားဘဲ။ ခိုင်ထားခိုင်ပြောသလို။ လှေဆိပ်ရောက်သောအခါ ငုံမြစ်နှင့် သံတပွတ်ချောင်းအကွေ့ ထောင့်စွန်းရှိ ရွှေမုဋ္ဌောစေတီကို မြင်လာရတော့သည်။ ရွှေမုဋ္ဌောမှထွန်းညှိထားသော မီးပွင့်တို့သာ ည၏ ခရမ်းရောင်ကို ဆန့်ကျင်ဘက်ပြုကာ ဖျက်ဆီးနေသည်။ အပြာရိပ်ထဲ၌ အဝါရောင်။ မြစ်တပြင်လုံး သမ္ဗန်များ၊ လှေကလေးများဖြင့် လှုပ်ရှားသွားလာနေကြသည်။ ဓာတ်မီးရောင်များမှာ ထောင့်စွန်းတနေရာ၌သာ စွန်းထင်နေနိုင်တော့သည်။ ကောင်းကင်နှင့်ရေပြင်က မြင်ကွင်းအားလုံးကို လွှမ်းထားလိုက်သည်။ အပြာရင့်ရောင်၊ ခရမ်းရောင်အင်အားကြောင့် အဝါပင် မှုန်ဝါးသွားတော့သည်။

ဗညားမော်ကတော့ ပြောင်းလဲလာသော သူ့ခံစားမှုကို အံ့သြနေသည်။ ခါတိုင်းလို လ,သည် ဘာဖြစ်လို့ မစိမ်းတော့ပါလိမ့်။ နေဝင်ဆည်းဆာတုန်းက ပန်းနုရောင်များ သန်းနေခဲ့သည်။ ထို့နောက် မသိမသာ ညရိပ်တို့ ဝင်လာသည်။ ညရိပ်နှင့်အတူ လ,ရောင်လည်း မသိမသာပါလာသည်။ အပြာရိပ်၊ အနက်ရိပ်များထဲသို့ ပန်းနုရောင် ဝင်ရောက်ကာ၊ ခရမ်းရောင်သို့ ကူးပြောင်းလာသလား။ ပြောင်းတာတော့ အမှန်။

အခုသူသည် ရွှင်လန်းနေသည်။ ခင်ထားလှိုင်နှင့်လည်း စကားကောင်းနေမိသည်။ ညီမလေး ခင်ထားခိုင်ကတော့ မပြောနင့်တော့၊ သမ္ဗန်ပေါ် တက်လိုက်ကတည်းက စကားသွက်လာသည်။ ဆုတောင်းပြည့်သော ရွှေမုဋ္ဌော။ မြစ်ရေပြင်နှင့်မိုးသား ဘယ်သူက ပိုပြာသလဲ။ ပွဲဈေးရောက်ရင် ဇီးကွက်ရုပ်ဝယ်ရမလား။ ခင်ထားမြိုင်ပါရင် ကောင်းမှာ။ ကိုကိုဗညားမော်က သိပ်လိမ်မာတာဘဲကွ။ ဗညားမော်ကား ခင်ထားလှိုင်နှင့် မျက်နှာချင်းဆိုင်ထိုင်လျက်။ ည,လရောင်နှင့် ခင်ထားလှိုင်မှာ တသားတည်း။ ညလရောင်နှင့်

ခင်ထားလှိုင် ဘယ်လိုဆက်စပ်ပြီး ကဗျာရေးစပ်ရမလဲ။ သူ့စိတ်ကူးရိပ်ထဲ၌ သဇင်ဖြူလွှများလည်း ပေါ်လာကြပြန်သည်။ သဇင်ထဲမှ စိမ်းစိမ်းသည် သူ့အား မျက်စောင်းထိုးကြည့်နေသည်။

သမွန်တွေကား ပြည့်နေသည်။ သူတို့သည် လူနည်းနည်းရှင်းသော တံတားမှတက်သည်။

"ကိုကို........လုပ်ပါအုံး၊ အမလေး........"

ခင်ထားခိုင်က တံတားမှအတက် ‌ေလှလှုပ်သွား၍ လှမ်းအော်သည်။ ဗညားမော်က ခင်ထားခိုင်ကို ဆွဲ၍ခေါ်ရသည်။ နောက်ခင်ထားလှိုင်။ ခင်ထားလှိုင်က သူ့ကို လက်လှမ်းလိုက်သည်။ တံတားပေါ် ရောက်သောအခါ........ ညီအမနှစ်ယောက်စလုံး ရယ်မောနေကြသည်။ သူလည်း လိုက်ရယ်သည်။

"ရေထဲကျရင်တော့ အိမ်လဲ မပြန်တော့ဘူး"

"မပြောကောင်း ပြောကောင်း မိအေးမိဟာ......"

"တကယ်ပြောတာ၊ ရေစိုကြီးနဲ့တော့မပြန်ဘူး၊ အဲဒါ- ကိုကိုတို့အိမ် လိုက်ခဲ့မှာဘဲ......"

"ဟဲ့.......ဒီကောင်မလေး........"

"ရေမကူးတတ်ဖူးလား.......''

"လှိုင်လဲ မကူးတတ်ဖူး.......''

သူတို့သည် ရယ်မောလိုက်ကြသည်။

ရွှေမုဋ္ဌောကား လယ်ကွင်းအေး ခြံကြီးအလယ် ကုန်းမြင့်မြင့်ကလေးပေါ်၌ တည်ရှိသည်။ ရှာနှင့်ဝေးသည်။ ဘုရာပရဝုဏ်ဟူ၍ပင် ကျကျနနမရှိ။ လူနေအိမ်ခြေနှင့် ဝေးသည်။ တကယ့်တောထဲက ဘုရား။ ဘုရားပွဲမရှိလျှင် ဘယ်သူမျှ မသွားကြ။ ရှေးဟောင်းဘုရား။ သို့သော်......ဘယ်နှစ်ကတည်ခဲ့သည်ကို ဘယ်သူမျှမသိ။ ဘာအထောက်အထားမျှမရှိ။ ရှေးလူကြီးများကတော့ ကျိုက်ဒေးရုံထက်ပင် စောသည်ဟု ပြောကြသည်။ စေတီကား သိပ်ကြီးလှသည် မဟုတ်။ စေတီရံများကား တချို့ ပျက်ပြိုနေကြပြီ။ ပဲခူး ရွှေမော်ဓောစေတီ၏ အငယ်စားလေးဟု လူကြီးများပြောသံ ကြားဘူးသည်။ ဖြစ်နိုင်သည်ဟု ဗညားမော်က ယုံသည်။ စေတီ၏တည်နေပုံ၊ ပုံပန်းအမျိုးအစား အဆင်အယင်များမှာ ငယ်သည်ကလွဲ၍ ကျနသည်။ သို့သော် ပြုပြင်သူက နည်းနေသည်။ တန်ဆောင်းပင် ကောင်းကောင်းမရှိ။

သူတို့တက်သော တံတားမှနေ၍ ဘုရားကို သစ်ပင်များကြား လှမ်းမြင်ရသည်။ မီးများဖြင့် ထိန်လို့။ ဘုရားပွဲမရှိသော ညများတွင် မှောင်နှင့်မဲမဲ။ ရာမညဘက်က လှမ်းကြည့်လျှင် သစ်ပင်များကြား၌ ပျောက်နေတတ်သည်။ နေ့ခင်းတွင်သာ ထုံးရောင်ဖြူဖြူကို မြင်ရသည်။ သို့သော်....... ဆုတောင်းပြည့်သည်ဟု ဝေးနီးချုပ်စပ် နာမည်ကြီးနေသည်ကား အမှန်။ ဆိုင်းသံ၊ ဗုံသံများ ကြားထဲမှ ဆည်းလည်းသံသည် ပျံ့လွင့်လာသည်။

ခင်ထားလှိုင်က ဘုရားဘက်သွားသောလမ်း အုတ်လှေကားကလေးကို တက်လိုက်သည်။

"မမ......ဘယ်သွားမလို့လဲ......."

"ဘုရားဖူးရအောင်လေ......"

"ပွဲဈေးအရင်သွားရအောင်ပါ၊ မမကလဲ......"

သူတို့သည် ရယ်မောလိုက်ကြသည်။

အမှန်အားဖြင့်-ဘုရားပရဝုဏ်၌ မီးများ ထိန်နေသော်လည်း၊ လူကသိပ်ရှိလှသည် မဟုတ်။ ဝင်လိုက်၊ ထွက်လိုက်။ လူများကြပ်နေသည်ကား ပွဲခင်း။ ခြံအေးရှိ လမ်းကလေးမှ သွားကြသည်။ လမ်းက မကောင်း။ သို့သော် လူများ စည်ကားနေ၏။ ဆိုင်းသံ၊ ဗုံသံများ၏ အသံသည် ပို၍ ဆူညံလာသည်။ ပွဲခင်းမှာ လယ်ကွင်းအစ။ လမ်းတွင် ဗညားမော်က သူကြားဘူးသော ရွှေမုဋ္ဌောဘုရားအကြောင်း ပြောပြသည်။ ဟံသာဝတီ မင်းနေပြည်တော်မှ မင်းသားတော်။ ကောင်လေးက အင်းဝက။ ဘယ်အမျိုးအနွယ်မှန်း မသိ။ နန်းတော်ကြီးက သဘောမတူသဖြင့် သည်အထိ ပြေးလာရင်းက အထိမ်းအမှတ်အဖြစ် စေတီတဆူ တည်ထားခြင်း ဖြစ်သတဲ့။

"သူတို့ ပေါင်းဖြစ်ကြသလား......."

ခင်ထားခိုင်က ရွှေမုဋ္ဌောသမိုင်းကို စိတ်ဝင်စားနေ၏။

"အဲဒါတော့ ကိုကိုလဲ အသေအချာ မသိဘူး၊ ပေါင်းဖြစ်တယ်ထင်တယ်၊ ဒါကြောင့်.......ဆုတောင်းပြည့်လို့ခေါ်တာဖြစ်မှာပေ့ါ......"

ခင်ထားခိုင်က ရယ်မောနေ၏။

"မပေါင်းဖြစ်လို့ ဆုတောင်းပြီး ဆုတောင်းပြည့်ဘုရားလို့ ခေါ်တာလဲ ဖြစ်နိုင်တာဘဲနော်.....ဗညားမော်......"

ခင်ထားလှိုင်၏ အမေးကို ဗညားမော်သည် အဖြေမပေးတတ်။ ဝိုးတိုးဝါးတား ကြားဘူးသမျှ ပြန်ပြောပြခြင်းသာ ဖြစ်သည်။

လယ်ကွင်းဘက် အထွက်တွင်ကား လမ်းကျဉ်း၍ လူတွေက ကြပ်လာ၏။ ခင်ထားခိုင်မှာ ဗညားမော်၏ လက်ကိုချိတ်ကာ လိုက်လာရသည်။ ခင်ထားလှိုင်က နောက်မှ ဗညားမော်၏ ပခုံးကို ကိုင်လာသည်။ လူတွေက နောက်မှ တိုးလာ၏။ သူတို့ကား စိတ်လွတ် လက်လွတ် ပျော်နေကြသည်။ တခါမျှ သည်လို လွတ်လွတ်လပ်လပ် မသွားဘူးကြ။ အေးစက်သော ဗညားမော်ပင် ရွှင်ပျသွက်လက်လာသည်။ ဗညားမော်၏ စိတ်ထဲ၌ ကဗျာလည်းမရှိ။ လ, ရောင်ညက သူ့စိတ်ကို ပြောင်းလဲလိုက်သည်။ ချောမောလှပသော မြစ်ပြင်ကြီးက သူ့ကို ပြောင်းလဲလိုက်သည်။ တံတားပေါ်မှ တက်လာတုန်းက ရင်ထဲ၌ ဖိုလှိုက်နေမိသည်။ ခါတိုင်း သူက စကားသိပ်မပြော။ ယခုကား...... ပြောချင်နေသည်။ ခင်ထားလှိုင်က နားထောင်သမား ဖြစ်သွားပြီ၊ ခင်ထားခိုင်ကတော့ တွေ့ကရာ ဟိုမေး၊ ဒီမေး။ သူ့လက် လာချိတ်လိုက်၊ ရယ်လိုက်။ သူ့မမအား စ, လိုက်။

လယ်ကွင်းစပ်ရှိ ပွဲခင်းကြီးကား၊ ပွဲကြည့်ပရိသတ်နှင့် အပြည့်။ ကွင်းတဖက်၌ လှည်းတန်းကြီး။ ဈေးတန်းမှာ စည်ကားပြီး၊ ကျိတ်ကျိတ်တိုး။ အသံဗလံများလည်း ဆူညံနေကြသည်။ တောပရိသတ်။ လူတွေက ကောင်လေးတယောက်နှင့် ကောင်မလေးနှစ်ယောက်ကို လှည့်ကြည့် သွားကြ၏။ ကာလသားများထံမှ ထန်းရည်နံ့ ရတတ်၏။ ကာလသားများသည် နဖူးမှနေ၍ လက်ကိုင်ပုဝါအဖြူနှင့် သိုင်းပတ်ထားကြသည်။ သူတို့ သုံးယောက်သည် ပရိသတ်ထဲ မျောပါနေကြ၏။

စိမ်းလဲ့သော၊ ပြာလဲ့သော၊ ခရမ်းရောင်လဲ့သော လပြည့်ဝန်းကြီးသည် ကောင်းကင်မှ သူတို့အား ငုံ့ကြည့်နေသည်။ ဗညားမော်ကား မဝေခွဲနိုင်တော့။ စိမ်းလာလိုက်၊ ပြာလာလိုက်၊ ခရမ်းရောင် ဖြစ်လာလိုက်။ ဘယ့်နှယ်ပါလိမ့်။ ပြောင်းလဲရွေ့လျားနေသော လပြည့်ဝန်း။ ရင်ခုန်နေသော လပြည့်ဝန်း။ စိတ်လှုပ်ရှားနေသော လပြည့်ဝန်း။

ဗညားမော်သည် လပြည့်ဝန်းကို ချစ်မိနေပြီ။ စိမ်းမြကို ချစ်မိနေပြီ။ ပြာလဲ့ကို ချစ်မိနေပြီ။ ခရမ်းရောင်ကို ချစ်မိနေပြီ။ သူ့ကို ပြောင်းလဲစေသော ည။ အားလုံး။ ရေမွှေးနံ့၊ ပေါင်ဒါနံ့၊ ကိုယ်ရနံ့။ အပြန်တွင် ရွှေမုဋ္ဌောရှိ ဂူထွက်တခုရှေ့၌ ခင်ထားလှိုင်က ဖယောင်းတိုင်ဝယ်၍ မီးပူဇော်သည်။ ဗညားမော်နှင့် ခင်ထားခိုင်တို့က ဝိုင်းကူ၍ ဖယောင်းတိုင် ထွန်းပေးကြသည်။ ဂူထဲတွင်ကား ဆင်းတုတော်သည် ချိုမြသော အပြုံးတော်နှင့် သူတို့အားကြည့်နေသည်။

ခင်ထားလှိုင် ဘုရားဝတ်ပြုနေသောအခါ ခင်ထားခိုင်က "မမ....ဘာဆုတောင်းနေတာလဲ၊ အေမီသိပါတယ်၊ ဘာဆုတောင်းနေတယ်ဆိုတာ ဟာ....ဟ"

ခင်ထားလှိုင်မှာ သူမကို ပြန်မပြောအား။ မျက်စိမှိတ်၍ ပါးစပ်က လှုပ်လျက်။

"ကိုကိုကော ဘာဆုတောင်းလဲ......ပြောစမ်း၊ ခိုင်သိပါတယ်၊ ပြောရမလား"

ဗညားမော်က လက်သီးဆုပ်ပြစဉ် ခင်ထားလှိုင်ဘုရားရှိခိုးရာမှ ထလာသည်။

"အေမီ သိပ်ဆိုးနေတယ်ကွာ... ဘုရားတောင် ဖြောင့်အောင် ရှိမခိုးရဘူး"

"အမယ်......ကိုယ့်ဖာသာ ခိုးပါလားရှင်၊ အေမီတော့ ဘုရားရှိခိုးလဲ မရဘူး၊ ဆုလဲ မတောင်းဘူး၊ တောင်းစရာလဲ မရှိပေါင်"

"တော်စမ်း.......ဒီကောင်မလေး"

သူတို့သည် ရယ်မောလိုက်ကြသည်။

"မမရေ......မမ အဆက်ကြီးတွေ့လား"

"ဘာပြောနေတာလဲ"

"ကိုအောင်ဒင်လေ၊ မမ ဘုရားရှိခိုးနေတုန်းက သူ့အပေါင်းအသင်းတွေနဲ့ တန်ဆောင်းဘေးက အေမီတို့ကို ကြည့်နေတာ....."

"မမြင်ပါဘူး"

"ကျွန်တော်လဲ မတွေ့မိပါဘူး"

သူတို့သည် ဘုရားကို တပတ် ပတ်ပြီးနောက် တံတားသို့ လျှောက်လာကြသည်။ ရွှေမှုန်မှ ဆည်းလည်းသံသည် နောက်တွင် ကျန်ရစ်ခဲ့သည်။ သမ္မန်ပေါ်သို့ ညီအမ နှစ်ယောက်ကို ချပေးရသည်။ သည်ည အားလုံး လှပနေသည်။ ချစ်စရာကောင်းနေသည်။ ရေပြင်၊ ကောင်းကင်၊ လပြည့်ဝန်း။ ညသည် မစိမ်းတော့။ ပြာလဲ့လဲ့။ သမ္မန်ကို တော်တော်နှင့် ကမ်းမကပ်စေချင်။ ဆိုင်းသံပုံသံများကား တဖြည်းဖြည်း ဝေးကျန်ရစ်ခဲ့သည်။ ရင်ထဲ၌ကား ဘယ်တုန်းကနှင့်မျှမတူ။ ပြောင်းလဲ သစ်လွင်နေသည်။ ခင်ထားလှိုင်တို့ ညီအမ အိမ်သို့ပို့လိုက်ပြီး ပြန်လာသောအခါ သူသည် အိပ်မက်ထဲ လမ်းလျှောက်လာသည်။ သူလမ်းလျှောက်လာသည်ကား နှင်းဆီခင်းသောလမ်း။ နူးညံ့သော၊ မွှေးမြသော၊ အိလျသော နှင်းဆီပွင့်များပေါ်သို့ နင်းလာသည်။ သူသည် လေချွန်လာသည်။

သူသည် အိမ်ဝရောက်မှ အိပ်မက်မှ လန့်နိုးသည်။ သူ့အိမ်ရောက်ပေပြီ။ မွှေးရနံ့၊ နူးညံ့၊ အိလျတို့ ထွက်ပြေးကုန်ကြပြီ။ အောက်ထပ်မှ တံခါးနည်းနည်း ဟနေ၍ အံ့သြသွားသည်။ မီးရောင်တန်းကလေး ထိုးဖြာကျနေ၏။

သူလည်း တံခါးဝရောက်ရော တံခါးခေါက်သည် ရွေ့လာကာ ပွင့်လာသည်။ အထဲက သူ့ကိုကြည့်နေသော စိမ်းစိမ်း။ မီးရောင်ကြောင့် စိမ်းစိမ်း၏ မျက်နှာကို မထင်မရှား မြင်လိုက်ရသည်။ သူမ၏ မျက်လုံးများသည် တောက်ပလျက် ရှိသည်။

"ဟာ.......အမ၊ မအိပ်သေးဘူးလား"

စိမ်းစိမ်းက ဘာမျှပြန်မပြော။ သူမ၏ မျက်နှာမှာ နီမြန်းနေသည်။ အော်....... သူနောက်ကျလို့ စိတ်ဆိုးနေတာ ထင်ပါရဲ့။ ဗညားမော်သည် အထဲသို့ ဝင်လိုက်သည်။ စိမ်းစိမ်း၏ မျက်နှာကို ထပ်မကြည့်တော့။ စိမ်းစိမ်းသူ့အပေါ် တခါမျှ စိတ်မဆိုးဘူး။ အမြဲတမ်းကြင်နာခဲ့သည်သာ။ သူ့ကို နားလည်သူ၊ စိတ်ကောက်လည်း ဟန်ကောက်မျှသာ။ ယခုတလောတော့ ကြည့်လိုက်၊ မကြည့်လိုက်။ ကဗျာတွေ အရမ်းဖတ်နေတုန်းက၊ စန္ဒယားလုံ့က မထတုန်းက။ သို့သော် သူနှင့်ရောနေလိုက်လျှင် ကြည်သွားသည်။ မကြည်သော်လည်း သူ့စားပွဲရှင်းမပျက်။ ပန်းစိုက်အိုးထဲ စံပယ်၊ နှင်းဆီ၊ သဇင် အထားမပျက်။ သူကြိုက်တာ လုပ်ပေးမြဲ။ ဒီညတော့ သူမ၏ မျက်လုံးများမှာ တောက်ပ လွန်းလှပါကလား။ စိမ်းစိမ်းလဲ့လဲ့ပင် တောက်ပနေပါကလား။ ဟင်...... ဘာပါလိမ့်။ သို့သော် သူမ၏ကိုယ်မှ သနပ်ခါးနံ့ သင်းပျံ့နေဆဲ။ အိပ်ရာဝင်လျှင် ခြေဆုံးခေါင်းဆုံး လိမ်းထားတတ်သူ။ ခေါင်း၌ နှင်းဆီအနီတပွင့် စိုက်ထားသည်။

သို့သော် စိမ်းစိမ်း၏ တင်းမာမှုက သူ့ကိုမရိုက်ခတ်နိုင်။ ခဏမျှသာ။ ချစ်စရာ ညပြာလဲ့၏ ခံစားမှုများက သူ့အမူအရာကို လန်းသစ်စွာ ထိန်းထားဆဲ။ သူသည် လှေကားကို တက်ရင်း လေချွန်၍ တက်သည်။ ပြောင်းလဲသစ်လွင်နေသော ဗညားမော်။

စိမ်းစိမ်းက- သူ့နောက်က လိုက်လာသည်။ သူမကို လှည့်မကြည့်။

"အော်...... မောင်လေးက သိပ်ပျော်နေတာကိုး"

သည်စကားက နည်းနည်း ဆန်းနေသလား။ ရင်ထဲ၌ ဒိတ်ကနဲ ဖြစ်သွားသည်။ ခြေလှမ်းရပ်ကာ နောက်သို့ လှည့်ကြည့်လိုက်သည်။ စိမ်းစိမ်း၏မျက်လုံးကား ပို၍ပင် တောက်ပနေ၏။ ခါတိုင်းလို သူ့ကို စ,တာ မဟုတ်။ စိမ်းစိမ်းသည် လှေကားမှ တက်လာသည်။ သူ့ကိုမှီလာသည်။ လှေကားထိပ်၌။

"အခု ဘယ်က ဘယ်သူနဲ့ ပြန်လာတာလဲ ပြောစမ်း..... ဘယ်အချိန်ရှိပလဲ၊ ပြောစမ်း......"

ဗညားမော်သည် လန့်သွားသည်။ စိမ်းစိမ်း၏အသံမှာ ဒေါသဖြင့် ကျယ်လောင်စူးရှနေသည်။ တခါမျှ သည်လောက် အသံမမာဘူး။ သူ့ကို တသက်လုံး ကြင်နာယုယခဲ့သော စိမ်းစိမ်း။ သုံးဝမ်းကွဲလောက်

တော်သော်လည်း၊ အမရင်းကဲ့သို့ ညှာတာသူ။ စိမ်းစိမ်းအခု ဘာဖြစ်သွားတာလဲ။ သူသည် ခလေးမဟုတ်တော့။ ငယ်ငယ်တုန်းက မဟုတ်။ သူနားမလည်သော အပြောင်းအလဲတွေ။

"ဟို.....ဆရာမ စန်းစန်းနတို့အိမ်က..."

သူ့စကားမဆုံးမီ စိမ်းစိမ်းက ဖြတ်ပြောလိုက်သည်။

"မလိမ်နဲ့ အကုန်သိတယ်၊ နင်....... ဘာလုပ်တယ်ဆိုတာ အကုန်သိတယ်၊ လာ......"

စိမ်းစိမ်းသည် ဗညားမော်၏ လက်မောင်းကို ဆွဲကာ သူ၏ ကုတင်သို့ခေါ်လာသည်။ သူက ရုန်းလည်း မရုန်း။ ရုန်း၍လည်း မရ။ စိမ်းစိမ်းဆွဲရာ ပါသွားသည်။ စိမ်းစိမ်းက သန်လှပါကလား။ စိမ်းစိမ်းသည် သူ့ကို ထိုင်ခိုင်းပြီး၊ သူမကလည်း ဘေးက ဝင်ထိုင်လိုက်သည်။ ဒါ- စိတ်ဆိုးစရာလား။ ရွှေမှုဌာကို ခင်ထားလှိုင်တို့ ညီအမနဲ့သွားတယ်။ ဘာဖြစ်သလဲ။ သူကလည်း စိမ်းစိမ်းကို ခပ်တည်တည် ပြန်ကြည့်နေသည်။ အံ့သြခြင်း၊ နားမလည်ခြင်း၊ ရှက်ခြင်း။ ခလေးငယ် အငေါက်ခံရသလို ခံရခြင်း။

"ကျွန်တော် ဘယ်သွားလို့လဲ....."

"လိမ်ပြန်ပလားဟင်......"

စိမ်းစိမ်းက အော်လိုက်သည်။

"ဖေဖေတို့ နိုးပါမယ်ဗျ၊ မအော်စမ်းပါနဲ့" ဗညားမော်က ကောက်ရိုးတမျှင်ကို လှမ်းဆွဲသည်။ ဒီအမ ဘာကြောင့် ဒီလောက် ဒေါသကြီးနေတာလဲ။ သူ့အသံ နည်းနည်းမာလာသည်။ တိတ်ဆိတ်နေသော အိမ်ကြီးတွင် အသက်ပြင်းပြင်း ရှူသံများကို ကြားနေရသည်။

"အော်ရမယ်၊ အိမ်မှာ ဘယ်သူမှမရှိဘူး၊ ဦးလေးနဲ့ အမေလဲ အခုညနေစောင့်ဘဲ တောသွားတယ်၊ ကြီးတော်လဲ ဥပုသ်ဇရပ်မှာ"

စိမ်းစိမ်းအမေ ဒေါ်မြသင် အိမ်ရောက်နေတာ တလပင် ကျော်ပြီထင်သည်။ သူက စာရေးစားပွဲနှင့် စန္ဒယားခုံတွင်သာ အနေများ၍ အဒေါ်သင်နှင့်ပင် ကောင်းကောင်း စကားမပြောဖြစ်။

"ရွှေမှုဌာမှာ ခင်ထားလှိုင်နဲ့ လက်ချင်းချိတ်လို့၊ သိပ်ကြည့်နေကြတယ်ပေါ့လေ......"

"ဘယ်သူပြောလဲ"

ဗညားမော်၏ အသံမှာလည်း ခါတိုင်းအသံ မဟုတ်တော့။ ခါတိုင်းသည်လို စိမ်းစိမ်းကို ပြန်မမေးဘူး။ စိမ်းစိမ်းကလည်း သူ့ကို သည်လို မပြောဘူး။ သည်ကိစ္စတွေဟာ အမနဲ့ဘာဆိုင်သလဲ။ ကြီးလာကြပြီဘဲ။ လက်ချင်းချိတ်တာက ခင်ထားလှိုင်လဲမဟုတ်။ မသိဘဲနဲ့ ဘာတွေလျှောက်ပြောနေသာလဲ။ ဗညားမော်၏ရင်ဘတ်မှာ နိမ့်ချည်မြင့်ချည် ဖြစ်နေသည်။ အသက်ရှူသံ ပြင်းလာသည်။

"ဘယ်သူပြောပြော........ မပြောပြော......"

စိမ်းစိမ်းသည် သူ့အနားတိုးလာသည်။

"အမက ခင်ထားလှိုင်ကိုဘဲ အပြစ်ပြောနေတာဘဲ........"

သူ့အသံသည် ဆတ်လာသည်။

"အော်.....ဒီလောက်တောင်ဘဲကိုး..... ခင်ထားလှိုင်ထိလို့ နာတာပေါ့၊ ဟုတ်လား.... ခင်ထားလှိုင်ရည်းစားရဲ့၊ ဒီဘက်လှည့်စမ်းပါအုံး...."

"စိမ်းစိမ်းဘာတွေ ပြောနေတာလဲ"

သည်တခါတော့ ဗညားမော်သည် သူ့အမအား အော်လိုက်သည်။

ဗညားမော်သည် အကျဉ်းအကျပ်ထဲ၌ ပြောမိပြောရာပြောလိုက်သည်။ သူ၏ မျက်လုံးများမှာလည်း စိမ်းစိမ်းနှင့်အပြိုင် တောက်ပနေသည်။ ရင်ထဲ၌ ထူပူနေသည်။ ခံနေရ အခက်။ ရှောင်လို့လဲ မရ။ စိမ်းစိမ်းက သူ့အနားကပ်ထိုင်နေသည်။

"အော်....... ဒီလိုလား၊ ပြောရမယ်၊ ဘာဖြစ်လဲ......."

လျှက်တပြက်အတွင်း စိမ်းစိမ်း၏လက်သည် သူ၏ ပါးပေါ်သို့ ကျရောက်ကာ ဖြန်းကနဲ မြည်သွားသည်။ သူမ၏ လက်ကောက်နှင့် ငြိကာ နားထင်စွန်း၌ ရဲကနဲလက်သွားသည်။ အဖြစ်အပျက်များကား မြန်လွန်းလှချေသည်။

သူလည်း မြှော်လင့်မထား။ နည်းနည်းစပ်ကနဲ ဖြစ်၍ လက်နှင့်စမ်းမိသည်။ စိမ်းစိမ်းသည် သူ့ကို ကြောင်ကြည့်နေသည်။ သွေးကို သွားမြင်လိုက်သည်။

"အော်....... မောင်လေးရယ်......."

စိမ်းစိမ်း၏ ကြင်နာသောအသံ။ လေးငါးခြောက်နှစ်ခန့် အမြဲကြားခဲ့ရသော အသံ။ ထို့နောက် စိမ်းစိမ်းသည် သူ့ကိုဆက်ကာ ပါးချင်းအပ်သည်။ အထပ်ထပ် နမ်းသည်။ ပါး၊ နဖူး၊ နှုတ်ခမ်း၊ လည်ပင်း၊ ပခုံး၊ ရင်ဘတ်။ စက္ကန့်အတွင်း ဖြစ်ပျက်သွားသော၊ မြန်ဆန်လွန်းလှသော အဖြစ်အပျက်။ ဒေါသ၊ အချစ်၊ မနာလိုခြင်း၊ အမုန်း အကုန်ပါသည်။ ဆန့်ကျင်ဘက်များ အကုန်ပေါင်းစပ်ကာ ပေါက်ကွဲသွားခြင်း ဖြစ်သည်။ မမြှော်လင့်တာတွေ ဖြစ်သွားသောည။ တိုးညင်သော အသံ၊ ချွဲနွဲ့သောအသံ၊ ရှိုက်သောအသံတို့ဖြင့် ပြွမ်းသော ည။ ရင်အခုန်ဆုံး ည။ ဗညားမော် အိပ်ရာမှ နိုးသောအခါ သူ့ဘေးတွင် စိမ်းစိမ်းမရှိတော့။ စိမ်းစိမ်းရေ....... စိမ်းစိမ်း။ မောင့်ရဲ့ စိမ်းစိမ်း။ သူ၏တွန့်ကျေနေသော မွေ့ရာခင်းပေါ်၌ နွမ်းပြေနေသော ပွင့်ဖတ်များ၊ ကွဲကွာနေသော နှင်းဆီပွင့်။ နှင်းဆီရနံ့က ထုံနေသေးသည်။ ဘုရားစင် ပန်းအိုးထဲမှ လန်းဆန်းသော၊ အလှမပျက်သော နှင်းဆီရနံ့များ ပျံ့လွင့်လာသည်။ သူသည် မောလျစွာ အိပ်ရာမှ ထ,လိုက်သည်။

နောက်တနေ့၌ သူ မမြှော်လင့်သော သတင်းများကြားရသည်။ ပထမသတင်းက သူ့ဖခင် ဦးသက်ထွန်းနှင့် စိမ်းစိမ်းမိခင် ဒေါ်မြသင်တို့ လက်ထပ်ခြင်း။ ဒုတိယသတင်းကာ ရန်ကုန်တက္ကသိုလ်ကျောင်းသားများ သပိတ်မှောက်ခြင်း။

## အခန်း (၂၉)

မြကန်သာမှလာသော၊ လတ်ဆတ်သော၊ ရိုးပြတ်နံ့သင်းသော နွေဦးလေသည် ကုသိနာရုံ ပြတင်းတံခါးမှဝင်ကာ ဆင်းတုတော်များကို ဖြတ်သန်းပြီး၊ သူ၏ရှေ့ရှိ စာအုပ်မှ စာမျက်နှာများကို တဖျတ်ဖျတ် လှန်လှောနေပေသည်။ သူ၏ ရှေ့၌ စာအုပ်များ ချထားသော်လည်း၊ သူသည် စာကြည့်နေသည်မဟုတ်။ သူသည် ဖွင့်ထားသော တံခါးပေါက် ဘောင်အတွင်းမှ မြင်နေရသော မြကန်သာကိုသာ ငေးကြည့်နေသည်။ မြကန်သာကား၊ ကျောက်စိမ်းတုံးကြီးကို လှီးဖြတ်ပွတ်တိုးထားသော စိမ်းစိမ်း ရှခင်းကြီး။ ကန်သာလမ်းပေါ်ရှိ စိန်ပန်းပင်၊ ပိတောက်ပင်၊ ကုက္ကိုပင်၊ ငုပင်များကို လှမ်းမြင်နေရသည်။ သစ်ပင်များသည် ကြည်လင်သော ကောင်းကင်ပြာကိုခံပြီး၊ ပြတ်သားစွာ ပေါ်နေကြသည်။ ဥသြငှက်ကလေးများ၏ အသံကို အဝေးမှ ကြားနေရ၏။ ကုသိနာရုံကား၊ ကျယ်ပြောသော ကျိုက်ဒေးရုံဘုရာ ပရဝုဏ်ကြီး၏ အစွန်၊ ရေကန်ကြီးဘေး၌ရှိသော အုတ်တိုက် အဆောက်အဦး ကုသိနာရုံပတ်ဝန်းကျင်တွင် ပိတောက်ပင်၊ ပိန္နဲပင်၊ ငုပင်များ။ အစွန်အဖျားဖြစ်၍ တိတ်လည်း တိတ်ဆိတ်သည်။ အဆောက်အဦးမှာ ထုထယ်ကြီးကြီး။ ရှေးအုတ်များဖြစ်၍ နံရံများမှာ ထူထူထဲထဲ။ လိုဏ်ဂူကဲ့သို့ ဖြစ်နေပြီး အေးမြနေသည်။ ကုသိနာရုံနှင့် ရေကန်ကြားတွင် ခရေပင် အုပ်စု။

သူ၏ပတ်ဝန်းကျင် အနီးအပါး၌ကား၊ ရုပ်တုများ။ မွန်ပန်းပု ဆရာကြီးတဦး ထုလုပ်သော ဗုဒ္ဓဝင်နိပါတ်တော်ကို ဖွဲ့နွဲ့ထားသော ရုပ်တုများ။ ဥပုသ်နေ့လည်းမဟုတ်၊ ပရဝုဏ်၏ အစွန်လည်းဖြစ်နေသဖြင့် လူအလာနည်းသောနေရာ။ ဘုရားဖူးမရှိ။ သူတယောက်တည်းသာ ရှိသည်။ ချောင်းဟန့်လိုက်လျှင်ပင် ချောင်းဟန့်သံသည် ပဲ့တင်ရိုက်ကာ လိုဏ်သံပေါက်နေ၍ သူသည် ချောင်းဟန့်ရမည်ကိုပင် မျိုသိပ်ထားလိုက်သည်။ သူသည် တမင်ကလာပင် ဤနေရာ၊ ဤပတ်ဝန်းကျင်ကို ရွေးချယ်၍ လာရောက်ခြင်း ဖြစ်ပေသည်။ သူလိုချင်သည်ကား တိတ်ဆိတ်ခြင်း၊ တကိုယ်တည်း အဖော်မဲ့ခြင်း။ သူ၏ဆန္ဒကို ဤနေရာကလေးက ဖြည့်စွမ်းပေးသည်။

ဘာကြောင့် တိတ်ဆိတ်ခြင်းနှင့် တကိုယ်တည်း အဖော်မဲ့ခြင်းကို လိုချင်နေပါလိမ့်။ သူ့ကိုယ်ကို မသိမသာ မေးသော မေးခွန်း။ ဘာကြောင့် ဒီရောက်လာရပါလိမ့်။

သူသည် အိပ်ရာမှ နိုးထလိုက်သောအခါ ရောင်စုံမှန်တံခါးများမှ အလင်းရောင်သည် ထိုးကျနေပေပြီ။ အိပ်ရာပေါ်၌ အနီ၊ အပြာ၊ အဝါ၊ ခရမ်းရောင်များ ဖြတ်သန်းနေကြသည်။

မှန်တံခါးမှပာပ်သော အရောင်ပြန်များ။ ပြတင်းတံခါးရွက်တခု နည်းနည်းဟနေ၍ အေးမြလတ်ဆတ်သော လေသည် ထိုးဝင်လာသည်။ ဖန်ပုတီးစေ့များ ရိုက်ခတ်သဖြင့် တချွင်ချွင် အသံမြည်လာသည်။ သူသည် ရင်ဖိုလာသည်။ လက်ကောက်ချင်း ထိခတ်သံလား။ ရွှေမုဋ္ဌောဘုရားမှ ဆည်းလည်းသံလား။ ညအိပ်မက်ထဲမှ အသံနှစ်သံသည် သူ့နားအာရုံကိုလာတိုက်လိုက်သည်။ အသံနှစ်သံမှ ရုပ်ပုံနှစ်ခုသည် ပေါ်လာကြသည်။ ရုပ်ပုံတခါက ခရမ်းရောင်နထဲမှ ပြုံးကြည့်နေသည်။ အခြားရုပ်ပုံတခုက သူ့ကို စိတ်ဆိုးနေသော၊ ဝမ်းနည်းနေသော အကြည့်ဖြင့်။ ဆန့်ကျင်နေကြသော အသံနှစ်သံ၊ ဆန့်ကျင်နေကြသော ရုပ်ပုံနှစ်ခု။ သူသည် မခံမရပ်နိုင်အောင် ဖြစ်လာသည်။ သူသည် မျက်စိမှိတ်ပစ်လိုက်သည်။ ရုပ်ပုံနှစ်ခုကား ပျောက်မသွား။ တရိပ်ရိပ်ပြေးကာ မိုးကြိုးလျှပ်တန်းများ ဝိုးဝိုးဝင်းဝင်း လက်နေကြသည်။ ဟိုနေရာက လက်ကနဲ ပေါ်လာလိုက်။ ဒီနေရာက လက်ကနဲ ပေါ်လာလိုက်။ သူသည် လန့်သွားသည်။

သူသည် ရောင်စုံမှန်တံခါးကို ကျောပေးရန် တဖက်သို့ ခေါင်းလှည့်လိုက်သည်။ သူ့ခေါင်းအုံးက အနံ့တမျိုးရလာသည်။ အုန်းဆီနံ့လား။ သူသည် အုန်းဆီလိမ်းသူမဟုတ်။ အုန်းဆီနံ့ကို သူမကြိုက်။ ခေါင်းအုံးစွပ်၌ နင်းဆီဖတ်များ ကပ်နေ၏။ နွမ်းကျေနေသော နင်းဆီရနံ့နှင့် အုန်းဆီနံ့ရောနေ၏။ ဘုရားစင်မှ ပျံ့လွင့်လာသော နင်းဆီရနံ့လား။ ရနံ့နှစ်ခုသည် သူ့ကို လာရိုက်ပြန်သည်။ ယစ်ဝေနေသော ရနံ့နှင့် ပျော့သောအနံ့။ ဘယ်ကနင်းဆီနံ့ပါလိမ့်။ သူ့လက်တွင်ကပ်နေသော ရနံ့လား။ ဒါက နင်းဆီနက်ရနံ့။

တခါက ခင်ထားလှိုင်အိမ်ရှိ စန္ဒယားပေါ်မှ တွေ့ရသော ရေမွှေး၏ ရနံ့။ သူမ အမြဲတမ်းဆွတ်သော ရေမွှေး။ လက်ကို ဆွတ်တတ်သည်။ လည်ဂုတ်ကို ဆွတ်တတ်သည်။ နားထင်ကို ဆွတ်တတ်သည်။ ညကသူ့ကို ဖမ်းစားခဲ့သော ရနံ့။ သမွန်ပေါ်မှ ချပြီးနောက် လက်တွင် စွဲကျန်ရစ်ခဲ့သော ရနံ့ပါလား။ သူသည် ရင်ဖိုလာသည်။ နောက်ရနံ့တခုက လာတိုက်သည်။ သနပ်ခါးနံ့လိုလို အနံ့တမျိုးက ဝင်လာပြန်သည်။ သူနှင့် နှစ်ပေါင်းများစွာ ယဉ်ပါးနေခဲ့သော ရနံ့ပါကလား။ စိမ်းစိမ်း ဘယ်တုန်းက ထသွားပါလိမ့်။ ညက အဖြစ်အပျက်များသည် မှတ်သားခြင်းငှာ မစွမ်းနိုင်လောက်အောင် ဘယ်လိုဖြစ်သွားပါလိမ့်ဟု ဖြစ်ပျက်အစဉ်ကို မမှတ်မိလောက်အောင် မြန်ဆန်ရှုပ်ထွေးလှသည်။ ကြိုးများ လာငြိသည်။ ဘယ်အစက စငြိလိုက်သည်ကို မပြောနိုင်တော့။ ရစ်ပတ်ပြီးမှ ငြိမှန်း သိရသည်။ သူက စ,ရစ်လိုက်တာလား။ သူ့ကို စ,ရစ်တာလား။ ဘယ်က စ,သလဲ၊ မသိတော့။ မမှန်းမိတော့။ ညက အိပ်မက်သည် အရှိန်အဟုန်အများဆုံး၊ အမြန်ဆုံး၊ ရန်အစုန်ဆုံး။ သူသည် နာခေါင်းကို ခေါင်းအုံးနှင့်ပိတ်ကာ မှောက်လိုက်သည်။ ရနံ့နှစ်ခုကား ပျောက်မသွား။ နင်းဆီရနံ့လား။ နင်းဆီနက်ရနံ့လား။ မသဲကွဲတော့။

သူ၏ရင်သည် တင်းကျပ်လာသည်။ ခေါင်းထဲတွင် ရီဝေနေသည်။ မျက်လုံးကို မှိတ်ထားသော်လည်း၊ နာခေါင်းကို ပိတ်ထားသော်လည်း အသံနှစ်သံ၊ ရုပ်ပုံနှစ်ခု၊ အနံ့နှစ်ခုတို့ကား သူ့အား ဖိစီးထားဆဲ။ ပျောက်ကွယ်မသွားကြ။

လေတိုက်သဖြင့် တံခါးရွက်သည် ပွင့်သွားကာ၊ လေသည် တအားတိုးဝင်လာသည်။ ဖန်ပုတီးစေ့များ၏အသံသည် ပို၍ ကျယ်လောင်လာသည်။ သူသည် လက်နှစ်ဖက်နှင့် နားကိုပိတ်လိုက်သည်။ ဖန်ပုတီးစေ့သံမဟုတ်တော့။ လက်ကောက်သံနှင့် ကြေးစည်သံ။

ပြင်ပအသံများသည် နေ့သစ်ကို ကိုယ်စားပြု၍ဝင်လာကြသည်။ ကျေးငှက်အော်သံများ၊ စာကလေးများ၏အသံ၊ ကျီးကန်းအော်သံ၊ လန်ချားမှခေါင်းလောင်းသံ၊ ပဲပြုတ်အော်သံ၊ အထက်မီး အောက်မီး မုံ့အော်သံ၊ မုံ့စလင်းတောင့်အော်သံ၊ တရုတ်အထမ်းသည်၏ ပေါက်စီအော်သံ။ သို့သော် ပြင်ပအသံဗလံများကြားမှ ရွှေလက်ကောက်သံနှင့် ကြေးစည်သံသည် အတွင်းမှပဲ့တင်ရိုက်၍ ပေါ်နေသည်။ မှိတ်ထားသော မျက်စိထဲမှ ရုပ်ပုံနှစ်ခုသည် ရုန်းရင်းဆန်ခတ်ဖြစ်ကာ ပေါ်နေမြဲ။

သူသည် အိပ်ရာမှထလိုက်သည်။ သူသည် ရောပြွန်းနေသော ခံစားမှုနှစ်ခုကို မခုခံနိုင်တော့။ အလင်းရောင်သည် တခန်းလုံးကို ဖောက်ထွင်းကာ တောက်ပနေသည်။ အပြင်ပ ကမ္ဘာမှ အသံများ ပို၍ ကျယ်လောင်လာသည်။ ဘေးပတ်လည်ရှိ မြင်ရသော အရာဝတ္ထုများသည် ပို၍ ကြည်လင်ပြတ်သားလာသည်။ မျက်နှာကြက်ရှိ ပင့်ကူအိမ်မှ သက်တန့်ရောင်အမျှင်များကိုပင် မြင်လာမိသည်။

ဘုရားစင်မှရွှေရောင်ရုပ်ပွားတော်သည် တည်ငြိမ်သော အိန္ဒြေဖြင့် သူ့အား စိုက်ကြည့်နေသည်။ ငွေပန်းစိုက်အိုးမှ နှင်းဆီရနံ့များ သူ့ဆီ ပျံ့လွင့်လာသည်။ ညက အိပ်မက်မဟုတ်ပါကလား။ သူ့စာရေးစားပွဲပေါ်၌ စာအုပ်များ၊ ကဗျာ၊ သီချင်းဂီတသင်္ကေတ၊ နည်းပြနိသျ။ သူခင်းထားသော ပိုးစာပွဲခင်းနက်ပြာပေါ်မှာ ပန်းပွင့်များ၊ စိန့်ကြွေအိုးထဲမှ စုတ်တံများ၊ သူ့နေရာ၊ သူ့ပစ္စည်းများ။ တကယ့်သူ့စာဖတ်ရာ စားပွဲအဆောင်အယောင်။ အိပ်မက်မဟုတ်။ အော်......အိပ်မက်ပဲ ဖြစ်ပါစေတော့။

လှေကားမှ ခြေသံကြားလာရသည်။ သူသည် ရင်ဖိုသွားသည်။ သူ့အမ စိမ်းစိမ်း အိပ်ရာသိမ်းရအောင် လာတာဘဲ။ သူ့ကိုမတွေ့ချင်။ ရှက်လည်းရှက်၊ ကြောက်လည်း ကြောက်နေသလို။ စိမ်းစိမ်း သူ့ကို စိတ်ဆိုးနေသလား။ သူသည် လိုက်ကာ ကွယ်ထားသော ဘုရားခန်းဘက်သို့ အသာဝင်လိုက်သည်။ အမှန်အားဖြင့် လိုက်ကာမှာ တဝက်သာ ကာထားခြင်းဖြစ်သည်။ သို့သော် သူ့စိတ်ထဲက လုံမည်ဟုထင်နေ၏။ ခြေသံသည် လှေကားထိပ်ရောက်လာသည်။

"ဟဲ့........ဗညားမော်၊ အိပ်လှချည်လား"

စိမ်းစိမ်းအသံမဟုတ်၊ ကြီးတော် ဒေါ်သင်းထုံ၏အသံ။ သူ့ဖခင်၏ အမကြီး၊ အပျိုကြီး။ သူသည် ရင်ဖိုနေသဖြင့် စိမ်းစိမ်းခြေသံနှင့် ကြီးတော်၏အသံကို မခွဲခြားနိုင်ခြင်းဖြစ်သည်။ ကြီးတော်က ခြေသံဖော့သည်။ စိမ်းစိမ်းက ခပ်ဆတ်ဆတ်။

"ဟုတ်...... ဟုတ်ကဲ့ အကြီး၊ ညကအိပ်မပျော်တာနဲ့........"

ကြီးတော်သည် သူရှိရာ ဘုရားခန်းသို့ တန်းလာနေသည်။ ကြီးတော်လက်ထဲတွင် ရွက်လှပန်းအဝါများ ပါလာသည်။ ကြီးတော်က စဥ့်ပန်းစိုက်အိုးထဲတွင် ထည့်လှေ့ရှိသည်။ သူ မကြိုက်သော ပန်းများကို စိုက်လေ့ရှိသည်။ သူမက ဈေးပေါပေါနှင့် ကြကြာခံသော ပန်းများ၊ စိမ်းစိမ်းကတော့ သည်လိုမဟုတ်၊ ဈေးကြီးတာ မကြီးတာထက် လှပသော၊ မွှေးသောပန်းများကိုသာ ဝယ်လေ့ရှိသည်။ ကြီးတော်ကတော့ အပျိုကြီးမို့ ကပ်စေးနဲ။ စိမ်းစိမ်းက သူကြိုက်တာ သူဝယ်သည်။ အိမ်သားများ စုလျှင် အတင်းပြောတတ်သော ထင်မြင်ချက်များ။

သူက ဘုရားခန်းမှ အပြင်ထွက်ရန် ဟန်ပြင်သည်။ ဘာရယ်မဟုတ်။

ကြီးတော်က သူ့အား "ဟဲ့ကောင်လေး......နေအုံး၊ ပြောစရာရှိတယ်......."

သူသည် ထိတ်သွားသည်။ စိမ်းစိမ်းက ညက ကိစ္စကို တိုင်လိုက်ပြီလား။ သည်လိုဆိုရင် အမ သိပ်ဆိုးတာပေါ့။ သူလဲ တာဝန်ရှိတာဘဲ မဟုတ်လား။ သူ့အပြစ်လား။ ဘယ်သူ့အပြစ်လဲ။ တမှုဟုတ်ချင်း ဆင်ခြင်စဥ်းစားချက်များသည် ဖျတ်ကနဲ-ဖျတ်ကနဲ ပေါ်လာကြသည်။ အဖြေထုတ်ချိန်မရ။ ကြီးတော်က သူ့နားရောက်လာသည်။

ကြီးတော်က သူ့လက်မောင်းကို ကိုင်လိုက်သည်။ ကြင်နာသော အမူအရာ၊ တိုးညင်သော အသံဖြင့်။

"မပြောလဲ မဖြစ်ဖူး၊ ဒါမျိုးက ရှက်တော့ ရှက်စရာပေါ့ကွယ်၊ ဒါပေမယ့် ဓမ္မတာပဲ၊ လောက လူဖြစ်လာရင်ကြုံရမယ့်ဟာဘဲ....."

သူသည် ခေါင်းငုံ့ကာ ရင်တဖိုဖိုနားထောင်နေသည်။ စိမ်းစိမ်း ကြီးတော်ကိုများ တိုင်လိုက်ပလား။ ကြီးတော် စကားသံသည် တိုးသည်ထက် တိုးလာသည်။ ကြီးတော် ဒေါ်သင်းထုံသည် အရေးကြီးသော စကားပြောလျှင် တိုးတိုး တိုးတိုးနှင့် နားနားကပ်ပြောတတ်သည်။ စကားလည်း မပီတော့-သူ့ကို နားမလည်၍ ပြန်မေးလျှင်လည်း မကြိုက်။ "နင်တို့က သိပ်နံတာဘဲ" ဟု ပြန်ပြောတတ်သည်။ သူသည် ရင်တထိတ်ထိတ်နှင့် နားထောင်နေရသည်။ စိမ်းစိမ်းက တိုင်ရင် သူဘယ်လိုပြောမလဲ။ သို့သော် သက်သာရာရသွားသည်။ ရင်ထဲက ပေါ့သွားသည်။ တိုး၍ တိုး၍ လာသော ကြီးတော်၏အသံထဲမှ သိရသည်ကား၊ သူ့အကြောင်းမဟုတ်။ သူ့အဖေနှင့် စိမ်းစိမ်းအမေ အကြောင်း။ တော်ပါသေးရဲ့......။

"ငါတို့က လူတွေနဲ့လဲ ပေါင်းဘူး- ဆက်ဆံဘူးသေးတာ မဟုတ်ဖူး၊ လူ့ဘဝအကြောင်းလဲ ဘာမှ သိသေးတာမဟုတ်ဖူး၊ ခုမှ လူဖြစ်မယ် ကြံခါရှိသေးတယ်၊ ဒို့က သင့်လျော်တယ်ထင်လို့ စီမံလိုက်တာဘဲ၊ တနယ်ငင် တစင်ပါ လူကဲ့ရဲ့ကလဲ လွတ်အောင်-သားရွှေအိုးထားလာတာလဲ မြင်ရအောင်........ ငါတို့ကြီးမလဲ....... အဒေါ်ဝမ်းကွဲဆိုတော့ မိထွေး တစိမ်းမဟုတ်ဖူး....."

ကြီးတော်က တိုးသောအသံဖြင့် စကားများ အကြာကြီး ပြောသွားသည်။ သွယ်ကာ ဝိုက်ကာ ဖြည်ကာ-ဖြန့်ကာ မြန်မာစကားပုံများကို ကိုးကား၍ နောက်ဆုံး သူနားလည်လိုက်သည်ကား၊ စီးပွားရေး မယိုမဖိတ်ရအောင်၊ အိမ်ထောင်ထိန်းသိမ်းတတ်သော အဒေါ်သင်နှင့် သူ့ဖခင်တို့ကို နေရာချထားလိုက်ရကြောင်း။ သူ ဘာမျှ ပြောစရာမရှိ။ သူက ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေ၍ သူက သဘောတူသည်ဟု သူ့အကြီးက နားလည်သွားလိမ့်မည်။ နားလည်တာလဲ ကောင်းသားဘဲ။ သူ့အကြီးကလဲ သူ့ကို လူ့ဘဝအကြောင်း ဘာမျှမသိသော သူဟု အကဲဖြတ်ထားသည် မဟုတ်လား။ သို့သော် ညက လူ့ဘဝ၏ကဏ္ဍတဆစ်နှိဒါန်းကို သူဖြတ်လာခဲ့သည်ကိုတော့ ကြီးတော်က သိမှသိပါလေစ။

"ကဲ....... အကြီးလဲ အောက်ဆင်းလိုက်အုံးမယ်၊ နင့်အမလဲ ဈေးက ပြန်မလာသေးဘူး......"

စိမ်းစိမ်း ဈေးက ပြန်မလာသေးသဖြင့် သူကျေနပ်သွားသည်။ သူ စိမ်းစိမ်းကို လောလောဆယ် မတွေ့ချင်။ အောက်ထပ်ရောက်သောအခါ သူ့အတွက် စိမ်းစိမ်း ပြင်ဆင်ထားသော နံပြား၊ ပဲပြုတ်၊ ကိုကိုးတို့ကို ကပျာကရာ စားသောက်သည်။ စိမ်းစိမ်းကတော့ သူ့အပေါ် ကြင်နာလျက်ပါဘဲ။ ပဲပြုတ်ကို သူ့အကြိုက် ဆီရွှဲရွှဲ၊ ခဲပျစ်နေအောင် ချေပေးထားသည်။ စိမ်းစိမ်းက သူ့အကြိုက်ကို ကောင်းကောင်းသိသည်။ နံပြားကတော့ အေးနေသည်။ စိမ်းစိမ်းက သူစားတော့မည်ဆိုလျှင် နံပြားကို မီးဖိုပေါ် တင်နွေးပေးတတ်သည်။ ထို့ကြောင့် မကျက်တကျက်ကို ဝယ်ပေးလေ့ရှိသည်။ စားခါနီးတော့ သူကိုယ်တိုင် မီးကင်ပေးသည်။ ယခုမူ သူသည် နံပြားကို မကင်တော့။ ကင်နေလျှင် ကြာမည်။ စိမ်းစိမ်းပြန်အလာနှင့် တိုးနိုင်သည်။ ပန်းကန်ပြားကိုပင် သူကြိုက်သော ရွှေနားပန်းတွန့်ကွပ်ထားသော ပန်းကန်နှင့် ထည့်ထားသည်။ သူကြိုက်သော စားပွဲခင်းကလေး ခင်းထားသည်။ အပြာရင့်ပေါ်မှ ပန်းပွင့်အဖြူအနီများ ကြဲထားသော အဆင်။ ကိုကိုးကိုကား ခင်ထားလှိုင်တို့အိမ်က ပြန်လာကတည်းက သောက်သည်။ သူသည် ချောကလက်၊ ကိုကိုးတို့ကို ကြိုက်သည်။ ကိုကိုး ကို သူ့အကြိုက် နို့ပြစ်ပြစ်နှင့် ဖျော်ထားခဲ့သည်။ သိပ်ကြင်နာတဲ့ စိမ်းစိမ်း။

သို့သော် သူသည် ကမန်းကတန်း စားသည်။ အိမ်ပေါ် ကမန်းကတန်းတက်ကာ လွယ်အိတ်တလုံးထဲတွင် စာအုပ်များ ထည့်သည်။ စန္ဒယားနားပင် မကပ်တော့။ ခါတိုင်းမူ အိပ်ရာမှ နိုးနိုးချင်း စန္ဒယား ခုံတွင်ထိုင်သည်။ စိတ်ပါသလောက် တီးစမ်းသည်။ သူကြိုက်သော တီးလုံးများမရလျှင် ခလုတ်ပေါ် လက်ချော်နေလျှင်၊ ခံစားမှုမပါလျှင် ထိုင်ခုံမှထကာ စားစရာရှိတာ စားသည်။ ဖတ်စရာရှိတာ ဖတ်သည်။

အပေါ်ထပ်မှ လွယ်အိတ်နှင့် ဆင်းလာသောအခါ ကြီးတော်က "ဟဲ့.......စောစောစီးစီး ဘယ်သွားမလို့လဲ၊ လွယ်အိတ်တလုံးနဲ့"

"စာကျက်သွားမလို့၊ တိတ်တိတ်ဆိတ်ဆိတ် နေရာသွားမလို့၊ ဥတ္တရာရုံဘက် ရောက်ချင် ရောက်မယ်....."

"အေး...... ကောင်းသားဘဲ၊ စောစောပြန်လာနော်၊ ထမင်းစာမှီ....."

သူသည် တံခါးဝရောက်မှ စိမ်းစိမ်း သူ့ကို ထမင်းစားစောင့်နေဦးမည်ကို သတိရကာ ပြန်ဝင်ပြီး

"အကြီး......ကျွန်တော် မနက်စာ ပြန်မစားတော့ဘူး၊ ဗလတို့အိမ်လဲ ရောက်မယ်၊ ကြုံရာဘဲ စားတော့မယ်......."

သူသည် ဧည့်ခန်းကိုဖြတ်အလာ စားပွဲပေါ်၌ သတင်းစာတွေ့သည်။ မြန်မာ့အလင်းသတင်းစာ။ ညက သူ မဖတ်မိသော သတင်းစာ။ ဘယ်သူမှ ဖတ်ကြသေးဟန် မတူ။ နေရာမပျက်။ လတ်လတ်ပင် ရှိနေသေးသည်။ ယူနီဘာစတီကောလိပ် သပိတ်မှောက်ပြီ။ စာလုံးမဲကြီးက သူ့ကို ဖမ်းလိုက်သည်။ ကောလိပ်ကျောင်းသားများ ယူနီဘာစတီကို သပိတ်မှောက် ထွက်လာကြပြီ။ ရွှေတိဂုံကုန်းတော် မော်လမြိုင်ဇရပ်သို့ သွားကြပြီ။ တက္ကသိုလ် သမဂ္ဂဥက္ကဋ္ဌ ကိုနုနှင့် အိုးဝေမဂ္ဂဇင်း အယ်ဒီတာ ကိုအောင်ဆန်းတို့အား ကျောင်းအုပ်ကြီး မစ္စတာစလော့က ကျောင်းမှ ထုတ်မြည်ဆို၍။ ကျောင်းသူများပင် ပါသည်။

အမှန်အားဖြင့် သူသည် ဘုရားထဲသွားရန် စိတ်ကူး ပထမ ပေါ်သည်။ နောက် ကြီးတော်က မေးသဖြင့် ဗလတို့အိမ် သတိရခြင်းဖြစ်သည်။ သူသည် ကမန်းကတန်းပင် အိမ်မှထွက်ခဲ့သည်။ အတိတ်ဆိတ်ဆုံး နေရာကား၊ ကုသိနာရုံ။ လမ်းတွင်ပင် ဆုံးဖြတ် ရွေးချယ်လိုက်၏။ ဗလကို သတိရသော်လည်း ယခုလောလောဆယ်တော့ ဗလနှင့်ပင် မတွေ့ချင်သေး။ ဗြဲမှု။ ဗလနှင့်သာ မဟုတ်။ ဘယ်သူနှင့်မှ မတွေ့ချင်။ သူတယောက်တည်းသာ

နေချင်သည်။ သူတွက်၍မရသော သင်္ချာပုစ္ဆာများ၊ အခြားမေးခွန်းများကို အိပ်ရာဝင် စဉ်းစားလိုက်လျှင် အဖြေရလာတတ်သည်ကို သူမှတ်မိနေသည်။ တိတ်ဆိတ်သော ည၊ တယောက်တည်း နေရသော အခြေအနေမှာ စဉ်းစားတွေးတော၍ အကောင်းဆုံး။ အဖော်ရှိလာလျှင် အစဉ်းစားပျက်သည်။ သူ စဉ်းစားကောင်းနေတုန်း စိမ်းစိမ်းက လာစကားပြောလာလျှင်ပင် အတွေး ပျက်သွားတတ်သည်။ ရရှိထားသော အချက်အလက်များကို ပြန်စုဆောင်းရသည်။ ပြန်စီစဉ်ရသည်။ သို့သော် စဉ်းစားပြီးသားများကို တယောက်ယောက်နှင့် အပြန်အလှန် ဆွေးနွေးကြည့်လျှင်ကား၊ အသစ်တွေ့ရှိချင် တွေ့ရှိလာရတတ်သည်။ မိမိ သိချင်နေသော အရာများကို တွေ့ရတတ်သည်။ တခါတရံ မှုန်မှုန်ဝါးဝါး ဖြစ်နေသည်များ ကြည်လင်လာတတ်သည်။ သို့သော် ရှာနေတုန်း၊ စဉ်းစားနေတုန်း တယောက်ယောက် ရောက်လာလျှင်ကား၊ အတွေးပျက်သွားတတ်သည်ကို ကြုံရဘူးသည်။

ထို့ကြောင့် လူသူနှင့် မတွေ့နိုင်သော တကိုယ်တည်း အဖော်မဲ့နေ၍ရသောနေရာကို ရှာလိုက်သောအခါ ကုသိနာရုံကို သွားတွေ့ခြင်းဖြစ်ပေသည်။ ဗလအိမ်ကိုတော့ ကုသိနာရုံမှအပြန် ဝင်သွားမည်။ သခင် ခင်အောင်အားလည်း ရန်ကုန်တက္ကသိုလ် သပိတ်မှောက်အရေးကိစ္စများ မေးမြန်း ကြည့်ချင်သေးသည်။ သူစိတ်ဝင်စားနေသော သပိတ်မှောက်အရေးများ။ ညီညွတ်လျှင် သပိတ်မှောက်အရေးအောင်ရမည်ဟု သခင် ခင်အောင်က တခါပြောဘူးသည်။ ဓာတ်ပြားကိစ္စတုန်းက။ ယခု ကောလိပ်ကျောင်းသားများ သပိတ်မှောက်ပြီ။ ကျောင်းဆောင်မှထွက်ပြီး ဇရပ်များသို့ပင် ရောက်နေကြပြီ။

သို့သော် ယခု လောလောဆယ်ကား ညက သူ့ကိစ္စကို ဘယ်လိုလုပ်ရမှန်း မသိသေး။ မငြိမ်သက်သော၊ ရှုပ်ထွေးနေသော၊ ခံစားမှု နှစ်ခုရောနေသော သူ့စိတ်ဝင်္ကပါထဲမှ ထွက်ပြေးချင်နေသည်။ ထို့ကြောင့်လည်း စိမ်းစိမ်းနှင့် ရောင်၍ ရမည်မဟုတ်သော သူ့အိမ်မှ ကုသိနာရုံသို့ တကယ် ထွက်ပြေးလာခြင်းဖြစ်ပေသည်။ တိတ်ဆိတ် ငြိမ်သက်သော၊ အေးရိပ်ရှိသော၊ လှပသော ကုသိနာရုံထဲ ဝင်လိုက်သောအခါ သူ၏စိတ်သည် နည်းနည်း လန်းဆန်းလာသည်။ ပတ်ဝန်းကျင်အသစ်က သူ့ကို ရိုက်ခတ်လိုက်သည်။ ကျိုက်ဒေးရုံဘုရား ဂန္ဓကုဋီတိုက်ကို ဖြတ်လာကတည်းက ဖယောင်းနံ့၊ ပန်းနံ့၊ အမွှေးတိုင်နံ့များက သူ့ရန့်အာရုံကို တမျိုးတမည် သစ်ဆန်းအောင် လုပ်လိုက်သည်။ မှန်စီရွှေချ ဟင်္သာပြဒါးရောင် တိုင်လုံးနီနီများက သူ၏ အမြင်အာရုံကို ပြောင်းလဲလိုက်သည်။ ခေါင်းလောင်းသံများ၊ ပရိတ်ရွတ်သံ၊ ကမ္မဝါဖတ်သံများ၊ ဝတ်တက်သံများသည် သူ့စိတ်ကို ကြည်လင်သွားစေသည်။ သူ့အိမ်နှင့်မတူ၊ ခြားနားသော အဆောင်အယောင်။ ဖန်ပုတီးစေ့တီးခတ်သံ၊ စိမ်းစိမ်း၏ လက်ကောက်သံများမဟုတ်တော့။ ရေးဟောင်းပွတ်လုံးခံဖြင့် ထုထယ်ကြီးသော စားပွဲ၊ ဘီရိုများမဟုတ်တော့။ သနပ်ခါးနံ့ မဟုတ်။ နင်းဆီပန်းရနံ့မဟုတ်။ အားလုံးခြားနားသော ရနံ့၊ ပုံပန်း၊ အသံဗလံ။

ကုသိနာရုံ အဆောက်အဦးထဲ ဝင်လိုက်သောအခါ ဘုရားဂူကျောင်း တန်ဆောင်း အကွက်အဆင်က သူ့စိတ်ကို ရိုက်ခတ်လိုက်သည်။ သူ့စိတ်သည် အေးမြသွားသည်။ စောစောက ဘာလုပ်ရမှန်းမသိသော၊ ပူပင်သော စိတ်ညစ်များ တခါတည်း လျှော့ကျသွားသလို ကြည်သွားသည်။ ကျောက်ဖြူတွင် ရွှေရောင်သင်္ကန်းဖြင့် လဲလျောင်းမူနေသော ဗုဒ္ဓရုပ်ပွားတော်၏ သဏ္ဌာန်သည် အမြင်အာရုံတခုလုံးအား ပြောင်းလဲပစ်လိုက်တော့သည်။ မျက်နှာတော် အကျ ပုံရိပ် ပုံပန်းများကို ရွှေကောက်ကြောင်း၊ ရွှေမျှင်ပါးများဖြင့် ဖော်ထားသည်။ နဖူးသင်းကျစ်တော်မှာ ရွှေရောင်များ ဝင်းပလျက်။ မျက်ခုန်း၊ မျက်လုံး၊ နှုတ်ခမ်း၊ ပါးတော်များအားလုံးသည် အချိုးကျသော ပန်းပုကျောက်ဆစ်ဟန်ဖြင့် သပ္ပာယ်တင့်တယ်တော် မူနေသည်။ တည်ကြည်ပြုံးယဉ်သော မျက်နှာဖြင့် သူ့အား လှမ်းကြည့်တော် မူလိုက်သည်။ သင်္ကန်းတော်မှာ တဖိတ်ဖိတ်လက်လျက် ရွှန်းသစ်သော၊ အိညက်သော ရွှေရောင်ဖြင့် ဝင်းပလျက်။ မျက်နှာကြက် ဗိတာန်မှာ ရွှေရောင်နှင့် မှန်ကူကွက်များဖြင့် ပြိုးပြိုးပြက်ပြက်။ မြကန်သာဘက်ရှိ ပြတင်းပေါက်ကျယ်ကြီးမှ အလင်းရောင် ထိုးဖြာကျ၍ နေသည်။ လျောင်းတော်မူ၏ နောက်ခံနံရံ၌ အင်္ကြင်းပင်များနှင့် အဝေးမှမြင်ရသော နောက်ခံ တော်တောင် မြစ်ချောင်း၊ ကောင်းကင်များ ခြယ်ရေးထားသည်။ ရေးလက်ရာဖြစ်၍ အနီးအဝေးသဘော သိပ်မပါဘဲ၊ မြူဆိုင်းနေသော တော်တောင်ကိုသာ ခပ်မှုန်မှုန်ရေးရေး ဖော်ထားသည်။ ခေါင်းရင်းနှင့် ခြေတော်များ၌ အင်္ကြင်းပင် အငယ်စား ပုံများဖြင့် ဆင်ယင်ထားသည်။ အင်္ကြင်းရွက်များမှာ ရွှေရောင်။ အင်္ကြင်းပွင့်များမှာ ကျောက်နီများ စီကပ်ထားသည်။

သူသည် လွယ်အိတ်ကိုချကာ ဝတ်ချလိုက်သည်။ သူသည် ငြိမ်းချမ်းသွားသည်။ ထို့နောက် အလင်းရောင်ရသော၊ မြကန်သာဘက်သို့ မျက်နှာမူထားသော ပြတင်းပေါက် တံခါးဘေး၌ ဝင်ထိုင်လိုက်သည်။ လွယ်အိတ်ထဲမှ စာအုပ်များကို ထုတ်လိုက်သည်။ လာမည့်မတ်လထဲ၌ ဖြေရမည့် ဆယ်တန်းစာမေးပွဲအတွက် မှတ်စုများနှင့် ကျောင်းသုံးစာအုပ်များ၊ စာအုပ်များသည် သူ့ရှေ့၌ ဖရိုဖရဲ ရှိနေသည်။ သူ၏ ဘေးပတ်ပတ်လည်၌ကား ရုပ်တုများ၊ သူ့ကို ရုပ်တုများက ဝန်းရံထားသည်။ ရုပ်တုများကို ရောင်စုံခြယ်ထားသည်။ ရဟန္တာ၊ သိကြား၊ ပြဟ္မာ၊ နတ်သား၊ နတ်သမီး၊ ဘီလူး၊ နဂါး၊ ယက္ခ၊ ဂုမ္ဘာန်၊ ဘုရင်၊ မင်းသား၊ မင်းသမီး၊ ကိန္နရီ၊ ကိန္နရာ၊ မုဆိုး၊ မျှုးမတ်၊ ရသေ့၊ ပုဏ္ဏား၊ မဆာဝါ၊ ဆတ္တာသည်၊ ခွေး၊ သမင် အားလုံးပါသည်။ ရုပ်တုများကို သစ်သားတန်းများဖြင့် ကာရံထားသည်။ သစ်သားတန်းများမှာ လူတရပ်ကျော် မြင့်သည်။ ဗုဒ္ဓဝင် မဟာဝင် ဇတ်စုံခင်းထားသော ရုပ်တုများ၊ သူနှင့် အနီးကပ်ဆုံးနေရာ၌ မြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်တော်မူခန်း။ ငယ်ငယ်က မကြာခဏ ရောက်ခဲ့သော ကုသိနာရုံ။ သူငယ်စဉ်က ဖတ်ခဲ့ရသော မဟာရာဇဝင်၊ ဗုဒ္ဓဝင်၊ ဇိနတ္ထကာသနီကျမ်းများထဲမှ စိတ်ကူးရုပ်ပုံများ။

တချက်တချက် လေဖေ့လိုက်သောအခါ ခရေပန်းရနံ့များက ဝင်ရောက်လာသည်။ နွေ၏ အမှတ်အသား ခရေပွင့်။ နီရဲသော အင်ကြင်းကျော်နီပွင့်များကိုကား လျောင်းတော်မူရှေ့၌ မြင်နေရသည်။ တကယ့်ပန်းပွင့်ကား မဟုတ်။

တကယ်ကတော့ ရုပ်တုများသာ သူနှင့်တော်သည်။ ရုပ်တုများကို သူနစ်သက်နိုင်သည်။ မုန်းနိုင်သည်။ ကြည်မောနိုင်သည်။ စိတ်ပျက်နိုင်သည်။ ရုပ်တုများက သူ့ကို ဘာမျှ တုံ့ပြန်မည်မဟုတ်။ ရုပ်တုများနှင့် ဆန့်ကျင်၍လည်း ဘာမျှ မဖြစ်နိုင်။ ရုပ်တုများကို ချစ်၍ လည်း ဘာမှမဖြစ်နိုင်။ သူက အေးစက်စက်နေလျှင်လည်း သူ့ကို ဆွပေးမည်မဟုတ်။ မနာလိုမှာ မဟုတ်။ သူ့အတွက် ရုပ်တုများကြား နေရတာ အကောင်းဆုံး လူကတော့ ရုပ်တုလို ငြိမ်ခံနေမည်မဟုတ်။ ချစ်စရာရှိလျှင် ချစ်လိုက်မည်။ မုန်းစရာရှိလျှင် မုန်းလိုက်မည်။ မနာလိုစရာရှိလျှင် မနာလိုလိုက်မည်။ နဂိုက လူကြောက်သော သူ့အဖို့ လူသူနှင့်ဝေးရာ ဤနေရာသို့ ရောက်လာသည်မှာ သူ့အတွက် အကောင်းဆုံး မဟုတ်လား။

ပထမတော့ အရုပ်များ၊ နံရံပန်းချီများ၊ ရွှေရောင် လျောင်းတော်မူနှင့် မှန်စီမျက်နှာကြက်များသည် စိမ်းနေ၍ စိတ်က သိပ်မငြိမ်။ အားလုံးဆန်းသစ်နေ၍ သူ၏စိတ်သည် အရောင်အသွေးများ၊ အနံ့အသက်များ၊ အသံဗလံများသို့ ရောက်နေသေးသည်။ ကျီးကန်းအော်သံ၊ ဆက်ရက်အော်သံ၊ ကုသိနာရုံ ဘုံအဆင့်တခုပေါ်မှ ခိုညည်းသံများ၊ လင်းနို့အော်သံများ ရှိရာသို့ ရောက်နေသည်။ ဟိုရောက်လိုက်၊ သည်ရောက်လိုက်။

ထို့နောက် သူ၏ပတ်ဝန်းကျင်သည် သူနှင့် တဖြည်းဖြည်း ယဉ်လာသည်။ အလင်းရောင်နှင့် အမှောင်ရိပ်များသည် ညီညွတ်သင့်မြတ်သွားကြသည်။ သူရောက်စကမူ အလင်းရောင်နှင့် အမှောင်ရိပ်သည် မမျှ။ ဗုဒ္ဓလျောင်းတော်မူ ရုပ်ပွား၏ ဦးခေါင်းတော်ဘက်၌ အမှောင်ရိပ်များထိုးကျနေသည်။ ပြတင်းပေါက်နှင့် ဝေးနေသဖြင့် အလင်းရောင်က မရောက်။ နေရဋ္ဌရာမြစ်၌ ရွှေခွက်မျောသော နေရာမှာ အလင်းရောင်က များနေသည်။ မျက်နှာကြက်မှ ပင့်ကူမျှင်များသည်ပင် အလင်းရောင်ကြောင့် တိမ်မျှင်တိမ်သားများဖြင့် အကွက်ဖော်ထားသော ကောင်းကင်ပြင်ကြီး ဖြစ်နေပေသည်။

အသံဗလံအားလုံးသည် သူ့အသံစီးဆင်းပုံစနစ်ဖြင့်သူ စီးဆင်းမြည်ကျူးနေကြပေသည်။ နံနက်စောစော မည်သူလာ၍ ညှိပေးထားမှန်းမသိသော အမွှေးတိုင် အခိုးရနံ့သည် ပျံ့လွင့်ကာမွှေးကြိုင်လျက်။ အပြင်ပရိ ပတ်ဝန်းကျင်၏ စိမ်းသစ်မှုများ တဖြည်းဖြည်းကွယ်ပျောက် မှန်ဖျော့သွားသောအခါ သူ၏အတွင်းရှိ ဝေဒနာများသည် တမျှဉ်းမျှဉ်း ပေါ်လာကြသည်။ အပြင်က ငြိမ်သွားသောအခါ အတွင်းက ထလာကြသည်။ ညက အဖြစ်အပျက်သည် သူ၏ အာရုံကြောများသို့ လှည့်ပတ်လာသည်။ ကျောရိုးမှ တက်ကာ ဦးနှောက်ထဲသို့ ရောက်လာသည်။ အာရုံအားလုံးတို့၏ စုဝေးရာ ဌာနချုပ်ကြီး တည်နေရာသည်ကား၊ ဦးနှောက်ထဲ၌ ရှိတာပါလား။ သူ၏ခေါင်းသည် ရီလာသည်။ ညက သူ ဘာလုပ်လိုက်သလဲ။ စိမ်းစိမ်းက သူ့ကို ဖက်လိုက်တော့ သူဘာပြန် လုပ်လိုက်မိသလဲ။ ဘယ်သူက စ, တာပါလိမ့်။ သူက ငြိမ်ခံနေသလား။ ဘယ်လိုတုန့်ပြန်လိုက်သလဲ။ မေးခွန်းများသည် စီရရီ။ သည်မေးခွန်းများသည် အခုမှ ထွက်ပေါ်လာကြသည်။ ညက ဘာမေးခွန်းမှ မပေါ်လာကြ။

မရှိ။ မေးဘို့ရာလည်း အကြောင်းမပေါ်။ မေးပင် မမေးအား။ အဖြစ်အပျက်များကား စက္ကန့်ပိုင်းအတွင်း အရာအထောင် ကျော်လွှားသွားကြသည်။ သူသည် နဖူး၊ ပါး၊ လည်ပင်းတို့ကို ပွတ်မိသည်။ ဤနေရာများ၌ နာကျင်နေကြပေသေးသည်။ ခုနက ဝတ်ချပြီးအထ မှန်စီရိပ်ထဲ၌ သူ့လည်ပင်းကို နီကွက်ညိုနေသည်ကိုပင် မြင်ခဲ့ရသေးသည်။ သူသည် လည်ပင်းကို စမ်းနေမိသည်။ မမြင်ရသော်လည်း လက်က နီနေသော နေရာပေါ်သို့ ရောက်နေသည်။

သူသည် ဖြစ်ပျက်စဉ်က မမှတ်မိတော့သော သူ၏ညအဖြစ်အပျက်များကို ပြန်၍ တူးဖော်နေသည်။ ကကြီး, ခခွေးကို အ,မှနေ၍ ပြောင်းပြန်ကောက်နေသည်။ တဆယ်ရောက်နေပြီးမှ တစ်ကစ၍ ရေရွတ်ကြည့်သည်။ ပွင့်ပြီးမှ ဝတ်ဆံကို လိုက်ရှာနေသည်။ စိမ်းစိမ်းကို ငါဘယ်လိုတို့ပြန်လိုက်သလဲ။

သူသည် မောလျလာသည်။ သူသည် ရွှေရောင်ဖြင့် ဝင်းပနေသော ဗုဒ္ဓရုပ်ပွားတော်အား လှမ်းကြည့်လိုက်သည်။ ဗုဒ္ဓသည် သူ့အား၊ အမောင်လုလင် ချစ်သား၊ အမှန်တရားကို ရှာဘိလော့၊အမှောင်သည် ဖုံးကွယ်ထား၍ မရစကောင်းဟု မြွက်ကြားတော်မူနေသည်။ ဗုဒ္ဓ၏ မြွက်ကြားသံသည် ဂူလိုဏ်ထဲတွင် ပဲ့တင်ရိုက်ခတ်လျက် ရှိသည်။ အမှန်တရားကို ရှာဘိလော့၊ ရှာဘိလော့.......။

ခရေပန်းရနံ့များ ပြင်းပြထံယစ်လာသည်။ လေကျောသင့်သဖြင့် ယဉ်သော၊ ပျော့သော အမွှေးတိုင်ရနံ့က မှောပါလာသည်။ ရောနေသော ရနံ့နှစ်ခု။

သူသည် သနပ်ခါးရနံ့ကို သတိရလိုက်သည်။ တချွင်ချွင် လက်ကောက်ချင်း ထိသံများကို ကြားလာမိသည်။ သူသည် စိမ်းစိမ်းကို ပြန်ဖက်လိုက်သည်။ စိမ်းစိမ်းနှင့် ပါးချင်း အပ်သည်။ ထို့နောက် သူ့အား ချော့မော့ပြုတွယ်နေသော သူမအား နမ်းလိုက်သည်။ ကျန်အဖြစ်အပျက်များကိုကား အသေးစိတ် မမှတ်မိတော့။ အထိ အတွေ့သစ်၊ တခါမျှ မကြုံဘူးသော ခံစားမှုအသစ်။

သူသည် ကြက်သီးမွေးညှင်းထကာ မျက်လုံးများသည် ပြာဝေလာသည်။ သွေးအခုန် မြန်နေသည်။ ဘယ်လိုဖြစ်သွားသည် မသိ။ လက်ဖျားခြေဖျား အေးလာသည်။ နှုတ်ခမ်းပင် အေးလာသည်။

"ဟယ်..... မောင်လေး၊ နှုတ်ခမ်းတွေ အေးလို့ပါလား......"

စိမ်းစိမ်း၏ တိုးညင်သောအသံ။ သူ၏ နားနားကပ်၍ ပြောသောအသံ။ လေသံကလေးထွက်ရုံမျှသာ ရှိသည်။ တခါမျှ စိမ်းစိမ်းသည် သည်လောက် တိုးညင်သောအသံနှင့် စကားမပြောဘူး။ စိုးရိမ်သော အသံ။

စိမ်းစိမ်းသည် သူ့ကို ဖက်ထားရာမှ လျှော့လိုက်သည်။ သို့သော် သူက သူ့အား ဖက်ထားစေချင်သေးသည်။ သူမက လျှော့လိုက်သောအခါ သူက တိုး၍ ဖက်လိုက်သည်။ တခါက ဓာတ်မီးလုံးကြီးနှင့်ကွာနေ၍ ပျက်နေသည်ကို ပြင်ဘူးသည်။ ပိုးစကွာသော နေရာကို ထိမိရာ ကျဉ်သွားသည်။ ကြောက်လန့်၍ ခါလိုက်သော်လည်း ကပ်ပါလာသည်။ သည်ဝေဒနာမျိုး။ မန်းသာဒွေးတို့ အိမ်၌ ခေါင်ရည်စ,သောက်ဖူးတုန်းက ရစ်ဝေနေသော၊ မူးမှာကြောက်သော်လည်း၊ ချိုရှရှ မွှေးမြမြကို အရသာ ခံချင်နေသော ဝေဒနာ မျိုးပါကလား။

ဟုတ်တယ်။ ငါမှားသွားတာဘဲ။ အမ အရင်းလို ကြင်နာတဲ့ စိမ်းစိမ်းကို ငါပြစ်မှားမိတာဘဲ။

သူသည် ဗုဒ္ဓရုပ်ပွားတော်အား ကြည့်လိုက်သည်။ အမှောင်ရိပ်များသည် ဘယ်ပျောက် ကုန်သည်မသိ။ အလင်းရောင်များသာ လွှမ်းမိုးနေသည်။ ရွှေရောင်တို့သည် ဖိတ်ဖိတ်လက်၍ နေကြပေသည်။ အမှန်တရားကို ရှာဖွေတွေ့ရှိတော်မူသော အရှင်ဘုရား၊ တပည့်တော်သည် မှားမိပါပြီဘုရား။ အဝေးမှ ကြေးစည်သံများ ထွက်ပေါ်လာကြသည်။

ဟုတ်တယ်၊ ငါမှားတယ်။ ဘာဖြစ်လို့ စိမ်းစိမ်းကို ပြန်ဖက်မိပါလိမ့်။ စိမ်းစိမ်းက ငါ့အမ မဟုတ်ဘူးလား။ ဘာဖြစ်လို့ ငါစိမ်းစိမ်းကို ပြန်နမ်းမိပါလိမ့်။

လျောင်းတော်မူ ဗုဒ္ဓ၏မျက်နှာကြက်မှ မှန်စီပြားများသည် လိုင်းထနေသည်။ ကန်သာလမ်းပေါ်ရှိ ၄ပင်ကို လေတိုးသဖြင့် ယိမ်းထိုးနေသော အရိပ်များကို ဖြတ်လာရသော အလင်းရောင်ကြောင့် မှန်စီကွက်များသည် ယိမ်းထိုးနေသည်။ မြကန်သာကို ဖြတ်၍ လာသောလေသည် ကောက်ရိုးနံ့သင်းနေပါကလား။ ည၊ ည၊ အဲသည် ည။ လတ်ဆတ်နေသေးသော ည။

လရောင်ညသည် သူ့ကို ဖမ်းစားလိုက်သည်။ ခရမ်းနရောင်ည၌ အားလုံးလှပနေသည်။ စိမ်းလဲ့သော အစဉ်အလာနေရာတွင် ခင်ထားလှိုင်၏ ခရမ်းနရောင်ဇာ ညသစ်ရောက်နေပြီ။ သူသည် ည၏ အလှကို ခုခံနိုင်စွမ်းမရှိတော့။ ခရမ်းရောင်နှ၏ အလှမာယာကို မရှောင်နိုင်တော့။ ခင်ထားလှိုင်တို့ ညီအမကို လှေပေါ်မှ ချပေးရသောအခါ သူသည် သူသည် ရင်ဖိုနေသည်။ ခင်ထားလှိုင်နှင့် ပထမဆုံး ထိတွေ့ဘူးသည်ကား၊ သူ့အိမ်သို့ စန္ဒယားနည်းပြ နိသျစာအုပ်လာပေးစဉ်က ဖြစ်သည်။ သူက စာအုပ်ကို ကြည့်ချင်ဇောနှင့် ယူလိုက်ရာ လက်ချင်းထိသွားသည်။ တခါမျှ မဖြစ်ဖူးသော ခံစားမှု။ သို့သော် ထိုအခါက စာအုပ်၌ စိတ်ကလွှမ်းနေသဖြင့် ခံစားမှုသည် အရှိန်အားမရှိခဲ့။ ညကမူ ဘယ်တုန်းကနှင့်မှ မတူ။ အကြာကြီး ခင်ထားလှိုင်နား ကပ်နေရသည်။ ခင်ထားခိုင်က သူ့အား လက်ချင်း လာချိတ်လိုက်သောအခါ သူ့စိတ်ထဲတွင် ခင်ထားလှိုင်ဟုပင် ထင်မှတ်မှားနေခဲ့သည်။ သူတို့ ညီအမမှာ ရုပ်ချင်းက ခပ်ဆင်ဆင်လိုလို၊ အသွေးအမွေးက ခပ်ဆင်ဆင်လိုလို။ လရောင်ပြက်သော ည၌ကား၊ ညီအမ နှစ်ယောက်မှာ မကွဲမပြား ဗိုးဝါးထင်နေသည်။ သူသည် ခေါင်ရည်သောက်ရင်း နန့်ဖလော်ရာကို ကြည့်လိုက်သောအခါ ရုပ်ပုံနှစ်ခု ထပ်နေသည်။ အနီအပြာများသည် ရောထွေးနေသည်။ အရီအဝေ ပြေစပြုသောအခါမှ ရုပ်ပုံနှစ်ခုသည် ကွဲသွားကာ ပြတ်သာကြည်လင် သွားခဲ့သည်။ တရုပ်တည်း ဖြစ်သည်မဟုတ်လား။

မနေ့ညကား ယစ်ဝေရီလဲ့သော ည။ ရွှေမုဋ္ဌောစေတီကို တပတ် ပတ်သောအခါ၊ ခင်ထားခိုင်က နောက်ကနည်းနည်း ကျန်နေရစ်သည်။ စောစောက ညှိထွန်းခဲ့သော ဖယောင်းတိုင်အချို့ မီးငြိမ်းသွား၍ ပြန်မီးကူးနေသည်။ သရက်ပင်၊ မရမ်းပင်ရိပ်များ ကွယ်နေ၍ စေတီရုံဂူထွတ်တခုအနီး၌ ခပ်မှောင်မှောင်။ သူသည် ခင်ထားလှိုင်နှင့်ကပ်၍ လျှောက်လာသည်။

"ဗညားမော်......ခဏနေအုံး၊ ညီမလေးစောင့်လိုက်ရအောင်"

သူတို့နှစ်ယောက်သည် မှောင်ရိပ် မကျတကျ၊ လ,ရောင် ရာဇမတ်ကွက် ထိုးကျနေသော အကွေ့၌ ရပ်လိုက်ကြသည်။ အောက်လင်းဓာတ်မီးမှာလည်း၊ တံခွန်တိုင် ကွယ်နေသဖြင့် အလင်းရောင် ကောင်းကောင်း ရောက်မလာ။ ဂူထွတ်ထဲရှိ ဗုဒ္ဓရုပ်ပွားတော်မှာ အမှောင်တဝက်၌ စံနေတော် မူရှာသည်။

သူ၏ရင်သည် တဒိတ်ဒိတ် အခုန်မြန်လာသည်။ ခင်ထားလှိုင်၏ ကိုယ်ရနံ့။ ရေမွှေးနှင့် ကိုယ်ရနံ့ပေါင်းထားသော၊ အမျိုးအမည် မပြောတတ်သောရနံ့။ လှိုင်ရနံ့ကလည်း သူ့ကို ဖမ်းစားထားသည်။

ပြာလဲ့သော လ,ရောင်၊ စေတီရုံ၊ ရေရောင်ဟပ်သော ကုန်းမြေသာမဟုတ်၊ နီးကပ်သော အခြေအနေကသာ မဟုတ်၊ အားလုံး သူ့ကို ဖမ်းထားကြသည်။ ခင်ထားလှိုင်က သူ့ကို ကြည့်နေသည်။ သူကလည်း ခင်ထားလှိုင်ကို ပြန်ကြည့်မိသည်။ ခင်ထားလှိုင်၏ မျက်လုံးများသည် ခရမ်းရောင်နှတလဲ့လဲ့ ရွှန်းပနေသည်။ ဆည်းလည်းသံများသည် သာယာစွာ မြည်ကျူးနေကြသည်။ လယ်ကွင်းထဲရှိ လူသံ၊ သူသံ၊ လင်းကွင်းသံများကိုပင် မကြားရတော့။ ခင်ထားလှိုင်၏ 'ဗညားမော်'ဟု ခေါ်ပြောလိုက်သော အသံကိုသာ ကြားနေရသည်။ ခင်ထားလှိုင်၏အသံကသာ လွှမ်းမိုးနေသည်။ သူ့ကိုခေါ်လိုက်သောအသံမှာ ချစ်ခင်ကြင်နာခြင်း အပြည့်ပါသော အသံ။ တိုးညင်ချိုမြသော ရိုက်သံ။

ခင်ထားလှိုင်ကလည်း ဘာမျှမပြော၊ ငြိမ်သက်လျက်။ သူကလည်း ဘာစကားမျှ မပြော၊ ငြိမ်သက်လျက်။ သို့သော်- မျက်လုံးအကြည့်များသည် ဘာသာစကား။ သို့သော်- ဘာစကားလုံးမျှ ထွက်မလာ။ သူသည် သက်ပြင်းချလိုက်သည်။ ရင်ထဲက မောလျလျက်။ ကြက်သီးမွေးညှင်းများ ထနေသည်။ ခင်ထားလှိုင်၏ မျက်လုံးများသည် မှေးစင်းရီဝေလာသည်။ သူ၏လက်သည် တုန်လာကာ ခင်ထားလှိုင်၏ လက်နားရောက်လာဆဲ။ သူကကြောက်နေ၏။ ခင်ထားလှိုင်က ဘယ်လိုများ ထင်မလဲ။ ရီဝေနေဆဲ။

"ဟော့....မမ၊ လာလေ......"

ခင်ထားခိုင်၏အသံက သူ၏ကြောက်စိတ်၊ ရင်ဖိုစိတ်ကို ခွဲပစ်လိုက်သည်။ တခါမျှ မတွေ့ဘူးသဖြင့် ကြောက်နေသောစိတ်က အရှိန်ကို တန့်လိုက်သည်။

"ကိုကိုတို့လာလေ...... ဘာလုပ်နေကြတာလဲ......"

ခင်ထားခိုင်၏ ရယ်သံကြောင့် သူသည် လန့်သွားကာ ရှက်နေ၏။ သမွန်ပေါ်သို့တခါ ညီအမ နှစ်ယောက်ကို ချပေးရပြန်သည်။ ခင်ထားခိုင်ကတော့ အရယ်အမော မပျက်။ ခင်ထားလှိုင်ကလည်း သမွန်ပေါ်တွင် စကားသိပ်မပြော။ သူလည်း စကားပြော၍မရ။ ရေငတ်နေ၏။ ရင်ဖိုရလွန်းသဖြင့် မော၍နေ၏။ ခင်ထားခိုင်မှာသာ စကားတပြောပြော။ ခင်ထားလှိုင်တို့ ညီအမအား အိမ်လိုက်ပို့ပြီး ပြန်လာသော်လည်း၊ ရင်ထဲက လှိုက်ဖိုလျက်။ ရင်ထဲကမတင်မကျ။ တံတွေးကိုသာ ခဏခဏ မျိုနေရ၏။ အိမ်ထဲရောက်သည်အထိ။ စိမ်းစိမ်းနှင့် စကားများကြသောအခါ တမျိုး။ သို့သော်- ညဏ်ခံစားမှုအရှိန်သည် ဆက်သွားသည်။ စိမ်းစိမ်းက သူ့ကို ဖက်လိုက်သောအခါ အလျင်ရလာသော ခံစားမှုအရှိန်သည် ပွင့်သွားတော့သည်။ မတင်မကျ ဖြစ်နေသော၊ တင်းကျပ် မျိုချနေရသော ခံစားမှုကို အံချလိုက်မိတော့သည်။ သူသည် မီးခလုတ်ပိတ်လိုက်သည်။ ကြောက်စိတ်နှင့်ပင် တုံ့ပြန်သည်။ သို့သော် နည်းနည်းရဲလာသည်။ မှန်ရောင်စုံကွက်များမှ ရိုက်ထင်သော လ,ရောင်ပိုးတဝါး၌ သူသည် ယစ်ဝေလျက်ရှိသည်။ စိမ်းစိမ်း၏ရနံ့များကို သူထိတွေ့ ခံစားနေပေပြီ။

ဟုတ်တယ်။ မှားသွားတယ်။ မနီးတဝေး နီးတဝေး၌ သူသည် နောင်တရနေ၏။ သူ၏ မိခင်မရှိသည့်နောက် မိခင်၏ကြင်နာမှု၊ ယုယမှုတို့ကို ပေးနေသော၊ သူ့ကိုနားလည်သော၊ သူ့အကြိုက်ကိုသိသော တကယ့်အမအရင်းနှင့် မခြားသော စိမ်းစိမ်းကို နမ်းမိလေပြီကော။

ဟုတ်တယ်။ ဒါ- သူ့အပြစ်ဖဲ။ ဗုဒ္ဓရုပ်ပွားတော်မှ ရွှေရောင်သည် သူ့ရှေ့ရှိ စာအုပ်များပေါ်၌ ထင်ဟပ်နေသည်။ အမှန်တရားကို ရှာဘီလော့ဟူသော ဗုဒ္ဓအသံသည် ရွှေရောင်ထဲမှ ပွဲတင်၍ ပေါ်လာသည်။ ညက အဖြစ်အပျက်အလုံးစုံသည် အနေးရုပ် လှုပ်ရှားမှုအသွင်ဖြင့် ပေါ်လာကြသည်။ ညက မြန်လွန်းသဖြင့် မမှတ်မိသောရုပ်ပုံများသည် လှုပ်ရှားမှု နှေးလာသောအခါ တခုစီ-တခုစီ- တစစီ-တစစီ ကွဲပြားကာထင်ရှား ပီသလာတော့သည်။

ခရေပန်းရနံ့နှင့် အမွှေးတိုင်ရနံ့နှစ်ခုသည် လွင့်လာသည်။

ကြောက်နေသော၊ ရင်မဆိုင်ဝံ့သောစိတ်နှင့် စွဲလမ်းငြိတွယ်သော၊ တိုး၍သာ ရမက်အာသာခံစားချင်နေသော စိတ်နှစ်ခုတို့ ရောနေကြသည်။ နောင်တရသော ခံစားမှုနှင့် တောင့်တခံစားမှုနှစ်ခု ထွေးနေကြသည်။ သူ၏အတွေးသည် အတွင်းသို့ရောက်သွားသောအခါ ပြင်ပမှအသံဗလံ၊ ရနံ့၊ ရွှေရောင် မှန်ရောင်များ မှုန်ဝါးသွားသည်။ ပြင်ပက အာရုံများက ထင်ရှားလာသောအခါ အတွင်းမှခံစားမှုဝေဒနာများက မှုန်လာကြသည်။ အတွင်းနှင့်အပြင်တို့သည် ပဋိပက္ခဖြစ်နေကြသည်။ ဆင်ခြင်တုံတရားနှင့် ထိတွေ့ခံစားခြင်းတို့သည် တိုက်နေကြသည်။

ငါ-ဘာလုပ်ရမလဲ။ စိမ်းစိမ်းနဲ့ မတွေ့ဘဲ နေရမလား။ တအိမ်ထဲ နေသူနှစ်ယောက် ဘယ်လိုရှောင်လို့ရပါ့မလဲ။ ကြီးတော်များ သိမလား။

စိမ်းစိမ်း၏မွှေးရနံ့များသည် ပေါ်လာပြန်သည်။ စိမ်းစိမ်း၏ အိထွေးနူးညံ့သော အတွေ့များသည် ရင်ကို ခုန်စေသည်။ ဖေဖေနှင့် အဒေါ်သင်း။ သူတို့က ဘာပြောကြမလဲ။

ဥတ္တရာရုံကျောင်းဘက်မှ ကုလားတက် တုံးခေါက်သံသည် လှိုဏ်ဂူကို ဖောက်ထွင်း၍ အဆက်မပြတ်ပေါ်လာသည်။ ပြတင်းပေါက်အားလုံးမှ စုံရှမြည်ဟည်းစွာ ဝင်လာသောအသံ။ မွန်းတည့်နေကို အချက်ပြသော တုံးခေါက်သံ၊ ခေါင်းလောင်းထိုးသံ၊ ကျီးကန်းများအော်သံ၊ ခွေးအူသံများသည် ဆူညံစွာပေါ်လာကြသည်။ သူ၏ဒွိဟစိတ်အမျှင်ကို ဤကျောင်းသခ်မ်း၊ ဘုရားပရဝုဏ်မှအသံများက ဖြတ်ပေးလိုက်သည်။ သူ၏ရောနေသော ခံစားမှုနှစ်ခုသည် ဝါးသွားလေပြီ။ ၁၂-နာရီတောင် ကျော်ပါပကောလား။ သူစုမှ ဆာရမှန်းသိလာသည်။ သူသည် ဗလကို သွားသတိရလိုက်သည်။ ဗလတို့အိမ် သွားမှဘဲ။ သူ့သူငယ်ချင်း၊ တိုင်ပင်ဖော် တိုင်ပင်ဘက် ဗလ။ သို့သော် အခုကိစ္စ တိုင်ပင်လို့ ဖြစ်ပါ့မလား။

## အခန်း (၃၀)

"ဟင်......ဗညားမော်၊ ဘယ်က လာတာလဲ"

ရင်ရင်မြက သူ့ကိုမြင်မြင်ချင်း မေးလိုက်သည်။ ရင်ရင်မြမှာ အိမ်ရှေ့ခန်း၌ ထိုင်းရင်း တက်တင်ထိုးနေဆဲ။

"မမစိမ်း ခုဘဲ ပြန်သွားတယ်၊ ဗညားမော်ကို လာရှာတာ နှစ်ခေါက်ရှိပြီ။ စောစောက တခါ-ခုတခါ...... ဘာမှမကြာသေးဘူး၊ လမ်းတင် လွဲနေလိမ့်မယ်၊ ထမင်းစား မပြန်သေးလို့တဲ့......"

ရင်ရင်မြက ဗညားမော်၏အဖြေကို မစောင့်ဘဲ ပြောလိုက်သည်။

ဗညားမော်ကား ရင်ရင်မြကို မကြည့်ရဲ၊ ရှက်နေသည်။ ရင်ရင်မြကား၊ မမစိမ်း၏မိတ်ဆွေ၊ ခင်ထားလှိုင်၏ သူငယ်ချင်း။ သူ့အကြောင်းများ သိနေပြီလား။

"လာလေ.....ဗလလဲရှိတယ် ဒီနားတင်"

ရင်ရင်မြကား ဗညားမော်အပေါ် အမြဲတမ်း ဖော်ရွေမြဲ။ ပျူငှာမြဲ။ သို့သော် ဗလကိုကား၊ မမြင်ရသေး။

သူသည် ဖိနပ်ချွတ်မှ လှမ်းတက်လိုက်သည်။

ခေါင်းရင်းဘက်က ဒို့ဗမာအစည်းအရုံး အတွင်းရေးမှူး စားပွဲတွင် သခင် ခင်အောင်နှင့် အခြား တစိမ်းတယောက်ကို တွေ့လိုက်ရသည်။ ပင်နီအကျီ၊ ချည်လုံချည် တဘတ်နွမ်းကလေးနှင့်။ သခင် ခင်အောင်က ဗညားမော်အား လှမ်းကြည့်လိုက်ပြီး "လာဟေ့....သခင် ဗညားမော်"ဟု ပြုံးကာ နှုတ်ဆက်လိုက်သည်။ အတွင်းရေးမှူး စားပွဲဘေးတွင် ထိုင်နေသော၊ သူ့ကို ကျောပေးနေသော လူရွယ်က သူ့ကို လှမ်းကြည့်လိုက်သည်။ ကောင်ကလေးက ငယ်ငယ်၊ ဘယ့်နှယ့်ကြောင့် အတွင်းရေးမှူးကြီးက သခင်တပ်ခေါ်လိုက်ပါလိမ့်။ အံ့သြသောမျက်နှာ။ ဗညားမော်ကတော့ သည်လူရွယ်ကို မြင်ဘူးသလိုလို။ ဘယ်မှာ မြင်ဘူးသည်ကိုလည်း အမှတ်မရ။

ဗညားမော်က မတ်တတ်ရပ်ကာ အတွင်းရေးမှူးဘက်သို့ လှမ်းကြည့်နေသည်။ ဗလ ဘယ်ရောက်နေလဲ။

"ထိုင်ကွ.... မင်းမနေ့က သတင်းစာဖတ်ပြီးပလား......"

ဗညားမော်သည် စာအုပ်ဘီရိုဘေးနားရှိ ကုလားထိုင်၌ဝင်ထိုင်လိုက်သည်။ အတွင်းရေးမှူးစားပွဲနှင့် မနီးမဝေး။ ရင်ရင်မြက သူ့ဘေးတနေရာက မတ်တတ်ရပ်နေသည်။

"ဖတ်ပြီးပြီ ဦးလေး၊ ဒါပေမယ့် စုံအောင် စေ့အောင်တော့ မဖတ်ရသေးဘူး၊ မနေ့ညက မဖတ်ရဘူး၊ မနက်ကမှ- မနက်ကလဲ ကျွန်တော်က အိမ်က အစောကြီးထွက်လာရတာ....."

"ကောလိပ်ကျောင်းသားတွေ သပိတ်မှောက်တယ်ဆိုတာတော့ ဖတ်ရတယ် မဟုတ်လား"

သခင် ခင်အောင်မှာ ကောလိပ်သပိတ်အကြောင်း ပြောသည်ကိုပင် မြိန်ရေ ရှက်ရေ၊ ကျေနပ်နေသည့် လေသံဖြင့်။

"ဖတ်ရပါတယ်၊ ကျောင်းသူတွေတောင် ပါတယ်တဲ့၊ အင်းလျားဆောင်က ကျောင်းသူတွေက မော်လမြိုင်ဇရပ်မှာ နေကြသတဲ့"

ဗညားမော်မှာ နကို သူ့သဘာဝ စကားနည်းနည်း၊ အေးစက်စက်ဖြစ်သော်လည်း၊ သခင် ခင်အောင်နှင့် ကျလျှင် စကားပြောသည်။ သူစိတ်ဝင်စားသော အကြောင်းအရာများကို မေးချင် မြန်းချင်၊ သိချင် နေတတ်သည်။

"အေး......ဟုတ်တယ်၊ ဦးလေးလဲ သတင်းစာစောင့်နေတာ၊ သဘော်က ညနေစောင်းမှ ဆိုက်တာ၊ ကျောင်းသား ၇၀၀-ကျော်တယ်"

အတွင်းရေးမှူးစားပွဲတွင် ရောက်နေသော ပင်နီအကျီနှင့် တစိမ်းလူရွယ်က "၁၀၀၀-တောင် ကျော်တယ်လို့ ကြားရတယ်"

သူက ဗညားမော်ဘက်သို့လည်း လှည့်ပြောသည်။ ဗညားမော်အား သခင်တယောက်အနေဖြင့် အရေးတယူ ပြောလိုက်ခြင်းမျိုး။ ကောင်လေးတယောက်ကို ပြောသည့်သဘောမျိုးမဟုတ်။

"အဲဒါ...ဦးလေးတို့ ဒို့ဗမာအစည်းအရုံးက အသင်းစာရေး သခင် ဝင်းထိန်တဲ့"

သခင် ခင်အောင်၏စကားကြောင့် ဗညားမော်က အသာ သူ့ကို လှမ်းကြည့်လိုက်သည်။

"သူက မြို့လယ်လမ်းက ဦးသက်ထွန်းသား၊ ဒီနှစ် ဆယ်တန်း"

"အော်..... ဦးသက်ထွန်း၊ သိပါတယ်၊ စန္ဒယားတီးတီးနေတဲ့ တိုက်ကဘဲ"

"သူတီးနေတာ....."

ထို့နောက် သခင် ခင်အောင်က ကောလိပ်သပိတ်အကြောင်း ဆက်ပြောနေသည်။ သူက ပထမ ၁၉၂၀-က ကျောင်းသားသပိတ်အကြောင်းကစ၍ ပြောနေသည်။

"သပိတ်ကြီးတုန်းကတော့ အခု အမျိုးသားကျောင်းသားတွေ မွေးထုတ်ပေးလိုက်တာဘဲ၊ အခု ကောလိပ်သပိတ်က ဘယ့်နယ့်လာမလဲ မသိဘူး၊ သပိတ်ဆိုတာ ညီညွတ်ရင် အောင်တာဘဲ၊ ဖောက်တဲ့လူပါရင်တော့ ခံရမှာဘဲ "သပိတ်မှောက်အရေးနှင့် ညီညွတ်ရေးမှာ သခင် ခင်အောင်၏ လက်သုံးစကား။ ဗညားမော် မကြခဏ ကြားခဲ့ရသော စကား။ အခု ကျောင်းသားသပိတ်ပေါ်လာပြီ။ ခါတိုင်းဆိုလျှင် သူသည် သတင်းစာမှ သပိတ်မှောက် သတင်းများက အစအဆုံး တလုံးမကျန် ဖတ်မည်ဖြစ်၏။ ယခုကား စိမ်းစိမ်းနှင့် မတွေ့ချင်၍ ကပျာကရာ အိမ်မှ ထွက်ခဲ့ရသည်။ သတင်းစာပင် ဖတ်မကြည့်ခဲ့ရ။

"မြို့အုပ်- ဝန်ထောက်တွေဖြစ်ကြမယ့် ကောလိပ်ကျောင်းသားလေးတွေ၊ အစားကောင်း အသောက်ကောင်း တိုက်တာ မှန်ခန်းတွေထဲက ထွက်ပြီး ရွှေတိဂုံကုန်းတော်က ဇရပ်တွေမှာ သွားအိပ်ကြရတာ၊ တခါ ကျွန်တော် ကောလိပ်ကျောင်း မရောက်ဖူးတာနဲ့ သွားကြည့်ဘူးတယ်၊ ကျောင်းတက်နေကြတာလဲ ကျွန်တော်တို့ဆီ ပွဲထိုင်တက်သလိုပါဘဲ သခင် ခင်အောင်ရာ၊ သက္ကလပ်-ပိုး-ဖဲ တရွှမ်းရွှမ်း၊ ဘွတ်ဖိနပ် တဒေါက်ဒေါက်နဲ့၊ ခေါင်းက ဘိုကေကလဲ ကော့စမစ်တစ်နဲ့ သ,ထားလိုက်တာ ပြောင်ချောလို့ ခြင်ချော်လဲဘဲ........"

သခင် ဝင်းထိန်က သူတွေ့ခဲ့ဘူးသော တက္ကသိုလ်ကျောင်းသား ရုပ်ပုံကို ဖွဲ့သည်။

"ပင်နီဝတ်တဲ့၊ အိမ်တော်ရာထီးဆောင်းတဲ့၊ ပိန်းတန်းဖိနပ်စီးတဲ့ သခင် ကျောင်းသားတွေလဲ ရှိပါသေးတယ်ဗျ"ဟု သခင် ခင်အောင်က ဝင်ထောက်လိုက်သည်။

"ဘိုကေတင် မဟုတ်ဖူး၊ ကျောင်းခန်းထဲက ကြမ်းပြင်ဆိုတာများ ဖယောင်းတိုက်ထားတာ ချောပြောင်ဖိတ်လက်နေတာ၊ ကျွန်တော်ဖြင့် ချော်လဲမှာစိုးလို့ လမ်းတောင် ကောင်းကောင်း မလျှောက်ရဲဘူး၊ အဲဒီအထဲ ဘိုမလေးတယောက် ဆရာမ ထင်ပါရဲ့၊ ကျူတာလို့ ပြောတယ်၊ သေးသေးချွန်ချွန် ခုံမြင့်ဖိနပ်ကြီး စီးလာတာ.......... တဒေါက်ဒေါက်နဲ့၊ ရေမွှေးကလဲ မွှေးကြိုင်နေတာဘဲ......"

သခင် ခင်အောင်က သခင် ဝင်းထိန် ပြောသည်ကို သဘောကျကာ ရယ်မောနေ၏။ ဗညားမော် ကလည်း ပြုံးနေ၏။

"ဟုတ်တယ်........ သခင် ခင်အောင်၊ တကယ် ခမ်းနားထယ်ဝါတဲ့ ကျောင်းတော်ကြီးပါ ခင်ဗျာ၊ ကျောင်းဒရဝမ် ဝတ်ထားတာတောင် ကျွန်တော့်ထက် သန့်ပြန့်သေးတယ်၊ မြက်ခင်းတွေများ စက်နဲ့ ဖြတ်ထားလိုက်တာ...... ကော်ဇောစိမ်းစိမ်းကြီး ကျနေတာဘဲ၊ ကျောင်းသူကလေးတွေ ဝတ်ဆင်ထားကြတာကလဲ နု,အိလို့၊ စိန်ရောင်ရွှေရောင် တဖျတ်ဖျတ်......."

"အဲဒီ ကျောင်းမျိုးမှာ ဆင်းရဲသားတွေ နေနိုင်အောင် လုပ်ကြရမှာပေါ့ဗျ......."

"ခုတော့ ဝေးပါသေးတယ်......."

"ကိုယ့်မင်းကိုယ့်ချင်း ဘဝရောက်ရင် ဖြစ်ရမှာပေါ့ သခင် ဝင်းထိန်ရဲ့...... ကျွန်တော်တို့ ဆင်းရဲသားတွေ နေနိုင်အောင် အမျိုးသား တက္ကသိုလ်တွေ ထောင်ရမယ်....."

"အဲဒီလို ကျောင်းတော်ကြီးမျိုးကို သပိတ်မှောက် ထွက်လာတယ်ဆိုတာ တကယ့် ကိုယ်ကျိုးစွန့်ကြတာပေါ့၊ တက္ကသိုလ် သမဂ္ဂ ဥက္ကဋ္ဌ ကိုနုဆို ဘီ-အေ ဘွဲ့တောင် ပြန်အပ်လိုက်တာနော်"

ဗညားမော်မှာ စိတ်လှုပ်ရှားလျက်ရှိသည်။ ကောလိပ်သပိတ်ကို စိတ်ဝင်စားလျက် ရှိသည်။

"အားလုံးညီညီ-ယောကျာ်းဘာသားဒို့ဗမာ၊ နောင်လာနောက်သား ကောင်းစားဘို့ရာ၊ ဒို့ကိုယ်ကျိုး လုံးလုံးမပါ၊ ရဲရဲ ဗမာပီပီ"ဟူသော ဒို့ဗမာ သီချင်းထဲက အပိုဒ်တပိုဒ်ကို စိတ်ထဲက ဆိုနေမိ၏။ သူ့စိတ်ကို ထိခိုက်နေသော ညက အဖြစ်အပျက် အငွေ့အသက်များ ဘယ်သို့ လွင့်ပျောက်ကုန်သည် မသိ။ စိမ်းစိမ်းလည်း မရှိတော့။ ခင်ထားလှိုင်လည်း မရှိတော့။

"သပိတ်မှောက် ထွက်လာကြတော့...... 'ဘာစီတီ-ဘာစီတီ ဘို့င်းကောက်.... ဘို့င်းကောက်'ဆိုပြီး အော်တဲ့အသံတွေ၊ ဘတ်စ်ကားကို တဒိန်းဒိန်းထုတဲ့ အသံတွေဟာ ရွှေတိဂုံဘုရား ရင်ပြင်မှာ သောသောညံလို့ ဆိုဘဲ......" "အရင် ၁၉၂၀-သပိတ်ကြီးတုန်းကတော့ မစ္စတာမောင်မှိုင်းက 'ဘို့င်းကောက်ဋီကာ' ကို ရေးတယ်၊ အခု သခင် ကိုယ်တော်မှိုင်းကလဲ ကမ်းတစောင် ဖွဲ့အုံးမှာဘဲနော်........"

ဗညားမော်က ဝင်ပြောလိုက်သည်။ သူ့ရင်ထဲတွင် ပေါ်လာသည်ကို ပြောလိုက်ခြင်း ဖြစ်သည်။ သခင် ခင်အောင်နှင့် သခင် ဝင်းထိန်က သူ့ကိုကြည့်ကာ ပြုံးနေကြသည်။ ဆယ်တန်း ကျောင်းသားကလေးသည်လည်း၊ သူတို့၏ ဒို့ဗမာ သခင်ဝိုင်းထဲတွင် ရောက်နေပြီဟု ခံစားမိနေကြသော အမူအရာ။

"ကောလိပ်ကျောင်းသားတွေ ဇရပ်ပေါ် တက်နေကြတော့...... ဘယ်မှာ ထမင်းစားကြလဲ ဟင်..... ဖေဖေ...."

သူတို့ အနားက ရပ်နေသော ရင်ရင်မြကပါ စိတ်ပါဝင်စားလာပြီး မေးလိုက်သည်။ အိမ်ထောင် အကြောင်းကို ယောက်ျားကလေးများထက် ပို၍နားလည်သော ရင်ရင်မြက စားရေးနေရေးကို ပူပင်နေမိသည်။

"ပထမညကတော့ ဖြစ်သလို နေကြစားကြရမှာပေ့ါ၊ အဝတ်တထည် ကိုယ်တခုနဲ့ ကျောင်းက ထွက်လာရတာကိုး၊ သပိတ်မှောက်တယ်ဆိုတာ ဒီလိုဘဲပေ့ါ၊ ဆင်းရဲမှာ ဘယ်ကြောက်လို့ဖြစ်မလဲ၊ နိုင်ငံရေးဆိုတာ ကိုယ်ကျိုးအနစ်နာခံရတာမျိုး၊ ဝံသာနုခေတ်တုန်းက ၂၁-ဦး ဘာညာဆိုပြီး ကွဲကြတာလဲ ကိုယ်ကျိုးရှာသူ-ကိုယ်ကျိုးမရှာသူ ကွဲတဲ့သဘောဘဲ၊ ဒါမကြည့်နဲ့..... အမျိုးသားကျောင်းတွေ ပေါ်လာတော့တောင် အစိုးရအထောက်အပံ့ခံနဲ့ ကွဲသေးတယ်၊ ဒို့ရာမညက အထော်ကအပံ့ခံ၊ ကြည့်၊ ကိုယ်ကျိုးရှာသူတွေကတော့ ဘုရင်ခံပေးတဲ့ ငါးထောင်စား ရာထူး ဝင်ယူလိုက်ကြတာပေ့ါ၊ ဒါကြောင့်လဲ အခု ဆရာကြီး သခင် ကိုယ်တော်မှိုင်းက လေးချိုးကြီးနဲ့ ရေးထား...... ဘာတဲ့... ခွေးရူးပြန် မသာ၏ အလောင်းလိုပ........ နောက်ပြီး.........."

သခင် ခင်အောင်က အပိုဒ်တပိုဒ်ကို ရွတ်ပြနေသည်။

**"အခါအလှည့် ကောင်းစေဘို့**
**အစားချောင်စရာကြံ**
**မယားတောင်ညာခံတွေနဲ့**
**စံသည်တကား၊**
**အိုကွယ်........ငါးထောင်သပြာ စားမာန်ရယ်နဲ့မာန်ဖီဖီပွား......"**

"ညဆို သိပ်အေးတာ၊ နေ့ပူလို့ညချမ်း တပေါင်းလ သရမ်း ဆိုတာ၊ အကျီပါးပါးလေးတွေနဲ့ ကျောင်းသူတွေ မချမ်းကြဘူးလား မသိဘူး......"

ရင်ရင်မြက သပိတ်မှော်ကထွက်လာကြသော ညကို မှန်းကြည့်နေ၏။

သခင် ခင်အောင်က သူ့သမီးအား ပြုံးရယ်ကာ "တယ်......ဒီကောင်မလေး၊ တိုင်းပြည်အတွက် ဆောင်ရွက်တယ်ဆိုတာ ကိုယ်အဆင်းရဲခံရတာမျိုးဘဲ၊ သူတို့တော့ ပင်နီတောင် ဝတ်နိုင်းလို့ မရဘူး၊ ကြည့်တော့........သခင် ဝင်းထိန်"

သခင် ဝင်းထိန်က ဘာမျှပြန်မပြော။ ပြုံး၍သာ ကြည့်နေ၏။ ဗညားမော်ကလည်း ပြုံး၍နေ၏။ ရင်ရင်မြ ပင်နီ မဝတ်တာ ကြာပြီ။ ဒို့ဗမာအစည်းအရုံး စထောင်သော ၁၉၃၁-ဝန်းကျင်လောက်ကမှ ရင်ရင်မြသည် ကျောင်းတက်တိုင်း ပင်နီချောကလေးနှင့်။

"ဒါတော့ သခင် ခင်အောင်ရယ်၊ ဒီလိုပါဘဲ၊ မိန်းခလေးဆိုတော့လဲ ဒီထူထူထဲထဲကြီး သာမဝတ်ချင်သေးတာပေ့ါ၊ လှလှပပလေးတွေသာ ဝတ်ချင်ကြမှာပေ့ါ"

"ကျွန်တော်ကလဲ အစကသာ သူတို့ကို ပြောဟောခဲ့တာပါ၊ နောက်တော့ မပြောတော့ပါဘူး၊ ကိုယ်ကြိုက်တာ ကိုယ်လုပ်-ကိုယ်ယုံတာ ကိုယ်လုပ်ကြဘဲ၊ ဟုတ်တယ် သခင် ဝင်းထိန်၊ အတင်းဟောလို့ ပြောလို့လုပ်ရတာလဲ မမှန်ဘူးထင်လာတယ်၊ ကိုယ့်စိတ်ကိုယ်၌ကိုက တကယ်ယုံကြည်လာလို့ လုပ်လာတာကမှ အစစ်အမှန် ခိုင်မာတာ"

သခင် ခင်အောင်၏ မျက်နှာမှာ တည်ကြည်လေးနက်လာသည်။ ရင်ရင်မြက နောက်ဖေးဘက် ထွက်သွားသည်။ အပြင်ဘက် လမ်းပေါ်၌ သစ်ရွက်ခြောက်များ ရုပ်တိုက်ပြေးလွှားသံကို ကြားနေရသည်။

"ဒီကောင်လေးကြည့်.......သူ့ကို ဘယ်သူကမှ ဟောရပြောရတာ မဟုတ်ဖူး၊ သူ့ဖာသာသူ.... ဒို့ဗမာသီချင်း တက်ရင်းက စိတ်ဝင်စားလာတာ၊ အဲ-တခုတော့ရှိတယ်၊ သူက မေးတတ် မြန်းတတ် စူးစမ်းတတ်တယ်၊ သူ့စိတ်ထဲ မရှင်းတာရှိရင် ကျွန်တော့်ကို လာလာမေးတတ်တယ်၊ ဒါဘဲ၊ ကျုပ်သား ဗလလဲ ဒီလိုဘဲ၊ ကျွန်တော်က အကဲခတ်နေတာ၊ သူလဲ ဒီလိုဘဲ" ဗညားမော်မှာ သူ့ရှေ့တွင် သူ့အကြောင်း ပြောနေသဖြင့် မျက်နှာမထားတတ်အောင် ဖြစ်နေသည်။ တကယ်က သူ့စိတ်ကိုထိခိုက်တာက ဆရာစံ ဂဠုန် သူပုန်ခေါင်းပြတ်များ၏ ဓာတ်ပုံ။ သူငယ်ငယ်က စိတ်ကိုအထိခိုက်ဆုံးသော မြင်ကွင်း။ တညလုံး အိပ်မပျော်။ သူပုန်ခေါင်းပြတ်များက သူ့ကို ချောက်လှန့်နေခဲ့သည်မှာ ရက်ပေါင်း လပေါင်းညပေါင်း အတော်ကြာ။ ခုထက်ထိလည်း သူမမေ့။ သူစွဲနေသော ဝေဒနာတခု။ စိတ်ထဲက မခံချင်၊ ဝမ်းလည်းနည်း၊ ဒေါသလည်းဖြစ်၊ ကျေလည်း မကျေနပ်။ သို့သော် အဖြေကားမရ၊ နောက် ဒို့ဗမာသီချင်းကြားလိုက်ရသောအခါ သူ့ရင်ထဲက အစိုင်အခဲသည် လှုပ်ရှားလာသည်။ အဖြေ၏လမ်းစကို တွေ့လာသည်။ ဒို့ဗမာသီချင်းက သူခံစားနေရသော ဝေဒနာ၏ ရုပ်လုံးများကို ကိုယ်စားပြု ဖော်ပေးနေသည်။ အဲဒီတုန်းက ဒေါင်းလံ၊ ပင်နီ၊ စီးကရက်ရှောင်ခြင်း၊ ခေါင်းတုံးရိတ်ခြင်း၊ သခင်မျိုးဟော့- ဒို့ဗမာ၊ ဗမာပြေသည် ဒို့ပြေ စသည်တို့သည် အဲဒီတုန်းက ခေတ်က လူအများ၏ ခံစားမှုကို ဖော်ပြသော အရာများဖြစ်ကြသည်။ အဲဒီတုန်းက သခင်တယောက် တွေ့ဘူးသည်။ သခင် ခင်အောင်၏ အိမ်မှာဘဲ။ လူက ခပ်ချောချော၊ ကော်လိပ်ကျောင်းမှထွက်စ။ ရုပ်အင်္ကျီပင်နီ၊ အပေါ်အင်္ကျီပင်နီ။ ဆံပင်ကတော့နည်းနည်းရှည်သည်။ ခေါင်းတုံးရိတ်တာတော့ သူမကြိုက်ဘူးတဲ့။ နိုင်ငံခြားဖြစ် ဆီမွှေးများမသုံး၊ အုန်းဆီကိုသာ လိမ်းသည်တဲ့။ စီးကရက်မသောက်၊ ဆေးပေါ့လိပ်တော့ သောက်သည်။ ကာဖီ၊ လက်ဖက်ရည်လည်း မသောက်။ နိုင်ငံခြားဖြစ်များကို ရှောင်သည်။ သခင် ခင်အောင်က သူ့ကို ဧည့်ခံသောအခါ လက်ဖက်ရည်ကြမ်းနှင့် မြန်မာအမျိုးသား မုန့်ပဲသွားရည်စာကိုသာ သူစားသည်။ မုန့်စိမ်းပေါင်းကို သူသိပ်ကြိုက်သည်။ မုန့်စိမ်းပေါင်းက ကိတ်မုန့်ထက် ကောင်းသည်တဲ့။ ဘီစကွတ်ချောကလက်တို့တောင် မတို့။ ပဲလှော်သုပ်၊ ထန်းလျက်၊ ကြံသကာ၊ မြေပဲယိုတို့ကို စားသည်။ သူက စာရေးလည်း ဝါသနာပါသည်။ ကဗျာရေးသည်။ သူ့နာမည်က မောင်အုန်းမြ။ သခင်နာမည်တော့ မတပ်။ သို့သော် သခင်။ သခင်နာမည် မတပ်ပေမယ့် သခင်စိတ်ရှိရင် ပြီးတာဘဲတဲ့။ သူက အင်္ဂလိပ်စာအုပ်များ တော်တော်ဖတ်သည်ဟု သခင် ခင်အောင်က သူ့အား ပြောပြသည်။ ဝတ္ထု၊ ကဗျာ၊ နိုင်ငံရေးကျမ်းများ။ သူက ရာမညတွင် တပတ်လောက် နေသွားသည်။ ရွာတွေဘက်လည်း ရောက်သည်။ သူသည် ရာမညမှ မအူပင်ဘက် ဆက်သွားသည်။

ရောဝတီမြစ်ရိုးတလျှောက် မြို့ရွာများကို လှည့်ကာ လေ့လာမည်။ တိုင်းပြည်လူအများ၏ ခံစားမှုကို လေ့လာသောစာအုပ် တအုပ်ရေးမည်ဟု သခင် ခင်အောင်က ပြောပြ၍ သိလိုက်ရသည်။ သူ့လွယ်အိတ်ထဲတွင် မြေပုံများပါသည်။ သူ့မိဘတွေက လူချမ်းသာမြေလတ်ပိုင်းက။ မောင်နှမ နှစ်ယောက်ထဲရှိသည်။ နှမဖြစ်သူမှာ ဗိလတ်ပြန် အိုင်စီအက်စ်တယောက်နဲ့ လက်ထပ်သွားသည်။ အညာမြို့တမြို့၌ အရေးပိုင်ကတော်အဖြစ် ရှိနေသည်။ မိဘအမွေတွေ မနည်းဟု သခင် ခင်အောင်က ပြောသည်။ ခဏသာ တွေ့လိုက်ရသော်လည်း၊ လူချောသခင် တယောက်၏ ရုပ်ပုံလွှာကား ထင်ကျန်ရစ်သည်။ ယခု ကော်လိပ်ကျောင်းသားများ သပိတ်သတင်းကို ကြားရသောအခါ၊ သူ့ကိုသွား၍ သတိရမိသည်။ အဲဒီလို ကော်လိပ်ကျောင်းသားတွေလည်း သပိတ်မှောက်တဲ့အထဲ ပါကြမှာဘဲ။ သခင် ဝင်းထိန်ပြောတဲ့ သတ္တလပ်တိုက်ပုံ၊ ပိုးလုံချည်၊ ဘွတ်ဖိနပ်နဲ့ ကောလိပ်ကျောင်းသားတွေလဲ သပိတ်မှောက်တဲ့အထဲ ပါကြမှာဘဲ။

ရင်ရင်မြသည် လင်ဗန်းတချပ်နှင့် လက်ဖက်ရည်ကြမ်း၊ ငါးခြောက်ဖုတ်များယူလာသည်။

"အတော်ဘဲဗျာ၊ ကျွန်တော်က ငါးရံ့ခြောက် ကြိုက်တာနဲ့"

"စားပါ၊ တောက ကိုယ်တိုင်လှမ်းတဲ့ ငါးရံ့ခြောက်၊ ဆားသိပ်မပါဘူး......"

"စိတ်ချပါ၊ စားမှာပါ၊ ကျွန်တော်တို့ သခင်တွေက ဒို့အိမ်မှတ်ပါ- ဒို့ယာမှတ်ပါ- အဲဒါ ဒို့ဗမာဆိုတဲ့ ဒို့ဗမာသီချင်းထဲက အတိုင်းပေါ့၊ ဟား..... ဟား......"

သခင် ခင်အောင်ကလည်း သူ့စကားကို သဘောကျသဖြင့် ရယ်နေသည်။ သခင်ဝင်းထိန်က ငါးခြောက်တဖဲ့ကို ယူလိုက်သည်။ နှုတ်ကလည်း "အရသာ ရှိပုံဗျာ"ဟု ဆိုလိုက်သည်။ ရင်ရင်မြက ဘယ့်နှယ့်လူကြီးပါလိမ့် ဟူသော အကြည့်ဖြင့်။

"ဟိုက်စကူးကျောင်းတွေကလဲ သပိတ်မှောက်ဖို့ ပြင်နေတယ်လို့ ကြားတယ်"

သခင် ဝင်းထိန်က သပိတ်မှောက်အရေးကို ဆက်လိုက်သည်။

"ဟင်....ဟုတ်လား၊ ဘယ်က ဒီသတင်းရသလဲ၊ သိပ်ကောင်းတာပေါ့၊ သိပ်ကောင်းတဲ့ သတင်းဘဲ......"

သခင် ခင်အောင်သည် ဝမ်းသာအားရဖြင့် ကိုယ်ကိုကြွကာ ပြောလိုက်သည်။ သူ၏မျက်နှာသည် တောက်ပ၍ လာပေသည်။

"ဘယ်က ကြားလာလဲ....."

"ရန်ကုန်က ပြန်လာတဲ့ ကောလိပ်ကျောင်းသား တယောက်ဆီက......"

"ဘယ်ကလဲ....ရာမညကလား......"

"သူက ရာမညက မဟုတ်ဘူး၊ ရာမညက ကောလိပ်မှာနေတာ ဘယ်ရှိလို့လဲ၊ မောင်မြင့်ဆွေဘဲရှိတာ၊ သူကလဲ ဖျာပုံက ဆယ်တန်းအောင်တာ၊ အဲဒီကျောင်းသာက ဖျာပုံသွားမလို့၊ သဘော်ဆိပ်အဆင်း သူပြောတာ တဆင့်ကြားခဲ့ရတာ၊ ကျွန်တော်နဲ့ ဒီကျောင်းသားနဲ့က သိတာမဟုတ်ဘူး၊ ခပ်ပိန်ပိန် ရှည်ရှည်- အသားဖြူဖြူ၊ မျက်မှန်နဲ့၊ စကားကို ပြတ်ပြတ်သားသား ပြောတတ်တယ်၊ သူက လူတယောက်ကို ပြောနေတာ ကျွန်တော်က ကြားရတာ........."

"ဗညားမော်က မန်းသာဒွေးကို သတိရလာသည်။ သူလည်း ယုဒသန်ကောလိပ်မှာနေတာ မဟုတ်လား။

"ကျွန်တော်တို့ မန်းသာဒွေးလဲ......"

"ဟုတ်သားဘဲ၊ ဒီကောင်လေးကို မေ့တောင်နေတယ်၊ မန်းသာဒွေးက ဂျပ်ဆင်ကောလိပ်မှာ နေတာဘဲ........" ဗညားမော်၏ အာရုံထဲတွင် ကောက်သစ်ရန့်ဖြင့် မွှေးမြသော ချိုရှသော အရသာသည် ပေါ်လာသည်။ မဲခေါင်မြစ်၊ မုတ္တမပင်လယ်ကွေ့။ မီးရှို့ထားသော မီးခိုးတလူလူနှင့် တောင်စောင်းမှ တောင်ယာ။ မန်းသာဒွေး သူ့ထံသို့ စာတစောင်မျှ မရေး။ သိပ်နေနိုင်တဲ့ကောင်။ တကယ်က မန်းသာဒွေးမှာ စကားပင် သိပ်ပြောသူမဟုတ်။ လုပ်စရာရှိတာသာ လုပ်ကိုင်ပေးတတ်သည်။ လောကွတ် စကားမျိုး ပြောတတ်သူ မဟုတ်။ ခမုံချောင်းဘက် သွားပြီး၊ မန်းသာဒွေးအကြောင်း သွားမေးအုံးမှဘဲ။ တလောက လှေဆိပ်အနီး ဈေးထဲတွင် မဝေလုနှင့် တွေ့သည်။ မဝေလုက သူတို့ဆီလည်း စာတစောင်သာ ရေးလိုက်သည်တဲ့။ ကျောင်းစာတွေက ကြီးတော့ အားမှာမဟုတ်ပါဘူးတဲ့။ သူ့အကို တက္ကသိုလ်ကျောင်းကြီးကို သွားနေရသဖြင့် ညီမလေး မဝေလုက ကျေနပ်နေသည်။ "ငါစာရေးရင် နင်မေးတာလဲ ထည့်ရေးလိုက်မယ်၊ အိမ်လဲ အလည်လာပါအုံးနော်၊ မန်းသာဒွေးမရှိကတဲက နင်တို့လဲ တခါမှ လာမလည်ကြဘူး၊ လာကြအုံးနော်"ဟု မဝေလုက လှေဆိပ်အဆင်း၊ သူ့အား ပြောသွားသေးသည်။

"အထက်တန်းကျောင်းတွေ သပိတ်မှောက်တဲ့ထဲ ပါလာရင် သိပ်ကောင်းမယ်"ဟု သခင် ခင်အောင်က တတွတ်တွတ် ပြောနေ၏။

"ရန်ကုန်မြို့ပေါ်က အထက်တန်းကျောင်းတွေကတော့ သပိတ်မှောက်ကြမှာဘဲဗျ"ဟု အတော်ကြာမှ သခင် ခင်အောင်က ဆက်သည်။

ခဏမျှ ငြိမ်သက်နေသည်။ အတွေးကိုယ်စီ။ ကိုယ့်အတွေးနှင့်ကိုယ်။ သခင် ခင်အောင်က အထက်တန်းကျောင်းများ သပိတ်ပြန့်ပွားလာမည့်အရေးကို စိတ်ကူးတွေး တွေးနေသည်။ ဗညားမော်က သပိတ်ဆိုကတည်းက စိတ်လှုပ်ရှားနေသည်။ ရန်ကုန်က အထက်တန်းကျောင်းတွေပါ သပိတ်မှောက်လာရင် ဘယ်လိုဖြစ်မလဲ။ ရန်ကုန်ကောလိပ်ကျောင်းသားများ သပိတ်မှောက်တာ၊ ရန်ကုန်က အခြားကျောင်းတွေနဲ့ ဘယ်လိုဆိုင်တာလဲ။ ကောလိပ်ကျောင်းသားအရေးဟာ သူတို့အရေးမို့လို့လား။ သခင်ဝင်းထိန်ကတော့ သဘော်ပေါ်၌ တွေ့ခဲ့ရသော ဖျာပုံသွား ကောလိပ်ကျောင်းသားအကြောင်း စဉ်းစားနေဟန်။ ရန်ကုန်ကောလိပ်က ကျောင်းသားက အရေးထဲ ဘာကြောင့် ဖျာပုံသွားရတာလဲ။ ရင်ရင်မြပင် ငြိမ်နေသည်။ သူမကလည်း

ဘာစဉ်းစားနေသည် မသိ။ သူမသည် လက်သည်းများကို ကိုက်နေသည်။ ခါတိုင်း လက်သည်းကိုက်လျှင် သူ့အဖေက ထ,အော်တတ်သည်။ လက်သည်းကိုက်တာ ညစ်ပတ်သည့်အပြုအမူမို့ မကြိုက်။ ယခုမူ သူ့ဖခင်ကလည်း သူ့အတွေးနှင့်သူမို့ ဘာမျှမပြော။

ဆက်ရက်ကလေးများ ပြေးလွှားသံ၊ တကျည်ကျည်အော်သံ၊ ကျီးကန်းများ၏ တချက် တချက် ထအော်သံ၊ သစ်ရွက်ခြောက်များ ပြေးလွှားသံများသာ ကြားနေရသည်။ လေသည် စားပွဲပေါ်ရှိ သတင်းစာများကို ဆော့ကစားနေ၏။ ဗညားမော်က ဗန္ဓုလပန်းချီကားကို စက်ငေးကြည့်နေ၏။ ဘယ်သူမျှ စကားမပြောကြ။

"ရင်မြပြောချင်လို့၊ သပိတ်မှောက် ကျောင်းသားတွေကို ဘယ်သူက ထမင်းကျွေးကြမလဲ"

ရင်ရင်မြက တိတ်ဆိတ်ခြင်းကို သစ္စာဖောက်လိုက်သည်။

အားလုံး လှုပ်လှုပ်ရွရွဖြစ်သွားကြသည်။ ဗညားမော်က အံ့သြသွားသည်။ ဒီကောင်မလေးက ဒါဘဲ တွေးနေတာပဲ။ သခင် ခင်အောင်က လှမ်းကြည့်လိုက်သည်။

"ဒီကောင်မလေးရဲ့ အတွေးက လက်တွေ့ကျတယ်ဗျ"ဟု သခင် ဝင်းထိန်က လေးနက်သော လေသံဖြင့် ပြောလိုက်သည်။

"အော်..... သမီးကလဲ၊ တိုင်းပြည်အတွက် လုပ်တယ်ဆိုတာ တိုင်းပြည်က ကျွေးမှာပေါ့၊ မြို့မိမြို့ဖတွေက ကူညီကြမှာပေါ့၊ သပိတ်မှောက်တဲ့ညက ချက်ချင်း မြို့က စားစရာ သောက်စရာတွေ လာလှူကြတယ်၊ တက္ကသိုလ်သမဂ္ဂအသင်းမှာလဲ ရံပုံငွေ ရှိမှာပေါ့........."

ဗညားမော်ကား၊ ဗန္ဓုလပန်းချီကားကို ငေးလျက်။ သူလည်း နောက်ထပ် စကားပြောစရာမရှိ။ သူ ဘာမျှမသိသေးသော အကြောင်းအရာများ။ သို့သော် သူ၏ စိတ်တွက်ထဲတွင်ကား၊ တက္ကသိုလ်သမဂ္ဂ၊ ဘီအေဘွဲ့ပြန်အပ်ခြင်း၊ ဇရပ်ပေါ်တွင် အိပ်ကြသော သပိတ်မှောက် ကျောင်းသားများ၊ မြို့မိမြို့ဖ၊ ကိုယ်ကျိုးအနစ်နာခံခြင်း၊ ဖျာပုံသွား သပိတ်မှောက်ကျောင်းသား စသည်တို့သည်၊ အတွေးမျှင် ရက်သီဖွဲ့စည်းနေပေသည်။

"ဟင်......ဘယ်တုန်းက ရောက်နေလဲ"

ဗလ၏အသံ လှေကားမှပေါ်ထွက်လာသည်။

"အကိုကလဲ ကြာလိုက်တာ၊ ဗညားမော် ရောက်နေတာ ကြာပြီ......"

"ငါ-လမ်းဒေါင့်တင်၊ လာမှမခေါ်ဘဲ......."

"သိမှ မသိတာ...."

မောင်နမနှစ်ယောက် ရယ်မော စကားများကြပြီး ပြေငြိမ်းသွားသည်။

"မမစိမ်း..... မင်းကို လိုက်ရှာနေတယ်၊ ဒေါင်းတောက်လို့ မနက်စာလဲ အိမ်မှာ မစားဘူးတဲ့၊ မင်းက ဘယ်သွားနေတာလဲ......"

"အောင်မယ်.... ဒါဖြင့် မင်း- ထမင်းမစားရသေးဘူးပေါ့"

ဗညားမော်က ဘာမျှမပြော။

"ရင်မြရေ......ထမင်းရှိသေးလား......"

ဗလက သူ့အကြောင်းသိသည်။ သူသည် ရင်ရင်မြနားကပ်ကာ တိုးတိုး-တိုးတိုးနှင့် ပြောနေသည်။ ဟင်းအကြောင်းများ ပြောနေသလား။

"ငါ မစားတော့ဘူး......"

ဗညားမော်မှာ သူများအိမ်၌ ထမင်းမစားတတ်ဆိုတာ သူသိသည်။ သို့သော် သူ့အိမ်၌ တခါနှစ်ခါ စားဘူးသည်။ ဒါတောင် အတင်းခေါ်မှ..... ရင်ရင်မြသည် အိမ်ထဲဝင်သွားသည်။ သခင် ခင်အောင်က တက္ကသိုလ် သမဂ္ဂနှင့် ဒို့ဗမာအစည်းအရုံးမှ ခေါင်းဆောင်များ အကြောင်းပြောနေသည်။ သခင် ခင်အောင်မှာ ရန်ကုန်သို့ ရောက်တိုင်း၊ နိုင်ငံရေးနယ်ပယ်မှ သူ၏မိတ်ဆွေများအား သွားတွေ့တတ်သည်။ ကျောင်းသား၊ သခင်။ ကျောင်းသား ဆိုသော်လည်း ခပ်ရွယ်ရွယ်၊ ဘီအေအောင်ပြီး ဥပဒေတန်းတက်သူ၊ မဟာဝိဇ္ဇာတန်းတက်နေသူ။ ရာမည ဒို့ဗမာ အစည်းအရုံးဥက္ကဋ္ဌ မြေပိုင်ရှင် သခင်မြအုန်းမှာလည်း မြို့ကကြည်ညိုလေးစားသူ ဂုဏ်သရေရှိလူကြီးတယောက်။

ဖွဲ့စည်းစလောက်ကသာ စိတ်အားထက်သန်သော်လည်း၊ နောက် သွေးနည်းနည်းအေးသွားသည်။ သူ့ကိုလည်း လှုံ့ဆော်ပေးဘို့ လိုမည်။ သို့သော်-သူက ငွေရေးကြေးရေးတတ်နိုင်သလောက် လှူသည်။ သူ၏အသိုင်းအဝိုင်း လူချမ်းသာပိုင်းနှင့် မင်းစိုးရာဇာပိုင်းအပေါ်ဩဇာရှိသူဖြစ်၍ သူမရှိလည်းမဖြစ်။ တက်တက်ကြွကြွပါဝင်နိုင်သော လူငယ်လူရွယ်များ လိုချင်နေသည်။ ကျောင်းသား ဆိုပြန်ကလည်း ကျောင်းစာက တဖက်နှင့် မဖြစ်။ ကျောင်းသားကြီးကြီးထဲက ကျောင်းထွက်စ လူငယ် ခပ်ကြီးကြီးထဲကလည်း နိုင်ငံရေးစိတ် ရှိတာနည်း၊ တချို့လည်း ကိုယ့်စီးပွားရေးအလုပ်နှင့် မအားကြ။ ခင်ဇော်၊ သက်နှင်း၊ ငြိမ်းမောင်၊ သာခင်။ သူတို့ကို နည်းနည်းသဘောကျသည်။ သည်အထဲမှာ သက်နှင်းလဲ ပါနိုင်တယ်။ သူက ရုံးမှာ လုပ်နေပေမယ့် ရုံးအလုပ်က သိပ်များ။ မြူနီစီပယ်ခွန်ကောက်တဲ့ အချိန်မှာသာ အလုပ်များတာ။ နောက်ပြီးတော့ သာခင်။ သူက ပွဲရုံဆိုတော့ လွတ်လပ်တယ်။ ခင်ဇော်ကိုတော့ သဘောကျတယ်။ ကောင်လေးက ချက်ချက်ချာချာကလေး။ ဒါပေမယ့် သူ့မိဘက ရှားပါးတော့ အိမ်ကို ပစ်ထားလို့မရ။ သူဆိုရင်ကောင်းမယ်၊ ဆယ်တန်းလဲ အောင်တယ်။ လူကြီးပိုင်းထဲကတော့ ရှာမတွေ့ဘူး။ အဲ......ငြိမ်းမောင်တယောက်ရှိသေးတယ်။ သူလဲ ဆယ်တန်းအောင်ပြီးသား။ အဲဒီလို လူငယ်ကလေးတွေ အားဖြည့်ရမယ်။ အားကစားသမားထဲက၊ အတီးအမှုတ်သမားထဲက လိုချင်တာ။ ဟော....... ကျန်နေတယ်။ မန်းမြသီး။ မန်းမြသီးလဲ တော်တယ်။ သိပ်ရိုးတဲ့ ကရင်အမျိုးသားကြီး။ ကရင်တွေထဲမှာလဲ ဩဇာရှိတယ်။ ဒါပေမယ့် သူက မြန်မာတွေထဲ သိပ်မလာဘူး။ သူ့ဆီသွားရအုံးမယ်။

နောက်ဖေးမှ ညှော်နံ့ဝင်လာသည်၊ ဗလ နောက်ဖေးဝင်သွားသည်။ ဗညားမော်မှာ သခင် ခင်အောင်၏ ရာမညစီရင်စု ဒို့ဗမာအစည်းအရုံး၏ အင်အားတိုးချဲ့ရေး၊ စည်းရုံးရေးစီမံချက်များကို နားထောင်နေသည်။ သခင် ဝင်းထိန်ကလည်း အကြံပေးသည်။ သခင် ဝင်းထိန်မှာ ရာမည၏ အနောက်ဖက် ဆင်းရဲသားများနေသော မက္ခရာတံတားရှိ အိမ်စုများ၌ နေသူဖြစ်ရာ ဆင်းရဲသားများဆီက လူအားရနိုင်ကြောင်း ပြောပြနေသည်။

ရင်ရင်မြ ပေါ်လာကာ "လာ....... ထမင်းစားရအောင်၊ ပြင်ပြီးပြီ......."

"ဟာ.... ကျွန်တော်မဆာပါဘူး ရပါတယ်......."

"မင်း.....ဆာနေပါတယ်၊ ၂-ချက်တောင်ထိုးပြီ လာ......"

ဗလရော၊ သခင် ခင်အောင်ရော အတင်းခေါ်သဖြင့် နောက်ဖေးဆောင် ရောက်သွားသည်။ တကယ်က သူသည် ဆာနေပြီ။ ဗလက စားပွဲတွင် လက်ဖက်ရည်ကြမ်း သောက်နေသည်။ ဟင်းများကား စုံလို့။ ဘဲဥကြော်၊ ငါးကျည်းခြောက်ကို ဆီနိုင်းချင်း၊ ကြက်သွန်နိုင်းချင်းနှင့် ကြော်ထားသည်။ ဒါက ချက်ချင်း ရင်ရင်မြ လုပ်သည့် ဟင်း။ အခြား ပုဇွန်ဟင်း၊ ဝက်သားဟင်းများလည်း ပါသည်။ သူကြိုက်သော ငါးကျည်းခြောက်ပါနေ၍ ပုဇွန်ဟင်းပင် သိပ်မတို့။ ရင်ရင်မြ ဘယ်လိုသိပါလိမ့်။

"ငါးကျည်းခြောက်က အဆင်သင့်ရှိနေတာနဲ့ ကြော်လိုက်တာ၊ ဗညားမော်က ငါးကျည်းခြောက် ကြိုက်တယ်ဆို၊ မမစိမ်းက ခဏခဏ ပြောတယ်၊ ဗညားမော် ဟင်းမရှိရင် ငါးကျည်းခြောက် ကြော်ပေးလိုက်တာဘဲတဲ့"

သူတို့ချင်းတွေ့၊ စကားပြောကြလျှင် သူ့အကြောင်း ဘယ်လိုလုပ် ပါလာပါလိမ့်။ အခုလဲ စိမ်းစိမ်းနဲ့ သူ့အကြောင်းများ ပြောကြမလား။ အမျိုးသမီး အချင်းချင်းတွေ့လျှင် ဘာတွေများ ပြောကြပါလိမ့်။ စိမ်းစိမ်းကများ ရင်ရင်မြကို သူ့အကြောင်း ပြောမလား၊ ခင်ထားလှိုင်ကိုများ သူ့အကြောင်း ပြောရင်ကော.....။

"ရင်မြ..... အိမ်ရှေ့မှာ လက်ဖက်ရည်ကြမ်းလေး ဘာလေးကြည့်ဖြည့်ထည့်ပေးပါအုံး"

ဗလက ပြော၍ ရင်ရင်မြသည် အိမ်ရှေ့ ရောက်သွားသည်။

သည်တော့မှ ဗလက "ဟေ့ကောင်...... မင်း မှန်မှန်ပြောစမ်း၊ မနေ့ညက ဘယ်သွားလဲ"

ဗလမျက်နှာမှာ ပြုံးစိစိ။

ဗညားမော်မှာ ထိတ်ကနဲ ဖြစ်သွားသည်။ ဗလ ဘယ်လိုလုပ်သိပါလိမ့်။

"မင်း ညာပြောမယ် မကြံနဲ့၊ ငါ အကုန်သိတယ်"

သည်တော့မှ ဗညားမော်မှာ ပြောရအခက်၊ မပြောရအခက် ဖြစ်နေသည်။ မပြောလျှင်လည်း မဖြစ်တော့။

"မင်း...... ဘယ်လိုလုပ်သိလဲ....."

ဗညားမော်မှာ မျက်နှာမထားတတ်။ ခက်ပြီ။ အားလုံး သိနေပြီကော.......။

"သိတာပေါ့ကွ၊ မနက်က ဈေးနားက လက်ဖက်ရည်ဆိုင်မှာ အောင်ဒင်ကြီးနဲ့တွေ့တယ်၊ ဒီကောင်ပြောတာ၊ ဒီကောင်က အော်ကျယ်အော်ကျယ်နဲ့၊ မင်းနဲ့ ခင်ထားလှိုင်နဲ့ ရွှေမုဋ္ဌောမှာ လက်ချင်းချိတ်လာဆို ဟုတ်လား၊ မင်းတို့က သူ့ကို မမြင်ဘူးတဲ့၊ ကြည်နေကြသတဲ့"

ဗညားမော်သည် လန့်သွားသည်။

"ခင်ထားလှိုင်နဲ့ လက်ချင်းချိတ်တာ မဟုတ်ပါဘူး.... ခင်ထား....."

ရင်ရင်မြ အနားရောက်လာ၍ ဗညားမော်သည် စကားကို ရပ်လိုက်သည်။ ခင်ထားခိုင်က သူ့ကို အကိုလို ခင်တွယ်ခြင်းသာ ဖြစ်သည်။ ခလေးစိတ်၊ ဘာမှ သိတာမဟုတ်။ သို့သော် ဘယ့်နှယ့် ခင်းထားလှိုင်နဲ့ လက်ချင်းချိတ်တာ ဖြစ်သွားရပါလိမ့်။

"အမယ်....... ရင်မြ ကြားပါတယ်၊ အကိုတို့ ခင်းထားလှိုင် အကြောင်း ပြောနေကြတယ် မဟုတ်လား......."

"တယ်..... ဒီကောင်မလေး......."

"ရင်မြ သိပါတယ်၊ ခင်ထားလှိုင်က ဗညားမော်ဆို သိပ်အရေးပေးတာ၊ လူချင်းတွေ့ရင်လဲ ခင်ထားလှိုင်က ဗညားမော်အကြောင်းဘဲ ပြောနေတာဘဲ"

ခက်ပြီ။ ရင်ရင်မြပင် သူနှင့် ခင်ထားလှိုင်အကြောင်း ပြောနေပြီ။ ခင်ထားလှိုင်က သူ့အကြောင်း ဘာများ ပြောနေပါလိမ့်။ အောင်ဒင်ကလဲ ဘာတွေ လျှောက်ပြောမလဲ မသိ။ အောင်ဒင်ကလဲ ခင်ထားလှိုင်ကို ပိုးနေတဲ့ကောင်။

ဗညားမော်မှာ စိတ်ရှုပ်သွားသည်။ သူ့ဘဝမှာ တခါမျှ သည်လို ရှုပ်ထွေးသွားမည်ဟု မထင်ရဘဲ ရှုပ်ထွေးတာမျိုး မကြုံခဲ့ရဘူး။ သူက လူတွေနှင့်လည်း သိပ် ပေါင်းတတ် သင်းတတ်သူ မဟုတ်။ ရောရောနှောနှောကြီးလည်း နေတတ်သူ မဟုတ်။ အိမ့်ပြင်ဘက်ထွက် ကစားတာမျိုးပင် မရှိ။ သူ့ခြေထောက်က သိပ်မသန်သဖြင့် အခြားခလေးများလို ကစားကွင်း၊ လမ်းပေါ်၌ ရောထွေး ဆက်ဆံကူးလူးနေခဲ့ရတာ မဟုတ်။ သူ ဝါသနာပါတာကလည်း စာအုပ်၊ ပန်းချီဆေးဖူး၊ မယ်ဒလင်။ တကိုယ်တည်း လုပ်ရသော အလုပ်မျိုး။ အဖော်မပါဘဲ လုပ်၍ရသော အလုပ်မျိုး။ အဖော် မလိုရုံမဟုတ်။ အဖော်မရှိမှ ပိုပြီးလုပ်နိုင်သော အလုပ်မျိုး။ သူ့ သူငယ်ချင်းများကား သိပ်မများ။ ခပ်အေးအေး၊ ခပ်ရိုးရိုးသာ နေခဲ့ရသော ဘဝ။ ယခုကား ဘာတွေဖြစ်ကုန်ပြီ မသိ။ သူ မထင်တာတွေ၊ သူမတွေးမိတာတွေ တညတာအတွင်း ဖြစ်ပျက်သွားခဲ့ရပြီကော။ ခင်ထားလှိုင် သူ့အကြောင်းတွေများ သိရင် ဘယ်လိုပြောမလဲ။ ခင်ထားလှိုင်နှင့် ခင်ထားခိုင်ကလည်း ရောသွားပြီ။ အောင်ဒင် လျှောက်ပြောလျှင် အခက်။

သူသည် သူကြိုက်သော ငါးကျည်းခြောက်ကြော်ဝါးရင်း နေးသွားသည်။ ရောနှောနေသော ခံစားမှုများ ရောက်လာကြသည်။ နှောင်တ၊ စွဲလမ်းခြင်း၊ စိမ်းစိမ်း၊ အဒေါ်သင်နှင့် သူ့အဖေ။ သူမရှင်းနိုင်သော ရှုပ်ထွေးလိမ်ယှက်မှုများ။

သူသည် စားနေရာမှ ထ,လိုက်သည်။ ဆက်၍ စားမရတော့။

"တော်ပလား....... စားပါအုံး"

"ဟုတ်သားဘဲ၊ ထမင်းတောင် မကုန်ဘူး၊ ဟင်းတွေလဲ အများကြီး ကျန်သေးတယ်"

"ဝနေလို့ပါ"

ဗညားမော်၏အသံမှာ ခပ်ဖျော့ဖျော့။

"ရင်မြ ကြော်တဲ့ ငါးကျည်းခြောက်ကြော်က မကောင်းလို့လား"

"ကောင်းပါတယ်၊ စားသားဘဲ"

"ခင်ထားလှိုင်တို့အိမ်က ကျွေးရင် ဒီထက် စားမှာပါ"

"ဟဲ့-ကောင်မလေး" ဟု ဗလက သူ့နှမကို ငေါက်လိုက်သည်။

"အမယ်..... အကိုက ဘာမှ မသိဘဲနဲ့"

"သူ ဝနေလို့ဖြစ်မှာပေါ့၊ နင့် ငါးကျည်းခြောက်ကြော်တော့ ဒို့က မကြိုက်သေး"

သူသည် ရင်ရင်မြ ခပ်လာပေးသော ရေကို သောက်ရင်းလည်း တွေးနေသည်။ ချက်ကိုစလိုဖေးကီးယားက လုပ်သော ပန်းတွန့် မှန်ကူကွက်များဖြင့် ဖော်ထားသော ဖန်ခွက်။ ကြည်လင်နေသည်။ သူ့စိတ်သည် ဖန်ခွက်ကလေးလို ကြည်လင်စမ်းချင်ပါဘိ။

ထို့နောက် ဗလနှင့် ဗညားမော်သည် နောက်ဖေး ထမင်းစားခန်းမှာပင် ကျောင်းစာများအကြောင်း ပြောနေကြသည်။ ရင်ရင်မြက သူတို့နှစ်ယောက်ဘေးမှ ထိုင်ကာ နားထောင်နေသည်။ အပိုဘာသာ ယူတာချင်းလည်း အတူတူ။ ဗညားမော်အဖို့ စကားပြောနေတုန်း နည်းနည်း သက်သာရာ ရသွားသည်။ စိတ်ရှုပ်စရာများဘေးသို့ စဉ်ထွက်ကာ ကျောင်းစာများက နေရာယူထားကြသည်။

ပြတင်းပေါက်မှ ထိုးဝင်လာသောနေရောင်၌ သံတိုင်အရိပ်များ ရှည်ကျလာသည်။ စားပွဲခင်းပေါ်မှ သံတိုင်အရိပ်များသည် ဘေးသို့ ရွေ့သွားကြလေပြီ။

"ဗညားမော်ရေ.....ဟောဒီမှာ လန်ဘားလာနေတယ်"

သခင် ခင်အောင်က အိမ်ရှေ့မှ လှမ်းအော်လိုက်သည်။ လန်ဘားက "ဘာကြောင့် သူလာခေါ်ရတာလဲ"

ဗညားမော်မှာ စာအုပ်ကိုချကာ အိမ်ရှေ့သို့ ထွက်လာရသည်။

"လန်ဘား....ဘာလဲ"

"အမ အခေါ်ခိုင်းတယ်၊ အကိုတွေ့ရင်နော်- ကျနော့်လံချားစီးပြီး တင်လာရမယ်ပြောတယ်"

လန်ဘားမှာ ဦးသက်ထွန်းအမြဲတမ်းစီးသော လံချား။ ဦးသက်ထွန်းသာမဟုတ်၊ သူတို့အိမ်သားများအားလုံး သွားစရာ လာစရာရှိလျှင် လန်ဘား၏လံချားကိုပင် စီးကြမြဲ။

"ဘယ်အမလဲ.......”ဟု ရင်ရင်မြက ဝင်မေးသည်။

"အမစိမ်းစိမ်းရှိတယ်နော်......ဒီအမက လွှတ်လိုက်တာ........"

"ကဲ-ဗညားမော်လိုက်သွား၊ မင်းအမ ဒီအိမ်လာရှာတာတောင် နှစ်ခေါက်ရှိသွားပြီ၊ စိတ်ပူနေတယ်နဲ့တူတယ်"

အမ စိမ်းစိမ်းကလဲဗျာ၊ အရေးထဲ လန်ဘားတောင် လွှတ်အခေါ်ခိုင်းရတာကိုး။ တယ်ခက်တာဘဲ။ ဗညားမော်သည် ခေါင်းကုတ်နေ၏။ သူများတွေ ရိပ်မိတော့မှာပါဘဲ။

"သူ့အမက သိပ်စိတ်ပူနေတာ.....လိုက်သွား... ဗလရေ....... သဘော်ဆိပ်ဆင်းစမ်းပါအုံးကွာ၊ သတင်းစာ မလာသေးဘူး၊ သဘော်ဆိုက်ဆိုက်ချင်းယူခဲ့၊ သပိတ်သတင်း ကြားချင်နေတယ်"

"မမစိမ်းကနော်..... သူ့မောင်ကို သိပ်ချစ်တာ......."

ရင်ရင်မြက သူ့အဖေအားပြောပြနေသည်။

တကယ်က အိမ်သို့ မပြန်ချင်သေး။ သို့သော် မဖြစ်တော့ပြီ။ လန်ဘားကလည်း စောင့်နေလေပြီ။

"ကဲ........ဗလ လာကွာ၊ ငါနဲ့လိုက်ခဲ့၊ မင်းကို သဘော်ဆိပ် ဝင်ချပေးမယ်"

သူ့စိတ်ထဲက ဗလနှင့်အတူ သဘော်ဆိပ်သွားမည်။ မှောင်မှ အိမ်ပြန်မည်။

"အို........လမ်းကတခြားစီဘဲ၊ မင်းဖာသာမင်းသွား၊ အမစိမ်းက စိတ်ပူနေတာ"

ပြောရင်းဆိုရင်း ဗလက ခြေလျင် လျှောက်သွားသည်။ သူလည်း လံချားပေါ် တက်လိုက်ရတော့သည်။ လန်ဘားကုလားကား သစ္စာရှိသူ။ လမ်းတွင် ဘယ်မှဝင်ခိုင်းလို့မရ။ "အမက သူ့ဆီခေါ်ခဲ့ရမယ်တဲ့" ဟု ပြောကာ မြို့လယ်လမ်းမဆီသို့ ဒုန်းစိုင်း၍ပြေးသည်။ မညီမညာ ခဲလုံး၊ ကျောက်စရစ်ခဲများဖြင့် ပြွမ်းသော လမ်းကြောင့် အသော့ပြေးနေသော လံချားကလည်း ခုန်နေသည်။ သူ၏ရင်ကလည်း တဒိတ်ဒိတ်ခုန်နေသည်။ သူ စိမ်းစိမ်းကို မတွေ့ချင်၊ သို့သော် ရင်ဆိုင်ရတော့မှာဘဲလေ။

စိမ်းစိမ်းကို အိမ်ရှေ့ ဆောင်တော်ကူးပန်းရုံနား၌ သူ့ကိုထိုင်စောင့်နေသည်ကို တွေ့ရသည်။ စိမ်းစိမ်းကို သူကောင်းကောင်းမကြည့်ရဲ။ သို့သော် မြင်နေရသည်။ သနပ်ခါးလိမ်းထားသည်။ မနေ့ညကို သတိရစေသော သနပ်ခါးနံ့။ သရက်ထည်အပွင့် ပန်းနုရောင်ကလေးကို ဝတ်ထားသည်။ အပေါ်က နံ့သာရောင် ပိုးအင်္ကျီ။

လန်ဘားက "အကို့ကို ဗလအိမ်မှာ တွေ့တယ်အမ" ဟု အစီရင်ခံကာ လံချားကို ချထားလိုက်သည်။

"မောင်လေး.....ဘယ်သွားနေတာလဲ....."

ခါတိုင်းသာဆိုလျှင် အသံမာမာနှင့် မေးမည်။ ဒေါသနှင့် သူ့ကိုမေးမည်ဟုလည်း သူက ထင်ထားသည်။ ယခုကား သည်လိုမဟုတ်။ အသံက ခပ်ပျော့ပျော့။ အသံကတိုးတိုး။ ကြင်နာသော အသံ။

"မောင်လေးကို ထမင်းစားစောင့်နေတာ၊ မနက်စာတောင် မစားရသေးဘူး၊ မောင်လေးကြိုက်တဲ့ ငါးအူပဟင်းလဲချက်ထားတယ်၊ မောင်လေး ဘယ်သွားနေတာလဲ"

ဗညားမော်မှာ သူမ၏ ကြင်နာသောအသံဟန်ကြောင့် စောစောကရှုပ်ထွေးသောစိတ်၊ ရှက်သောစိတ်၊ နောင်တရသော စိတ်တို့သည် လွင့်ပျောက်သွားကြကုန်သည်။ မတွေ့ခင်က မကြည့်ရဲသော မကြည့်ချင်သော စိတ်အခြေအနေများ မရှိတော့။ ရင်ခုန်နေသေးသော်လည်း သူ့အမကို မကြောက်တော့။

"ကုသိနာရုံထဲ သွားစာကြည့်နေတာပါ၊ စာမေးပွဲက နီးနေပြီ"

သူ့အသံကို သူကြားနေရသည်။ အသံက သိပ်မမှန်သေး။ နည်းနည်းတုန်နေသည်။

"ကဲ...လာ.....ရေမိုးချိုးအုံး၊ အမနဲ့အတူ စားရအောင်"

သူ့မှာ ဘာမျှပြန်ပြောစရာမရှိတော့။ ဗလအိမ်က ထမင်းစားလာတာ ပြောမည်လုပ်ပြီးမှ သတိရကာ ပြောလို့မဖြစ်ကြောင်း သိလိုက်သည်။ မနက်ကတည်းက နံနက်စာ မစားဘဲ သူ့ကိုစောင့်နေသော စိမ်းစိမ်းကို ဘယ်လိုလုပ် ထမင်းစားပြီးခဲ့တာ ပြောလို့ဖြစ်ပါ့မလဲ။ ဗလတို့အိမ် လာရှာတာလည်း နစ်ခေါက်။ သူ့အပေါ် ကြင်နာနေသေးသော အမစိမ်းစိမ်း။ ရေအချိန်ဆွဲပြီးချိုးမှဘဲ။ ဗလတို့အိမ်က စိတ်ရှုပ်သဖြင့် ထမင်း သိပ်မစားလိုက်မိတာ အကောင်းဖြစ်သွားပြီ။ ထမင်းစားရရဲ့လားလို့ မမေးတာကံကောင်း။ မေးရင် အဖြေရ အကြပ်။ တော်သေးရဲ့။

စိမ်းစိမ်းက သူနှင့်အတူ အိမ်ထဲသို့ဝင်လာကြရင်း "စိမ်းစိမ်းက ဈေးကပြန်လာတော့ မောင်လေးကိုမတွေ့တော့ ရင်ထဲ ဘယ်လို ဖြစ်သွားမှန်းမသိဘူး........သိလား......."

အသံ တိုးတိုးနှင့် ပြောနေသည်။

အိမ်ရှေ့ခန်းတန်းလျား၌ သူ့မျက်နှာသုတ်ပုဝါ၊ ရေလဲ၊ ဆပ်ပြာခွက်တို့ကို တွေ့ရသည်။ သူလာလျှင် အဆင်သင့် ရေချိုးရအောင် ရေချိုးပြီး ထမင်းစားရအောင်။

တကယ့် ငါ့အမပါဘဲကွာ....၊ ဗညားမော် ရင်ထဲတွင်ကား၊ အေးသွားသည်။ သူသည် စိမ်းစိမ်းအား မကြည့်ချင်သော်လည်း ကြည့်ချင်နေသည်။ ထို့ကြောင့် ကြည့်လိုက်သည်။ တကယ့် ငါ့အမပါဘဲကွာ.......အော်.........အမ.......စိမ်းစိမ်းရယ်.......။

**အခန်း (၃၁)**

ဗညားမော်သည် သူ၏ ရှေ့စားပွဲပေါ်ရှိ ရေးလက်စ ကဗျာစာအုပ်ကို ငေးကြည့်နေပေသည်။

စက္ကူပေါ်၌ လက်ရေး အသော့ရေး၊ ဝိုင်းဝိုင်း စက်စက်ရေး၊ ဒေါင်လိုက်ရေး၊ ဘေးတိုင်အစွေ စောင်းရေး ထွေးရော ကြဲပြန့်နေကြသည်။ စိတ်ကူးက မြန်မြန်ပေါ်လာလျှင် လက်ရေးက သော့ကာ မပီ့တပီဖြစ်လာတတ်သည်။ စိတ်ကူးထဲမှ ရလာသော စိတ်ကူးရုပ်ပုံများနှင့် ပတ်သက်သော စကားလုံးများသည် ဒလဟော ကျလာ၍၊ စိတ်ကူးအမှီ ကမန်းကတန်းလိုက်ရေးရ၍ လက်ရေးအဆွဲမှာ မြန်လာ၏။ စိတ်ကူးဆိုသည်မှာ ဘယ်က ပေါ်လာမှန်းမသိ။ ရောက်လာပြီဆိုလျှင် စကားလုံးဖြင့် လိုက်ဖမ်းရ၏။ ဖမ်း၍ရလျှင် ရချင်ရေးချလိုက်ရ၏။ ရေးမချလိုက်နိုင်လျှင် စိတ်ကူးအမျှင်သည် ဘယ်က ဘယ်လိုပျောက်သွားမှန်းမသိ ပျောက်ကွယ် ငုပ်လျှိုး သွားတော့၏။ ဘယ်လိုမှ လိုက်ဖမ်း၍ မရတော့။ ထို့ကြောင့် စက္ကူပေါ်ကလောင်တံနှင့် ထိမိ၊ တို့မိအောင် ခြစ်ဆွဲလိုက်ရသည်။ ထိုအခါ လက်ရေးသည် ချော်သွားသည်။ ခုန်ပေါက်ကျော်လွှားသွားမြဲ။ ထိသည့်နေရာ ထိ၊ မထိသည့်နေရာ မထိ၊ ပေါ့သည့်နေရာ ပေါ့၊ လေးလေးဖိမိသည့်နေရာ ဖိမိ။ ထင်ချက်ချင်း မတူတော့။

စိတ်ကူးရုပ်ပုံက အာရုံထဲတွင် ပေါ်လာပြီး၊ သူ့ကို ဖော်ကျူးသော စကားလုံးက မရှိလျှင် ထစ်နေတော့၏။ စိတ်ကူးရုပ်ပုံ တဝက်တပျက်တန်းလန်းနှင့် ဖြစ်နေလျှင် လက်ရေးက အနေးရေးလာ၍ ဝိုင်းစက်လာတတ်မြဲ။ စိတ်ကူမပေါ်လေ၊ လက်ရေးလက်သားက ဝိုင်းစက်လာလေ။ တော်တော်လည်း ခက်၏။ အမှန်တော့ စာလုံးတလုံး ကျန်နေ၍ ဘေးက မြားပြ၍ ဆွဲရေး ရသည်လည်း ရှိသည်။ ကာရန်ယူပြီးမှ မကြိုက်၍ ပြန်ဖျက်၊ ပြန်ဖျက်။ ခြစ်ရာကော၊ ဘေးက ထပ်ထည့်ထားတာကော ရောထွေးရှုပ်ရှက်ခတ်နေ၏။

ဒီတခါ ကဗျာရေးရတာ အခက်ဆုံး။ စကားလုံးအသစ် ရှာဖွေရသည်။ တီထွင်ရသည်။ အဟောင်းထဲက ရှာရသည်။ အဟောင်းနှင့် အသစ်တွဲစပ်ရသည်။ စိတ်ကူးရုပ်ပုံ ကြည်ကြည်လင်လင် ထင်ရှားစွာ ပေါ်လာအောင် စောင့်ရသည်။ တညလုံးစောင့်သော်လည်း ပေါ်မလာ။ ပေါ်လာသမျှ စကားအတွဲများကိုလည်း သူက မကြိုက်ပြန်။

ခါတိုင်း ရတုပိုဒ်စုံများ၊ တေးထပ်များ ရေးချသောအခါ နည်းနည်းစဉ်းစားလိုက်ရုံနှင့် ထွက်လာကြတော့သည်။ စကားလုံးအတွဲ အစုအဝေးများသည်။ သူ့ထက်ငါ လုယက် ထွက်လာကြကုန်သည်။ တေဇောဟုန်၍ စကားလုံးကို ချီစလိုက်ရုံရှိသေး၊ ဝေဖြာ၊ ဇေယျာ၊ ဟေမဝါ၊ သေလာ၊ တွေချ၊ နေကြာ စသည်-စသည်ဖြင့် ကာရန်မိပြီးသား စကားလုံးတွေ စီရရီ ကျဆင်းလာကြတော့သည်။ တား၍ပင်မမီ။ စမ်းရေပေါက်မှ ငါးများ ဒလဟောကျလာသည်ကို ရွေးကောက်၍ယူရုံ။ မကြိုက်တာပယ်၊ ကြိုက်တာ ပလိုင်းထဲထည့်ရုံမျှသာ။ သူက ခပ်ငယ်ငယ်မို့ ရေးလိုက်သည့် ကဗျာလင်္ကာတွေ။ တပိုဒ်ပြီးတပိုဒ်၊ တပုဒ်ပြီးတပိုဒ်၊ ရေးလိုက်တာမနည်း။ အပြီးမြန်၍ အားတက်လာကာ ရေးလိုက်သည့်ဖြစ်ခြင်း။ မြန်မာစာပြ ဆရာဦးစိုးလှကလည်း သူ့၏ကဗျာများကို သဘောကျသည်။ ဆရာဦးစိုးလှမှာ ပထမလတ်အောင်ပြီးသူ၊ ဘုန်းကြီးလူထွက်ဖြစ်သည်။ သူကိုယ်တိုင်လည်း ကဗျာလင်္ကာ ဝါသနာပါသည်။ မင်္ဂလာလက်ထပ်ပွဲ အခမ်းအနားများ၊ ရှင်ပြုမင်္ဂလာ ရတုပိုဒ်စုံများ၊ ရှစ်ဆယ်ပေါ် တေးထပ်များ ရေးစပ်ပေးသည်။ မင်္ဂလာစကားပြောကြားသည်။ ရာမည်မြို့၌ မြန်မာပညာရှိအဖြစ် အများက လေးစားကြသည်။ ဆရာဦးစိုးလှမှာ ပါဠိ၊ ပေါရာဏစကားလုံးတို့ဖြင့် ရေးဖွဲ့တတ်သော ဗညားမော်ကို ကွယ်ရာ၌ ကောင်းကောင်းချီးမွမ်းသည်။ ဗညားမော်အားလည်း "ရှင်မဟာရဋ္ဌသာရတို့- ရှင်မဟာ သီလဝံသတို့- နဝဒေး-နတ်ရှင်နောင်တို့ ရေးဖွဲ့တော်မူကြတဲ့ ပျို့လင်္ကာရတုတွေထဲက ရေးနည်းရေးထုံးကို နမူနာယူ၊ အသတ်ညီပစေ၊ ဝက်နင်းကိုရှောင်၊ သက်စေ့နက်သုံးချက် ညီပစေ၊ အသံသာတာမတော့ မဲဇာတောင်ခြေရတုကိုစံထား"ဟု ဆိုမိန့်လေ့ရှိသည်။ ဗညားမော်မှာ ကျောင်းမှပြဋ္ဌာန်းသော မြန်မာစာအပြင်၊ အခြားကဗျာလင်္ကာများကိုပါ လေ့လာမှန်း ဆရာက သိနေသည်။

သို့သော် ဗလက သူ့ကဗျာထဲက 'အနလှသွင်' ဟူသော စကားတလုံး နတ်ရှင်နောင်မှ ယူထားသည်ဟု ဝေဖန်ကတည်းက သူ့စိတ်၌ တမျိုးဖြစ်နေခဲ့သည်။ သူ့ကိုယ်သူလည်း နားမလည်အောင် ဖြစ်လာခဲ့ရသည်။ ထိုကတည်းက ကဗျာအရေးပြတ်သွားပြီး၊ စန္ဒယားခလုတ်များ၌သာ ရောက်နေခဲ့သည်။ ဒီကနေ့ညကမူ ဘယ်ကဘယ်လို ဖြစ်လာမှန်းမသိ၊ ကဗျာရေးချင်စိတ်ပေါ်လာကာ၊ အံဆွဲထဲမှ သူရေးစပ်နေကျ ဗလာစာအုပ်ကို ယူထုတ်မိသည်။

စာမျက်နှာသုံးရာကျော်၊ အဖုံးထူနှင့် ဗလာစာအုပ်၊ သုံးမူးတန် စာအုပ်ကြီး။ သည်စာအုပ်ထဲတွင် သူရေးခြစ်ထားသည်မှာ ကဗျာတွေ။ သူ၏အလိုဆန္ဒမပါဘဲနှင့် နတ်ရှင်နောင်၏ ရတုထဲမှ စကားလုံးများ ဘယ်လိုလုပ်ပါလာမှန်း မသိသော၊ သူ၏ကဗျာများ။ သူသည်ကျော်ကာလှန်လိုက်ပြီး၊ နောက်ဖက်ကျနေသော အလွတ်စက္ကူရွက်များကို လှန်လိုက်မိသည်။

သူ၏ စာရေးစားပွဲပေါ်၌ နှင်းဆီပန်းခိုင်များ၊ ခင်ထားလှိုင်ယူလာသော အင်္ဂလိပ်နှင်းဆီအဝါက သုံးပွင့်။ စိမ်းစိမ်းဝယ်လာသော နှင်းဆီအနီအဖြူအတွဲများ။ ငွေပန်းစိုက်အိုးမှာ နှင်းဆီများဖြင့် လန်းဆန်းနေသည်။ ခင်ထားလှိုင်တို့ညီအမနှင့်ကား၊ ညကျောင်းဆရာမ စန်းစန်းနုအိမ်နှင့် ဆရာမောင်မောင်သန်းအိမ်တွင် ညတိုင်းလို တွေ့ကြသည်။ ရွှေမှုဋ္ဌောမှ ပြန်လာသော နောက်တနေ့တွင် သူသည် ညကျောင်းမတက်။ စိတ်ထဲက ခင်ထားလှိုင်နှင့် သိပ်မတွေ့ချင်။ ဘာကြောင့်မှန်းတော့မသိ။ စဉ်းလည်းမစဉ်းစား။ စိတ်ထဲက မတွေ့ချင်တာနှင့် ညကျောင်းမတက်ဟု ဆုံးဖြတ်လိုက်သည်။ ဗလ သူ့အိမ်ဝင်လာသောအခါ "ငါ-ကောင်းကောင်း နေမကောင်းဘူးကွာ.....။ ခေါင်းထဲက မူးမူးနေတယ်"ဟု ပြောလိုက်သည်။

စိမ်းစိမ်းက ကြား၍ "ဟဲ့.......မောင်လေး၊ ဘာဖြစ်လို့လဲ" ဟု လှမ်းမေးနေသည်။

"ဘာဖြစ်မှန်းမသိပါဘူး အမရာ၊ ခေါင်းကမူးနေတယ်၊ စာလိုက်လို့ရမှာ မဟုတ်ဖူး......."

"စာကလဲ သိပ်ဖတ်တာကို၊ ကျောင်းစာလဲ မဟုတ်ပါဘူး ဗလရယ်......"

စိမ်းစိမ်းက ပြုံးကြည့်နေသောဗလအား လှမ်းပြောနေ၏။

နောက်ပြီး စာမဖတ်ရင်လဲ စန္ဒယားခုံရောက်နေတာ၊ စန္ဒယားတီးတာလဲ ခေါင်းမူးမှာဘဲထင်တယ်၊ စန္ဒယားခလုတ်တွေကို လိုက်ကြည့်နေရတာဘဲ မဟုတ်လား၊ သူက ဂီတသင်္ကေတတွေလဲ ကျက်နေတယ်၊ ဒါကြောင့် ခေါင်းမူးတာဖြစ်မှာ"

ဗလပြန်သွားသောအခါ စိမ်းစိမ်းက သူ့အား ဆေးလာပေးသည်။

"ခေါင်းမူးတာ-မောတာ ဆေးက သိပ်ကောင်းတာ"

ဗညားမော်မှာ သူ့အတတ်နှင့်သူ ဘာမျှမပြောနိုင်။ စိမ်းစိမ်းလာပေးသော ဆေးနှင့် သကြား ရောထားသော ဆေးတခွက် မသောက်ချင်ဘဲနှင့် သောက်လိုက်ရသည်။ ညကျောင်းဆင်းလာသော အခါ ဗလနှင့် အတူ ခင်ထားလှိုင်တို့ညီအမ ဝင်လာကြသည်။ ဗညားမော်က နည်းနည်းသက်သာသည်ဟု ပြောကာ စန္ဒယားကို လေ့ကျင့်သည်။ ငွေလ,ရောင် တေးသံကို ဓာတ်ပြားထဲမှ ကြားလာရကတည်းက စန္ဒယားခလုတ်များကို ဒိုးလိုမွှေ့နိုင်မှ၊ နိုင်နင်းမှ၊ ရေကိုသဲ့ယူသလို၊ လွယ်လွယ်ကူကူ သဲ့ယူနိုင်မှ ဂီတသံဖြစ်မည်ဟု ယုံကြည်လာခဲ့သည်။ ဂီတသည် ခံစားမှုကို ဖော်သည့် ပညာမဟုတ်လား။

"ဟော........ကျောင်းပြေးကြီး၊ မိပြီ...." ဟု ဧည့်ခန်းအဝမှရပ်ကာ ခင်ထားခိုင်က အော်ပြောလိုက်သည်။ ပြောပြီး ရယ်မောနေသည်။

ဗညားမော်မှာ အသံတွဲတခုကို မရရအောင် လေ့ကျင့်နေစဉ်၊ စိတ်အာရုံတခုလုံးက ခလုတ်များနှင့် အသံထဲတွင် နစ်မြုပ်နေသဖြင့် ခင်ထားခိုင်၏ အသံသဲ့သဲ့မျှ ကြားရပြီးနောက်၊ ရယ်မောသံကိုကား၊ ကျယ်လောင်စွာ ကြားလိုက်ရသည်။ ခိုင်ထားခိုင်အသံမှာ အခုတလော တမျိုးပြောင်းနေသလားဟုပင် မှတ်ထင်ရသည်။ ရွှေမှုဋ္ဌောဘုရားမှာ တွေ့တုန်းက အသံတမျိုး၊ သို့သော် အသံမပြောင်းသည်ကား ရယ်မောသံ။ သူမ၏ရယ်သံလေးကိုတော့ ကောင်းကောင်းမှတ်မိနေသည်။ အထူးသဖြင့် လှောင်တောင်တောင် ရယ်သံလေးကို မှတ်မိနေသည်။

ဗညားမော်သည် စန္ဒယားခလုတ်ကို မနှိပ်တော့ဘဲ ရပ်လိုက်သည်။

"ဟဲ့ အေမီ....ကြည့်စမ်း......."ဟု ခင်ထားလှိုင်က သူမ၏ညီမလေးအား ဟန့်လိုက်သည်။

"ဟုတ်သားဘဲ မမကလဲ၊ နေမကောင်းဘူးဆိုပြီး စန္ဒယားတော့ တီးနိုင်သလား၊ အလကားပါ"

ဗလကပါ သူတို့နှင့်အတူ လိုက်၍ ရယ်မောနေသည်။ ခင်ထားလှိုင်ကမူ ခပ်ပြုံးပြုံးဖြင့် ကြည့်နေသည်။ အပြုံးနှင့်ရှက်သွေး ရောနေသည်။

"ကြည့်ပါလား........ဒီရုပ်ကို၊ လူမမာနဲ့ တူသလားလို့"

"ဒီကောင်မလေးနော်....."

"ဟုတ်သားဘဲ မမကလဲ၊ ဘာဖြစ်သေးလဲ ပြောတာ၊ လူမမာရုပ်က ဒီရုပ်မှမဟုတ်တာ၊ ကိုကို ဘာဖြစ်လို့ ကျောင်းမတက်ဆိုတာ အေမီ သိသားဘဲ"

ခင်ထားခိုင်သည် သူ့အမ ခင်ထားလှိုင်နှင့် ဗညားမော်ကို တပြိုင်နက်တည်း ပြုံးကြည့်ကာ လျှာကလေးထုတ်၍ ပြုံးစိစိလုပ်နေ၏။ ဗလကလဲ သူတို့အား ကြည့်ကာ ပြုံးနေ၏။ ငါလဲ သိသားဘဲဟူသော အမူအရာဖြင့်။ ခင်ထားလှိုင်က သူ့ညီမအား မျက်စောင်းထိုးကြည့်နေ၏။ သူမ၏ပါးမှာ ပန်းနုရောင် အုနေ၏။

ဗညားမော်မှာ အနေရကြပ်နေသည်။ ဗလကလည်း သူတို့ကို မသင်္ကာ။ ညီမလေး ခင်ထားခိုင်က ပြောင်ပျက်ပျက်။ ခင်ထားလှိုင်မှာ ရှက်နေ၏။ သူ့ရင်ထဲတွင် လှိုင်းထနေပေသည်။ နှင်းဆီနက်ရနံ့က သင်းပျံ့လာသည်။ ခရမ်းရောင်ညကို အမှတ်ရလာကာ၊ ရင်ခုန်လာသည်။

"ဘယ့်နယ့် မတ်တတ်ကြီးလဲ၊ ထိုင်ကြလေ....... လှိုင်.......ထိုင်လေ"

စိမ်းစိမ်းသည် သူတို့အနားရောက်လာသည်။ အပေါ်ထပ်မှ ခင်ထားလှိုင်တို့၏အသံများ ကြားရသဖြင့် အောက်ထပ်သို့ ဆင်းလာခြင်းဖြစ်သည်။

"မထိုင်တော့ဘူး မမစိမ်း....၊ ဗညားမော် နေမကောင်းဘူးဆိုလို့ ညကျောင်းကအပြန် ဝင်လာကြည့်တာပါ..."

စိမ်းစိမ်းက အခြေအနေကို ထိန်းလိုက်သည်။ စိမ်းစိမ်းရောက်လာပေလို့။

"တခုခု သောက်ကြပါအုံးလား...."

"တော်ပြီ မမစိမ်း...... ဆရာမ စန်းစန်းနုအိမ်က စားလာကြတာ၊ ဆရာမ,ကတောင် ဗညားမော်ကြိုက်တဲ့ ကိုက်ကိုးနဲ့ ရွှေချီတဲ့......"

စိမ်းစိမ်းကို သူ ပထမ လန့်နေသည်။ ခင်ထားလှိုင်ကို ခပ်တင်းတင်းများ ကြည့်မလား။ သူက ခင်ထားလှိုင်ကို မျက်နေသလား။ တကယ် နှစ်ယောက်သား တွေ့ကြတော့လည်း၊ စိမ်းစိမ်းမျက်နှာမှာ သူမအပေါ် ဘယ်လိုမျှ သဘောမထားသလို။ ခါတိုင်း တွေ့ကြသလိုပင်။ စိမ်းစိမ်းမှာ ခင်ထားလှိုင်၏လက်များကိုပင် ဆုပ်ကိုင်ထားလိုက်သေးသည်။

ဗညားမော်သည် အမျိုးသမီးများကို နားလည်ရန် ကြိုးစားနေသည်။ ဘယ်လိုနားလည်ရမှန်းလည်း မသိတော့။

"လှိုင့် နားများရောက်ရင် မွှေးကြိုင်နေတာဘဲ...."

"မမစိမ်းကလဲ........."

"ဟောဒီ ခိုင်ကလေးကတောင် ခုဆို မွှေးလို့တော်......."

ခင်ထားခိုင်မှာ ဗညားမော်အနား ကပ်ကာ ဘာတွေမှန်းမသိ မေးမြန်းနေသည်။ ကဗျာအကြောင်းထင်ပါရဲ့။ ကာရန်အကြောင်းလည်း ပါသည်။ ဆန်းဂိုဏ်းဆိုတာလည်း ပါသည်။ စိမ်းစိမ်းနှင့် ခင်ထားလှိုင်တို့ စကားပြောနေစဉ် အကြောင်းအရာ ပြောင်းသွားခြင်း ဖြစ်သည်။ ခင်ထားခိုင်က ကဗျာစပ်ချင်နေသည်။

"ကိုကိုက ဘာမှဖြစ်တာ မဟုတ်ပါဘူး၊ သက်သက် ကျောင်းပြေးနေတာ၊ အေမီ သိပါတယ်......"

ခင်ထားခိုင်မှာ ခုထက်ထိ ဗညားမော်အား မကျေနပ်နိုင်သေး။"ဟုတ်တယ် ခိုင်ကလေးရဲ့၊ ညနေက ခေါင်းမူးတယ်...... ခေါင်းမူးတယ်နဲ့၊ ဒါကြောင့် သူ့ကိုကျောင်းမလွှတ်တာပါ၊ မမစိမ်း သွေးဆေးနဲ့ သကြားတောင် တိုက်လိုက်ရသေးတယ်၊ ခုလေးတင်မှ သက်သာလာတာ၊ သက်သာလာတာနဲ့ စန္ဒယားထ,တီးနေတာဘဲ၊ ပြောလို့လဲ မရဘူးကွယ်၊ စာမေးပွဲကလဲ နီးနေပြီ"

ခင်ထားလှိုင်တို့မှာ ကြာကြာမနေ။ ဗညားမော်နှင့် စိမ်းစိမ်းက ခြံဝ၊ ရေမြောင်းရှေ့ မြက်ခင်းအထိ လိုက်ပို့ကြသည်။ စိမ်းစိမ်းက ခင်ထားလှိုင်နှင့် ခင်ထားခိုင်တို့ ညီအမအလယ်က နေကာ သူတို့၏လက်များကို ဆုပ်ကိုင်ထားသည်။

ဗလနှင့် ဗညားမော်က နောက်မှလိုက်လာကြသည်။

"လှိုင်ထိပ်ထားက မင်းကိုစိတ်ပူနေတာ မောင့်" ဟု ဗလက အသံတိုးတိုးဖြင့် ဗညားမော်အား ပြောနေ၏။ ဗညားမော်က ရှေ့မှ စိမ်းစိမ်းနှင့် ခင်ထားလှိုင် ကြားသွားမှာ စိုးနေ၏။ ခင်ထားခိုင်ကိုတော့ သူက ဂရုမထား။ သို့သော် ခင်ထားခိုင်ကား မကြားတချက်၊ ကြားတချက်ကြားနေရသော သူတို့ သူငယ်ချင်းနှစ်ယောက် စကားသံကို နားစွင့်နေသည်။ ခင်ထားခိုင်ကား ငယ်သော်လည်း အပါးဆုံး။

"ကိုကို မနက်ဖြန်တော့ ဆက်ဆက်ကျောင်းတက်၊ စာတွေနောက်ကျနေမယ်......"

ခင်ထားခိုင်က သွားခါနီး ဗညားမော်အား ခနဲ့သွားသေးသည်။ စိမ်းစိမ်းတို့၊ ဗလတို့ကတော့ ကောင်မလေးစကားကို သိကြမည်မဟုတ်။

နောက်ညများတွင်ကား၊ ဗညားမော်သည် ညကျောင်း မှန်မှန်သွားသည်။ ညနေဘက်တွင် ဗလတို့အိမ်သို့တခေါက်တော့ ရောက်စမြဲ။ အထူးသဖြင့် သတင်းစာရောက်ပြီးချိန်လောက် ရောက်တတ်သည်။ သူက ကောလိပ်ကျောင်းသားများ သပိတ်ကို သိချင်နေသည်။ သခင် ခင်အောင် ဘာပြောသလဲဆိုတာကို ကြားချင်နေသည်။ သခင် ခင်အောင်ကလည်း သူ့ကို ကလေးလို သဘောမထား။ သခင်တယောက်လို သဘောထားသည်။ သူကလည်း သူ့စိတ်ထဲ ဖြစ်ပေါ်နေသော ထင်မြင်ချက်များကို သခင် ခင်အောင်၏

ထင်မြင်ချက်များနှင့် ညှိကြည့်ချင်နေသည်။ သပိတ် အင်အားကောင်းလာသည်ကို သတင်းစာတွင် ဖတ်ရသောအခါ သူလည်း အားတက်နေမိသည်။ ကောလိပ်ကျောင်းသပိတ်နှင့် သူဘယ်လိုများ သက်ဆိုင်နေပါလိမ့်။ ဟုတ်မှ ဟုတ်ရဲ့လား။ မြို့မိမြို့ဖများက ကျောင်းသားများကို စားစရာ လှူဒါန်းကြသည်ကို ဖတ်ရသောအခါ စိတ်ထဲက ကိုယ်စားရသလို ကျေနပ်မိသည်။ သခင် ခင်အောင်ကလည်း သတင်းစာဖတ်ရင်း သူ့လိုပင် ကျေနပ်နေသော အမူအရာကို မြင်လိုက်ရသောအခါမှ သူလည်း သူ့ကိုယ်ကို ယုံကြည်သောစိတ် ဝင်လာသည်။ သူလည်း ငါလို ခံစားနေတာပါကလား။ ဗလကလည်း သူနှင့် ခံစားမှုခြင်းတူသည်။ အဲသည်တော့ နည်းနည်းစိတ်က အားတက်လာပြန်သည်။ သို့သော် ခင်ထားလှိုင်နှင့်တွေ့တော့ အားလျော့သွားပြန်သည်။ ဟုတ်သားဘဲ၊ ကောလိပ်သပိတ်က ငါနဲ့ဘာဆိုင်လို့လဲ။ ညကျောင်းတွင် ခင်ထားလှိုင်နှင့် တွေ့သောအခါ အကဲခတ်ကြည့်မိသည်။ ခင်ထားလှိုင်ကမူ ကောလိပ်သပိတ်ကို စိတ်မဝင်စား။ တက္ကသိုလ်ကျောင်းသားများ သမဂ္ဂဥက္ကဋ္ဌ ကိုနု ဘီအေဘွဲ့ပြန်အပ်တာကိုပင် မသိ။ ကောလိပ်သပိတ်သည် သူနှင့်မဆိုင်သလို။

ဒီညလည်း ညကျောင်းမှအပြန် ခင်ထားလှိုင်တို့ ညီအမ၊ ဗလတို့နှင့်အတူ ပြန်လာသည်။ ခင်ထားလှိုင်က ကျောင်းစာများ အကြောင်းသာ ပြောလာသည်။ ခင်ထားလှိုင်မှာ အင်္ဂလိပ်စာ တော်သည်။ သို့သော်- သင်္ချာညံ့သည်။ ဆရာ မောင်မောင်သန်းအိမ်မှ ထွက်လာကတည်းက သင်္ချာအကြောင်းသာ ပြောလာသည်။ အိမ်ရှေ့ရောက်၍ လူချင်းခွဲခွာနီးတော့ သူတို့ခြံမှ ထွက်သော အင်္ဂလိပ်နှင်းဆီဝါသုံးပွင့် ပေးသွားသည်။

"အဲဒါ....... အောမီ ခူးရတာရှင့်၊ မမက သတိရတာ မဟုတ်ဘူးရှင့်....."

ခင်ထားခိုင်က သူ့အမအား နောက်နေခြင်းဖြစ်သည်။ တကယ်ကလည်း ခင်ထားခိုင်မှာ ဗညားမော် စန္ဒယားပေါ်၌ ပန်းများစိုက်ထားတတ်သည်ကို သိနေသည်။ ခင်ထားလှိုင်တို့ ထွက်သွားသောအခါ နှင်းဆီနက် ရေမွှေးနံ့သည် ကျန်ရစ်နေသည်။

ထိုည၌ ကဗျာရေးချင်စိတ် ပေါ်လာ၍ စားပွဲ၌ ထိုင်သောအခါ နှင်းဆီရနံ့များသည် ထုံယစ်လာသည်။ သူသည် ရေးလက်စ ကဗျာစာအုပ်ကို ဟိုလှန်သည်လှန် လှန်လှောရင်း ငေးနေမိသည်။

ဘုရားစင်မှ နှင်းဆီရနံ့များ သူ့စာရေးစာပွဲသို့ ပျံ့လွင့်ရောက်လာသည်။ နှင်းဆီနံ့များကြောင့် သူ၏စိတ်ကူးသည် နိုးကြားထကြွလာပေသည်။ ကဗျာမရေးဖြစ်တာ အတော်ကြာခဲ့ရာ၊ ယခုရင်ထဲမှာ အောင့်၍မရသော ခံစားမှုတခုက ရှန်းကန်ထိုးထွက်လာသည်။ နှင်းဆီရနံ့မှတဆင့် ကူးစက်၍ နှင်းဆီနှင့် ဆက်စပ်သော၊ အရင့်အရင် အတိတ်က ဖြစ်ပျက်စိတ်လှုပ်ရှားခဲ့ရသော ဝေဒနာများသည် နှင်းဆီရုပ်ပုံဖြင့် ပြန်လည်ဆန်းသစ်ကာ ယုက်သန်းပေါ်လာကြသည်။ ညတည။ နှင်းဆီတပွင့် ပန်ထားသော အမျိုးသမီးတဦး။ အမျိုးသမီးဆိုသော်လည်း၊ မျက်နှာအသွင်အပြင် ထင်ရှားသော ရုပ်ပုံကားမဟုတ်။ ဆံပင်လွင့်ပုံ၊ အင်္ကျီအရောင်၊ ထမီရောင်ဖြင့် မှုန်ဝါးဝါး ရေးရေးရီရီ လွင့်ပါးနေသော မပီမသ။ ဘယ်သူ ဘယ်ဝါဟု ပုဂ္ဂလိက အညွှန်းမဲ့သော ရုပ်ပုံမျှသာ။ နှင်းဆီနက်ရနံ့ မွှေးထုံသော အမျိုးသမီးတဦး၏ပုံက လာ၍ထင်ဟပ်ပြန်သည်။ သူမသည်လည်း ဘယ်သူဘယ်ဝါ၊ အမည်နာမမဲ့သော၊ ဇာအင်္ကျီလွင့်နေသော ထမီရောင်အနုဖြင့် အမျိုးသမီးဟု ဆိုရမည်ဖြစ်သော မှုန်မှုန်ရုပ်ပုံ။ ထို့နောက် ဘုရားစင်မှ နှင်းဆီရနံ့ လွင့်လာပြန်သောအခါ စေတီ၏အဖြူရိပ်သည် နှင်းဆီပွင့်များပေါ်၌ ထပ်ကာ ထင်လာပြန်သည်။ လေတိုက်သဖြင့် ပြတင်းပေါက်မှ ဖန်ပုတီးစေ့ချင်း ရိုက်ခတ်သောအသံသည် ပေါ်လာသည်။ စေတီပုထိုးများမှ ဆည်းလည်းသံကို ကြားလာရသည်။

နှင်းဆီခိုင်များနေရာတွင် သဇင်ခက်များက ရောက်လာကြပြန်သည်။ တကယ်က သဇင်ခက်များမှာ စိတ်ကူးထဲမှ ပန်းများဖြစ်ခဲ့ကြသည်။ သို့သော် တလောကမှ သူကိုယ်တိုင်သဇင်ပန်းများကို မျက်ဝါးထင်ထင် မြင်ခဲ့ဘူးသည်။ ယခင်က ကဗျာလင်္ကာများဖတ်ပြီး ကာရန် စကားလုံးများမှတဆင့် စိတ်ကူး၌ တင်စားကြည့် နေရသော သဇင်။ ကဗျာပန်းသဇင်။ ယခုမူ တကယ့်သဇင်ကို တွေ့ထိဘူးပြီ။ သဇင်ရနံ့၏ မွှေးမြမြကိုသိခဲ့ပြီ။ အဲသည်တုန်းက သဇင်ကိုကဗျာဖွဲ့လိုက်ချင်သည်မှာ တားဆီး၍ပင်မရ။ သို့သော် သဇင်အလှကို ယစ်မူးရုံမျှသာရှိပြီး၊ ပန်းအိုးထဲက သဇင်၊ ခေါင်းတွင်ပန်ထားသော သဇင်၊ ဘုရားစင်မှ သဇင်။ သည်သဇင်များကို ဆက်စပ် သီးကုံး၍မရ။ စည်းရုံးဖွဲ့နွဲ၍ မရခဲ့။ သဇင်ကိုကား စွဲလန်းနေခဲ့သည်။ သဇင်နှင့် ဆက်စပ်၍ ဘာစိတ်ကူး ရုပ်ပုံမျှ ပေါ်မလာခဲ့။ ယခု နှင်းဆီပန်းများကား နှင်းဆီနှင့် ဆက်စပ်သော ရုပ်ပုံများအဖြစ် စိတ်ကူးအာရုံထဲတွင် ပေါ်နေကြသည်။

သူသည် စက္ကူတရွက်၌ 'နှင်းဆီနှစ်ပွင့်' ဟု စကားလုံးကို ရေးချလိုက်သည်။ သူ၏စိတ်ခံစားမှုတွင် လာ၍ ဖိစီးနေသော ရောထွေးခံစားမှုနှစ်ခုက နှင်းဆီပွင့် နှစ်ပွင့်ဖြင့် လာ၍ဖိစီးနေသော ရောထွေးခံစားမှုနှစ်ခုက နှင်းဆီပွင့် နှစ်ပွင့်ဖြင့် လာ၍တင်စားလိုက်မိသည်။ 'နှင်းဆီနှစ်ပွင့်'ဟု ရေးချလိုက်ပြီးသောအခါ ဆက်၍ရေးမရတော့ပေ။ သူသည် ကျေနပ်ဝမ်းသာသွားတော့သည်။ စကားလုံးရှာရလာပြီ မဟုတ်လား။ သူ့စိတ်ကူးကိုဖော်သော စကားလုံး။

သဇင်ပန်းကို ရေးဖွဲ့ချင်တုန်းက ဘာစကားလုံးမျှ ပေါ်မလာခဲ့။ စာရေးစားပွဲတွင် အကြိမ်ကြိမ်ထိုင်သော်လည်း ပေါ်မလာ။ ရေခဲတောင်၊ မဟူရာရေကန်ရိပ် ထင်နေသော သဇင်၊ ပွင့်ဖတ်သွယ်သွယ်လျလျ၊ သေးသေး ဖြူလွလွကလေးများ၊ အဝါနု အပြောက်ကလေးများထဲမှ အဖြူကလေးများ စီရရီသွယ်တန်းထားသော၊ ညွတ်ပြောင်းသော၊ ရိုးတံအစိမ်း ဝါနုကလေးဖြင့် ဖျော့သော။ နှင်းခဲရနံ့၊ တောရနံ့ ထုံယစ်သော။

အဲသည်တုန်းက စကားလုံးမျှပင် မပေါ်ထွက်လာ။ အဲသည်တုန်းက သဇင်တွေကလည်း တအိမ်လုံး ဝေလို့။ စိမ်းစိမ်းခေါင်းမှာလည်း သဇင်၊ စန္ဒယားပေါ်မှာလည်း သဇင်၊ ဘုရားစင်ကလည်း သဇင်။ ဒါတောင် သဇင်ကို ကိုယ်စားပြုသော ဘာစကားလုံးမျှ ရှာ၍မရ။ သဇင်တွေကို စု၍မရ။ စည်းရုံး၍မရ။ ပေါင်းချုပ်၍မရ။ သဇင်တွေ တွေ့ထိမွှေးမြ ခံစားနေရပါလျက် ဘယ်လိုမျှ လုပ်၍မရ။

သည့်အရင်ကမူ 'စုံဟေမဝါ'ဟု စ,လိုက်ကာရှိသေး၊ 'မြိုင်သေလာ၌၊ ခတ္တာကြက်ရုံး၊ ဂမုန်းသဇင်' ဟူ၍ စကားလုံးများသည် လျှောကနဲကျလာတော့သည်။ အဲသည်တုန်းက ကြက်ရုံးရော၊ ခတ္တာရော၊ ဂမုန်းရော၊ သဇင်ရော မြင်ဘူး တွေ့ဘူးခဲ့သည် မဟုတ်။ မတွေ့ဘူး၊ မမြင်ဘူးတုန်းက လွယ်လွယ်နှင့် ရေးချနိုင်ခဲ့သည်။ ကာရန်တွေကလည်း ကောင်းလိုက်တာ။ သက်စေ့နက် သုံးချက်ညီ။ အသုံးအနှုံးတွေ ခန့်ခန့်။ ပါဠိလည်းပါ၊ ပေါရာဏလည်းပါ။ တကယ့် သဇင်အစစ်များနှင့်တွေ့တော့မှ ဘယ်လိုမျှ ရေးဖွဲ့၍မရ။ ဘာကြောင့်ပါလိမ့်။ မသိတာတွေ လာပြန်ပြီကော။

ယခု နှင်းဆီကဗျာတွင်ကား၊ စိတ်ကူး အမျှင်စကလေး တစ ရလာပေပြီ။ ပထမတော့ ပုဂ္ဂလိက ခံစားမှုက စ,သည်။ စိမ်းစိမ်းခေါင်းက နှင်းဆီတပွင့်၊ ခင်ထားလှိုင်ပေးသော နှင်းဆီဝါ၊ ဘုရားစင်မှ နှင်းဆီခိုင်၊ စာရေးစားပွဲ စိန့်ကြွေပန်းအိုးမှ နှင်းဆီခိုင်။ ငယ်ငယ်ကတည်းက မြင်ခဲ့တွေ့ခဲ့ မွှေးခဲ့သော နှင်းဆီများ။ ထို့နောက် နှင်းဆီများကို မိမိ၏ ပုဂ္ဂလိက ဘဝရှိ လူများက ဆင်ယင်ကြသည်။ သဇင်တုံးက ဘာရေးစရာမျှမရှိ။ ပုဂ္ဂလိက ခံစားမှုမရသေး။ ယခု သူ့ဘဝနှင့် ဆက်စပ်မိလာသည်။ စိမ်းစိမ်းခေါင်းမှ နှင်းဆီပွင့်မှာ ညဦးတုန်းက လန်းဆန်းလျက်။ နောက်တနေ့နံနက်တွင်ကား၊ သူ့ခေါင်းတွင်လည်း နှင်းဆီမရှိတော့။ သူလည်း အိပ်ရာက ထသွားပြီ။ မွေ့ရာပေါ် ခေါင်းအုံးဘေး၌ ပွင့်ဖတ်များကြွဲကြွာနေသော နှင်ဆီပွင့်ကို သူ.......အမှတ်ရလာသည်။ သို့သော် သူ့စိတ်အာရုံထဲ၌ ခင်ထားလှိုင်၏ ရေမွှေးနံ့၊ နှင်းဆီနက်ရေမွှေးနံ့က ရလာသည်ကို အမှတ်ရလာသည်။

စက္ကူပေါ်၌ ကလောင်တံကို ချလိုက်သောအခါ ပုဂ္ဂလိက ခံစားမှုထဲမှ ဘယ်သူ့ဘယ်ဝါသို့ ပျောက်လွင့် ပြယ်ပြေးကာ စိတ်ကူးထဲမှ နှင်းဆီရုပ်ပုံများ ရောက်လာတော့သည်။ နာမည် နာမဟူ၍ မရှိတော့။ စိတ်ကူးထဲမှ ရုပ်ပုံမျှသာ။

သူသည် အချီအချ ကာရန်ညီများကိုလည်း မစဉ်းစားတော့။ သူ့ရင်ထဲ ထင်လာတာကိုသာ ဖွင့်ဟဖော်ပြရန် အားထုတ်မိသည်။ သူ့ရင်ထဲ၌လည်း ရောထွေးနေ၏။ သူ့အား ဖိစီးနေသော ရောထွေးခံစားမှုကို ဖော်ပြချင်လာ၏။ တခုပေါ် တခုထပ်ကာ ထင်နေသော ရုပ်ပုံများကို ဖွဲ့ချင်လာ၏။

**နှင်းဆီပွင့်နက်**
**လွှင်ပါးပိုးဇာ၊ ညပြာလျော့ရဲ**
**နှင်းခဲစိတ်ပြက်၊ မြမြက်စိမ်းလဲ့**
**သူ့ရဲ့ရနံ့၊ သင်းပျံ့မွှေးသစ်**
**ရီဝေထုံယစ် ရှိနေဆဲ**

သူသည် ဖျက်ရာ-ပြင်ရာများဖြင့် တပိုဒ်ကို ခဲခဲယဉ်းယဉ်းဖြင့် ပြီးသွားသည်။

အပြင်ဘက်တွင်ကား၊ တိတ်ဆိတ်လျက်ရှိနေပေသည်။ ရာမည်မြို့မှာ စောစောအိပ်ရာဝင်လေ့ရှိကြသည်။ လူသွားလူလာ၊ ဖိနပ်သံ၊ ခြေသံများ သိပ်မကြားရတော့။ တခါတရံ တောက်တောက်-တောက်တောက်နှင့် တရုပ်ခေါက်ဆွဲအထမ်းသည်၏ အိပ်ချင်မူးတူးဟု ထင်ရသော၊ ဘိန်းမှိန်းသံဟုဆိုသော လေးတွဲ့တွဲ့ ခပ်ဖျော့ဖျော့အသံကို ကြားနေရသည်။ တပို့တွဲလ,ဖြစ်၍ အအေးဓာတ်ကားရှိတုန်း။ မြို့လယ်လမ်း အိမ်ဝင်းထဲမှ ညမွှေးပန်းရနံ့များ လွင့်ပျံ့နေကြဆဲ။ ဗညားမော်သည် ပြတင်းတံခါးတဝက်သာ ဖွင့်ထားသည်။

အေးမြလျက်ရှိသောလေမှာ ညဥ့်နက်လေ ပို၍စူးရှလေ။ သူသည် တံခါးကိုမပိတ်။ ဆွယ်တာကလေးသာ ဝတ်ထားသည်။ စိမ်းစိမ်း၏အိပ်ခန်းမှ လက်ကောက်ချင်း ထိခတ်သံပင် မကြားရတော့။ ကြီးတော်၏ဟောက်သံ တခါတခါ ကြားနေရသေးသည်။

နှင်းဆီရနံ့များကား ထုံနေကြဆဲ။ သူသည် မလှုပ်မယှက်ထိုင်ကာ စက္ကူကိုသာ စိုက်ငေးကြည့်ရင်း 'နှင်းဆီပွင့်နက်' ဟူသော စကားလုံးကို ရေးချမိသည်။ တကယ်က သူသည် နှင်းဆီနက်ကို မြင်ဘူးသည်မဟုတ်။ ရှိသည်ဟုလည်း မကြားဘူး။ သို့သော် ခင်ထားလှိုင်တို့အိမ် တခါရောက်တုန်းက ဂိုယာရေမွှေးဗူးတွင် နှင်းဆီနက် တံဆိပ်ကို မြင်ဘူးခြင်းမျှသာဖြစ်သည်။ ခင်ထားလှိုင်မေးကြည့်ဘူးသည်။ မျိုးကရားတယ်။ အနက်တော့မဟုတ်ပါဘူး၊ အနီရင့်ရင့်ကြီး။ လှတော့သိပ်လှတယ်။ ရန်ကုန်က နှင်းဆီပြပွဲမှာ ယယ်ယယ်က တခါမြင်ဘူးသည်တဲ့။ သူ၏စိတ်ကူးထဲတွင်ကား၊ အနီရင့်ရင့်ကြီး။ အနက်ထဲမှ အနီရင့်ပြေးနေသော ပန်းချီရောင်ကို မြင်နေမိသည်။

နှင်းဆီပွင့်နက်ဟု စ,ပြီးသောအခါ ဆက်ရ ခက်သွားသည်။ တခါမှပထမပိုဒ် အဆုံးသံကို အသံတို၊ အသံပြတ်ဖြင့် မစပ်ဖူး။ အမြဲတမ်းအသံရှည်ဆုံး၍သာ စ,လေ့ရှိသည်။ ပွင့်နက်နှင်းဆီဟူ၍ ခါတိုင်းလို အသံရှည်ဖြင့်လည်း မစ,ချင်။ ဘယ်လိုကဖြစ်လာသည်မသိ၊ နှင်းဆီပွင့်နက်ဟုသာ အသံနှင့်စကားအနက် တပြိုင်နက်တည်း စိတ်ကူးထဲမှ ရောက်လာသည်ကိုတော့ ခံစားမိလိုက်သည်။ နောက်တပိုဒ် ဆက်မည်ရှိသောအခါ ကာရန်ယူရန် ခက်နေပြန်သည်။ ခါတိုင်းက အသံရှည် အဆုံးသံယူ၍ နောက်ကလိုက်မြဲ။ နှင်းဆီနက် ရေမွှေးရနံ့ရလာကာ၊ လွင့်ပါးနေသော

ပိုးဇာအပြာရောင် အပေါ်ရုံလေး ပုံသဏ္ဍာန်က တဆက်တည်း ထင်လာသည်။ ကလောင်တံက စက္ကူပေါ်၌ ထစ်နေ၏။ မတတ်နိုင်ဘူး။ ခံစားထင်မြင်လာတာဘဲ ရေးချကြည့်လိုက်တော့မယ်။ သူသည် အားတင်းကာ ဆက်၍ ရေးလိုက်သည်။ လွင့်ပါးပိုးဇာ၊ ညပြာလျော့ရဲဟု ရေးမိလိုက်တော့သည်။ အပေါ်ရုံဇာအင်္ကျီက လျော့တိလျော့ရဲ မဟုတ်လား။ ရေးချပြီးလျှင် သူ့ဆရာ ဦးစိုးလှကတော့ ကြိုက်တော့မှာ မဟုတ်ဖူးဟု တွေးမိ၍ ထစ်ငေါ့သွားပြန်သည်။ ဟုတ်တယ်၊ ဆရာဦးစိုးလှမကြိုက်မှာ သေချာတယ်။ ဆရာက အသံသာမှာ မဲဇာတောင်ခြေကို စံထားရမယ်တဲ့။

သူသည် ဆက်ရေးရန် မရေးဖြစ်သေးဘဲနေစဉ်၊ ပြတင်းပေါက်ကို ကြည့်နေမိသည်။ အပြင်ဘက်တွင်ကား၊ ညအပြာသည် စိမ်းလဲ့လျက်ရှိနေသည်။ ဖန်ပုတီးစေ့ကြားမှ ကြယ်ပြောက်များကို လှမ်းမြင်နေရသည်။ ပိုးဇာရုံပေါ်၌ တဖိတ်ဖိတ်လက်နေကြသည်။ တိမ်မျှင်စများပေါ်၌ ပြုံးပြက်နေကြပေသည်။ ပိုးဇာရုံနှင့်ကောင်းကင်။ လူသည် သဘာဝအလှကို တုနေကြသည်မဟုတ်လား။

သူသည် ပထမရေးပြီးသော စာကြောင်းကို ပြန်ဖတ်ကြည့်နေမိသည်။ သူ့စိတ်ကူးထဲ၌ လာထင်နေသော ရုပ်ပုံများကား ပေါ်နေပေပြီ။ သူသည် ကျေနပ်သွားသည်။ ညနှင့်အပြာ။ ပိုးဇာနှင့်တိမ်မျှင်။ ကြယ်နှင့်စိန်၊ နှင်းခဲဖြူဖြူနှင့် ကြယ်ပွင့်၊ နှင်းခဲစိန်ပွင့်။ သူသည် အတွေးနည်းနည်းရဲလာသည်။ ရဲရဲ ရေးချလိုက်သဖြင့် ပေါ်လာသော ကဗျာရုပ်ပုံများကို သူ့ဖာသာသူ သဘောကျသွားသည်။

**နှင်းခဲစိန်ပြက်**

**မြမြက်စိမ်းလဲ့........**

သည်တခါတော့ ရဲရဲဘဲ ရေးချလိုက်တော့သည်။ သူ့ကိုယ်သူလည်း ယုံကြည်လာပေပြီ။ သူ့စိတ်ထဲက 'သူ့ရဲ့ရန့်'ဟူသော စကားလုံးသည် တဆက်တည်းပင် ရင်ထဲရောက်နေသည်။ သို့သော် ရေးမချဖြစ်သေး။ 'သူ့ရဲ့'ဟုရေးရမှာ ကြောက်နေသေးသည် 'သူ့ရဲ့' ဆို၍ မဖြစ်၊ 'သူ၏'ဟု စာသဘောရေးရမည်ဖြစ်၏။ သို့သော်ရင်ထဲက အတွေးကိုခေါ်သော စကားလုံးမှာ 'သူ့ရဲ့'ပင်ဖြစ်နေ၏။ သူ့ဆရာက 'သူ့ရဲ့'ဟု ရေးလျှင် ပြောတော့မှာဘဲ။ ဆရာက ကဗျာမှာ အခန့်အညားကို လိုက်ရမယ်ဟု မှာကြားဘူးသည် မဟုတ်လား။ အရပ်ပြောစကားသုံး၍ ဖြစ်ပါ့မလား။

ကဗျာအစပိုဒ် ပြန်ဖတ်ကြည့်သည်။ သူပြောချင်တာတွေပါနေ၏။ သို့နှင့် သူ့ရဲ့ရန့်၊ သင်းပျံ့မွှေးသစ်၊ ရီဝေထုံယစ် ရှိနေဆဲ-စသည်ဖြင့် ရဲရဲပင် ရေးချရင်း၊ ပထမပိုဒ်ဆုံးသွားတော့သည်။ သူသည် သက်ပြင်းတချက် ချလိုက်မိသည်။ ခါတိုင်းရေးနေကျ စည်းကမ်းများ၊ ထုံးထမ်းအစဉ်အလာများကို ဖောက်ထွင်းကာ ရေးရသဖြင့် မောလည်းမောသွားသည်။ ရီဝေထုံယစ်ဟု သုံးလိုက်သောအခါ မန်းသာဒွေးတို့အိမ်၌ စတင်သောက်ခဲ့ရဘူးသော ခေါင်ရည်၏ အရသာကို သွား၍သတိရကာ၊ နှင်းဆီရနံ့များကြောင့် ဆင်တူအရသာ၊ ရီတီတီခံစားမှုကို သွားမှတ်မိလိုက်သည်။ ရီဝေဟူသောစကားက အရပ်သုံး။ ပြောစကားသုံးဖြစ်၍ ရှိပြီးသားစကားလုံး။ ထုံရန့်ဟူသော စကားလုံးကို ပို့၊ လင်္ကာ၊ ရတု၊ ကဗျာများ၌ တွေ့ဘူးသည်။ ထုံနှင့်ယစ် ပေါင်းစပ်ကြည့်လိုက်သည်။ ခေါင်ရည် သောက်တုန်းက တော်တော်နှင့်ပြေမသွား။ ငါတကယ် တွေ့ဘူး-ကြုံဘူးတာ၊ တကယ်ခံစားတာရေးတာဘဲဟူသော ယုံကြည်စိတ်က အားကောင်းလာကာ ရေးချရင်း ရေးချရင်း စာလုံးများပေါင်းဖွဲ့ကာ စည်းရုံးမိလာတော့သည်။

နောက်တခေါက် စိတ်ထဲက အစမှအဆုံး ဖတ်ကြည့်ပြန်သည်။ ပထမတခေါက်။ ဒုတိယအခေါက် ဖတ်လိုက်တော့ ချော့ချော့မွှေ့မွှေ့ မရှိဟု ထင်မိသည်။ သူအရင်ကရေးခဲ့သော သက်စေ့နက်သုံးချက်ညီ။

အသံရှည်အစများနှင့် နှိုင်းယှဉ်ကာ တမျိုးဖြစ်နေသလို၊ ထောင့်နေသလို။ နောက်တခေါက် ထပ်ဖတ်ပြန်သည်။ သိပ်မဆိုးတော့။ ထပ်၍ထပ်၍ ဖတ်လိုက်သောအခါ အသံများ ယဉ်ပါးလာကာ ဘာမှုမဖြစ်တော့။ အစပိုဒ်နှင်းဆီပွင့်နက်၊ လွင့်ပါးပိုးဇာသာ နည်းနည်းထောင့်နေသည်ဟု ထင်နေ၏ နက်ဟူသောအဆုံးသံနှင့် ကာရန်ရှာရမည်ဟု သိနေသည်။ သို့သော် လွင့်ပါးပိုးဇာဟူသော အဓိပ္ပာယ်ကလေးကိုလည်း သူက မပစ်ရက်နိုင်။ သူ့စိတ်ထဲက ပုံဖော်ကြည့်မြင်ထားသော ရုပ်ပုံနှင့်ကား အံကိုက်ဖြစ်နေ၏။ လေတိုက်သောအခါ ပိုးဇာအပြာနရောင်ကလေးက တလွင့်လွင့်။ အပြာနရောင်ထဲက ပိုးမျှင်-ပိုးပြောက်-ပိုးပွင့်များက တလက်လက်။ လွင့်ပါးပိုးဇာကို မပစ်နိုင်တော့။ နက်ဟူသော ကာရန်စည်းကမ်းနှင့် မလိုက်လဲ နေပေစေ။ ငါလိုချင်တဲ့ စိတ်ကူးရုပ်ပုံကိုဘဲ ဦးစားပေးလိုက်တော့မယ်၊ ဘာဖြစ်ဖြစ်။ ပြန်ဖတ်ရင်း-ပြန်ဖတ်ရင်း သူသည် ကာရန်သစ်များနှင့် သင့်မြတ်သွားသည်။သူသည် နောက်တပိုဒ်စ,ရန် အားတက်လာသည်။

**နှင်းဆီနီတပွင့်။**

**နီရင့်စွေးစွေး၊ ရောင်ပြေးလူးလွန့်......**

သူသည် သူ့ရှေ့၌ရှိနေသော နှင်းဆီပွင့်မပွင့်ချပ်များကို ကြည့်ရင်း ရေးချမိလိုက်သည်။ သို့သော်-ရှေ့ဆက်၍ မရတော့။ ပထမပိုဒ်လောက် မကျေနပ်။ ကာရန်ကောင်းသည်။ သို့သော်-မကြိုက်လှ။

သူသည်'ဖန်နေဝန်း' လက်ရေးစာစောင်တွင် ရတုပိုဒ်စုံတပိုဒ် ရေးဘူးသည်ကို သွားအမှတ်ရသည်။ မနစ်က လက်ရေးစာစောင် ထုတ်ဖူးသည်။ ဆရာ ဦးစိုးလှက,ကမကထလုပ်၍ ထုတ်ခြင်းဖြစ်သည်။ ဗညားမော်က ပထမ စာတည်း-လုပ်ရသည်။ ဆရာဦးစိုးလှကတော့ အတိုင်ပင်ခံစာတည်း။ ဆရာက ဗညားမော်ကိုပင် လွှဲထားသည်။ ကျောင်းအုပ်ကြီး ဦးဟန်တင့်က စာပေအရေးအသား ဝါသနာပါကြသော ကျောင်းသားများ ဉာဏ်ပညာ ဖွံ့ဖြိုးရေးအတွက်ဟု ဆိုကာ လွတ်လွတ်လပ်လပ် ရွေးချယ်ခွင့်ပေးထားသည်။ ဗညားမော်က သူ၏ကဗျာကိုတော့ ဆရာ့အားပေးဖတ်ကာ ရွေးချယ်စေသည်။ ဗညားမော်က စာတည်းသာ မဟုတ်၊ စာစောင်၏အဖုံးနှင့် အတွင်းမှ ဝတ္ထု၊ ကဗျာ၊ ခေါင်းစည်းပုံများကို သူပင် ပန်းချီခြယ်ရေးရသည်။ အဲသည်တုန်းက သူရေးသော ကဗျာမှာ 'နီစွေးနှင်းဆီ၊ ကြည်အေးဆင်းညီ၊ ရီမှေးစင်းသည်'ဟူသော အချိုးများနှင့် ဖြစ်သည်။ ဆရာက နောက်ဆုံးအချိုကို ရီမှေးစင်းပြီ- ဟု ပြင်ပေးလိုက်သည်။

ခင်ထားခိုင်ကပင် ကဗျာတပုဒ်လာပေးသည်။ သူက မထည့်၍ သူ့ကိုပင် စိတ်ကောက်နေခဲ့သည်။ ခင်ထားခိုင်ရေးသော ကဗျာမှာ ဒွေးချိုးကလေးဖြစ်သည်။ ယခုနှင်းဆီကဗျာတွင်ကား အရင် 'နီစွေးနှင်းဆီ'ရတုထက် ကောင်းအောင် ရေးရမည်။

နှင်းဆီနံ့များက သင်းလာပြန်သည်။ စိတ်ကူးက ထိုင်းသွားသလား အောက်မေ့ရသည်။ ရောင်ပြေး လူးလွန့်ကနေ မတက်တော့။ သံချောင်းခေါက်သံ ကြားရသည်။ သံချောင်းခေါက်သံမှန်းသာ သိလိုက်သည်။ ဘယ်နှစ်ချက်လဲ မရေတွက်မိ။ သူ့အာရုံထဲတွင် နှင်းဆီရုပ်ပုံများကို လိုက်ဖမ်းနေသည်။

သူ၏ မျက်လုံးများသည် မှေးစင်းကျလာသည်။ သူသည် ကလောင်တံကို လက်ကမချမိ။ စက္ကူရွက်ပေါ်၌ကား၊ လက်ရေးများသည် နှစ်ထပ်ဖြစ်နေကြသည်။ လေသည် ပို၍ အေးမြလာကာ နှင်းနံ့ကလေးပင် ရလာ၏။ တိတ်ဆိတ်လိုက်သည့် ဖြစ်ခြင်း။ လမ်းပေါ်၌ သစ်ရွက်ခြောက်များ၊ ခဲလုံးများကို ထိရုပ်တိုက်သံကိုပင် ကြားနေရ၏။ ဖန်ပုတီးစေ့ ရိုက်ကျူးသံများ သဲ့သဲ့မျှ ကြားလာရ၏။ ညဥ့်ငှက်ကလေးတကောင် ထအော်လိုက်၏။

သူ့နားထဲတွင်ကား၊ ဘာသံမျှ ကောင်းကောင်းမကြားရ။ နှင်းဆီခက်ကလေးလွတ်ကျသွားလေ၏။ သူ့လက်သည် ပြေကျလာကာ ကလောင်တံသည် စက္ကူနှင့်သွားတိုက်၏။

သူကလန့်သွားကာ နှင်းဆီပွင့်များကို စိတ်ကူးကြည့်နေပြန်သည်။ အနီရောင်သည် ရင့်၍ရင့်၍လာကာ နက်မှောင်လာ၏။ အမှောင်ထဲတွင်ကား ဘာမျှ မမြင်ရ၊ မကြားရတော့။ နှင်းဆီမြစ်ထဲတွင် နစ်သွား၏။ အသက်ရှူကျပ်လာ၏။ အော်ခေါ်၍လည်း အသံကမထွက်လာတော့။

**ပြီးပါပြီ။**